http://www.dhammadownload.com

ဝိနယ (ဒွေမာတိကာ) ဘာသာမှာ

ပါတိမောက်အဓိပ္ပါယ်နှင့် ပတ်သက်၍

အကောင်းဆုံး အလိုအပ်ဆုံး အထောက်အကူအပြုဆုံး

ပါတိမောက်ကို ပို့ချနေသော စာချ အရှင်မြတ် အနေဖြင့်လည်း

မှီငြမ်းအားထားရာ လက်စွဲထားရမည့် စာအုပ်

ဖြန့်ချိရေး

သစ္စာမဏ္ဍိုင် ပိဋကတ်စာအုပ်ဆိုင်

အမှတ်(၂-၃)၊ ရွှေတိဂုံဘုရားဈေးတော်ရုံ၊ တောင်ဘက်မုခ်။

ဖုန်း - (ဆိုင်)၂၈၁၄၃၁၊ (အိမ်) - ၅၄၈၅၄၈၊ ၀၉ ၈၀ ၂၁၆၈၀

ပါတိမောက်အဖြေခုံ

နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ

မူ-ငယ်-လတ်-ကြီး တန်းပေါင်းစုံနှင့် အသင်းစာမေးပွဲများ

ဝိနယဘာသာအတွက် အထူးထုတ်

# ပါတိမောက်အဖြေခုံ

ရွှေမြိုင်အရှင်ပဏ္ဍိတာဘိဝံသ

(ဓမ္မာစရိယ၊ ဝိနယပါရဂူ၊ ဝိနယဝိဒူ)

ပါတိမောက်ကျမ်းရင်း အဓိပ္ပါယ်များကို တိကျ ပြည့်စုံစေရန်

အထူးစီစဉ်ထားပါသည်။


http://www.dhammadownload.com

နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ

မူ-ငယ်-လတ်-ကြီး တန်းပေါင်းစုံနှင့် အသင်းစာမေးပွဲများ

ဝိနယဘာသာအတွက် အထူးထုတ်

# ပါတိမောက်အဖြေစုံ



ပါတိမောက်ကျမ်းရင်းအဓိပ္ပာယ်များကို ပြည့်စုံစေရန်

အထူးစီစဉ်ထားပါသည်။

ဖြန့်ချိရေး

သစ္စာမဏ္ဍိုင် ပိဋကတ်စာအုပ်ဆိုင်

အမှတ် (၂-၃)၊ ရွှေတိဂုံဘုရားဈေးတော်ရုံ၊ တောင်ဘက်မုခ်။

☎ - (ဆိုင်) ၂၈၁၄၃၁ ၊ (အိမ်) ၅၄၈၅၄၈

http://www.dhammadownload.com

# ပါတ်မောက် အဖြေစုံ

စာမူခွင့်ပြုချက် အမှတ် ----- ၅၅၈/၂၀၀၁ (၈)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ----- ၅၇၇/၂၀၀၃ (၁၀)
အကြိမ် ----- ပထမအကြိမ်
အုပ်ရေ ----- ၁၀၀၀ အုပ်
တန်ဖိုး ----- ၅၀၀ ကျပ်

ပုံနှိပ်သူ - ဒေါ်တင်ထွေးယဉ် (မြဲ - ၀၂၈၉၃)
ကုဿာသယ ပုံနှိပ်တိုက်
(၁၁၃)၊(၂၄)လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးညွန့်ဝေ (မြဲ - ၀၁၅၈၄)
သစ္စာမဏ္ဍိုင်စာပေ
အမှတ်-၂၊ ရွှေတိဂုံဘုရားဈေး တောင်မုခ်၊
ရန်ကုန်မြို့။

ဖြန့်ချိရေး - သစ္စာမဏ္ဍိုင် ပိဋကတ်စာအုပ်ဆိုင်
အမှတ်-၂၊ ၃၊ ၆၂၊ ၆၃၊
ရွှေတိဂုံဘုရားဈေး တောင်မုခ်၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုံး - ၀၉၈၀ ၂၁၆၈၀၊ ၅၄၈၅၄၈၊ ၂၈၁၄၃၁။

http://www.dhammadownload.com

# မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | | နိဒါန်းစကား | (က) |
| | | ဘိက္ခုပါတိမောက်အဓိပ္ပာယ် | |
| | (က) | နိဒါနကဏ္ဍ | |
| ၂။ | | နိဒါန်းဆိုင်ရာအဓိပ္ပာယ် | ၁ |
| | (ခ) | ပါရာဇိကကဏ္ဍ | |
| ၃။ | | ပါရာဇိကဆိုင်ရာအဓိပ္ပာယ် | ၁၆ |
| | (ဂ) | သံဃာဒိသေသကဏ္ဍ | |
| ၄။ | | သံဃာဒိသေသ်ဆိုင်ရာအဓိပ္ပာယ် | ၃၁ |
| | (ဃ) | အနိယတကဏ္ဍ | |
| ၅။ | | အနိယတဆိုင်ရာအဓိပ္ပာယ် | ၆၅ |
| | (င) | နိဿဂ္ဂိယကဏ္ဍ | |
| ၆။ | | ကထိနဝဂ်ဆိုင်ရာအဓိပ္ပာယ် | ၇၁ |
| ၇။ | | ကောသိယဝဂ်ဆိုင်ရာအဓိပ္ပာယ် | ၈၉ |
| ၈။ | | ပတ္တဝဂ်ဆိုင်ရာအဓိပ္ပာယ် | ၉၈ |
| | (စ) | သုဒ္ဓပါစိတ္တိယကဏ္ဍ | |
| ၉။ | | မုသာဝါဒဝဂ်ဆိုင်ရာအဓိပ္ပာယ် | ၁၁၃ |
| ၁၀။ | | ဘူတဂါမဝဂ်ဆိုင်ရာအဓိပ္ပာယ် | ၁၁၈ |
| ၁၁။ | | ဩဝါဒဝဂ်ဆိုင်ရာအဓိပ္ပာယ် | ၁၂၈ |
| ၁၂။ | | ဘောဇနဝဂ်ဆိုင်ရာအဓိပ္ပာယ် | ၁၃၅ |
| ၁၃။ | | အစေလကဝဂ်ဆိုင်ရာအဓိပ္ပာယ် | ၁၄၅ |
| ၁၄။ | | သုရာပါနဝဂ်ဆိုင်ရာအဓိပ္ပာယ် | ၁၅၁ |
| ၁၅။ | | သပ္ပါဏကဝဂ်ဆိုင်ရာအဓိပ္ပာယ် | ၁၆၂ |
| ၁၆။ | | သဟဓမ္မိကဝဂ်ဆိုင်ရာအဓိပ္ပာယ် | ၁၇၂ |
| ၁၇။ | | ရတနဝဂ်ဆိုင်ရာအဓိပ္ပာယ် | ၁၈၂ |
| | (ဆ) | ပါဋိဒေသနိယကဏ္ဍ | |
| ၁၈။ | | ပါဋိဒေသနီဆိုင်ရာအဓိပ္ပာယ် | ၁၉၀ |

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | (ဇ) သေခိယကဏ္ဍ | |
| ၁၉။ | သေခိယဆိုင်ရာအဓိပ္ပာယ် | ၁၉၈ |
| | (ဈ) အဓိကရဏသမထကဏ္ဍ | |
| ၂၀။ | အဓိကရဏသမထဆိုင်ရာအဓိပ္ပာယ် | ၁၉၄ |
| | ဘိက္ခုနီပါတိမောက်အဓိပ္ပာယ် | |
| | (ည) ပါရာဇိကကဏ္ဍ | |
| ၂၁။ | ပါရာဇိကဆိုင်ရာအဓိပ္ပာယ် | ၂၄၂ |
| | (ဋ) သံဃာဒိသေသကဏ္ဍ | |
| ၂၂။ | သံဃာဒိသေသ်ဆိုင်ရာအဓိပ္ပာယ် | ၂၄၈ |
| | (ဌ) နိဿဂ္ဂိယကဏ္ဍ | |
| ၂၃။ | နိဿဂ္ဂိဆိုင်ရာအဓိပ္ပာယ် | ၂၅၅ |
| | (ဍ) သုဒ္ဓပါစိတ္တိယကဏ္ဍ | |
| ၂၄။ | လသုဏဝဂ်ဆိုင်ရာအဓိပ္ပာယ် | ၂၅၉ |
| ၂၅။ | ရတ္တန္ဓကာရဝဂ်ဆိုင်ရာအဓိပ္ပာယ် | ၂၆၃ |
| ၂၆။ | နဂ္ဂဝဂ်ဆိုင်ရာအဓိပ္ပာယ် | ၂၆၆ |
| ၂၇။ | တုဝဋ္ဋဝဂ်ဆိုင်ရာအဓိပ္ပာယ် | ၂၆၉ |
| ၂၈။ | စိတ္တာကာရဝဂ်ဆိုင်ရာအဓိပ္ပာယ် | ၂၇၂ |
| ၂၉။ | အာရာမဝဂ်ဆိုင်ရာအဓိပ္ပာယ် | ၂၇၇ |
| ၃၀။ | ဂဗ္ဘိနီဝဂ်ဆိုင်ရာအဓိပ္ပာယ် | ၂၈၁ |
| ၃၁။ | ကုမာရိဘူတဝဂ်ဆိုင်ရာအဓိပ္ပာယ် | ၂၈၆ |
| ၃၂။ | ဆတ္တုပါဟနဝဂ်ဆိုင်ရာအဓိပ္ပာယ် | ၂၈၉ |
| | (ဎ) ပါဋိဒေသနီယကဏ္ဍ | |
| ၃၃။ | ပါဋိဒေသနီဆိုင်ရာအဓိပ္ပာယ် | |
| | (ဏ) အာပတ္တိဝိနိစ္ဆယကဏ္ဍ | |
| ၃၄။ | အခြေပြုမူဂတန်းဆိုင်ရာ အာပတ်အဆုံးအဖြတ် | ၂၉၃ |
| ၃၅။ | ပထမငယ်တန်းဆိုင်ရာ အာပတ်အဆုံးအဖြတ် | ၃၀၀ |
| ၃၆။ | ပထမလတ်တန်းဆိုင်ရာ အာပတ်အဆုံးအဖြတ် | ၃၂၄ |
| ၃၇။ | ပထမကြီးတန်းဆိုင်ရာ အာပတ်အဆုံးအဖြတ် | ၃၄၂ |
| | (တ) နောက်ဆက်တွဲကဏ္ဍ | ၃၄၂ |

မာတိကာပြီး၏။

http://www.dhammadownload.com



# နိဒါန်းစကား

## သာသနာပြုချင်စာမေးပွဲဝင်

မြန်မာနိုင်ငံ၌ ပရိယတ္တိသာသနာတော်ကြီး အစွန့်ရှည် တည်တံ့ ပြန့်ပွားစေရန် ရည်သန်၍ နှစ်စဉ်မပျက် ကျင်းပပေးလျက်ရှိသော စာမေးပွဲများအနက် ပါဠိပထမပြန်စာမေးပွဲသည် အဓိကအကျဆုံး စာမေးပွဲတစ်ပွဲဖြစ်ပေသည်။

ယင်းစာမေးပွဲ မူ-ငယ်-လတ်-ကြီး တန်းပေါင်းစုံ၌ ဒွေမာတိကာ ဘာသာကို ပထမဆုံးဖြေဆိုရသော ဘာသာရပ်တစ်ခုအဖြစ်ဖြင့် သတ်မှတ် ပြဋ္ဌာန်းထားသည်။ ယင်းဘာသာရပ်ကို ပြဋ္ဌာန်းရခြင်း အကြောင်းကား - "ဝိနည်းသည် သာသနာတော်၏အသက်သွေးကြောဖြစ်သောကြောင့်တည်း"။ ဒွေမာတိကာဘာသာကို ပြဋ္ဌာန်းရာ၌ ၎င်း၏အဖွင့်ကျမ်းဖြစ်သော ကင်္ခါဝိတရဏီအဋ္ဌကထာကိုလည်း အတန်းအလိုက် ခွဲခြားသတ်မှတ် ပြဋ္ဌာန်းခဲ့ပြန်သည်။

ဤကဲ့သို့ စာမေးပွဲ၌ ပြဋ္ဌာန်းထားသဖြင့် ပရိယတ္တိစာပေကို သင်ကြားပို့ချ လိုက်စားကြသော စာချ စာသင် စာမေးပွဲဝင် အရှင်များ ပေါ်များလာကာ သင်ရိုးကျမ်းကြီးပေါက် သင်ယူသူနည်းပါးပြီး ယခု မျက်မှောက်ခေတ်၌ စာချ စာသင် အများစု စာမေးပွဲဝင်ကြသည်ကို တွေ့ရှိရပေသည်။

## အများနှိုးဆော်ကျမ်းထွက်ပေါ်

စာရေးသူသည် သာသနာတော်ကြီးထွန်းကားပြန့်ပွားစေရန်နှင့် အစွန့်ရှည် တည်တံ့စေရန်ရည်သန်၍ စာပေပို့ချခြင်း၊ တရားဟောခြင်း၊ စာချ, စာသင်သားသုံး ကျမ်းစာများ ရေးသားလျက်ရှိပါသည်။

ဤပါတိမောက်အဖြေစုံစာအုပ်ကို ၁၉၉၉ ခုနှစ်မှာလည်း "တက္ကသိုလ်အရှင်အဂ္ဂါစာရာဘိသိဒ္ဓိ၊ ဒွေမာတိကာပါဠိနှင့် ဦးဇုစ်မူ [illegible]

http://www.dhammadownload.com



ဘူးပါသည်။ စာချ စာသင် စာမေးပွဲဝင် အရှင်အများစု၏ တခဲနက် လက်ခံခဲ့ကြသည်ကို သိရှိရပါသည်။

ယခုအခါ ယင်းစာအုပ်ကိုပင် တိကျပြည့်စုံမှုရှိအောင် ထပ်မံ ဖြည့်စွက်ပြီး စာချ စာသင် စာပွဲဝင်အရှင်အများစု၏ တောင့်တန္ဒိုးဆော်မှု ကြောင့် ဤပါတိမောက်အဖြေစုံစာအုပ်ကို ရေးသားထုတ်ဝေရခြင်းဖြစ် သည်။

## ကျမ်းစာရေးမှု သာသနာပြု

ပရိယတ္တိစာပေလောက၌ ကခ်ီနှင့်ပတ်သက်သော အဓိပ္ပာယ် စာအုပ်အမျိုးမျိုး ပေါ်ထွက်ခဲ့ကြသော်လည်း ပါတိမောက်ကျမ်းရင်း အဓိပ္ပာယ်အဖြေစုံနှင့်ပတ်သက်သောစာအုပ်မှာ တစ်အုပ်တစ်လေမျှ မပေါ်ထွက်ကြသေးကြောင်း သိရှိရပေသည်။

ဤ **"ပါတိမောက်အဖြေစုံစာအုပ်သည် ပရိယတ္တိစာပေ လောက၏ ဟာကွက်တစ်ကွက်ကို ဖြည့်စွက်ပေးရာလည်းရောက်၊ သာသနာပြုရာလည်းရောက်လိမ့်မည်"** ဟု မျှော်လင့်ပါသည်။

## ရေးသားပုံသွင် စီအစဉ်

၁။ ဒွေမာတိကာပါဠိနှင့် အနက်အာဂုံရရုံမျှဖြင့် ဆရာလွတ် လေ့လာ နိုင်သော ပါတိမောက်ကျမ်းရင်းအဓိပ္ပာယ်များ ပါရှိခြင်း၊

၂။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတိုင်း သိသင့်သိထိုက်သော အာပတ္တိ ဝိနိစ္ဆယ - အာပတ်အဆုံးအဖြတ် မှတ်သားဖွယ်များ မူ-ငယ်-လတ် ကြီးတန်းပေါင်းစုံ ကဏ္ဍအလိုက် သီးသန့်ပါရှိခြင်း၊

၃။ ဆရာစဉ်ဆက် လက်ဆင့်ကမ်းပို့ချခဲ့သော ပါတိမောက်ကျမ်းရင်း များ တိတိကျကျ၊ အပြည့်အစုံပါရှိခြင်း၊

၄။ ဒွေမာတိကာဘာသာ၌ မေးခွန်းထုတ်ပုံ ထုတ်နည်းနှင့် ပုစ္ဆက အာဘော်ကျ ဖြေဆိုနည်းများပါရှိခြင်း၊

http://www.dhammadownload.com



၅။ အစိုးရ ပထမပြန်စာမေးပွဲ အတန်းပေါင်းစုံ စနစ်ဟောင်း/ သစ် ပုစ္ဆာအဖြေစုံများ ပါရှိခြင်း၊

၆။ နောက်ဆက်တွဲကဏ္ဍာ မှတ်သားဖွယ်များပါရှိခြင်း စသော အကြောင်းများကြောင့် ပထမပြန်စာမေးပွဲ အတန်းပေါင်းစုံတို့နှင့် ဆက်သွယ်နေသော စာချ စာသင် စာမေးပွဲဝင်အရှင်များအနေဖြင့် ဝိနယ (ဒွေမာတိကာ) ဘာသာမှာ ပါတိမောက်အဓိပ္ပာယ်နှင့် ပတ်သက်၍ "အကောင်းဆုံး၊ အလိုအပ်ဆုံး အထောက်အကူ အပြုဆုံး စာအုပ်" ဖြစ်သည့်အပြင် ပါတိမောက်ကို ပို့ချနေသော စာချ အရှင်မြတ်အနေဖြင့်လည်း "မှီငြမ်းအားထားရာ လက်စွဲ ထားရမည့် စာအုပ်လည်းဖြစ်လိမ့်မည်" ဟု သတင်းကောင်းပါး အပ်ပါပေသတည်း။

ရွှေမြိုင်အရှင်ပဏ္ဍိတာဘိဝံသ
(ဓမ္မာစရိယ၊ ဝိနယပါရဂူ၊ ဝိနယဝိဒူ)
အောင်ရတနာဝင်းကျော်ပရိယတ္တိစာသင်တိုက်
အမှတ် (၂) ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com



## မှီငြမ်းကိုးကားကျမ်းစာများ


၁။ ဒွေမာတိကာပါဠိ (ဆဋ္ဌမူ)

၂။ ဒွေမာတိကာနိဿယ (ဦးပုဗ်မူ)

၃။ ကင်္ခါအဋ္ဌကထာ

၄။ ကင်္ခါဘာသာဋီကာ (အရှင်ဇနကာဘိဝံသ)

၅။ ပါတိမောက်ဘာသာဋီကာ (အရှင်ဇနကာဘိဝံသ)

၆။ ပထမပြန်ပုစ္ဆာအဖြေစုံ (အရှင်တိလောကာဘိဝံသ)

၇။ ကင်္ခါရှင်းတမ်း (အရှင်မုနိန္ဒာဘိဝံသ)

၈။ ဝိနယတံခွန်ပါတိမောက်မေးခွန်းနှင့်အဖြေ (အရှင်မုနိန္ဒာဘိဝံသ)

၉။ ကင်္ခါအောင်ပန်း (အရှင်ကုသလာရိယာဘိဝံသ)

၁၀။ ဘုရားဖြူ ဝိနယာနုဂ္ဂဟပုစ္ဆာဝိဿဇ္ဇနာကျမ်း (အရှင်ဝါသဝါဘိဝံသ)

၁၁။ စာရေးသူ၏ ပို့ချချက်မှတ်စုများနှင့် စာသင်တိုက်စုံ စာမေးပွဲစုံမေးခွန်းများ စသော ဝိနည်းဆိုင်ရာ ကျမ်းစာများကို မှီငြမ်းကိုးကားပါသည်။

http://www.dhammadownload.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ဘိက္ခုပါတိမောက်အဓိပ္ပာယ်

## နိဒါနကဏ္ဍ နိဒါန်းဆိုင်ရာအဓိပ္ပာယ်

မေး ။ ပုဗ္ဗကရဏ (၄)ပါးကို မြန်မာစကားပြေဖြင့်ရေးခဲ့ပါ။

❖ ဥပုသ်ပြုရာဝယ် သံဃာများမစည်းဝေးမီ ရှေးအဖို့၌ ကြိုတင် ပြုသင့်သော အမှုကိစ္စများကို မြန်မာဘာသာဖြင့်ဖြေဆိုပါ။

❖ ဥပေါသထကံဆောင်ရွက်ရာ၌ သံဃာတော်များမစည်းဝေးမီ ရှေးဦးစွာ ပြုလုပ်အပ်သောလုပ်ငန်းများကိုရေးသားပါ။

❖ ဥပုသ်ပြုရန် သံဃာတော်များ မစည်းဝေးမီ ကြိုတင်၍ ရှေ့ပြေး ပြုလုပ်ထားရမည့် လုပ်ငန်း(၄)မျိုးကို မြန်မာစကားပြေဖြင့် ရေးသားဖြေဆိုခဲ့ပါ။

ဖြေ ။ (၁) ဥပုသ်အိမ်သိမ်အပြင်၌ တံမြက်လှည်းခြင်း၊

(၂) ဆီမီးညှိထွန်းခြင်း၊

(၃) သောက်ရေသုံးရေတည်ထားခြင်း၊

(၄) နေရာခင်းခြင်း။

မေး ။ ပုဗ္ဗကရဏ၏အဓိပ္ပာယ်ကိုရေးခဲ့ပါ။

ဖြေ ။ သံဃာတော်များမစည်းဝေးခင် ကြိုတင်၍ ပြုအပ်သောကြောင့် ပုဗ္ဗကရဏမည်၏။ အထောက်။ ။ ပုဗ္ဗကရဏန္တိ ဝုစ္စတိ။

မေး ။ ပုဗ္ဗကိစ္စ (၅)ပါးကို မြန်မာစကားပြေဖြင့်ရေးပြခဲ့ပါ။

❖ ဥပေါသထကံဆောင်ရွက်ရာ၌ သံဃာတော်များ စည်းဝေးပြီးနောက် ပါတိမောက်မပြမီ ဆောင်ရွက်ဖွယ်ငါးမျိုးကို မြန်မာဘာသာဖြင့် ဖော်ပြပါ။

❖ သံဃာတော်များစည်းဝေးပြီးနောက် ပါတိမောက်မပြမီ ရှေးအဘို့၌ ပြုလုပ်ထားရမည့် လုပ်ငန်း(၅)မျိုးကို မြန်မာဘာသာဖြင့်ရေးခဲ့ပါ။

ဖြေ ။ (၁) ဆောင်ယူလာခဲ့သောဆန္ဒကိုလျှောက်ကြားခြင်း၊

(၂) ဆောင်ယူလာခဲ့သော ပါရိသုဒ္ဓိကို လျှောက်ကြားခြင်း၊

(၃) ဥတုကိုလျှောက်ကြားခြင်း၊

http://www.dhammadownload.com



(၄) သိမ်အပြင်၌ စည်းဝေးသောရဟန်းအပေါင်းကို ရေတွက်၍ ဤမျှရှိသည်ဟု လျှောက်ကြားခြင်း၊

(၅) (အဆုံးအမကိုရပါအံ့လောဟု ဘိက္ခုနီမတို့ တောင်းပန်သော) ဩဝါဒကို လျှောက်ကြားခြင်းတို့ဖြစ်ပါသည်။

**မေး ။ ပုဗ္ဗကိစ္စ၏အဓိပ္ပာယ်ကိုရေးခဲ့ပါ။**

ဖြေ ။ ပါတိမောက်မပြမီ ပါရိသုဒ္ဓိကိုမကြားမီ အဓိဋ္ဌာန်မပြုမီ ရှေးအဘို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စမည်၏။
**အထောက်။ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ။**

**၆မေး ။ ပုဗ္ဗကရဏနှင့်ပုဗ္ဗကိစ္စနှစ်ခုတို့၏ အထူးကိုရေးခဲ့ပါ။**

ဖြေ ။ သံဃာတော်များ မစည်းဝေးမီ ရှေ့အလို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကရဏမည်၏။ သံဃာတော်များ စည်းဝေးပြီးသည်မှ နောက် ပါတိမောက်မပြမီ ရှေ့အဘို့၌ ပြုအပ်သောကြောင့် ပြုအပ်သော ပုဗ္ဗကိစ္စမည်၏။ ဤသို့ထူးပါသည်။

**မေး ။ ပုဗ္ဗကရဏနှင့် ပုဗ္ဗကိစ္စတို့၏အထူးကို ရေးသား၍ ပတ္တကလ္လအင်္ဂါတို့ကိုလည်း ပြည့်စုံစွာထုတ်ပြပါ။ (ငယ်၊ ၃၃-ခု)**

❖ ပုဗ္ဗကရဏ, ပုဗ္ဗကိစ္စ, ပတ္တကလ္လတို့၏အဓိပ္ပာယ်ကို သိသာရုံမျှ ရေးပြပါ။

ဖြေ ။ (ထင်ရှားပြီ။)

**မေး ။ ပုဗ္ဗကရဏ, ပုဗ္ဗကိစ္စဟူသောအမည် (၂) မျိုးလုံးကိုရသော အမှုကိစ္စများကိုညွှန်ပြခဲ့ပါ။ (လတ်-၂၅ခု)**

ဖြေ ။ ၁။ သမ္မဇ္ဇနီ = တံမြက်လှည်းခြင်း၊
၂။ ပဒီပေါ = ဆီမီးညှိထွန်းခြင်း၊
၃။ ဥဒကံ = သောက်ရေသုံးဆောင်ရေတည်ထားခြင်း၊
၄။ အာသန = နေရာခင်းခြင်း။

**မေး ။ ကရဏနှင့်ကိစ္စနှစ်ခုတို့၏အထူးကိုရေးခဲ့ပါ။**

ဖြေ ။ မပြုမနေရ ကေန်ပြုရမည့်အလုပ်ကို ကရဏဟုခေါ်သည်။ ပြုသင့်မှ ပြုရ မည့်အလုပ်ကို ကိစ္စဟုခေါ်သည်။ ဤသို့ထူးပါသည်။

**မေး ။ ပတ္တကလ္လအင်္ဂါ (၄)ပါးကို မြန်မာစကားပြေဖြင့် ဖော်ပြခဲ့ပါ။**

❖ လျှောက်ပတ်သောဥပုသ်ကံဖြစ်စေရန် လိုအပ်သည့်အင်္ဂါရပ်များကို မြန်မာဘာသာဖြင့်ရေးပါ။

http://www.dhammadownload.com



❖ သံဃာဥပုသ်ပြုရာတွင် ပြည့်စုံရမည့် ပတ္တကလ္လအင်္ဂါ ၄-ပါးသရုပ်ကို မြန်မာဘာသာဖြင့်ဖော်ပြ၍၊ ကျောင်းငယ်ခေါ် သညာစိကာ ကုဋိ၏ အလျား၊ အနံပမာဏကိုလည်း ဘုရား၏ အထွာတော်ဖြင့် ဖော်ပြပါ။

❖ "ပတ္တကလ္လအင်္ဂါလေးပါး" ကို မြန်မာဘာသာဖြင့် အစဉ်အတိုင်း ရေးသားဖြေဆို၍၊ မိမိ၌ အာပတ်သင့်နေမှန်းသိပါလျက် ဖုံးကွယ်ထားသောရဟန်းအား အဘယ်သို့သောအပြစ် သင့်ရောက်ပါသနည်း၊ နိဒါန်းပါဠိလာရှိသည့်အတိုင်းဖြေဆိုပါ။

ဖြေ ။ (၁) စာတုဒ္ဒသီ၊ ပန္နရသီ၊ သာမဂ္ဂီ ဥပုသ်နေ့ဖြစ်ရခြင်း၊

(၂) သုတ္တုဒ္ဒေသ, သံဃဥပုသ်ကံအား လျော်ကပ်သော (အယုတ်ဆုံးလေးယောက်သောပကတတ်) ရဟန်းတို့ နှစ်တောင့်ထွာ (ဟတ္ထပါသ်) ကို မစွန့်မူ၍ တစ်သိမ်တည်း၌ တည်ရခြင်း၊

(၃) သဘောတူဝတ္ထုကြောင့် သင့်သောအာပတ်တို့ မရှိခြင်း၊

(၄) ထိုသိမ်အတွင်း၌ လူစသော နှစ်ကျိပ်တစ်ယောက်သော ပုဂ္ဂိုလ်တို့ကို သံဃာ၏ နှစ်တောင့်ထွာ ဟတ္ထပါသ်မှ ကြဉ်ဖယ်ထားခြင်း။

မေး ။ ပတ္တကလ္လ၏အဓိပ္ပာယ်ကိုရေးခဲ့ပါ။

ဖြေ ။ လျော်ကပ်သောအခါရှိသောကြောင့် အင်္ဂါလေးပါးတို့ဖြင့်သဂြိုဟ်ရေတွက်အပ်သော ဥပုသ်ကံသည် ပတ္တကလ္လမည်၏။

အထောက်။ ။ ပတ္တကလ္လန္တိ ဝုစ္စတိ။

မေး ။ ပတ္တကလ္လန္တိဝုစ္စတိဟူသော ပါဠိတော်၌ "ပတ္တကလ္လအရ" ကို ကောက်ပြခဲ့ပါ။ (ကြီး၊ ၂၇-၃)

ဖြေ ။ ဥပေါသထော ယာဝတိကာစ ဘိက္ခူကမ္မပတ္တာ။ -

သဘာဂါပတ္တိယောစ နဝိဇ္ဇန္တိ၊ ဝဇ္ဇနီယာစပုဂ္ဂလာ တသ္မိံ နဟောန္တိ ဟူသော အင်္ဂါ(၄)ပါးနှင့်ပြည့်စုံသော ဥပေါသထကံကိုရ၏။

မေး ။ ဥပေါသထဿတောနိ၌ ဥပေါသထအရ ဥပုသ်အပြား (၉) ပါးကို ရေတွက်ခဲ့ပါ။

❖ ပုဗ္ဗကရဏနှင့် ပုဗ္ဗကိစ္စတို့၏အထူးကို ဖော်ပြ၍၊ ဥပေါသထဿအရ ဥပုသ်ကိုးပါးကိုလည်း ရေတွက်ပြပါ။

❖ ဥပုသ်ကိုးပါးတို့တွင် ကာရက၏အစွမ်းဖြင့်ပြားသော ဥပုသ် ၃-ပါးကို ဖော်ပြ၍၊ သံဃာဒိသေသ်အာပတ်သင့်သောရဟန်း၏ ပရိဝါသ်နှင့် မာနတ်ဆောက်တည်ရမည့် နေ့ရက်တို့ကို ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ ။ ၁။ စာတုဒ္ဒသီဥပုသ်၊ ပန္နရသီဥပုသ်၊ သာမဂ္ဂီဥပုသ်နေ့၏ အစွမ်းအားဖြင့် (၃) ပါး။
၂။ သံဃဥပုသ်၊ ဂဏဥပုသ်၊ ပုဂ္ဂလဥပုသ်ပြုတတ်သော (ကာရက) ပုဂ္ဂိုလ်၏အစွမ်းဖြင့် ပြသသော ဥပုသ် (၃)ပါး။
၃။ သုတ္တုဒ္ဒေသဥပုသ်၊ ပါရိသုဒ္ဓိဥပုသ်၊ အဓိဋ္ဌာန်ဥပုသ်ပြုအပ်သော အခြင်းအရာ (ကတ္တဗ္ဗာကာရ) ၏ အစွမ်းဖြင့် ပြားသောဥပုသ် (၃) ပါး၊ ပေါင်း (၉) ပါးဖြစ်သည်။

**မေး ။ ဥပေါသထောအရ တစ်နှစ်အတွင်း ရသင့်သော ရိုးရိုး စာတုဒ္ဒသီ ဥပုသ်နေ့များကို ရေတွက်ပြီးလျှင် သာမဂ္ဂီဥပုသ်၏အဓိပ္ပါယ်ကို ဖော်ပြပါ။ (ငယ်၊ ၃၆-၃)**

ဖြေ ။ **ရိုးရိုးစာတုဒ္ဒသီ ဥပုသ်နေ့များ**
ကဆုန်၊ ယုန်၊ ခေါင်၊ ကျွတ်၊ နတ်၊ တွဲ ဟူသော မစုံခြောက်လ၏ လကွယ် ဥပုသ်နေ့များသည် စာတုဒ္ဒသီ (၆) ဥပုသ်မည်၏။

**သာမဂ္ဂီဥပုသ် -**

ကွဲပြားနေသော သံဃာတို့ ညီညွတ်သောနေ့၌ ပြုအပ်သော ဥပုသ်သည် သာမဂ္ဂီဥပုသ်မည်၏။

**မေး ။ ယာဝတိကာစဘိက္ခုကမ္မပ္ပတ္တာ၌ "ဘိက္ခု" အရယူရမည့် ရဟန်းများကို အကြောင်းနှင့်တကွထုတ်ပြ၍ သဘာဂ အာပတ်မရှိခြင်းကို အဘယ့်ကြောင့် ပတ္တကလ္လဟု ခေါ်ဆိုပါသနည်း၊ ထင်ရှားအောင်ဖြေဆိုပါ။**

ဖြေ ။ **ယာဝတိကာစဘိက္ခုကမ္မပ္ပတ္တာ၌ ဘိက္ခုအရ -**
သံဃဥပုသ်ဖြစ်သောကြောင့် တစ်သိမ်တည်း၌ နှစ်တောင့်ထွာ ဟတ္ထပါသ်စပ်၍တည်နေသော ပကတတ်ရဟန်း (၄) ပါးကို ယူရမည်။ သဘာဂအာပတ်ရှိနေလျှင် သံဃာ၏ဥပုသ်ကံသည် ပတ္တကလ္လ မဖြစ်သောကြောင့် သဘာဂအာပတ်မရှိခြင်းကို ပတ္တကလ္လဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

မှတ်ချက်။ သဘာဂအာပတ်ရှိလျှင် အချင်းချင်းလည်း ဒေသနာမကြား ကောင်း၊ ဒေသနာမကြားဘဲ အာပတ်တန်းလန်းနှင့်လည်း ဥပုသ်မပြုကောင်း ချေ။ ထို့ကြောင့် သဘာဂအာပတ်ရှိနေပါလျက် ပြုသော သံဃာ၏ ဥပုသ်ကံသည် ပတ္တကလ္လမဖြစ်။

http://www.dhammadownload.com



မေး ။ ဘိက္ခုဂဏနာစသြဝါဒေါ၊ ဘိက္ခုနီဂဏနာစသြဝါဒေါတို့၌ပါသော သြဝါဒနှစ်မျိုးတို့၏ အဓိပ္ပာယ်ထူးခြားချက်ကို ဖော်ပြ၍ ၎င်းသြဝါဒ ပျက်သော ဘိက္ခုနီမအား သင့်ရောက်သောအပြစ်ကိုလည်း ဆိုင်ရာ သိက္ခာပုဒ်အမည်ညွှန်ပြခဲ့ပါ။ (ကြီး၊ ၂၉-ခု)

ဖြေ ။ ဘိက္ခုဂဏနာစသြဝါဒါ၌ ဘိက္ခုနီတို့၏ သြဝါဒခံလိုပါကြောင်း ခွင့် တောင်းမှုကို သံဃာတော်အား လျှောက်ထားခြင်းကို သြဝါဒဟု ဆိုသည်။

ဘိက္ခုနီဂဏနာစသြဝါဒေါ၌ ဘိက္ခုနီတို့က ဘိက္ခုတို့အထံ အဆုံးအမ ခံဖို့ရန် ခွင့်ပန်လျှောက်ထားခြင်းကို သြဝါဒဆိုသည်။ ဤသို့ထူးပါသည်။ ၎င်းသြဝါဒပျက်သော ဘိက္ခုနီမ အား အာရာမဝဂ်- သြဝါဒသိက္ခာပုဒ်၊ သြဝါဒူပသင်္ကမန သိက္ခာပုဒ်များအရ - သုဒ္ဓပါစိတ်အာပတ်သင့်ပါ သည်။

မေး ။ ယာဝတိကာစဘိက္ခုကမ္မပ္ပတ္တာ၌ ကမ္မပ္ပတ္တဖြစ်နိုင်သော ယာဝတိက ဘိက္ခုအရေအတွက်ကိုဖော်ပြ၍ ပကတတ်ဟု ခေါ်ရခြင်းကိုလည်း ဖြေဆိုခဲ့ပါ။ (ငယ်၊ ၃၇-ခု)

ဖြေ ။ ယာဝတိကဘိက္ခု - အယုတ်ဆုံးလေးပါး၊ လေးပါးအထက်လွန်ရှိသော ရဟန်းတို့ကို ယာဝတိကဘိက္ခုအရ ယူရမည်။

ဥက္ခိတ္တကလည်းမဟုတ် ပါရာဇိကကျသူလည်းမဟုတ်သော ပကတိ သီလရှိသူဖြစ်သောကြောင့် ပကတတ်ဟုခေါ်ပါသည်။

မေး ။ အဘယ်သို့သောရဟန်းမျိုးကို အဘယ့်ကြောင့် ပကတတ်ရဟန်းဟု ခေါ်ပါသနည်း။

ဖြေ ။ ပါရာဇိကလည်းမကျ၊ ဥက္ခိတ္တက (၃)ယောက်လည်းမဟုတ်သောရဟန်း ကောင်းကို ပင်ကိုယ်သဘော စင်ကြယ်သီလရှိသောကြောင့် ပကတတ် ရဟန်းဟုခေါ်ပါသည်။

မေး ။ "သံဃဥပုသ်ပြုပါတော့မည်" ဟု ဝန်ခံစကားပြောကြားပုံကို ပါတိ မောက်သာစကထောက်၍ဖြေဆိုခဲ့ပါ။

မေး ။ ပါတိမောက်ပြမည့် ရဟန်း၏ပါတိမောက်ပြဘို့ရန် ပဋိညာဉ်အချီ စကားပြောကြားပုံကို သာစကထောက်၍ဖြေဆိုပါ။

ဖြေ ။ ပုဗ္ဗကရဏလေးပါး၊ ပုဗ္ဗကိစ္စငါးပါးတို့ကို ကောင်းစွာပြီးစေ၍ အာပတ်ကို ဒေသနာကြားပြီးသော ညီညွတ်သောရဟန်း သံဃာ ၏ ခွင့်ပြုချက်ဖြင့်

http://www.dhammadownload.com



အာဏာပါတိမောက်ကိုပြရန် ငါတို့ အားထုတ်ကြကုန်စို့။
အထောက်။ ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ ။ ပ ။ အာရာဓနံကရောမ။

မေး ။ ပါတိမောက်ပြမှုကို ဥပုသ်ပြုသည်ဟုခေါ်နိုင်၊ မနိုင် အကြောင်းနိုင်လုံ စွာပြ၍ ဖြေရှင်းခဲ့ပါ။

ဖြေ ။ စင်ကြယ်သော သီလနှင့်ပြည့်စုံသော သီတင်းသုံးဘော်တို့ ရွတ်ဆိုခြင်း၊ ကြားနာခြင်းအားဖြင့် ကျင့်သုံးအပ်သောကြောင့် ပါတိမောက်ပြမှုကိုပင် ဥပုသ်ပြုဟုခေါ် ရပါသည်။

မေး ။ သံဃာဥပုသ်ပြုရာ၌ ပရိကမ်ပြစကားရပ်တို့ကို ပါဠိ၊ အနက်ကုန်စင် အောင်ရေးပါ။

ဖြေ ။ "သမ္မဇ္ဇနီပဒီပေါစ" ။ပ။ "အာရာဓနံ ကရောမ" တို့ကို ရေးလေ။

မေး ။ ဥပုသ်ကိုးမျိုးတို့ကို သာဓကပါဠိပြ၍ ဖြေဆိုပါ။

ဖြေ ။ ပန္နရသောဟူသော ပါဠိတော်ကို ထောက်၍ စာတုဒ္ဒသီ၊ ပန္နရသီ၊ သာမဂ္ဂီဟူသော နေ့၏ အစွမ်းဖြင့် သုံးပါး။
သံဃောဥပေါသထံကရေယျဟူသော ပါဠိတော်ကို ထောက်၍ သံဃ၊ ဂဏ၊ ပုဂ္ဂလဟူသော ပြုတတ်သော ကာရကပုဂ္ဂိုလ်၏ အစွမ်းသုံးပါး၊ ပါတိမောက္ခံဥဒ္ဒိသေယျဟူသော ပါဠိတော်ကို ထောက်၍ သုတ္တုဒ္ဒေသ၊ ပါရိသုဒ္ဓိ၊ အဓိဋ္ဌာန်ဟူသော ကတ္တဗ္ဗာကာရက၏ အစွမ်းဖြင့်သုံးပါးအား ဖြင့် ကိုးမျိုးရှိပါသည်။

**မေး ။ ဘိက္ခုပါတိမောက်တစ်စောင်လုံး၏အစဖြစ်သော ပါဠိကို အတိအကျ ဖော်ပြပါ။**

**မေး ။ ပန္နရသီ (လပြည့်၊ လကွယ် (၁၅)ရက်) ဥပုသ်ပြုရမည့် အခါ၌ ညတ်ထားပုံပါဠိကိုရေး၍ အနက်ပေးခဲ့ပါ။**

**မေး ။ သံဃဥပုသ်ပြုရန် အချိန်တန်ပြီဖြစ်ကြောင်း အသိပေးစကား လျှောက် ထားပုံ(ညတ်ထားပုံ)ကို သာဓကထောက်၍ ဖြေဆိုခဲ့ပါ။**

**ဖြေ ။ "သုဏာတုမေဘန္တေသံဃော၊ အဇ္ဇုပေါသထော ပန္နရသော၊ ယဒိ သံဃဿပတ္တကလ္လံ၊ သံဃောဥပေါသထံကရေယျ၊ ပါတိမောက္ခံ ဥဒ္ဒိ သေယျ" ဟူသော ပါတိမောက်သာဓကကိုထောက်ဆ၍ "အရှင်ဘုရား တို့ သံဃာတော်သည် အကျွန်ုပ်၏စကားကို နာတော်မူပါလော့၊ ယနေ့ သည် ပန္နရသီ ဥပုသ်နေ့ပါတည်း၊ သံဃာတော်အား (အင်္ဂါလေးပါးနှင့် ပြည့်စုံသော) လျောက်ပတ် သောအခါရှိသော ဥပုသ်ကံသည် အကယ်၍ ဖြစ်ငြားအံ့၊ သံဃာတော်သည် သုတ္တုဒ္ဒေသ ဥပုသ်ကိုပြုရာ၏၊ အာဏာ ပါတိမောက်ကိုပြရာ၏။**

http://www.dhammadownload.com



မေး ။ စာတုဒ္ဒသီ (၁၄)ရက် လကွယ် ဥပုသ်နေ့ဝယ် ဥပုသ်ပြုရာ၌ ညာတ်ထားပုံပြပါဦးကိုရေး၍ အနက်ပေးပြခဲ့ပါ။

ဖြေ ။ သုဏာတုမေ ဘန္တေသံဃော၊ အဇ္ဇုပေါသထော၊ စာတုဒ္ဒသော၊ ယဒိသံဃဿ ပတ္တကလ္လံ၊ သံဃော ဥပေါ သထံ ကရေယျ၊ ပါတိ မောက္ခံ ဥဒ္ဒိသေယျ။

အနက်ပေးပုံ။ အဇ္ဇ၊ ယနေ့။ စာတုဒ္ဒသော၊ တဆယ့်လေးရက်မြောက်သော၊ ဥပေါသထော၊ ဥပုသ်နေ့ပါတည်း။ (ကြွင်းတူပြီ)။

မေး ။ သာမဂ္ဂီဥပုသ်ပြုရမည့်အခါ၌ ညာတ်ထားပုံပါဦးဖော်ပြ၍ သမ္ပဇာနမုသာဝါဒ အာပတ်ကလေးက ဈာန်၊ မဂ်၊ ဖိုလ်၏ အန္တရာယ်အထိပြုတတ်ပုံကို ထုတ်ဖော်ညွှန်ပြပါ။

ဖြေ ။ သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇုပေါသထောသာမဂ္ဂီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဥပေါသထံ ကရေယျ၊ ပါတိ မောက္ခံ ဥဒ္ဒိသေယျ။ သမ္ပဇာနမုသာဝါဒ ဒုက္ကဋ်အာပတ်ကလေးကို မကုစားလျှင် ဝိပ္ပဋိသာရခေါ် နှလုံးမသာယာမှုဖြစ်၏။ ဝိပ္ပဋိသာရဖြစ်နေလျှင် ပါမောဇ္ဇခေါ် အနုစားပီတိမဖြစ်နိုင်၊ အနုစားပီတိမဖြစ်လျှင် တိုးတက်လာသော ပီတိအရင့်အစားမဖြစ်နိုင်၊ ပီတိအရင့်အစား မဖြစ်လျှင် "ပဿဒ္ဓိ" ခေါ် ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးမှုမဖြစ်နိုင်၊ ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးမှုမဖြစ်လျှင် "သုခ" ခေါ် ကိုယ်စိတ်ချမ်းသာမှုမဖြစ်နိုင်၊ ကိုယ်စိတ်ချမ်းသာမဖြစ်လျှင် သမာဓိမရ၊ သမာဓိမရလျှင် ယထာဘူတလမ်းမှန်ကျအောင် မသိမမြင်နိုင်၊ ယထာဘူတလမ်းမှန်ကျအောင် မသိမမြင်လျှင် မည်မျှပင် အားထုတ်သော်လည်း ဈာန်၊ မဂ်၊ ဖိုလ်မရနိုင်ပါ။ ဤသို့ သမ္ပဇာန မုသာဝါဒ ဒုက္ကဋ်အာပတ်ကလေးက ဈာန်၊ မဂ်၊ ဖိုလ်၏ အန္တရာယ်အထိ ပြုတတ်ပါသည်။

မေး ။ သမ္ပဇာနမုသာဝါဒဿဟောတိ ၌ သမ္ပဇာနမုသာဝါဒ အာပတ်၏ သင့်ရောက်ရာခေတ်နှင့် အန္တရာယိတဖြစ်ပုံကို သိသာအောင် ဖော်ပြပါ။

ဖြေ ။ သမ္ပဇာနမုသာဝါဒဒုက္ကဋ်အာပတ်၏ သင့်ရောက်ရာ ခေတ်ပုဒ် ကား - ကစ္စိတ္ထပရိသုဒ္ဓါ ။ ပ ။ တတိယမ္ပိ ပုစ္ဆာမိကစ္စိတ္ထ ပရိသုဒ္ဓါဟူသော တတိယာ နုဿာဝနစကားရပ်၏ အဆုံးဖြစ်ပါသည်။

မေး ။ ဥပုသ်ပြုရာတွင် မိမိ၌ အာပတ်ရှိသည်ကို အမှတ်မရသဖြင့် ဆိတ်ဆိတ်နေသောရဟန်းအား အာပတ်သင့်၊ မသင့် ပါတိမောက်

http://www.dhammadownload.com



အကိုးပြ၍ဖြေဆိုပြီးလျှင် ဥပုသ်ပြု သံဃာတော်များ၏ ပရိသုဒ္ဓအဖြစ်ကို မည်သို့သိရပါသနည်း။ (ကြီး၊ ၃၁-၃)

❖ မိမိမှာ အာပတ်သင့်နေမှန်း မသိသဖြင့် ဆိတ်ဆိတ်နေသောရဟန်းအား အပြစ်ရှိ၊ မရှိ သာဓကပြဆိုးဖြတ်၍ သံဃာဒိသေသ်အာပတ်ကုစားပုံအစီအစဉ်ကိုလည်း ရေးသားတင်ပြပါ။

❖ အာပတ်မှစင်ကြယ်လိုသောရဟန်း ပြုလုပ်ရမည့်အစီအရင်နှင့် အာပတ်စင်ကြယ်ခြင်း၏ အကျိုးရလဒ်တို့ကို ပါတိမောက်လာအတိုင်းဖြေဆိုပါ။

ဖြေ ။ "သရမာနေနဘိက္ခုနာ" ဟူသော ပါတိမောက်သာဓကကို ထောက်၍ မိမိအာပတ်ကို အမှတ်မရလို့ မကြားမိဘဲ ဆိတ်ဆိတ် နေသောရဟန်းအား ဒုက္ကဋ်အာပတ်မသင့်ပါ။

ပရိသုဒ္ဓအဖြစ်ကို သိရကြောင်း

(၁) အာဝိကရဏ = (ထင်စွာပြုခြင်း) ကြောင့်လည်းကောင်း

(၂) တုဏှီဘာဝ = (ဆိတ်ဆိတ်နေခြင်း) ကြောင့်လည်းကောင်း

ပရိသုဒ္ဓ (စင်ကြယ်သည်) ၏အဖြစ်ကို သိရပါသည်။

သာဓက။ ယဿသိယာအာပတ္တိ။ ပ။ ပရိသုဒ္ဓါတိ ဝေဒိဿာမိ။

မှတ်ချက်။ ကဒ်ါ၌ တုဏှီဘာဝေနာပိ (အာဝိကရဏကြောင့်သာမဟုတ်) တုဏှီဘာဝကြောင့်လည်း သိရသည်။

မေး ။ "ကိံသံဃဿပုဗ္ဗကိစ္စံ"၌ အလိုရှိအပ်သော ပုဗ္ဗကိစ္စများကို အထောက်သာဓကပြ၍ မြန်မာလိုညွှန်ပြခဲ့ပါ။

ဖြေ ။ "သံဃော ဥပေါသထံကရေယျ" ဟူ၍ ဥပေါသထကရဏ ကြိယာနှင့် စပ်၍ ဆိုအပ်သောသံဃာတော်သည် ယင်း ပုဗ္ဗ ကရဏ (၄)ပါး ပုဗ္ဗကိစ္စ (၅)ပါးကို မပြုဘဲ ဥပုသ်မပြုနိုင်ပါ။

ထို့ကြောင့် "ကိံသံဃဿ ပုဗ္ဗကိစ္စံ" ၌ ပုဗ္ဗကိစ္စအရ - ပုဗ္ဗကရဏ (၄)ပါး၊ ပုဗ္ဗကိစ္စ (၅)ပါးတို့ကို လိုအပ်ပါသည်။

၎င်းတို့မှာ -

(၁) ဥပုသ်အိမ်သိမ်အပြင်၌ တံမြက်လှည်းရခြင်း၊

(၂) ဆီမီးညှိထွန်းရခြင်း၊

(၃) သောက်ရေသုံးရေတည်ထားရခြင်း၊

(၄) နေရာထိုင်ခင်း၊ ခင်းကျင်းထားရခြင်း၊

(၅) ဆောင်အပ်သောဆန္ဒကို လျှောက်ကြားခြင်း၊

http://www.dhammadownload.com



(၆) ဆောင်အပ်သော ပါရိသုဒ္ဓိကို လျှောက်ကြားခြင်း၊
(၇) ဥတုသုံးပါးလွန်သောပက္ခ၊ ကြွင်းသောပက္ခကိုကြားခြင်း၊
(၈) သိမ်အပြင်၌ စည်းဝေးသောရဟန်းအပေါင်းကို ဤမျှရှိ၏ဟု ရေတွက်၍ကြားခြင်း၊
(၉) ဘိက္ခုနီမတို့တောင်းပန်သော ဩဝါဒကို ကြားခြင်းတို့ ဖြစ်ပါသည်။

မေး ။ သမ္ပဇာနမုသာဝါဒဿဟောတိ၊ သမ္ပဇာနမုသာဝါဒေ ပါစိတ္တိယံတို့၌ မုသာဝါဒချင်းတူပါလျက် အာပတ်ကွဲပြားရခြင်းအကြောင်းကိုပြည့်စုံစွာ ရှင်းပြခဲ့ပါ။ (ကြီး၊ ၄၈-ခု)

ဖြေ ။ ဤအာပတ်သည် "မဆိုမီကာလ ဆိုဆဲကာလ၌သိလျက် မုသားပြော ခြင်း" ဟူသော မုသာဝါဒလက္ခဏာကြောင့် သင့်ရောက်အပ်သော အာပတ်မဟုတ်၊ "သမ္ပဇာန မုသာဝါဒေ ကိံ့ဟောတိ၊ ဒုက္ကဋံဟောတိ" ဟူသော ဥပေါသထက္ခန္ဓကလာ မြတ်စွာဘုရားစကားကြောင့် သင့်ရောက်ရသော ဝစီဒွါရ အကိရိယ သမုဋ္ဌာနအာပတ်ဖြစ်ပါသည်။ ထို့ကြောင့် ပါစိတ်အာပတ်မဖြစ် ဒုက္ကဋ် အာပတ်သာဖြစ်ရပါသည်။

မေး ။ ပါတိမောက်ပြရာ၌ အာပတ်ကို ဒေသနာလည်းမကြား၊ ထင်စွာလည်း မပြုဘဲ တိတ်တိတ်မြဲနေသောရဟန်းအား သင့်ရောက်သောအပြစ်ကို အကိုးပြ၍ရေးခဲ့ပါ။

ဖြေ ။ သမ္ပဇာန မုသာဝါဒ ဒုက္ကဋ်အပြစ်သင့်ပါသည်။

အကိုး။ ယောပနဘိက္ခု။ ပ ။ သမ္ပဇာနမုသာဝါဒဿဟောတိ။

မေး ။ မိမိ၌အာပတ်ရှိလျက် ဥပုသ်ပြုကောင်း၊ မပြုကောင်း အကိုးပြ၍ ဆုံးဖြတ်ပါ။

ဖြေ ။ မိမိ၌ အာပတ်ရှိလျက် ဥပုသ်မပြုကောင်းပါ။

အကိုး။ ယောပနဘိက္ခု ။ ပ ။ မုသာဝါဒဿဟောတိ။

မေး ။ ကိံသံဃဿပုဗ္ဗကိစ္စံ၌ "သံဃဿ"အရကို အထောက်ပြ၍ ကောက် ပြပြီး ပုဗ္ဗကိစ္စမပြုဘဲ ဥပုသ်ပြုလျှင် အဘယ်အပြစ်ရောက်ပါသနည်း။

ဖြေ ။ "သံယောဥပေါသထံကရေယျ"ဟူ၍ဥပေါသထ ကရဏကြိယာနှင့်စပ်၍ ဟောတော်မူအပ်သော သံဃာ (ဥပေါသ ထသံဃာ) ကို ယူရပါမည်။ ပုဗ္ဗကိစ္စမပြုဘဲ ဥပုသ်ပြုလျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။

မေး ။ သံဃဥပုသ်ပြုရန် ကြွလာသောရဟန်းတော်သည် -
(က) မိမိ၌ အပြစ်ရှိမှန်းသိက ပြုလုပ်ရမည့် အစီအစဉ်
(ခ) အပြစ်မရှိပါကပြုလုပ်ရမည့်၊ အစီအစဉ်တို့ကိုရေးခဲ့ပါ။
(မူ၊ ၅၃-ခု)

F2 A

http://www.dhammadownload.com



ဖြေ ။ (က) ဒေသနာပြောကြားခြင်း၊ ထုတ်ဖော်ဝန်ခံခြင်းအားဖြင့် ထင်ရှားပြု ရမည်။

(ခ) ဆိတ်ဆိတ်နေရမည်။

**မေး ။ အာပတ်ခုနှစ်မျိုးကို အစဉ်ကျကျ ရေတွက်ပြပြီးလျှင် ယင်း၌ ဂရုက အာပတ်၊ လဟုကအာပတ်တို့ကိုလည်း ခွဲခြားခဲ့ပါ။**

ဖြေ ။ (၁) ပါရာဇိကအာပတ်၊ (၂) သံဃာဒိသေသ်၊
(၃) ထုလ္လစ္စည်း၊ (၄) ပါစိတ်အာပတ်၊
(၅) ပါဋိဒေသနီအာပတ်၊ (၆) ဒုက္ကဋ်အာပတ်၊
(၇) ဒုဗ္ဘာသီဟူသောအာပတ်အားဖြင့် (၇)မျိုးရှိပါသည်။

ယင်းတို့တွင် ပါရာဇိကအာပတ်၊ သံဃာဒိသေသ်အာပတ်ဟူသော ရှေ့နှစ်ဖုံသည် (လူထွက်ခြင်း၊ ပရိဝါသ်ဟူသောကြီးလေးသောကံဖြင့် ဖြေဖျောက်မှုပြေသောကြောင့်) ဂရုကအာပတ်မည်၏။

ထုလ္လစ္စည်းစသောနောက်ငါးဖုံကား (ဒေသနာပြောကြားခြင်းဟူသော ပေါ့သောကံဖြင့်ဖျောက်ရသောကြောင့်) လဟုကအာပတ်မည်၏။

**မေး ။ ယဿသိယာအာပတ္တိ၌ယဿအရနှင့် အာပတ္တိအရတို့ကို တိကျစွာ ကောက်ပြခဲ့ပါ။**

ဖြေ ။ ထေရ, နဝ, မဇ္ဈိမ ရဟန်းအားလုံးကို ယူရပါမည်။

အာပတ္တိအရ

(၁) ပါရာဇိကအာပတ်၊ (၂) သံဃာဒိသေသ်အာပတ်၊ (၃) ထုလ္လစ္စည်း (၄) ပါစိတ်အာပတ်၊ (၅) ပါဋိဒေသနီအာပတ် (၆) ဒုက္ကဋ်အာပတ် (၇) ဒုဗ္ဘာသီဟူသောအာပတ် (၇) ဖုံတို့တွင် အမှတ်အသားမထား တစ်ပါးပါး သောအာပတ်ကိုယူရပါသည်။

**မေး ။ ဒွေမာတိကာ နိဒါန်း၌ပိဏ္ဍတ္ထပဥ္စက ပိုင်းခြား၍ပြခဲ့ပါ။**

ဖြေ ။ (၁) ဥတ္တိဋ္ဌပန ▪ သုဏာတုမေ ဘန္တေသံဃော။ ပ။ ပါတိမောက္ခံ ဥဒ္ဒိသေယျ။

(၂) ပုဗ္ဗကိစ္စပုစ္ဆန ▪ ကိံသံဃဿ ပုဗ္ဗကိစ္စံ။ ပ။ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ။

(၃) နိဒါနုဒ္ဒေသဿဝနဝိဓိ ▪ တံသဗ္ဗေဝ သန္တာ သာဓုကံ သုဏောမ မနသိကရောမ။

(၄) ဝိသုဒ္ဓါရောစနဝိဓိ ▪ ယဿသိယာ အာပတ္တိ။ ပ။ အနုသာဝိတံ ဟောတိ။

http://www.dhammadownload.com



(၅) အနာရောစနပတ္တိ = ယောပနဘိက္ခု။ ပ။ ဖာသု ဟောတိ။

မှတ်ချက်။ အထက်ပါပိုင်းခြားပုံသည် ဆရာတော်ဦးဇုစ်၏ ဒွေမာတိကာ နိဿယအတိုင်းဖြစ်၏။ ပါတိမောက်ဘာသာဋီကာ၌ကား "ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေထ၊ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ" ဝါကျကို ဝိသုဒ္ဓါရောစနဝိဓိ၌သွင်း၍ ယူပါသည်။

မေး ။ ဘုရားဟောဖော် နိဒါနုဒ္ဒေသပါဠိတော်၏အစနှင့် အဆုံးကို ဖော်ပြ၍ ယင်းနိဒါနုဒ္ဒေသပါဠိတော်၏ ပိဏ္ဍတ္ထ (၅)ပါးကိုလည်း ပိုင်းခြား ပြဆိုပါ။

ဖြေ ။ နိဒါနုဒ္ဒေသပါဠိတော်၏အစမှာ-သုဏာတု မေဘန္တေ သံဃော စသော ဉာတ်ပါဠိဖြစ်သည်။ အဆုံးမှာ-ဝေမေတံ ဓာရယာမိ ဖြစ်ပါသည်။

မေး ။ နိဒါန်း၊ ပါရာဇိကတို့၌လာ "ဝိသုဒ္ဓါပေက္ခ" ၌ "ဝိသုဒ္ဓိအရ" ကို ခွဲခြား ပြပါ။

ဖြေ ။ နိဒါန်းလာ ဝိသုဒ္ဓါပေက္ခ၌ ဝိသုဒ္ဓိအရ - အာပတ်မှ စင်ကြယ်ခြင်းကို ယူရပါမည်။

ပါရာဇိကလာ ဝိသုဒ္ဓါပေက္ခ၌ ဝိသုဒ္ဓိအရ - စင်ကြယ်ကြောင်းဖြစ်သော လူအဖြစ်၊ သာမဏေအဖြစ်ကို ယူရပါမည်။

မေး ။ မိမိ သင့်ရောက်နေသောအာပတ်ကိုအမှတ်ရပါလျက် ထင်စွာမပြု ခြင်းကြောင့် သင့်ရောက်နိုင်သောအပြစ်နှင့် ထင်စွာပြုခြင်းကြောင့် ရရှိနိုင်သောအကျိုးတို့ကို ပါတိမောက်လာအတိုင်း အထောက်ပြ၍ ဖြေဆိုပါ။

ဖြေ ။ သမ္ပဇာနမုသာဝါဒ ဒုက္ကဋ်အာပတ်။

အထောက်။ သမ္ပဇာနမုသာဝါဒေါ။ ပ။ ဝုတ္တော ဘဂဝတာ။

ချာန်, မဂ်, ဖိုလ်တို့ကိုရခြင်းငှာ ချမ်းသာလွယ်ကူသော အကျိုးရှိ ပါသည်။

အထောက်။ တသ္မာ။ ပ။ ဖာသု ဟောတိ။

မေး ။ အာပတ်ကို ထင်စွာမပြုခြင်းကြောင့် ရရှိအပ်သော အပြစ်၊ ထင်စွာ ပြုခြင်းကြောင့် ရရှိအပ်သောအကျိုးတို့ကိုဖော်ပြခဲ့ပါ။ (ငယ်၊၃၉-ခု)

http://www.dhammadownload.com



ဖြေ ။ အပြစ် - သမ္ပဇာနမုသာဝါဒဒုက္ကဋ်အာပတ်။
အကျိုး - ဈာန်၊ မဂ်၊ ဖိုလ်တို့ကိုရခြင်းငှာ ချမ်းသာလွယ်ကူသောအကျိုး ဖြစ်ပါသည်။

မေး ။ ဥပုသ်ပြုရာ၌ အခါအားလျော်စွာမပြုလုပ်ဘဲ နေနိုင်ခွင့်ရှိသော ပုဗ္ဗကရဏကို အခါနှင့်တကွအကြောင်းပြဖြေဆိုပါ။ (လတ်၊ ၂၃-ခု)

ဖြေ ။ နေ့အခါ၌ နေတည်းဟူသော အရောင်အလင်းရှိသောကြောင့် ဆီမီးညှိထွန်းခြင်းဟူသော ပုဗ္ဗကရဏကိုမပြုလုပ်ဘဲ နေနိုင်ခွင့်ရှိသည်။

မေး ။ ပါတိမောက်မပြမီ ကြိုကြိုတင်တင် ပြုလုပ်ရမည့်အမှုကိစ္စတို့ကို မြန်မာစကားပြေဖြင့်ဖြေဆို၍ အာပတ်ကိုထင်စွာပြုခြင်းကြောင့် ရနိုင်သည့်အကျိုးတို့ကို ဖြေဆိုခဲ့ပါ။

❖ ရဟန်းတော်သည် အာပတ်ကိုယ်၌ ထင်ရှားရှိပါလျက် ထင်စွာမပြုခြင်းကြောင့် အာပတ်သင့်ပုံပြပါဦး၊ ထင်စွာပြုခြင်းကြောင့် ရရှိသောအကျိုးပြပါဦးတို့ကို အနက်ရေးပြပါ။

❖ သံဃဥပုသ်ပြုရာ၌ ပါရိသုဒ္ဓိပြောကြားရခြင်းအကြောင်းနှင့် ပြောကြားပုံအခြင်းအရာကို ပါဠိအထောက်နှင့်တကွဖော်ပြပါ။

ဖြေ ။ ပါတိမောက်ပြတော့မည်ဖြစ်သောကြောင့် သံဃဥပုသ်ပြုရာ၌ ပါရိသုဒ္ဓိ (မိမိ၏အာပတ်မှ စင်ကြယ်သူဖြစ်ကြောင်း) ကို ပြောကြားဖြစ်ပါသည်။

သာဓက။ ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေထ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ။

ပြောကြားပုံ။ မိမိမှာ အာပတ်သင့်နေလျှင် ထိုအာပတ်ကို ဒေသနာပြောကြားရပါမည်။ ပါတိမောက်ပြနေခိုက်ဖြစ်၍ ဒေသနာမပြောသာလျှင် အနီးအပါးရှိရဟန်းအား "မိမိ အာပတ်သင့်နေကြောင်း" တိုးတိုး တိတ်တိတ် ပြောကြားရပါမည်။

မှတ်ချက်။ ဥပုသ်ပြုရာ၌ ပါတိမောက်နာသောရဟန်းသည် အာပတ်တန်းလန်းနှင့်နာလျှင် "န ဘိက္ခဝေ သာပတ္တိကေန ပါတိမောက္ခံ သောတဗ္ဗံ၊ ယော သုဏေယျ၊ အာပတ္တိ ဒုက္ကဋဿ" ဟူသော ပါတိမောက္ခ ထပနက္ခန္ဓက နှင့်အညီ ဒုက္ကဋ်အာပတ်သင့်ပါသည်။ ထို့ကြောင့် ဒုက္ကဋ် အာပတ်မသင့်အောင် "ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေထ" ဟု တိုက်တွန်းရခြင်းဖြစ်ပါသည်။

http://www.dhammadownload.com



မေး ။ နိဒါနုဒ္ဒေသ၌ပါသော "သမ္ပဇာနမုသာဝါဒဿဟောတိ" ၌ ပါစိတ်အာပတ်မသင့်ခြင်း၏အကြောင်းနှင့် သင့်သောအာပတ်ကို ဖော်ပြပါ။ (လတ်၊ ၃၄-ခု)

ဖြေ ။ ကိုယ်လည်းမလှုပ်၊ နှုတ်လည်းမမြွက်သည်ဖြစ်၍ မုသာဝါဒ လက္ခဏာနှင့် မညီသောကြောင့် ပါစိတ်အာပတ်မသင့်ပါ။

နှုတ်ဖြင့်ပြုရမည့်အမှုကိုမပြုဘဲနေသဖြင့် လိမ်ရာရောက်ကြသောကြောင့် ဒုက္ကဋ်အာပတ်သာသင့်ပါသည်။

မေး ။ နဝ၊ မဇ္ဈိမ၊ ထေရ၊ မဟာထေရဂုဏ်ထူးရသည့်ရဟန်းအား ဝါဖြင့်ပိုင်းခြားပြပါ။ (လတ်၊ ၄၁-ခု)

ဖြေ ။ နဝ - ငါးဝါမကြွယ် သီတင်းငယ်၊
မဇ္ဈိမ - ငါးဝါမှ ကိုးဝါအထိ၊
ထေရ - ဆယ်ဝါမှ ဆယ့်ကိုးဝါအထိ၊
မဟာထေရ (အနုထေရ) - နှစ်ဆယ်ဝါမှအထက်။

မေး ။ ပါတိမောက္ခုဒ္ဒေသကရဟန်းက မေးမြန်းစိစစ်ပါလျက် မိမိ၌ ထင်ရှားရှိသောအာပတ်ကို မဖော်ပြပါလျှင် အဘယ်အပြစ်ရှိပါသနည်း။ (ငယ်၊ ၂၉-ခု)

ဖြေ ။ သမ္ပဇာနမုသာဝါဒဒုက္ကဋ်အာပတ်သင့်ပါသည်။

မေး ။ ယာဝတတိယကာစဘိက္ခုကမ္မဝါစာ၌ ယာဝတတိယအရယူရမည့် အရေအတွက်သင်္ချာနှင့် ဘိက္ခုအရယူရမည့် ရဟန်းများကို ဖြေဆိုပါ။ (ငယ်၊ ၃၂-ခု)

ဖြေ ။ ယူရမည့်အရေအတွက်ကား - အယုတ်ဆုံး ၄ ပါး၊ ၄ ပါးထက်အလွန်ဖြစ်သည်။

ဘိက္ခုအရ - ပကတတ်ရဟန်းကိုယူရမည်။

မေး ။ အန္တရာယိကောဓမ္မောဝုတ္တောဘဂဝတာ ဟူသောပါဌ်၌ အန္တရာယိကောဟူသော ပုဒ်၏အရကိုဖော်ပြ၍ အာပတ်ကို ထင်စွာပြုခြင်းကြောင့် ရနိုင်သောအကျိုးကိုလည်း ရေးသားခဲ့ပါ။ (လတ်၊ ၂၇-ခု)

ဖြေ ။ အန္တရာယိကောအရ - ပထမဈာန် စသည်တို့ကိုရခြင်း၏ အန္တရာယ်ကိုပြုတတ်သော သမ္ပဇာနမုသာဝါဒ ဒုက္ကဋ်အာပတ်ရ၏။

အကျိုး - ပထမဈာန်စသည်တို့ကိုရခြင်း၌ ချမ်းသာလွယ်ကူသောအကျိုးရှိပါသည်။

http://www.dhammadownload.com



မေး ။ ကိုသံဃသသပုဗ္ဗကိစ္စ၌ ပုဗ္ဗကိစ္စသရုပ်ကို ထုတ်ပြပြီးလျှင် မထေရ်ကြီးက စေခိုင်းပါလျှက် ပုဗ္ဗကိစ္စကို မပြုလုပ်သောရဟန်းအား အဘယ် အာပတ်သင့်ပါသနည်း။ ဖော်ပြပါ။ (လတ်၊ ၂၈-ခု)

ဖြေ ။ မထေရ်ကြီးက စေခိုင်းပါလျက် ပုဗ္ဗကိစ္စကို မပြုသောရဟန်းအား ဒုက္ကဋ် အာပတ်သင့်ပါသည်။

မေး ။ သဘာဂါပတ္တိယောစ နဝိဇ္ဇန္တိ၌ ယူရမည့်သဘာဂကို အကြောင်းနှင့် တကွဖော်ပြပါ။ (လတ်၊ ၃၁-ခု)

ဖြေ ။ ဝတ္ထုသဘာဂအာပတ်ရှိနေလျှင် အချင်းချင်းဒေသနာ မပြောကောင်း၊ ဒေသနာမပြောဘဲ အာပတ်တန်းလန်းနှင့်လည်း ဥပုသ်မပြုကောင်းချေ။ ထိုသို့ မပြုကောင်းလျှင် သံဃာ၏ပတ္တကလ္လ ဥပုသ်ကံ မဖြစ်နိုင်သော ကြောင့်သဘာဂါ ပတ္တိယောစ နဝိဇ္ဇန္တိ၌ ဝတ္ထုသဘာဂအာပတ်ကို ယူရမည်။

မေး ။ ပတ္တကလ္လပြင်္ဂါထာ၌ ဘိက္ခုဟု သာမညဆိုပါလျက် အဘယ်ကြောင့် ပကတတ်ရဟန်းကိုသာ အထူးကောက်ယူရသည်ကို ဖော်ပြ၍ ပကတတ်၏အဓိပ္ပါယ်ကိုလည်း သိသာရုံရေးပြပါ။ (လတ်၊ ၃၆-ခု)

ဖြေ ။ အပကတတ်ရဟန်းသည် ဝဇ္ဇနီယ ပုဂ္ဂိုလ်ဖြစ်၍ ၎င်းအပကတတ် ရဟန်းကိုယူလျှင် ပတ္တကလ္လမဖြစ်နိုင်သောကြောင့် ပကတတ်ရဟန်းကို သာယူရပါသည်။ (ဝဇ္ဇနီယာစပုဂ္ဂလာတသ္မိံ နဟောန္တိကိုထောက်)။

မေး ။ ဥ တ်၏အဓိပ္ပါယ်ကိုရေးပါ။

ဖြေ ။ သံဃာအား သိစေကြောင်းစကားကို ဥ တ်ဟုခေါ်ပါသည်။

မေး ။ ဥပုသ်ပြုစဉ် ပါတိမောက္ခုဒ္ဒေသကရဟန်းက သုံးကြိမ်တိုင်တိုင် မေးမြန်း သောအခါ ဆိတ်ဆိတ်နေသင့်သောရဟန်းနှင့် မနေသင့်သောရဟန်း တို့ကို ခွဲခြားဖြေဆိုပြီးလျှင်၊ သိခါပတ္တဖြစ်သော ဒုဋ္ဌုလ္လဝါစာမျိုးလည်း သာကေနှင့်တကွဖြေဆိုပါ။ (ကြီး၊ ၆၁-ခု)

ဖြေ ။ ဆိတ်ဆိတ်နေသင့်သောရဟန်း - မိမိ၌ထင်ရှားသော အာပတ်ကို သိလျက် ထင်စွာပြုပြီးသောရဟန်း။

မနေသင့်သောရဟန်း - မိမိ၌ ထင်ရှားရှိသောအာပတ်ကိုသိလျက် ထင်စွာမပြုသောရဟန်း (ယောပနဘိက္ခု ယာဝ တတိယံ။ ပ။ နာဝိ ကရေယျ၊ သမ္ပဇာနမုသာဝါဒဿ ဟောတိကိုထောက်)။

http://www.dhammadownload.com



သိခါပတ္တဒုဋ္ဌုလ္လဝါစာ ဟူသည် ယထာတံယုဝါ ယုဝတိံ မေထုန ပသံဟိတာဟိကိုထောက်၍ လုလင်ပျိုသည် မိန်းမပျိုကို ယုတ်ယုတ် မာမာ ပြောဆိုသကဲ့သို့ ထို့အတူ မေထုန်နှင့်စပ်သော စကားတို့ဖြင့် ယုတ်ယုတ်မာမာပြောဆိုခြင်းတို့ဖြစ်ပါသည်။

**နိဒါန်းဆိုင်ရာ အခ်ဳပ္ပာယ္ၿပီးၿပီ။**

http://www.dhammadownload.com



# ပါရာဇိကကဏ္ဍ

## ပါရာဇိကဆိုင်ရာ အဓိပ္ပာယ်

မေး ။ အဘယ်ကို အဘယ့်ကြောင့် ပါရာဇိကဟုခေါ် ဆိုပါသနည်း၊ ရှင်းလင်း ဖြေဆိုပါ။

ဖြေ ။ ပါရာဇိကသိက္ခာပုဒ်နှင့် ပါရာဇိကအာပတ်ကို ကျူးလွန်လျှင် ယင်းနှစ်ပါး ကျူးလွန်သူကို သာသနာတော်မှရှုံးစေသည်မည်၏။ ထို့ကြောင့် သိက္ခာ ပုဒ်နှင့် အာပတ်ကို ပါရာဇိကဟုခေါ်ရသည်၊ ပါရာဇိကအာပတ်သင့် သောပုဂ္ဂိုလ်လည်း ရှုံးခြင်းသို့ရောက်သောကြောင့် ပါရာဇိကဟူ၍ပင် ခေါ်ရသည်။

မေး ။ ပါရာဇိကသိက္ခာပုဒ်တို့တွင် အနုပညတ် ၂-ခုပါရှိသော သိက္ခာပုဒ် ကို ပါဠိ၊ အနက်ရေးသားခဲ့ပါ။

❖ ရဟန်းတော်များ မေထုန် ကာမဂုဏ်အမှုမပြုရန် ပညတ်ထားသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးသားခဲ့ပါ။

❖ မျောက်မကို မေထုန်မှီဝဲသောရဟန်းအား သင့်ရောက်သော အပြစ်ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ မိန်းမကို မေထုနဓမ္မအမှုကိုလွန်ကျူးသော ရဟန်းအား အပြစ်ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ သိက္ခာမချဘဲ မေထုန်မှီဝဲသောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ အနက်ရေးပါ။

ဖြေ ။ မေထုနဓမ္မ သိက္ခာပုဒ်ကို ရေးပါလေ။

မေး ။ ပထမပါရာဇိကသိက္ခာပုဒ်၏ မူလပညတ်ပြပါဌ်ကို အနက်ရေးခဲ့ပါ။

ဖြေ ။ (ယောပနဘိက္ခု ဘိက္ခူနံ။ ပ။ အနာဝိကတွာ) မေထုနံ ဓမ္မံ ပဋိသေ ဝေယျ၊ (ပါရာဇိကောဟောတိ အသံဝါသော) ကိုရေးလေ။

မေး ။ ပထမပါရာဇိကလာ (က) မူလပညတ်ပြပါဌ် (ခ) ပထမ အနုပညတ် ပြပါဌ် (ဂ) ဒုတိယအနုပညတ်ပြပါဌ်တို့ကို အတိကျရေးခဲ့ပါ။

ဖြေ ။ (က) မူလပညတ်ပြပါဌ် - မေထုနံ ဓမ္မံ ပဋိသေဝေယျ။
(ယောနဘိက္ခု မေထုန ဓမ္မံ ပဋိသေဝေယျ၊ ပါရာဇိကော ဟောတိ အသံဝါသော။)

http://www.dhammadownload.com



(၁) ပထမအနုပညတ်ပြပါဌ် - အန္တမသော တိရစ္ဆာန ဂတာယပိ။
(ဂ) ဒုတိယအနုပညတ်ပြပါဌ် - သိက္ခံအပစ္စက္ခာယ။
ဘိက္ခုနံ ဘိက္ခုသာဇီဝ သမာပန္နော သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ။

မေး ။ ဘိက္ခုပါတိမောက် တစ်စောင်လုံးရှိ သိက္ခာပုဒ်တိုင်းသို့လိုက်၍ အနက်ပေးသင့်သောပါဌ်ကိုရေးခဲ့ပါ။

ဖြေ ။ ဘိက္ခုနံ သိက္ခာသာဇီဝသမာပန္နော သိက္ခံ အပ္ပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ။

မေး ။ အနုပညတ်ကို သိက္ခာပုဒ်အမည်နှင့်တကွ အဋ္ဌကထာ အလိုကျ ဖော်ပြ၍ ပထမပါရာဇိကသိက္ခာပုဒ်လာအနုပညတ်ကို ပါဌ်မှ ထုတ်ပြပြီးလျှင် မည်သည့်အနုပညတ်မျိုးဖြစ်သည်ကိုညွှန်ပြပါ။ (ကြီး၊ ၃၇-ခု)

ဖြေ ။ (၁) အာပတ္တိကရအနုပညတ် = အညဝါဒကသိက္ခာပုဒ်လာ ဝိဟေသကေ စသည်။
(၂) အနာပတ္တိကရအနုပညတ် = သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ်လာ "အညတြသုပိနန္တာ" စသည်။
(၃) အာပတ္တိဥပတ္ထမ္ဘကရ အနုပညတ် = ဒုတိယပါရာဇိက သိက္ခာပုဒ်လာ "ဂါမာဝါ အရညာဝါ" စသည်။

ပထမပါရာဇိက အနုပညတ်

(၁) သိက္ခံ အပစ္စက္ခာယ
(၂) အန္တမသော တိရစ္ဆာနဂတာယပိ။
အာပတ္တိ ဥပထမ္ဘကရအနုပညတ်မျိုးဖြစ်သည်။

မေး ။ ဘိက္ခုနံ သိက္ခာသာဇီဝသမာပန္နောဌ် ဘိက္ခုနံ သဒ္ဒါကို ထည့်ဆိုရခြင်း အကြောင်းကိုရေးခဲ့ပါ။

ဖြေ ။ သိက္ခာနှင့်သာဇီဝသည် ဘိက္ခုနီတို့၏ သိက္ခာသာဇီဝမဟုတ်၊ လူတို့၏ သိက္ခာသာဇီဝမဟုတ်၊ ဘိက္ခုတို့နှင့်ဆိုင်သော သိက္ခာ သာဇီဝဖြစ်သည် ဟု သိစေလိုတော်မူသောကြောင့် "ဘိက္ခုနံ" ဟု ထည့်ဆိုရခြင်းဖြစ်ပါသည်။

မေး ။ သိက္ခာသမာပန္နနှင့် သာဇီဝသမာပန္နနှစ်ခုတို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ ။ (ပါတိမောက္ခ သံဝရသီလဟုဆိုအပ်သော) အဓိသီလသိက္ခာကို ဖြည့်ကျင့်နေသောရဟန်းသည် သိက္ခာသမာပန္နမည်၏။

http://www.dhammadownload.com



ပညတ်တော်မူအပ်သော သိက္ခာပုဒ်ဟူသော သာဇီဝကို မလွန်ကျူးသောရဟန်းသည် သာဇီဝသမာပန္နမည်၏။ ဤသို့ထူးပါသည်။

မေး ။ သိက္ခာပုဒ်ကို သာဇီဝဟုခေါ်ရခြင်းအကြောင်းကိုရေးပြီးလျှင်၊ သမာပန္န၏ အဓိပ္ပာယ်ကိုလည်းရေးခဲ့ပါ။

ဖြေ ။ အတူတကွ အသက်မွေးကြရာ အတူတကွဖြစ်ကြကျင့်ကြရာဖြစ်သောကြောင့် မြတ်စွာဘုရား ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်ကို သာဇီဝဟု ခေါ်ပါသည်။ အဓိသီလ သိက္ခာကို ဖြည့်ကျင့်လျက် သာဇီဝကိုလည်းမလွန်ကျူးဘဲ ထိုနှစ်ပါးစုံသို့ကပ်ရောက်ခြင်း (ကပ်ရောက်သောရဟန်း) ကို သမာပန္နဟုဆိုပါသည်။

မေး ။ သိက္ခာသာဇီဝသမာပန္နော-၌သိက္ခာအရ - သာဇီဝအရတို့ကို ကောက်ပြ၍၊ ပရိယာယ်အားဖြင့်ခိုးရာ၌ ပါရာဇိကမှ လွတ်၊ မလွတ် သာဓကပြ၍ဆုံးဖြတ်ခဲ့ပါ။

ဖြေ။ သိက္ခာအရ - ပါတိမောက္ခသံဝရသီလဟူသော အဓိသီလ သိက္ခာကိုရ၍၊ သာဇီဝအရ - ဘုရားရှင်ပညတ်တော်မူအပ်သော သိက္ခာပုဒ်ပါဠိတော်ကို ယူရပါမည်။

ပရိယာယ်အားဖြင့် ခိုးရာ၌ ပါရာဇိကမှလွတ်ပါသည်။

သာဓကကား- 'အဒိန္နာဒါနေ အာဒိယေယျ" ဖြစ်ပါသည်။

မေး ။ အဘယ်သို့ပြုကျင့်ခြင်းကို သိက္ခာသာဇီဝသို့ရောက်သည်ဟု ဆိုရကြောင်းဖော်ပြပြီးလျှင် ပါရာဇိကအာပတ်သင့်သောရဟန်းသည် ထိုအာပတ်ကိုစင်ကြယ်အောင် မည်သို့ကုစားရမည်နည်း။ (ငယ်၊ ၃၂၃)

ဖြေ ။ အဓိသီလဟုဆိုအပ်သော သိက္ခာကို ဖြည့်ကျင့်ခြင်းသည်လည်းကောင်း၊ ပညတ်တော်မူအပ်သော သိက္ခာဟု ဆိုအပ်သော သာဇီဝကို မလွန်ကျူးခြင်းသည်လည်းကောင်း သိက္ခာသာဇီဝသို့ရောက်သည်မည်၏။

### ပါရာဇိကကုစားပုံ

လူ၊ သာမဏေ၊ အာရာမ်စောင့် စသည်ပြုလုပ်၍ နေခြင်းသည် ပါရာဇိကအာပတ်ကုစားပုံမည်၏။

မေး ။ သိက္ခာသာဇီဝ သမာပန္နော၌ သိက္ခာသာဇီဝအရကိုဖော်ပြ၍ မကျန်းမာသူတစ်ဦးအား ဝဓကစိတ်ထားဖြင့် သင်သေလျှင် နတ်ပြည်ရောက်မည်ဟု တရားဟောခြင်းကြောင့် သေသွားလျှင် အဘယ်အာပတ်သင့်နိုင်ပါသနည်း။

http://www.dhammadownload.com



ဖြေ ။ မရဏာဝဏ္ဏံဝါသံဝဏ္ဏေယျကိုထောက်၍ ပါရာဇိကကျပါသည်။

မေး ။ ဒုတိယပါရာဇိကနှင့် ဒန္တပေါနသိက္ခာပုဒ်တို့၌ပါသော အဒိန္နသဒ္ဒါ နှစ်ခုတို့၏အထူးကိုရေးခဲ့ပါ။

ဖြေ ။ ဒုတိယပါရာဇိကသိက္ခာပုဒ်၌ အဒိန္နအရ - ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးအပ်သောသူတစ်ပါးဥစ္စာကို ယူရမည်။
ဒန္တပေါနသိက္ခာပုဒ်၌ အဒိန္နအရ - မိမိဥစ္စာဖြစ်စေ၊ သူတစ်ပါး ဥစ္စာဖြစ်စေ၊ အကပ်မခံရသေးသော အာဟာရကိုယူရမည်။ ဤသို့ထူးပါသည်။

မေး ။ ပါရာဇိကတို့တွင်ပါရှိသော အောက်ပါပုဒ်တို့ကို အနက်ကိုရှုမျှော်၍ အဓိပ္ပာယ်ရေးခဲ့ပါ။
(က) မေထုနဓမ္မ (မေထုန်အမှု)
(ခ) ပဋိသေဝေယျ (မှီဝဲခြင်း)
(ဂ) တိရစ္ဆာနဂတာယ (တိရစ္ဆာန်မ)
(ဃ) ပါရာဇိက (ဆုံးရှုံးခြင်း)

ဖြေ ။ (က) ရာဂထကြွခြင်းအားဖြင့် တူမျှကြသောမိန်းမ၊ ယောကျ်ား နှစ်ဦးသားတို့၏အကျင့်ကို မေထုနဓမ္မ (မေထုန်) ဟု ခေါ်ပါသည်။
(ခ) ပဋိသေဝေယျအရ မှီဝဲခြင်း ဟူသည် လွှမ်းမိုး၍ရောက်ခြင်း လွန်ကျူးခြင်းဖြစ်ပါသည်။
(ဂ) ပဋိသန္ဓေအစွမ်းဖြင့် တိရစ္ဆာန်တို့၌ဖြစ်သော အမသတ္တဝါကို တိရစ္ဆာန်မဟု ခေါ်ပါသည်။
(ဃ) သာသနာတော်မှဆုံးရှုံးစေအပ်သော (ဆုံးရှုံးခြင်းသို့ ရောက်သော) ရဟန်းကို ဤနေရာ၌ ပါရာဇိကဟုခေါ် ဆိုရပါသည်။

မေး ။ ဒုတိယပါရာဇိကသိက္ခာပုဒ် အဒိန္နံထေယျသင်္ခါတံ၌ (က)အဒိန္န (ခ) ထေယျ (ဂ) ထေယျသင်္ခါတတို့၏အရကိုဖော်ပြပါ။ (ငယ်၊ ၃၇-ခု)

ဖြေ ။ (က) အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတစ်ပါး ဥစ္စာ၊
(ခ) ခိုးလိုသောစိတ်၊ (ဂ) ခိုးယူလိုမှုစိတ်အစု။

မေး ။ မေထုနသေဝနအမှုကိုသိလျက်နှင့် ပြုသော်လည်း ပါရာဇိကအာပတ်မသင့်သောရဟန်းမျိုးကိုဖော်ပြ၍ သံယာဒိသေသ် သိက္ခာပုဒ်လာ သဉ္စရိတ္တဖြစ်ပုံကို တိကျစွာဖြေဆိုခဲ့ပါ။(ငယ်၊ ၃၉-ခု)

ဖြေ ။ အသာဒိယန္တပုဂ္ဂိုလ်။

http://www.dhammadownload.com



မိန်းမ၊ ယောက်ျား နှစ်ဦးသားတို့အကြား၌ ဝန်ခံခြင်း၊ စုံစမ်းခြင်း၊ ပြန်ဆောင်ခြင်းတို့ကိုပြုလျှက် အောင်သွယ်ခြင်းသည် သဉ္စရိတ္တမည်၏။

မေး ။ စတုမဟာရာဇ်နတ်မကို သေဝနအမှုပြုသောရဟန်းအား ပါရာဇိကကျ၊ မကျ သာဓကထောက်၍ဖြေဆိုပြီးလျှင်၊ မေထုန်မှီဝဲလို၍ မာတုဂါမ၏ကိုယ်ကို ကိုင်တွယ်သောရဟန်းအား မည်သည့် အာပတ်သင့်သည်ကိုလည်း ဆုံးဖြတ်ခဲ့ပါ။

ဖြေ ။ ပါရာဇိကကျပါသည်။ သာဓက - အန္တမသောတိရစ္ဆာနဂတာယပိ။ - ဒုက္ကဋ်အာပတ်သင့်ပါသည်။

မေး ။ သာသနာတော်ကြီး အစွန့်ရှည်စွာ သန့်ရှင်းတည်တံ့ရန်အတွက် ဘုရားရှင်ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့တွင် သူတစ်ပါး၏ ပစ္စည်းကို ခိုးယူသောရဟန်းအား သင့်ရောက်သောအပြစ်ကို ပြဆိုသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ သဗ္ဗညုတဘုရားရှင်လက်ထက်တော်၌ ရှေးဘုရင်များ သူခိုးကို အရေးယူပုံပြသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ မိမိအားအပ်ထားသောငွေကျပ်တစ်ထောင်ကို လုံးဝ ပြန်မပေးသောရဟန်းအား သင့်ရောက်နေသည့်အပြစ်ကို ပြဆိုသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

ဖြေ ။ အဒိန္နာဒါနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ လောက၌ ပြောမရသည့်သူခိုး၊ ဓားပြတို့ကို သက်ဆိုင်ရာ အာဏာရှင် မင်းမြတ်တို့က အရေးယူပြပါဠ်ကိုရေးပြပါ။

❖ ခိုးမှုနှင့်ပတ်သက်၍ ပညတ်အပ်သော မျက်မှောက်ခံစားရမည့် ပြစ်ဒဏ်နှင့် ကြိမ်းမောင်းပြောဆိုပုံပြဆိုသည့် ပါဠိရပ်တို့ကိုသာ အနက်ပေးခဲ့ပါ။

❖ သူတစ်ပါး၏ပစ္စည်းကိုခိုးယူလျှင် စွပ်စွဲခံရမည့်စကားများကို မြန်မာဘာသာဖြင့်ဖော်ပြ၍၊ မေထုန်အလျှုခံသောရဟန်း၏ တရားအထူးအဆန်းကိုလည်း ဗဟုသုတဖြစ်ဖွယ်ရေးသားပါ။

ဖြေ ။ ယထာရူပေ။ ပ။ ထေနောသိ။ ကို ရေးပါလေ။

မေး ။ ဒုတိယပါရာဇိကလာ"ရာဇာနောအရ" ကို တိကျစွာ ကောက်ပြခဲ့ပါ။

ဖြေ ။ ရာဇာနောအရ - ဗိမ္ဗိသာရမင်းကိုသာယူရပါမည်။

http://www.dhammadownload.com



မေး ။ "ဥပုသ်ပြုခြင်း" ဟူသည် အဘယ်နည်း၊ ပါတိမောက်လာအတိုင်း တိကျစွာဖြေဆို၍ မည်မျှထိုက်တန်သော ပစ္စည်းကိုခိုးမှ ပါရာဇိက ကျပါသနည်း၊ သာဓကဖြင့်ဖြေဆိုပါ။

ဖြေ ။ (ယထာရူပေ အဒိန္နာဒါနေ) တထာရူပ် ဘိက္ခုအဒိန္န အာဒိယမာနော ကိုထောက်၍အနည်းဆုံးတမတ်၊ တမတ်တန်ပစ္စည်းကိုခိုးယူမှ ပါရာဇိက ကျပါသည်။

မေး ။ ဒုတိယပါရာဇိကလာ အနုပညတ်ကို အတိအကျဖော်ပြ၍ အနုပညတ် ၃ မျိုးတို့တွင် မည်သည့်အနုပညတ်မျိုး ဖြစ်သင့်သည် ကို ဖြေဆိုခဲ့ပါ။

ဖြေ ။ "ဂါမာဝါအရညာဝါ" ဖြစ်ပါသည်။
အနုပညတ် ၃ မျိုးတို့တွင် အာပတ္တိဥပတ္ထမ္ဘကာရ အနုပညတ်မျိုးဖြစ် သည်။

မေး ။ သူတစ်ပါးပစ္စည်းကိုခိုးယူချင်လာအောင် ပရိယာယ်ဖြင့်ပြောသော ကြောင့် ထိုသူခိုးယူသော်လည်းကောင်း၊ သေချင်လာအောင် ပရိယာယ်ဖြင့်ပြောသောကြောင့် ထိုသူ သေသော်လည်းကောင်း ပြောသောရဟန်းအား ပါရာဇိက ကျ၊ မကျ ဆိုင်ရာသိက္ခာပုဒ်လာ စကားများကို အထောက်အထားပြ၍ ဖြေဆိုပါ။ (ကြီး၊ ၃၂-ခု)

ဖြေ ။ ဒုတိယပါရာဇိကသိက္ခာပုဒ်သည် ပရိယာယ်အားဖြင့် အာပတ်မသင့်။
အထောက်။ ။ (အဒိန္နံထေယျ သင်္ခါတံ) အာဒိယေယျ။
တတိယပါရာဇိကသိက္ခာပုဒ်သည် - ပရိယာယ်အားဖြင့် သေချင်အောင် ပြောသောကြောင့် ထိုသူသေခဲ့သော် ပါရာဇိကကျပါသည်။
အထောက်။ မရဏဝဏ္ဏံဝါ သံဝဏ္ဏေယျ။

မေး ။ ဒုတိယပါရာဇိကနှင့် တတိယပါရာဇိကသိက္ခာပုဒ်တွင် မည်သည့် သိက္ခာပုဒ်က သာလွန်သိမ်မွေ့ကြောင်း အကိုးသာဓကနှင့်တကွ ဆုံးဖြတ်ချက်ချပါ။

ဖြေ ။ ဒုတိယပါရာဇိက ၌ "အာဒိယေယျ" ဟု ဟောတော်မူသောကြောင့် ကိုယ်တိုင်ဖြစ်စေ၊ စေခိုင်း၍ဖြစ်စေ ခိုးယူမှ ပါရာဇိက အာပတ်သင့်ပါ သည်။ ယူချင်လာအောင် ပရိယာယ်ဖြင့် ပြောရုံမျှ ဖြင့် အာပတ်မသင့်။
တတိယပါရာဇိက၌ကား - "မရဏဝဏ္ဏံဝါ သံဝဏ္ဏေယျ" ဟု ဟောတော် မူသောကြောင့် မည်သည့်နည်းဖြင့်ဖြစ်စေ သေချင်လာအောင် ပရိယာယ်ဖြင့် ထိုစကားအရ အပြောခံရသူ အသက်ရှည်သင့် သလောက်မရှည်ဘဲ အသက်တိုသွားမှုပြောသူမှာ ပါရာဇိကအာပတ် သင့်ပါသည်။ ထို့ကြောင့် တတိယပါရာဇိကသိက္ခာပုဒ်က သာ၍ သိမ်မွေ့ပါသည်။

http://www.dhammadownload.com



မေး ။ သူတစ်ပါး၏ကျောင်းကို မိမိကျောင်းဖြစ်စေလို၍ တရားရုံး၌ အနိုင်ရသည်အထိ တရားစွဲဆိုသောရဟန်းအား သင့်နိုင်သော အာပတ်များကို အသီးသီးခွဲခြားဖြေဆိုပါ။ (ငယ်၊ ၃၁-၃)

ဖြေ ။ တရားစွဲလျှင် ဒုက္ကဋ်၊ ပိုင်ရှင်ယုံမှားသံသယဖြစ်လျှင် ထုလ္လစ္စည်း၊ ငါ့ဟာမဖြစ်တော့လတ္တံ့ဟု ပိုင်ရှင်ကဝန်ချလျှင်ဆုံးဖြတ်လျှင် ပါရာဇိက အာပတ်သင့်ပါသည်။

မေး ။ လူဇာတ်ရှိသော သတ္တဝါကိုသတ်ဖြတ်သောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

ဖြေ ။ မနုဿဝိဂ္ဂဟသိက္ခာပုဒ်ကိုရေးလေ။

မေး ။ တတိယပါရာဇိကသိက္ခာပုဒ်လာ တစ်စုံတစ်ယောက်သူ သေဆုံးအောင် သတ်ပုံသတ်နည်း (သေအောင်လုပ်နည်း) ၄ မျိုးကို ပါဠိ၊ မြန်မာနှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြခဲ့ပါ။

ဖြေ ။ ၁။ မနုဿဝိဂ္ဂဟံ ဇီဝိတာဝေါရောပေယျ = ကိုယ်တိုင်ဖြစ်စေ၊ စေခိုင်း၍ဖြစ်စေ သတ်ခိုင်းခြင်း။

၂။ သတ္ထဟာရကံဝါဿပရိယေသေယျ = သေချင်သူ အလွယ်တကူရအောင် လက်နက်ရှာ၍ ပို့ထားခြင်း။

၃။ မရဏဝဏ္ဏံဝါသံဝဏ္ဏေယျ = သေရခြင်း၌ ကျေးဇူးရှိပုံကို ထင်ရှားပြခြင်း (ချီးမွမ်းခြင်း)။

၄။ မရဏာယဝါသမာဒပေယျ = သေဘို့ရာ နည်းလမ်းပြ ပြုလုပ်သင်ပေးခြင်းတို့ဖြစ်ပါသည်။

မေး ။ "ဣတိစိတ္တမနောစိတ္တသင်္ကပ္ပေါ" ၌ "စိတ္တသင်္ကပ္ပအရ"ကိုဖော်ပြ၍၊ အတ္တူပနာယိက၏ အဓိပ္ပာယ်ကိုလည်းရေးခဲ့ပါ။

ဖြေ ။ စိတ္တသင်္ကပ္ပအရ - သတ္တဝါမှန်းသိသော သညာ၊ သေစေလိုသော စေတနာ၊ သေစေဘို့ရန် အကြံဝိတက် ဤသုံးမျိုးကို ယူရပါသည်။ မိမိမှာ မင်္ဂဖိုလ်တရားများရှိသည့်အနေမျိုးဖြစ်အောင် မိမိသန္တာန်၌ကပ်၍ ဆောင်ယူခြင်းသည် အတ္တူပနာယိကမည်၏။ (ပါတိမော်ဘာဋီ)

မေး ။ တတိယပါရာဇိကသိက္ခာပုဒ်၌ ဖော်ပြပါပါဠိများကို အနက်ပေးပြပါ။

(က) ထာဝရပယောဂပြပါဠ် (ခ) အာဏတ္တိပယောဂပြပါဠ်

(ဂ) သံဝဏ္ဏနာကာရပြပါဠ်

ဖြေ ။ (က) သတ္ထဟာရကံ ဝါဿ ပရိယေသေယျ။

http://www.dhammadownload.com



(ခ) မရဏာယဝါသမာဒပေယျ။

(ဂ) အမ္ဘောပုရိသ။ ပ။ ဇီဝိတာဝေါရောပေယျ။ ကို အနက်ရေးလေ။

မေး ။ တတိယပါရာဇိကသိက္ခာပုဒ်၌ ထာဝရပယောဂပြပါဠ် အာဏတ္တိပယောဂပြပါဠ်နှင့် သံဝဏ္ဏနာကာရပြပါဠ်တို့ကို အသီးသီးထုတ်ပြပြီးလျှင်၊ သင့်မှာ ဆင်းဆင်းရဲရဲနေရခြင်းထက် သေရခြင်းက မြတ်သေး၏ဟု သေချင်လာအောင် ပြောကြားခြင်းကြောင်း ထိုသူသေခဲ့သော် ပြောကြားသောရဟန်းအား ပါရာဇိက ကျ, မကျ အထောက်ပြ၍ ဖြေဆိုပါ။ (ငယ်၊ ၃၃-ခု)

ဖြေ ။ မရဏဝဏ္ဏံဝါ သံဝဏ္ဏေယျကိုထောက်၍ ပါရာဇိကကျပါသည်။

မေး ။ မနုဿဝိဂ္ဂဟသိက္ခာပုဒ်လာ သေခြင်းအကျိုးကျေးဇူးကို ချီးမွမ်းဆိုပုံ စကားရပ်များကိုသာရေးသားခဲ့ပါ။

ဖြေ ။ "အိုယောကျာ်း၊ သင့်အား ယုတ်ညံ့ဆိုးရွားစွာ အသက်ရှင်နေရခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ သင့်အား အသက်ရှင်နေရခြင်းထက် သေရခြင်းကမြတ်သေး၏ဟု ဤသို့ (သေစေလိုသော စိတ်နှလုံးရှိသည်ဖြစ်၍) ဤသို့ (သေစေလိုသော စိတ်အကြံရှိ သည်ဖြစ်၍) များစွာသော အကြောင်းဖြင့် သေခြင်း၏ ဂုဏ်ကျေးဇူးကိုသော်လည်း ချီးမွမ်းပြောဆိုပါသည်။

မေး ။ (က) ဆင်းရဲသူ (ရောဂါများသူ) (ခ) ကုသိုလ်ရှင်အား သေခြင်းဂုဏ်ကျေးဇူးကို ပြောဆိုပုံ စကားရပ်တို့ကို ပါဠိ၊ မြန်မာ နှစ်ဘာသာဖြင့် ဖြေဆိုခဲ့ပါ။

ဖြေ ။ (က) ကိံတုယှိမိနာပါပကေန ဒုဇ္ဇီဝိတေန = သင့်မှာ ဤကဲ့သို့ ယုတ်ညံ့သော အသက်ရှင်နေရခြင်းထက် သေရတာက ကောင်းပါသေးရဲ့ဟု ပြောခြင်းသည် ဆင်းရဲသူ ရောဂါများသူအား ပြောခြင်းတည်း။

(ခ) မတံတေဇီဝိတာသေယျော = ကုသိုလ်ကောင်းမှုများစွာ ပြုပြီးသော သင့်မှာ အသက်ရှင်၍ နေရခြင်းထက် သေရခြင်းက ပို၍မြတ်ပါတယ်ဟု ပြောခြင်းသည် ကုသိုလ်ရှင်အား ပြောခြင်းတည်း။

မေး ။ တတိယပါရာဇိက သိက္ခာပုဒ်လာအနုပညတ်နှင့်မူလပညတ်တို့ကို ပါဠိမျှရေးခဲ့ပါ။

ဖြေ ။ အနုပညတ် - မရဏဝဏ္ဏံဝါ သံဝဏ္ဏေယျ။

မူလပညတ်ပါဠိ - ကြွင်းသောပါဠိများ။

http://www.dhammadownload.com



မေး ။ လက်နက်ရှာဖွေပုံကို သာဓကထောက်ထား၍ ဖြေဆိုပြီးလျှင် လက်နက်ရှာဖွေရုံမျှဖြင့် အပြစ်ရှိ၊ မရှိနှင့်၊ ယင်းကို ပရယေသနဟု ဆိုသော် ရနိုင်စရာရှိသည့်အပြစ်အာပတ်ကိုလည်းဖော်ပြပါ။

ဖြေ ။ သတ္ထဟာရကံဝါသပရိယေသေယျ ကိုထောက်၍ သေချင်သူ အလွယ် တကူရအောင် အနီး၌ချထားခြင်း။ လက်နက်ရှာဖွေရုံမျှ ဖြင့် အပြစ်မရှိ။ ဒုက္ကဋ်အပြစ်။ ပါရာဇိကလည်းဖြစ်နိုင်သည်။

မေး ။ မိမိ၌ ဈာန်မဂ်ဖိုလ်တရားမရရှိမှန်းသိပါလျက် ရရှိသကဲ့သို့ ပြောဆို သောရဟန်းအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက် ရေးပါ။

❖ လူအများ အကြည်ညိုခံမှု ဘုန်းကံကြီးမားလိုမှုကြောင့် မဂ်၊ ဖိုလ် ရသည်ဟု ကြွားဝါပလွှားပြောဆိုသော ရဟန်းအား သင့်ရောက်သော အပြစ်ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ လူတို့၏ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော ဈာန် မဂ် ဖိုလ်တရားကိုမရဘဲ ရသည်ဟု ကြွားဝါပြောဆိုသော ရဟန်းအား အပြစ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးသားခဲ့ပါ။

❖ မိမိမှာ ဈာန်၊ မဂ်ဖိုလ်တရားများ မရှိပါပဲလျက် ရသည်ဟု လိမ်လည် ဝါကြွား ပလွှားပြောဆိုသောရဟန်းအား အပြစ်ပြသိက္ခာပုဒ် ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဉတ္တရိမနုဿသိက္ခာပုဒ်ကိုရေးလေ။

မေး ။ စတုတ္ထပါရာဇိက သိက္ခာပုဒ်လာ အောက်ပါစကားရပ်များကို ပါဠိ၊ အနက် ရေးသားခဲ့ပါ။

(က) သမုဒါစရဏာကာရပြပါဠိ (မဂ်၊ ဖိုလ်ရသည်ဟု ပြောပုံ ပြော နည်းကို ပြဆိုသောစကားရပ်)

(ခ) အာပတ္တိပ္ပဋိဇာနနကာလပြပါဠိ (မိမိမှာ အာပတ်သင့်ကြောင်း ဝန်ခံရာ အခါကိုပြဆိုသောစကားရပ်)

(ဂ) ဝဒနာကာရပြပါဠိ (လိမ်လည်ပြောမိကြောင်းကို ဝန်ခံပုံပြ စကား ရပ်။

ဖြေ ။ (က) ဣတိဇာနာမိ ဣတိပဿာမိ။

(ခ) တတောအပရေန သမယေန ။ပ။ ဧဝံဝဒေယျ။

(ဂ) အဇာနမေဝံ ။ ပ။ တုစ္ဆံ မုသာဝိလပိ ။

http://www.dhammadownload.com



မေး ။ တတိယပါရာဇိကသိက္ခာပုဒ်၌ သံဝဏ္ဏနာကာရပြ ပါဠိမျှကိုသာ ရေးသား၍ စတုတ္ထပါရာဇိက သိက္ခာပုဒ်၌ သမုဒါ စရဏကာရပြ ပါဠိ ကိုလည်းရေးသားခဲ့ပါ။ (လတ်၊၂၇-ခု)

ဖြေ ။ သံဝဏ္ဏနာကာရပြပါဠိ -အဗ္ဘောပုရိသ။ ပ။ ဇီဝိတာ ဝေရောပေယျ။ သမုဒါစရဏကာရပြပါဠိ - ဣတိဇာနာမိ၊ ဣတိပဿာမိ။

မေး ။ စတုတ္ထပါရာဇိကသိက္ခာပုဒ် အနုပညတ်နှင့် မူလ ပညတ်ပြ ပါဠိကို ခွဲခြားဖြေဆို၍ မည်သည့်အနုပညတ်မျိုးဖြစ်သည်ကိုလည်း ညွှန်ပြပါ။

ဖြေ ။ အနုပညတ် - အညတြအဓိမာနာ။

မှတ်ချက်။ "သိက္ခံအပစ္စက္ခာယ" လည်းရနိုင်သည်။

အနုပညတ်(၃) မျိုးတွင်အနာပတ္တိကရ အနုပညတ်ဖြစ်သည်။

မေး ။ တတိယပါရာဇိကလာ "မရဏဝဏ္ဏံဝါ သံဝဏ္ဏေယျ" ၌ သံဝဏ္ဏနာ ကာရပြပါဠိနှင့် စတုတ္ထပါရာဇိကလာ "ဧဝံဝဒေ ယျ"၌ ဝဒနာကာရ ပြပါဠိတို့ကိုရေးပါ။ (ကြီး၊၂၉-ခု)

ဖြေ ။ သံဝဏ္ဏနာကာရပြပါဠိ။ အဗ္ဘောပုရိသ။ ပ။ ဇီဝိတာ ဝေရောပေယျ။ ဝဒနာကာရပြပါဠိ။ ။ အဇာနမေဝံ။ ပ။ မုသာဝိလပိ။

မေး ။ စတုတ္ထပါရာဇိကသိက္ခာပုဒ်လာ တုစ္ဆံနှင့်မုသာအထူးကို အပြည့်အစုံ ရှင်းပြ၍ ဥတ္တရိမနုဿ+မနုဿဓမ္မ + ဥတ္တရိ မနုဿဓမ္မအရတို့ကို တိကျစွာရေးသားဖော်ပြပါ။

ဖြေ ။ အနက်မရှိသောစကားသည် တုစ္ဆံမည်၏။

လိမ်လည်လိုခြင်း ချွတ်ယွင်းသောစကားသည် မုသာမည်၏။ ဤသို့ထူး ပါသည်။

ဥတ္တရိမနုဿအရ = မြတ်သောဈာန်ရပုဂ္ဂိုလ်နှင့် အရိယာပုဂ္ဂိုလ်များ ကိုရ၏။

မနုဿဓမ္မအရ = ကုသိုလ်ကမ္မပထတရား ၁၀ ပါးရ၏။

ဥတ္တရိမနုဿဓမ္မအရ = (မြတ်သောဈာန်ရပုဂ္ဂိုလ်နှင့် အရိယာပုဂ္ဂိုလ် တို့၏) ဈာန်၊ မဂ်၊ ဖိုလ်တရားများကိုရ၏။

မေး ။ စတုတ္ထပါရာဇိကသိက္ခာပုဒ်လာ အောက်ပါတို့ကို တိကျစွာ ကောက် ပြခဲ့ပါ။ (က) ဥတ္တရိမနုဿ (ခ) ဓမ္မ (ဂ) ဥတ္တရိ (ဃ) မနုဿဓမ္မ

ဖြေ ။ (က) ဥတ္တရိမနုဿအရ မြတ်သောလူသားဖြစ်ကုန်သော ဈာန်ရပုဂ္ဂိုလ် များ၏ အရိယာများကိုရပါသည်။

F3 A

http://www.dhammadownload.com



(ခ) ဓမ္မအရ ထိုပုဂ္ဂိုလ်တို့၏ သန္တာန်၌ ထင်ရှားရှိသော ဈာန်၊ မဂ်၊ ဖိုလ်တရားများကိုရပါသည်။

(ဂ) ဥတ္တရိအရ ထိုကုသိုလ်ကမ္မပထတရား ၁၀ ပါးထက် လွန်မြတ်သော ဈာန်၊ မဂ်၊ ဖိုလ်တရားကိုရပါသည်။

(ဃ) မနုဿဓမ္မအရ လူတို့၏ ကမ္မပထတရား ၁၀ ပါးကို ရပါသည်။

**မေး ။ ရဟန်းတစ်ပါး၏ တစ်ဂ်တစ်ဖိုလ် ရသလိုလိုနှင့် ဝါကြွားပြောဆိုသော စကားနှင့် အမှန်ကိုမြင် စင်ကြယ်လို၍ ပြောဆိုသော စကားများကို မြန်မာစကားဖြင့်ရေးခဲ့ပါ။**

ဖြေ ။ ဝါကြွားပြောဆိုသောစကား - လူတို့၏ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက်လွန်မြတ်သော ဈာန် မဂ်ဖိုလ်တရားကို မိမိသို့ဆောင်ကပ်၍ "ငါသို့ ငါသိ၏၊ ဤသို့ငါမြင်၏" ဟု ပြောကြားခြင်း။

အမှန်ကိုစင်ကြယ်လို၍ ပြောဆိုသောစကား - မိမိသန္တာန်၌ ဥတ္တရိမနုဿဓမ္မမရှိသော်လည်း "ရှိနေပြီ" ဟူသော မှတ်ထင်ခြင်းမျိုးဖြင့် ပြောကြားခြင်း၊ တကယ်ရှိနေ၍ ပြောကြားခြင်း။

**မေး ။ အောက်ပါရဟန်းများ မည်သည့်အာပတ်သင့်ပါသနည်း၊ သင့်သော အာပတ်ကို တိကျစွာညွှန်ပြခဲ့ပါ။**

**(က) ရဟန္တာမဟုတ်ဘဲ ရဟန္တာဖြစ်လေဟန် ဝါကြွာပလွှား၍ ဒကာ၊ ဒကာမများအား ပြောကြားသောရဟန်း။**

**(ခ) ကိုယ်တိုင်သိမြင်ရရှိထားသည့် မဂ်၊ ဖိုလ်တရားကို ဒကာ၊ ဒကာမများ ပြောကြားသောရဟန်း။**

**(ဂ) မဂ်၊ ဖိုလ်တရား မရရှိသေးဘဲ ရရှိပြီဟုထင်မှတ်၍ သူတစ်ပါးအား ပြောကြားသောရဟန်း။**

**(ဃ) ပုထုဇဉ်မျှသာဖြစ်သော ရဟန်းတစ်ပါးကို "ရဟန္တာ"ဟု သူတစ်ပါးအား ပြောကြားသောရဟန်း။**

ဖြေ ။ (က) ဒကာ၊ ဒကာမများ နားလည်လျှင် ပါရာဇိကအာပတ်သင့်၍ နားမလည်လျှင် ထုလ္လစ္စည်းအာပတ် သင့်ပါသည်။

(ခ) ပါစိတ်အာပတ်သင့်ပါသည်။ (ဂ) အာပတ်မသင့်။

(ဃ) အပြောခံရသူနားလည်လျှင် ထုလ္လစ္စည်းအာပတ်သင့်၍ နားမလည်လျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။ (တနည်း) ပုထုဇဉ် ရဟန်းတပါးကို ရဟန္တာဟု သူတစ်ပါးအား လိမ်ညာပြောမှုကြောင့် ပါစိတ်အာပတ်သင့်ပါသည်။

http://www.dhammadownload.com



မေး ။ တတောအပရေနသမယေန၌ ပါရာဇိကအာပတ်သင့်ရာ အချိန်ကာလကို တိကျစွာဖော်ပြပြီးလျှင် ဝိသုဒ္ဓါပေက္ခော၌ ဝိသုဒ္ဓိအရကိုလည်း ကောက်ပြခဲ့ပါ။

ဖြေ ။ ဥတ္တရိမနုဿဓမ္မကို ပြောအပ်ရာခဏ၌ပင် ပါရာဇိကအာပတ် သင့်ပါသည်။

ဝိသုဒ္ဓိအရ လူအဖြစ်၊ ဥပါသကာအဖြစ်၊ အရံစောင့်အဖြစ်၊ သာမဏေအဖြစ်ကို ယူရပါသည်။

မေး ။ ပါရာဇိက ၄ ပါးတို့တွင် (က) ဝေသာလီပြည်၌ ပညတ်အပ်သော သိက္ခာပုဒ် (ခ) ရာဇဂြိုဟ်ပြည်၌ ပညတ်အပ်သော သိက္ခာပုဒ်အမည်အသီးသီးတို့ကို ခွဲခြားဖြေဆိုခဲ့ပါ။

ဖြေ ။ (က) မေထုနဓမ္မသိက္ခာပုဒ်၊ မနုဿဝိဂ္ဂဟသိက္ခာပုဒ်၊ ဥတ္တရိ မနုဿသိက္ခာပုဒ်တို့ ဖြစ်ပါသည်။

(ခ) အဒိန္နာဒါနသိက္ခာပုဒ်ဖြစ်ပါသည်။

မေး ။ ပါရာဇိကသိက္ခာပုဒ် (၄) ပါးတို့တွင် (က) အာဏတ္တိ တစ်မျိုးဖြင့်သာ အာပတ်သင့်သော သိက္ခာပုဒ် (ခ) အာဏတ္တိ + ပရိယာယနှစ်မျိုးလုံးဖြင့် အာပတ်သင့်သော သိက္ခာပုဒ် (ဂ) အာဏတ္တိ + ပရိယာယနှစ်မျိုးလုံးဖြင့် အာပတ်မသင့်သော သိက္ခာပုဒ်တို့ကို အမည်မျှ ဖော်ညွှန်းပြခဲ့ပါ။

ဖြေ ။ (က) မေထုနဓမ္မသိက္ခာပုဒ် (ခ) အဒိန္နာဒါနသိက္ခာပုဒ်

(ဂ) မေထုနဓမ္မသိက္ခာပုဒ်နှင့် ဥတ္တရိမနုဿဓမ္မ သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

မေး ။ ငါသည် ကိလေသာကုန်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ပြောဆိုရာ၌ (က) ပါရာဇိကကျသောရဟန်း (ခ) ပါရာဇိက မကျသောရဟန်းတို့ကို ပါဠိတော်ထောက်၍ ဆုံးဖြတ်ခဲ့ပါ။ (ကြီး၊ ၅၂-ခု)

ဖြေ ။ (က) (မိမိသန္တာန်၌ ပင်ကိုယ်အားဖြင့် ဥတ္တရိမနုဿဓမ္မရှိကို မရှိ၍ ဥတ္တရိ မနုဿဓမ္မရှိကြောင်းကိုမသိဘဲ "ရှိနေပြီ" ဟူသော မှတ်ထင်ခြင်းမျိုး လည်းမပါဘဲ ဝါကြွားလို၍ ပြောဆိုသောရဟန်းသည်) ပါရာဇိကကျပါ သည်။

အထောက်။ ဥတ္တရိမနုဿသိက္ခာပုဒ်။

http://www.dhammadownload.com



(ခ) (မိမိသန္တာန်၌ ဥတ္တရိမနုဿဓမ္မမရှိသော်လည်း "ရှိနေပြီ" ဟူသော မှတ်ထင်ခြင်းမျိုးဖြင့်လည်းကောင်း၊ တကယ်ရှိနေ၍လည်းကောင်း ပြောဆိုသောရဟန်းသည်) ပါရာဇိက မကျပါ။

အထောက်။ အညတြအဓိမာနာနှင့် ဘူတာရောစနသိက္ခာပုဒ်။

**မေး ။** **နိရောဓသမာပတ်ဝင်စား၏ဟု ပြောသောရဟန်းအား ပါရာဇိက ကျ၊ မကျ အကြောင်းပြဆုံးဖြတ်ပါ။**

**ဖြေ ။** နိရောဓသမာပတ်သည် လောကီ၊ လောကုတ္တရာမှ လွတ်သောကြောင့် နိရောဓသမာပတ်ဝင်စား၏ဟုပြောသောရဟန်းအား ပါရာဇိကမကျပါ။

**မေး ။** **ယထာပုရေ တထာပစ္ဆာ၌ ပုရေအရနှင့် ပစ္ဆာအရတို့ကို ဖော်ပြခဲ့ပါ။**

**ဖြေ ။** ပုရေအရ - ရှေးလူဖြစ်စဉ်၊ သာမဏေဖြစ်စဉ်ကာလကိုရပါသည်။
ပစ္ဆာအရ - ပါရာဇိကကျပြီးသည်မှ နောက်ဖြစ်သောကာလကို ရပါသည်။

**မေး ။** **ပါရာဇိကောဟောတိ အသံဝါသော၌ အသံဝါသ အဓိပ္ပာယ်ကိုရေး၍ သံဝါသရဟန်း + အသံဝါသရဟန်းတို့ကို ခွဲခြားဖော်ပြခဲ့ပါ။**

**ဖြေ ။** ရဟန်းကောင်းတို့နှင့်တကွ ဥပုသ်စသော အပြားရှိသော သံဝါသမရှိသောရဟန်းသည် "အသံဝါသ" မည်၏။
ကေကမ္မ၊ ကေုဒ္ဒေသ၊ သမသိက္ခာဟူသော သံဝါသရှိသောရဟန်းသည် သံဝါသရဟန်းမည်၏။
ကေကမ္မ၊ ကေုဒ္ဒေသ၊ သမသိက္ခာဟူသောသံဝါသမရှိသောရဟန်းသည် အသံဝါသရဟန်းမည်၏။

**မေး ။** **ပါရာဇိကကျသောရဟန်း၏အပြစ်ကိုဖော်ပြသည့် ပါဠိရပ်ကို အနက်မှန်ကန်စွာပေးပြပါ။**

❖ ပါရာဇိကအာပတ်သင့်ရောက်ပြီးသူ၏ သာသနာတော်မှ ဆုံးရှုံးပုံပြ ပါဠိတော်ကို ပြည့်စုံစွာရေးပြီးလျှင် အနက်ပေးပြပါ။

❖ ပါရာဇိကအာပတ်သင့်သူတို့ကျင့်ရသော ကျင့်ဝတ်ကို ပြဆိုသော စကားရပ်များကို ပါဠိ၊ အနက်ရေးသားခဲ့ပါ။

❖ ပါရာဇိကအာပတ်ကုစားပုံနည်းကို ပြဆိုသော စကားရပ်များကို ပါဠိ၊ အနက်ရေးခဲ့ပါ။

**ဖြေ ။** ယေသံဘိက္ခူ။ ပ။ ပါရာဇိကောဟောတိ အသံဝါသော။ ကို ရေးလေ။

**မေး ။** **ပါရာဇိကကျသော ရဟန်းတော်၏ သာသနာတော်မှ ဆုံးရှုံးပုံကို ပါဠိတော်လာအတိုင်း မြန်မာစကားပြေဖြင့် ရေးသားခဲ့ပါ။**

http://www.dhammadownload.com



❖ ပါရာဇိကကျသောရဟန်း၏ သာသနာတော်မှ ဆုံးရှုံးရပုံကို ဥပမာဖြင့် ထင်ရှားအောင်ဖော်ပြခဲ့ပါ။

ဖြေ ။ ရဟန်းမဖြစ်မီ ရှေးယခင်အခါက ရဟန်းကောင်းတို့နှင့်အတူတကွ ကေုဒ္ဒေသ၊ ကေကမ္မ၊ သမသိက္ခတာ ဟူသော သံဝါသကို မရရှိသလို ပါရာဇိကကျပြီးရာ နောက်အခါ၌လည်း ကေုဒ္ဒေသ၊ ကေကံမ္မ၊ သမသိက္ခတာဟူသော သံဝါသရရှိမှု အခွင့်အရေးများ ဆုံးရှုံးသွားပါသည်။

မေး ။ ရဟန်းတပါးတည်းက ပါရာဇိကလေးပါးလုံးကို လွန်ကျူးနိုင်၊ မလွန်ကျူးနိုင် သာဓကနှင့်တကွဆုံးဖြတ်ခဲ့ပါ။

ဖြေ ။ လွန်ကျူးနိုင်ပါသည်။

အထောက်။ ယေသံဘိက္ခု။ ပ ။ ပါရာဇိကောဟောတိ အသံဝါသော။

မေး ။ လွန်ကျူးမိလျှင် ပြုပြင်မရသည့် ပါရာဇိကခေါ် သိက္ခာပုဒ်တော် ဥပဒေကို လွန်ကျူးရာ၌ လေးပါးလုံး လွန်ကျူးမှသာ လွန်ကျူးရာရောက်သည်ဟု သတ်မှတ်ရပါမည်လော၊ သာဓကပြ၍ ဖြေရှင်းခဲ့ပါ။

ဖြေ ။ ယေသံဘိက္ခု။ ပ ။ ပါရာဇိကောဟောတိ အသံဝါသော-သာဓကကိုထောက်၍ လေးပါးလုံး လွန်ကျူးမှသာ လွန်ကျူးရာရောက်သည် မသတ်မှတ်ရပါ။ တစ်ပါးပါး လွန်ကျူးကလည်း လွန်ကျူးရာရောက်သည်ဟု သတ်မှတ်ရပါမည်။

မေး ။ "ပါရာဇိကလေးပါးတို့တွင် တစ်ပါးသင့်သော်လည်း သုံးပါးကျန်သေးသဖြင့် ရဟန်းကောင်းပင်ဖြစ်နေသေး၏"ဟူသော အယူအဆသည် မှန်၊ မမှန် ပါဠိအထောက်ပြ ဆုံးဖြတ်၍၊ သံဃာဒိသေသ် အာပတ်ကို ကုစားရာ၌ (က) ပရိဝါသ်ကျင့်ရမည့်ရက်ပေါင်း (ခ) မာနတ်ကျင့်ရမည့်ရက်ပေါင်းတို့ကို ဖြေဆိုခဲ့ပါ။

ဖြေ ။ မမှန်ပါ။ အထောက် - ယေသံဘိက္ခု။ ပ ။ ပါရာဇိကောဟောတိ အသံဝါသော။ (က) သိလျက် ဖုံးလွှမ်းသမျှရက်တို့ပတ်လုံး (ခ) ၆ ရက်။

မေး ။ ပါရာဇိကကျပြီးသောရဟန်း၏ ရဟန်းဘဝဖြင့် ရနိုင်သော အခွင့်အရေးထူးများကို ဖော်ပြပါ။

ဖြေ ။ လူ၊ ဥပါသကာ၊ သာမဏေ၊ အရံစောင့် စသည်တို့ဖြစ်ပါသည်။

မေး ။ သံဃိကပစ္စည်းကို ခိုးယူသုံးစွဲသောရဟန်း၏ အပြစ်အဆက်ဆက်ကိုရေ၍ ဉာတ်ကမ္မဝါစာ ၃ ကြိမ်ပြီးဆုံးမှ သံဃာဒိသေသ် သင့်ရောက်နိုင်သော သိက္ခာပုဒ်တို့ကိုလည်း ရေတွက်ပြခဲ့ပါ။

ဖြေ ။ အပြစ်အဆက်ဆက် - သတ်ပုတ်ခံရခြင်း၊ နှောင်ဖွဲ့ခံရခြင်း၊ နှင်ထုတ်

http://www.dhammadownload.com



ခံရခြင်း၊ သာသနာတော်မှ ဆုံးရှုံးခြင်း (ပါရာဇိကကျခြင်း) ရဟန်းကောင်းတို့နှင့်အတူတကွ ပေါင်းသင်းရခြင်းမရှိခြင်းတို့ ဖြစ်ပါသည်။

မေး ။ ပရိယာယ်ပြောမှုနှင့်စပ်လျဉ်း၍ ဒုတိယ၊ တတိယ ပါရာဇိက နှစ်မျိုးတို့၏ ခြားနားချက်ကို သာဓကအသီးသီးပြ၍ဖြေဆိုပြီးလျှင်၊ ပါရာဇိကကျသောရဟန်း၏ သာသနာတော်မှ ဆုံးရှုံးရပုံကိုလည်း ဥပမာဖြင့်ထင်ရှားအောင်ဖြေဆိုပါ။

ဖြေ ။ (ထင်ရှားပြီ။)

ပါရာဇိကဆိုင်ရာ အခမ်းပြီးပြီ။

http://www.dhammadownload.com



# သံဃာဒိသေသကဏ္ဍ

## သံဃာဒိသေသ်ဆိုင်ရာ သဘောအစိပ္ပာယ်

မေး ။ အိပ်မက်၌သုတ်ကို လွှတ်စေခြင်းကြောင့် အာပတ်မသင့်ဟု ပြဆိုသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ ပဌမာပတ္တိကအမည်ရသော သိက္ခာပုဒ်တို့တွင် ပထမဦးဆုံးသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

ဖြေ ။ သုက္ကဝိဿဋ္ဌိသိက္ခာပုဒ်ကို ရေးပါလေ။

မေး ။ ကာယသံသဂ္ဂရာဂဖြင့် မိန်းကလေးကိုပွေ့ချီသောရဟန်းအား အပြစ်ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ ဖောက်ပြန်သောစိတ်ဖြင့် မိန်းကလေးလက်ကိုဆွဲကိုင်သော ရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ သံဃာဒိသေသ်လာ ပဌမာပတ္တိကအမည်ရသော သိက္ခာပုဒ်တို့တွင် နှစ်ခုမြောက်ဖြစ်သောသိက္ခာပုဒ်ကို ပါဠိကုန်စင်အောင်ရေးပြပါ။

❖ မာတုဂါမ၏ လက်စသည်တို့ကို ကိုင်သည့်ရဟန်းအား သင့်ရောက်ထိုက်သောအပြစ်ပြသိက္ခာပုဒ်ကို ပါတိမောက်လာအတိုင်း ပါဠိ၊ အနက်ရေးပြပါ။

❖ ကာယသံသဂ္ဂရာဂဖြင့် မာတုဂါမ၏အင်္ဂါအရပ်ရပ်ကို သုံးသပ်ကိုင်စွဲသောရဟန်း၏ အပြစ်ရောက်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

❖ ကိုယ်လက် နှီးနှောလိုသောစိတ်ဖြင့် အမျိုးသမီး၏ဆံပင်ကိုကိုင်သောရဟန်းအား အပြစ်ရပုံပြ ဝိနယသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ကာယသံသဂ္ဂ သိက္ခာပုဒ်ကို ရေးပါလေ။

မေး ။ ကာယသံသဂ္ဂသိက္ခာပုဒ်ကို လွန်ကျူးသောရဟန်း၏ (က) လုံ့လကိုပြသောပါဠိနှင့် (ခ) မှီဝဲလိုသောအဖြစ်ကိုပြသော ပါဠိတို့ကိုသာ မပိုမလို တိတိကျကျ ရေးပြခဲ့ပါ။

ဖြေ ။ (က) ဟတ္ထဂ္ဂါဟံ ဝါ ဝေဏိဂ္ဂါဟံ ဝါ။ ပ ။ အင်္ဂဿပရာမသနံ။

(ခ) ဩတိဏ္ဏော ဝိပရိဏတေန စိတ္တေန။ ပ။ သမာပဇ္ဇေယျ။

http://www.dhammadownload.com



မေး ။ "ဟတ္ထဂ္ဂါဟံဝါ ဝေဏိဂ္ဂါဟံဝါ" ပါဠ်၌ "ဟတ္ထ၊ ဝေဏိ" အရတွင် မပါဝင်သော မာတုဂါမ၏ ပါးပြင်နှစ်ဖက်ကို နှစ်သက်စုံမက်စွာ ကိုင်တွယ်ပွတ်သပ်သောရဟန်းအား မည်သည့်အာပတ်သင့်မည်နည်း၊ လိုရင်းပါဠိသာဓကအထောက်ပြ၍ဖြေဆိုပါ။

ဖြေ ။ သံဃာဒိသေသ်အာပတ်သင့်သည်။ လိုရင်းသာဓက - အညတရဿ ဝါ အညတရဿဝါ အင်္ဂဿ ပရာမသနံ သံဃာဒိသေသော။

မေး ။ ကာယသံဂ္ဂသိက္ခာပုဒ်လာအမျိုးသမီးနှင့် ကိုယ်လက်နှီးနှော (ကာယ သံသဂ္ဂ) ဟူသည် အဘယ်နည်း၊ ယင်းသိက္ခာပုဒ်လာ ပါဠိတော်အတိုင်း မြန်မာစကားပြေဖြင့်ရေးပြပါ။ (မူ၊ ၄၈-ခု)

ဖြေ ။ လက်ကိုကိုင်ခြင်း၊ ဆံထုံးကိုကိုင်ခြင်း၊ အမှတ်မထား တစ်ပါးပါးသော အင်္ဂါကြီးငယ်ကို သုံးသပ်ခြင်း ကိုင်တွယ်ခြင်းသည် ကာယသံသဂ္ဂ မည်၏။

မေး ။ ကာယသံသဂ္ဂသမာပဇ္ဇေယျ၌ ကာယအရတို့ကို သိက္ခာပုဒ်လာသည့် အတိုင်း တိကျစွာကောက်ပြပါ။

ဖြေ ။ လက်၊ ဆံထုံး၊ အမှတ်မထား တပါးပါးသော အင်္ဂါကြီးငယ်ကိုယူရမည်။

မေး ။ ဘိက္ခုပါတိမောက် သံဃာဒိသိသ်သိက္ခာပုဒ်များ၌ အာပတ္တိနိကာယ ပုဒ်ထည့်၍ အနက်ပေးခြင်းဖြင့် သိစေအပ်သော အဓိပ္ပာယ်ကို ဖော်ပြ ပြီးလျှင် ပဏ္ဍုက်ကို မိန်းမအမှတ်၊ ပဏ္ဍုက်အမှတ်တို့ဖြင့် ဒုဋ္ဌုလ္လဝါစာ ပြောဆိုရာ၌ သင့်နိုင် သောအာပတ်တို့ကိုလည်း ခွဲခြားထုတ်ပြပါ။ (ကြီး၊ ၃၆-ခု)

ဖြေ ။ သံဃာဒိသေသောဟူသောအမည်သည် အာပတ်တစ်ခု၏ အမည် မဟုတ်၊ သံဃာဒိသိသ်အာပတ်အများ၏အမည်သာ ဖြစ်သည်ဟူသော အဓိပ္ပာယ်ကို သိစေလိုသောကြောင့် "အာပတ္တိ နိကာယ" ပုဒ်ထည့်၍ အနက်ပေးရပါသည်။

ပဏ္ဍုက်ကို မိန်းမအမှတ်ပြောလျှင် ဒုက္ကဋ်။

ပဏ္ဍုက်ကို ပဏ္ဍုက်အမှတ်ဖြင့်ပြောလျှင် ထုလ္လစ္စည်းအာပတ်။

မေး ။ ဖောက်ပြန်သောစိတ်ဖြင့် အမျိုးသမီးကို ရှုန့်ရင်းကြမ်းတမ်းသော စကားတို့ဖြင့် ပြောဆိုသောရဟန်းအား သင့်ရောက် သောအပြစ်ကို ပြဆိုသည့်သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ မာတုဂါမအား မေထုန်နှင့်စပ်၍ ရှုန့်ရင်းကြမ်းတမ်းစွာပြောဆိုသဖြင့် ပညတ်တော်မူအပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

http://www.dhammadownload.com



❖ မာတုဂါမကို ရှုန့်ရင်းကြမ်းတမ်းသော ဝစ္စမဂ်၊ ပဿာဝမဂ်တို့နှင့် စပ်သော စကားတို့ဖြင့် ပြောဆိုသောရဟန်းအား အပြစ်သင့် ရောက်ပုံပြ သံဃာဒိသေသ်သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ရဟန်းက မိန်းမကို ရှုန့်ရင်းကုန်သောစကားတို့ဖြင့် ပြောဆိုသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ရှုန့်ရင်းကြမ်းတမ်းသောစကားတို့ဖြင့် မာတုဂါမကို ပြောဆိုသော ရဟန်း၏ အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်ကို ရေးပါလေ။

မေး ။ သံဃာဒိသေသ်၏ အဓိပ္ပာယ်ကို ရေးသားပြီးလျှင် အရကိုလည်း ကောက်ပြခဲ့ပါ။

ဖြေ ။ အစ၌လည်းကောင်း၊ အစမှကြွင်းသော အလယ်၊ အဆုံး၌လည်းကောင်း သံဃာကိုအလိုရှိအပ်သောကြောင့် "သံဃာဒိသေသ်" မည်၏။ အရကား - အာပတ္တိနိကာယ (အာပတ်အပေါင်း) ကို ရ၏။

မေး ။ "သံဃာဒိသေသ" ဟူသောပုဒ်၌ အာဒိ + သေသ (အစ၊ အလယ်၊ အဆုံး) အရကို ဖော်ပြခဲ့ပါ။

ဖြေ ။ အာဒိအရ - အစဖြစ်သော ပရိဝါသဒါနကံကိုရ၏။
သေသအရ - အလယ်ဖြစ်သော မာနတ္တဒါနကံ၊ မူလာယ ပဋိကဿ နေနသဟမာနတ္တကံနှင့် အဆုံးဖြစ်သော အဗ္ဘာနကံတို့ကိုရ၏။

မေး ။ သုက္ကဝိဿဋ္ဌိသိက္ခာပုဒ်၏ အနုပညတ် စသည်ကိုဖော်ပြခဲ့ပါ။

ဖြေ ။ အနုပညတ်မှာ-အညတြသုပိနန္တာဖြစ်ပါသည်။ အသာဓာ ရဏပညတ်၊ အနာဏတ္တိကဖြစ်ပါသည်။

မေး ။ အနာဏတ္တိကဖြစ်သော်လည်း သူတစ်ပါးအား လုံ့လပြုခိုင်းလျှင် အာပတ်သင့်၊ မသင့် အကြောင်းချင့်၍ ဖြေရှင်းခဲ့ပါ။

ဖြေ ။ ဤသုက္ကဝိဿဋ္ဌိသိက္ခာပုဒ်သည် အနာဏတ္တိကဖြစ်သော်လည်း သူတစ်ပါးကို မိမိအင်္ဂါဇာတ်၌ လုံ့လပြုစေ၍ သုက်ကို လွှတ်စေလျှင် သံဃာဒိသေသ်အာပတ်သင့်သည်သာ ဖြစ်ပါသည်။

မေး ။ အဘယ်စကားမျိုးကို ဒုဋ္ဌုလ္လဝါစာဟုခေါ်ဆိုပါသနည်း။

ဖြေ ။ ဝစ္စမဂ်၊ ပဿာဝမဂ်၊ မေထုန်နှင့်စပ်သော စကားမျိုးကို ဒုဋ္ဌုလ္လ ဝါစာဟု ခေါ်ပါသည်။

http://www.dhammadownload.com



မေး ။ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်လာ အောက်ပါပါဠိတို့ကို အနက်ပေးပြခဲ့ပါ။
(က) ဩဘာသနေ နိရာသက်ဘာဝပြပါဠိ
(ခ) ဒုဋ္ဌုလ္လဝါစာ၏ သိခါပတ္တလက္ခဏာပြပါဠိ

ဖြေ ။ (က) ယထာတံ ယုဝါယုဝတိ။
(ခ) မေထုနပသံ ဟိတာဟိ ကို အနက်ရေးပါလေ။

မေး ။ ကာမဒါနအလှူခံသောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ကိုပေးခဲ့ပါ။

❖ ကာမဒါနအမှုကိုပြုသောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ မေထုန်အလှူခံသော ရဟန်းအား အပြစ်ပြသိက္ခာ ပုဒ်ကို ပါဠိ၊ အနက်ကိုရေးခဲ့ပါ။

❖ မာတုဂါမတစ်ဦး၏အထံ၌ မေထုန်ဖြင့် လုပ်ကျွေးရန် တောင်းဆိုသော ရဟန်းတစ်ပါး၏ အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ အတ္တကာမပါရိစရိယသိက္ခာပုဒ်ကိုရေးပါလေ။

မေး ။ သံဃာဒိသိသ်စတုတ္ထသိက္ခာပုဒ်လာ "ဝဏ္ဏံဘာသေယျ" ၏ အဓိပ္ပါယ်ကိုရေးသားဖြေဆိုခဲ့ပါ။ (လတ်၊ ၅၀-ခု)

ဖြေ ။ ငါ့နှမသီလရှိပြီး ကောင်းသောသဘောရှိသောအကျင့်ရှိသူကို ငါလိုပုဂ္ဂိုလ်မျိုးကို (ငါကဲ့သို့သောသူကို) မေထုန်အကျင့်ဖြင့် ပြုစုလုပ်ကျွေးခြင်းသည် လုပ်ကျွေးတကာတို့ထက် အမြတ်ဆုံးဖြစ်သည်။

မေး ။ ဘိက္ခုပါတိမောက်သံဃာသိသေသ် ဒုတိယ, တတိယ, စတုတ္ထသိက္ခာပုဒ်တို့၌ပါသော ဩတိဏ္ဏသဒ္ဒါ ဝိပရိဏတတို့၏အထူးကိုရေးခဲ့ပါ။

ဖြေ ။ ထိုကာယသံသဂ္ဂသိက္ခာပုဒ်တို့၌ ကာယသံသဂ္ဂရာဂနှင့် ပြည့်စုံသောရဟန်းသည် ဩတိဏ္ဏမည်၏။ ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်၌ ဒုဋ္ဌုလ္လဝါစဿာဒရာဂနှင့် ပြည့်စုံသောရဟန်းသည် ဩတိဏ္ဏ မည်၏။ အတ္တကာမပါရိစရိယသိက္ခာပုဒ်၌ အတ္တကာမ ပါရိစရိ ယာရာဂနှင့် ပြည့်စုံသောရဟန်းသည် ဩတိဏ္ဏမည်၏။ ဤသို့ထူးပါသည်။

၁။ ကာယသံသဂ္ဂသိက္ခာပုဒ်၌ စင်ကြယ်သန့်ရှင်းသော ဘဝင်အစဉ်ဟု ဆိုအပ်သော ပင်ကိုယ်သဘောကို စွန့်၍ တစ်မျိုးတစ်ဖုံ ပြောင်းလွဲဖြစ်ပေါ်လာသောစိတ်သည် ဝိပရိဏတ စိတ္တမည်၏။ ကာယသံသဂ္ဂရာဂ၏အစွမ်းဖြင့် ဖောက်ပြန်ပြောင်းလွဲ၍ တည်သောစိတ်သည် ဝိပရိဏတစိတ္တမည်၏။

http://www.dhammadownload.com



၂။ ဒုဗ္ဘာသိတသိက္ခာပုဒ်၏ အစွမ်းဖြင့် ဖောက်ပြန်ပြောင်းလွဲသော စိတ်သည် ဝိပရိဏာတစိတ္တမည်၏။

၃။ အတ္တကာမပါရိစရိယာရာဂ၏အစွမ်းဖြင့် ဖောက်ပြန်ပြောင်းလွဲသောစိတ်သည် ဝိပရိဏာတစိတ္တမည်၏။ ဤသို့ထူးပါသည်။

မေး ။ ဘိက္ခုပါတိမောက်သံဃာဒိသေသ် ဒုတိယ၊ တတိယ စတုတ္ထ သိက္ခာပုဒ်တို့၌ ပါရှိသောမာတုဂါမတို့၏ အထူးကိုရှေး၍ သဉ္စရိတ္တ သိက္ခာပုဒ်လာ "ဇာယတ္တနေဝါဇာရတ္တနေဝါ" ၌ ယောကျ်ား၏ အလိုကို ဖော်ပြခဲ့ပါ။ (လတ်၊ ၄၀-ခု)

ဖြေ ။ ၁။ ကာယသံသဂ္ဂသိက္ခာပုဒ်၌ မာတုဂါမအရ - ယနေ့ မွေးဖွားသည်လည်းဖြစ်သော အသက်ရှင်ဆဲ မိန်းမအားလုံးကို ယူရပါမည်။

၂။ ဒုဋ္ဌုလ္လဝါစာ၊ အတ္တကာမပါရိစရိယသိက္ခာပုဒ်တို့၌ မာတုဂါမ အရ - ရုန့်ရင်းသောစကားဟုတ်၊ မဟုတ်ကို (စကားရိုး၊ စကားဆန်းကို) သိနားလည်သော မိန်းမကို ယူရပါမည်။ ဤသို့ထူးပါသည်။

ယောကျ်ား၏အလို - အမြဲမယားဖြစ်စေလိုခြင်း၊ ခဏတ္တခဏ ပေါင်းဖော်အပ်သော အပျော်မယားဖြစ်စေလိုခြင်း။

မေး ။ သံဃာဒိသေသ် တတိယသိက္ခာပုဒ်လာ ဒုဋ္ဌုလ္လနှင့် သုဒ္ဓပါစိတ် မုသာဝါဒဝဂ် နဝမသိက္ခာပုဒ်လာ ဒုဋ္ဌုလ္လတို့၏အထူးကို ဖြေဆိုပါ။ (လတ်၊ ၃၈-ခု)

ဖြေ ။ သံဃာဒိသေသ် တတိယသိက္ခာပုဒ်၌ ဝစ္စမဂ်နှင့်စပ်ယှဉ်သဖြင့် ရုန့်ရင်းကြမ်းတမ်းသောစကားမျိုးသည် ဒုဋ္ဌုလ္လမည်၏၊ မုသာဝါဒဝဂ် နဝမ သိက္ခာပုဒ်၌ ရုန့်ရင်းကြမ်းတမ်းသော သံဃာဒိသေသ်သည် ဒုဋ္ဌုလ္လမည်၏။ ဤသို့ထူးပါသည်။

မေး ။ ဘိက္ခုပါတိမောက်သံဃာဒိသေသ်သိက္ခာပုဒ်တို့တွင် ရဟန္တာပုဂ္ဂိုလ်များပင် အာပတ်မှကင်းလွတ်ခွင့် မရနိုင်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

❖ ၁၀-နှစ်တာ ကွဲကွာနေသော မိဘနှစ်ပါးတို့အား ပြန်လည်ပေါင်းသင်းနေထိုင်ရန် အောင်သွယ်ပေးသော ရဟန်းအား အပြစ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးသားခဲ့ပါ။

❖ ဇနီးမောင်နှံ ဖြစ်စေရန် စိတ်အကြံဖြင့် အမျိုးသမီး၊ အမျိုးသား နှစ်ဦးကြားမှာ စကားအပေးအယူ ပြုလုပ်သော ရဟန်းအား အပြစ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးသားခဲ့ပါ။

http://www.dhammadownload.com



❖ တရားရုံး၌ ကွာရှင်းပြတ်စဲပြီးသော မိဘနှစ်ပါးကို ပြန်လည် ပေါင်းသင်းရန် စေ့စပ်အောင်သွယ်ပေးသောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးသားခဲ့ပါ။

❖ ပဌမာပတ္တိကအမည်ရသောသိက္ခာပုဒ်တို့တွင် အလယ်တည့်တည့်သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ ဘိက္ခုပါတိမောက် ပဌမာပတ္တိက သံဃာဒိသေသ်တို့တွင် "အလယ်ဗဟိုကျသော သိက္ခာပုဒ်" ကို ပါဠိ၊ အနက်ရေးပါ။

❖ ရဟန်းတော်များလွန်ကျူးလျှင် လွန်ကျူးသည်နှင့် တစ်ပြိုင်နက်အပြစ်သင့်ရောက်နိုင်သော သံဃာဒိသေသ်သိက္ခာပုဒ်များတွင်အလယ်ကျကျသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သံဃာဒိသေသ်လာ ဆသမုဋ္ဌာနသိက္ခာပုဒ် (သမုဋ္ဌာန် ၆ ပါးကြောင့်အာပတ်သင့်သောသိက္ခာပုဒ်) ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ အမျိုးသား၊ အမျိုးသမီးတို့အား ဇနီးမောင်နှံဘဝရောက်အောင်အောင်သွယ်သောရဟန်းအား သင့်ရောက်နိုင်သောအာပတ်ကို ညွှန်ပြသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ပြည့်စုံအောင်ရေးပါ။

❖ အမျိုးသမီး၊ အမျိုးသားနှစ်ဦးသားတို့ ပေါင်းဖက်စေရေး အောင်သွယ်ပေးသောရဟန်းအား သင့်ရောက်နိုင်သည့် အပြစ်ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ကွဲကွာနေသောမိဘနှစ်ပါးတို့အား ပြန်လည်ပေါင်းသင်းနေထိုင်ရန်အောင်သွယ်ပေးသောရဟန်းအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကိုပါဠိ၊ အနက်ရေးပါ။

❖ မိန်းမ၊ ယောကျ်ားနှစ်ဦးသားတို့အား လင်မယားဖြစ်စေရန်အောင်သွယ်မပြုရဟု ပညတ်ထားသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ "အောင်သွယ်ခြင်း" နှင့်စပ်၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို အနက်မစွက် ပါဠိသက်သက်ဖြင့်ရေးခဲ့ပါ။

ဖြေ ။ သဉ္စရိတ္တသိက္ခာပုဒ်ကို ရေးပါလေ။

မေး ။ "ဣတ္ထိယာ ပုရိသမတိံ ပုရိသဿဝါ ဣတ္ထိမတိံ"ကို "ဇာယတ္တနေဝါ"နှင့်စပ်လျှင် ပေါ်ထွက်လာသော အဓိပ္ပါယ်နှင့် ဣတ္ထိယာဝါ ပုရိသမတိံ ဇာယတ္တနေဝါ ဇာရတ္တနေဝါ၊ ပုရိသဿ ဝါ ဣတ္ထိမတိံ ပတိဘာဝေဝါ ဇာရဘာဝေဝါ" ဟုစပ်လျှင် ပေါ်ထွက်သော အဓိပ္ပါယ်ကို ညာဏ်ယှဉ်လျက်ဖော်ပြခဲ့ပါ။

http://www.dhammadownload.com



ဖြေ ။ "ကုတ္ထိယာဝါ ပုရိသမတီ ပုရိသဿဝါ ကုတ္ထိမတီ"ကို ဇာယတ္တနေဝါ ဇာရတ္တနေဝါနှင့်စပ်လျှင် "ယောက်ျားအလိုကို မိန်းမအား သွား၍ပြော သောရဟန်းသည် ထိုမိန်းမကို မယားဖြစ်စေလိုသောကြောင့် ပြောခြင်း ဖြစ်၏။ မိန်းမ၏အလိုကို ယောက်ျားအား သွား၍ပြောသော ရဟန်း သည် ထိုယောက်ျားအား လင်ဖြစ်စေလိုသောကြောင့် ပြောခြင်း ဖြစ်၏" ဟု အဓိပ္ပာယ်ရပါသည်။

"ကုတ္ထိယာဝါပုရိသမတီဇာယတ္တနေဝါ ဇာရတ္တနေဝါ၊ ပုရိသဿဝါ ကုတ္ထိမတီပတိဘာဝေဝါဇာရဘာဝေ"ဟု စပ်လျှင် ယောက်ျား၏အလိုကို မိန်းမအားသွား၍ပြောသောရဟန်းသည် ထိုမိန်းမကို အမြဲမယားဖြစ်စေ လိုသောကြောင့်လည်းကောင်း၊ သယောက်မယား (ခေတ္တမယား)ဖြစ်စေ လိုသောကြောင့်လည်း ကောင်းပြောခြင်းဖြစ်၏။

မိန်းမ၏အလိုကို ယောက်ျားအားသွား၍ပြောသော ရဟန်းသည် ထိုယောက်ျားကို အမြဲလင်ဖြစ်စေလိုသောကြောင့်လည်းကောင်း၊ သယောက်လင် (ခေတ္တလင်) ဖြစ်စေလိုသောကြောင့်လည်းကောင်း ပြောခြင်းဖြစ်၏'ဟု အဓိပ္ပါယ်ရပါသည်။

**မေး ။ အဘယ်ကို "မေထုန်အကျင့်" ဟု ဆိုလိုပါသနည်း။ သိသာရုံမျှ ရေးပြ၍ အောင်သွယ်သောရဟန်းများ အောင်သွယ်စကားပြော ကြားခြင်း၏ အကြောင်းအရာနှစ်ပါးကိုလည်း မှန်ကန်စွာဖြေပြပါ။ (မူ၊ ၅၇-ခု)**

ဖြေ ။ တပ်ခြင်းတူသူနှစ်ယောက်တို့၏ ဥစ္စာဖြစ်သောအကျင့် (လိင်ဆက်ဆံမှု) ကို မေထုန်ဟုခေါ်ပါသည်။

(၁) ယောက်ျား၏အလိုကို မိန်းမအား မယားဖြစ်စေလိုသောကြောင့် လည်းကောင်း

(၂) မိန်းမ၏အလိုကို ယောက်ျားအား လင်ဖြစ်စေလိုသောကြောင့် လည်းကောင်း ဖြစ်ပါသည်။

**မေး ။ သဉ္စရိတ္တ၏ အဓိပ္ပာယ်ကို ပါတိမောက်လာအတိုင်း ဖြေဆိုပါ။**

ဖြေ ။ မိန်းမ၊ ယောက်ျားနှစ်ဦးသားတို့၏အကြား၌ သွားလိုက်ပြန်လိုက်နှင့် လှည့်လည်ခြင်း (တစ်ယောက်၏စကားကို တစ်ယောက်ထံပို့ပေးခြင်း) ကို သဉ္စရိတ္တ - အောင်သွယ်ခြင်းဟုခေါ်ပါသည်။

**မေး ။ မေထုနရာဂဖြင့် မာတုဂါမကို ကိုင်တွယ်သောရဟန်းအား သင့်သော အာပတ်ကိုရေး၍ တရားရုံး၌ ကွာရှင်းပြီးသော အမိအဘတို့၏ အောင်သွယ်မှုကိစ္စကိုပြုသော ရဟန်းအား သံဃာဒိသေသ် အာပတ် သင့်၊ မသင့် ဆုံးဖြတ်ပါ။**

http://www.dhammadownload.com



ဖြေ ။ မေထုနရာဂဖြင့် မာတုဂါမကို ကိုင်တွယ်သောရဟန်းအား ဒုက္ကဋ်အာပတ်သာ သင့်ပါသည်။ တရားရုံး၌ ကွာရှင်းပြီးသော အမိအဘတို့၏ အောင်သွယ်ကိစ္စကိုပြုသောရဟန်းအား သံဃာဒိသေသ်အာပတ်သင့်ပါသည်။

(အကြောင်းကား - (၁) မိန်းမ၊ ယောကျ်ား နှစ်ဦးသားတို့ လူသားစင်စစ် ဖြစ်ခြင်း။ (၂) အောင်သွယ်ထိုက်ခြင်း။ (၃)ဝန်ခံခြင်း။ (၄) စုံစမ်းခြင်း။ (၅) ပြန်ပြောခြင်းဟူသော အင်္ဂါ ၅ချက် နှင့် ညီညွတ်သောကြောင့်တည်း)

မေး ။ သဉ္စရိတ္တသိက္ခာပုဒ်လာ အောင်သွယ်ခြင်းသို့ရောက်ပုံ အခြင်းအရာ စုံကိုပြသော စကားရပ်ကို ပါဠိ၊ အနက်ရေးသားခဲ့ပါ။

ဖြေ ။ ဣတ္ထိယာဝါ ပုရိသမတိံ ။ ပ ။ အန္တမသော တံခဏိကာယပိ၊ ကို ရေးပါလေ။

မေး ။ ဣတ္ထိယာဝါ ပုရိသမတိံ ပုရိသဿဝါ ဣတ္ထိမတိံဇာယတ္တနေဝါ ဇာရတ္တနေဝါ (အာရောစေယျ) ကို အနက်နှစ်နည်းကွဲပြားအောင် ပေးပြခဲ့ပါ။

ဖြေ ။ ပထမနည်း - (ဦးဗုဒ်မူဒွေမာတိကာနိသျ၊ ပါတိမောက်ဘာသာဋီကာတို့ အတိုင်းပေးလေ)

ဒုတိယနည်း - ဣတ္ထိယာ ပုရိသမတိံ ဇာယတ္တနေဝါ အာရောစေယျ၊ ပုရိသဿဝါ ဣတ္ထိမတိံဇာယတ္တနေဝါ အာရောစေယျ။

ဤသို့ဆိုင်ရာ ပုဒ်ချင်းတွဲစပ်၍ "အာရောစေယျ" ကြိယာထည့်၍ ယောဇနာပါလေ။

မေး ။ သဉ္စရိတ္တသိက္ခာပုဒ်ပါဠိတော်ကို မှန်ကန်စွာ အနက်နှစ်နည်း ယောဇနာပြပါ။

ပထမနည်း - (ဦးဗုဒ်မူနိသျ ။ ပါတိမောက်ဘာသာဋီကာအတိုင်း ယောဇနာလေ)

ဒုတိယနည်း - ဣတ္ထိယာဝါ၊ မိန်းမအားမူလည်း။ ပုရိသမတိံ၊ ယောကျ်ား၏အလိုကို။ ဇာယတ္တနေဝါ၊ အမြဲမယားဖြစ်စေလိုသောကြောင့်ရင်း၊ ဇာရတ္တနေဝါ၊ အခိုက်အတန့်မယား ဖြစ်စေလိုသောကြောင့်ရင်း၊ အာရောစေယျ၊ အံ့။ ပုရိသဿဝါ၊ ယောကျ်ားအားမူလည်း။ ဣတ္ထိမတိံ၊ မိန်းမ၏အလိုကို။ ဇာယတ္တနေဝါ၊ အမြဲလင်ဖြစ်စေလိုသောကြောင့်ရင်း။ ဇာရတ္တနေဝါ၊သယောက်လင်ဖြစ်စေလိုသောကြောင့်ရင်း၊အာရောစေယျ၊ အံ့။ တဿဘိက္ခုနော၊ အား။ သံဃာဒိသေသော။ အာပတ္တိနိကာယော။

http://www.dhammadownload.com



မေး ။ အဲန္တမသောတန်ဏိကာယပိ-၌ "တန်ဏိကာ" အရ ယူရမည့် မိန်းမ နှင့် သဒ္ဓေယျဝစနသာ ဉပါသိကာ၌ ယူရမည့် ဉပါသိကာမကိုလည်း ဖြေဆိုခဲ့ပါ။

ဖြေ ။ တန်ဏိကာအရ - အောက်တန်းအကျဆုံး ပြည့်တန်ဆာမ။
ယူရမည့် ဉပါသိကာမအရ - ယုံကြည်ထိုက်သော စကားရှိသော အရိယာဖြစ်ပြီးသော သာဝိကာမ = တပည့်မဖြစ်ပါသည်။

မေး ။ ကျောင်းဒါယကာမရှိဘဲ ကျောင်းဆောက်လိုသော ရဟန်း ဆောင်ရွက်ပုံဆောင်ရွက်နည်းကို ညွှန်ပြသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက် ရေးခဲ့ပါ။

❖ ကျောင်းဆောက်ပေးမည့်အလှူရှင်မရှိဘဲ ကျောင်းဆောက်လုပ်လိုသောရဟန်းတော်များအတွက် ဘုရားရှင်ညွှန်ကြားချက်များကို ဖော်ညွှန်းသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြခဲ့ပါ။

❖ သံဃာဒိသေသ်လာ ဆသမုဋ္ဌာန သိက္ခာပုဒ်တို့တွင် နောက်ဆုံး သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ သံဃာဒိသေသ်လာ ဝတ္ထု ၂-ခုကြောင့် အာပတ် ၂ ချက် သင့်သော သိက္ခာပုဒ်ကို မမှားအောင် ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ ကျောင်းဒါယကာမရှိဘဲ ကိုယ်တိုင်ဆောက်ရာ၌ ဆောက်လုပ်သင့်သောနေရာကို ရွေးချယ် သတ်မှတ်ပြသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ ပဋ္ဌမာပတ္တိကအမည်ရသောသိက္ခာပုဒ်တို့တွင် ခြောက်ခုမြောက် သိက္ခာပုဒ်ကို ပါဠိရေးသားပါ။

ဖြေ ။ ကုဋိကာရသိက္ခာပုဒ်ကို ရေးပါလေ။

မေး ။ သံဃာဒိသေသ်ကုဋိကာရသိက္ခာပုဒ်လာ ကျောင်းနှင့် ဝိဟာရကာရ သိက္ခာပုဒ်လာကျောင်းတို့၏ ခြားနားပုံကို ရေးသားပါ။ (ငယ်၊၄၈ခု)

ဖြေ ။ (၁) ကုဋိကာရသိက္ခာပုဒ်လာ ကျောင်းကား ကိုယ်တိုင် တောင်းအပ်သောအရာဝတ္ထုဖြင့်ဆောက်လုပ်အပ်သော ဆောက်လုပ်သူ ကျောင်းဒါယကာမရှိသော အလျား ၁၂ ထွာ၊ အနံ ၇ ထွာ၊ အတိုင်း အရှည်ပမာဏရှိသော ကျောင်းမျိုးဖြစ်သည်။

http://www.dhammadownload.com



(၂) ဝိဟာရကာရသိက္ခာပုဒ်လာ ကျောင်းမျိုးကား ဆောက် လုပ်သူ ကျောင်းဒကာရှိသော ပမာဏကန့်သတ်ချက် မရှိသော မဟလ္လက ကျောင်းမျိုးဖြစ်ပါသည်။ ဤသို့ထူးပါသည်။

**မေး ။ ကုဋိကာရသိက္ခာပုဒ်နှင့် ဝိဟာရကာရသိက္ခာပုဒ်တို့၏ အချင်းချင်း ထူးခြားပုံကို အကြောင်းနှင့်တကွဖော်ပြ၍ သံဃာဒိသိအာပတ် ကုစား နည်းကိုလည်း ပါတိမောက်လာအတိုင်းညွှန်ပြပါ။**

ဖြေ ။ ကုဋိကာရသိက္ခာပုဒ်၌ ဆောက်လုပ်သူကျောင်းရှင် ဒါယကာ မရှိ၊ ကျောင်းဒါယကာမရှိသောကြောင့် အတိုင်းအတာ ပမာဏ သတ်မှတ် ချက်ရှိ၏။ ဝိဟာရကာရသိက္ခာပုဒ်၌ ဆောက်လုပ်သူ ကျောင်းရှင် ဒါယကာရှိ၏။ ကျောင်းရှင်ဒါယကာရှိသောကြောင့် အတိုင်းအတာ ပမာဏ သတ်မှတ်ချက်မရှိ။ ဤသို့ထူးပါသည်။

**သံဃာဒိသိသ်အာပတ်ကုစားနည်း**

၁။ သိလျက် ဖုံးလွှမ်းထားသမျှရက်တို့ပတ်လုံး ပရိဝါသ်နေရပါမည်။

၂။ ပရိဝါသ်နေပြီးနောက် ရဟန်းတို့မြတ်နိုးခြင်းအကျိုးငှာ (၆)ရက် မာနတ်ကျင့်ရပါမည်။

၃။ မာနတ်ကျင့်ပြီးနောက် သံဃာနှစ်ကျိပ်ရှိသောသိမ်အတွင်း၌ အဗ္ဘာန်သွင်းရပါမည်။ ယင်းအစီအရင်သည် လောကုတ္တရာတရား ကိုးပါးအားလျော်သောအကျင့်ဖြစ်သည်။

**မေး ။ "ကုဋိကာရ"၊ "ဝိဟာရကာရ" သိက္ခာပုဒ်တို့၏အထူးကိုရေး၍ "ပါရာဇိကေန ဓမ္မေန အနုဒ္ဓံသေယျ" ၌ "ပါရာဇိက" သရုပ်ဖော် ထုတ်ခဲ့ပါ။ (တံခွန်၊ ၃၅-ခု)**

ဖြေ ။ ကုဋိကာရသိက္ခာပုဒ်၌ ဆောက်လုပ်သူကျောင်းဒါယကာမရှိ၊ ဝိဟာရ ကာရသိက္ခာပုဒ်၌ကား ဆောက်လုပ်သူကျောင်းရှင် ဒါယကာရှိ၏။ (ဤကား အသာဓာရဏဝိနိစ္ဆယအတွက်အထူးတည်း။)

ကုဋိကာရသိက္ခာပုဒ်ကို အာဠဝီမြို့၌ အာဠဝီမြို့သား ရဟန်း တော်များ ကိုအကြောင်းပြု၍ ကိုယ်တိုင်ဖြစ်စေအပ်သော တောင်းခြင်းဖြင့် ကုဋီကို ဆောက်လုပ်ခြင်းဟူသောအကြောင်းကြောင့် ပညတ်တော်မူအပ်၏။ ဤသိက္ခာပုဒ်သည် ကိရိယာ ကိရိယကြောင့်ဖြစ်၏။ လွန်ကျူးလျှင် သံဃာဒိသိသ်အာပတ် ၂ ချက်သင့်၏။

http://www.dhammadownload.com



ဝိဟာရကာရသိက္ခာပုဒ်ကိုကား ကောသမ္ဗီပြည်၌ အရှင်ဆန္နမထေရ်ကို အကြောင်းပြု၍ စေတီဟုသမုတ်အပ်သော နတ်သစ်ပင်ကိုဖြတ်စေခြင်းဟူသော အကြောင်းကြောင့် ပညတ်တော်မူအပ်၏။ ဤသိက္ခာပုဒ်သည် အကိရိယမျှကြောင့်ဖြစ်၏။ လွန်ကျူးလျှင် သံဃာဒိသိသ်အာပတ်တစ်ချက်သာ သင့်၏။ (ဤကား သာဓာရဏဝိနိစ္ဆယအတွက် အထူးတည်း)။

### ပါရာဇိကေနဓမ္မေနဥ ပါရာဇိကအရ

("ရှစ်ပါးပါရာ၊ ဘဗ္ဗာရောသွတ်၊ လူဝတ်သည့်နီ၊ လမ္ဗီ၊ မုဒု၊ ရှေ့ရှုတိုင်ခဲ့၊ စုတ်ပြန်ခဲ့၊ နှစ်ဆယ့်လေးပါရာ" ဟူသော) ပါရာဇိက ၂၄ ပါးတွင် ဘိက္ခုတို့နှင့်သာသက်ဆိုင်သည့် -

၁-၄။ ပါရာဇိက ၄ ပါး

၄-၁၅။ ပဏ်၊ ထေ၊ ပက်၊ ဆန်၊ ပဉ္စာနန်၊ ဒွသံ၊ ဉဘောဗျည်းဟူသော အဘဗ္ဗပုဂ္ဂိုလ် ၁၁ ယောက်။

၁၆။ လမ္ဗီခေါ် အင်္ဂါဇာတ်ရှည်သူ။

၁၇။ မုဒုပိဋ္ဌိခေါ် နူးညံ့ပျော့ပြောင်းသောကျောကုန်းရှိသူ။

၁၈။ သူတစ်ပါးအင်္ဂါဇာတ်ပေါ်သို့ ရှေ့ရှုထိုင်သူ။

၁၉။ သူတစ်ပါး၏ အင်္ဂါဇာတ်ကိုစုတ်သူ၊ ပန်းစုတ် ဟူသော ၁၉ ပါးကို ယူရပါမည်။

ပဒဘာဇနီ၌ကား ဘိက္ခုပါရာဇိက ၄ ပါးကိုသာ ဖွင့်ပြတော်မူပါသည်။

**မေး ။** ကုဋိကာရသိက္ခာပုဒ်လာ အောက်ပါတို့၏အဓိပ္ပာယ်ကို ခွဲခြား ဖြေဆိုခဲ့ပါ။ (က) အသာမိက (ခ) အတ္တုဒ္ဒေသ (ဂ) အနာရမ္ဘ (ဃ) သပရိက္ကမန

**ဖြေ ။** (က) ဆောက်လုပ်လှူဒါန်းသူ ကျောင်းဒါယကာမရှိသော ကျောင်းကို အသာမိကဟုခေါ်၏။

(ခ) မိမိဟုဆိုအပ်သော ရည်ညွှန်းအပ်သောပုဂ္ဂိုလ်ရှိသော (ဝါ) မိမိအဖို့ဖြစ်သောကျောင်းသည် အတ္တုဒ္ဒေသ မည်၏။

(ဂ) ပိုးရွ၊ ခြပုန်းစသော (၁၆)ပါးသော ဘေးရန်မရှိသောနေရာသည် အနာရမ္ဘမည်၏။

(ဃ) နွားနှစ်ကောင်ကသောလှည်းဖြင့် လှည့်လည်လောက်သော ဥပစာရှိသောကျောင်းနေရာသည် သပရိက္ကမနမည်၏။

F4 A

http://www.dhammadownload.com



မေး ။ ကုဋိကာရနှင့် မဟလ္လကသိက္ခာပုဒ်တို့၏အထူးကိုရေး၍ သစ်ဝါးတို့ဖြင့် ဆောက်လုပ်သောကျောင်းမျိုးဖြစ်လျှင်လည်းကောင်း သံဃိကအတွက်ဖြစ်လျှင်လည်းကောင်း ကုဋိကာရသိက္ခာပုဒ်အရ အပြစ်ရှိ၊ မရှိ အကြောင်းပြ၍ ဆုံးဖြတ်ပါ။ (ကြီး၊ ၃၂-ခု)

ဖြေ ။ အင်္ဂတေမြေညက်သုတ်ထားသော ဥလ္လိတ္တစသော ကျောင်းသုံးမျိုးကိုသာ ပညတ်လိုရင်းဖြစ်သောကြောင့် သစ်ဝါးတို့ဖြင့် ဆောက်လုပ်သောကျောင်းဖြစ်လျှင် ကုဋိကာရ သိက္ခာပုဒ်အရ အပြစ်မရှိ။ "အတ္တုဒ္ဒေသံ" ဟု ဆိုခြင်းကြောင့် သံဃိကအတွက်ဖြစ်လျှင် အပြစ်မရှိ။

မေး ။ ကျောင်းဒါယကာမရှိဘဲ ကျောင်းဆောက်လိုသော ရဟန်းသည် မည်သို့ဆောင်ရွက်သင့်ပါသနည်း။ ဆောင်ရွက်သင့်ပုံ အပြည့်အစုံကို ရေးသားခဲ့ပါ။ (ကြီး၊ ၅၀-ခု)

ဖြေ ။ ကျောင်းဒါယကာမရှိဘဲ ကျောင်း ဆောက်လုပ်လိုသော ရဟန်းသည်-

(၁) မြတ်စွာဘုရားအထွာတော်အားဖြင့် အလျား (၁၂) ထွာ၊ အနံ (၇)ထွာ၊ ပမာဏထက်မပိုသော ကျောင်းကို ဆောက် ရမည်။

(၂) ကျောင်းနေရာကို ပြောကြားဖို့ရန် ရဟန်းတို့ကိုပင် ပင့်ဖိတ်ရမည်။

(၃) ထိုရဟန်းတို့ညွှန်ပြသော အနာရမ္ဘ - သပရိက္ကမနဖြစ်သော နေရာ၌ ကျောင်းဆောက်ရမည်။ ဤသို့ ဆောင်ရွက်သင့်ပါသည်။

မေး ။ ကျောင်းဒါယကာမရှိသဖြင့် ကိုယ်တိုင်ဆောက်လုပ်သင့်သော နေရာကို ရွေးချယ်သတ်မှတ်ပြခဲ့ပါ။ (လတ်၊ ၅၀-ခု)

ဖြေ ။ ၁။ အနာရမ္ဘ = ပိုးရွ၊ ခြပုန်းစသော (၁၆)ပါးသော ဘေးရန် မရှိသော နေရာဖြစ်ခြင်း။

၂။ သပရိက္ကမန = နွားနှစ်ကောင်ကသောလှည်းဖြင့် လှည့်လည် လောက်သော ဥပစာရှိသောနေရာဖြစ်ခြင်း။

မေး ။ ကျောင်းဒါယကာမရှိဘဲ ကျောင်းဆောက်လိုသော ရဟန်းသည် (က) ဘုရားရှင် (ခ) ဂဏ္ဍိမပုရိသ (ဂ) ပကတိပုရိသ အထွာတော် အားဖြင့် အလျား + အနံ ပြည့်စုံအောင် ညွှန်ကြားခဲ့ပါ။

❖ မိမိအတွက် ကုဋီခေါ် ကျောင်းငယ်တစ်ဆောင် ဆောက်လုပ်လိုသော် (က) ဆောက်လုပ်သင့်ရာဌာန (ခ) မဆောက်လုပ် သင့်ရာဌာန (ဂ) ဆောက်လုပ်သင့်သော အလျား၊ အနံ ပမာဏ တို့ကို သိက္ခာပုဒ် ပါဠိလာရှိသည့်အတိုင်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com



❖ ကိုယ်ပိုင်ကျောင်းကိုဆောက်လုပ်လိုသော ရဟန်းသည် (က) အဘယ်ပုဂ္ဂိုလ်၏ညွှန်ကြားချက်အရ (ခ) ဘယ်နေရာမျိုး၌ (ဂ) ဘယ်ပုံဆောက်လုပ်ရမည်ကို သာဓကထောက်ထား၍ ဖြေဆိုပါ။

❖ ဥပုသ်ပြုရာတွင်ပါဝင်ကြသည့် အရှင်တို့၏အာပတ်မှ စင်ကြယ်ကြောင်းကို ကောင်းကောင်းကြီး မည်သို့မည်ပုံ သိနိုင်ပုံကို ပါဠိတော်သာဓကဖော်ပြဖြေဆို၍ ကုဋိကာရ သိက္ခာပုဒ်နှင့် ဝိဟာရကာရသိက္ခာပုဒ်တို့၏အထူးကိုလည်း ဖြေဆိုခဲ့ပါ။

❖ ကုဋိကာရခေါ် ကျောင်းငယ်ကလေးကို ဆောက်လုပ်လိုသော ရဟန်းသည် ဘုရားရှင်၊ မဇ္ဈိမပုရိသ၊ ပကတိပုရိသ တိုင်အထွာအားဖြင့် အလျား + အနံ မည်မျှစီပြုလုပ်၍ ဆောက်လုပ်ရမည်ကို တိကျစွာ ဖြေဆိုခဲ့ပါ။

ဖြေ ။ (က) ဘုရားရှင်အထွာတော်အားဖြင့် - အလျား ၁၂ ထွာ၊ အနံ (၇)ထွာ။

(ခ) မဇ္ဈိမပုရိသအားဖြင့် - အလျား (၃၆)ထွာ (၁၈)တောင် အနံ (၂)ထွာ (၁၀တောင်နှင့် ၁ထွာ)

(ဂ) ပကတိပုရိသအားဖြင့် - အလျား (၅၄)ထွာ (၂၇) တောင်။

အနံ ၃၁ ထွာနှင့် ၆ လက်သစ်ဖြစ်ပါသည်။

မေး ။ အလှူရှင်ဒါယကာရှိသဖြင့် "မဟာဝိဟာရ" ကျောင်းတော်ကြီးကို ဆောက်လုပ်လိုသောရဟန်းသည် သံဃာဒိသေသ်အာပတ်မှ လွတ်အောင် စီမံဆောင်ရွက်ပုံ ဆောင်ရွက်နည်းကို ဘုရားရှင် ညွှန်ကြားတော်မူထားသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ ကျောင်းကြီးကြီးဆောက်လိုသောရဟန်းသည် လိုက်နာရမည့် ဆောင်ရွက်ခွင့်များကို ဖော်ညွှန်းသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက် ရေးသားခဲ့ပါ။

❖ အလှူရှင် ဒါယကာရှိသောကျောင်းကို ဆောက်လုပ်ရာ၌ လိုက်နာရမည့် ဥပဒေသပြသိက္ခာပုဒ်ကို ရေးပါ။

❖ ပဌမာပတ္တိကအမည်ရသော သိက္ခာပုဒ်တို့တွင် ခုနစ်ခုမြောက် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

http://www.dhammadownload.com



❖ ဘိက္ခုပါတိမောက်သံဃာဒိသိသ်သိက္ခာပုဒ်တို့တွင် အလယ်ကျကျ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးသားခဲ့ပါ။

❖ ဘိက္ခုပါတိမောက် သံဃာဒိသေသ်သိက္ခာပုဒ်လာ ပုဒ်တစ်ပါး ခြားကွယ်နေပါလျက် သမာသ်ဖြစ်သောပုဒ် ပါရှိသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

ဖြေ ။ ဝိဟာရကာရသိက္ခာပုဒ်ကို ရေးပါလေ။

မေး ။ ပုဒ်တစ်ပါးခြားကွယ်နေပါလျက် သမာသ်ဖြစ်သောပုဒ်ပါရှိသည့် သိက္ခာပုဒ်တို့၏အမည်ကို ဖော်ပြ၍၊ ယင်းတို့တွင် ရှေးဆုံးသိက္ခာ ပုဒ်ကို အနက်မှန်မှန် သမ္ဗာန်ပြပါ။

ဖြေ ။ ၁။ ဝိဟာရကာရသိက္ခာပုဒ် ၂။ ဒွေဘာဂသိက္ခာပုဒ်
၃။ ဆဗ္ဗသသိက္ခာပုဒ် ၄။ မဟလ္လကဝိဟာရသိက္ခာပုဒ်
၅။ ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ် ၆။ မဥ္စပီဌသိက္ခာပုဒ်တို့ဖြစ်ပါသည်။

ရှေးဆုံးသိက္ခာပုဒ်အနက်

ဝိဟာရကာရသိက္ခာပုဒ်ကို အနက်ပေးပါ။

မေး ။ ကျောင်းဒါယကာရှိသည့်ကျောင်းမျိုးကို စီမံသော ဆောက်လုပ်လိုသောရဟန်း လိုက်နာရမည့် ကျင့်ဝတ်ပြပါဠိဝါကျကို အနက်ပေးပြပါ။

ဖြေ ။ သဿာမိကံ အတ္တုဒ္ဒေသံဘိက္ခူ အဘိနေတဗ္ဗာဝတ္ထုဒေယနာ။ပ။ အနာရမ္ဘံသပရိက္ကမနံ။

မေး ။ အလှူရှင်ဒါယကာရှိသဖြင့် "မဟာဝိဟာရ" ကျောင်း တော်ကြီးကို ဆောက်လုပ်လိုသောရဟန်းသည် သံဃာဒိသိသ်အာပတ်မှ လွတ်အောင် မည်ကဲ့သို့ဆောင်ရွက်ရမည်နည်း၊ ဘုရားရှင်၏ ညွှန်ကြားချက်ကို မြန်မာစကားပြေဖြင့် ရေးသားဖြေဆိုပါ။ (မူ၊ ၅၄-ခု)

ဖြေ ။ ၁။ ကျောင်းနေရာကို ပြောကြားရန် ရဟန်းတို့ကို ပင့်ဆောင်ရမည်။
၂။ ထိုသို့ပင့်ဆောင်သောရဟန်းတို့က အနာရမ္ဘ (၁၆ ပါးသော ဘေးရန်မရှိသော) သပရိက္ကမန = (နွားနှစ်ကောင် ကသောလှည်းဖြင့် လှည့်လည်လောက်သော ဥပစာရှိ သော) ကျောင်းနေရာကို ပြောကြားရမည်။ ဤသို့ စီမံဆောင်ရွက်ရမည်။

မေး ။ ကုဋိကာရသိက္ခာပုဒ်၌ ကုဋိရာကို ညွှန်ကြားရန် အဘယ်မျှလောက်သော ရဟန်းတို့ကို ပင့်ဆောင်ရမည်ဖြစ်ကြောင်း စုံလင်စွာဖော်ပြ၍

http://www.dhammadownload.com



ထိုကုဋီရာကို ညွှန်ကြားသော ဥတ္တိ ဒုတိယကံကို အဘယ်နေရာ၌ ပြုလုပ်ရမည်ကိုလည်း ဖြေဆိုခဲ့ပါ။ (လတ်၊ ၂၃ခု)

ဖြေ ။ ကုဋီရာကို ညွှန်ကြားရန် သံဃာအားလုံးကိုသော်လည်းကောင်း သံဃာက သမုတ်အပ်သော သံဃာ၌အကျုံးဝင်သည့် နှစ်ပါး သုံးပါးသော ရဟန်းတို့ကိုလည်းကောင်း ပင့်ဆောင်ရမည်။ ထိုကုဋီရာကိုညွှန်ကြားသော ဥတ္တိ ဒုတိယကံကို သံဃာကုန် လိုက်ကြည့်၍ သံဃာလောက်လျှင် ထိုလိုက်ကြည့်သောနေရာ၌ ပြုလုပ်ရမည်။ သံဃာကုန်လိုက်မကြည့်ဘဲ နှစ်ပါး သုံးပါးသာ လိုက်ကြည့်၍ သံဃာမလောက်လျှင် သံဃာထံသို့သွား၍ ပြုလုပ်ရမည်။

မေး ။ ရဟန်းတစ်ပါးကိုမြင်ခြင်း၊ ကြားခြင်း၊ ယုံမှားသံသယဖြစ်ခြင်း မရှိဘဲ ဒေါသတရားစသည်ကြောင့် မဟုတ်မမှန် စွပ်စွဲပြောဆိုသော ရဟန်းအား သံဃာဒိသိသ်အာပတ်သင့်ပုံ သိက္ခာပုဒ်ကို ပါဠိ၊ အနက် ရေးသားပါ။

❖ စိတ်ဆိုး၍အခြားရဟန်းကို ပါရာဇိက အာပတ်ဖြင့်စွပ်စွဲသော ရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက် ပြည့်စုံအောင် ရေးသားခဲ့ပါ။

❖ ပဥ္စမပတ္တိကသိက္ခာပုဒ်တို့တွင် ရှစ်ခုမြောက် သိက္ခာပုဒ်ကို ပါဠိ၊ အနက် ရေးခဲ့ပါ။

❖ ဘိက္ခုပါတိမောက် သံဃာဒိသိသ်သိက္ခာပုဒ်တို့တွင် "ဒုက္ခဝေဒနာ" တစ်မျိုးသာရှိသော သိက္ခာပုဒ်ကို ပါဠိ၊ အနက် ရေးပြခဲ့ပါ။

ဖြေ ။ ဒုဋ္ဌဒေါသသိက္ခာပုဒ်ကို ရေးပါလေ။

မေး ။ ဒုဋ္ဌဒေါသသိက္ခာပုဒ်လာ ဖော်ပြပါပါဌ်တို့ကို အသီးသီး ရေးသားခဲ့ပါ။ (က) စာဝနာဓိပ္ပါယပြပါဌ် (အနုဒ္ဓံသနာကာရပြပါဌ်။) စွပ်စွဲခြင်း၏ အလိုဆန္ဒ၊ ရည်ရွယ်ချက်ပြစကားရပ်။ (ခ) အမူလက ဘာဝပါကဋကာလပြပါဌ်

ဖြေ ။ (က) အပ္ပေဝနာမ နံ ဣမမှာ ဗြဟ္မစရိယာ စာဝေယျံ။
(ခ) တတော အပရေန ။ ပ။ ဒေါသံ ပတိဋ္ဌာတိ။

မေး ။ ဒေါသစိတ်ဖြင့် သီလဝန္တရဟန်းအား ပါရာဇိကအာပတ်ဖြင့် စွပ်စွဲသောရဟန်းအား သင့်ရောက်နိုင်သည့် အာပတ်တို့ကို သိက္ခာပုဒ်နှင့်တကွ ယှဉ်တွဲပြပါ။

ဖြေ ။ ဒုဋ္ဌဒေါသ သိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်အာပတ်သင့်ပါသည်။

http://www.dhammadownload.com



မေး ။ ပြောပြီးသည်နှင့်တစ်ပြိုင်နက် သိခြင်းအားဖြင့် ကာလအပိုင်းအခြားတူသော သိက္ခာပုဒ်များကိုဖော်ပြပါ။

ဖြေ ။ ၁။ သိက္ခာချခြင်း၊

၂။ ဥတ္တရိမနုဿဓမ္မ (စတုတ္ထပါရာဇိက)၊

၃။ ဒုဋ္ဌုလ္လဝါစာ၊ သံဃာဒိသေသ်၊

၄။ အတ္တကာမပါရိစရိယ၊ သံဃာဒိသိသ်၊

၅။ ဒုဋ္ဌဒေါသ၊ သံဃာဒိသိသ်၊

၆။ ဘူတာရောစန၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။

မေး ။ စိတ်ဆိုးမာန်ဆိုး ဒေါသအိုးကြောင့် အခြားရဟန်းကို အခြား သတ္တဝါအပေါ်၌တင်စား၍ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲသော ရဟန်းအား သင့်ရောက်သောအပြစ်ကို ဖော်ပြသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက် ရေးခဲ့ပါ။

❖ ဘိက္ခုသံဃာဒိသေသ် - ပဉ္စမာပတ္တိကအမည်ရသော သိက္ခာပုဒ်တို့တွင် နောက်ဆုံးသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးသားခဲ့ပါ။

ဖြေ ။ အညဘာဂိယ သိက္ခာပုဒ်ကို ရေးပါလေ။

မေး ။ အညဘာဂိယ၌ အညအပါဒါန်၊ အညဘာဂအရနှင့် အညဘာဂိယ အရတို့ကို ခွဲခြားပြခဲ့ပါ။

ဖြေ ။ အညအပါဒါန်ကား - မလ္လမင်းသား အရှင်ဒဗ္ဗ၏ လူဇာတ်၊ ရဟန်း၏ အဖြစ် ဖြစ်ပါသည်။

အညဘာဂအရ - မလ္လမင်းသား အရှင်ဒဗ္ဗ၏ လူဇာတ်၊ ရဟန်း အဖြစ်ဟူသော အဖို့အစုဘက်မှတစ်ပါး တစ်ခြားဖြစ်သော တိရစ္ဆာန် ဇာတ်၊ ဆိတ်ဖို၏အဖြစ်ဟူသော အဖို့အစုဇာတ်ကိုရပါသည်။

အညဘာဂိယအရ - မေတ္တိယ၊ ဘူမဇကရဟန်းတို့က "ဒဗ္ဗမလ္လပုတ္တ"ဟု အမည်မှည့်အပ်သော ဆိတ်ဖိုကိုရပါသည်။

မေး ။ ဒုဋ္ဌဒေါသ၊ အညဘာဂိယ၊ သံဃဘေဒကသိက္ခာပုဒ်တို့၌ပါသော အဓိကရဏတို့၏ ထူးခြားပုံကို ဖော်ပြခဲ့ပါ။ (ကြီး၊ ၃၄-ခု)

ဖြေ ။ ဒုဋ္ဌဒေါသသိက္ခာပုဒ်၌ အဓိကရဏအရကား - ပါရာဇိက အာပတ်ဟူသော အာပတ္တာဓိကရိုဏ်းကိုရ၏။ (အမူလကဥ္စေဝတံ အဓိကရဏံ ဟောတိ)

အညဘာဂိယသိက္ခာပုဒ်၌ အဓိကရဏအရကား - အမည်သညာ၏ တည်ရာကိုရ၏။ (အညဘာဂိယဿအဓိကရဏဿ)

သံဃဘေဒကသိက္ခာပုဒ်၌ အဓိကရဏအရကား - (သမဂ္ဂသံဃာ၏

http://www.dhammadownload.com



ကွဲပြားခြင်းကိုဖြစ်စေတတ်သောအကြောင်း) ဘေဒကရဝတ္ထု (၁၈) ပါး ဟူသောအကြောင်းကိုရ၏။ ဤသို့ထူးပါသည်။ (ဘေဒန သံဝတ္တနိကံဝါ, အဓိကရဏံ)

မေး ။ အောက်ပါရဟန်းတို့အား ပဌမဒုဋ္ဌဒေါသ သိက္ခာပုဒ်အရ အပြစ်ရှိ၊ မရှိ ယုတ္တိစွက်၍ ရှင်းလင်းဖြေဆိုပါ။

(က) ပါရာဇိကကျပြီးသော ရဟန်းကိုစွပ်စွဲသောရဟန်း

(ခ) ရှေ့တွင်မဟုတ်ဘဲ ကွယ်ရာကနေစွပ်စွဲသောရဟန်း

(ဂ) စေခိုင်းလိုက်သည့်အတိုင်း မုချပြုရမည့်သူအား စွပ်စွဲဖို့ရန် စေခိုင်းသောရဟန်း

(ဃ) ရဟန်းကစေခိုင်းသည့်အတိုင်း စွပ်စွဲသောရဟန်း

ဖြေ ။ (က) အင်္ဂါ၌ "ရဟန်းအရေအတွက်တွင် ပါဝင်ခြင်း" ဟူသော အင်္ဂါ တစ်ချက်ပါဝင်ပါသည်။ ပါရာဇိကကျနေစေကာမူ သူ့ကိုယ်သူ ရဟန်းဟု ဝန်ခံနေသေးလျှင် ရဟန်းအရေ အတွက်တွင်ပါဝင်နေ သူဖြစ်ပါသည်။ ထို့ကြောင့် ပါရာဇိကကျပြီးသောရဟန်းကို စွပ်စွဲသောရဟန်းမှာ အပြစ်ရှိပါသည်။

(ခ) အင်္ဂါ၌ "သာသနာ၌ရှေ့လျှောစေလို၍ မျက်မှောက်၌ စောဒနာခြင်း" ဟူသော အင်္ဂါတစ်ချက်လည်း ပါဝင်ပါသည်။ ထို့ကြောင့် ရှေ့တွင် မဟုတ်ဘဲ ကွယ်ရာကနေ စွပ်စွဲသောရဟန်းမှာ အပြစ်မရှိပါ။

(ဂ) လူဝတ်ကြောင့် ရဟန်းတို့တွင် တစ်ယောက်ယောက်ကို စောဒနာ ခိုင်းအံ့၊ "ဤရဟန်းသည် စွပ်စွဲဖျက်ဆီးသည် မည်၏" ဟု ကင်္ခါအဋ္ဌ ကထာ၌ ဖွင့်ဆိုထားသောကြောင့် စေခိုင်း လိုက်သည့်အတိုင်း မုချပြု မည့်သူအားစွပ်စွဲဖို့ရန် စေခိုင်း သောရဟန်း အပြစ်ရှိပါသည်။

(ဃ) အခိုင်းခံရသောရဟန်းက သူ့သဘောမပါဘဲ ခိုင်းသော ရဟန်း၏ သဘောအတိုင်းသာ စွပ်စွဲလျှင် အခိုင်းခံရသော ရဟန်းမှာ အပြစ် မရှိပါ။ သူ့သဘောကို ဖော်ပြစွပ်စွဲလျှင် အခိုင်းခံရသောရဟန်းမှာလည်း အပြစ်ရှိပါသည်။

မေး ။ အမူလကေနပါရာဇိကေန၌ အဘယ်ကို အမူလကပါရာဇိကဟု ခေါ် ပါသနည်း။

ဖြေ ။ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားသံသယဖြစ်ခြင်းဟူသော ပါရာဇိကအာပတ် ဖြင့် စွပ်စွဲခြင်း၏အကြောင်းရင်း မူလများမရှိသောကြောင့် ပါရာဇိက အာပတ်ကို အမူလကပါရာဇိကဟုခေါ်ပါသည်။

http://www.dhammadownload.com



မေး ။ ဒုဋ္ဌဒေါသသိက္ခာပုဒ်လာ အခြေအမြစ်မရှိသော ပါရာဇိကအာပတ်ဖြင့် စွပ်စွဲသောရဟန်း၏ ရည်ရွယ်ချက်ကို အကိုးနှင့်တကွဖော်ပြပါ။

ဖြေ ။ ထိုရဟန်းကို သာသနာမှရွေ့လျောစေလိုသော ရည်ရွယ်ချက်ဖြစ်ပါသည်။

အကိုး - အပ္ပေဝနာမ ။ ပ ။ စာဝေယျန္တိ။

မေး ။ ဒုဋ္ဌဒေါသသိက္ခာပုဒ်လာ အမူလကေန ပါရာဇိကေနဌ် မူလအရကို အကျယ်ရှင်းပြ၍ ပါရာဇိကအရ မည်သည့် ပါရာဇိကများကို ယူရပါမည်နည်း၊ ထုတ်ဖော်ဖြေကြားပါ။

ဖြေ ။ မူလအရ - ဒိဋ္ဌ = မြင်ခြင်း၊ သုတ = ကြားခြင်း၊ ပရိသင်္ကိတ = ယုံမှားခြင်းဟူသောအခြေအမြစ်တို့ကို ယူရ ပါမည်။ ပါရာဇိကအရ - ဘိက္ခုတို့နှင့်သာ သက်ဆိုင်သော ပါရာဇိက ၁၉ ပါးကို (တစ်နည်း) ဘိက္ခုပါရာဇိက ၄ ပါးတို့ကို ယူရပါမည်။

မေး ။ သံဃာဒိသိသ်လာ ယာဝတတိယအမည်ရသော သိက္ခာပုဒ်တို့တွင် ပဌမဆုံးသိက္ခာပုဒ်ကို ပါဠိ၊ အနက်ကို ရေးသားခဲ့ပါ။

ဖြေ ။ သံဃဘေဒကသိက္ခာပုဒ်ကို ရေးပါလေ။

မေး ။ သံဃဘေဒကသိက္ခာပုဒ်လာ သံဃာအသင်းခွဲသော ခေါင်းဆောင်ရဟန်း၏ လုပ်ဆောင်ချက်ပြစကားရပ်ကို ပါဠိ၊ အနက်ရေးသားခဲ့ပါ။

❖ သံဃဘေဒကရဟန်း၏ သဘောသဘာဝကိုပြဆိုသော ပါဠိကို မပို မလို တိကျစွာရေးခဲ့ပါ။

ဖြေ ။ ယောပနဘိက္ခုသမဂ္ဂဿ။ ပ။ ပဂ္ဂယှတိဋ္ဌေယျ။

မေး ။ အရှင်သည် အယူသီလ တူမျှသောအဖြစ်သို့ ရောက်စေလော့ဟု ရဟန်းကောင်းများက သံဃဘေဒကရဟန်းကို ပြောဆိုရခြင်း၏ အကြောင်းအရာကို ပြဆိုသည့် ပါဠိကို အနက်ရေးပါ။

❖ သံဃဘေဒက (သံဃာသင်းခွဲသော) ရဟန်းအား ရဟန်းကောင်းတို့ကပြောဆိုဆုံးမပုံစကားရပ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ ရဟန်းကောင်းတို့က သံဃာသင်းခွဲသော (သံဃဘေဒက) ရဟန်းအား ပြောဆိုသော စကားရပ်တို့ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

ဖြေ ။ မာယသ္မာ သမဂ္ဂဿ။ ပ။ ဖာသုဝိဟရတိ။ ကို ရေးပါလေ။

မေး ။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့အချင်းချင်း စည်းလုံးညီညွတ်မှုကြောင့် ရရှိနိုင်သောအကျိုးတရားများကို ဖော်ပြသည့်စကားရပ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

http://www.dhammadownload.com



ဖြေ ။ သမဂ္ဂေါဟိ သံဃော။ ပ။ ဖာသုဝိဟရတိ။

**မေး ။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့အချင်းချင်း စည်းလုံးညီညွတ်မှုကြောင့် ရရှိနိုင်သောအကျိုးတရားများကို ပါဠိတော်လာအတိုင်း မြန်မာစကားပြေဖြင့် ဖြေဆိုပါ။ (မူ၊ ၅၀-ခု)**

ဖြေ ။ ၁။ သီလ စသည် ပြည့်စုံခြင်းဖြင့် ဝမ်းမြောက်ခြင်း၊
၂။ ဓမ္မ၊ အဓမ္မစသည်ဖြင့် ငြင်းခုံမှုမရှိခြင်း၊
၃။ တူသောပါတိမောက်ပြမှုရှိခြင်း၊
၄။ ချမ်းချမ်းသာသာနေရခြင်းတို့ဖြစ်ပါသည်။

**မေး ။ သံဃာစည်းလုံးညီညွတ်မှုကို လိုက်နာကျင့်သုံးခြင်းဖြင့် ရရှိနိုင်သော အကျိုးထူးများကို မြတ်ဗုဒ္ဓအလိုကျ အကိုးပြ၍ဖြေဆိုပါ။ (လတ်၊ ၅၄ခု)**

ဖြေ ။ ၁။ သမ္မောဒမာန = လွန်စွာဖြစ်သောဝမ်းမြောက်မှု ရှိခြင်း၊
၂။ အဝိဝဒမာန = ဓမ္မ၊ အဓမ္မဟုငြင်းခုံမှုမရှိခြင်း၊
၃။ ဧကုဒ္ဒေသ = တူသောပါတိမောက်ပြမှုရှိခြင်း၊
၄။ ဖာသုဝိဟရဏ = ချမ်းသာစွာနေရခြင်း အကျိုးတရားတို့ ဖြစ်ပါသည်။
(အကိုး) သမဂ္ဂေါဟိသံဃော ။ ပ ။ ဖာသုဝိဟရတိ။

**မေး ။ ယခုအခါ ဝိနိစ္ဆယရုံးအမျိုးမျိုးသို့ရောက်ပြီး အမှုပွားနေကြလျှင် သာသနာတော် တည်တံ့ပြန့်ပွားကြောင်း ဖြစ်၊ မဖြစ် ဝိနည်းဒေသနာတော်အတိုင်း စိစစ်ပြပါ။**

ဖြေ ။ ဝေဲသံဝုာဟိ တသာဘဂဝတော ပရိသာယဒိဒံ အညမည ဝစနေန အညမညဝုဋ္ဌာပနေနဟူသော သာဓကကိုထောက်၍ အချင်းချင်း ပြောဆို ဆုံးမခြင်း၊ အချင်းချင်းအာပတ်မှထစေခြင်း တို့သည် ဘုရားရှင်၏တပည့်သား သံဃာ့ပရိသတ် (သာသနာတော်) ၏ တိုးတက်ကြီးပွားကြောင်းများဖြစ်ပါသည်။ ယခုအခါ ဝိနိစ္ဆယရုံးအမျိုးမျိုးရောက်ပြီး အမှုပွားနေကြလျှင် သာသနာ တော် တည်တံ့ကြီးပွားကြောင်းမဖြစ်ပါ။

**မေး ။ သံဃာဒိသိသ် "သံဃဘေဒကသိက္ခာပုဒ်"လာ သံဃာညီညွတ်ရေး ပျက်ပြားအောင် အားမထုတ်သင့်ကြောင်း သံဃာညီညွတ်မှုကြောင့် ချမ်းသာစွာနေရကြောင်းပြပါဠိကို ရေးပြပါ။ (မူ၊ ၅၁-ခု)**

❖ **သံဃာကွဲပြားအောင်အားထုတ်သောရဟန်းအား ကြားသိသော ရဟန်းတို့က ပြောဆိုသင့်သောစကားစုကို မှန်ကန်စွာ ပါဠိ၊ အနက် ရေးခဲ့ပါ။**

http://www.dhammadownload.com



ဖြေ ။ သမဂ္ဂေါဟိသံဃော ။ ပ ။ ဖာသုဝိဟရတိ။

မေး ။ သမဂ္ဂါနံ့တပေါသုခေါ်၌ သုခဖြစ်ရခြင်းအကြောင်းဖြစ်သော ဥပုသ်ပြုသံဃာ၏ ညီညွတ်ပုံ၊ ကျင့်ပုံလမ်းစဉ်တို့ကို တိကျ သေချာစွာ ဖြေဆိုပါ။ (ကြီး၊ ၅၁-ခု)

ညီညွတ်ပုံ

ဖြေ ။ ၁။ သမ္ဘောဒမာန = သီလစသည်ပြည့်စုံခြင်းဖြင့် လွန်စွာ ဝမ်းမြောက်ခြင်း။

၂။ အဝိဝဒမာန = ဓမ္မ၊ အဓမ္မ စသည်ဖြင့် ငြင်းခုံမှုမရှိခြင်း

၃။ ကေုဒ္ဒေသ = တူသောပါတိမောက်ပြမှုရှိခြင်း

ကျင့်ပုံလမ်းစဉ်

၁။ အညမညဝစန = အချင်းချင်းဆုံးမခြင်း၊

၂။ အညမညဝုဋ္ဌာပန = အချင်းချင်းအာပတ်မှထစေခြင်း၊

မေး ။ သံဃဘေဒက သိက္ခာပုဒ်သည် ပဌမာပတ္တိက မဟုတ်ကြောင်း ပါဠိတော်အထောက်ပြ၍ ဖြေဆိုပါ။

ဖြေ ။ ဝေဠ္ဌ သောဘိက္ခု ။ ပ ။ ဣစ္ဆေတံ ကုသလံ။

မေး ။ သံဃဘေဒကသိက္ခာပုဒ်၌လာသော သံဃာကွဲပြားခြင်း၏ အကြောင်းနှစ်ပါးကို သိသာရုံမျှရေးပြ၍ "သမဂ္ဂဿ သံဃဿ"၌ သမဂ္ဂသံဃာ၏ အဓိပ္ပာယ်၊ "ဝဂ္ဂဝါဒကာ"၌ ဝဂ္ဂဝါဒကရဟန်း၏ အဓိပ္ပာယ်တို့ကိုလည်း ရေးပြပါ။ (ငယ်၊ ၅၇-ခု)

ဖြေ ။ သံဃာကွဲပြားခြင်းအကြောင်း ၂-ပါး

(၁) တူသောသံဝါသမရှိခြင်း၊ (၂) တသိမ်တည်း၌မတည်ခြင်း

သမဂ္ဂသံဃာအဓိပ္ပာယ်။ ဟတ္ထပါသ်ကိုမစွန့်ဘဲ တစ်သိမ်တည်း၌ တည်နေခြင်းဟူသော ကာယသာမဂ္ဂီစိတ်ဖြင့် သဘောတူနှစ်သက်ခြင်းဟူသော စိတ္တသာမဂ္ဂီနှင့်ပြည့်စုံသောရဟန်းအပေါင်းကို "သမဂ္ဂသံဃာ" ဟု ခေါ်ပါသည်။

ဝဂ္ဂဝါဒကရဟန်း၏အဓိပ္ပာယ်။ သမဂ္ဂသံဃာ၏ ဝဂ်ဖြစ်ကြောင်း အစုကွဲပြားကြောင်းစကားကို ပြောဆိုသောရဟန်း။

မေး ။ သံဃာကွဲပြားအောင် လှုံ့လပြုသောဒေဝဒတ်အား အဘယ့်ကြောင့် သံဃာဒိသေသ်အာပတ်မသင့်ပါသနည်း။

ဖြေ ။ အရှင်ဒေဝဒတ်သည် အာဒိကမ္မိကဖြစ်သောကြောင့် အာပတ်မသင့်သည်မဟုတ်၊ သမနုဘာသနကံ အပြုမခံအပ်သောကြောင့် အာပတ်မသင့်ခြင်းဖြစ်ပါသည်။

http://www.dhammadownload.com



မှတ်ချက်။ သမနုဘာသနသမုဋ္ဌာန်ဖြစ်သော သိက္ခာပုဒ်အားလုံး အာဒိ ကမ္မိက ပုဂ္ဂိုလ်များအတွက် အာပတ်မှကင်းလွတ်ခွင့်ရသည်ဟုမှတ်ပါ။

မေး ။ သံဃဘေဒကရဟန်းအား ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် သမနုဘာသနကံကိုပြုရာ၌ အယူကိုမစွန့်ခြင်းကြောင့် သင့်ရောက်နိုင်သော အာပတ်နှင့် သင့်ရာအခါကို ပိုင်းခြားပြခဲ့ပါ။

❖ ဒေသနာမကြားရဘဲ အလိုအလျောက်ငြိမ်းပျောက်သော အာပတ်များကို ငြိမ်းပျောက်ပုံနှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ ။ ဉတ်အဆုံးတွင် ဒုက္ကဋ်အာပတ်၊ ကမ္မဝါစာနှစ်ကြိမ်အဆုံးတွင် ထုလ္လစ္စည်းအာပတ် ၂ ချက်သင့်၍ တတိယကမ္မဝါစာပါ "သောဘာသေယျ"၌ ယျအက္ခရာသို့ရောက်သောအခါ ဒုက္ကဋ်၊ ထုလ္လစ္စည်း အာပတ်များငြိမ်းပျောက်၍ သံဃာဒိသေသ်အာပတ် သင့်ရောက်ပါသည်။

မေး ။ ဒေသနာကြား ကုစားဖွယ်မလိုဘဲ အလိုလိုကွယ်ပျောက်သော အာပတ်များကိုဖော်ပြပါ။

ဖြေ ။ ဒုက္ကဋ်အာပတ်၊ ထုလ္လစ္စည်းအာပတ် ၂ ချက်ဖြစ်သည်။

မေး ။ သုခါသံဃသာမဂ္ဂီဒေသနာတော်အရ သမဂ္ဂသံဃာ၏ သဘောသဘာဝကိုဖော်ပြပြီးလျှင် သံဃာညီညွတ်မှုပျက်ပြားအောင် ပြုလုပ်သူသည် ဥဒါယီ၊ဆန္န၊ဒေဝဒတ်၊ ဓနိယ၊ သုဒိန်တို့တွင် မည်သူဖြစ်ပါသနည်း၊ ဖြေဆိုပါ။ (လတ်၊ ၄၇-ခု)

ဖြေ ။ သံဃာညီညွတ်မှုပျက်ပြားအောင်ပြုလုပ်သူ - ဒေဝဒတ်ဖြစ်သည်။

မေး ။ အောက်ပါရဟန်းများအား သင့်ရောက်သော အာပတ်ကိုဆိုင်ရာ သိက္ခာပုဒ်ထောက်၍ဖြေဆိုပါ။

(က) သံဃာကွဲပြားအောင် အားထုတ်သောရဟန်း၊

(ခ) ဉတ်ကမ္မဝါစာဖြင့် သုံးကြိမ်တိုင်အောင် ပြောဆို ဆုံးမလျက် အယူကိုမစွန့်သောရဟန်း၊

(ဂ) မာယသ္ဘာစသည်ဖြင့် သုံးကြိမ်တိုင်အောင် ဆုံးမသော်လည်း သံဃာကွဲပြားအောင် ပြုမြဲပြုနေသောရဟန်း။

ဖြေ ။ (က) (ခ) (ဂ) တို့သည် သံဃဘေဒကသိက္ခာပုဒ်အရ ဒုက္ကဋ်အာပတ်။

မေး ။ သံဃဒေဒကရဟန်းဟူသည် အဘယ်သို့သောရဟန်းမျိုးကို ဆိုလိုပါသနည်း၊ ဘိက္ခုပါတိမောက် သံဃဘေဒကသိက္ခာပုဒ်တော်လာအတိုင်း မှန်ကန်စွာဖြေဆိုပြပါ။

http://www.dhammadownload.com



ဖြေ ။ ကိုယ်စိတ်နှင့်တကွ ညီညွတ်သော သံဃာ၏ ကွဲပြားခြင်း၌ လုံ့လပြုခြင်း၊ ကွဲပြားခြင်းကိုဖြစ်စေတတ်သော အကြောင်းကိုလည်းယူပြီး ချီးမြှောက်၍တည်နေသောရဟန်းကို သံဃဘေဒကရဟန်းဟုခေါ်ပါသည်။ (သမဂ္ဂဿ သံဃဿဘေဒါယ။ ပ။ သမာဒါယ ပဂ္ဂယှတိဋ္ဌေယျ။ ကိုထောက်)

မေး ။ သံဃဘေဒကရဟန်း၏အယူဝါဒကိုယူသောအားဖြင့် အစဉ်တစ်စိုက်ပြုကျင့်နေကြသောရဟန်းများတို့အား သင့်ရောက်သော အပြစ်ပြ သိက္ခာပုဒ်ကို ပါဠိရေးခဲ့ပါ။

ဖြေ ။ ဘေဒါနုဝတ္တကသိက္ခာပုဒ်ကို ရေးပါလေ။

မေး ။ ဘေဒါနုဝတ္တကသိက္ခာပုဒ်လာ ဘေဒါနုဝတ္တကရဟန်းတို့က သံဃာအား (ရဟန်းတို့အား) ပြန်လှန်ပြောဆိုပုံပြ စကားရပ်ကို ပါဠိ၊ အနက် ရေးသားခဲ့ပါ။

❖ သံဃာဒိသေသ် ဘေဒါနုဝတ္တကသိက္ခာပုဒ်လာ နောက်လိုက် နောက်ပါရဟန်းများ၏ ပြောဆိုပုံစကားရပ်များကို ပါဠိ၊ အနက်ရေးသားခဲ့ပါ။

❖ ဘေဒါနုဝတ္တကရဟန်းတို့ပြောသော စကားစဉ်ကို ပါဠိ သက်သက်ရေးပြပါ။

ဖြေ ။ မာယသ္မန္တော ဧတံ ဘိက္ခုံ ကိဉ္စိအဝစုတ္ထ။ ပ။ အမှာကမ္ပေတံ ခမတိ။ ကို ရေးပါလေ။

မေး ။ ရဟန်းကောင်းတို့က ဘေဒါနုဝတ္တက ရဟန်းအား ပြောဆိုပုံ ပြစကားရပ်ကို ပါဠိ၊ အနက်ရေးသားခဲ့ပါ။

ဖြေ ။ မာယသ္မန္တော ဧဝံအဝစုတ္ထ။ ပ။ ဖာသုဝိဟာရတိ။ ကိုရေးရန်။

မေး ။ အဘယ်သို့သောအမှုကိစ္စများကို ပြုလုပ်နေသောရဟန်းကို ဘေဒါနုဝတ္တကရဟန်းဟု ခေါ်ဆိုပါသနည်း၊ ပေါ်လွင်အောင် ရေးသားပါ။

ဖြေ ။ သံဃဘေဒကရဟန်း၏ အယူ၊ နှစ်သက်မှု၊ လိုလားမှုကိုယူခြင်းဖြင့် အစဉ်လိုက်၍ ပြုမူကျင့်ကြံနေသောရဟန်းများကို ဘေဒါနုဝတ္တက ရဟန်းဟု ခေါ်ဆိုရပါသည်။

မေး ။ "ဘေဒါနုဝတ္တက" သိက္ခာပုဒ်၌ မိမိတို့၏ခံယူချက်ကို စွဲမြဲစွာ ယူထားကာမျှဖြင့် သံဃာဒိသေသ်အာပတ် သင့်၊ မသင့်ကို ပါဠိ သာဓကဖြင့်ဖြေဆိုပြီးလျှင်၊ အနိယတသိက္ခာပုဒ်တို့၌ ပါဝင်သော "ရဟော" အရတို့ကိုလည်း ပါဠိကိုး၍ တိကျစွာ ဖြေဆိုပါ။ (ကြီး၊ ၄၈-ခု)

http://www.dhammadownload.com



ဖြေ ။ သံယာဒိသေသ်အာပတ်မသင့်ပါ။ (ဒုက္ကဋ်အာပတ်သာသင့်သည်)။
ပါဠိသာစက။ ဝေဠုတောဘိက္ခူဘိက္ခူဟိ ။ ပ ။ သံယာဒိသေသော။
မေး ။ သိက္ခာပုဒ်တော်အရ မအပ်စပ်ကြောင်းမလုပ်ကောင်းကြောင်းပြော လျှင် အပြောမခံဘဲ ပြန်လှန်ပြောဆိုသော ရဟန်းမှာ သံယာဒိသိသ် အာပတ်သင့်ကြောင်းကို ပြသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။
ဖြေ ။ ဒုဗ္ဗစသိက္ခာပုဒ်ကို ရေးပါလေ။
မေး ။ ဒုဗ္ဗစရဟန်းအား ရဟန်းကောင်းတို့က ပြောဆိုသည်ရှိသော် အပြော မခံပုံ၊ ပြန်လှန်ပြောဆို ပုံပြစကားရပ်ကို ပါဠိ၊ အနက်ရေးသားခဲ့ပါ။
❖ ရဟန်းကောင်းတို့က ပါတိမောက်လာ သိက္ခာပုဒ်တို့ဖြင့် ပြောဆို ဆုံးမအပ်သည်ရှိသော် အပြောမခံ ပြန်လှန်ပြောဆို သောရဟန်း၏ ပြောဆိုပုံပြစကားရပ်ကို ပါဠိ၊ အနက် ရေးခဲ့ပါ။ (မှူ၊ ၄၆-ခု)
ဖြေ ။ "မာမံ အာယသ္မန္တောကိဥ္စိ။ ပ။ မမဝစနာယ။ ကို ရေးပါလေ။
မေး ။ ဒုဗ္ဗစရဟန်းကို (အပြောမခံသောရဟန်းကို) ရဟန်း ကောင်းတို့က ပြောဆိုပုံ (အခြားရဟန်းကောင်းတို့က ဖြောင်းဖြပြောဆိုပုံကိုပြ ဆိုသော) စကားရပ်ကို ပါဠိ၊ အနက်ရေးသားခဲ့ပါ။
❖ ရဟန်းဖြစ်ပါလျက် အပြောမခံ ပြန်လှန်ပြောဆိုသော ဒုဗ္ဗစရဟန်း အား ရဟန်းကောင်းတို့က ဆုံးမအပ်သောစကားရပ်ကိုသာ ပါဠိ၊ အနက်ရေးခဲ့ပါ။
❖ ဒုဗ္ဗစရဟန်းအား အခြားရဟန်းတို့က ပြောဆို ဆုံးမပုံ အခြင်းအရာ ပြပါဠ်ကို အနက်ယောဇနာပြပါ။
ဖြေ ။ မာယသ္မာ အတ္တာနံ ။ ပ ။ အညမည ဝုဋ္ဌာနေနကို အနက်ရေးပါလေ။
မေး ။ သံယာ့ပရိသတ် ကြီးပွားချမ်းသာခြင်း၏အကြောင်းများကို အကိုးပြ ၍ဖြေဆိုခဲ့ပါ။ (ကြီး ၅၄-ခု)
❖ မြတ်စွာဘုရား၏ သံဃပရိသတ်သည် သီလ သမာဓိ ပညာ သိက္ခာ သုံးရပ် ကြီးပွားတိုးတက်ရန် မည်ကဲ့သို့ ပြုလုပ်ကြရမည်နည်း၊ ဒုဗ္ဗစ သိက္ခာပုဒ်လာအတိုင်းဖြေဆို၍၊ အဂတိတရားတို့ကိုလည်း အဓိပ္ပာယ် နှင့်တကွ တွဲစပ်ဖော်ပြခဲ့ပါ။
ဖြေ ။ ၁။ အချင်းချင်းပြောဆို ဆုံးမခြင်း၊
၂။ အချင်းချင်း အာပတ်မှထစေခြင်း၊
အကိုး။ ဝေံသံဝဍ္ဍိ ဟိ တဿ ။ ပ ။ အညမည ဝုဋ္ဌာပနေန။

http://www.dhammadownload.com



မေး ။ သံဃာညီညွတ်မှုကြောင့် ချမ်းသာစွာနေရကြောင်းပြ စကားရပ်ကို ပါဠိ၊ အနက်ရေးသားဖြေဆိုခဲ့ပါ။

ဖြေ ။ ဝေံသဝဠုပါဟိ။ ပ ။ ဝုဌာပနေနေ။

မေး ။ ဒုဗ္ဗစဇာတိက အဓိပ္ပာယ်ကိုရေး၍ ဥဒ္ဒေသပရိယာ ပန္နေသု၌ ဥဒ္ဒေသ အရနှင့် ဥဒ္ဒေသပရိယာပန္နအရကိုလည်း ရေးသားခဲ့ပါ။

ဖြေ ။ ခဲယဉ်းသဖြင့် ပြောဆိုအပ်သောသဘောရှိသူ (ပြောဆို ဆုံးမရခက်သူ) သည် ဒုဗ္ဗစဇာတိကမည်၏။

(တစ်နည်း) ခဲယဉ်းသောဆုံးမကြောင်းစကားရှိသူ (အဆုံးမခက်သူ) ၏ အဖြစ်ဟူသောသဘောရှိသူ၊ ပြောဆို ဆုံးမလျှင် မနာခံဘဲ ပြန်လှန်ပြော ဆိုတတ်သူသည် ဒုဗ္ဗစဇာတိက မည်၏။

ဥဒ္ဒေသအရ - ပါတိမောက်ကိုရ၏။

ဥဒ္ဒေသပရိယာပန္နအရ - ပါတိမောက်၌ အကျုံးဝင်သော သိက္ခာပုဒ်တို့ ကိုရ၏။

မေး ။ သဟဓမ္မိက် ဝုစ္စမာနော၌ သဟဓမ္မိကအဓိပ္ပာယ်နှင့် အရကောက်ကို ဖော်ပြပြီးလျှင် သီတင်းသုံးဖော် ၅ ဦး အမည်ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ ။ သီတင်းသုံးဖော် ၅ ယောက်တို့သည် ကျင့်အပ် ကျင့်ထိုက်သောကြောင့် "သဟဓမ္မိက" မည်၏။ (တစ်နည်း) သီတင်း သုံးဖော် ၅ ယောက်တို့၏ ဥစ္စာဖြစ်သောကြောင့် "သဟဓမ္မိက" မည်၏။ ဘုရားရှင်ပညတ်တော်မူ အပ်သော သိက္ခာပုဒ်ကိုရပါသည်။

**သီတင်းသုံးဖော် ၅-ဦး**

၁။ ရဟန်းယောကျ်ား၊ ၂။ ရဟန်းမိန်းမ၊ ၃။ သိက္ခမာန်
၄။ သာမဏေယောကျ်ား ၅။ သာမဏေမိန်းမတို့ဖြစ်ပါသည်။

မေး ။ ဝဒတုသဟဓမ္မေ၌ သဟဓမ္မအရကို နည်းစုံအောင် ကောက်ပြ၍ ဘုရားရှင်ပရိသတ်၏ ကြီးပွားကြောင်း တရား ၂ ပါးကိုလည်း ပါတိ မောက်သာစကေထောက်၍ ဖြေဆိုခဲ့ပါ။

ဖြေ ။ သီတင်းသုံးဖော် ၅ ယောက်တို့ ကျင့်အပ်ကျင့်ထိုက်သော (ဝါ) သီတင်း သုံးဖော် ၅ ယောက်တို့၏ ဥစ္စာဖြစ်သော သိက္ခာပုဒ်ဖြစ်ပါသည်။ (တစ်နည်း) သိက္ခာပုဒ်မှတစ်ပါးလည်းဖြစ်သော သူတစ်ပါးတို့၏ကြည်ညို ခြင်းကို ဖြစ်စေတတ်သော စကားဖြစ်ပါသည်။

မေး ။ ပြောဆိုဆုံးမ၍မရသောရဟန်းမှန်သမျှကို ဒုဗ္ဗစသိက္ခာပုဒ်လာ ဒုဗ္ဗစ ရဟန်းမျိုးဟုဆိုသော် သင့်၊ မသင့်ကို ပါဠိတော် သာဓကနှင့်တကွ ဆုံးဖြတ်ချက်ချပြပါ။

http://www.dhammadownload.com



ဖြေ ။ မသင့်ပါ။ အထောက်။ ။ အာယသ္မာပိဘိက္ခု ဝဒတုသဟဓမ္မေန၊ ဘိက္ခုပိ အာယသ္မန္တံ ဝက္ခတိသဟဓမ္မေန။

မေး ။ ပါရာဇိကကျသောရဟန်းတော်၏ သာသနာတော်မှ ဆုံးရှုံးပုံကို ပါဠိတော်လာအတိုင်း မြန်မာစကားပြေဖြင့် ရေးသားပြီးလျှင် ဘုရားရှင်၏ တပည့်သား ပရိသတ်တိုးတက်ကြီးပွား စေလိုလျှင် မည်သို့ပြုကျင့်သင့်သည်ကိုလည်း ပါတိမောက်လာတိုင်း အစိပ္ပာယ်ရေးသားပြပါ။ (မူ၊ ၅၂-ခု)

ဖြေ ။ ရေးခဲ့ပြီ၊ ပြန်ကြည့်။

ကုလဒူသကသိက္ခာပုဒ်

မေး ။ အမျိုးလေးပါးတို့၏ သဒ္ဓါတရားကိုဖျက်ဆီးသော ရဟန်းအား မြင်၊ ကြားကုန်သောရဟန်းတို့က ပြောဆိုရမည့်စကားရပ်ကို မြန်မာစကားပြေဖြင့် ဖော်ရေးသားခဲ့ပါ။ (မူ၊ ၅၂-ခု)

❖ ကုလဒူသကရဟန်းက ရဟန်းကောင်းတို့အား နှုတ်လှံထိုး သောစကားရပ် (ပဗ္ဗာဇနီယကံ အပြုခံရသောရဟန်းက ကံပြုသောရဟန်းတို့အား စွပ်စွဲပြောဆိုပုံကိုပြသောစကားရပ်) (ကုလဒူသကရဟန်းကရဟန်းတို့အားပြောဆိုသောစကားရပ်) ကို ပါဠိ၊ အနက်ရေးသားခဲ့ပါ။

❖ ကုလဒူသနအမှုကိုပြုသဖြင့် နှင်ထုတ်ခံထားရသော ရဟန်းက မိမိအားနှင်ထုတ်ခဲ့သောရဟန်းတို့ကို ပြောကြားပုံ ပါဠိများကို အနက်မှန်ကန်စွာ တိတိကျကျ ယောဇနာပါ။

ဖြေ ။ ဆန္ဒဂါမိနောစ ဘိက္ခူ။ ပ။ နပဗ္ဗာဇေန္တီ ကို ရေးပါလေ။

မေး ။ သစ်သီးပေးခြင်း၊ ဆေးကုခြင်း စသော ဗုဒ္ဓရှင်တော် ကြိုက်တော်မမူသည့်အလုပ်တို့ကြောင့် ကျောင်းမှနှင်ထုတ်နိုင်သည့် (ပဗ္ဗဇနီယကမ္မရဟ) အဖြစ်ကိုပြသော ပါဠိတော်ကိုအနက်ရေးခဲ့ပါ။

ဖြေ ။ အာယသ္မာခေါ ။ ပ ။ ဣဓဝါသေန။

မေး ။ (က) သံဃာညီညွတ်သဖြင့် ရအပ်သောအကျိုးပြပါဌ်၊

(ခ) အချင်းချင်း ဆုံးမအာပတ်မှထစေခြင်းဖြင့် ရအပ်သော အကျိုးပြပါဌ်၊

(ဂ) ကုလဒူသကရဟန်း၏ ပဗ္ဗာဇနီယကံ ထိုက်ပုံပြပါဌ်တို့ကို အသီးသီးရေးခဲ့ပါ။

ဖြေ ။ (က) သမဂ္ဂေါဟိသံဃော။ ပ။ ဖာသုဝိဟရတိ။

(ခ) ဧဝံ သံဝဍ္ဎာဟိတဿ ဘဂဝတော။ ပ။ ဝုဋ္ဌာပနေန။

(ဂ) အာယသ္မာခေါကုလဒူသကော။ ပ။ အလံတေဣဓ ဝါသေန။

http://www.dhammadownload.com



မေး ။ ပြောဆိုဆုံးမရန်ခက်ခဲသောရဟန်း၏ သဘောသဘာဝကို ပြဆိုသော စကားရပ်ကို အပိုအလိုမရှိ ပါဠိသက်သက်မျှသာ ရေးသားပါ။

ဖြေ ။ ဘိက္ခုပနေဝ ဒုဗ္ဗစဇာတိကော။ ပ။ အဝ္စနာယ အဝစနီယံကရောတိ။

မေး ။ ကွဲကွာနေသောမိဘနှစ်ပါးကို ပြန်လည်ပေါင်းသင်းစေရန် ဆက်ပေးသောရဟန်းအား သံဃာဒိသိသ်အာပတ် သင့် မသင့် အကြောင်းပြဖြေဆိုပြီးလျှင်၊ အဘယ်သို့ သောရဟန်းကို ကုလဒူသကဟုခေါ်ရကြောင်း ရှင်းပြပါ။ (လတ်၊ ၃၄-ခု)

ဖြေ ။ ပဏ္ဏတ္တိဝဇ္ဇဖြစ်၍ ပညတ်တော်ကိုမသိဘဲ လွန်ကျူးခြင်းကြောင့် သံဃာဒိသေသ်အာပတ်သင့်ပါသည်။

လူတို့အား ပန်းပေးခြင်းစသည်ကိုပြုသော ရဟန်းကို လူတို့၏သဒ္ဓါတရားအစစ်အမှန်ကို ဖျက်ဆီးသောကြောင့် ကုလဒူသကဟု ခေါ်ပါသည်။

မေး ။ အဘယ်သို့သောအမှုကိစ္စများကို ပြုလုပ်နေသောရဟန်းတော်ကို (က) ကုလဒူသကရဟန်း (ခ) ပါပသမာစာရ ရဟန်းဟု ခေါ်ဆိုပါသနည်း။ ပေါ်လွင်အောင်ရေးသားခဲ့ပါ။

ဖြေ ။ (က) ပန်းပေးခြင်း၊ သစ်သီးပေးခြင်း စသည်တို့ဖြင့် အမျိုး (၄) ပါးတို့၏ စစ်မှန်သောသဒ္ဓါတရားကို ဖျက်ဆီးသောသူကို "ကုလဒူသကရဟန်း" ဟု ခေါ်ဆိုပါသည်။

(ခ) ဒါယကာ၊ ဒါယိကာမတို့အား ပန်းပေးခြင်း စသည်ပြုဖို့ရန် ရည်မှန်း၍ ပန်းပင်ကလေးများကို ကိုယ်တိုင်စိုက်ခြင်း၊ သူတစ်ပါးကို အစိုက်ခိုင်းခြင်း၊ ကိုယ်တိုင်ရေလောင်းခြင်း၊ သူတစ်ပါးကို ရေလောင်းခိုင်းခြင်း စသော ယုတ်မာသော အကျင့်ရှိသောသူကို လည်း "ပါပသမာစာရ ရဟန်း" ဟု ခေါ်ပါသည်။

မေး ။ ကုလဒူသကအမှု(၈)မျိုးကို သိသာရုံရေး၍ ကုလဒူသကအမှုကို ပြုသောရဟန်းအား သင့်ရောက်သောအပြစ်ကိုလည်း အတိအကျ ညွှန်ပြခဲ့ပါ။

ဖြေ ။ ၁။ ပန်းပေးခြင်း၊ ၂။ သစ်သီးပေးခြင်း၊

၃။ ဆပ်ပြာမှုန့်ပေးခြင်း၊

၄။ မြေညက်ပေးခြင်း၊ မျက်နှာချေပေးခြင်း၊

၅။ ဒန်ပူပေးခြင်း ၊ ၆။ ဝါးပေးခြင်း၊

၇။ ဆေးကုခြင်း၊ ၈။ သလုံးမြင်းခေါင်းဖြင့် လူတို့၏ အစေအပါးခံခြင်းတို့ဖြစ်ပါသည်။

http://www.dhammadownload.com



ဆောင်၊ ပန်း၊ သီး၊ မှုန့်၊ မြေ၊ ဝါး၊ ပူ၊ ခြေ၊ ဝဋ္ဋေ၊ ဒူ-ရှစ်ဖြာ။

ကုလဒူသကအမှုပြုသောရဟန်းအား ၊ ဒုက္ကဋ်အာပတ် သင့်ပါသည်။

**မေး ။ ကုလဒူသကရဟန်း၏ သဘောအဓိပ္ပာယ်ကိုရေး၍၊ ဤကုလဒူသက သိက္ခာပုဒ်၌ သံဃာဒိသေသ်အာပတ်သည် ကုလဒူသနအမှုကိုပြုလုပ်သည့်အတွက် သင့်ရောက်ပါသလော၊ အကြောင်းပြ၍ဖြေဆိုပါ။**

ဖြေ ။ ၃-ကြိမ်တိုင်အောင် ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမရာ တတိယကမ္မဝါစာ ဝယ် "သောဘာသေယျ" ၌ ယျအက္ခရာသို့ရောက်သည့်တိုင်အောင် သူ့အယူကို မစွန့်မှ သံဃာဒိသေသ်အာပတ်သင့်သောကြောင့် သံဃာဒိသေသ်အာပတ်သည် ကုလဒူသကအမှုကို ပြုလုပ်သည့်အတွက် သင့်ရောက်သည်မဟုတ်။

**မေး ။ ဂါမံဝါ နိဂမံဝါ ဥပနိဿာယဝိဟရတိဟုဆိုသဖြင့် မြို့နေရဟန်းတို့ ယင်းသိက္ခာပုဒ်အရ ကျင့်ဖွယ်မလိုတော့ပြီလော ရှင်းပြ၍ "အမှီပြု၍ နေပုံ" အဓိပ္ပာယ်ကိုလည်း ဖြေဆိုပါ။**

ဖြေ ။ နဂရဟူသည် ရွာအထူးဖြစ်သောကြောင့် နဂရ (မြို့) ကိုလည်း ဂါမသဒ္ဒါဖြင့် ယူရခြင်းဖြစ်ပါသည်။ ထို့ကြောင့် မြို့နေရဟန်းတို့လည်း ယင်းသိက္ခာပုဒ် အရ ကျင့်ဖွယ်လိုသည်။

အမှီပြု၍နေပုံအဓိပ္ပာယ်

ထိုမြို့ရွာ နိဂုံးတို့မှ သက်န်းစသော ပစ္စည်းလေးပါးကိုရသောကြောင့် ပစ္စည်းလေးပါးရမှုအတွက် ထိုမြို့၊ ရွာ၊ နိဂုံးကိုမှီခိုအားထုတ်၍နေခြင်းကို "အမှီပြု၍နေခြင်း" ဖြစ်ပါသည်။

**မေး ။ ကုလဒူသနအမှုကိုပြုသောရဟန်းအား အဘယ်အာပတ် သင့်သည်ကိုညွှန်ပြ၍ ကုလဒူသနအမှုဖြင့် ဖျက်ဆီးပုံကိုလည်းကောင်း၊ ဖျက်ဆီး၍ ပျက်စီးပုံကိုလည်းကောင်း သိသာရှင်းလင်းအောင်ပြပါ။**

ဖြေ ။ ဒုက္ကဋ်အာပတ်သင့်ပါသည်။

ကုလဒူသနအမှုဖြင့်ဖျက်ဆီးပုံ

ပန်းပေးခြင်း၊ သစ်သီးပေးခြင်း၊ ရေချိုးဆပ်ပြာမှုန့်ပေးခြင်း၊ မြေညက်ပေးခြင်း၊ ဒန်ပူပေးခြင်း၊ ခြေဖြင့်သွားခြင်း၊ ဆေးကုခြင်းဟူသောအမှုမျိုးတို့ဖြင့် အမျိုးလေးပါးတို့ သဒ္ဓါတရားပျက်အောင် ဖျက်ဆီးခြင်းဖြစ်ပါသည်။

http://www.dhammadownload.com



## ဖျက်ဆီး၍ပျက်စီးပုံ

ရိုးရိုးသားသား သဒ္ဓါတရားကောင်းသောမိန်းကလေးတစ်ယောက်အား ရဟန်းတစ်ပါးက သူ့ကိုကြည်ညိုအောင် "ပန်းပေးလိုက်ရာ ထိုရဟန်းအား လျှုချင် တန်းချင်စိတ်ဖြစ်ကာ ချစ်ခင်လာပေမည်။ အခြားပေးဖော်မရသော လဇ္ဇီသူမွန် သီလဝန်အရှင်မြတ်တို့အားကား မလျှုချင်မတန်းချင် မဆည်းကပ် မကိုးကွယ်ချင်တော့၊ ဤသို့လျှင် ထိုမိန်းကလေး၏ အစစ်အမှန်ဖြစ်သော သဒ္ဓါတရား ပျက်စီးသွားပါတော့သည်။

မေး ။ ကုလဒူသက ဒူသကရဟန်း၏ သဘောအဓိပ္ပာယ်ကိုရေး၍၊ ဤကုလဒူသကသိက္ခာပုဒ်၌ သံဃာဒိသေသ်အာပတ်သည် ကုလဒူသနအမှုကို ပြုလုပ်သည့်အတွက် သင့်ရောက်ပါသလော အကြောင်းပြ၍ ဖြေဆိုပါ။

ဖြေ ။ ၃-ကြိမ်တိုင်အောင် ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမရာ တတိယကမ္မဝါစာဝယ် "သောဘာသေယျ" ၌ ယျအက္ခရာသို့ ရောက်သည့်တိုင်အောင် သူ့အယူကိုမစွန့်မှ သံဃာဒိသေသ်အာပတ်သင့်သောကြောင့် သံဃာဒိသေသ်အာပတ်သည် ကုလဒူသကအမှုကို ပြုလုပ်သည့်အတွက် သင့်ရောက်သည်မဟုတ်။

မေး ။ ဝေဠ္ဌ သော ဘိက္ခု၊ သောဘိက္ခုဟိတို့၌ သောနှစ်ခုတို့၏ အထူးကို ဖော်ပြခဲ့ပါ။

ဖြေ ။ ဝေဠ္ဌသောဘိက္ခု-၌ သောအရ - ပဗ္ဗဇနီယကံအပြုခံသော ရဟန်းကို ရပါသည်။
သောဘိက္ခုဟိ-၌ သောအရ - "ဆန္ဒဂါမိနော" အစရှိသော စကားတို့ကို ပြောဆိုသောရဟန်းကိုရပါသည်။ ဤသို့ထူးပါ သည်။

မေး ။ သံဃာဒိသိသ် နောက်ဆုံးသိက္ခာပုဒ်လာ အဂတိတရား ၄-ပါးတို့ကို မြန်မာဘာသာဖြင့် ရေးသားဖော်ပြပါ။ (မူ၊ ၅၁-၃)

❖ ပမာဏနှင့်သင့်လျော်သော ကျောင်းငယ်ကုဋီကို ဆောက်လုပ်စေရမည်ဟူသော ဝိနည်းပညတ်ချက်၌ "ပမာဏ" ကို သတ်မှတ်ဖော်ပြ၍ အဂတိလေးပါးကိုလည်း ရေတွက်ပြပါ။

ဖြေ ။ ၁။ ဆန္ဒာဂတိ - ချစ်သဖြင့် မလားအပ်သည်သို့ လားရောက်ခြင်း။
၂။ ဒေါသာဂတိ - အမျက်ထွက် (စိတ်ဆိုး) သဖြင့် မလားအပ်သည်သို့ လားရောက်ခြင်း။

http://www.dhammadownload.com



၃။ မောဟာဂတိ - မသိမလိမ္မာခြင်းကြောင့် မလားအပ်သည်သို့ လားရောက်ခြင်း။

၄။ ဘယာဂတိ - ကြောက်သဖြင့် မလားအပ်သည်သို့ လားရောက်ခြင်း။

မေး ။ သံဃာဒိသေသ် (၁၃)ပါးတို့ကို ပဌမာပတ္တိက အာပတ်၊ ယာဝတတိယကအာပတ်အားဖြင့် ခွဲခြားပြပြီးလျှင် အဘယ်ကြောင့် ပဌမာပတ္တိက၊ ယာဝတတိယကဟု ခေါ်ဆိုရ ကြောင်းကိုလည်း ရှင်းပြပါ။ (လတ်၊ ၃၃-ခု)

ဖြေ ။ ရှေးဦးစွာ လွန်ကျူးဆဲခဏ၌ သင့်ရောက်သောကြောင့် ပဌမာ ပတ္တိက မည်၏။ သုံးကြိမ်မြောက် ဉတ်ကမ္မဝါစာ၏အဆုံး၌ သင့်ရောက်သောကြောင့် ယာဝတတိယကမည်၏။

မေး ။ သံဃာဒိသေသ်(၁၃)ပါးတို့တွင် ပဌမာပတ္တိကနှင့် ယာဝတ တတိယက တို့ မည်မျှစီရှိကြောင်း ပြဆို၍ ထိုပဌမာပတ္တိက၊ ယာဝတ တတိယက ပုဒ်တို့၏ ဆိုလိုရင်းအဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

❖ "နဝ ပဌမာပတ္တိကာ၊ စတ္တာရော ယာဝတတိယကာ" ၌ နဝအရနှင့် စတ္တာရောအရတို့ကို မှန်ကန်စွာ ဖော်ပြပါ။

❖ သံဃာဒိသေသ် (၁၃) ပါးတို့တွင် ပဌမာပတ္တိကသိက္ခာပုဒ်၊ ယာဝတ တိယကသိက္ခာပုဒ်ပေါင်း မည်မျှစီရှိကြောင်း သိက္ခာပုဒ်ကို ဖော်ထုတ်၍ ညွှန်ပြခဲ့ပါ။

❖ နဝ ပဌမာပတ္တိကာ၊ စတ္တာရော ယာဝတတိယကာတို့၌ နဝအရ၊ စတ္တာရောအရ သိက္ခာပုဒ်တို့၏အမည်တို့ကို ဖြေဆိုပါ။

❖ သံဃာဒိသိသ်လာ (က) ပဌမာပတ္တိကအမည်ရသော သိက္ခာပုဒ် (ခ) ယာဝတတိယကအမည်ရသော သိက္ခာပုဒ်များ၏အမည်တို့ကို ကုန်စင်အောင် ရေတွက်ပြပါ။

ဖြေ ။ (က) ပဌမာပတ္တိကအမည်ရသော သိက္ခာပုဒ်များ

၁။ သုက္ကဝိဿဋ္ဌိသိက္ခာပုဒ် ၂။ ကာယသံသဂ္ဂသိက္ခာပုဒ်
၃။ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ် ၄။ အတ္တကာမပါရိစရိယသိက္ခာပုဒ်
၅။ သဉ္စရိတ္တသိက္ခာပုဒ် ၆။ ကုဋိကာရသိက္ခာပုဒ်
၇။ ဝိဟာရကာရသိက္ခာပုဒ် ၈။ ဒုဋ္ဌဒေါသသိက္ခာပုဒ်
၉။ အညဘာဂိယသိက္ခာပုဒ်တို့ဖြစ်ပါသည်။

http://www.dhammadownload.com



(ခ) ယာဝတတိယအမည်ရသော သိက္ခာပုဒ်များ
၁။ သံဃဘေဒကသိက္ခာပုဒ် ၂။ ဘေဒါနုဝတ္တကသိက္ခာပုဒ်
၃။ ဒုဗ္ဗစသိက္ခာပုဒ် ၄။ ကုလဒူသကသိက္ခာပုဒ်တို့ ဖြစ်ပါသည်။

မေး ။ သံဃာဒိသေသ်လာ ပဌမာပတ္တိကအာပတ်နှင့် ယာဝတတိယက အာပတ်များကို ရေတွက်ပြပါ။

ဖြေ ။ ပဌမာပတ္တိကအာပတ်များ
၁။ သုက္ကဝိသဋ္ဌိအာပတ် ၂။ ကာယသံသဂ္ဂအာပတ်
၃။ ဒုဋ္ဌုလ္လဝါစာအာပတ် ၄။ အတ္တကာမပါရိစရိယအာပတ်
၅။ သဉ္စရိတ္တအာပတ် ၆။ ကုဋိကာရအာပတ်
၇။ ဝိဟာရကာရအာပတ် ၈။ ဒုဋ္ဌဒေါသအာပတ်
၉။ အညဘာဂိယအာပတ် တို့ဖြစ်ပါသည်။

ယာဝတတိယအာပတ်များ
၁။ သံဃဘေဒကအာပတ် ၂။ ဘေဒါနုဝတ္တကအာပတ်
၃။ ဒုဗ္ဗစအာပတ် ၄။ ကုလဒူသကအာပတ်တို့ ဖြစ်ပါသည်။

မေး ။ သံဃာဒိသေသ်အာပတ်တို့တွင် ယာဝတတိယကအာပတ်တို့ကို ဖော်ပြ၍၊ အပျိုချော၏ပါးပြင်ကိုနမ်းမိသောရဟန်း၏ လောကုတ္တရာတရား ရဖို့ရန်အတွက် မြတ်စွာဒ္ဓ၏လမ်းညွှန်ချက်ကို သိသာပေါ်လွင်အောင် ရေးခဲ့ပါ။

ဖြေ ။ လမ်းညွှန်ချက်မှာ (သံဃာဒိသိသ်အာပတ်ကုစားပုံရေးရန်)။

မေး ။ ပရိဝါသ်နေပြီးဖြစ်ပါလျက် အဘယ်အတွက် မာနတ်ကျင့်ရပါသနည်း၊ အထောက်အထားပြ၍ဖြေဆိုပြီးလျှင် ပဌမာ ပတ္တိကအာပတ်များကို ရေတွက်ပြပါ။

ဖြေ ။ ပရိဝါသ်နေပြီးဖြစ်ပါသော်လည်း ရဟန်းတို့မြတ်နိုးခြင်းအကျိုးငှာ မာနတ် ကျင့်ရခြင်းဖြစ်ပါသည်။

အထောက်။ ပရိဝုတ္ထပရိဝါသေန ။ ပ ။ ပဋိပဋ္ဌိတဗ္ဗံ။

မေး ။ သံဃာဒိသေသ်အာပတ်သင့် ရဟန်းတို့ကျင့်ရသော ကျင့်ဝတ်ပြသော ပါဠိကို ရေးသားခဲ့ပါ။

❖ သံဃာဒိသိသ်အာပတ်သင့်သောရဟန်းတို့ ကျင့်ကြံရမည်ဟု စည်းမျဉ်း ဥပဒေကို သတ်မှတ်ပြစကားရပ်ကို ပါဠိ၊ အနက်ရေးသားခဲ့ပါ။

http://www.dhammadownload.com



❖ ရဟန်းတော်များ၏ သံဃာဒိသေသ်အာပတ်ကို ကုစားရာ၌ ဆောင်ရွက်ရမည့်အစီအရင်ကို ပြပါဠိကို အနက်ရေးခဲ့ပါ။

❖ သံဃာဒိသေသ်အာပတ်သင့်ရာ၌ ကုစားပုံအစီအရင်ပြ ပါဠိကိုရေးခဲ့ပါ။

❖ သံဃာဒိသိသ်အာပတ်မှ စင်ကြယ်လိုသောရဟန်း၏ ပြုလုပ်ရမည့်ကျင့်စဉ်ပြပါဠိများကိုရေးသားပါ။

ဖြေ ။ ယေသံ ဘိက္ခု အညတရံ၀ါ။ ပေ။ အယံ တတ္ထ သာမီစိ။ ကို ရေးပါလေ။

မေး ။ သံဃာဒိသေသ်အာပတ်သင့်၍ ဖုံးလွှမ်းထားသော ရဟန်းအား ထိုအာပတ် မှလွတ်မြောက်ရန် မည်သို့လိုက်နာကျင့်သုံးရမည်ကိုလည်း ရှင်းလင်းဖော်ပြပါ။

❖ သံသရာဈေးတွင် ကံကြမ္မာကြွေးအနေဖြင့် သင့်ရောက်လာသော သံဃာဒိသေသ်အာပတ်အတွက် မည်သို့ကုစားရမည်ကိုညွှန်ပြ၍၊ သိုးမွေးအခင်းသစ်ကို ပြုလုပ်လိုသော ရဟန်းတော်များ လိုက်နာရမည့် စည်းကမ်းချက်တို့ကိုလည်း ဖော်ထုတ်ပြပါ။

ဖြေ ။ (သံဃာဒိသေသ် အာပတ်ကုစားပုံကိုရေးလေ)

မေး ။ သံဃာဒိသေသ်အာပတ်မှ ထမြောက်လိုသော ရဟန်းအတွက် အဘယ်အခါ၌ အဘယ်အကျိုးငှာ အဘယ်မျှသော သံဃာကို အလိုရှိအပ်ကြောင်း ပြည့်စုံအောင် ဖော်ပြခဲ့ပါ။ (လတ်၊ ၂၃-ခု)

ဖြေ ။ သံဃာဒိသေသ်အာပတ်မှ ထမြောက်လိုသော ရဟန်းအတွက် ပရိဝါသ် ပေးသောအခါ၌ လေးပါးသောသံဃာကိုလည်း ကောင်း၊ မာနတ်ပေးရာ၌ ရဟန်းတို့၏မြတ်နိုးခြင်းအကျိုးငှာ လေးပါးသောသံဃာကိုလည်းကောင်း အဗ္ဘာန်သွင်းသောအခါ အနည်းဆုံးနှစ်ကျိပ်သော သံဃာကိုလည်း ကောင်း အလိုရှိအပ်၏။

မေး ။ ရဟန်းတော်များ၏ သံဃာဒိသိသ်အာပတ်ကို ကုစားရာ၌ ဆောင်ရွက်ရမည့်အစီအရင်ကို မြန်မာစကားပြေဖြင့် ရေးသားပြ၍ ယင်းအစီအရင်သည် မည်သည့်တရားအားလျော်သောအကျင့်ဖြစ်သည်ကိုလည်းဖြေပါ။ (မူ၊ ၅၀-ခု)

❖ သံဃာဒိသေသ်အာပတ်ကုစားရာတို့တွင် ပရိဝါသ် ဆောက်တည်ပုံ၊ မာနတ်ကျင့်ပုံ၊ အဗ္ဘာန်သွင်းပုံပြ ဝိနယပါဠိတို့ကို ရေးသားပြီးလျှင် အနက်ပေးပြပါ။

http://www.dhammadownload.com



ဖြေ ။ ပရိဝါသ်ဆောက်တည်ပုံပြပါဦး

ယာဝတီဟံ ဇာနံ ။ ပ။ ဘိက္ခုနာ အကာမာ ပရိဝတ္ထဗ္ဗံ။

မာနတ်ကျင့်ပုံပြပါဦး

ပရိဝုတ္ထပရိဝါသေန။ ပ။ ပဋိပဇ္ဇိတဗ္ဗံ။

အဗ္ဘာန်သွင်းပုံပြပါဦး

စိဏ္ဏမာနတ္တော ဘိက္ခု။ ပ။ အဗ္ဘေတဗ္ဗော။ ကို ရေးပါလေ။

မေး ။ ဘိက္ခုပါတိမောက်ဝယ် ရှိသမျှသော (အယံတတ္ထသာမီစိ) ပုဒ်ကို သက်ဆိုင်ရာသိက္ခာပုဒ်အားလျော်စွာ အနက်မှန်ကန်စွာ ယောဇနာပါ။

❖ "အယံ တတ္ထ သာမီစိ" ဝါကျကို သိက္ခာပုဒ်အရ ဌာနအားလျော်စွာ အနက်ယောဇနာပါ။

ဖြေ ။ အယံ၊ ဤသိလျက် ဖုံးထားရာနေ့နှင့်အမျှ ပရိဝါသ်နေရခြင်း၊ ၆ ညဥ့်ပတ်လုံး မာနတ်ကျင့်ရခြင်း၊ သံဃာနှစ်ကျိပ်ရှိရာသိမ်၌ အဗ္ဘာန်သွင်းရခြင်းသည်။ တတ္ထ၊ ထိုသံဃာ ဒိသိသ်အာပတ် သင့်ရာ၌။ သာမီစိ၊ လောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်တည်း။ (သံဃာဒိသိသ်နိဂုံး)

- အယံ၊ ဤသို့ကိုယ်တိုင်ဖြစ်စေ၊ စေလွှတ်၍ဖြစ်စေ ပြောရခြင်းသည်။ တတ္ထ၊ ထိုသက်န်းဖိုးကိစ္စကို မပြီးစေရာ၌၊ သာမိစိ၊ တည်း။ (ရာဇသိက္ခာပုဒ်)
- အယံ၊ ဤရဟန်းပရိသတ်၌ နိဿဂ္ဂိသပိတ်ကို စွန့်ရခြင်း၊ ထိုသပိတ်ကို ပတ္တဂ္ဂါဟကသမ္မုတိရသော ရဟန်းက မထေရ်ကြီးမှစ၍ ဆင့်ကာဆင့်ကာ ယူစေခြင်း၊ အဆုံးစွန်သပိတ်ကို ထိုရဟန်းအားပေးရခြင်းသည်။ တတ္ထ၊ ထိုသပိတ်အဟောင်း ၅-ဖွဲ့ မပြည့်သေးဘဲ သပိတ်အသစ်ကို တောင်းမိရာ၌။ သာမိစိ၊ တည်း။ (ဦနပဉ္စဗန္ဓနသိက္ခာပုဒ်)
- အယံ၊ ဤဝေဖန်ရခြင်းသည်။ တတ္ထ၊ ထို ၂ သပိတ် ၃ သပိတ်ပြည့် မုန့်တို့ကို ခံယူရာ၌။ သာမိစိ၊ တည်း။ (ကာဏမာတုသိက္ခာပုဒ်)
- အယံ၊ ဤမသိ၊ သိအောင်ပြုခြင်း၊ မသိလျှင်လည်းမေးခြင်း၊ မေးပြီးနောက်လည်း အခေါက်ခေါက်အခါခါ ကြံစည်ခြင်းသည်။ တတ္ထ၊ ထိုသိက္ခာပုဒ်ကိုကျင့်လိုရာ၌။ သာမိစိ၊ တည်း။ (သဟဓမ္မိကသိက္ခာပုဒ်)
- အယံ၊ ဤကောက်ယူ၍သိမ်းဆည်းထားခြင်းသည်။ တတ္ထ၊ ထိုရတနာ ရတနာသမ္မတကိုတွေ့ရာ၌။ သာမိစိ၊ တည်း။ (ရတနသိက္ခာပုဒ်)

http://www.dhammadownload.com



မေး ။ ပရိဝါသ၊ မာနတ္တ၊ အဗ္ဘာနတို့၏ အဓိပ္ပာယ်ကိုပြဆိုပြီးလျှင်၊ သံဃာ မပြည့်မှန်းသိလျက် အဗ္ဘာန်သွင်းခေါ်သောရဟန်းတော်တို့အား သင့်ရောက်နိုင်သောအာပတ်ကိုလည်း သာဓကပြ၍ ဆုံးဖြတ်ခဲ့ပါ။

ဖြေ ။ နေ့၊ ပက္ခလများစွာ ပိုင်းခြား၍ ဘုရားရှင်၏ မိန့်တော်အတိုင်း ကျင့်သုံးနေခြင်းကို ပရိဝါသ်ဟုခေါ်ပါသည်။

- ပကတတ်ရဟန်းတို့၏ မြတ်နိုးခြင်း၊ နှစ်သက်ကျေနပ်ခြင်းကို မာနတ်ဟုခေါ်ပါသည်။
- ပရိဝါသ်ဆောက်တည်ပြီး မာနတ်ကျင့်ပြီးသောရဟန်းကို ပကတတ်ရဟန်းတို့က လက်ခံခြင်း၊ အဗ္ဘာနကံ၏ အစွမ်းဖြင့် သံဃာ့ဘောင်သို့ သွင်းခြင်းကို အဗ္ဘာန်သွင်းဟုခေါ်ပါသည်။

မေး ။ သံဃာဒိသေသ်အာပတ်သင့်သော ရဟန်းတော်သည် အဘယ်အကျိုးငှာ မာနတ်ကျင့်ရပါသနည်းဖြေဆိုပြီးလျှင် ပရိဝါသ် ဆောက်တည်ပြီးသောရဟန်း၏ မာနတ်ကျင့်ရမည့် ရက်ကိုလည်း အကိုးပြ၍ တိကျစွာဖော်ပြပါ။

ဖြေ ။ ရဟန်းတို့မြတ်နိုးခြင်းအကျိုးငှာ မာနတ်ကျင့်ရပါမည်။
(၆) ရက် မာနတ်ကျင့်ရပါမည်။

အကိုး။ ပရိဝုတ္ထာပရိဝါသေန။ ပေ။ ပဋိပဇ္ဇိတဗ္ဗံ။

မေး ။ ပရိဝါသ်၊ မာနတ်တို့ကို ပြုကျင့်ပြီးသောရဟန်းအား သံဃာမည်မျှ လောက်ရှိသော မည်သည့်နေရာတွင် အဗ္ဘာန်သွင်းရပါမည်နည်း၊ ပါတိမောက်အကိုးပြ၍ဖြေဆိုပါ။

ဖြေ ။ ပရိဝါသ်၊ မာနတ်တို့ကို ပြုကျင့်ပြီးသောရဟန်းသည် အနည်းဆုံး သံဃာ နှစ်ကျိပ်ရှိသောသိမ်ထဲ၌ အဗ္ဘာန်သွင်းရပါမည်။

အကိုး။ စိဏ္ဏမာနတ္တော ဘိက္ခု။ ပ။ တတ္ထသော ဘိက္ခု အဗ္ဘေတဗ္ဗော။

မေး ။ အဗ္ဘာန်သွင်းနိုင်လောက်အောင် သံဃာမပြည့်မှန်းသိပါလျက် အဗ္ဘာန်သွင်းသောရဟန်းတို့အား သင့်ရောက်သောအပြစ်ကို ပါတိမောက် သာဓကပြ၍ဖြေဆိုပါ။

ဖြေ ။ ဒုက္ကဋ်အာပတ်သင့်ပါသည်။

သာဓက။ ကောနာပိ စေဥ်နော။ ပေ။ တေစ ဘိက္ခူ ဂါရယှာ။

မေး ။ ယတ္ထသိယာ ဝီသတိဂဏော ဘိက္ခုသံဃော၊ တတ္ထသော ဘိက္ခု အဗ္ဘေတဗ္ဗောဟု "ဝီသတိ" သဒ္ဒါဖြင့် မိန့်ဆိုထားခြင်းအကြောင်းကို စာဖြေ အရှင် ဉာဏ်မှီသမျှ စိစစ်တင်ပြပါ။ (ကြီး၊ ၅၃-၃)

http://www.dhammadownload.com



ဖြေ ။ အဋ္ဌာနကံသည် ဝီသတိဝဂ္ဂသံဃာကပြုရမည့်ကံဖြစ်ကြောင်းကို သိစေသောကြောင့် "ဝီသတိသဒ္ဒါ" ဖြင့်ဆိုပါသည်။
(တစ်နည်း) အဋ္ဌာနကံသည် ဝီသတိဝဂ္ဂသံဃာပြုအပ်သော ကံဖြစ်သောကြောင့် သံဃာအပါးနှစ်ဆယ်အောက်ယုတ်လျှင် ကံပျက်ပါသည်။ ကံမပျက်ရန် သံဃာအပါး(၂၀) လို အပ်သော ကြောင့် "ယတ္ထသိယာ ။ ပ ။ အဗ္ဘေတဗ္ဗော" ဟု ဝီသတိသဒ္ဒါဖြင့် မိန့်ဆိုထားခြင်းဖြစ်ပါသည်။ (ကင်္ခါ-ဋီသစ်)

မေး ။ ဘိက္ခု၊ ဘိက္ခုနီ နှစ်ဦးလုံးနှင့်သက်ဆိုင်သော သံဃာဒိသေသ် သာဓာရဏသိက္ခာပုဒ်အမည်များကို ထုတ်ပြပြီးလျှင် ဘိက္ခုနီမများ သံဃာဒိသေသ်ကုစားရပုံကိုလည်း ပါဠိတော်လာအတိုင်း ရေးသားဖြေဆိုပါ။ (လတ်၊ ၃၂-ခု)

ဖြေ ။ သဉ္စရိတ္တ၊ ဒုဋ္ဌဒေါသ၊ အညဘာဂိယ၊ သံဃဘေဒက၊ ဘေဒါနုဝတ္တက၊ ဒုဗ္ဗစ၊ ကုလဒူသက သိက္ခာပုဒ်များဖြစ်ပါသည်။

**ဘိက္ခုနီမများ သံဃာဒိသေသ်ကုစားရပုံ**

၁။ ဥဘတော သံဃာ၌ ပက္ခမာနတ်ကျင့်ရခြင်း၊

၂။ အနည်းဆုံး နှစ်ကျိပ်အရေအတွက်ရှိသော ဘိက္ခုနီ သံဃာဖြင့် သိမ်အပြင်၌ အဗ္ဘာန်သွင်းရခြင်း - ဤအစီအရင်သည် လောကုတ္တရာ ကိုးပါးအားလျော်သော ကျင့်ဝတ်တည်း။

အကိုး။ ယေသံဘိက္ခုနီ။ ပ။ အယံ တတ္ထ သာမိစိ။

မေး ။ ဘိက္ခုသံဃာဒိသိသ် ၁၃ ပါးကို သာဓာရဏ၊ အသာဓာရဏအားဖြင့် ခွဲခြားပြပါ။

ဖြေ ။ သံဃာဒိသိသ် ၁၃ ပါးတို့တွင် သဉ္စရိတ္တ၊ ဒုဋ္ဌဒေါသ၊ အညာဘာဂိယ၊ သံဃဘေဒက၊ ဘေဒါနုဝတ္တက၊ ဒုဗ္ဗစ၊ ကုလဒူသက သိက္ခာပုဒ် ခုနစ်ပါးတို့သည် သာဓာရဏမည်၏။ သုက္ကဝိဿဋ္ဌိ၊ ကာယသံသဂ္ဂ၊ ဒုဋ္ဌုလ္လဝါစာ၊ အတ္တကာမပါရိစရိယ၊ ကုဋိကာရ၊ ဝိဟာရကာရသိက္ခာပုဒ် ၆ ပါးတို့သည် အသာဓာရဏမည်၏။

**သံဃာဒိသေသ်ဆိုင်ရာအဓိပ္ပာယ်ပြီး၏။**

http://www.dhammadownload.com



# အနိယတကဏ္ဍ

## အနိယတဆိုင်ရာအဓိပ္ပာယ်

မေး ။ ဒါယိကာများပြောဆိုတိုင်း ရဟန်းတော်များအား ပြစ်ဒဏ် မချသင့်ဟု ညွှန်ပြထားအပ်သော သိက္ခာပုဒ်များကို ပါဠိ၊ အနက်ရေးသားပြပါ။

❖ အသံမကြားလောက်ရာအရပ်ဝယ် လိင်မတူသူများ (မာတုဂါမများ) နှင့်အတူ မနေထိုင်ရ ပညတ်ချက်ပြ ဝိနယသိက္ခာပုဒ်များကို ပါဠိ၊ အနက်ရေးသားပါ။

❖ ဝိနည်းဆုံးဖြတ်နည်းလက္ခဏာများကို ဖော်ပြသည့် သိက္ခာပုဒ်များကို ပါဠိ၊ အနက် ရေးသားပါ။

ဖြေ ။ ပဌမ၊ ဒုတိယ၊ အနိယတသိက္ခာပုဒ်နှစ်ပုဒ်ကို ရေးပါလေ။

မေး ။ ဝိနည်းဆုံးဖြတ်နည်းပြ သိက္ခာပုဒ်တို့တွင် သင်ကြိုက်နှစ်သက်ရာ သိက္ခာပုဒ်တစ်ခုကို ပါဠိမျှရေးခဲ့ပါ။

ဖြေ ။ ပဌမအနိယတနှင့် ဒုတိယအနိယတသိက္ခာပုဒ် ၂-ပုဒ်တွင် ကြိုက်နှစ်သက်ရာကိုရေးရန်။

မေး ။ မာတုဂါမနှင့် တစ်ယောက်ချင်းချင်း အလံကမ္မနိယ (နာလံကမ္မနိယ) ဖြစ်သော ကျောင်းခန်းအတွင်း၌နေသောရဟန်းအား ယုံကြည်လောက်သော ဥပါသိကာမတ ဝေဖန်ပြောဆိုသောအခါ မည်သို့ အဆုံးအဖြတ်ပြုရမည်ဟု သတ်မှတ်ပြသောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပထမအနိယတ (ဒုတိယအနိယတ) သိက္ခာပုဒ်ကိုရေးလေ။

မေး ။ အလံကမ္မနိယေ၌ အလံကမ္မနိယ၏ အဓိပ္ပာယ်ကိုရေး၍ ကမ္မအရကို လည်း တိကျစွာ ညွှန်ပြပါ။

ဖြေ ။ မေထုန်မှီဝဲမှုစသည်ပြုနိုင်လောက်အောင် အကာအကွယ်ရှိသောအရပ် သည် အလံကမ္မနိယမည်၏။

ကမ္မအရ - မေထုန်အမှုကိုရ၏။

ကမ္မနိယအရ - (အလံကမ္မနှင့်တူပြီ)။

မေး ။ မာတုဂါမေနသဒ္ဓိံ ဓောကောယ ရဟောပဋိစ္ဆန္နေအာသနေ-၌ ဓော၊ ကောယ၊ ရဟော၊ ပဋိစ္ဆန္နအာသနအရတို့ကို တိကျစွာ ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ ။ ဧကောအရ - တစ်ပါးတည်းသောရဟန်း၊
ဧကောယအရ - မာတုဂါမတစ်ယောက်တည်း၊
ရဟောအရ - စက္ခုရဟောကိုရပါသည်၊
ပဋိစ္ဆန္နအာသနအရ - နံရံစသည်ဖြင့် ဖုံးကွယ်အပ်သောနေရာ။

မေး ။ အနိယတသိက္ခာပုဒ် ၂ ခုတို့၏ ထူးခြားချက်များကို ရေးသားဖြေဆိုပါ။ (လတ်၊ ၃၁-ခု)

ဖြေ ။ ပထမအနိယတသိက္ခာပုဒ်၌ ရဟောအရ- စက္ခုရဟကိုသာ ယူရမည်။ အာပတ်အရာ၌ ပထမပါရာဇိက၊ ကာယသံသဂ္ဂ သံဃာဒိသေသ်၊ အစေလကဝဂ်လာရဟောပဋိစ္ဆန္နပါစိတ် အာ ပတ်ကို ယူရမည်။ မာတုဂါမအရ - ထိုနေ့မွေးဖွားသည်လည်းဖြစ်သော အသက်ရှင်ဆဲ လူမိန်းမဟူသမျှကို ယူရသည်။
မာတုဂါမသည် အဖော်မဖြစ်နိုင်ပါ။
ဒုတိယအနိယတသိက္ခာပုဒ်၌ ရဟောအရ - သောတရဟကို ယူရသည်။ အာပတ်အရာ၌ ပါရာဇိကမပါဘဲ ကာယ သံသဂ္ဂ သံဃာဒိသေသ်၊ ဒုဋ္ဌုလ္လဝါစာ သံဃာဒိသေသ်၊ ဘိက္ခု နောဝါဒဝဂ်၊ အစေလကဝဂ်တို့၌လာသော ရဟောနိသဇ္ဇ ပါစိတ်အာပတ်ကို ယူရသည်။ မာတုဂါမများလည်း အဖော်အဖြစ်ယူရသည်။ ဤသို့ထူးပါသည်။

မေး ။ အနိယတသိက္ခာပုဒ်တို့၌ပါဝင်သော "ရဟော" သဒ္ဒါနှစ်ခုတို့၏ ကွဲပြားခြားနားချက်ကို ပါဠိထောက်၍ကောက်ပြပါ။ (လတ်၊ ၅၂-ခု)

ဖြေ ။ ပထမအနိယတသိက္ခာပုဒ်၌ရဟောအရ - စက္ခုရဟကို ယူရမည်။
အထောက်။ ရဟောပဋိစ္ဆန္နေ အာသနေ အလံကမ္မနိယေ။
ဒုတိယအနိယတသိက္ခာပုဒ်၌ ရဟောအရ - သောတရဟကို ယူရမည်။
အထောက်။ နဟောဝခေါ ။ ပ ။ ဒုဋ္ဌုလ္လာဟိဝါစာဟိ သြဘာသိတုံ။

မေး ။ အနိယတသိက္ခာပုဒ်တို့တွင်ပါရှိသော တိဏ္ဏံ ဓမ္မာနံ၊ ဒွိန္နံ ဓမ္မာနံတို့၌ တိဏ္ဏံ၊ ဒွိန္နံတို့၏အရကို ရေးသားဖြေဆိုပါ။

❖ သံဃာဒိသေသ်အာပတ်သင့်သော ရဟန်းသည် အဘယ်အကျိုးငှာ မာနတ်ကျင့်ရသည်ကိုဖြေဆို၍ တိဏ္ဏံ ဓမ္မာနံ၊ ဒွိန္နံဓမ္မာနံတို့၌ တိအရ၊ ဒွိအရတို့ကို ကောက်ပြခဲ့ပါ။

ဖြေ ။ တိဏ္ဏံ အရ (၁) ပါရာဇိကအာပတ် (၂) သံဃာဒိသေသ်အာပတ် (၃) ပါစိတ်အာပတ်တို့ဖြစ်ပါသည်။

http://www.dhammadownload.com



ဒွိန္နံအရ (၁) သံယာဒိသေသ်အာပတ် (၂) ပါစိတ်အာပတ်တို့ ဖြစ်ပါသည်။

မေး ။ အနိယတသိက္ခာပုဒ်တို့၌လာသော သဒ္ဓေယျဝစသာ ယုံကြည်ထိုက်သောစကားရှိသူဟူသည် မည်သို့သောသူကို ဆိုလိုပါသနည်း၊ သိသာရုံရေး၍ ၎င်းပဌမသိက္ခာ ပုဒ်လာရဟောအရ စက္ခုသောတ ရဟနှစ်မျိုးတို့တွင် မည်သည့်ရဟဖြစ်ကြောင်း အထောက်ပြ၍ ဖြေဆိုပါ။ (၄ယ်၊ ၃၆-ခု)

ဖြေ ။ သဒ္ဓေယျဝစသာ - ယုံကြည်ထိုက်သောစကားရှိသူဟူသည် အရိယာဥပါသိကာမကို ဆိုလိုသည်။

မေး ။ ပဌမအနိယတသိက္ခာပုဒ်လာ မာတုဂါမအရကိုဖော်ပြ၍ ဤအနိယတသိက္ခာပုဒ်တို့၌ပါရှိသော ရဟောနှစ်မျိုးနှင့် ဤအလိုရှိအပ်သော ရဟောကိုလည်း အထောက်ပြ၍ရေးသားဖြေဆိုပါ။

ဖြေ ။ မာတုဂါမအရ - ထိုနေ့မွေးဖွားသည်လည်းဖြစ်သော အသက်ရှင်ဆဲလူမိန်းမကို ယူရပါမည်။

၁။ စက္ခုရဟော - မျက်စိကွယ်ရာ၊

၂။ သောတရဟော - နားကွယ်ရာ၊

ဤသိက္ခာပုဒ်၌ "ပဋိစ္ဆန္နေအာသနေ အလံ ကမ္မနိယေ" ကိုထောက်၍ "စက္ခုရဟော" ကိုသာ ယူရပါမည်။

မေး ။ ယောပနဘိက္ခု ဧကောကာယဝါကျကို အတိအကျ အနက်ပေးပြပါ။

ဖြေ ။ ဧကော၊ တစ်ပါးတည်းသော။ ယောပနဘိက္ခု၊ အကြင်ရဟန်းသည်။ ကောယ၊ တစ်ယောက်တည်းသော။ မာတုဂါမေန၊ မာတုဂါမဟုဆိုအပ်သော မိန်းမနှင့်။ သဒ္ဓိံ၊ တကွ။

မေး ။ ပထမ အနိယတသိက္ခာပုဒ်လာ အရိယာဥပါသိကာမ၏ ပြောဆိုစွပ်စွဲစောဒနာပုံပြ စကားရပ်ကို ပါဠိ၊အနက်ရေးပါ။

ဖြေ ။ တမေနံ သဒ္ဓေယျဝစသာ။ ပ ။ ဝဒေယျ။ ပ ။ ယေနဝါ။ ပ။ ဝဒေယျ။

မေး ။ ဒုတိယ အနိယတသိက္ခာပုဒ်လာ အရိယာဥပါသိကာမ၏ ပြောဆိုစွပ်စွဲစောဒနာပုံပြ စကားရပ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ တမေနံ သဒ္ဓေယျဝစသာ။ ပ ။ ဥပါသိကာဝဒေယျ။

http://www.dhammadownload.com



မေး ။ ယခုခေတ်ကာလဝယ် မပြုဘဲနေနိုင်သည့် ပုဇ္ဇကိစ္စကို အကြောင်းနှင့်တကွ ရှင်းလင်းဖော်ပြ၍၊ အနိယတသိက္ခာပုဒ်တို့လာ ရဟောသဒ္ဒါ နှစ်ခုတို့၏ ထူးခြားမှုကိုလည်းကောင်း နေရာနှစ်ခုတို့၏ ထူးခြားမှုကို လည်းကောင်း ရေးသားဖြေဆိုပါ။

ဖြေ ။ ယခုခေတ်၌ ဘိက္ခုနီမများ မရှိသောကြောင့် ဘိက္ခုနောဝါဒကို လျှောက်ထားခြင်း ပုဇ္ဇကိစ္စလည်း ပြုဖွယ်မလိုပါ။

မေး ။ အနိယတ၏အဓိပ္ပာယ်ကိုရေးခဲ့ပါ။

ဖြေ ။ ပါရာဇိက၊ သံဃာဒိသိသ်၊ ပါစိတ်ဟူသော ၃ မျိုးသော အာပတ်တို့တွင် ဝန်ခံသောအာပတ်၊ ဝန်ခံသော ဝတ္ထု၏အစွမ်းဖြင့်သာ ဆုံးဖြတ်အပ် သောကြောင့် အနိယတဟုဆိုရပါသည်။

မေး ။ အနိယတသိက္ခာပုဒ် ၂-ခုတို့၌ အနာပတ္တိကရ အဖော်အထူးကို ရေးသားခဲ့ပါ။

ဖြေ ။ ပထမအနိယတသိက္ခာပုဒ်၌ အနာပတ္တိကရအဖော်မှာ တတ်သိနားလည်သောယောကျ်ားသာဖြစ်ပါသည်။
ဒုတိယ အနိယတသိက္ခာပုဒ်၌ အဖော်ကား ယောကျ်ား၊ မိန်းမ နှစ်ဦးလုံး ဖြစ်ပါသည်။ ဤသို့ထူးပါသည်။

မေး ။ မာတုဂါမနှင့်အတူနေထိုင်ရာ၌ ဒုတိယအနိယတသိက္ခာပုဒ်ဖြင့် အာပတ်သင့်နိုင်သော သိက္ခာပုဒ်အမည်များကို ရေးသားပြပါ။

ဖြေ ။ ၁။ ကာယသံသဂ္ဂသိက္ခာပုဒ် ၂။ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ် ၃။ ဩဝါဒဝဂ်ရဟောနိသဇ္ဇသိက္ခာပုဒ် ၄။ အစေလကဝဂ် ရဟောနိသဇ္ဇသိက္ခာပုဒ်တို့ ဖြစ်ပါသည်။

မေး ။ အနိယတသိက္ခာပုဒ်၌ အနိယတဖြစ်ပုံကို သိသာရုံဖော်ပြပြီးလျှင်၊ ဥိနုဝိသပုဂ္ဂိုလ်အားသိလျက် ရဟာန်းခံပေးသော သံဃာတို့အား သင့်သောအာပတ်နှင့် ဥိနုဝိသပုဂ္ဂိုလ် ရဟာန်း ဖြစ်၊ မဖြစ် သိက္ခာပုဒ် ပြ၍ဖြေဆိုပါ။ (ငယ်၊ ၃၇-ခု)

ဖြေ ။ ပါရာဇိက၊ သံဃာဒိသေသ်၊ ပါစိတ်သုံးမျိုးတို့တွင် ဝန်ခံသော အာပတ်ဖြင့်သာ ဆုံးဖြတ်ရမည်ဖြစ်၍ မည်သည့်အာပတ်ဟု အမြဲမမှတ်အပ် သောကြောင့် အနိယတမည်၏။
ယောပနဘိက္ခု ဇာနံ ဥိနုဝိသတိဝဿံ။ ပ။ ဣဒံ တသ္မိံ ပါစိတ္တိယံ ဟူသော သိက္ခာပုဒ်ကိုထောက်၍ ဥိနုဝိသတိပုဂ္ဂိုလ်အား သိလျက်

http://www.dhammadownload.com



ရဟန်းခံပေးသော ဥပဇ္ဈာယ်အား ပါစိတ်အာပတ်။ ဥပဇ္ဈာယ်မှ ကြွင်းသော သံဃာအား ဒုက္ကဋ် အာပတ်။
ဦနဝီသ ပုဂ္ဂိုလ်လည်း ရဟန်းမဖြစ်ပါ။

မေး ။ ပထမအနိယတသိက္ခာပုဒ်အရ မာတုဂါမနှင့် အတူနေသော ရဟန်းအား မည်သည့်သိက္ခာပုဒ်ဖြင့် မည်သည့်အာပတ်များဖြစ်သင့်သည်ကို ဆုံးဖြတ်ပါ။ (လတ်၊ ၃၃-ခု)

ဖြေ ။ ပထမပါရာဇိကသိက္ခာပုဒ်ဖြင့် ပါရာဇိကအာပတ်၊
ကာယသံသဂ္ဂသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်အာပတ်၊
ရဟောပဋိစ္ဆန္နသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။

မေး ။ ပထမ၊ ဒုတိယ အနိယတသိက္ခာပုဒ်တို့၌ ပါစိတ္တိယေနအရ ယူသင့်သော ပါစိတ်အာပတ်တို့ကို ဝင်၊ သိက္ခာပုဒ်အမည်များတပ်၍ အသီးသီး ခွဲခြားဖြေဆိုပါ။

❖ ဒုတိယ အနိယတသိက္ခာပုဒ်လာ အောက်ပါတို့၏အရကို သာဓကပါဠိအထောက်ပြ၍ ဖြေဆိုပါ။
(က) ရဟော (ခ) သံဃာဒိသေသ် (ဂ) ပါစိတ္တိယ။

❖ အနိယတသိက္ခာပုဒ်နှစ်ပါး၌ သင့်ခွင့်ရှိသော ပါစိတ် အာပတ်တို့ကို ဝင်၊ သိက္ခာပုဒ် အမည်များတပ်၍ အသီးသီး ခွဲခြားဖော်ပြပါ။ (လတ်၊ ၃၆-ခု)

❖ ပထမ၊ ဒုတိယ အနိယတသိက္ခာပုဒ်တို့အရ သင့်ရောက်နိုင်သော အာပတ်များကို သိက္ခာပုဒ်အသီးသီးထောက်၍ဖြေဆိုခဲ့ပါ။

ဖြေ ။ ပထမ အနိယတသိက္ခာပုဒ်၌ အစေလကဝဂ်ရဟော ပဋိစ္ဆန္နသိက္ခာပုဒ်ဖြင့် ပါစိတ်။
ဒုတိယ အနိယတသိက္ခာပုဒ်၌ ဩဝါဒဝဂ်၊ အစေလကဝဂ်တို့၌လာသော ရဟောနိသဇ္ဇ သိက္ခာပုဒ်တို့ဖြင့် ပါစိတ်အာပတ် တို့ဖြစ်ပါသည်။

မေး ။ ကာယကံရှင်ကဝန်မခံလျှင် မည်သည့်အာပတ်နှင့်မျှ မဆုံး ဖြတ်နိုင်ရန် ပညတ်တော်မူအပ်သောသိက္ခာပုဒ်နှစ်ခုတို့၏ ထူးခြားမှုကို စုံလင်စွာရေး၍ မိုးရေခံသင်္ကန်းရှာမှီးအပ်ရာကာလကိုလည်း ပါတိမောက်လာ အတိုင်းဖြေဆိုခဲ့ပါ။

ဖြေ ။ (ထင်ရှားပြီ)။

http://www.dhammadownload.com



မေး ။ အနိယတသိက္ခာပုဒ် ၂ ပါးကို ထပ်မံပညတ်တော်မူခြင်းအကျိုး ကို ရေးသားခဲ့ပါ။

ဖြေ ။ "မြင်ခြင်း၊ ကြားခြင်း၊ ရွံ့ရှာခြင်း၊ အရင်းခံရှိသော အမူလက စောဒနာဖြင့် စွပ်စွဲစောဒနာရာ၌ စွပ်စွဲစောဒနာခံရသော ရဟန်းက ဝတ္ထုကို ဝန်ခံမှ သာ အာပတ်ဖြင့်ဆုံးဖြတ်ရမည်။ ဝန်မခံလျှင် အာပတ်မဆုံးဖြတ်ရ" ဟု အာပတ္တိရောပန၊ အရောပနလက္ခဏာကို ပြခြင်းအကျိုးငှာ အနိယ တုဒ္ဒေသကို ပညတ်တော်မူခြင်းဖြစ်ပါသည်။

**အနိယတဆိုင်ရာအဓိပ္ပာယ်ပြီး၏**

http://www.dhammadownload.com



# နိဿဂ္ဂိယကဏ္ဍ
## ကထိနဝဂ်ဆိုင်ရာအဓိပ္ပာယ်

မေး ။ နိဿဂ္ဂိပါစိတ်အာပတ်၏အဓိပ္ပာယ်ကို အများနားလည်အောင်ရှင်းပြ၍၊ နိဿဂ္ဂိထိုက်သောပစ္စည်းကို စွန့်ရမည့်နေရာဌာနတို့ကိုလည်း တိကျစွာ ဖော်ပြပါ။

ဖြေ ။ နိဿဂ္ဂိပါစိတ်အာပတ်ဟူသည် စွန့်ခြင်းဝိနည်းကံရှိသော အာပတ်တည်း။ နိဿဂ္ဂိပါစိတ်အာပတ်သင့်သောရဟန်းသည် ၎င်းအပြစ်မှ စင်ကြယ်ခြင်းငှာ ပါစိတ်အာပတ်သင့်သောရဟန်းသည် ၎င်းအပြစ်မှ စင်ကြယ်ခြင်းငှာ ပါစိတ်အာပတ်ကဲ့သို့ ဒေသနာကြားရုံမျှဖြင့်မဖြစ်၊ ဝတ္ထုပစ္စည်းကို ပဌမစွန့်ရသည်၊ ထို့နောက်မှ ဒေသနာကြားရသည်၊ ထို့ကြောင့် စွန့်ခြင်းဝိနည်းကံရှိသောအာပတ်ဟု ခေါ်ရသည်။ နိဿဂ္ဂိအာပတ်သင့်သောရဟန်းသည် သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်တို့၌စွန့်ရသည်။

မေး ။ ကထိန်အာနိသင်မရဘဲ သင်္ကန်းကို အဓိဋ္ဌာန်၊ ဝိကပ္ပနာမပြုမူ၍ ဆယ်ရက်ထက်လွန်ပြီးထားသောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဘိက္ခုနိဿဂ္ဂိပါစိတ် စီဝရဝဂ်၌ အနုပညတ်ပါသော သိက္ခာပုဒ်တို့တွင် ပထမသိက္ခာပုဒ်ကို ပါဠိအနက်ရေးပါ။

❖ အစွေကစီဝရသိက္ခာပုဒ်၏ အနုပညတ်သဖွယ်ဖြစ်သော သိက္ခာပုဒ်ကို ပါဠိအနက်ရေးပြပါ။

❖ နိဿဂ္ဂိထိုက်သော သင်္ကန်းကိုမစွန့်ဘဲ အသုံးပြုသော ရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိအနက်ရေးပါ။

ဖြေ ။ ကထိနသိက္ခာပုဒ်ကိုရေးပါလေ။

မေး ။ ဒသာဟပရမံ အတိရေက စီဝရံ ဓာရေတဗ္ဗံ ဟူသော ပထမကထိနသိက္ခာပုဒ်အရ ဤနတ်တော်လ၌ အတိရေက သင်္ကန်းကို (၁၀) ရက်ထက် အလွန်ထားနိုင်ခွင့်ရ၊ မရ ရှင်းပြ၍ ထားနိုင်ခွင့်မရဘဲ (၁၀) ရက်ထက် အလွန်ထားသော အတိရေကသင်္ကန်းကို ရဟန်းတစ်ပါးထံ စွန့်ပုံကိုရေးပြပါ။

http://www.dhammadownload.com



ဖြေ ။ ကထိန်ခင်းလျှင် နတ်တော်လ၌ အတိရေကသက်န်းကို (၁၀) ရက်ထက် အလွန်ထားနိုင်ခွင့်ရပါသည်။
ကွဒ်မေဘန္တေ စီဝရံဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

မေး ။ ပထမကထိနသိက္ခာပုဒ်ကို အဓိပ္ပါယ်ရှင်းလင်း၍ ကထိန်ခင်းသော ကျောင်းတိုက်မှ အခြားကျောင်းတိုက်သို့ သက်န်းကာလအတွင်း ပြောင်းရွှေ့သွားသော ရဟန်းအား ကထိန်အာနိသင် ရ၊ မရကို အကြောင်းပြ ဆုံးဖြတ်ပါ။ (ကြီး၊ ၃၄-ခု)

ဖြေ ။ စီဝရပလိဗောဓ, အာဝါသပလိဗောဓ နှစ်ပါးမရှိလျှင် အသစ်ရရှိသော သက်န်းကို အဓိဋ္ဌာန်လည်းမတင်၊ ဝိကပ္ပနာလည်းမပြုဘဲ အလွန်ဆုံး ဆယ်ရက်သာထားနိုင်၏။ ဆယ်ရက်လွန်လျှင် နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။
နိဋ္ဌိတစီဝရဖြစ်သည့် ပြောင်းရွှေ့သွားသော ရဟန်းအား အာဝါသပလိဗောဓ ပြတ်စဲသောကြောင့် ကထိန်အာနိသင် မရတော့။ (နိဋ္ဌိတစီဝရ မဖြစ်ဘဲ စီဝရပလိဗောဓ ရှိသေးလျှင်ကား ပြောင်းရွှေ့သွားသော်လည်း ကထိန်အာနိသင်ရနိုင်သည်။)

မေး ။ သာသက်သိက္ခာပုဒ်၏ အနုပညတ်သဖွယ်ဖြစ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ ဘဏ္ဍာတိုက်နှင့် အလားတူသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။
❖ ဘိက္ခုနိဿဂ္ဂိပါစိတ် စီဝရဝဂ်၌ အနုပညတ်ပါသော သိက္ခာပုဒ်တို့တွင် ဒုတိယမြောက် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဥဒေါသိတ သိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဒုတိယကထိနသိက္ခာပုဒ်ကို အဘယ့်ကြောင့် "ဥဒေါသိတသိက္ခာပုဒ်" ဟု နာမည်တပ်ရပါသနည်း၊ ဖြေဆိုရ၍၊ ယင်းသိက္ခာပုဒ်၏ ဆိုလိုရင်း အဓိပ္ပာယ်ကိုလည်း တိတိကျကျရေးပြခဲ့ပါ။

ဖြေ ။ တိစီဝရိက်သက်န်းထားရာဌာန ၁၅ မျိုးတွင် "ဥဒေါသိတ = ဘဏ္ဍာတိုက်" လည်း ပါဝင်သောကြောင့် ဤသိက္ခာပုဒ်ကို ဥဒေါသိတသိက္ခာပုဒ်ဟု အဋ္ဌကထာ၌ အမည်တပ်ခြင်းဖြစ်ပါသည်။
ယင်းသိက္ခာပုဒ်၏ ဆိုလိုရင်းအဓိပ္ပာယ်
စီဝရပလိဗောဓ၊ အာဝါသပလိဗောဓ နှစ်မျိုးပျက်ပြီးနောက် တိစီဝရိက်

http://www.dhammadownload.com



အဓိဋ္ဌာန်တင်အပ်သော သင်္ကန်းနှင့် ညဥ့်ကင်းနေလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏ဟု ဆိုလိုပါသည်။

မေး ။ တိစီဝရိက်အဓိဋ္ဌာန်တင်ပုံ၊ ပရိက္ခာရစောဠအဓိဋ္ဌာန်တင်ပုံတို့ကို သိသာရုံတင်ပြ၍၊ ယင်း ၂ ပါးတို့၏ ထူးခြားဟန်ကိုပါ ရေးသားဖြေဆိုပါ။

ဖြေ ။ တိစီဝရိက်အဓိဋ္ဌာန်တင်ပုံ

ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ။

ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။

ဣမံ သံဃာဋိံ အဓိဋ္ဌာမိ။

ပရိက္ခာရစောဠအဓိဋ္ဌာန်တင်ပုံ

ဣမံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ။

ဣမာနိ စီဝရာနိ ပရိက္ခာရ စောဠာနိ အဓိဋ္ဌာမိ။

အထူး။ တိစီဝရိက် အဓိဋ္ဌာန်တင်ထားလျှင် "ဆရာမှတ်မှတ်၊ တပည့်မှတ်မှတ်" ဆိုသကဲ့သို့ သင်းပိုင်မှတ်မှတ်၊ ကေသီမှတ်မှတ်၊ ဒုကုဋ်မှတ်မှတ် မိမိနှင့် မကင်းအောင် စောင့်ရှောက်ရပါသည်။ စောင့်ရှောက်ပုံမှာ- ဝတ်၍သော်လည်း ထားရပါမည်။ မဝတ်လျှင် အရုဏ်တက်ချိန်မှာ မိမိ၏ နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ ရှိစေရပါမည်။ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ထားလျှင်ကား - မိမိနှင့် ညဥ့်မကင်းအောင် စောင့်ရှောက်ဖွယ်မလိုပါ။

မေး ။ သင်္ကန်းကာလမှ တစ်ပါးသောအခါ၌ သင်္ကန်းလှူဒါန်းလာပါက ရဟန်းတော်များ လက်ခံရမည့် အစီအစဉ် စီမံပြုလုပ်ရမည့် အစီအစဉ်ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ပလိဗောဓနှစ်ပါးပြတ်ပြီးနောက် သံဃာစသားပုဂ္ဂိုလ်များထံမှ သင်္ကန်းလျာအဝတ်သစ်ရဖို့ရန် မျှော်လင့်ချက်မရှိသော ရဟန်းသည် အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ သင်္ကန်းအသစ်ကို တစ်လထားခွင့်မရှိဟု ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ အကာလစီဝရသိက္ခာပုဒ်ကို ရေးလေ။

မေး ။ သင်္ကန်းနှင့် ကျောင်းတိုက်၌ ကြောင့်ကြစိုက်မှုကင်းပြတ်သော ရဟန်းအား အခမဲ့သင်္ကန်းလှူဒါန်းလာလျှင် သင်္ကန်းအတွက် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို ရှင်းလင်းဖြေဆိုပါ။ (လတ်၊ ၄၈-ခု)

F6 A

http://www.dhammadownload.com



ဖြေ ။ အလိုရှိက အလှူခံပြီးလျှင် လျင်မြန်စွာ ဆယ်ရက်အတွင်း၌ ချုပ်ရမည်။ သင်္ကန်းမချုပ်လောက်လျှင် ထိုသင်္ကန်းကိုဖြည့်၍ချုပ်ဖို့ရန် (နောက်ထပ်ရဖို့လမ်းမြင်လျှင်) မချုပ်သေးဘဲ တစ်လထားကောင်း၏။ တစ်လထက်ပို၍ကား မထားရ။

မေး ။ မပြည့်စုံ မလုံလောက်သော အကာလစီဝရကို ဘယ်လိုစိတ်ထားဖြင့် ဘယ်နှစ်ရက်ထားနိုင်သည်ကို ဖော်ပြ၍၊ ဘောဇဉ်ငါးပါးကို မမှားအောင် ရေတွက်ခဲ့ပါ။ (လတ်၊ ၄၁-ခု)

ဖြေ ။ သင်္ကန်းလျာပုဆိုးရနိုးခြင်းရှိခဲ့သော် မပြည့်စုံ မလုံလောက်သော သင်္ကန်း၏ ပြည့်စုံလုံလောက်ရန် ရည်ရွယ်၍ တစ်လအတိုင်းအရှည်ရှိသော ကာလပတ်လုံးထားနိုင်သည်။

(အုထောက်။ မာသပရမံ ။ ပ ။ ပစ္စာသာယ)

ဘောဇဉ်ငါးပါးသရုပ်

| | | | |
|---|---|---|---|
| ၁။ | ဩဒန | - | ထမင်း၊ |
| ၂။ | ကုမ္မာသ | - | မုယောမုန့်၊ |
| ၃။ | သတ္တု | - | မုန့်လုံး၊ ဆန်မုန့်၊ |
| ၄။ | မစ္ဆ | - | ငါး၊ |
| ၅။ | မံသ | - | အသား။ |

မေး ။ အောက်ပါတို့၏ အဓိပ္ပါယ်အသီးသီးကို အကျဉ်းချုပ်ဖော်ပြပါ။
(က) နိဋ္ဌိတစီဝရ (ခ) အတိရေကစီဝရ (ဂ) အကာလစီဝရ
(ဃ) ပုရာဏစီဝရ (င) အာဝသထစီဝရ (လတ် ၃၇ ခု)

ဖြေ ။ (က) သုစိကမ္မ ပရိယောသာနနဠ, ဒမု, စီဝရာသာဥပစ္ဆိန္နတို့တွင် တစ်မျိုးမျိုးသော အခြင်းအရာဖြင့် စီဝရပလိဗောဓပြတ်ခြင်းသည် နိဋ္ဌိတ စီဝရမည်၏။

(ခ) အဓိဋ္ဌာန်, ဝိကပ္ပနာပြုအပ်သော သင်္ကန်း၌ အကျုံးမဝင်၊ ပိုလွန်သော သင်္ကန်းသည် အတိရေကစီဝရမည်၏။

(ဂ) သင်္ကန်းကာလမှ တစ်ပါးသောကာလ၌ လှူသောသင်္ကန်းသည် အကာလစီဝရမည်၏။

(ဃ) ဆိုးပြီး ကပ္ပဗိန္ဒုထိုးပြီး တစ်ကြိမ်မျှ ဝတ်ရုံဖူးသော သင်္ကန်း၊ ယုတ်စွအဆုံး သုံးဆောင်ခြင်းကို အဦးပြုသဖြင့် ပခုံး ဦးခေါင်းထက်၌ တင်၍ ခရီးသွားဖူးသောသင်္ကန်း၊ ခေါင်းအုံး အိပ်ဖူးသောသင်္ကန်းသည် ပုရာဏစီဝရမည်၏။

http://www.dhammadownload.com



(င) ဥတုလာသော ဘိက္ခုနီမတို့ သုံးဆောင်ပို့ရန် လျှုဒါန်းထားသော ဥတုနှီးသင်္ကန်းသည် အာဝသထစီဝရမည်၏။

**မေး ။ ပထမကထိနသိက္ခာပုဒ်နှင့် တတိယ ကထိနသိက္ခာပုဒ်နှစ်ခုတို့၏ အထူးကိုဖော်ပြ၍ စီဝရကာလနှင့် အကာလစီဝရတို့ကိုလည်း ခွဲခြားဖြေဆိုခဲ့ပါ။ (လတ်၊ ၃၉-ခု)**

ဖြေ ။ ပထမကထိနသိက္ခာပုဒ်၌ ဆယ်ရက်ကျော်လွန်လျှင် နိဿဂ္ဂိပါစိတ်အာပတ်သင့်ပါသည်။ တတိယကထိန သိက္ခာပုဒ်၌ တစ်လကျော်လွန်လျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်ပါသည်။ ဤသို့ထူးပါသည်။

**စီဝရကာလ**

ကထိန်မခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်း လပြည့်နေ့အထိ တစ်လ။

ကထိန်ခင်းလျှင် တပေါင်းလပြည့်နေ့အထိ ၅ လသည် စီဝရကာလမည်၏။

**အကာလစီဝရ**

ကထိန်မခင်းလျှင် တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ၁၁ လ။

ကထိန်ခင်းလျှင် တပေါင်းလပြည့်ကျော် ၁ ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ ၇-လသည် အကာလစီဝရမည်၏။

**မေး ။ ခိပ္ပမေဝ ကာရေတဗ္ဗံဟုဆိုရာ ခိပ္ပမေဝအရ ရက်မည်မျှအတွင်း ဆိုလိုပါသနည်းဖြေဆို၍ ယင်းစည်းကမ်းချက်ကို လိုက်နာရမည့် ရဟန်းမျိုးကိုလည်းညွှန်ပြပါ။**

ဖြေ ။ ပထမကထိနသိက္ခာပုဒ်၌ အဓိဋ္ဌာန်၊ ဝိကပ္ပနာမပြုဘဲ ၁၀-ရက်ပို၍ မထားကောင်းသောကြောင့် ၁၀-ရက်အတွင်းပြီးအောင် ချုပ်ရမည်။ တိစီဝရိတ် အဓိဋ္ဌာန်တင်မည့်ပုဂ္ဂိုလ်ဖြစ်သည်။

**မေး ။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ သိရှိနားလည်ရမည့် (က) ကထိန်လျှာ သင်္ကန်း အလှူခံနိုင်သည့် ပုဂ္ဂိုလ် (ခ) ကထိန်လျှာသင်္ကန်း လှူဒါန်းနိုင်သည့်ပုဂ္ဂိုလ် (ဂ) ကထိန်ခင်းပုံ အစီအစဉ် (ဃ) ကထိန် အာနိသင်တို့ကို နည်းယူမှတ်သားလောက်အောင် ရေးသားဖြေဆိုပါ။ (ကြီး၊ ၄၈-ခု)**

ဖြေ ။ (က) ပုရိမဝဿံဝုတ္ထရဟန်းများ။

http://www.dhammadownload.com



(ခ) လှူဝတ်ကြောင်၊ ရသေ့ရဟန်း နတ်ပြဟွာစသည်။
(ဂ) လှူဝတ်ကြောင်၊ ရသေ့ရဟန်း နတ် စသည်တို့တွင် အမှတ်မရှိ တစ်စုံ တစ်ယောက်သော ပုဂ္ဂိုလ်က တရားနှင့်အညီ "ဣမိနာ ကထိနံ အတ္ထရထ" ဟုဆို၍ လှူဒါန်းအပ်သော သင်္ကန်းလျာ အဝတ်ကို မဟာဝါခန္ဓက ၌ ဟောတော်မူအပ်သော ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် ကထိန်ခင်းထိုက်သောရဟန်းအား ရွေးချယ်ပေးအပ် ရပါမည်။ ထိုရဟန်းသည် ထိုရရာ နေ့မှာပင် ၅ ခန်း၊ ၅ ခန်းထက် အလွန်ဖြတ်တောက်၍ နှစ်ထပ်သင်္ကန်းကြီး၊ ကေသီ သင်းပိုင် တစ်မျိုး မျိုးချုပ်ရပါမည်။ ကြွင်းသော ရဟန်းတို့က ထိုကထိနတ္ထာ ရဟ ရဟန်း၏ အပေါင်းအဖော်များဖြစ်ကြရပါမည်။ အကယ်၍ ချုပ်ပြီး သင်္ကန်းကိုရအံ့၊ ကောင်းသည်သာ၊ ကထိနတ္ထာရဟ ရဟန်းသည် နှစ်ထပ်သင်္ကန်းကြီးဖြင့် ကထိန်ခင်းလိုသည်ဖြစ်အံ့၊ အဟောင်းဖြစ်သော နှစ်ထပ်သင်္ကန်းကြီးကို ပစ္စုဒ္ဓိရုံပြုပြီး အသစ် ဖြစ်သော နှစ်ထပ်သင်္ကန်းကြီးကို (ကပ္ပဗိန္ဒုထိုး၍) အဓိဋ္ဌာန်တင် ရပါမည်။ ထို့နောက် "ဣမာယ သယ်ာင္ဃိယာ ကထိနံ အတ္ထရာမိ" ဟု ဆို၍ ကထိန်ခင်းရပါမည်။ (ကေသီဖြင့်ခင်းလိုလျှင် "ဣမိနာ ဉတ္တရသင်္ဂေန ကထိနံ အတ္ထရာမိ"ဟုဆို၍ခင်းရပါသည်။သင်းပိုင် ဖြင့်ခင်းလိုလျှင် "ဣမိနာ အန္တရဝါ သကေန ကထိနံ အတ္ထရာမိ" ဟုဆို၍ခင်းရပါသည်) ထို့နောက် ထိုကထိန်ခင်းပြီးသော ရဟန်း သည် သိမ်အတွင်းရောက်နေသော ပုရိမဝဿံဝုတ္ထ ရဟန်းတို့သို့ ချဉ်းကပ်၍။ "အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ" ဟု ဆိုရပါသည်။ အန္တော သီမဂတ ပုရိမဝဿံ ဝုတ္ထရဟန်းတို့က "အတ္ထတံ ဘန္တေသံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ" ဟု အနုမောဒနာပြုကြရပါမည်။
(ဃ) ၁။ အနာမန္တစာရ = ဘောဇဉ်ငါးပါးတစ်ပါးပါးဖြင့် ပင့်ဖိတ်အပ် ရာ၌ ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ ဆွမ်းဒါယကာ အိမ်တို့၌ လှည့်လည်သွားလာနိုင်ခြင်း (စာရိတ္တသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်း)

http://www.dhammadownload.com



၂။ အသမာဒါနစာရ ။ တိစီဝရိတ် အဓိဋ္ဌာန်တင်အပ်သော သက်န်းကို သွားလေရာသို့ ယူမသွားဘဲ လှည့်လည်နိုင်ခြင်း (ထိုသက်န်း နှင့် ညဉ့်ကင်း၍နေနိုင်ခြင်း)။ (ဥဒေါသိတသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်း။)

၃။ ယာဝဒတ္ထစီဝရ ။ အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုဘဲ သက်န်းကာလအတွင်း သက်န်းများကို အလိုရှိသလောက် ဆောင်နိုင်ခြင်း (ပထမကထိနသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်း)

၄။ ဂဏဘောဇန ။ ဂဏဘောဇဉ်ကို အတူတကွခံယူခြင်း၊ စားခြင်းကြောင့် အာပတ်မသင့်ခြင်း (ဂဏဘောဇန၊ ပရမ္ပရဘောဇန သိက္ခာပုဒ်တို့ဖြင့် အာပတ်မသင့်ခြင်း)

၅။ ယောစတတ္ထစီဝရုပ္ပါဒ ။ ကထိန်ခင်းရာ ကျောင်းတိုက်အတွင်း ဖြစ်ပေါ်လာသမျှ သံဃိကသက်န်းအားလုံးကို ကထိန်အာနိသင်ရထားသော ပုရိမဝါရဟန်းတော်များသာ ပိုင်ဆိုင်ရခြင်းတို့ဖြစ်ပါသည်။

မေး ။ ဆွေမျိုးမတော်သောဘိက္ခုနီမအား သင်္ကန်းဖွတ်လျှော်ခိုင်းမှုနှင့် စပ်လျဉ်း၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပုရာဏစီဝရသိက္ခာပုဒ်ကိုရေးလေ။

မေး ။ သက်န်း (၉) မျိုးတို့၏ အဓိဋ္ဌာန်ကျခြင်းအကြောင်းများကို ဖော်ပြပါ။

ဖြေ ။ (၁) သူတစ်ပါးအား ပေးစွန့်ခြင်း၊
(၂) ခိုးယူသွားခြင်း၊
(၃) အကျွမ်းဝင်၍ ဝိဿာသဂ္ဂါဟယူနည်းဖြင့် ယူသွားခြင်း၊
(၄) (သက်န်းရှင်က ဘိက္ခုနီဖြစ်လျှင်) သိက္ခာမချဘဲ လူဝတ်လဲခြင်း၊
(၅) ဘိက္ခုဖြစ်လျှင် သိက္ခာချခြင်း၊
(၆) သေဆုံးခြင်း၊
(၇) လိင်ပြန်ခြင်း၊
(၈) ပစ္စုဒ္ဓိရ်ပြုခြင်း။

ဆွေမျိုးအထက် ၇-ဆက်ရေတွက်ပုံ

ဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်၊ ဘောင်၊ ဘော။

ဆွေမျိုးအောက် ၇-ဆက်ရေတွက်ပုံ

သား၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ကျွတ်ဆက်။

http://www.dhammadownload.com



မေး ။ ယခုခေတ်၌ အကာလစီဝရသိက္ခာပုဒ်ကို ပြုကျင့်ဖွယ် လို၊ မလို အကြောင်းပြ ဆုံးဖြတ်ပါ။

ဖြေ ။ ယခုကာလ၌ ချုပ်ပြီးသောသင်္ကန်းသာ အရများသောကြောင့် မလိုပါ။

မေး ။ ဆွေမျိုးမတော်သော ဘိက္ခုနီမထံမှသင်္ကန်းကိုအလှူခံသောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဘိက္ခုနီသဂ္ဂိပါစိတ် စီဝရဝဂ်၌ အနုပညတ်ပါသော သိက္ခာပုဒ်တို့တွင် သုံးခုမြောက်သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုနီမထံမှသင်္ကန်းကို ခံယူသောရဟန်းနှင့် ဘိက္ခုနီမအား သင်္ကန်းပေးသောရဟန်းတို့အား အာပတ်သင့်ပုံ၊ မသင့်ပုံ အသီးသီးဖော်ပြပါ။ (လတ်၊ ၃၁-ခု)

ဖြေ ။ ဘိက္ခုနီမထံမှ လဲလှယ်ခြင်းမျိုးမဟုတ်ဘဲ ခံယူလျှင် နိဿဂ္ဂိပါစိတ်၊ လဲလှယ်သည့်အနေဖြင့်ခံယူလျှင် အာပတ်မသင့်။ (နိဿဂ္ဂိပါစိတ်၊ စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်)။

ဘိက္ခုနီများလဲလှယ်ခြင်းမျိုးမဟုတ်ဘဲ သင်္ကန်းပေးလျှင် လဲလှယ်သည့်အနေဖြင့်ပေးလျှင် အာပတ်မသင့်။ (သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်၊ စီဝရဒါနသိက္ခာပုဒ်)။

မေး ။ အရေးအကြောင်းကိစ္စဖြစ်ပေါ်လာလျှင် မိမိနှင့်ဆွေမျိုးမတော်သူ ထံ သင်္ကန်းတောင်းခံခွင့်ရှိကြောင်းပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက် ရေးသားပြပါ။

❖ ဆွေမျိုးမတော်သော ဒါယကာ၊ ဒါယိကာမများထံမှ သင်္ကန်း တောင်းခြင်းနှင့်ပတ်သက်၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်၊ ဘူတဂါမသိက္ခာပုဒ်၏ အနုပညတ်သဖွယ် ဖြစ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ နိဿဂ္ဂိပါစိတ်၊ စီဝရဝဂ်၌ အနုပညတ်ပါသော သိက္ခာပုဒ်တို့တွင် နောက်ဆုံးသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ အညာတကဝိညတ္တိသိက္ခာပုဒ်ကိုရေးပါလေ။

မေး ။ အညာတကဒါယကာတို့က များစွာသောသင်္ကန်းတို့ဖြင့် ပင့်ဖိတ် အပ်သော ရဟန်းသရုပ်ကို သာဓကဖြင့်ထုတ်ပြပါ။

http://www.dhammadownload.com



ဖြေ ။ သူခိုး၊ ဓားပြ၊ မင်း စသူတို့ လုယူအပ်သောသက်န်းရှိသောရဟန်း။ မီးလောင်ခြင်း၊ ရေမျောခြင်း၊ ကြွက်ကိုက်ခြင်း စသည်တို့ကြောင့် ပျောက်ပျက်သောသက်န်းရှိသောရဟန်းတို့ဖြစ်ပါသည်။

သာဓက။ တသ္မေ အညာတကော ဂဟပတိဝါ။ ပ ။ အဘိဟဋ္ဌုံ ပဝါရေယျ။

မှတ်ချက်။ ယင်း၌ တံဖြင့် အစ္ဆိန္နစီဝရ၊ နဋ္ဌစီဝရ ရဟန်းကိုစွဲ၏။

**မေး ။ တိစီဝရိတ်အဓိဋ္ဌာန်တင်နိုင်သော အကြီးဆုံးသက်န်း၊ အငယ်ဆုံး သက်န်းတို့၏ပမာဏများကိုစုံလင်အောင်ညွှန်ကြားခဲ့ပါ။ (လတ်၊၂၃ ခု)**

ဖြေ ။ တိစီဝရိတ်အဓိဋ္ဌာန်တင်နိုင်သော သက်န်းသည် အကြီးဆုံးအားဖြင့် မြတ်စွာဘုရားသက်န်းတော်အောက် ယုတ်သောသက်န်းဖြစ်သည်။ အငယ်ဆုံးအားဖြင့် သက်န်းကြီးနှင့် ကေသီတို့၌ ငါးတောင်တောင် တောင်ဆုပ်ပမာဏရှိရမည်။ အနံသုံးတောင်၊ တောင်ဆုပ်ရှိရမည်။ သင်းပိုင်၌ အလျားငါးတောင် တောင်ဆုပ်ရှိရမည်။ အနံနှစ်တောင် ရှိရမည်။ (ကဒ်ါ-၂၃)

**မေး ။ ဝိကပ္ပနာပြုနိုင်သော အငယ်ဆုံးသက်န်းပမာဏကို မြတ်စွာဘုရား အတိုင်းအတာဖြင့်ဖော်ပြ၍၊ ပုရာဏစီဝရသိက္ခာပုဒ် အညာတိကာ ယ ဘိက္ခုနိယာ၌ အဘယ်သို့ပဥ္စင်းဖြစ်သော ဘိက္ခုနီကိုယူရမည်ဟု ဆုံးဖြတ်ခဲ့ပါ။ (လတ်၊ ၂၅-ခု)**

ဖြေ ။ မြတ်စွာတုရား လက်သန်းအထွာတော်အားဖြင့် အလျား ၈သစ်၊ အနံ ၄ သစ်ရှိသောသက်န်းသည် အယုတ်ဆုံးအားဖြင့် ဝိကပ္ပနာလောက်၏ သုဒ္ဓဘိက္ခုသံဃာ၌လည်းကောင်း၊ ဥဘတောသံဃာ၌လည်းကောင်း ပဥ္စင်းဖြစ်လာသော ဘိက္ခုနီကိုယူရမည်။

**မေး ။ အဘယ်သက်န်းသည် ဒသာဟပရမအတိရေကစီဝရဖြစ်၍ အဘယ် သက်န်းသည် ဒသာဟာတိက္ကမဖြစ်ပါသနည်း၊ အချိန်ပိုင်း၍ စနစ်တကျ ဖြေပါ။ (လတ်၊ ၂၉-ခု)**

ဖြေ ။ သက်န်းဖြစ်ပေါ်လာနေ့နှင့်တကွ ၁၀ ရက် အတိုင်းအရှည်ရှိသော အဓိဋ္ဌာန် ဝိကပ္ပနာပြုအပ်သောသက်န်းမှ အပိုအလွန်ဖြစ်သောသက်န်း သည် ဒသာဟပရမအတိရေကစီဝရမည်၏။ သက်န်းဖြစ်ပေါ်လာရာ နေ့နှင့်တကွ အရုဏ်ရှိသောအခါ ဒသာဟာတိက္ကမဖြစ်သည်။

**မေး ။ သက်န်း ၉ ထည်သရုပ်ကို ပါဠိအမည်ဖြင့်သာထုတ်ပြ၍ ယခုကာ လ၌ အသုံးပြုသောသက်န်း၊ မပြုသောသက်န်းတို့ကိုလည်း ခွဲခြား၍ ပြပါ။ (လတ်၊ ၃၃-ခု)**

http://www.dhammadownload.com



ဖြေ ။ သံယာဒိ၊ ဥတ္တရာသင်္ဂ၊ အန္တရဝါသက၊ ပစ္စတ္ထရဏ၊ ဝဿိကသာဋိက၊ ကဏ္ဍုပ္ပဋိစ္ဆာဒိ၊ မုခပုဉ္ဆန၊ ပရိက္ခာရစောဠ၊ နိသီဒန။ .
နိသီဒန၊ ဝဿိကသာဋိက၊ ကဏ္ဍုပ္ပဋိစ္ဆာဒိ ဤသုံးထည်ကို ယခုအခါ၌ အသုံးမပြုတော့၊ ကြွင်းသော ၆ ထည်ကို အသုံးပြုသေးသည်။
မြန်မာလို - ဒုကုဋ်၊ သင်းပိုင်၊ ကိုယ်ရုံ မိုးရေခံသင်္ကန်း၊ အပေါ်လွှမ်း အိပ်ရာခင်း၊ အမာလွှမ်းသင်္ကန်း၊ မျက်နှာသုတ်ပဝါ၊ ရေစစ်ပဝါ၊ လက်သုတ်ပဝါ စသည်။

(ဆောင်) သင်း၊ ကိုယ်၊ ဒု၊ အိပ်၊ မျက်၊ ပရိက်၊ နိသိဒ်၊ မိုး၊ အမာ
နိ၊ မိုး၊ မာ၊ သုံး၊ ခုမသုံး၊ ကျန်သုံးထည်သာ။

မေး ။ ဆွေမျိုးမတော်စပ်သော ဒကာ၊ ဒကာမများထံ သင်္ကန်းတောင်း ကောင်းသောအခါကို သာဓကထောက်၍ ဖြေဆိုပါ။

ဖြေ ။ ၁။ သူခိုး၊ ဓားပြ၊ မင်း စသူတို့ လုယူအပ်သောသင်္ကန်းကိုရှိသောအခါ၊
၂။ မီးလောင်ခြင်း၊ ရေမျောခြင်း၊ ကြွက်ကိုက်ခြင်း စသည်ကြောင့် ပျောက်ပျက်သော သင်္ကန်းရှိသောအခါတို့ဖြစ်ပါသည်။

အထောက်။ တတ္ထာယံသမယော အစ္ဆိန္နစီဝရောဝါ။ ပ ။ အယံတတ္ထသမယော။

မေး ။ နိဿဂ္ဂိယကထိနဝဂ် သတ္တမမြောက်သိက္ခာပုဒ်ကို ပါဠိမျှသာ ဖော်ပြခဲ့ပါ။ (ငယ်၊ ၃၉-ခု)

❖ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်, စီဝရအစ္ဆိန္နနသိက္ခာပုဒ်၏ အနုပညတ် သဖွယ်ဖြစ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ အစ္ဆိန္နစီဝရနဋ္ဌစီဝရ ရဟန်းကို ဆွေမျိုးမတော်သူ ဒါယကာများကသိ၍ များစွာသော သင်္ကန်းတို့ဖြင့် ပင့်ဖိတ်သော်လည်း သင်္ကန်းတစ်စုံကိုသာ သာယာကောင်းသည်ဟု ပြဆိုသောသိက္ခာပုဒ်ကိုရေးပါ။

❖ သင်္ကန်းအခိုးခံရသောရဟန်း၏ ဆွေမျိုးမတော်သော ဒါယကာ၊ ဒါယိကာမတို့ထံမှ သင်္ကန်းအလှူခံနည်းပြသိက္ခာပုဒ်ကို ပါဠိ၊ အနက် ရေးပါ။

❖ သင်္ကန်းအလုခံရကြောင်းသိ၍ ဆွေမျိုးမတော်သော ဒါယကာ၊ ဒါယိကာမများက သင်္ကန်းအလိုရှိသလောက် အလှူခံပါဟု ဖိတ် ကြားရာခံနိုင်ခွင့်ရှိသောသင်္ကန်းအရေအတွက်ကို သတ်မှတ်ပြဆို သည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

http://www.dhammadownload.com



❖ နိဿဂ္ဂိပါစိတ် စီဝရဝဂ်၌ ပရမသဒ္ဒါပါသော သိက္ခာပုဒ်တို့တွင် နောက်ဆုံးသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ တတုတ္တရိသိက္ခာပုဒ်ကိုရေးလေ။

မေး ။ နိဿဂ္ဂိပါစိတ် စီဝရဝဂ်၌ ပရမသဒ္ဒါပါသော သိက္ခာပုဒ်တို့၏ အရေအတွက်ကို သချ်ာမျှပြ၍၊ တတိယသိက္ခာပုဒ်၏ ပါဠိကိုလည်း ရေးပါ။ (လတ်၊ ၂၈-ခု)

ဖြေ ။ စီဝရဝဂ်၌ ပရမသဒ္ဒါပါသော သိက္ခာပုဒ် ၄ ပုဒ်။
ဒသာဟပရမံ၊ မာသပရမံ၊ သန္တရုတ္တရပရမံ၊ ဆက္ခတ္တုပရမံ။
တတိယသိက္ခာပုဒ်ပါဠိ - တတုတ္တရိသိက္ခာပုဒ်ကို ရေးလေ။

မေး ။ နိဿဂ္ဂိပါစိတ် တတုတ္တရိသိက္ခာပုဒ်လာ အဘိဟဋ္ဌုံပဝါရေယျ၏ အဓိပ္ပာယ်ကိုကျနစွာရှင်းပြပြီးလျှင်၊ သန္တရုတ္တရပရမံအရ အခါ ခပ်သိမ်း သင်္ကန်းဒွိစုံကိုတောင်းခံနိုင်ပါသလော၊ တောင်းခံနိုင် သော ရဟန်းနှင့် တောင်းခံရမည့်သင်္ကန်းအရေအတွက်တို့ကို လည်း အသီးသီးဖော်ပြပါ။ (ကြီး၊ ၃၂-ခု)

ဖြေ ။ ကိုယ်ဖြင့်ဆောင်ယူခဲ့၍ဖြစ်စေ၊ အလိုရှိသလို အထည်တိုက်မှ ထုတ်ယူပါကဟု နှုတ်ဖြင့် ရွေ့ရှုဆောင်၍ဖြစ်စေ ဖိတ်မန်ခြင်းသည် အဘိဟဋ္ဌုံပဝါရေယျမည်၏။
သင်္ကန်းသုံးထည်ဖြင့်နေသူမှာ တစ်ထည်ပျောက်လျှင် နှစ်ထည်ကျန်သေး၍ မခံယူကောင်း၊ နှစ်ထည်ပျောက်လျှင် တစ်ထည်ခံယူ၊ သုံးထည်ပျောက်လျှင် နှစ်ထည်ခံယူရသည်။ နှစ်ထည်ဖြင့်နေသူဖြစ်လျှင် တစ်ထည်ပျောက်လျှင် တစ်ထည်ယူ၊ နှစ်ထည်ပျောက်လျှင် နှစ်ထည်ယူကောင်းသည်။ ဆိုလိုရင်းမှာကား - မိမိမှာ နှစ်ထည်ထက်မပိုရ။

မေး ။ ငါ့ရှင်တို့ ဘုန်းကံကြီးမား၍ ဒကာ၊ ဒကာမတို့က သင်္ကန်းများစွာလှူဒါန်းရာ၌ ဘုရားရှင်အလိုတော်ကျ အဘယ်ကဲ့သို့အလှူခံရမည်ကိုဖြေဆို၍ ကိုယ်တိုင်ပေးပြီးသောသင်္ကန်းကို ပြန်၍လုယူရာ၌ သင့်ရောက်နိုင်သောအပြစ်တို့ကို ပါဠိတော်စာသွားရှု၍ ပြည့်စုံစွာဖော်ပြခဲ့ပါ။

ဖြေ ။ သင့်ရောက်နိုင်သောအပြစ်တို့မှာ - ကိုယ်တိုင်ပေးပြီး ပြန်လုယူမှု နိဿဂ္ဂိပါစိတ်၊ ကိုယ်တိုင်မပေးဘဲ သူတပါးပေးလိုက်သည် ပြန်လုယူက အပြစ်မရှိ၊ မိမိနှင့်ဆိုင်သေးသည်ဟုထင်၍ သကသညာဖြင့် လုယူမှုသာ နိဿဂ္ဂိပါစိတ်၊ သူတပါးပစ္စည်းသိလျက် တန်ဘိုးလိုက်၍ ပါရာဇိကအာပတ်အထိ ဆုံးဖြတ်ရမည်။ (ပါတိမောက်ဘာဋီ၊ ၂၀၆)

http://www.dhammadownload.com



မေး ။ ပိတ်သက်န်းလှူမည့်ဒါယကာကို မိမိဥစ္စာဖြင့်ပံ့ပိုး၍ တက်ထရွှန်သက်န်းလှူသောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

ဖြေ ။ ပထမဥပက္ခဋသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ပထမဥပက္ခဋသိက္ခာပုဒ်လာ စီဝရဝိကပ္ပနာကာရပြပါဠ်ကိုရေးပါ။

ဖြေ ။ က္လမိနာ စီဝရစေတာပန္နေန။ ပ။ အစ္ဆာဒေဟိ။

မေး ။ ပထမဥပက္ခဋသိက္ခာပုဒ်၌ အပ်သောစီရင်ပုံ၊ မအပ်သောစီရင်ပုံများကို ခွဲခြားဖြေဆိုပါ။ (ကြီး၊ ၅၄-ခု)

ဖြေ ။ အပ်သောစီရင်ပုံ - မူလရည်ရွယ်ထားသောတန်ဖိုးထက် မပိုအောင်စီရင်ရမည်။

မအပ်သောစီရင်ပုံ - မူလရည်ရွယ်ထားသောတန်ဖိုးထက်ပို၍ စီရင်ခြင်း။

မေး ။ ပထမဥပက္ခဋသိက္ခာပုဒ်လာ အိမ်ရှင်နှင့် အိမ်ရှင်မတို့ စီမံတိုင်ပင်ပုံပြပါဠိဝါကျနှင့် တန်ဖိုးကြီးမား အကောင်းစားသင်္ကန်းမျိုးရရှိရန် အိမ်ကြွစီမံသောရဟန်း၏ ပြောဆိုစီမံပုံပြပါဠိဝါကျတို့ကို အနက် မှန်ကန်စွာယောဇနာပြခဲ့ပါ။ (လတ်၊ ၅၅-ခု)

ဖြေ ။ က္လမိနာ စီဝရစေတာပန္နေန။ ပ ။ အစ္ဆာဒေဿာမိ။
သာဓုဝတမံ ။ ပ ။ အစ္ဆာဒေဟိဟူသော ပါဠိတို့ကို အနက်ရေးလေ။

မေး ။ ရာဇသိက္ခာပုဒ်၌ လာခြင်းကောင်းပုံပြပါဠိရေးပါ။

❖ ရာဇသိက္ခာပုဒ်လာ အာဂမသုဒ္ဓိပြပါဠ် (အလှူရှင်စေခိုင်းပုံ အခြားအရာကိုပြဆိုသည့် ပါဠိစကားရပ်) ကို ရေးခဲ့ပါ။

ဖြေ ။ က္လမိနာ။ ပ ။ အစ္ဆာဒေဟိ။

မေး ။ စီဝရဝဂ် ရာဇဘောဂ္ဂသိက္ခာပုဒ်လာ တမန်ကပြောဆိုသည့်ပါဠိကိုပြည့်စုံစွာရေးပါ။ (ကြီး၊ ၂၈-ခု)

ဖြေ ။ (က) က္လဒံခေါ ဘန္တေ အာယသ္မန္တံ။ ပ။ အာယသ္မာ စီဝရ စေတာပန္နံ။
(ခ) အတ္ထိပနာ ယသ္မတော ကောစိဝေယျာဝစ္စကရော။
(ဂ) ယံ ခေါ ဘန္တေ အာယသ္မာ ဝေယျာဝစ္စကရံနိဒ္ဒိသိ။ ပ။ ကာလေန စီဝရေန တံအစ္ဆာဒေဿတိ။

မေး ။ ရာဇသိက္ခာပုဒ်၌ နောက်ထပ်လာသော "စီဝရတ္ထိကေန ဘိက္ခဝေ" မှသည် "နိဿဂ္ဂိယံ ပါစိတ္တိယံ" တိုင်အောင်ပါဠ်တို့ကို မှန်ကန်ကုန်စင်အောင်ရေးပါ။

http://www.dhammadownload.com



ဖြေ ။ စီဝရတ္ထိကေန ဘိက္ခုဝေဘိက္ခုနာ ဝေယျာဝစ္စကရော ဥပသက်မိတ္တာ။ ပ။ တတောစေ ဥတ္တရိ ဝါယာမမာနော တင်္စီဝရံ အဘိနိပ္ဖာဒေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။

မေး ။ တမန်က "အရှင်ဘုရား၏ ဝေယျာဝစ္စကို ဆောင်ရွက်မည့်သူ (ကပ္ပိယ ကာရက) ရှိပါရဲ့လား" ဟု လျှောက်ခဲ့သော် သက်န်းအလိုရှိသော ရဟန်းအနေဖြင့် မည်ကဲ့သို့ ပြုလုပ်ထိုက်သည်ကို ရာဇသိက္ခာပုဒ်နှင့် အညီ ဖော်ပြပါ။'

ဖြေ ။ ရဟန်းတို့ သက်န်းကိုအလိုရှိသောရဟန်းသည် အရံစောင့်ကိုသော် လည်းကောင်း၊ ဥပါသကာကိုသော်လည်းကောင်း "ဒါယကာ ဤသူ သည် ရဟန်းတို့၏ အမှုကြီးငယ်ကို ပြုသူတည်း" ဟု အမှုကြီးငယ်ပြုသူ ကို ညွှန်းရမည်။

မေး ။ ရာဇသိက္ခာပုဒ်၌ ဗုဒ္ဓမြတ်စွာ ဒုတိယမိန့်ခွန်းတော်ကိုသာ တိတိကျကျ သဒ္ဒါရေးမပျက် အနက်သမ္ဗန်ပါ။

ဖြေ ။ စီဝရတ္ထိကေန ဘိက္ခုနာ ဝေယျာဝစ္စကရော ဥပသက်မိတ္တာ ဒွတ္တိက္ခတ္တုံ စောဒေတဗ္ဗော သာရေတဗ္ဗော။ အတ္ထော မေ အာဝုသော စီဝရေန။

မေး ။ ရာဇသိက္ခာပုဒ်လာ တမန်၏လျှောက်ထားချက်ပါဠိများကိုသာ ကုန် စင်အောင် သဒ္ဒါရေးမပျက် အနက်သမ္ဗန်ပါ။

❖ ရာဇသိက္ခာပုဒ်လာ တမန်က ရဟန်းအားလျှောက်ထားသော စကား ရပ်များကိုသာ အပြည့်အစုံ ပါဠိမျှဖော်ရေးပါ။

ဖြေ ။ ဣဒံ ခေါ ဘန္တေ။ အတ္ထိ ပနာ ယသ္မတော။ ယံ ခေါ ဘန္တေ အာယသ္မာ။

မေး ။ ရာဇသိက္ခာပုဒ်လာ သက်န်းဖိုးကို အလှူခံသောရဟန်း၏ ပြောဆို သမျှသော ပါဠိများကို ကုန်စင်အောင်ရေးပါ။

ဖြေ ။ နခေါမယံ အာဝုသော။
သောခေါ အာဝုသော ဘိက္ခုနံ ဝေယျာဝစ္စကရော။
အတ္ထော မေ အာဝုသော စီဝရေန။
(ယံခေါတုမှေ။ ပ။ ဟာဝေါသက် ဝိနဿ။)

မေး ။ ရာဇသိက္ခာပုဒ်၌ ဗုဒ္ဓမြတ်စွာ၏ မိန့်ခွန်းတော်များကို ပြဆိုသည့် စကားရပ်များကို ပါဠိ၊ အနက်ရေးပြပါ။

ဖြေ ။ စီဝရတ္ထိကေန။ ပ။ နိဒ္ဒိသိတဗ္ဗော။ (ပဌမမိန့်ခွန်း)
စီဝရတ္ထိကေန။ ပ။ သာရေတဗ္ဗော။ (ဒုတိယမိန့်ခွန်း)

http://www.dhammadownload.com



မေး ။ ရည်ညွှန်းထားသော ကပ္ပိယထံ သက်န်းဖိုးအပ်နှံပြီးနောက် တမန်က ရဟန်းထံပြန်၍လျှောက်ထားပုံပါဠိများကို (ရာဇဘောဂ) သိက္ခာပုဒ်လာသည့်အတိုင်း သဒ္ဒါရေးမပျက် အနက်သမ္ဗန်ပါ။

ဖြေ ။ ယံခေါ ဘန္တေ အာယသ္မာ။ ပ။ တံ အစ္ဆာဒေသတိ။ အနက်ပေး။

မေး ။ ရာဇသိက္ခာပုဒ်၌ လောကုတ္တရာတရား အားလျော်သော ကျင့်ဝတ်များကို ပြဆိုသည့်စကားရပ်ကို ပါဠိအနက်ရေးပါ။

❖ ရာဇသိက္ခာပုဒ်လာတောင်းခြင်း၊ ရပ်ခြင်းတို့ဖြင့် သက်န်းမရရှိသော ရဟန်း၏ဆက်လက်ဆောင်ရွက်ရမည့် ဝတ္တရားပြ ပါဠိကိုရေးပါ။

❖ တမန်က ဝေယျာဝစ္စကရထံ အပ်နှံသောသက်န်းဖိုးသည် အချည်းနှီးဖြစ်ခဲ့သော် ပညတ်တော်မူထားသော ပြုစုရမည့် ဝတ္တရားပြ အာဂမပါဠ်ကို ပါဠိသက်သက်ရေးပါ။

ဖြေ ။ ယတဿ စီဝရစေတာပန္နံ ။ ပ ။ မာဝေါသကံဝိနဿ။

မေး ။ ဝေယျာဝစ္စကရထံ ဒုတိယအကြိမ်တောင်းပြန်သော်လည်း မရခဲ့သော် လှူထားသော သက်န်းဖိုးနှင့်စပ်၍ မည်ကဲ့သို့ ဆက်လက် ဆောင်ရွက်ရမည်ကို ရာဇသိက္ခာပုဒ်လာသည့်အတိုင်း အကျဉ်းချုံး၍ ရေးသားဖော်ပြပါ။

ဖြေ ။ ဝေယျာဝစ္စကရထံ ဒုတိယအကြိမ် တောင်းပြန်သော်လည်း မရခဲ့သော တတိယအကြိမ်ထပ်မံတောင်းရပါမည်။ မရလျှင် စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ အကြိမ်တိုင်အောင်မည်သည့် စကားကိုမျှ မပြောဘဲ သက်န်းကို ရည်မှန်း၍ ရပ်ရပါမည်။

(ထိုင်ပါဦး၊ တရားဟောပါဦးစသည်ကိုလျှောက်စေကာမူ ထိုင်လည်းမထိုင်ရ၊ တရားလည်းမဟောရ)။

ထိုသို့ သုံးကြိမ်တောင်း (၆)ကြိမ်ရပ်၍မျှ ထိုသက်န်းကို မပြီးစေနိုင်လျှင် (မရလျှင်) အလှူရှင်ထံကိုယ်တိုင်သွား၍ဖြစ်စေ၊ တစ်ယောက်ယောက်ကို စေလွှတ်၍ဖြစ်စေ၊ သင်တို့ ပို့လိုက်သော သက်န်းဖိုးသည် ထိုရဟန်း၏ မည်သည့်ကိစ္စကိုမှ မပြီးစေနိုင်ပါ၊ သို့ဖြစ်၍ ကိုယ့်ဥစ္စာကိုယ် ပြန်ရအောင်အားထုတ်ကြပေတော့၊ ကိုယ့်ဥစ္စာကို သူများ၏ လက်၌ မပျောက်ပျက်ပါစေနှင့်"ဟု ပြောရပါမည်။

မေး ။ ရာဇသိက္ခာပုဒ်လာ ရဟန်းတော်များ လိုက်နာရမည့် "တောင်း + ရပ်" အဆုံးအဖြတ်ကို ပြတ်သားပေါ်လွင်အောင်ရေးပြခဲ့ပါ။

http://www.dhammadownload.com



ဖြေ ။ ၃ ကြိမ်အထိ နှုတ်ဖြင့်တောင်းခြင်း၊ ခြောက်ကြိမ်အထိ ကိုယ်ဖြင့် ရပ်ခြင်းကို ခွင့်ပြုထားသောကြောင့် တစ်ကြိမ်တောင်းခြင်းသည် နှစ်ကြိမ်ရပ်ခြင်းနှင့် ညီမျှ၏။ ထို့ကြောင့် တောင်းရုံသာတောင်းလျှင် ရပ်မှု ၆ ကြိမ်ကို တောင်းမှု ၃ ကြိမ်ပြုလုပ်၍ ၆ ကြိမ် တောင်းကောင်း၏။ ရပ်ရုံသာရပ်လျှင် တောင်းမှု ၃ ကြိမ်ကို ရပ်မှု ၆ ကြိမ်ပြုလုပ်၍ ၁၂ ကြိမ်ရပ်နိုင်၏ တောင်းမှု ရပ်မှု ၂ ခုလုံးပြုလျှင် သိက္ခာပုဒ်၌လာရှိသည့်အတိုင်း ၃ ကြိမ်တောင်း ၂ ကြိမ်လျော့ရမည်။ အရပ်ဘက်က ၂ ကြိမ်ပိုသွားလျှင် အတောင်းဘက်က ၁ ကြိမ်လျော့ရမည်၊ သို့ဖြစ်၍ ၄ ကြိမ်တောင်းသည်ဖြစ်ပါက ၄ ကြိမ်သာ ရပ်နိုင်တော့သည်။ ရပ်ရာ၌လည်း ၈ ကြိမ်ရပ်ပြီးဖြစ်ပါက ၂ ကြိမ်သာ တောင်းနိုင်တော့သည်။

မေး ။ ရာဇသိက္ခာပုဒ်လာ တောင်းခြင်းရပ်ခြင်းတို့ဖြင့် သင်္ကန်းမရရှိသော ရဟန်း၏ဆက်လက်ဆောင်ရွက်ရမည့် ဝတ္တရားများကိုဖော်ပြပါ။

❖ ဒါယကာက သင်္ကန်းဖိုးအပ်နှံထားသဖြင့် သင်္ကန်းအလိုရှိသော ရဟန်းသည် အပ်နှံသူထံ အကြိမ်များစွာ တောင်းခံသော်လည်း သင်္ကန်းမရခဲ့သော်ဆက်လက်ဆောင်ရွက်ရမည့်အစီအစဉ်တို့ကိုစုံလင်စွာရေးပြပါ။

ဖြေ ။ သုံးကြိမ်တောင်းခြင်း၊ ခြောက်ကြိမ်တောင်းခြင်းတို့ဖြင့် မပြီးစီးလျှင် သင်္ကန်းဖိုးလှူသော ဒါယကာများထံကိုယ်တိုင်သွား၍သော်လည်းကောင်း၊ တမန်သည်စေလွှတ်၍သော်လည်းကောင်း၊ သင်တို့လှူထားသော သင်္ကန်းဖိုးသည် မပျောက်ပျက်စေရန် တောင်းပါလေဟုပြောကြားရမည်။ ယင်းအစီအရင်သည် လောကုတ္တရာတရား အားလျော်သော ကျင့်ဝတ်တည်း။

မေး ။ ရာဇသိက္ခာပုဒ်လာသင်္ကန်းကိုအလှူခံသောရဟန်း၏ ပြောသမျှသော ပါဠိစကားရပ်များကို အပြည့်အစုံရေးပြပါ။

ဖြေ ။ နခေါမယံ။ ပ ။ ကာလေနကပ္ပိယံ။
အာရာမိကောဝါ။ ပ။ ဝေယျာဝစ္စကရော။
အတ္တောမေ အာဝုသော စီဝရေန။

မေး ။ ရာဇသိက္ခာပုဒ်လာ ကပ္ပိယကာရကတစ်ကျိပ်နှင့် ယင်းသိက္ခာပုဒ်အရ လိုအပ်သော ကပ္ပိယကာရကကိုဖော်ပြပြီးလျှင် ကပ္ပိယကာရကထံ၌ နှစ်ကြိမ်တောင်းပြီးသော် ဘယ်နှစ်ကြိမ်သာ ရပ်နိုင်ပါ သနည်း။ (ကြီး၊ ၃၄-၃)

http://www.dhammadownload.com



ဖြေ ။ ရဟန်းညွှန်းသောကပ္ပိယ (၄) ယောက်။
တမန်ညွှန်းသော ကပ္ပိယ (၄) ယောက်။
မည်သူမျှမညွှန်းသော ကပ္ပိယ (၂) ယောက်အားဖြင့် (၁၀)ယောက်ဖြစ်သည်။ ရာဇသိက္ခာပုဒ်၌ ရဟန်းညွှန်းသော ကပ္ပိယ (၄) ယောက်ကို လိုအပ်ပါသည်။ နှစ်ကြိမ်တောင်းပြီးသော် ရှစ်ကြိမ်ရပ်နိုင်ပါသည်။

မေး ။ ရာဇသိက္ခာပုဒ်လာ ရဟန်းတော်နှင့်တမန်သည်တို့ အပြန်အလှန်ပြောဆိုခဲ့ကြသည့် ပါဠိစကားစုများကိုသာ ကုန်စင်အောင်ရေးဖြေဆိုပါ။ (လတ်၊ ၅၃-ခု)

ဖြေ ။ ယံခေါ ဘန္တေ အာယသ္မာ ဝေယျာဝစ္စကရံ ။ ပ ။ တံအတ္ထာ ဒေဿတိ။ အတ္တောမေ အာဝုသော စီဝရေန။

မေး ။ ရာဇသိက္ခာပုဒ်၌ သင်္ကန်းရအောင်အားထုတ်ရာ နှစ်ကြိမ်တောင်းလျက်မရသောရဟန်းအား ဘယ်နှစ်ကြိမ်ရနိုင်ပါသနည်း။ (လတ်၊ ၂၆-ခု)

ဖြေ ။ ရှစ်ကြိမ်ရပ်နိုင်ပါသည်။

မေး ။ ရာဇသိက္ခာပုဒ်လာ ကပ္ပိယတစ်ကျိပ်အနက် ရဟန်းနှင့်တမန် ၂ ဦးလုံးမညွှန်းသည့် ကပ္ပိယ ၂ ယောက်ကို ထုတ်ဖော်ရေးသားပါ။

ဖြေ ။ ၁။ ရဟန်းမျက်မှောက်၌ သူ့ဘာသာ ကပ္ပိယလုပ်မည်ဟုပြောသော လူတစ်ယောက်ထံ တမန် (အလှူရှင်) က သင်္ကန်းဖိုးကို အပ်နှံသွား၏။ သို့သော် ထိုကပ္ပိယကိုလည်း "သင်္ကန်းလှူလိုက်ပါ" ဟု မမှာကြား၊ ရဟန်းကိုလည်း အလိုရှိသောအခါ တောင်းတော်မူပါဟု မလျှောက်သွား၊ ထိုကပ္ပိယတစ်ယောက်။

၂။ ရဟန်း၏မျက်ကွယ်၌ သင့်တော်သူတစ်ယောက်ထံအပ်နှံ၍ "သင်္ကန်းလှူလိုက်ပါ" ဟု မှာသွား၏၊ သို့သော် ထိုရဟန်းထံသွား၍ကား မလျှောက်ထားခဲ့၊ ထိုကပ္ပိယတစ်ယောက်ဖြစ်ပါသည်။

ရဟန်းညွှန်း ၄ ယောက်

၁။ မျက်မှောက်အနီးအပါး၌ ညွှန်အပ်သူတစ်ယောက်။

၂၊ ၃၊ ၄။ မျက်ကွယ်အဝေးသို့လှမ်း၍ ညွှန်ပြအပ်သူ ၃ ယောက်တို့ဖြစ်၏။
မျက်ကွယ်၌ ညွှန်ပြအပ်သူ ၃ ယောက်ဟူသည် -
(က) တမန်ကမျက်ကွယ်၌ ကပ္ပိယထံအပ်နှံပြီးနောက် ရဟန်းထံပြန်ကြားလျှောက်ထားအပ်သော ကပ္ပိယတစ်ယောက်။

http://www.dhammadownload.com



(ခ) ကိုယ်တိုင်ပြန်မလျှောက်ဘဲ တစ်ယောက်ယောက်စေလွှတ်၍ ပြောကြားအပ်သော ကပ္ပိယတစ်ယောက်။

(ဂ) ကပ္ပိယရှိရာသို့သွားခါနီးတွင် "အရှင်ဘုရားညွှန်ပြအပ်သော ကပ္ပိယထံ သက်နီးဖိုးအပ်နှံခဲ့ပါသည်၊ အလိုရှိသောအခါ တောင်းတော်မူပါ" ဟု မှာထား၍ သွားအပ်သော ကပ္ပိယတစ်ယောက်တို့ ဖြစ်၏။

တမန်ညွှန်း ၄ ယောက်

၁။ မိမိကိုယ်တိုင် ကပ္ပိယလုပ်မည့်သူကို ရှာ၍ ရှေ့မှာပင် အပ်နှံပြောဆိုသွားသော ကပ္ပိယတစ်ယောက်။

၂။ အဝေး၌ရှိသူထံသို့ ကိုယ်တိုင်ညွှန်ကြား လျှောက်ထားအပ်သော ကပ္ပိယတစ်ယောက်။

၃။ ကိုယ်တိုင်ပြန်မလျှောက်ထားဘဲ စေလွှတ်၍ ပြောကြားလျှောက်ထားအပ်သော ကပ္ပိယတစ်ယောက်။

၄။ သွားကာနီးကပင် သွားအပ်သောကပ္ပိယတစ်ယောက်။

မှတ်ချက်။ ရှေ့ပုစ္ဆာအဖြေ၌ပြခဲ့သည့် မညွှန်းအပ်သည့် ကပ္ပိယ ၂ ယောက်နှင့်ပေါင်းလျှင် "ကပ္ပိယတစ်ကျိပ်" ဖြစ်၏။

မေး ။ ပထမဥပက္ခရ၊ ရာဇသိက္ခာပုဒ်တို့၌လာသော စီဝရစေတာပန္နတို့၏ အထူးကိုရေးပါ။

ဖြေ ။ ပထမဥပက္ခရသိက္ခာပုဒ်၌ စီဝရစေတာပန္နအရ - အကပ္ပိယ၊ ကပ္ပိယဘဏ္ဍာနှစ်မျိုးလုံး ရပါသည်။ ရာဇသိက္ခာပုဒ်၌ စီဝရစေတာပန္နအရ- အကပ္ပိယဘဏ္ဍာကိုသာရပါသည်။ ဤသို့ထူးပါသည်။

မေး ။ အနိယတသိက္ခာပုဒ်နှစ်ခု၌ပါသော အာသန (နေရာ) နှစ်ခုအထူးကို ပြည့်စုံစွာဖြေဆို၍ ရာဇသိက္ခာပုဒ်၌ လေးကြိမ်တောင်းပြီးနောက် (က) မရပ်လိုသော် တောင်းနိုင်သည့်အကြိမ် (ခ) မတောင်းလိုသော် ရပ်နိုင်သည့်အကြိမ်အရေအတွက်ကိုလည်းဖြေဆိုပါ။

ဖြေ ။ (က) ၃ ကြိမ် (ခ) ၆ ကြိမ်။

မေး ။ ယခုအခါ လုံးဝမသင့်နိုင်သော နိဿဂ္ဂိအာပတ်ပြသိက္ခာပုဒ်များကို အကြောင်းပြ၍ ဖော်ပြပါ။

ဖြေ ။ ပုရာဏစီဝရသိက္ခာပုဒ်၊ စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်၊ ဧဠကလောမဓောဝါပနသိက္ခာပုဒ်တို့ဖြစ်ပါသည်။

http://www.dhammadownload.com



အကြောင်းကား - ယခုအခါ သာသနာတော်၌ ဘိက္ခုနီမများ ထင်ရှား မရှိသောကြောင့်တည်း။ (ယခုခေတ်၌ ချုပ်ပြီးသောသင်္ကန်းသာ အရ များသောကြောင့် အကာလစီဝရသိက္ခာပုဒ်လည်း ပတ်သက်နိုင်သည်)

မေး ။ တိံသနိဿဂ္ဂိယပါစိတ် သိက္ခာပုဒ်တို့တွင် ဘိက္ခုနီတို့နှင့်စပ်၍ ပညတ် အပ်သော သိက္ခာပုဒ်မည်မျှပါဝင်၍ သံယာ့အလယ်၌သာ စွန့်ရမည့် နိဿဂ္ဂိယဝတ္ထုတို့ကို သက်ဆိုင်ရာသိက္ခာပုဒ်အမည်များနှင့်တကွ ယှဉ်တွဲဖော်ပြပါ။

ဖြေ ။ ၁။ ရူပိယသိက္ခာပုဒ်၊ ရူပိယသံဝေါဟာရသိက္ခာပုဒ် တို့အရ- ရွှေ ငွေ။
၂။ ဦနပဥ္စဗန္ဓနသိက္ခာပုဒ်အရ - သပိတ်တို့ဖြစ်ပါသည်။

**တထိနဝဂ်ဆိုင်ရာအမိပွာယ်ပြီး၏။**

http://www.dhammadownload.com



# ကောသိယဝဂ်ဆိုင်ရာအစိပ္ပာယ်

မေး ။ ပိုးချည်နှင့်ရောသောအခင်းကို ပြုလုပ်သော ရဟန်းအား အပြစ်ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

ဖြေ ။ ကောသိယသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ကောသိယဝဂ်လာ သိုးမွေး အခင်းအသစ်ကို ပြုလုပ်သောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ သုဒ္ဓကာဠကသိက္ခာပုဒ်ကိုရေးလေ။

မေး ။ သိုးမွေးအခင်းသစ်ကိုပြုလုပ်သောရဟန်းသည် အပြစ်လွတ်အောင် မည်သို့မည်ပုံ ပြုလုပ်ရမည်ဟု ညွှန်ပြထားသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သိုးမွေးအခင်းကိုပြုလုပ်လိုသောရဟန်းသည် မည်သို့သော အရောင်ရှိသောသိုးမွေးကို မည်မျှယူ၍ ပြုလုပ်ရမည်ဟု ညွှန်ပြသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သိုးမွေးအခင်းသစ်ပြုလုပ်လိုသောရဟန်း၏ လိုက်နာရမည့် စည်းကမ်းချက်ကို သတ်မှတ်ပြသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သိုးမွေးသစ်ကိုပြုလုပ်လိုသောရဟန်း၏ အခင်းသစ်ပြုလုပ်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးသားပါ။

ဖြေ ။ ဒွေဘာဂသိက္ခာပုဒ်ကိုရေးလေ။

မေး ။ သိုးမွေးအခင်းသစ်ပြုလုပ်လိုသောရဟန်း လိုက်နာရမည့် စည်းကမ်းချက်နှင့် သုံးဆောင်ရမည့်နှစ်အပိုင်းအခြားများကို သိက္ခာပုဒ်ထောက်ထား၍ ဖြေဆိုပြီးလျှင် သကသညာစိတ်ဖြင့်ပေးပြီး သင်္ကန်းကိုပြန်လုယူသောရဟန်းအား သင့်သောအာပတ်ကို သိက္ခာပုဒ်ထောက်၍ဖော်ပြပါ။ (လတ်၊ ၅၀-ခု)

ဖြေ ။ သိုးမွေးခင်းအသစ်ပြုလုပ်သောရဟန်းသည် သုဒ္ဓကာဠကသိက္ခာပုဒ်အရ အမည်းသက်သက် သိုးမွေးနှစ်ဖို့ကိုလည်းကောင်း၊ အဖြူသိုးမွေးသုံးခုမြောက်သောတစ်ဖို့ကိုလည်းကောင်း၊ ကြောင်သောသိုးမွေးလေးခုမြောက်သောတစ်ဖို့ကိုလည်း [illegible]ယူ၍ ပြုလုပ်ရမည်။

http://www.dhammadownload.com



နှစ်အပိုင်းအခြား

ဆဗ္ဗသသိက္ခာပုဒ်အရ ၆ နှစ် သုံးဆောင်ရမည်။

သင့်သောအာပတ်နှင့်သိက္ခာပုဒ်

စိဝရအစ္ဆိန္နနသိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ်အာပတ်သင့်သည်။

**မေး ။ နိဿဂ္ဂိပါစိတ်ဒွေဘာဂသိက္ခာပုဒ်နှင့် သုဒ္ဓပါစိတ် မဟာနာမသိက္ခာပုဒ်တို့၌ ဘုရားရှင်ခွင့်ပြုတော်မူလိုရင်း၊ ပယ်မြစ်တော်မူလိုရင်းတို့ကို သိသာအောင်ဖော်ပြပါ။**

ဒွေဘာဂသိက္ခာပုဒ်၌ ခွင့်ပြုတော်မူလိုရင်း

ဖြေ ။ အနက်ရောင်ရှိ သိုးမွေး ၂ ဆ၊ အဖြူရောင်ရှိ သိုးမွေး ၁ ဆ၊ ကြောင်သောအဆင်းရှိ သိုးမွေး ၁ ဆ ဖြစ်ပါသည်။

ပယ်မြစ်တော်မူလိုရင်း

အနက်ရောင်ရှိ သိုးမွေး ၂ ဆထက် ပိုလွန်ခြင်းဖြစ်ပါသည်။

မဟာနာမသိက္ခာပုဒ်၌ ခွင့်ပြုတော်မူလိုရင်း

သံဃာအတွက် ဆေးပစ္စည်းဖြင့်ဖိတ်ရာ၌ ၄ လပတ်လုံးဖိတ်ခြင်း၊ နောက်ထပ် ဖိတ်ခြင်း၊ အမြဲဖိတ်ခြင်းတို့ဖြစ်ပါသည်။

ပယ်မြစ်တော်မူလိုရင်း

ဒါယကာက သတ်မှတ်ထားသောညဉ့်အပိုင်းအခြား၊ ဆေးအပိုင်းအခြားထက် ပိုလွန်ခြင်းဖြစ်ပါသည်။

**မေး ။ (၄) ပိဿာရှိ သိုးမွေးအခင်းသစ်ကို ချုပ်လိုက သိုးမွေးနက်၊ ဖြူ၊ ကြောင် ဘယ်မျှပြုလုပ်ရမည်ဟူသောသာဓကပါဠိဖြင့် ဖြေဆိုပါ။**

ဖြေ ။ (၄) ပိဿာရှိ သိုးမွေးအခင်းသစ်ကို ချုပ်လိုပါက အမည်းသက်သက် (၂) ပိဿာ၊ အဖြူ (၁) ပိဿာ၊ အကြောင် (၁) ပိဿာ ပြုလုပ်ရပါမည်။

သာဓကပါဠိ။ ဒွေဘာဂါသုဒ္ဓကာဠကာနံ။ ပ။ စတုတ္ထံဂေါစရိယာနံ။

**မေး ။ သိုးမွေးအခင်းသစ်ပြုလုပ်လိုပါက သိုးမွေးအရောင်ကိုလိုက်၍ ထည့်ရမည့်အချိုးအစားကို ပေါ်လွင်အောင်ရေးပြပါ။ (ကြီး၊ ၅၅-ခု)**

**❖ သိုးမွေးအခင်းသစ်ပြုလုပ်လိုသောရဟန်းသည် အပြစ်လွတ်အောင် မည်သို့မည်ပုံ ပြုလုပ်ရမည်နည်း၊ ဘုရားရှင်ပညတ်တော်မူသည့်အတိုင်း ရှင်းလင်းဖြေဆိုပါ။ (လတ်၊ ၄၇-ခု)**

ဖြေ ။ သိုးမွေးအခင်းသစ်ပြုစေလိုသောရဟန်းသည် -

(၁) အမည်းသက်သက်သိုးမွေးနှစ်ဖို့၊

http://www.dhammadownload.com



(၂) အဖြူသိုးမွေးသုံးခုမြောက်သောတစ်ဖို့
(၃) ကြောင်သောသိုးမွေးလေးခုမြောက်သောတစ်ဖို့ ဤအချိုးအစား အတိုင်းယူ၍ ပြုလုပ်ရမည်။

မေး ။ ဗုဒ္ဓမြတ်စွာသာသနာတော်၌ ပစ္စည်းများကို ရိုရိုသေသေ ချွေချွေတာတာ သုံးစွဲရပုံကို လူအများနားလည်အောင် ပတ္တဝဂ်၊ နိဿဂ္ဂိယ သိက္ခာပုဒ်များကိုကိုးကား၍ ရေးသားတင်ပြခဲ့ပါ။ (ကြီး၊ ၅၆-ခု)

ဖြေ ။ ၁။ ဥဒေါသိတသိက္ခာပုဒ်၊ သာသက်သိက္ခာပုဒ်တို့အရ သင်္ကန်းနှင့် ကင်းကွာ၍မနေရန် ပညတ်ချက်ကိုထောက်၍ မိမိပစ္စည်းနှင့် မေ့မေ့ လျော့လျော့ကင်းကွာ၍ မနေရခြင်း၊
၂။ ဆဗ္ဗဿသိက္ခာပုဒ်အရ အခင်းသစ်ပြုလုပ်ပြီးနောက် အနည်းဆုံး ၆ နှစ်သုံးစွဲရန် ပညတ်ထားသည်ကိုထောက်၍ ပစ္စည်းကို ရိုရိုသေသေ ကြာရှည်စွာသုံးစွဲရခြင်း စသည်တို့ဖြစ်ပါသည်။

မေး ။ "ပြုလိုလျှင်အရောင်ပြုပြီးလျှင်ဆောင်" ဟု အဆိုရှိရာ သိုးမွေးအခင်းကို ပြုလုပ်လိုသောရဟန်းနှင့် ပြုလုပ်ပြီးသောရဟန်းတို့ အသီးသီး သတိပြုလိုက်နာရမည့် စည်းမျဉ်းဥပဒေကိုဖော်ပြ၍ နောက်မှ ပင့်ဖိတ် သောဒါယကာ၏ ဆွမ်းဘောဇဉ်ကို ဘုဉ်းပေးသုံးဆောင်သောရဟန်း၏ အပြစ်လွတ်ရာအခါတို့ကိုလည်း ပါဠိ၊ မြန်မာ နှစ်ဘာသာဖြင့် ဖြေဆိုပါ။ (ကြီး၊ ၆၁-ခု)

ဖြေ ။ ထင်ရှားပြီ။

မေး ။ သိုးမွေးအခင်းသစ်ပြုလုပ်ပြီးမြောက်သောရဟန်းအား သုံးဆောင်ခွင့်ရှိသော နှစ်အပိုင်းအခြားကိုဖော်ပြသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက် ရေးပါ။

❖ အခင်းသစ်ကို (၆) နှစ်ပတ်လုံး သုံးဆောင်ရမည်ဟု ပညတ်ထားသော သိက္ခာပုဒ်ကို ရေးပါ။

ဖြေ ။ ဆဗ္ဗဿသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုပါတိမောက် နိဿဂ္ဂိပါစိတ်၊ နိသီဒိုင် အခင်းပြုလုပ်ပုံပြ ပြုလုပ်နည်းသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ နိသီဒိုင်အခင်းပြုလုပ်လိုသောရဟန်းတော်များ လိုက်နာရမည့် စည်းကမ်းချက်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

http://www.dhammadownload.com



❖ ပမာဏကိုလွန်စေလျက် နိသိဒိုင်အခင်းကို ပြုလုပ်သောရဟန်းအား အာပတ်သင့်စေဟုပညတ်အပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ နိသီဒနသန္တတသိက္ခာပုဒ်ကိုရေးလေ။

မေး ။ နိသီဒိုင်ပြုလုပ်လိုသောရဟန်း လိုက်နာရမည့်ကျင့်ဝတ်တို့ကို ပြည့်စုံစွာ ဖော်ပြ၍ ထိုကျင့်ဝတ်ကို မလိုက်နာခဲ့သော် သင့်ရောက် မည့်အပြစ်တို့ ကိုလည်း တိကျစွာဖြေဆိုခဲ့ပါ။

❖ နိသီဒိုင်အခင်းသစ်ကိုပြုလုပ်လိုသောရဟန်း၏ ပြုလုပ်ရမည့် အစီအစဉ်ကို ပါဠိတော်လာအတိုင်း ပေါ်လွင်ထင်ရှားအောင် ရေးသား၍၊ ယင်းအစီအရင်ကို မလိုက်နာပါက သင့်နိုင်မည့် အာပတ်ကိုလည်း သိက္ခာပုဒ်ညွှန်၍ ဖော်ပြခဲ့ပါ။ (လတ်၊ ၄၀-ခု)

❖ နိသီဒိုင်အခင်းသစ်ကိုပြုလုပ်လိုသောရဟန်းသည် မည်ကဲ့သို့ မည်သည့် ပမာဏပြုလုပ်ရမည်ကို ဘုရားရှင်ပညတ်တော်မူသည့်အတိုင်း ရှင်းလင်းဖြေဆိုပါ။

❖ အညာတကဝိညတ္တိသိက္ခာပုဒ်လာ ဆွေမျိုးမတော်သော ဒါယကာထံ သက်န်းတောင်းသင့်ရာအခါတို့ကိုဖော်ပြ၍၊ နိသီဒိုင်အခင်းသစ် ပြုလုပ် လိုသောရဟန်းသည် အခင်းဟောင်းမှ အဘယ်အကျိုးငှာ အဘယ် မျှလောက် ဖြတ်ယူရမည်ကိုလည်းဖော်ပြပါ။ (ငယ်၊ ၅၉-ခု)

ဖြေ ။ နိသီဒိုင်အခင်းသစ်ပြုလုပ်လိုသောရဟန်းသည် အခင်းဟောင်း၏ ထက်ဝန်းကျင်မှ မြတ်စွာဘုရား၏လက်သန်းထွာပမာဏဖြစ်သော အရပ်ကိုဖြတ်၍ယူပြီးလျှင် အဆင်းပျက်စီးအောင်ပြုခြင်းငှာ အခင်းသစ် ၌စပ်၍ပြုလုပ်ရမည်။

နိသီဒနသန္တတသိက္ခာပုဒ်အရ - နိဿဂ္ဂိပါစိတ်အာပတ်သင့်ပါသည်။

မေး ။ ခရီးသွားသောရဟန်းတော်များ သိုးမွေးဖြစ်ပေါ်လာရာဝယ်ဆောင် ယူသင့်ရာ အတိုင်းအတာကို ညွှန်ပြသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက် ရေးပါ။

ဖြေ ။ ဧဠကလောမသိက္ခာပုဒ်ကို ရေးလေ။

မေး ။ ရဟန်းအား သိုးမွေးဖြစ်ပေါ်လာရာ ဆောင်သင့်ရာ ခရီးအတိုင်း အတာကို ဆောင်ယူသူရှိ၊ မရှိအားဖြင့် ခွဲခြားဖြေဆို၍ သင်္ကန်း အကောင်းစားကို ရလိုသောရဟန်း၏။ ရက်ကန်းသည်တို့ထံ သွား ရောက်စီမံကိုလည်း ပြည့်စုံစွာရေးသားပါ။ (ကြီး၊ ၅၃-ခု)

http://www.dhammadownload.com



❖ ရဟန်းတော်များအနေဖြင့် သိုးမွေးနှင့်ပတ်သက်၍ ရဟန်းမိန်းမများအား မပြုလုပ်ခိုင်းသင့်သော အချက်အလက်များကို ဖြေဆိုပြပါ။

ဖြေ ။ ဆောင်သင့်ရာခရီးအတိုင်းအတာ
ဆောင်ယူမည့်သူမရှိလျှင် သုံးယူဇနာအတွင်းသာ ဆောင်ယူသင့်သည်၊ ဆောင်ယူမည့်သူရှိရာ၌ကား သုံးယူဇနာထက်ပိုသော်လည်း အပြစ်မရှိ။

စိမ်ပုံ

ဒါယကာတို့ ငါ့ကိုရည်ရွယ်ပြီး ဤသက်န်းကိုရက်အပ်သည်။ အလျားရှည်သည်ကိုလည်းကောင်း၊ အနံပြန့်သည်ကိုလည်းကောင်း၊ ပိတ်ပိတ်သဲသဲတခဲနက်ထူသည်ကိုလည်းကောင်း၊ ကောင်းစွာရက်အပ်သည်ကိုလည်းကောင်း၊ ကောင်းစွာ ပြန့်ခြင်းအပ်သည်ကိုလည်းကောင်း၊ ကောင်းစွာ နယ်ဖြင့်ကန့်အပ်သည်ကိုလည်းကောင်း၊ ကောင်းစွာဘီးဖြင့် ဖီးအပ်သည်ကိုလည်းကောင်း ပြုကြကုန်လော့။
ငါတို့ကလည်း တစ်စုံတစ်ခု စိုးစဉ်းအံနည်းငယ်မျှကို သင်တို့အားပေးနိုင်တန်ကောင်းပါရဲ့ဟု ပြော၍ စီရင်သည်။

မေး ။ နိဿဂ္ဂိကောသိယဝဂ်၊ နိသီဒနသန္ထတ သိက္ခာပုဒ်လာ "နိသီဒိုင်" နှင့် ပါစိတ် ရတနဝဂ် နိသီဒနသိက္ခာပုဒ်လာ "နိသီဒိုင်" တို့ထူးခြားမှု ရှိ၊ မရှိအကြောင်းနှင့်တကွ ဖော်ပြပါ။ (လတ်၊ ၅၃-ခု)

ဖြေ ။ ကောသိယဝဂ်၊ နိသီဒနသိက္ခာပုဒ်လာ နိသီဒနဟူသည် သက်န်း (၉)ထည်တွင် မပါဝင်၊ အတိုင်းအရှည် ပမာဏမရှိ၊ မရက်ဘဲခင်း၍ ပြုလုပ်အပ်၏။ အဓိဋ္ဌာန်မတင်၊ ဝိကပ္ပနာမပြုဘဲ သုံးစွဲနိုင်ပါသည်။
ရတနဝဂ်လာ နိသီဒနသိက္ခာပုဒ်လာ နိသီဒနဟူသည် - သက်န်း (၉) ထည်တွင် ပါဝင်၏။ အတိုင်းအရှည်ပမာဏလည်းရှိ၏။ ယက်ကန်း၌ ရက်အပ်သော အဝတ်လည်းဖြစ်၏။ အဓိဋ္ဌာန်တင် ဝိကပ္ပနာပြု၍ သုံးဆောင်ရသည်။ ဤသို့ထူးပါသည်။

မေး ။ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်၌ပါစိတ် အာပတ်တစ်ထောင်သင့်နိုင်သော သိက္ခာပုဒ်ကို ပါဠိအနက်ရေးခဲ့ပါ။

❖ ဆွေမျိုးမတော်စပ်သော ရဟန်းမကို သိုးမွေးတို့ကို ဖွပ်၊ ဆိုး၊ ဖြေခိုင်းသောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိအနက်ရေးခဲ့ပါ။

ဖြေ ။ ဧဠကလောမဓောဝါ ပန သိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဆွေမျိုးမတော်သော ဘိက္ခုနီမအား ဖွတ်လျှော်ခိုင်းမှုနှင့်စပ်လျဉ်း၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့ကို ပါဠိ၊ အနက်ရေးပါ။

http://www.dhammadownload.com



ဖြေ ။ ပုရာဏစီဝရ၊ ငွေကလောမဓောဝါပန သိက္ခာပုဒ်တို့ကိုရေးပါ။

မေး ။ ရွှေ ငွေကို ခံယူခြင်း၌သာယာသော ရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သုဒ္ဓပါစိတ်၊ ရတနဝဂ် ရတနသိက္ခာပုဒ်၏ အနုပညတ်သဖွယ်ဖြစ်သော သိက္ခာပုဒ်ကို ပါဠိအနက်ရေးပါ။

ဖြေ ။ ရူပိယသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ရူပိယသိက္ခာပုဒ်လာ "ဥပနိက္ခိတ္တံ ဝါသာဒိယေယျ" အရ ရွှေငွေကို လှူသည့်အခါ စိတ်ထဲ၌ သာယာနေလျှင် အာပတ်သင့်သည်ဟု ဆိုရာ၌ "မနောဒွါရေ အာပတ္တိ နာမ နတ္ထိ" ဟူသော အဋ္ဌကထာနှင့် မဆန့်ကျင်အောင် အဘယ်သို့ယူရမည်နည်း၊ ရှင်းလင်းဖော်ပြပါ။ (ကြီး၊၃၆-ခု)

ဖြေ ။ ဥပနိက္ခိတ္တံ ဝါသာဒိယေယျဟု ဆိုသော်လည်း စိတ်ထဲ၌သာယာရုံမျှဖြင့် အာပတ်သင့်သည်မဟုတ်၊ ကိုယ်နှုတ်ဖြင့် ပယ်ရှားတားမြစ်ရမည်ကို မပယ်မြစ်ခြင်းကြောင့် အာပတ်သင့်သည်ဖြစ်၍ "မနောဒွါရေ အာပတ္တိ နာမ နတ္ထိ" ဟူသော စကားနှင့် မဆန့်ကျင်ပါ။

မေး ။ သက်နိုးရောင်းစားသော ရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ အနက်ရေးပါ။

❖ "ဤသက်နိုးဖိုးကိုယူ၍ စာအုပ်ကိုပေးပါ" ဟု ဈေးသည်နှင့် လဲလှယ်သော ရဟန်းအား သင့်ရောက်သောအပြစ်ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ရူပိယသံဝေါဟာရ သိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဇာတရူပသိက္ခာပုဒ်နှင့် ရူပိယသံဝေါဟာရ သိက္ခာပုဒ်တို့၏ ခြားနားချက်ကို ဖော်ပြပြီးလျှင်၊ ရူပိယသံဝေါဟာရ သိက္ခာပုဒ်အရ လဲလှယ်ရာ၌ ဝတ္ထုအလိုက် အာပတ်သင့်ပုံကိုလည်း ခွဲခြားပြပါ။ (ကြီး၊ ၃၁-ခု)

ဖြေ ။ ဇာတရူပသိက္ခာပုဒ်သည် ရွှေ ငွေအတုံးအခဲနှင့် ဒင်္ဂါး ပိုက်ဆံဟူသော နိဿဂ္ဂိယဝတ္ထု၊ အခြား ရတနာအမျိုးမျိုးဟူသော ဒုက္ကဋဝတ္ထုများကို ခံယူခြင်းမှ တားမြစ်သည်။ ရူပိယသံဝေါဟာရသိက္ခာပုဒ်သည် ထို နိဿဂ္ဂိယဝတ္ထု ဒုက္ကဋဝတ္ထုနှင့် အခြားဝတ္ထုကို လဲလှယ်ခြင်းမှ တားမြစ်သည်။ ဤသို့ထူးပါသည်။

ဝတ္ထုအလိုက် အာပတ်သင့်ပုံ

ဒုက္ကဋဝတ္ထုဖြင့် ဒုက္ကဋဝတ္ထု၊ ကပ္ပိယဝတ္ထုကိုလည်းကောင်း၊
ကပ္ပိယဝတ္ထုဖြင့် ဒုက္ကဋဝတ္ထုကိုလည်းကောင်း လဲလှယ်က ဒုက္ကဋ်။

http://www.dhammadownload.com



နိဿဂ္ဂိယဝတ္ထုဖြင့် နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋဝတ္ထု၊ ကပ္ပိယဝတ္ထုကိုလည်းကောင်း၊ ကပ္ပိယဝတ္ထု ဒုက္ကဋဝတ္ထုတို့ဖြင့် နိဿဂ္ဂိယဝတ္ထုကိုလည်းကောင်း လဲလှယ်က နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်။

မေး ။ ရဟန်းတော်များ သံဃာဒိသေသ်အာပတ်နှင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်လျှင် အဘယ်သို့ကုစားရသည်ကို ပါတိမောက်လာအတိုင်း အသီးသီးဖော်ပြပါ။ (လတ်၊ ၃၀-ခု)

ဖြေ ။ (၁) နိဿဂ္ဂိပစ္စည်းကို စွန့်ရမည်။ (၂) အာပတ်ကိုဒေသနာကြားရမည်။

**မေး ။ မိမိ၏အပ်စပ်သော သက်နှင်း နှင့် အခြားသိတင်းသုံးဖော် တစ်ယောက်၏ နိဿဂ္ဂိထိုက်သော ဘိနပ်ကို လဲလှယ်ရာ ဝတ္ထုနှစ်မျိုးလုံး အပ်၊ မအပ် ဝေဖန်စိစစ်၍ ဝိနိစ္ဆယချခဲ့ပါ။**

ဖြေ ။ မိမိ၏အပ်စပ်သော သက်နှင်းနှင့် အခြားသိတင်းသုံးဖော်တစ်ယောက် ၏ နိဿဂ္ဂိထိုက်သောဖိနပ်ကို လဲလှယ်ပါက ဝတ္ထုနှစ်မျိုးလုံး မအပ်ပါ။ အကြောင်းကား - ရူပိယသံဝေါဟာရ သိက္ခာပုဒ်က နိဿဂ္ဂိဝတ္ထုနှင့် ဒုက္ကဋ်ဝတ္ထုလဲလှယ်ခြင်းကို တားမြစ်ထားသောကြောင့်တည်း။

မေး ။ ကူးသန်းရောင်းဝယ်ရေးပြုလုပ်သော ရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိအနက်ရေးပါ။

❖ ခဝါသည်ထံမှ တက်ထရွန်သက်နှင်းနှင့် မိမိပိုင်နှစ်ထပ် (ဒုကုဋ်) သက်နှင်းကို ကိုယ်တိုင်လဲလှယ်သော ရဟန်းအား သင့်ရောက်သော အပြစ်ကိုပြဆိုသည့် သိက္ခာပုဒ်ကို ပါဠိအနက်ရေးပါ။

❖ ကပ္ပိယဘဏ္ဍာပစ္စည်းကို ရောင်းဝယ်သော ရဟန်းအား သင့်ရောက်မည့်အပြစ်ကို ပြဆိုသည့်သိက္ခာပုဒ်ကို ပါဠိအနက်ရေးပါ။

❖ ကျောက်စိမ်းမှောင်ခိုဖြင့် ကူးသန်းရောင်းဝယ်ရေးကို အကောင်အထည်ဖော်နေသည့် ရဟန်းတော်များအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိအနက်ရေးပါ။

❖ ကပ္ပိယဝတ္ထုကို ရောင်းဝယ်၊ လဲလှယ်မှုပြုလုပ်သော ရဟန်းအား သင့်ရောက်သော အပြစ်ကိုပြဆိုသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ကပ္ပိယဝတ္ထုများကို လူ စသူများနှင့် လဲလှယ်ခြင်းကြောင့် အပြစ်သင့်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးသားပါ။ (ကြီး၊ ၆၀-ခု)

ဖြေ ။ ကယဝိက္ကယ သိက္ခာပုဒ်ကိုရေးလေ။

http://www.dhammadownload.com



မေး ။ ကောသိယဝဂ် (ငွေကလောမဝဂ်) နဝမ၊ ဒသမသိက္ခာပုဒ်တို့၌ ပါသော နာနာပ္ပကာရ ၂ ခုအထူးကိုရေးခဲ့ပါ။

ဖြေ ။ နဝမသိက္ခာပုဒ်၌ ပုတီး၊ နားကပ်စသော အဆင်းတန်ဆာပြုလုပ်အပ်ပြီးသော ရွှေ ငွေ မပြုလုပ်ရသေးသော ရွှေ ငွေ၊ ထို ၂ မျိုးလုံးပါဝင်သော ရွှေ ငွေဟူသော အထူးထူးအပြားပြားများစွာသော ရွှေ ငွေနှင့် ထို ရွှေ ငွေကို လဲလှယ်ရောင်းဝယ်ခြင်းသည် နာနပ္ပကာရမည်၏။

ဒသမသိက္ခာပုဒ်၌ သင်္ကန်းစသော အပ်စပ်သော ဘဏ္ဍာအမျိုးမျိုးနှင့် ထို အပ်စပ်သော ဘဏ္ဍာအမျိုးမျိုးကို လဲလှယ်ရောင်းဝယ်ခြင်းသည် နာနပ္ပကာရမည်၏။ ဤသို့ထူးပါသည်။

မေး ။ ကယဝိက္ကယသိက္ခာပုဒ်အရ မအပ်သော လဲလှယ်ပုံ၊ လဲလှယ်နည်းကို ဖော်ပြ၍ ခဝါသည်ထံမှ ပစ္စည်းကိုလဲလှယ်လိုသော ငါ့ရှင် သည် ကယဝိက္ကယသိက္ခာပုဒ်လွတ်အောင် မည်ကဲ့သို့ လဲလှယ်ပါ မည်နည်း၊ လဲလှယ်ပုံနည်းလမ်းညွှန်ပြပါ။

## မအပ်သော လဲလှယ်ပုံ လဲလှယ်နည်း

ဖြေ ။ ဤသင်္ကန်းဖြင့် ထိုသပိတ်ကိုပေးပါ။ ဤသင်္ကန်းဖြင့် ထိုသပိတ်ကို ဆောင်ခဲ့ပါ။ ဤသင်္ကန်းဖြင့် ထိုသပိတ်ကို လဲလှယ်ခဲ့ပါ။ ဤသင်္ကန်းဖြင့် ထို သပိတ်ကို ဝယ်ခဲ့ပါဟု ပြောဆို၍ လဲလှယ်နည်းသည် မအပ်သော လဲလှယ်နည်းဖြစ်သည်။

## လဲလှယ်ပုံနည်းလမ်း

"ငါ့မှာ သင်္ကန်းရှိသည်၊ ဤသင်္ကန်းကို ငါအလိုမရှိ၊ သပိတ်ကိုသာ အလိုရှိသည်" ဟု ပြောဆို၍ လဲလှယ်ပါမည်။ ထိုသို့လဲလှယ်လျှင် ကယဝိက္ကယ သိက္ခာပုဒ်လွတ်ပါသည်။

မေး ။ ဒုဋ္ဌဒေါသသိက္ခာပုဒ်လာ အနုဒ္ဓသနာကာရပါဠ်ကို ဖြေဆို၍ ရူပိယသံဝေါဟာရသိက္ခာပုဒ်နှင့် ကယဝိက္ကယသိက္ခာပုဒ်လာ နာနပ္ပကာရ နှစ်ခုတို့၏ အထူးကိုလည်းဖော်ပြပါ။ (ငယ်၊ ၃၇-ခု)

ဖြေ ။ ရူပိယသံဝေါဟာရ သိက္ခာပုဒ်၌ ခုတ်လုပ်ပြီး မခုတ်လုပ်သေးသော ရွှေငွေ စသည်တို့၏အစွမ်းဖြင့် အထူးထူးအပြားပြား များစွာသော အကပ္ပိယဘဏ္ဍာ။

ကယဝိက္ကယသိက္ခာပုဒ်၌ သင်္ကန်းစသော ကပ္ပိယဘဏ္ဍာအားဖြင့် များစွာသောဝတ္ထု။ ဤသို့ထူးပါသည်။

http://www.dhammadownload.com



မေး ။ ကယဝိက္ကယသိက္ခာပုဒ်အရ အင်္ဂါ လဲလှယ်ပုံ၊ လဲလှယ်နည်းကို ဖော်ပြပါ။

ဖြေ ။ ဈေးသည်စသော ဥစ္စာရှင်မှတစ်ပါး သူ၏သား၊ သမီး၊ ညီ စသူကိုပင် ကပ္ပိယကာရကလုပ်ခိုင်း၍ "ဤသက်န်းဖြင့် သပိတ်ကိုလဲပေးစမ်းပါ" ဟု ပြောကောင်းပါသည်။

ကျောင်းသားကပ္ပိယမရှိလျှင် မိမိကိုယ်တိုင် ဈေးဆိုင်သို့သွား၍ "ငါ့မှာ သက်န်းရှိသည်၊ ဤသက်န်းကို ငါအလိုမရှိ သပိတ်ကိုသာ အလိုရှိသည်" ဟု ပြောဆို၍ လဲယူကောင်းပါသည်။

မေး ။ ဘိက္ခုပါတိမောက် နိဿဂ္ဂိပါစိတ် သိက္ခာပုဒ် (၃၀) တို့တွင် (က) သံဃာအလယ်၌ စွန့်ရမည့်သိက္ခာပုဒ် (ခ) သံဃ + ဂဏ + ပုဂ္ဂလ ဤသုံးဝတွင် စွန့်ရသော သိက္ခာပုဒ်တို့ကို ဖော်ပြခဲ့ပါ။

ဖြေ ။ (က) ၁။ ရူပိယသိက္ခာပုဒ် ၂။ ရူပိယသံဝေါဟာရသိက္ခာပုဒ် ၃။ ဦန ပဉ္စဗန္ဓနသိက္ခာပုဒ်။

(ခ) ကြွင်းသော သိက္ခာပုဒ် (၂၇) ပုဒ်တို့ဖြစ်ပါသည်။

**ကောသိယဝဂ်ဆိုင်ရာအခါပြွယ်ပြီး၏။**

http://www.dhammadownload.com



# ပတ္တဝဂ်ဆိုင်ရာအစီပွါယ်

မေး ။ အဓိဋ္ဌာန်၊ ဝိကပ္ပနာ မပြုဘဲသပိတ်ကို (၁၀) ရက်လွန်အောင် သိမ်းဆည်းမှုကြောင့် အပြစ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပတ္တသိက္ခာပုဒ်ကိုရေးလေ။

မေး ။ အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ (၁၀) ရက်ထက် ပိုမထားကောင်းသော ရဟန်း၏ အသုံးဆောင်တို့ကို ဆိုင်ရာသိက္ခာပုဒ်နှင့် တွဲစပ်ဖော်ပြပါ။

ဖြေ ။ ၁။ သင်္ကန်း ＝ ကထိနသိက္ခာပုဒ်၊
၂။ သပိတ် ＝ ပတ္တသိက္ခာပုဒ်၊

မေး ။ ရဟန်းပရိက္ခရာ ရှစ်ပါးတွင်ပါဝင်သော သပိတ်နှင့်ပတ်သက်၍ ဘုရားရှင် ပညတ်တော်မူချက်ပြ သိက္ခာပုဒ်တို့ကို ပါဠိ၊ အနက်ရေးပြပါ။

ဖြေ ။ ပတ္တသိက္ခာပုဒ်နှင့် ဦနပဉ္စဗန္ဓနသိက္ခာပုဒ်တို့ကိုရေးလေ။

မေး ။ ဘိက္ခုပါတိမောက်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်၌ နိဿဂ္ဂိပါစိတ် အာပတ်တစ်ရာသင့်နိုင်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

❖ အဓိဋ္ဌာန်၊ ဝိကပ္ပနာလောက်သော သပိတ်ကိုပိုင်ဆိုင်ထားပါလျှက် သပိတ်အသစ် အလှူခံသော ရဟန်းအား ဝိနည်းဓမ္မကံအရ အရေးယူပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

❖ သပိတ်အဟောင်းငါးဖွဲ့မပြည့်သေးဘဲ သပိတ်အသစ်ကို တောင်းမိသောရဟန်းအား သင့်ရောက်သည့် အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဦနပဉ္စဗန္ဓနသိက္ခာပုဒ်ကို ရေးလေ။

မေး ။ သပိတ်တောင်းသော ရဟန်း သပိတ်စွန့်ရာ၌ ပြုကျင့်ရမည့် ဝတ်ပြပါဠ်ကို အနက်ယောဇနာပါ။

ဖြေ ။ တေနဘိက္ခုနာသောပတ္တော။ ပ။ အယံတတ္ထသာမိစိ။ ကို အနက်ရေးလေ။

မေး ။ အဓိဋ္ဌာန် ဝိကပ္ပနာလောက်သောသပိတ်ကို ပိုင်ဆိုင်ထားပါလျှက် သပိတ်အသစ် အလှူခံသော ရဟန်းအား ဝိနည်းဓမ္မကံအရ အရေးယူပုံကို စုံလင်စွာရေးပြပါ။ (လတ်၊ ၄၈-၃)

❖ သပိတ်တောင်းသော ရဟန်း သပိတ်ကိုစွန့်ရာ၌ ပြုကျင့်ရမည့် တာဝန်ဝတ္တရားများကိုရေးပါ။

http://www.dhammadownload.com



ဖြေ ။ ဘိက္ခုပရိသတ်၌ နိဿဂ္ဂိသပိတ်ကို စွန့်ရခြင်း၊ ထိုစွန့်အပ်ပြီးသော သပိတ်ကို မထေရ်ကြီးမှစ၍ ဆင့်ကာဆင့်ကာ အလိုရှိသူ ရဟန်းယူစေလိုခြင်း၊ သံဃာအားလုံး မလိုချင်၍ကျန်နေသော သပိတ်ကိုမှ ထိုရဟန်းအား "ကွဲသည့်တိုင်အောင် ဆောင်ရမည်" ဟုပြော၍ ပေးရခြင်းသည်။ ငါးဖွဲ့ မပြည့်သေးဘဲ သပိတ်အသစ်ကိုတောင်းရာ၌ လောကဝဇ္ဇရာ တရားအားလျော်သောကျင့်ဝတ်တည်း။

**မေး ။ နဝံ ပတ္တံ စေတာပေယျအရ - ဉာတိ ပဝါရိတသပိတ်သစ်ကို တောင်းလျှင် အပ်၊ မအပ် ဖော်ပြပြီးလျှင် ယင်းသပိတ်သစ်ကို အဓိဋ္ဌာန်မပြု မတင်ဘဲ ဝိနည်းအပြစ်လွတ်အောင် မည်ကဲ့သို့ပြုထားလျှင် ရနိုင်သည်ကိုလည်း ထုတ်ဖော်ညွှန်ပြပါ။**

ဖြေ ။ ဉာတိ၊ ပဝါရိတ ထံ သပိတ်သစ်တောင်းလျှင် အပ်ပါသည်။ ထို သပိတ်ကို ၁၀ ရက်အတွင်း အဓိဋ္ဌာန်မတင်ဘဲ ဝိကပ္ပနာပြုထားလျှင် ဝိနည်းအပြစ်လွတ်ပါသည်။

**မေး ။ အမျိုးမတော်၊ မဖိတ်ကြားသူတို့ထံ သပိတ်မတောင်းယူနိုင်သောအခါ တောင်းယူနိုင်သောအခါတို့ကို ခွဲခြားဖြေဆိုပါ။**

**သပိတ်မတောင်းယူနိုင်သောအခါ -**

ဖြေ ။ ငါးဖွဲ့မပြည့်သေးသောအခါ ဖြစ်သည်။

**သပိတ်တောင်းယူနိုင်သောအခါ -**

ငါးဖွဲ့၊ ငါးဖွဲ့ထက်သာလွန်သော သပိတ်ရှိသောအခါ ဖြစ်သည်။

**မေး ။ ဘိက္ခုနီ သံဃာဒိသေသ်သိက္ခာပုဒ်တို့တွင် "ယာဝတတိယက သိက္ခာပုဒ်များကိုသာ ရေတွက်ဖော်ပြပြီးလျှင်၊ ဘိက္ခုနိဿဂ္ဂိ ပတ္တ သိက္ခာပုဒ်နှင့် ဘိက္ခုနီနိဿဂ္ဂိ ပတ္တသန္နိစယသိက္ခာပုဒ်တို့၏ အထူးကိုလည်းဖော်ပြပါ။ (ကြီး၊ ၅၀-ခု)**

ဖြေ ။ ဘိက္ခုနိဿဂ္ဂိပါစိတ်၊ ပတ္တသိက္ခာပုဒ်က သပိတ်အသစ်ကို အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ ဆယ်ရက်ထက်လွန်ပြီး ထားခြင်းကြောင့် နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်။

ဘိက္ခုနီနိဿဂ္ဂိပါစိတ်၊ ပတ္တသန္နိစယသိက္ခာပုဒ်က သပိတ်အသစ်ကို အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ တစ်ညဉ့်မျှလွန်ပြီးထားခြင်းကြောင့် နိဿဂ္ဂိ ပါစိတ်အာပတ်သင့်သည်။ ဤသို့ထူးပါသည်။

**မေး ။ ခုနစ်ရက်အတွင်း သုံးဆောင်ကောင်းသော ဆေးပစ္စည်းများအတွက် ခွင့်ပြုချက်ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။**

http://www.dhammadownload.com



❖ သာသနာတော်၌ ကျန်းမာရေးအတွက် အသုံးပြုရမည့် ဆေးပစ္စည်းများကို ဖော်ပြပါသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

❖ ဘိက္ခုပါတိမောက်၊ နိဿဂ္ဂိပါစိတ် ပတ္တဝဂ်လာ သတ္တာဟကာလိကပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

ဖြေ ။ ဘေသဇ္ဇသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဓိဓိသန္တာန်၌ ထင်ရှားမရှိသော တရားထူးကို ပြောကြားပါလျက် အပြစ်မှ ကင်းလွတ်သောရဟန်းကို သာဓကပြကာ ဖြေဆိုပြီးလျှင်၊ ကာလအပိုင်းအခြားဖြင့် သန္နိဓိပြုနိုင်ခွင့်ရှိသော ပစ္စည်းစာရင်းတို့ကိုလည်း ကာလနှင့်တကွ ဖော်ထုတ်ပြပါ။ (အညတြအဓိမာနာ-ကို ထောက်ဖြေလေ)။

❖ ဂိလာနရဟန်းများ အကပ်ခံ၍ ၇-ရက်တိုင်တိုင် သုံးဆောင်ကောင်းသော ဆေးဝါးမျိုးလည်း ဖော်ပြပါ။ (ငယ်၊ ၃၁-ခု)

❖ မကျန်းမမာသော ဖျားနာနေသော ဂိလာနရဟန်းတော်တို့အတွက် ကာလပရိစ္ဆေဒဖြင့် လက်ခံပြီး သိမ်းဆည်းသုံးဆောင်ခွင့်ရှိသော ပစ္စည်းစာရင်းတို့ကို ပါဠိ၊ မြန်မာ နှစ်ဘာသာဖြင့် ဖြေဆိုပါ။

❖ သာသနာတော်၌ ကျန်းမာရေးအတွက် အသုံးပြုရမည့် ဆေးပစ္စည်းများကို ပါဠိ၊ မြန်မာ နှစ်ဘာသာဖြင့်ယှဉ်တွဲဖော်ပြပြီးလျှင် ယင်းဆေးပစ္စည်းများနှင့်ပတ်သက်၍ အကျိုး-အပြစ် ဖြစ်ပုံကိုလည်း စိစစ်ပြပါ။ (ငယ်၊ ၄၈-ခု)

ဖြေ ။ (၁) သပ္ပိ = ထောပတ် (၂) နဝနီတ = ဆီဦး
(၃) တေလ = ဆီ (၄) မဓု = ပျား
(၅) ဖာဏိတ = တင်လဲ။

အကျိုးအပြစ်ဖြစ်ပုံ

ယင်းဆေးပစ္စည်းတို့ကို အကပ်ခံ၍ ခုနစ်ရက်အတွင်း သုံးဆောင်လျှင် အပြစ်မဖြစ်ဘဲ လိုအပ်သောအကျိုးပြီးစီးပါသည်။ ခုနစ်ရက်ကျော်လွန်မှ သုံးဆောင်လျှင် နိဿဂ္ဂိပါစိတ်အပြစ်သင့်ပါသည်။

မေး ။ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်၌ အကြောင်းနှစ်ချက်ကြောင့် အာပတ်နှစ်ချက်သင့်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်နေ့မှစ၍ မိုးရေခံသင်္ကန်းကို ရှာဖွေဝတ်ရုံသော ရဟန်းအား အပြစ်ပြသိက္ခာပဒကို ပါဠိ၊ အနက်

http://www.dhammadownload.com


❖ မိုးလမရောက်ခင် မိုးရေခံ သင်္ကန်းချုပ် ဆိုးဝတ်မှုကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ မိုးရေခံသင်္ကန်းကို "ရှာဖွေသည်၊ ချုပ်လုပ်သည်" ထိုနှစ်ပြ သိက္ခာပုဒ်များကို ပါဠိ (အနက်) သက်သက်ရေးပါ။

ဖြေ ။ ဝဿိကသာဋိက သိက္ခာပုဒ်တို့ကိုရေးလေ။

မေး ။ ဝဿိကသာဋိက သိက္ခာပုဒ်လာ မာသနှင့် အဍ္ဎမာသတို့၏ အရကိုဖော်ပြ၍၊ ပဏီတဘောဇနောနိ၌ ပဏီတသရုပ်တို့ကိုလည်း ပြည့်စုံစွာ ထုတ်ပြခဲ့ပါ။ (လတ်၊ ၅၅-ခု)

ဖြေ ။ မာသအရ -

နယုန်လပြည့်ကျော် (၁) ရက်နေ့မှ ဝါဆိုလပြည့်အထိ (နွေဥတု အဆုံးတစ်လ)။

အဍ္ဎမာသ -

ဝါဆိုလဆန်း (၁) ရက်နေ့မှ ဝါဆိုလပြည့်အထိ (နွေဥတုအဆုံးလဝက်)

ပဏီတသရုပ် -

သပ္ပိ၊ နဝနီတ၊ တေလ၊ မဓု၊ ဖာဏိတ၊ မစ္ဆ၊ မံသ၊ ခီရ၊ ဒဓိ။

မေး ။ (က) မိုးရေခံသင်္ကန်းရှာမှီးသင့်သော ကာလအပိုင်းအခြား (ခ) မိုးရေခံသင်္ကန်းချုပ်၊ ဆိုး၊ ကပ္ပဗိန္ဒုထိုး၍ ဝတ်ရုံသင့်သော ကာလအပိုင်းအခြားကို ခွဲခြားပြခဲ့ပါ။

ဖြေ ။ (က) နယုန်လပြည့်ကျော် (၁) ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ (၅) လ၊

(ခ) ဝါဆိုလဆန်း (၁) ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ (၄) လ။

မေး ။ ဝဿိကသာဋိကသိက္ခာပုဒ်နှင့်စပ်၍ သိသင့်သော (က) ပရိယေသနခေတ်၊ (ခ) ပရိယေသနကရဏနိဝါသနခေတ် (ဂ) အပရိယေသနအကရဏ အနိဝါသနခေတ် (ဃ) အပရိယေသနခေတ်တို့ကို တိကျစွာ ပိုင်းခြားဖြေဆိုပါ။ (ကြီး၊ ၄၈-ခု)

ဖြေ ။ (က) နယုန်လပြည့်နေ့မှ လကွယ်နေ့အထိ (၁၅) ရက်။

(ခ) ဝါဆိုလဆန်း (၁) ရက်နေ့မှ လပြည့်နေ့အထိ (၁၅) ရက်။

(ဂ) ဝါဆိုလပြည့်ကျော် (၁) ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ (၄) လ။

http://www.dhammadownload.com



(ဃ) တန်ဆောင်မုန်းလပြည့်ကျော် (၁) ရက်နေ့မှ နယုန်လပြည့်နေ့ အထိ (၇) လ။

မေး ။ ဩရေနစေမာသောသေသော၊ ဩရေနမုမာသောသေသောတို့၌ "ဩရေန" နှစ်ခုတို့၏ အထူးကိုဖော်ပြပါ။

❖ မိုးရေခံသက်န်းနှင့်စပ်၍ အောက်ပါတို့၏အရများကို တိကျစွာ ကောက်ပြပါ။

(က) မာသောသေသောဂိမှာန် - ၌ မာသောအရ၊

(ခ) အဒ္ဓမာသော သေသောဂိမှာန် - ၌ အဒ္ဓမာသောအရ၊

(ဂ) ဩရေနစေမာသောသေသော ဂိမှာန်-၌ ဩရေနအရ၊

(ဃ) ဩရေနဒ္ဓမာသောသေသော ဂိမှာန် - ၌ ဩရေနအရ။

ဖြေ ။ ဩရေနစေမာသော သေသော၌ ဩရေနအရ တန်ဆောင်မုန်းလပြည့်ကျော် (၁) ရက်နေ့မှ နယုန်လပြည့်နေ့အထိ (၇) လဖြစ်ပါသည်။ ဩရေနမုမာသောသေသော၌ ဩရေနအရ နယုန်လပြည့်ကျော် (၁) ရက်နေ့မှ လကွယ်နေ့အထိ (၁၅) ရက်ဖြစ်သည်။ ဤသို့ထူးပါသည်။

မေး ။ မိုးရေခံသက်န်းကို (က) ရွာမိုးရာခေတ် (ခ) ချုပ်ဆိုးရာခေတ် (ဂ) ဝတ်ရာခေတ် (ဃ) အဓိဋ္ဌာန်တင်ရာခေတ်တို့ကို အပိုမပါ ဉာဏ်လွှာ၍ ကောက်ပြခဲ့ပါ။

ဖြေ ။ (က) နယုန်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ အထိ (၅) လ။

(ခ) ဝါဆိုလဆန်း ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၄ လခွဲ။

(ဂ) ဝါဆိုလဆန်း ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၄ လခွဲ။

(ဃ) ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၄ လ။

## ခွဲခြားမှတ်သားဖွယ်

(၁) ရှာရှဲသာရှာနိုင်သော (ပရိယေသန) ခေတ် - နယုန်လပြည့်ကျော် ၁ ရက်နေ့မှ နယုန်လကွယ်နေ့အထိ (၁၅) ရက်။

(၂) ရှာ/ချုပ်၊ ဆိုး၊ ကပ္ပဗိန္ဒုထိုး/ဝတ် ၃ မျိုးပြုနိုင်သော (ပရိယေသန၊ ကရဏ၊ အဓိဋ္ဌာန) ခေတ် --- ဝါဆိုလဆန်း ၁ ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ (၁၅) ရက်။

http://www.dhammadownload.com



(၃) ရှာ/ချုပ်၊ ဆိုး၊ ကပ္ပဗိန္ဒုထိုး/ ဝတ်၊ အဓိဋ္ဌာန် တင် ၄ မျိုးလုံးပြု နိုင်သော ပရိယေသန၊ ကရဏ၊ နိဝါသန၊ အဓိဋ္ဌာန) ခေတ် --- ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ (၄) လ။

မေး ။ မိုးရေခံသင်္ကန်းရှာမှီးအပ်သောကာလ၊ ရှာမှီးခွင့်မရသောကာလ တို့ကို ခွဲခြားပြပါ။

ဖြေ ။ ရှာမှီးအပ်သော ကာလ
နယုန်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ (၅)လ
ရှာမှီးခွင့်မရသောကာလ
တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှ နယုန်လပြည့်နေ့အထိ (၇)လ

မေး ။ မိုးရေခံသင်္ကန်းရှာမှီးနိုင်သော ကုစ္ဆိသမယ၊ မရှာမှီးနိုင်သော ပိဋ္ဌိ သမယတို့ကို ပိုင်းခြားဖော်ပြ၍၊ မဇ္ဈိမပုရိသအထွာဖြင့် မိုးရေခံ သင်္ကန်း ချုပ်လုပ်အပ်သော ပမာဏကိုဖော်ပြပါ။

ဖြေ ။ နယုန်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်အထိ ၅ လ (ဝါထပ်လျှင် ၆ လ) ဖြစ်ပါသည်။
တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှ နယုန်လပြည့်နေ့အထိ ၇ လကို ပိဋ္ဌိသမယ ဟု ခေါ်ပါသည်။
ကုစ္ဆိသမယ - ဝမ်းဗိုက်နှင့်တူသောကာလ
ပိဋ္ဌိသမယ - ကျောဘက်နှင့်တူသောကာလ
မဇ္ဈိမပုရိသအထွာဖြင့် မိုးရေခံသင်္ကန်းချုပ်လုပ်အပ်သော ပမာဏမှာ အလျား ၁၈ ထွာ၊ အနံ ၇ ထွာခွဲ (တစ်နည်း) အလျား (၉) တောင်၊ အနံ (၃) တောင်၊ ၁ ထွာခွဲ။

မေး ။ (က) မိုးရေခံသင်္ကန်းရှာမှီးသင့်သော ကာလအပိုင်းအခြား
(ခ) မိုးရေခံသင်္ကန်းဝတ်ရုံသင့်သော ကာလအပိုင်းအခြားတို့ကို တိကျမှန်ကန်စွာရေတွက်ပြပါ။ (ငယ်၊ ၅၂-ခု)

ဖြေ ။ (က) နယုန်လပြည့် ၁ ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့ အထိ ၅ လ။
(ခ) ဝါဆိုလဆန်း ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၄ လခွဲ။

http://www.dhammadownload.com


မေး ။ ပေးပြီးသော သင်္ကန်းကို တဖန် ပြန်လည်၍ လုယူမှုကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ အနက်ရေးပြပါ။

❖ သကသညာစိတ်ဖြင့် ပေးပြီးသင်္ကန်းကို ပြန်လုယူသော ရဟန်းအား သင့်သောအပြစ်ကိုပြသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

❖ ငါ့ကျောင်းမှ လက်မှတ်ထိုးစာမေးပွဲဝင်လျှင် ပေးအံ့ဟု ရဟန်းတစ်ပါးအား သင်္ကန်းပေးပြီးလျက် စာမေးပွဲမဝင်သောကြောင့် ပြန်လုယူသောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိအနက်ရေးပြပါ။

❖ ဘိက္ခုပါတိမောက်လာ "ခလေးဆန်သော သိက္ခာပုဒ်" ကို ပါဠိ၊ အနက်ရေးပြပါ။

ဖြေ ။ စီဝရအစ္ဆိန္ဒန သိက္ခာပုဒ်ကို ရေးလေ။

မေး ။ ပေးပြီးသော သင်္ကန်းကို ပြန်လည်လုယက်ပါလျက် ပါရာဇိက မကျဘဲ နိဿဂ္ဂိပါစိတ်သာသင့်ခြင်း အကြောင်းကိုဖြေဆို၍ အာပတ်မသင့်အောင် ဘိက္ခုနောဝါဒကကံဆောင်ပုံကိုလည်း ပါဠိတော်လာအတိုင်း ဖြေဆိုပါ။

ဖြေ ။ မိမိနှင့်ဆိုင်သေးသည်ဟု မှတ်ထင်၍ သကသညာဖြင့် လုယူခြင်းကြောင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်ပါသည်။
ဘိက္ခုနောဝါဒကသမ္မုတိရပြီးသော ရဟန်းသည် နေမဝင်ခင်အချိန်၌ ကံဆောင်လျှင် အာပတ်မသင့်ပါ။

မေး ။ ကိုယ်တိုင်ချည်များတောင်း၍ ယက်ကန်းသည်တို့အား အရက်ခိုင်းသော ရဟန်းအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ သုတ္တဝိညတ္တိ သိက္ခာပုဒ်ကိုရေးလေ။

မေး ။ ယက္ကန်းသည်နှင့်စပ်လျဉ်း၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့ကို ပါဠိ၊ အနက်ရေးပြပါ။

ဖြေ ။ ၁။ သုတ္တဝိညတ္တိသိက္ခာပုဒ် ၂။ မဟာပေသကာရသိက္ခာပုဒ်တို့ကို ရေးလေ။

မေး ။ တန်ဖိုးရှိသော ပစ္စည်းတစ်ခုကိုရလို၍ ဒါယကာအား မုန့် ခဲဘွယ် ဘောဇဉ်တို့ဖြင့် ညွှဲခံကျွေးမွေးသော ရဟန်းအား သင့်သော အပြစ်ကို ပြဆိုသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

http://www.dhammadownload.com



❖ "သမီးကိုလိုချင်၍ အမေကို လောကွပ်" ဆိုရိုးစကားနှင့် အလား သဏ္ဌာန်တူသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ မိမိအတွက် ရည်မှန်းထားသောသင်္ကန်းကို ရည်မှန်းထားသော အဖိုး ထက် ကုန်ကျစရိတ်များအောင် စီမံသောရဟန်းအား အကြောင်းပြု၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ နိဿဂ္ဂိပါစိတ်၌ သင်္ကန်းတောင်းစေရန် အထူးစီမံချက် (၇) မျိုးပါ သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ မဟာပေသကာရ သိက္ခာပုဒ်ကို ရေးလေ။

မေး ။ တန္တဝါယ သိက္ခာပုဒ်လာ အောက်ပါ ပါဠိများကို အနက်ယောဇနာ ပါ။ (ငယ်၊ ၂၉-၁)

❖ မဟာပေသကာရသိက္ခာပုဒ်လာ ဝိကပ္ပါပဇ္ဇနာကာရ ၊ စီမံပုံအခြင်း အရာကိုပြသော ပါဠိကိုရေးခဲ့ပါ။

❖ မဟာပေသကာရသိက္ခာပုဒ်လာ သင်္ကန်းကောင်းစေရန် အထူးစီမံ ချက် (၇) မျိုးပြပါဠိကို အနက်ယောဇနာပါ။

ဖြေ ။ အာယတဉ္စကရောထ။ ပ။ သုဝိတဉ္စကရောထ။

မေး ။ "အန္တမသောပိဏ္ဍပါတမတ္တမ္ပိ" ၌ ဆွမ်းအစရှိသော ရက်ကန်းလက်ခ ကို ထပ်ပေးမှုကြောင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်ရပါသလော။

ဖြေ ။ ရဟန်းက ဆွမ်းအစရှိသော ယက်ကန်းလက်ခကို ထပ်၍ ပေးမှုကြောင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်သည်မဟုတ်၊ နောက်ထပ်မပေးစေကာမူ ရဟန်း၏အစီအမံကြောင့် ချည်ပို၍ကုန်လျှင် နိဿဂ္ဂိပါစိတ်အာပတ် သင့်သည်။

မေး ။ အရေးပေါ်သင်္ကန်းလှူဒါန်းသောအခါ အလှူခံပုံနှင့် အပြစ်ရပုံပြ သိက္ခာပုဒ်ကို ပါဠိအနက်ရေးပါ။

❖ ရဟန်းတော်များအား အရေးပေါ်သင်္ကန်းလှူဒါန်းခဲ့သော် လိုက်နာ ကျင့်သုံးရမည့် အစီအစဉ်ပြ ဝိနယသိက္ခာပုဒ်ကို ပါဠိအနက်ရေး ပြပါ။

❖ ဘိက္ခုပါတိမောက်၊ နိဿဂ္ဂိပါစိတ်၌ ပထမ ကထိနသိက္ခာပုဒ်၏ အနုပညတ်သဖွယ်ဖြစ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ အစ္စေကစီဝရသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ရဟန်းတော်မှန်သမျှ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှသည် တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လအတွင်း၌ အပြစ်ထင်း

http://www.dhammadownload.com



လွတ်ခွင့်ရရှိသော သိက္ခာပုဒ်တို့၏ အမည်ကို ဖော်ပြ၍ ယင်းတို့ တွင် ရှေ့ဆုံးသိက္ခာပုဒ်၏ အနုပညတ်သဖွယ်ဖြစ်သော သိက္ခာပုဒ် အမည်ကို လည်း ဖော်ပြပါ။

ဖြေ ။ ၁။ ကထိနသိက္ခာပုဒ်၊
၂။ ဥဒေါသိတ (ဒုတိယကထိန) သိက္ခာပုဒ်၊
၃။ အကာလစီဝရ (တတိယကထိန) သိက္ခာပုဒ်၊
၄။ ဂဏဘောဇနသိက္ခာပုဒ်၊
၅။ တရိတ္တသိက္ခာပုဒ်၊
- အစ္စေကစီဝရ သိက္ခာပုဒ်ဖြစ်ပါသည်။

မေး ။ မည်သည့်နေရာတို့၌ ဖြစ်ပေါ်လာသော သင်္ကန်းကို အစ္စေကသင်္ကန်း ဟုခေါ်ပါသနည်း။

ဖြေ ။ သီတင်းကျွတ်လဆန်း ၅ ရက်နေ့မှ ၁၄ ရက်နေ့အထိ ဆယ်ရက်အတွင်း ၌ ဖြစ်ပေါ်လာသော သင်္ကန်းကို အစ္စေကသင်္ကန်းဟုခေါ်ပါသည်။

မေး ။ အစ္စေကသင်္ကန်းရှာမှီးသင့်သော အချိန်ကာလကို ဖော်ပြပါ။

ဖြေ ။ သီတင်းကျွတ်လဆန်း ၅ ရက်နေ့မှစ၍ ၁၄ ရက်နေ့ထိ ဆယ်ရက်ဖြစ်ပါ သည်။

မေး ။ အစ္စေကသင်္ကန်းကို အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ ထားနိုင်သောခေတ် ကို အစ၊ အဆုံးပိုင်းခြားပြပါ။

ဖြေ ။ သီတင်းကျွတ်လဆန်း ၅ ရက်နေ့မှ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့ အထိ ဖြစ်ပါသည်။

မှတ်ချက်။ "တေန ပဝါရဏာ မာသဿ ဇုဏှပက္ခ ပဉ္စမိတော ပဋ္ဌာယ ဥပ္ပန္နဿ စီဝရဿ နိဓနကာလော ဒဿိတော" ဟို "ဒသာဟာနာဂတံ" ကတ္တိကတေမာသိကပုဏ္ဏမံ ဟူသောပါဠိဖြင့် ပဝါရဏာကာလ (သီတင်း ကျွတ်လ) ၏ လဆန်းပက္ခ ၅ ရက်မြောက်နေ့မှစ၍ ဖြစ်ပေါ်လာသော သင်္ကန်း၏ အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ သိုမှီးရာ သိမ်းဆည်းရာကာလကို ပြအပ်"၏ ဟူသော ကင်္ခါအဋ္ဌကထာနှင့်အညီ ဖြေဆိုပါသည်။

ပဋိဂ္ဂဟေတွာ ယာဝ စီဝရကာလသမယံ နိက္ခိပိတဗ္ဗံ ဟူသော ပါဠိတော်အရဆိုလျှင် ကထိန်မခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၁ လ၊ ကထိန်ခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ၅ လ ဟု ဖြေဆိုရပါမည်။

http://www.dhammadownload.com



မေး ။ ပထမ ကထိနသိက္ခာပုဒ်, အစွေကစီဝရသိက္ခာပုဒ်တို့၏အထူးကို ရေးခဲ့ပါ။

ဖြေ ။ ပထမကထိနသိက္ခာပုဒ်သည် သင်္ကန်းကို အဓိဋ္ဌာန်မတင်၊ ဝိကပ္ပနာ မပြုဘဲ ဆယ်ရက်ထားခွင့်ရှိ၏။
အစွေကစီဝရ သိက္ခာပုဒ်သည် သင်္ကန်းကို အဓိဋ္ဌာန်မတင်၊ ဝိကပ္ပနာ မပြုဘဲ တဆယ့်တစ်ရက်ထားခွင့်ရှိပါသည်။ ဤသို့ထူးပါသည်။

မေး ။ တောကျောင်းနေ ရဟန်းတော်များ ရွာတွင်း၌ သင်္ကန်းထားခွင့်ရ သော (သင်္ကန်းထားခြင်းငှါ ခွင့်ပြုတော်မူအပ်သော) သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သူခိုး၊ သူဝှက် လုယက်မှု ထူပြောတောရကျောင်း၌ ကထိန်ခေတ် အတွင်း သီတင်းသုံးလိုသော ရဟန်းတော်များအတွက် ရွာတွင်း၌ သင်္ကန်းထားမှုနှင့် စပ်လျဉ်း၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ် ကို ပါဠိ၊ အနက်ရေးပါ။

❖ တောကျောင်းနေ ရဟန်းတော်များ အထူးအခွင့်အရေးပေး၍ ပညတ် အပ်သော သိက္ခာပုဒ်ကို ပါဠိအနက်ရေးပါ။

❖ ဥဒေါသိတ (ဒုတိယကထိန)သိက္ခာပုဒ်၏ အနုပညတ်သဖွယ်ဖြစ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဘိက္ခုပါတိမောက်၊ နိဿဂ္ဂိပါစိတ်၌ "ပရမ" သဒ္ဒါပါသော သိက္ခာပုဒ် တို့တွင် နောက်ဆုံးသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ သာသင်္ကသိက္ခာပုဒ်ကို ရေးလေ။

မေး ။ နိဿဂ္ဂိယသာသင်္ကသိက္ခာပုဒ်၌ "ဘိက္ခုအရ ရဟန်းတော်၏ ဂုဏ် ထူးဝိသေသကို ပါဠိသာဓက ထောက်ပြဖြေဆိုပြီးလျှင် သံဃိက ကျောင်း၌ တိုးဝှေ့၍ နေရာလုသော ရဟန်း၏ ရည်ရွယ်ချက်ကို လည်း ဖြေဆိုပါ။ (ကြီး၊၅၀-ခု)

"ဘိက္ခုအရ" ရဟန်းတော်၏ ဂုဏ်ထူးဝိသေသကား -

ဖြေ ။ ဝါထပ်၍ ဝါကျွတ်ပြီးနောက် တန်ဆောင်မုန်းလပြည့်တိုင်အောင် သာ သင်္ကသမ္မတ သပ္ပဋိဘယဖြစ်သော တောကျောင်း၌နေသော ရဟန်း ဖြစ်ပါသည်။ ဤကား ရဟန်း၏ဂုဏ်ထူးဝိသေသဖြစ်ပါသည်။

ပါဠိသာဓက -

ဥပဝဿံခေါ ပနကတ္တိကပုဏ္ဏမံ။ ပ။ သေနာသနေသုဝိဟရန္တော။

http://www.dhammadownload.com



မေး ။ ဘေးအန္တရာယ်ရှိသော (သို့မဟုတ်) ဘေးအန္တရာယ်ရှိ၏ဟု ထင်ရသော တောရကျောင်းတို့၌ တန်ဆောင်မုန်းလပြည့်နေ့တိုင် နေလိုသော ရဟန်းတော်သည် မည်သို့ အစီအစဉ်ပြုလုပ်၍ နေရမည်နည်းဖြေဆို၍၊ ယင်းသို့နေရာဝယ် သာသက်သိက္ခာပုဒ်အရ အပြစ်ရှိပုံ အပြစ်မှ ကင်းလွတ်နိုင်ပုံ အပြည့်အစုံကိုလည်း ရေးသားခဲ့ပါ။ (ကြီး၊ ၅၀-၃)

အပြစ်ရှိပုံ / လွတ်နိုင်ပုံ

ဖြေ ။ သမ္မုတိမရဘဲ ခြောက်ညဥ့်ထက်ပို၍ သင်္ကန်းနှင့်ကင်း၍နေလျှင် နိဿဂ္ဂိပါစိတ်အပြစ်ရှိသည်။ ၇ ရက်မြောက် အရုဏ်ကို သင်္ကန်းထားရာရွာအနီးသို့ ပြန်တက်စေလျှင်သော်လည်းကောင်း၊ ပစ္စုဒ္ဓိရ်ပြုလျှင်သော်လည်းကောင်း ဂိလာနသမ္မုတိရလျှင်သော်လည်းကောင်း အပြစ်မှ လွတ်နိုင်သည်။

မေး ။ "ကေရတ္ထမ္ပိစေ ဘိက္ခုတိစီဝရေန ဝိပ္ပဝသေယျ" ဟူသော ဥဒေါသိတသိက္ခာပုဒ်ကိုရှု၍ ကထိန်အာနိသင်လဲမရ၊ သမ္မုတိလဲမရသော ရဟန်းသည် အဝိပ္ပဝါသနဍ္ဍာန ၁၅ ပါး၌ မဟုတ်ပါဘဲ အဓိဋ္ဌာန်တင်ထားသော တိစီဝရိတ်သင်္ကန်းနှင့် တညဥ့်မကကင်းကွာနေနိုင် ခွင့်ရှိသော အရာမျိုး ဝိနည်းတော်၌ရှိပါသလား၊ ရှိလျှင် အဘယ်သို့သောအရာကို၌ အဘယ်မျှကင်းကွာနေနိုင်သည်ကို သတ်ဆိုင်ရာ သိက္ခာပုဒ်ညွှန်ကြား၍ ဖြေဆိုပါ။

ဖြေ ။ ရှိပါသည်။

ကင်းကွာနိုင်ခွင့်ရှိသော အခါမှာ

သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၁ လဖြစ်ပါသည်။

ကင်းကွာနိုင်ခွင့်ရှိသော အရာကား

ကြောက်ဖွယ်ဘေးဘျမ်းရှိ၏ဟု သမုတ်အပ်သော ဘေးဘျမ်းနှင့်တကွဖြစ်သော တောကျောင်းဖြစ်ပါသည်။

အဘယ်မျှကင်းကွာနေနိုင်

ခြောက်ညဥ့်အလွန် အပိုင်းအခြားရှိသော ကာလပတ်လုံး ကင်းကွာ၍နေနိုင်ပါသည်။ သာသက်သိက္ခာပုဒ်ဖြစ်ပါသည်။

http://www.dhammadownload.com



မေး ။ အကပ်မခံဘဲ ကိုယ်တိုင်ယူလာသော ဆီ၊ ပျားရည်စသည်ကို ခုနှစ်ရက်ထက်ပိုလွန်သိမ်းဆည်းထားသော ရဟန်းအား နိဿဂ္ဂီပါစိတ်အာပတ် မသင့်ခြင်းအကြောင်းကို ဖော်ပြပြီးလျှင်၊ သာသက်သမ္ပတသပ္ပဋိဘယတောကျောင်း၌နေသော ရဟန်း မိမိပိုင်တိစီဝရိတ်သင်္ကန်းကိုရွာတွင်း၌ ထားနိုင်သော အင်္ဂါတို့ကိုလည်း ရေတွက်ပြခဲ့ပါ။ (လတ်၊ ၅၂-၃)

ဖြေ ။ အကပ်မခံဘဲ ကိုယ်တိုင်ယူလာသော ဆီ၊ ပျားရည်စသည်တို့သည် မစားကောင်းသောကြောင့် နိဿဂ္ဂီပါစိတ် အာပတ်မသင့်ပါ။

ထားနိုင်သောအင်္ဂါများ

၁။ ဥပဝဿ - ပုရိမဝါကျွတ်သူဖြစ်ခြင်း၊

၂။ ကတ္တိကပုဏ္ဏမ - တန်ဆောင်မုန်းလပြည့်ဖြစ်ခြင်း၊

၃။ အာရညက - လေးအပြန် ငါးရာထက်မနီးသော တောရကျောင်းဖြစ်ခြင်း၊

၄။ သာသင်္က - သပ္ပဋိဘယဖြစ်ခြင်း၊

မေး ။ တောရကျောင်းနေ ရဟန်းတော်များ တိစီဝရိတ်သင်္ကန်းကို ရွာတွင်း၌ ထားနိုင်သောအင်္ဂါတို့ကို ပါဠိ၊ မြန်မာနှစ်ဘာသာဖြင့် တွဲစပ်ဖြေဆိုပါ။

ဖြေ ။ ၁။ ဥပဝဿံ - ပုရိမဝါကျွတ်သူဖြစ်ခြင်း၊

၂။ ကတ္တိကပုဏ္ဏမံ - တန်ဆောင်မုန်းလဖြစ်ခြင်း၊

၃။ အာရညကာနိ - လေးအပြန်ငါးရာဝေးသော တောရကျောင်းဖြစ်ခြင်း၊

၄။ သာသင်္ကသမ္မတာနိသပ္ပဋိဘယာနိ - သာသင်္ကသပ္ပဋိဘယဖြစ်ခြင်း၊

မေး ။ ဒုတိယကထိနသိက္ခာပုဒ်နှင့် သာသင်္ကသိက္ခာပုဒ်တို့၏အထူးကိုရေးပါ။

ဖြေ ။ ဒုတိယကထိနသိက္ခာပုဒ်၌ တစ်ညဉ့်မျှလည်း တိစီဝရိတ်နှင့်ကင်းခြင်းကြောင့် နိဿဂ္ဂီထိုက်ပါသည်။ ဤသို့ထူးပါသည်။

မေး ။ သံဃာအား ညွတ်ပြီးသော ပစ္စည်းလာဘ်လာဘကို မိမိအား ညွတ်စေသော ရဟန်းအား သင့်ရောက်သောအပြစ်ပြ ဝိနယသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

http://www.dhammadownload.com



❖ ဒါယကာတစ်ဦးဦးက ကိုယ်နှုတ်နှစ်ပါးဖြင့် သံဃာသို့လှူရန် ညွတ်ပြီးသော လာဘ်ကို ရဟန်းတစ်ပါးသည် မိမိသို့ညွတ်ရန်ပြောကြားပါက ထိုရဟန်းအား သင့်ရောက်နိုင်သည့် အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပရိဏတသိက္ခာပုဒ်ကိုရေးလေ။

မေး ။ သံဃာသို့ညွတ်ပြီးသောလာဘ်ကိုသိလျက် မိမိအတွက် ညွတ်စေသော ရဟန်း၏ အပြစ်ကုစားပုံနှစ်ရပ်ကို ဖြေဆိုပါ။

ဖြေ ။ (၁) နိဿဂ္ဂိပပစ္စည်းကို စွန့်ရမည် (၂) အာပတ်ကို ဒေသနာကြားရမည်။

မေး ။ နိဿဂ္ဂိပရိဏတသိက္ခာပုဒ်နှင့် သုဒ္ဓပါစိတ် ပရိဏာမနသိက္ခာပုဒ်နှစ်ခုတို့၏ အထူးကိုရေးခဲ့ပါ။

ဖြေ ။ နိဿဂ္ဂိ ပရိဏတသိက္ခာပုဒ်၌ သံဃိကလာဘ်ကို မိမိအား ညွတ်စေခြင်းကြောင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ ပရိဏာမနသိက္ခာပုဒ်ကား သံဃိကလာဘ်ကို အခြားတစ်ပါးသော ပုဂ္ဂိုလ်အား ညွတ်စေခြင်းကြောင့် သုဒ္ဓပါစိတ်အာပတ်သင့်၏။ ဤသို့ထူးပါသည်။

မေး ။ ဘိက္ခုနီဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်လာသိက္ခာပုဒ်များကို သာဓာရဏ၊ အသာဓာရဏအားဖြင့် ခွဲခြားပြပါ။ (ကြီး၊ ၃၀-ခု)

အသာဓာရဏသိက္ခာပဒ

ပတ္တ၊ ဝဿိကသာဋိက၊ သာသတ်သိက္ခာပုဒ်။

သာဓာရဏသိက္ခာပဒ

ကြွင်းသော (ဦနပဉ္စဗန္ဓန၊ ဘေသဇ္ဇ၊ စီဝရအစ္ဆိန္ဒန၊ သုတ္တဝိညတ္တိ၊ မဟာပေသကာရ၊ အစ္စေကစီဝရ၊ ပရိဏတ)သိက္ခာပုဒ်ဖြစ်ပါသည်။

မေး ။ သတ္တာဟပရမံ၊ ဒသာပရမံ၊ တိယောဇနပရမံ၊ မာသပရမံတို့၌ (က) အလွန်အပိုင်းအခြားရသော သိက္ခာပုဒ်၏အမည် (ခ) ထိုအပိုင်းအခြားပြုပုံအခြင်းအရာတို့ကို ကွဲပြားအောင် ဖြေဆိုပါ။ (ကြီး၊၅၁ခု)

ဖြေ ။ (က) သတ္တာဟပရမံ = ဘေသဇ္ဇသိက္ခာပုဒ်၊
ဒသာဟပရမံ = ပဌမကထိနသိက္ခာပုဒ်နှင့်ပတ္တသိက္ခာပုဒ်၊
တိယောဇနပရမံ = ဧဠကလောမသိက္ခာပုဒ်၊
မာသပရမံ = အကာလစီဝရ (တတိယကထိန) သိက္ခာပုဒ်။

http://www.dhammadownload.com



(ခ) သတ္တာဟပရမ် - ခုနစ်ရက် မလွန်ခင် ဤထောပတ်စသည်ကို ငါမစားတော့ပြီ ခြေနယ်ဆီစသည်ပြုလုပ်၍ ကိုယ်၏အပြင်ပ၌သာ သုံးစွဲတော့မည်ဟု အဓိဋ္ဌာန်ရမည်။

ဒသာဟပရမ် - ၁၀ ရက်အတွင်း၌ အဓိဋ္ဌာန်သော်လည်းတင်ရမည်၊ ဝိကပ္ပနာသော်လည်း ပြုရမည်။

တိယောဇန ပရမ် - သုံးယူဇနာအတွင်း အခြားသူကိုသော် လည်း ဆောင်ယူစေရမည်။ ယုတ်စွအဆုံး ချည်ကြိုးဖြင့်သော်လည်း ဖွဲ့တုပ်၍ ဘဏ္ဍာပြုရမည်။

မာသပရမ် - အလိုရှိလျှင် ခံယူပြီး လုံလောက်မှုလည်းမရှိ၊ မျှော်လင့်ချက်လည်းရှိလျှင် အလွန်ဆုံးတစ်လအထိ ထားနိုင်သည်။

မေး ။ ဘိက္ခုပါတိမောက်လာ သိက္ခာပုဒ်များဝယ် ပါရှိသမျှသော (တံအတိက္ကာမယတော) ပုဒ်တို့ကိုသာ သိက္ခာပုဒ်အားလျော်စွာ သဒ္ဒါရေးမပျက် အနက်သဖွင့်ပါ။

ဖြေ ။ တံ၊ ထို ၁၀ ရက်ကို။ အတိက္ကမယတော၊ လွန်စေသောရဟန်းအား။ ဝါ-၏။ (ကထိန နှင့် ပဌမသိက္ခာပုဒ်)

- တံ၊ ထို ၇ ရက်ကို။ အတိက္ကာမယတော၊ အား။ ဝါ-၏။ (ဘေသဇ္ဇသိက္ခာပုဒ်)
- တံ၊ ထိုလက်ရှစ်သစ်ပမာဏကို။ (ထိုအခြေတစ်ထောင့်ထွာပမာဏကို) အတိက္ကာမယတော၊ အား၊ ဝါ-၏။ (မဉ္စပီဌသိက္ခာပုဒ်)
- တံ၊ ထိုအလျားလေးထောင့်ထွာ၊ အနံသုံးထောင်ကိုးသစ်၊ အဆာနှစ်တောင့်ခြောက်သစ်ပမာဏကို။ အတိက္ကာမယတော၊ အား၊ ဝါ-၏။ (နိသီဒနသိက္ခာပုဒ်)
- တံ၊ ထိုအလျားကိုးတောင်၊ အနံ လေးတောင့်ထွာ ပမာဏကို။ အတိက္ကာမယတော၊ အား။ ဝါ-၏။ (ကဏ္ဍုပ္ပဋိစ္ဆာဒိသိက္ခာပုဒ်)
- တံ၊ ထိုအလျား ၁၃ တောင့်ထွာ၊ အနံ ၅ တောင့်ထွာ သုံးသစ်ပမာဏကို။ အတိက္ကာမယတော၊ အား၊ ဝါ-၏။ (ဝဿိကသာဋိကသိက္ခာပုဒ်)

မှတ်ချက်။ ဆရာတော် ဦးဇုစ်နိဿယ၌ "အနံ ၄ တောင့်ထွာ ၃ သစ်ပမာဏကို" ပေးထားသည်ကိုတွေ့ရ၏။ "အနံ ၅ တောင့်ထွာ ၃ သစ်ပမာဏကို" ဟူသာ ဖြစ်သင့်ပါသည်။

http://www.dhammadownload.com



မေး ။ နိဿဂ္ဂိပါစိတ်ဝတ္ထုတို့တွင် အဟုတ်တကယ် စွန့်ရသောဝတ္ထု၊ အဟုတ်တကယ်မစွန့်ရဘဲ ဝိနည်းပရိယာယ်အားဖြင့်သာစွန့်ရသောဝတ္ထုများ ခွဲခြား၍ ပြဆိုပြီးလျှင် မစွန့်ဘဲ သုံးဆောင်နေလျှင် ရသင့်သောအပြစ်များကိုလည်း လမ်းညွှန်ပြခဲ့ပါ။

ဖြေ ။ နိဿဂ္ဂိပစ္စည်းတို့တွင် တကယ်စွန့်ရမည့်ပစ္စည်းမျိုးကား -
(၁) ပိုးချည်နှင့်ရောသောသိုးမွေးအခင်း (၂) အမည်းသက်သက် သိုးမွေးအခင်း (၃) အမည်းနှစ်ပုံထက်များ၍ အဖြူတစ်ပုံ အကြောင်း၍ အကျားတစ်ပုံ ပြုလုပ်ထားသော သိုးမွေးအခင်းများဖြင့်ရင်းအခင်းသုံးမျိုးကိုလည်းကောင်း (၄) ခံယူခဲ့သော ရွှေငွေစသော ရတနာကိုလည်းကောင်း၊ (၅) ရွှေငွေဖြင့် ရောင်းဝယ်ဖလှယ်၍ရအပ်သော ဝတ္ထုပစ္စည်းတို့ကိုလည်းကောင်း တကယ်စွန့်ရသည်၊ ပြန်၍ရသော်လည်း မအပ်ပါ။
ဝိနည်းပရိယာယ်အားဖြင့် စွန့်ရသောပစ္စည်း -
ကြွင်းသောသက်န်း စသော နိဿဂ္ဂိဝတ္ထုပစ္စည်းများကိုကား ဝိနည်းပရိယာယ်အားဖြင့်သာ စွန့်ရ၏။ စွန့်ပြီး ဒေသနာကြားပြီးနောက် ပြန်ရသောအခါ သုံးဆောင်အပ်၏။ မစွန့်ဘဲ သုံးဆောင်နေလျှင် ပါစိတ်။

**ဝတ္ထုဝင်ဆိုင်ရာအဓိပ္ပာယ်ပြီး၏။**

**နိဿဂ္ဂိယထတ္တုပြီး၏။**

http://www.dhammadownload.com



# သုဒ္ဓပါစိတ္တိယကဏ္ဍ

## မုသာဝါဒဝဂ်ဆိုင်ရာအဓိပ္ပာယ်

**မေး ။** အဘယ်ကြောင့် ပါစိတ်ဟုခေါ်ပါသနည်း ဖြေဆို၍ ပါရာဇိက စသည်တို့သည် ပါစိတ်အမည်မရခြင်းအကြောင်းကိုလည်း ရေးသားခဲ့ပါ။

**ဖြေ ။** နိဿဂ္ဂိသဗ္ဗောမပါသောကြောင့် သုဒ္ဓပါစိတ်မည်၏။ (စေတနာနှင့်တကွ သင့်အပ်သော အာပတ်များဖြစ်သည့်အခါ) ကုသိုလ်စိတ်ကို လျှောကျစေတတ်သောကြောင့် ပါစိတ်မည်၏။

ပါရာဇိကစသည်တို့သည် ကုသိုလ်စိတ်ကို ကျစေတတ်သော်လည်း ပါရာဇိက စသော နာမည်ထူးကိုရပြီးဖြစ်သောကြောင့် ထိုပါရာဇိကစသည်တို့ကို ပါစိတ်ဟု မမည်ပါ။ (ပါစိတ်ဟု မခေါ်နိုင်ပါ)။

**မေး ။** မုသားပြောသောရဟန်းအား သင့်နိုင်သောအပြစ်တို့ကို ဖော်ပြသည့် သိက္ခာပုဒ်တို့ကို ပါဠိ၊ အနက်ရေးပါ။

❖ မဟုန်မမှန် လုပ်ကြံသောစကားကိုပြောဆိုခြင်းကြောင့် အပြစ်သင့်ရောက်ပုံပြသိက္ခာပုဒ်များကို သိသာရုံဖော်ပြပါ။

**ဖြေ ။** (၁) ဥတ္တရိမနုဿဓမ္မသိက္ခာပုဒ် (၂) ဒုဋ္ဌဒေါသ (၃) အညဘာဂိယ (၄) မုသာဝါဒ (၅) အမူလကသိက္ခာပုဒ်တို့ဖြစ်သည်။

**မေး ။** နိယတ်၊ အနိယတ်၊ ကတ္တား၊ ကံ၊ ကရိုဏ်း၊ ကြိယာတို့ကို စုံလင်စေလျက် မုသာဝါဒဝဂ်အစ သိက္ခာပုဒ်ကို အနက်ပေးပါ။

**ဖြေ ။** ယောပနဘိက္ခု၊ သည်။ သမ္ပဇာနမုသာဝါဒံ၊ သိလျက်ချွတ်ယွင်းသောစကားကို။ ကာယေနဝါ၊ ကိုယ်ဖြင့်သော်လည်းကောင်း။ ဝါစာယဝါ၊ နှုတ်ဖြင့်သော်လည်းကောင်း။ ဝဒတိ၊ ပြောဆို၏။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ တသ္မိံသမ္ပဇာနမုသာဝါဒေ၊ ထိုသိလျက်ချွတ်ယွင်းသောစကားကို ပြောဆိုခြင်းကြောင့်။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သည်။ ဟောတိ၊ ၏။

**မေး ။** မဟုတ်မမှန်သည်ကို ပြောဆိုခြင်းကြောင့် အဘယ်သိက္ခာပုဒ်အရ အဘယ်အာပတ်များသင့်နိုင်သည်ကို စုံလင်စွာဖြေဆိုပါ။ (ကြီး၊ ၃၃၃)

❖ မဟုတ်မမှန် လိပ်ညာပြောဆိုမှုကြောင့် သင့်ရောက်နိုင်သောအာပတ်တို့ကို အကြောင်းနှင့်တကွ အဋ္ဌကထာလာသည့်အတိုင်း အသီးသီး ဖြေဆိုခဲ့ပါ။ (ကြီး၊ ၅၂-၃)

http://www.dhammadownload.com



ဖြေ ။ (၁) ဥတ္တရိမနုဿဓမ္မကို မုသားပြောခြင်းကြောင့် ဥတ္တရိမနုဿဓမ္မ သိက္ခာပုဒ်အရ ပါရာဇိကအာပတ်သင့်သည်။
(၂) အမူလကပါရာဇိကဖြင့် စွပ်စွဲဖို့ရန် မုသားပြောခြင်းကြောင့် ဒုဋ္ဌဒေါသ သိက္ခာပုဒ်အရ သံဃာဒိသိသ်အာပတ်သင့်သည်။
(၃) အမူလက သံဃာဒိသေသ်အာပတ်ဖြင့် စွပ်စွဲဖို့ရန် မုသားပြောခြင်းကြောင့် အမူလကသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်သည်။
(၄) အမူလက အာစာရဝိပတ္တိ (လဟုက) အာပတ်ဖြင့် စွပ်စွဲဖို့ရန် မုသားပြောခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်သည်။
(၅) ဥတ္တရိမနုဿဓမ္မကို တိုက်ရိုက်မပြောဘဲ သွယ်ဝိုက်၍ ပြောခြင်းကြောင့် နားထောင်သူ နားလည်လျှင် ထုလ္လစ္စဉ်းအာပတ်သင့်သည်။
(၆) ထိုသို့ သွယ်ဝိုက်ပြောရာ၌ တဖက်သားနားမလည်လျှင် ဒုက္ကဋ်အာပတ်သင့်သည်။
(၇) သာမန်လိမ်ညာရုံသက်သက်ကြောင့် မုသာဝါဒသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်သည်။

မေး ။ သံဃာအားဆဲရေးရှုတ်ချမှုကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဩမသဝါဒသိက္ခာပုဒ်ကိုရေးလေ။

မေး ။ အက္ကောသဝတ္ထု (၁၀)ပါးကို ရေးပါ။

ဖြေ ။ (၁) ဇာတိ = အမျိုးဇာတ်၊ (၂) နာမ = နာမည်၊ (၃) ဂေါတ္တ = အနွယ်၊ (၄) ကမ္မ = သူ၏အလုပ်အကိုင်၊ (၅) သိပ္ပ = အတတ်ပညာ၊ (၆) အာဗာဓ = အနာရောဂါ၊ (၇) လိင် = လိင်၊ (၈) ကိလေသ = ကိလေသာ၊ (၉) အာပတ္တိ = အာပတ်၊ (၁၀) အက္ကောသ = မေထုန်နှင့် စပ်၍ ဆဲခြင်း။

မေး ။ သံဃာစည်းလုံးညီညွတ်မှုပျက်ပြားစေရန် ကုန်းတိုက်သောရဟန်းအား အာပတ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပေသုညသိက္ခာပုဒ်ကိုရေးလေ။

မေး ။ တချဘုန်းကြီးများ လိုက်နာ၊ သတိပြုလိုက်နာတျင့်သုံးရမည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

http://www.dhammadownload.com



❖ လူနှင့်သာမဏေတို့ကို ပါဠိတော်၊ အဋ္ဌကထာ ဓမ္မတို့ကို သံပြိုင် ရွတ်ဆို၍ စာပေပို့ချမှုကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဘိက္ခုနီမအား သံပြိုင်စာချပေးသော ရဟန်းများ အပြစ်မှကင်းလွတ်ကြောင်းပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပဒသောဓမ္မသိက္ခာပုဒ်ကိုရေးလေ။

မေး ။ သတိမေ့လျော့ခြင်းကြောင့် အာပတ်သင့်သောသိက္ခာပုဒ်များကို ပါဠိ၊ အနက်ရေးပါ။

❖ ဘိက္ခုပါတိမောက်၌လာသော အစိတ္တက (စိတ်မပါဘဲအာပတ်သင့်သော) သိက္ခာပုဒ်များကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ (၁) ပဌမသဟသေယျသိက္ခာပုဒ်၊ ဒုတိယ သဟသေယျသိက္ခာပုဒ်တို့ကိုရေးလေ။

မေး ။ စာချဘုန်းကြီးများ ဘိက္ခု၊ ဘိက္ခုနီ၊ လူ၊ သာမဏေတို့အား သံပြိုင်စာချပေးရာ၌ အပြစ် ရှိ၊ မရှိ ဆုံးဖြတ်ခဲ့ပါ။

ဖြေ ။ ဘိက္ခု၊ ဘိက္ခုနီတို့အား သံပြိုင်စာချပေးရာ၌အပြစ်မရှိပါ။ လူ သာမဏေတို့အား သံပြိုင်စာချပေး ရာ၌ကား ပဒစသည်အရေအတွက်အားဖြင့် ပါစိတ်အာပတ်သင့်သည်။

မေး ။ ရဟန်းသည် သာမဏေများ လွှဲမှားသောနေရာဝယ် ထောက်ပေးရာ၌ သံပြိုင်ရွတ်ဆိုမိသော်လည်း အာပတ်မသင့်ရခြင်း၏အကြောင်းကိုရေးခဲ့ပါ။

ဖြေ ။ ဤသိက္ခာပုဒ်ပါဠိတော်၌ ဝါစေယျ ပို့ချအံ့ဟုဆိုသောကြောင့် (ပို့ချခြင်းမဟုတ်သောကြောင့်) အာပတ်မသင့်ရခြင်းဖြစ်ပါသည်။

မေး ။ (က) ဩမသဝါဒ၊ ပေသုညသိက္ခာပုဒ် (ခ) ပဒသောဓမ္မသိက္ခာပုဒ် (ဂ) ပဌမသဟသေယျသိက္ခာပုဒ်တို့၌ပါသော အနုပသမ္ပန္နတို့၏ အရ အထူးကိုရေးခဲ့ပါ။

ဖြေ ။ (က) အနုပသမ္ပန္နအရ - ဘိက္ခုနီ၊ လူ၊ သာမဏေတို့ကို ယူရပါသည်။

(ခ) အနုပသမ္ပန္နအရ - လူ၊ သာမဏေတို့ကို ယူရပါသည်။

(ဂ) အနုပသမ္ပန္နအရ - လူ၊ သာမဏေ၊ တိရစ္ဆာန်အထီးတို့ကို ယူရပါသည်။ ဤသို့ထူးပါသည်။

http://www.dhammadownload.com



မေး ။ ပထမသဟသေယျသိက္ခာပုဒ်နှင့် ဒုတိယသဟသေယျသိက္ခာပုဒ် နှစ်ခုတို့၏အထူးကိုရေးခဲ့ပါ။

ဖြေ ။ ပထမသဟသေယျသိက္ခာပုဒ်၌ ၄ ညဥ့်မြောက်နေ့ အိပ်မှသာ ပါစိတ် အာပတ်သင့်သည်။
ဒုတိယသဟသေယျသိက္ခာပုဒ်၌ကား ပထမနေ့အိပ်ရာညဥ့်၌ပင် ပါစိတ် အာပတ်သင့်ပါသည်။ ဤသို့ထူးပါသည်။

မေး ။ မာတုဂါမ လူ သာမဏေ စသူတို့ရှိမှန်းမသိ၍ ကျောင်းတွင်း ဝင်ရောက်အိပ်ပိသောရဟန်းသည် သဟသေယျအာပတ်သင့်ဖွယ် ရှိ မရှိ အကြောင်းသွင်း၍ ရှင်းလင်းတင်ပြပါ။

ဖြေ ။ သဟသေယျသိက္ခာပုဒ်နှစ်ခုသည် အစိတ္တကအာပတ် ( စိတ်မပါ သင့်ရောက်သောအာပတ်) ဖြစ်သောကြောင့် သဟသေယျ အာပတ်သင့်နိုင်ပါသည်။

မေး ။ စာချဘုန်းကြီးများ အထူးသတိထားရမည့်သိက္ခာပုဒ်ကို ပါဠိ၊ အနက် ရေးပါ။

❖ ယောကျ်ားအဖော်မပါဘဲ မိန်းကလေးတစ်ယောက်အား တရား ဟော ကြားတော်မူခြင်းနှင့်စပ်၍ ပညတ်တော်မူသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သုဒ္ဓပါစိတ်၌ မာတုဂါမအား တရားဟောကြားမှုနှင့်စပ်၍ လိုက်နာရမည့် ဥပဒေပြသိက္ခာပုဒ်ကိုရေးပါ။

ဖြေ ။ ဓမ္မဒေသနာသိက္ခာပုဒ်ကိုရေးလေ။

မေး ။ သုဒ္ဓပါစိတ်၌ ကုသိုလ်စိတ်ရှိသော်လည်း အာပတ်သင့်သောသိက္ခာပုဒ်များကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ (၁) ပဒသောဓမ္မသိက္ခာပုဒ်။ (၂) ဓမ္မဒေသနာသိက္ခာပုဒ်တို့ကိုရေးလေ။

မေး ။ မာတုဂါမအား သီလပေးရာ၌ "ဗုဒ္ဓံသရဏံဂစ္ဆာမိ" စသည်ဖြင့် ပါဠိများစွာပါနေရာဝယ် ဓမ္မဒေသနာသိက္ခာပုဒ်အရ အပြစ်ရှိ၊ မရှိ အကြောင်းပြ ဆုံးဖြတ်ခဲ့ပါ။

ဖြေ ။ "ဗုဒ္ဓံသရဏံဂစ္ဆာမိ"စသည်ဖြင့် ပါဠိတွေများစွာပါနေသော်လည်း ထိုပါဠိသည် ဓမ္မဒေသနာသဘော (တရားဟော) မဟုတ်သောကြောင့် အပြစ်မရှိဟု ဆိုကြပါသည်။

http://www.dhammadownload.com



မေး ။ လူသာမဏေများအား ဈာန် မဂ် ဖိုလ်တရားရကြောင်းကို ပြောပြမှုကြောင့် ပညတ်တော်မူအပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဘိက္ခုပါတိမောက်၊ သုဒ္ဓပါစိတ်၌ ရဟန္တာပုဂ္ဂိုလ်တို့အား အာပတ်ကင်းလွတ်ခွင့်မရနိုင်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဥမ္မတ္တကရဟန်းပင်ဖြစ်သော်လည်း အာပတ်မှကင်းလွတ်ခွင့်မရနိုင်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

ဖြေ ။ ဘူတာရောစနသိက္ခာပုဒ်ကို ရေးလေ။

မေး ။ ရဟန်းတစ်ပါး၏ သံဃာဒိသေသ်အာပတ်ကို လူ၊ သာမဏေအား ပြောကြားသောရဟန်းအား အပြစ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ အရှင်ဥပနန္ဒ၏ သံဃာဒိသေသ်အာပတ်ကို လူတို့အား ပြောကြားမှုကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်ကို ရေးလေ။

မေး ။ ရဟန်းတစ်ပါး၏ ဒုဋ္ဌုလ္လအာပတ်ကို (က) ပြောကြားခြင်းကြောင့် (ခ) ဖုံးထားခြင်းအပြစ်သင့်ရောက်ပုံပြသိက္ခာပုဒ်များကို ပါဠိ၊ အနက်ရေးပြပါ။

ဖြေ ။ (က) ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ် (ခ) ဒုဋ္ဌုလ္လသိက္ခာပုဒ်တို့ကိုရေးလေ။

မေး ။ မြေတူးမှုနှင့်အတူဆိုင်းခြင်းကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

❖ ပန်းပင်စိုက်ပျိုးရန် မြေတူးသောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

ဖြေ ။ ပထဝီခဏနသိက္ခာပုဒ်ကိုရေးလေ။

မုသာဝါဒဝဂ်ဆိုင်ရာအစိတ္တာယ်ပြီး၏။

http://www.dhammadownload.com



# ဘူတဂါမဝဂ်ဆိုင်ရာအခ်ိဳ႕ပွာယ်

မေး ။ ပန်းခွး (ပန်းရောင်း) သောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ မြက်နှုတ်သောရဟန်းအား သင့်ရောက်သောအပြစ်ကိုဖော်ပြသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ရေမှော်ဖယ်ရှားသောရဟန်းအား အပြစ်ပြသိက္ခာပဒကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဘူတဂါမသိက္ခာပုဒ်ကိုရေးလေ။

မေး ။ အဘယ်ကို ဗီဇဂါမ် ဘူတဂါမ်ဟုခေါ်သည်ကိုလည်းကောင်း၊ ဗီဇဂါမ် အပြားကိုလည်းကောင်း ထုတ်ပြ၍၊ ရဟန်းအနေဖြင့် သစ်ကိုင်းပယ် ခြင်း စသည်ကိုပြုလိုသော် အပ်သောခိုင်းနည်းများကိုပါ ထုတ်ဖော် ဖြေကြားပါ။

ဖြေ ။ မျိုးစေ့အပေါင်းကို ဗီဇဂါမ်ဟုခေါ်ပါသည်။ သစ်ပင်အပေါင်းကို ဘူတ ဂါမ်ဟုခေါ်ပါသည်။

ဗီဇဂါမ်သည် (၁) မူလ = အမြစ်၊ (၂) ခန္ဓ - ပင်စည်၊
(၃) ဖလု = အဆစ်၊ (၄) အဂ္ဂ = အညွန့်၊ (၅) ဗီဇ = အစေ့ဟူ၍ ၅-ပါးပြားရှိပါသည်။

အပ်ခိုင်းသောနည်းများ - ဤသစ်ပင်ကို ကပ္ပိစမ်း၊ ဤသစ်ကိုင်းကို ပေးပါ၊ ဤသစ်ကိုင်းကို သိစမ်းပါ၊ ဤသစ်ကိုင်းကို ယူခဲ့စမ်းပါ၊ ဤသစ်ကိုင်းဖြင့် အလိုရှိသည် စသည်ဖြင့် ခိုင်းရပါမည်။

မေး ။ ဘူတဂါမသိက္ခာပုဒ်၌ အဘယ်ကို ဗီဇဂါမ်၊ ဘူတဂါမ်ဟုခေါ်သနည်း၊ ကွဲပြားအောင် ပြည့်ပြည့်စုံစုံ ခွဲခြားဖော်ပြ၍၊ သစ်ပင်ကိုဖြတ်လို၊ သစ်သီးကို ခူးစားလိုသောငါ့ရှင်သည် ယင်းသိက္ခာပုဒ်လွတ်အောင် မည်ကဲ့သို့ ခိုင်းပါမည်နည်း၊ အပ်သောခိုင်းနည်း၊ မအပ်သောခိုင်းနည်း များကို ဖော်ပြပါ။

ဖြေ ။ "မည်သည့်သစ်ပင်၊ မည်သည့်သစ်သီး" ဟု မသတ်မှတ်ဘဲ "သစ်ပင် ကို ဖြတ်လော့" "သစ်သီးကိုခူးလော့" ဟု ခိုင်းလျှင်ဖြစ်စေ၊ "ဤသစ်ပင် (ဤသစ်သီး) ကို သိလော့၊ ဤသစ်ပင် (ဤသစ်သီး) ကို ပေးလော့၊

http://www.dhammadownload.com



ဤသစ်ပင် (ဤသစ်သီး) ကို ဆောင်ခဲ့လော့၊ ဤသစ်ပင် (ဤသစ်သီး) ဖြင့် အလိုရှိ၏။ ဤသစ်ပင် (ဤသစ်သီး) ကို ကပ္ပိလော့" စသည်ဖြင့် ခိုင်းလျှင်ဖြစ်စေ ဘူတဂါမသိက္ခာပုဒ် အပြစ်လွတ်ပါသည်။

အထက်ပါခိုင်းနည်းမှာ - "အပ်သောခိုင်းနည်း" များပင်ဖြစ်ပါသည်။

မအပ်သောခိုင်းနည်းများမှာ -

"ဤသစ်ပင်ကို ဖြတ်ပေးစမ်းပါ၊ ခုတ်စမ်းပါ၊ လှဲစမ်းပါ၊ ချိုင်စမ်းပါ၊ ဤသစ်သီးကို ခူးစမ်းပါ" စသော ခိုင်းနည်းများ ဖြစ်ပါသည်။

မေး ။ အမေးကိုရှောင်လွှဲဖြေသောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ အကြောင်းနှစ်ချက်ကြောင့် အာပတ်နှစ်ချက်သင့်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဏံပြုပြီးနောက် အာပတ်သင့်ရောက်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

❖ စကားတစ်မျိုးဖြင့် စကားတစ်မျိုးကိုဖုံးဖိခြင်းကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ အညဝါဒကသိက္ခာပုဒ်ကိုရေးလေ။

မေး ။ အညဝါဒကသိက္ခာပုဒ်၌ အနုပညတ်ကိုထုတ်ပြ၍ ၎င်းပညတ်သည် မည်သည့်အနုပညတ်မျိုးဖြစ်ပါသနည်း။

ဖြေ ။ အနုပညတ်မှာ - ဝိဟေသကေ ဖြစ်ပါသည်။ ၎င်းအနုပညတ်သည် အာပတ္တိကရ အနုပညတ်မျိုးဖြစ်ပါသည်။

မေး ။ အညဝါဒက၊ ဝိဟေသက အမည်ရသော ရဟန်းတို့ကိုထုတ်ပြ၍ ထိုရဟန်းတို့အား သံဃာများက အဘယ်သို့အရေးယူရမည်၊ ဘယ်အခါ၌ အာပတ်သင့်သည်တို့ကို စုံလင်အောင်ဖော်ပြပါ။

ဖြေ ။ အညဝါဒက အမည်ရသောရဟန်းမှာ - မေးအပ်သောအကြောင်းမှ တစ်ပါးသောအကြောင်းကို ပြောဆိုတတ်သောရဟန်းဖြစ်ပါသည်။

ဝိဟေသကအမည်ရသောရဟန်းမှာ - မေးအပ်သည်ကိုမဖြေဘဲ ဆိတ်ဆိတ်နေသဖြင့် သံဃာကိုညှင်းဆဲသောရဟန်းဖြစ်ပါသည်။

### သံဃာကအရေးယူပုံနှင့်အာပတ်သင့်ရာအခါ

ထိုအညဝါဒကအမှု၊ ဝိဟေသကအမှုပြုသောရဟန်းကို သံဃာက ကမ္မဝါစာဖြင့် အညဝါဒကကံ၊ ဝိဟေသကကံသို့ တင်ပေးရပါမည်။

http://www.dhammadownload.com



ထိုသို့ တင်ပေးပြီး (ကံပြုပြီး) နောက် အညဝါဒကအမှု၊ ဝိဟေသက အမှုကို ထပ်မံပြုသောအခါ၌ ပါစိတ်အာပတ်သင့်ပါသည်။

မှတ်ချက်။ ကံမပြုခင် အညဝါဒကအမှု၊ ဝိဟေသကအမှုကို ပြုခိုက်၌ကား ဒုက္ကဋ်အာပတ်သာသင့်ပါသည်။

မေး ။ သုဒ္ဓပါစိတ် သိက္ခာပုဒ် (၉၂) ပုဒ်တို့တွင် (က) အာပတ္တိကရ အနုပညတ်သိက္ခာပုဒ် (ခ) အနာပတ္တိကရအနုပညတ်သိက္ခာပုဒ်တို့ ကို ခွဲခြားပြခဲ့ပါ။

ဖြေ ။ (က) အညဝါဒကသိက္ခာပုဒ် (ခ) ကြွင်းသောသိက္ခာပုဒ် (၉၁)ပုဒ်ဖြစ် သည်။

မေး ။ သုဒ္ဓပါစိတ်သိက္ခာပုဒ်တို့တွင် ဝတ္ထုနှစ်ခုကြောင့် အာပတ်နှစ်ချက် သင့်သော သိက္ခာပုဒ်တို့ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ အညဝါဒကသိက္ခာပုဒ်၊ ဥဇ္ဈာပနကသိက္ခာပုဒ်တို့ကိုရေးလေ။

မေး ။ ဝိနည်းပါဠိတော်၌ ဝတ္ထု ၂ ခုကြောင့် အာပတ် ၂ ခုသင့်သော သိက္ခာပုဒ်များကို မမှားအောင်ထုတ်ဆောင်ပါဠိရေးခဲ့ပါ။

ဖြေ ။ ကုဋိကာရသိက္ခာပုဒ်၊ အညဝါဒကသိက္ခာပုဒ်၊ ဥဇ္ဈာပနကသိက္ခာပုဒ်တို့ ကို ရေးလေ။

**မေး ။ အများပိုင်ပစ္စည်းများကို ဖျက်ဆီးဖို့မဆိုထားနှင့် လွင်ပြင်၌ပင် ဖစ်မထားကောင်းဟု ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။**

**❖ ဆွမ်းစားကျောင်းအတွင်းရှိ သံဃာပိုင်ပစ္စည်းများကို စည်းကမ်းတကျ သုံးစွဲကြရန် မိန့်မှာခဲ့သောဘုရား၏ ပညတ်တော်ပြ ဝိနယ သိက္ခာပဒ ကို ပါဠိ၊ အနက်ရေးပါ။**

ဖြေ ။ ပဌမသေနာသနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ အရပ်တစ်ပါးသို့သွားလိုသော် သံဃိကသေနာသနပစ္စည်းတို့၌ ပြုလုပ်ခဲ့ရမည့်တာဝန်တို့ကိုဖော်ပြပြီးလျှင် မနာမဖျားသောရဟန်းခံယူ နိုင်သော ဆေးပစ္စည်းဖိတ်မှုတို့ကို ရေတွက်ပြခဲ့ပါ။

ပြုလုပ်ခဲ့ရမည့်တာဝန်များ

ဖြေ ။ ကိုယ်တိုင်သိမ်းဆည်းရပါမည်။ သူတပါးတို့ကို သိမ်းဆည်း ခိုင်းရပါမည်။ ပန်ကြား၍သွားရပါမည်။

http://www.dhammadownload.com



### ခံယူနိုင်သောဆေးပစ္စည်းဖိတ်မှု

၁။ ၄ လပတ်လုံး ဆေးပစ္စည်းဖြင့်ဖိတ်မှု။
၂။ ၄ လပြည့်၍ နောက်ထပ်တစ်ဖန် ထပ်မံဖိတ်မှု။
၃။ အမြဲ (ရာသက်ပန်) ဖိတ်မှုတို့ဖြစ်ပါသည်။

မေး ။ အရပ်တစ်ပါးသို့သွားလိုသောရဟန်း သိမ်းဆည်းပြီးမှသာသွားသင့်သော လွင်တီးခေါင်၌ ခင်းထားသည့် သံဃာပိုင်ပစ္စည်းများကို ပါဠိ၊ မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြပါ။

ဖြေ ။ (၁) မဉ္စ - ညောင်စောင်း၊ (၂) ပီဌ - အင်းပျဉ်၊
(၃) ဘိသိ - ဘုံလျှို (၄) ကောစ္ဆ-ခတ်အခင်းတို့ ဖြစ်ပါသည်။

မေး ။ သံဃိကကျောင်း၌ အိပ်ယာနေရာကို မသိမ်းဆည်း မပန်ကြားဘဲ ကြွသွားသောရဟန်းအား အပြစ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သံဃာပိုင် သံဃိကကျောင်း၌ အိပ်ယာနေရာတို့ကိုခင်းပြီး ဝစ်မထားသင့်ကြောင်းပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သံဃိကကျောင်း၌ အိပ်ယာနေရာခင်း၍ မရုပ်သိမ်းဘဲသွားမှု ကြောင့် ပညတ်တော်မူအပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သံဃိကခုတင်ညောင်စောင်းစသည်ကို နေပူမှာထုတ်လှမ်းပြီးလျှင် ကြောင့်ကြမဲ့ ခရီးသွားသောရဟန်း၏ အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဒုတိယသေနာသနသိက္ခာပုဒ်ကို ရေးလေ။

မေး ။ ဒုတိယသေနာသနသိက္ခာပုဒ်လာ သေယျသရုပ် (၁၀)ပါးကို ရေးခဲ့ပါ။

ဖြေ ။ (၁) ဘိသိ = ဘုံလျှို၊ (၂) စိမိလိကာ = အဝတ်ကြမ်း၊ (၃) ဥတ္တရတ္ထရဏ- အပေါ်လွှမ်းအခင်း၊ (၄) ဘူမတ္ထရဏ = မြေအခင်း၊ (၅) တဋ္ဋိကာ =ဖျာကြမ်း၊ (၆) ဓမ္မခဏ္ဍော = သားရေပိုင်း၊ (၇) နိသီဒန = နိသီဒိုင်၊
(၈) ပစ္စတ္ထရဏ = သီးခြားအခင်း၊ (၉) တိဏသန္ထာရ - မြက်အခင်း၊
(၁၀) ပဏ္ဏသန္ထာရ = သစ်ရွက်အခင်း။

မေး ။ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်လာ နွေရာသီဘုရားဖူးကြွသွားသောရဟန်းတော်များ အထူးလိုက်နာကျင့်သုံးအပ်သော သိက္ခာပုဒ်များကို ပါဠိ၊ အနက်ရေးပြပါ။

http://www.dhammadownload.com



❖ သံဃိကပစ္စည်းများကို မသိမ်းဆည်းခြင်းကြောင့် အပြစ်ရောက် သော သိက္ခာပုဒ်တို့ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပထမသေနာသနသိက္ခာပုဒ်၊ ဒုတိယသေနာသန သိက္ခာပုဒ်တို့ကို ရေးလေ။

မေး ။ ဘူတဂါမဝဂ်တွင် သံဃာပိုင် သံဃိကပစ္စည်း သံဃိကကျောင်းများနှင့်ပတ်သက်၍ ပညတ်တော်မူအပ်သောသိက္ခာပုဒ်အမည်များကို ဖော်ပြပါ။

ဖြေ ။ ၁။ ပထမသေနာသနသိက္ခာပုဒ်၊ ၂။ ဒုတိယသေနာသနသိက္ခာပုဒ်၊
၃။ အနုပခဇ္ဇသိက္ခာပုဒ်၊ ၄။ နိက္ကဍ္ဎနသိက္ခာပုဒ်၊
၅။ ဝေဟာသကုဋိသိက္ခာပုဒ်။

မေး ။ သံဃိကကျောင်း၌ မိမိအလျင်ရောက်နေသောရဟန်းကို ထွက်ခွာသွားစေလိုသောရည်ရွယ်ချက်ဖြင့် တိုးဝှေ့နေထိုင်သောရဟန်းအား အပြစ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သံဃာပိုင်ကျောင်း၌ ဦးစွာကြိုရောက်နေသည့် မထေရ်ကြီးအနီးသို့ တိုးဝှေ့၍ဝင်ထိုင်သောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ မထေရ်ကြီးများအနား၌ ကပ်ရောက်နေထိုင်မှုကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ စိတ်ယုတ်မာဖြင့် မထေရ်ကြီးများအပေါ် စိတ်ဆင်းရဲမှုမပြုမိစေရန် ပညတ်တော်မူအပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သံဃိကကျောင်း၌ စိတ်ယုတ်မာဖြင့် တိုးဝှေ့၍ ထိုင်ခြင်း၊ အိပ်ခြင်းကိုပြုသော ရဟန်းအား သင့်ရောက်သည့် အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ အနုပခဇ္ဇသိက္ခာပုဒ်ကို ရေးလေ။

မေး ။ သံဃိကကျောင်း၌ တိုးဝှေ့၍နေရာလုသောရဟန်း၏ ရည်ရွယ်ချက်ကို သာဓကနှင့်တကွဖော်ပြပါ။

ဖြေ ။ ကျဉ်းကြပ်သူထွက်သွားလိမ့်မည်ဟူသောစိတ်ယုတ်မာ ရည်ရွယ်ချက်ဖြစ်သည်။

သာဓက၊ ယဿသမ္ဗာဓော ဘဝိဿတိ၊ သောပက္ကမိဿတိ။

http://www.dhammadownload.com



မေး ။ သံဃိကကျောင်း၌ တိုးဝှေ့နေထိုင်သောရဟန်း၏ ကြံစွယ်ပုံပြ ပါဠိကိုရေးပါ။

ဖြေ ။ ယဿသမ္မာ ဘဝိဿတိ။ ပ။ အနည်း။

မေး ။ ရဟန်းတစ်ပါးကို သံဃိကကျောင်းမှ နှင်ထုတ်မှု (ထွက်သွားအောင် ပြုလုပ်မှု)ကြောင့် ပညတ်တော်မူအပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

❖ ရဟန်းကောင်းတစ်ပါးအား သံဃိကကျောင်းမှ နှင်ထုတ်မှုနှင့်စပ်လျဉ်း၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ တရားသဖြင့်နေထိုင်သော ရဟန်းတော်ကို သံဃိကကျောင်းမှ နှင်ထုတ်သောရဟန်အား သင့်ရောက်သည့်အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ နိက္ကမနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ အထပ်ထပ်၌ အခင်းမရှိသေးဘဲ ညောင်စောင်း (ခုတင်) ကိုခင်း၍ ထိုင်မှုကြောင့် ပညတ်တော်မူအပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

❖ အခင်းမရှိ ဟင်းလင်းပြင်ဖြစ်သော သံဃိကကျောင်း၌ ညောင်စောင်းအင်းပျဉ်ခင်း၍ မနေရဟု ပညတ်အပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဝေဟာသကုဋိသိက္ခာပုဒ်ကိုရေးလေ။

မေး ။ အဘယ်သို့သောသံဃိကကျောင်းမျိုး၌ ထားအပ်သော အဘယ်သို့သောညောင်စောင်း၊ အင်းပျဉ်များပေါ်၌ မထိုင်ရ မအိပ်ရပါသနည်း။ ဘိက္ခုပါတိမောက်ပါဠိတော်နှင့်အညီညွှန်ပြ၍ ပဝါရိတ်သင့်သောရဟန်းများ စားကောင်းသောဆွမ်းတို့ကိုလည်းညွှန်ပြခဲ့ပါ။ (ကြီး၊ ၅၆ခု)

ဖြေ ။ အထက်ဆင့်တွင် ပျဉ်မခင်း၍ ဟင်းလင်းပြင်ရှိသော ကုဋိသံဃိကကျောင်းမျိုး၌ အပေါင်တွင်အခြေတပ်သော ညောင်စောင်း၊ အင်းပျဉ်ပေါ်၌ ရဟန်းများ မထိုင်ရ၊ မအိပ်ရပါ။

ပဝါရိတ်သင့်သောရဟန်းများ စားကောင်းသောဆွမ်း

(၁) အတိရိတ်ဝိနည်းကံပြုအပ်သောဆွမ်း (၂) ဂိလာန၏အကြွင်းအကျန်ဖြစ်သောဆွမ်းတို့ဖြစ်ပါသည်။

အထောက်။ အနတိရတ္တံ၊ အနတိရိတ္တေန (ပ + ၃ ပဝါရဏာသိက္ခာပုဒ်)

http://www.dhammadownload.com



မေး ။ "မဇ္ဈဝါ ပီဌဝါ အဘိနိသီဒေယျဝါ အဘိနိပဇ္ဇေယျဝါ" ပါဠိတို့ကို ကင်္ခါအဖွင့်နှင့်အညီ အနက် ၂ နည်း ယောဇနာပြခဲ့ပါ။

ဖြေ ။ ၁။ မဉ္စဝါ၊ ကိုသော်လည်းကောင်း။ ပီဌဝါ၊ ကိုသော်လည်းကောင်း။ အဘိနိသီဒေယျဝါ၊ ဖိ၍မှုလည်းထိုင်အံ့။ အဘိနိပဇ္ဇေယျဝါ၊ ဖိ၍မှုလည်းအိပ်အံ့။

၂။ မဉ္စဝါ၊ ၌သော်လည်းကောင်း။ ပီဌဝါ၊ ၌သော်လည်းကောင်း။ အဘိနိသီဒေယျဝါ၊ ထိုင်မှုလည်းထိုင်အံ့။ အဘိနိပဇ္ဇေယျဝါ၊ အိပ်မှုလည်းအိပ်အံ့။

မေး ။ ကျောင်းဒါယကာပေါ်ပေါက်၍ ကျောင်းဆောင်ကြီးဆောက်လုပ်လိုသောရဟန်း၏ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းတို့ကို သတ်မှတ်ပြသောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ကိုရေးပြပါ။

❖ ဘိက္ခုပါစိတ် မဟလ္လကဝိဟာရသိက္ခာပုဒ်ထည့်သင့်သောပါဠိ ထည့်စွက်၍ ကျနစွာ အနက်ယောဇနာပါ။ (လတ်၊ ၃၁-ခု)

❖ ကျောင်းဒကာတစ်ယောက်က သုံးထပ်တိုက်ဆောက်လုပ်လှူရန် လျှောက်ထားရာ၌ လိုက်နာရမည့် ဥပဒေပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ အမိုးနှစ်ထပ်သုံးထပ်ဖြင့် ကျောင်းကောင်းကြီးများဆောက်လိုသောရဟန်းများအတွက် ပညတ်အပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သုဒ္ဓပါစိတ်လာ ကျောင်းကြီးကြီးဆောက်လုပ်စေရာ၌ ရဟန်းတို့ စီမံနိုင်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ မဟလ္လက ဝိဟာရသိက္ခာပုဒ်ကို ရေးလေ။

မေး ။ မိုးရေခံသက်မ်းမရှာမှီးအပ်သောကာလကို အတိအကျဖော်ပြပြီးလျှင် ကျောင်းကြီးကြီးဆောက်လိုသောရဟန်းသည် လိုက်နာရမည့် ဆောင်ရွက်ခွင့်များကို (သုဒ္ဓပါစိတ်လာအတိုင်း)ရေးပြပါ။ (ကြီး၊ ၅၀-ခု)

ဖြေ ။ ၁။ တံခါးဘောင်၏ထက်ဝန်းကျင် ၂ တောင့်ထွာ အရပ်တိုင်အောင် တံခါးရွက်၊ တံခါးဘောင်တို့ကို မလှုပ်မရှားအောင် ထားခြင်းငှာလည်းကောင်း၊ လေသောက်ပြတင်းတံခါးရွက်ကို ခိုင်မြဲအောင် ပြုခြင်းငှာလည်းကောင်း၊ အထပ်ထပ်ကိုယ်တိုင်လိမ်းကျံနိုင်၊ သူတစ်ပါးကိုလည်း လိမ်းကျံစေနိုင်သည်။

http://www.dhammadownload.com



၂။ အမိုး၏ဝန်းကျင်လှည့်ပတ် ၂ ထပ် ၃ ထပ်ကို စိမ်းစိုသော ကောက်ပဲမရှိရာအရပ်၌ တည်လျက်စိမံနိုင်သည်။

မေး ။ မဟလ္လကဝိဟာရကိုဆောက်လုပ်သောရဟန်းသည် တံခါးဘောင်၊ တံခါးရွက်၊ အမိုးတို့ကို အဘယ်သို့ စီစဉ်ရသည်ကိုဖော်ပြ၍ အဘယ် အလို့ငှာ စီရင်အပ်သောမုန့်ကို ပူဝမုန့်၊ မန္ထမုန့်ဟုခေါ်ပါသနည်း။ (လတ်၊ ၄၁-ခု)

ဖြေ ။ တံခါးဘောင်၏ နှစ်တောင့်ထွာအရပ်တိုင်အောင် တံခါးရွက်၊ တံခါး ဘောင်တို့ကို မလှုပ်ရှားအောင်ထားခြင်းငှာလည်းကောင်း၊ လေသာ ပြတင်းပေါက်၊ တံခါးရွက်တို့ကို ခိုင်မြဲအောင်ပြုခြင်းငှာလည်းကောင်း၊ အဖန်ဖန်အထပ်ထပ် ကိုယ်တိုင်မူလည်း လိမ်းကျံရမည်၊ သူတစ်ပါး ကိုမူလည်းလိမ်းကျံစေရမည်၊ အမိုး၏နှစ်ဆင့် သုံးဆင့်လည်၍ မိုးခြင်းကို စိမ်းစိုသောကောက်ပဲမရှိရာအရပ်၌ ရပ်တည်လျက်စီမံရမည်။
လက်ဆောင်အလို့ငှာ စီရင်အပ်သော မုန့်ကြွက်ကျစ်စသော မုန့်သည် ပူဝမည်၏၊ ရိက္ခာအလို့ငှာ စီရင်အပ်သောမုန့်၊ နှမ်းဆန်အစ ရှိသောမုန့် သည် မန္ထမည်၏။

မေး ။ ဘူတဂါမဝဂ်၊ မဟလ္လကဝိဟာရသိက္ခာပုဒ်၊ လသုဏဝဂ် - နဝမ သိက္ခာ ပုဒ်၊ သေခိယပါဒုကဝဂ် - ဟရိတေဉစ္စာရသိက္ခာပုဒ်တို့၌လာသော "ဟရိတ" တို့၏အထူးကိုဖော်ပြပါ။

ဖြေ ။ မဟလ္လကဝိဟာရသိက္ခာပုဒ်၌ ဟရိတအရ - စပါးမျိုး ၇ ပါးစသည်ပြား သော ကောက်မျိုးကိုလည်းကောင်း၊ ပဲနောက်၊ ပဲကြီး၊ ပဲဝိစပ်၊ ထူး၊ ဖရုံ စသည်ပြားသော ပဲမျိုးကိုလည်းကောင်း ယူရမည်။
လသုဏဝဂ် နဝမသိက္ခာပုဒ်၌ လယ်၌လည်းကောင်း၊ အုန်းခြံစသည်၌ လည်းကောင်း၊ အမှတ်မထား တစ်ပါးပါးသောအရပ်၌ စိုက်ပျိုးအပ် သော စိမ်းစိုသောအရပ်ဌာနသည် ဟရိတမည်၏။
သေခိယ ဟရိတေ ဉစ္စာရသိက္ခာပုဒ်လာ အသက်မသေရှင်ဆဲဖြစ်သော စိမ်းစိုသောမြက်သစ်ပင်အားလုံးသည် ဟရိတမည်၏။ ဤသို့ထူးပါ သည်။

မေး ။ သိလျက်ပိုးကောင်ရှိသောရေကို မြေ၌သွန်ပစ်သောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

http://www.dhammadownload.com



❖ ပိုးကောင်များရှိသောရေထဲသို့ မြေဖို့နိုင်းသောရဟန်း အပြစ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

ဖြေ ။ သပ္ပါဏကသိက္ခာပုဒ်ကိုရေးလေ။

မေး ။ အနက်ဉာဏ်ရှိကြသူများဖြစ်ကြသည်နှင့်အညီ ဘူတဂါမဝဂ် နောက်ဆုံးသိက္ခာပုဒ်ကို သုံးမျိုးသုံးနည်း အနက်ယောဇနာပြပါ။ (ကြီး၊ ၅၃-ခု)

ဖြေ ။ (ပဌမနည်း) ယောပနဘိက္ခု၊ သည်။ ဇာနံ - ဇာနန္တော၊ ပိုးရှိသောရေဟု သိလျက်။ သပ္ပါဏကံ - သပ္ပါဏကေန၊ ပိုးရှိသော။ ဥဒကံ - ဥဒကေန၊ ရေဖြင့်။ တိဏံဝါ၊ မြက်ကိုလည်းကောင်း။ မတ္တိကံဝါ၊ မြေကိုလည်းကောင်း။ သိဉ္စေယျဝါ၊ မိမိမူလည်း သွန်ငြားအံ့။ သိဉ္စာပေယျဝါ၊ သူ့ကိုမူလည်း သွန်စေငြားအံ့။ တဿဘိက္ခုနော၊ ပါစိတ္တိယံ၊ ဟောတိ။

(ဒုတိယနည်း) ယောပနဘိက္ခု၊ သည်။ ဇာနံ - ဇာနန္တော၊ လျက်။ သပ္ပါဏကံ၊ သော။ ဥဒကံ၊ ကို။ တိဏံဝါ၊ ၌လည်းကောင်း။ မတ္တိကံဝါ၊ ၌လည်းကောင်း။ သိဉ္စေယျဝါ၊ အံ့။ သိဉ္စာပေယျဝါ၊ အံ့။ တဿဘိက္ခုနော၊ ပါစိတ္တိယံ၊ ဟောတိ။

(တတိယနည်း) ယောပနဘိက္ခု၊ ဇာနံ - ဇာနန္တော၊ လျက်။ သပ္ပါဏကံ၊ သော။ ဥဒကံ၊ ကို။ ဂဟေတွာ၊ ယူ၍။ ဗဟိ၊ ၌။ သိဉ္စေယျ၊ အံ့။ တမှိစ ဥဒကေ၊ ထိုရေ၌လည်း။ တိဏံဝါ၊ ကိုလည်းကောင်း။ မတ္တိကံဝါ၊ ကိုလည်းကောင်း။ အာဟရိတွာ၊ ၍။ ပက္ခိပေယျ၊ အံ့။ တဿဘိက္ခုနော၊ ပါစိတ္တိယံ၊ ဟောတိ။

မေး ။ (က) ပိုးရှိမှန်းသိလျက် ပိုးရှိသောရေကို မြက်မြေသို့ သွန်းလောင်းလည်းကောင်း (ခ) ပိုးရှိသောရေ၌ မြက်မြေကိုသွန်းလောင်းကလည်းကောင်း ပါစိတ်အာပတ်သင့်၏။ ဤကဲ့သို့ အဓိပ္ပာယ်နှစ်ချက်ပေါ်ထွက်အောင် ဘူတဂါမဝဂ်အဆုံးသိက္ခာပုဒ်ကို အနက်ပေးပါ။

ဖြေ ။ ယောပနဘိက္ခု၊ သည်။ ဇာနံ-ဇာနန္တော၊ ပိုးရှိသောရေဟုသိလျက်။ သပ္ပါဏကံ၊ ပိုးရှိသော။ ဥဒကံ၊ ရေကို။ တိဏံဝါ၊ မြက်သို့သော်လည်းကောင်း။ မတ္တိကံဝါ၊ မြေညက်သို့သော်လည်းကောင်း။ သိဉ္စေယျဝါ၊ ကိုယ်တိုင်မူလည်းသွန်းလောင်းအံ့။ သိဉ္စာပေယျဝါ၊ သူတစ်ပါးကိုမူ လည်း သွန်းလောင်းစေငြားအံ့။ တဿဘိက္ခုနော၊ ၏။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

http://www.dhammadownload.com



(တစ်နည်း)ယောပနဘိက္ခု၊ သည်။ ဇာနံ-ဇာနန္တော၊ လျက်။ သပ္ပါဏကံ၊ သော။ ဥဒကံ၊ ရေထဲသို့။ တိဏံဝါ၊ ကိုသော်လည်းကောင်း။ မတ္တိကံဝါ၊ ကိုသော်လည်းကောင်း။ သိဉ္စေယျဝါ၊ ကိုယ်တိုင်မှုလည်းကောင်းထည့်အံ့။ သိဉ္စာပေယျဝါ၊ သူတစ်ပါးကိုမှုလည်း လောင်းထည့်စေခြားအံ့။ တဿဘိက္ခုနော၊ ၏။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

မေး ။ သဉ္စိစ္စသိက္ခာပုဒ်နှင့် သပ္ပါဏကသိက္ခာပုဒ်တို့၌ပါသော ပါဏသဒ္ဒါနှစ်ခုတို့၏ အရထူးခြားချက်ကိုရေးခဲ့ပါ။

ဖြေ ။ သဉ္စိစ္စသိက္ခာပုဒ်၌ ပါဏအရ - တိရစ္ဆာန်သတ္တဝါဟူသမျှအားလုံးကို ယူရ ပါသည်။ သပ္ပါဏကသိက္ခာပုဒ်၌ ပါဏအရကား - ရေကိုသုံးစွဲလျှင် သေနိုင်လောက်သော ပိုးကောင်ငယ်များကို ယူရပါသည်။ ဤသို့ထူးပါသည်။

မေး ။ သပ္ပါဏကဝဂ်လာ သပ္ပါဏကသိက္ခာပုဒ်နှင့် ဘူတဂါမဝဂ်လာ သပ္ပါဏကသိက္ခာပုဒ်နှစ်ခုတို့၏အထူးကိုရေးခဲ့ပါ။

ဖြေ ။ သပ္ပါဏကဝဂ် သပ္ပါဏကသိက္ခာပုဒ်ကို ပိုးရှိသောရေကိုချိုးခြင်း၊ သောက်ခြင်း စသောအားဖြင့် ကိုယ်နှင့်စပ်သောအတွင်းသုံးဆောင်မှုကိုပြသောအားဖြင့် ပညတ်တော်မူပါသည်။
ဘူတဂါမဝဂ်၊ သပ္ပါဏကသိက္ခာပုဒ်ကို ခန္ဓာကိုယ်အပ သုံးဆောင်မှုကို ပြသောအားဖြင့် ပညတ်တော်မူပါသည်။ ဤသို့ထူးပါသည်။

**ဘူတဂါမဝဂ်ဆိုင်ရာအမိဘ္ဘာယ်ပြီး၏။**

http://www.dhammadownload.com



## ဩဝါဒဆိုင်ရာအစိတ္တာယ်

မေး ။ ဘိက္ခုနီမတို့အား ဩဝါဒပေးမှုကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

ဖြေ ။ ဩဝါဒသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုနီမတို့အား နေဝင်အောင်ဩဝါဒပေးမှုကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

ဖြေ ။ အတ္ထင်္ဂတသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုနီမများ ကျောင်းသို့သွား၍ ဩဝါဒပေးမှုကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

❖ ဘိက္ခုနီမဂိလာနဖြစ်နေရာအခါမှတစ်ပါး အခြားအခါများ၌ ဘိက္ခုနီမ ကျောင်းသို့သွား၍ ဩဝါဒပေးလျှင် အပြစ်သင့်သည်ဟု သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဘိက္ခုနုပဿယသိက္ခာပုဒ်ကိုရေးလေ။

မေး ။ သမ္မုတိမရဘဲ ဘိက္ခုနီမ ကျောင်းသို့သွား၍ နေဝင်သည့်တိုင်အောင် ဆုံးမသောရဟန်း အာပတ်သင့်ရောက်သည် ပြဆိုသော သိက္ခာပုဒ် အမည်များကို ဖော်ပြပါ။

ဖြေ ။ ဩဝါဒသိက္ခာပုဒ်။ အတ္ထင်္ဂတသိက္ခာပုဒ်။ ဘိက္ခုနုပဿယသိက္ခာပုဒ်။

မေး ။ ကံကြီးကံငယ်ပြုဘို့ရန် မသွားနိုင်လောက်အောင် မကျန်းမာသော ရဟန်းမထံသို့သွား၍ ဆုံးမဩဝါဒပေးသောရဟန်းအား အပြစ်ရှိ မရှိ ပါဠိထောက်၍ ဆုံးဖြတ်ပါ။

ဖြေ ။ အပြစ်မရှိပါ။

အထောက်။ တတ္ထာယံသမယော၊ ဂိလာနာဟောတိ ဘိက္ခုနီ၊ အယံ တတ္ထသမယော။

မေး ။ ဘိက္ခုပါတိမောက်လာ သုဒ္ဓပါစိတ် ၉၂ ပါးတို့တွင် ဘိက္ခုနီမများ နှင့်စပ်လျဉ်း၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့ကို အမည်မျှ ရေးသားပါ။ (လတ်၊ ၃၂-ခု)

ဖြေ ။ ဩဝါဒ၊ အတ္ထင်္ဂတ၊ ဘိက္ခုနုပဿယ၊ အာမိသ၊ စီဝရဒါန၊ စီဝရသိဗ္ဗန၊ သံဝိဓာန၊ နာဝါဘိရုဟန၊ ပရိပါစိတ၊ ရဟောနိသဇ္ဇ။ (ဝိကပ္ပန)။

http://www.dhammadownload.com



မေး ။ ဘိက္ခုနီမများကို (က) ဆုံးမသင့်သောရဟန်း (ခ) မဆုံးမသင့်သော ရဟန်း (ဂ) ဆုံးမသင့်သောအချိန် (ဃ) မဆုံးမသင့်သောအချိန် များကို ခွဲခြားဖော်ပြပါ။

ဖြေ ။ (က) ဘိက္ခုနောဝါဒကသမ္မုတိရသောရဟန်းဖြစ်ပါသည်။
(ခ) ဘိက္ခုနောဝါဒကသမ္မုတိမရသောရဟန်းဖြစ်ပါသည်။
(ဂ) နေမဝင်ခင်ဖြစ်ပါသည်။
(ဃ) နေဝင်ပြီးနောက်ကာလဖြစ်ပါသည်။

မေး ။ ဘိက္ခုနောဝါဒကသမ္မုတိပေးခံရမည့်အင်္ဂါများကိုရေးပါ။

ဖြေ ။ ၁။ ပါတိမောက္ခသံဝရသီလရှိခြင်း၊
၂။ ပိဋကဗဟုသုတရှိခြင်း၊
၃။ ဥဘတောဝိဘင်းနှင့် ပါတိမောက်ကို နှုတ်တက်ရခြင်း၊
၄။ ကောင်းသောစကားလုံးနှင့် ကောင်းသောအသံရှိခြင်း၊
၅။ ဘိက္ခုနီသံဃာ (အားလုံးမဟုတ်သော်လည်း) အများ၏ အကြည်ညိုခံရခြင်း၊
၆။ ဘိက္ခုနီတို့ကို တရားဟောစွမ်းနိုင်ခြင်း၊
၇။ ရှေးလူဘဝတုန်းက ဘိက္ခုနီတို့၌ ကာယသံသဂ္ဂ၊ သိက္ခမာန် သာမဏေမတို့၌ မေထုန်အမှုကို မပြုဖူးခြင်း၊
၈။ ဝါ ၂၀ ရရှိခြင်း။

မေး ။ အောက်ပါအချက်အလက်များကို အသီးသီးဖြေဆိုပါ။ (လတ်၊၅၁၃) (က) ရဟန်းမတို့ကို ဩဝါဒပေးခွင့်မရှိသောရဟန်း၊ (ခ) ဩဝါဒ ပေးခွင့်ရှိသော်လည်း ဩဝါဒမပေးရသောအချိန်၊ (ဂ) ခွင့်ပြုချိန် ဖြစ်သော်လည်း ဩဝါဒမပေးရသည့်နေရာ။

ဖြေ ။ (က) ဘိက္ခုနောဝါဒကသမ္မုတိမရသောရဟန်း၊ (ခ) နေဝင်ချိန် (ဂ) ဘိက္ခုနီမ မကျန်းမာရာချိန်တပါး ဘိက္ခုနီမကျောင်း။

မေး ။ ဩဝါဒ၊ အတ္ထင်္ဂတ၊ ဘိက္ခုနုပဿယသိက္ခာပုဒ်တို့၌ပါသော ဩဝါဒ များ၏အထူးကိုရေးခဲ့ပါ။

ဖြေ ။ ဩဝါဒသိက္ခာပုဒ်၌လာသောဩဝါဒအရ - ဂရုဓမ်ရှစ်ပါးကိုရွတ်ပြ၍ ဆုံးမခြင်းကိုယူရပါသည်။
အတ္ထင်္ဂတသိက္ခာပုဒ်၌လာသော ဩဝါဒအရ - ဂရုဓမ်ရှစ်ပါးတို့ဖြင့် လည်းကောင်း၊ အခြားသောသုတ္တန် အဘိဓမ္မာတရားဖြင့်လည်းကောင်း ဆုံးမခြင်းကိုယူရပါသည်။

http://www.dhammadownload.com



ဘိက္ခုနုပဿယသိက္ခာပုဒ်၌လာသောဩဝါဒအရ - ဂရုဓမ်ရှစ်ပါးဖြင့် ဆုံးမခြင်းကို ယူရပါသည်။ ဤသို့ထူးပါသည်။

မေး ။ သမ္မုတိရပြီးသော်လည်း ဘိက္ခုနီတို့ကိုဆုံးမရာ၌ အာပတ်သင့်သော ရဟန်းနှင့် ဘိက္ခုနီကျောင်းသို့ဝင်၍ ဆုံးမသော်လည်း အာပတ်မသင့် သောရဟန်းအမျိုးအစားတို့ကို သာဓကနှင့်တကွဖော်ပြ၍ ပဏီတ ဘောဇနနှင့် သဘောဇနတို့၏ခြားနားချက်ကိုလည်းဖြေဆိုပါ။

ဖြေ ။ နေဝင်ပြီးနောက်ကာလ၌ ဆုံးမသောရဟန်းနှင့် ဘိက္ခုနီမ မကျန်းမာရာ အခါ၌ ဆုံးမသောရဟန်း။ သာဓက။ သမ္မတောပိစေဘိက္ခု ။ ပ ။ ပါစိတ္တိယံ တတ္ထာယံ ။ ပ ။ ဟောတိဘိက္ခုနီ။

မေး ။ ဘိက္ခုနီမကျောင်းသို့သွား၍ ဆုံးမသောရဟန်းများ အာပတ်သင့်ပုံ တို့ကို ဆိုင်ရာသိက္ခာပုဒ်အမည်ညွှန်း၍ဖော်ပြပါ။

ဖြေ ။ ဘိက္ခုနီမကျောင်းသို့သွား၍ ဆုံးမသောရဟန်းသည် သမ္မုတိရလျှင် ဘိက္ခုနုပဿယသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်တစ်ချက်သင့်ပါသည်။ သမ္မုတိမရလျှင် ဩဝါဒသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်တစ်ချက်၊ ဘိက္ခု နုပဿယသိက္ခာပုဒ်ဖြင့် ပါစိတ်တစ်ချက်ပေါင်း ပါစိတ်အာပတ် နှစ်ချက် သင့်ပါသည်။

သမ္မုတိလည်းမရဘဲ နေဝင်အောင်လည်းဆုံးမလျှင် ဩဝါဒ၊ အတ္ထင်္ဂတ၊ ဘိက္ခုနုပဿယသိက္ခာပုဒ်တို့ဖြင့် ပါစိတ်အာပတ် သုံးချက်သင့်ပါသည်။

မေး ။ ဘိက္ခုနီတို့ သာသနာမကွယ်ပျောက်ခင်က ရင်းတို့ကိုဆုံးမနေသော သမ္မုတိဂုဏ်ညီးနွမ်းအောင် ပိပိအထင်နှင့်ပြောချင်ရာပြောနေသည့် ရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ အာမိသသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဥယျောဇနသိက္ခာပုဒ်၌ ဥယျောဇနာကာရပြပါဠိနှင့် အာမိသ သိက္ခာ ပုဒ်၌ပါသော ဝဒနာကာရပြပါဠိများကိုသာ အနက်ယောဇနာပါ။

ဖြေ ။ ဂစ္ဆာဝုသော န မေ တယာ။ ပ ။ နိသဇ္ဇာဖာသုဟောတိ။

ဝဒနာကာရပြပါဠိ -

အာမိသဟေတုထေရာဘိက္ခူ ဘိက္ခုနီယောဩဝဒန္တိ။ (အနက်ပေး)။

မေး ။ ဆွေမျိုးမတော်သောရဟန်းအား သင်္ကန်းပေးသောရဟန်းအား အပြစ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

ဖြေ ။ စီဝရဒါနသိက္ခာပုဒ်ကိုရေးလေ။

http://www.dhammadownload.com



မေး ။ စိဝရ ပဋိဂ္ဂဟဏသိက္ခာပုဒ်နှင့် စိဝရဒါနသိက္ခာပုဒ်နှစ်ခုတို့၏အထူး ကိုရေးခဲ့ပါ။

ဖြေ ။ နိဿဂ္ဂိယစိဝရပဋိဂ္ဂဟဏသိက္ခာပုဒ်၌ သင်္ကန်းကိုခံယူသည့်ရဟန်း တည်း။
စီဝရဒါနသိက္ခာပုဒ်၌ သင်္ကန်းကိုခံယူသူကား ရဟန်းမတည်း။
ဤသို့ခံယူသော ပဋိဂ္ဂဟဏပုဂ္ဂိုလ်အားဖြင့်ထူးပါသည်။

မေး ။ ဆွေမျိုးမတော်သောရဟန်းမအား သင်္ကန်းချုပ်ပေးခြင်းကြောင့် အာပတ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ စိဝရသိဗ္ဗနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုနီမတို့နှင့်တိုင်ပင်၍ ခရီးသွားလာမှုကြောင့် ပညတ်တော်မူအပ် သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဗုဒ္ဓမြတ်စွာသည် ဘိက္ခုနီနှင့်ချိန်းချက်၍ ခရီးရှည်သွားသည့်ရဟန်း အား ပညတ်အပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ သံဝိဓာနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ကေဒ္ဓါနမဂ္ဂ - ပါဌ်ကိုအနက်နှစ်နည်းပေးပြပါ။

ဖြေ ။ ကေဒ္ဓါနမဂ္ဂံ၊ တစ်ကြောင်းတည်း အစွန့်ရှည်သောခရီးကို။
(တစ်နည်း) ကေဒ္ဓါနမဂ္ဂံ၊ တပေါင်းတည်း အစွန့်ရှည်သောခရီးကို။

မေး ။ အာပိသသိက္ခာပုဒ်လာ "ထေရာဘိက္ခု" အရကိုကောက်ပြ၍၊ ကေ တော ဥပသမ္ပန္နရဟန်းမတို့နှင့်အတူ ကျိုက်ထီးရိုးဘုရားဖူးသွားသော ရဟန်းအား မည်သည့်အပြစ်သင့်ပါသနည်း၊ အာဂမယုတ္တိ၊ အတ္ထယုတ္တိ ပြ၍ရေးသားခဲ့ပါ။ (ကြီး၊ ၅၄-ခု)

ထေရာဘိက္ခုအရ -

ဖြေ ။ ဘိက္ခုနောဝါဒကသမ္မုတိရသိက္ခာ ၂၀ ရပြီးသော မထေရ်ရဟန်းများ။

သင့်ရောက်သောအပြစ်နှင့်အတ္ထယုတ္တိ

ဘိက္ခုနောဝါဒဝဂ်၊ သံဝိဓာနသိက္ခာပုဒ်၌ ဥဘတောဥပသမ္ပန္နဘိက္ခုနီကိုသာ ယူရမည်ဖြစ်သောကြောင့်လည်းကောင်း၊ ကေတော ဥပသမ္ပန္နဘိက္ခုနီသည် မာတုဂါမအရတွင် ပါဝင်နိုင်သောကြောင့်လည်းကောင်း၊ ကေတောဥပသမ္ပန္န ရဟန်းမတို့နှင့်အတူ ကျိုက်ထီးရိုးဘုရားဖူးသွားသောရဟန်းအား သပ္ပါဏကဝဂ် သံဝိဓာနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်ပါသည်။

အာဂမယုတ္တိ။ ယောပနဘိက္ခု မာတုဂါမေန။ ပ။ အန္တမသော ဂါမန္တရမ္ပိ ပါစိတ္တိယံ။

http://www.dhammadownload.com



မေး ။ သံဝါသနသိက္ခာပုဒ်၊ နာဝါဘိရူဟနသိက္ခာပုဒ်တို့၌ပါသော သံဝိဓာန အရတို့၏ ထူးခြားဟန်ကိုဖော်ပြပါ။

ဖြေ ။ သံဝိဓာနသိက္ခာပုဒ်၌ပါသော သံဝိဓာနအရ - သွားခါနီး၌ အချိန်း အချက်ပြုခြင်းဖြစ်ပါသည်။
နာဝါဘိရူဟနသိက္ခာပုဒ်၌ပါသော သံဝိဓာနအရ - ပျော်မြူးခြင်းကို ရှေးရှုပြု၍ တက်စီးခါနီး၌ အချိန်းအချက်ပြုခြင်းဖြစ်ပါသည်။ ဤသို့ ထူးပါသည်။

မေး ။ ဘိက္ခုနီနှင့် ချိန်းချက်၍ ကုန်းလမ်းရေလမ်း ခရီးသွားနိုင်သောအခါ တို့ကို ခရီးနှင့်တကွတွဲစပ်၍ အသီးသီးဖြေဆိုပြီးလျှင်။ အသက်နှစ် မပြည့်သေးမှန်းသိပါလျက် ရဟန်းခံပေးကြရာ၌
(က) ရဟန်းဖြစ်၊ မဖြစ်၊ (ခ) ကာရကသံဃာနှင့်ဥပဇ္ဈာယ်ဆရာတို့၏ ရရှိမည့်အပြစ်အသီးသီးတို့ကိုလည်း ဖြေဆိုပြပါ။

ဖြေ ။ လမ်းခရီးသည် -

| | | | |
|---|---|---|---|
| ၁။ | သတ္ထဂမနီယ | = | အဖော်ကုန်သည်အပေါင်းနှင့်အတူတကွ သွားသင့်ရာအခါ၊ |
| ၂။ | သာသင်္ကသမ္မတ | = | ယုံမှားဖွယ်ရှိ၏ဟု သမုတ်အပ်သောအခါ၊ |
| ၃။ | သပ္ပဋိဘယ | = | ဘေးရန်နှင့်တကွဖြစ်သောအခါ၊ (သံဝိဓာနသိက္ခာပုဒ်)၊ |
| ၄။ | တိရယတရဏာယ | = | ဖီလာကန့်လန့်ဖြတ်ကူးသောအခါ။ (နာဝါဘိရူဟနသိက္ခာပုဒ်)။ |

မေး ။ သမုဒ္ဒရာ၊ ရေကန်တို့၌ လှေစီး၍သွားကောင်း၊ မသွားကောင်း လျော်ရာအကြောင်းသွင်း၍ ဖြေရှင်းပါ။

ဖြေ ။ သိက္ခာပုဒ်ပါဠိတော်၌ "ဥဒ္ဓံဂါမိနိံဝါ အဓောဂါမိနိံဝါ" ဟု အဆန်သွား၊ အစုန်သွားလှေကို ပြထားပါသည်။ သမုဒ္ဒရာ၌ကား အဆန်အစုန်မရှိ သောကြောင့် ချမ်းသာသလိုလှေစီး၍ သွားကောင်းပါသည်။

မေး ။ ရဟန်းသည် ဘိက္ခုနီမတို့နှင့်တိုင်ပင်၍ ရေလမ်းခရီးသို့ လှေစီးမှု ကြောင့် အပြစ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ရဟန်းနှင့်ဘိက္ခုနီမတို့ တိုင်ပင်ကြလျက် အတူတကွ လှေစီးမထွက် သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဘိက္ခုနီမနှင့်တိုင်ပင်၍ ရေကြောင်းခရီး အတူစီးလျက် ခရီးထွက်သည် ကို အကြောင်းပြု၍ ပညတ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ နာဝါဘိရူဟနသိက္ခာပုဒ်ကိုရေးလေ။

http://www.dhammadownload.com



မေး ။ ဘိက္ခုနီမ စီမံချက်ပြုတ်ထားသောဆွမ်းကို ဘုဉ်းပေးမှုကြောင့် အပြစ် သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

ဖြေ ။ ပရိပါစိတသိက္ခာပုဒ်ကိုရေးလေ။

မေး ။ အဘယ်ဆွမ်းမျိုးကို ဘိက္ခုနိပရိပါစိတဆွမ်း၊ ဂိဟိသမာရမ္ဘဆွမ်းဟု ခေါ်ပါသနည်း။

ဖြေ ။ ရဟန်း၏လည်းကောင်း၊ မိမိဘိက္ခုနီမ၏လည်းကောင်း ဉာတိပဝါရိတ မဟုတ်သောလူတို့အထံ၌ ရဟန်းဂုဏ်ကျေးဇူးကိုပြောကြား၍ "အရှင် အား လှူကြ၊ အရှင့်အတွက်ပြုလုပ်ကြ" ဟု ဘိက္ခုနီမစီရင်၍ရအပ် သောဆွမ်းမျိုးကို ဘိက္ခုနိပရိပါစိတဆွမ်းဟု ခေါ်ပါသည်။

ဘိက္ခုနီမ မစီမံမီ ရဟန်းတို့အတွက် လူတို့စီမံအပ်သောဆွမ်းကို ဂိဟိ သမာရမ္ဘဆွမ်းဟုခေါ်ပါသည်။

မေး ။ အနီးအနား၌ချထား၍ လှူဒါန်းအပ်သော ရွှေ၊ ငွေကို ရဟန်းတော်က ကိုယ်နှုတ်ဖြင့်မပယ်ဘဲ စိတ်ဖြင့်သာ အလှူခံသော် အပ်စပ်ပါသလော၊ သိက္ခာပုဒ်အထောက်အထားပြဖြေဆို၍ ဘိက္ခုနီမ စီမံအပ်သောဆွမ်း ဟုသိလျက် ထိုဆွမ်းကို ရဟန်းတော်များက စားကောင်းသောအခါကို လည်း ဖြေဆိုပါ။

ဖြေ ။ ဇာတရူပသိက္ခာပုဒ်ကိုထောက်၍ မအပ်စပ်ပါ။

စားကောင်းသောအခါ -

ဘိက္ခုနီမ စီရင်သည်မှ ရှေး၌ လူတို့စီရင်ထားသောအခါ။

မေး ။ ဘိက္ခုနီမ (မာတုဂါမ)နှင့်အတူ ကွယ်ရာတို့၌နေထိုင်မှုကြောင့် အပြစ် သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ရဟောပဋိစ္ဆန္နသိက္ခာပုဒ်၊ ရဟောနိသဇ္ဇသိက္ခာပုဒ်တို့ကိုရေးလေ။

မေး ။ ရဟောနိသဇ္ဇသိက္ခာပုဒ်နှင့် အပိုင်းအခြားတူညီသောသိက္ခာပုဒ်များ ကိုဖော်ပြ၍ ထိုသို့အပိုင်းအခြားတူပါလျက် အဘယ့်ကြောင့် ဤသိက္ခာ ပုဒ်ကို သီးခြားပညတ်ရပါသနည်း။

ဖြေ ။ အပိုင်းအခြားတူညီသောသိက္ခာပုဒ်များမှာ -

(၁) ဒုတိယအနိယတသိက္ခာပုဒ်

(၂) အစေလကဝဂ် ပဉ္စမသိက္ခာပုဒ် (ဥပနန္ဒ၏ စတုတ္ထမြောက် သိက္ခာ ပုဒ်) တို့ဖြစ်ပါသည်။

http://www.dhammadownload.com



ဤသို့အပိုင်းအခြားတူပါသော်လည်း အတ္တုပ္ပတ္တိ (အကြောင်းဝတ္ထု ဖြစ်ပေါ်လာခြင်း) ၏ အစွမ်းကြောင့် ဤသိက္ခာပုဒ်ကို သီးခြား ပညတ်ရခြင်းဖြစ်ပါသည်။

မေး ။ ဘိက္ခုသုဒ္ဓပါစိတ်ဝဂ်တို့တွင် ယခုအခါ၌ အာပတ်မသင့်နိုင်သောဝဂ် ၏ အမည်နှင့် သိက္ခာပုဒ်အရေအတွက်တူညီသောဝဂ်၊ ပိုလွန်သော ဝဂ်တို့၏ အမည်ကို ရေးသားဖော်ပြပြီးလျှင် ဝဂ်မည်သောအကြောင်း ရင်းကိုလည်း ရေးသား၍ပြဆိုခဲ့ပါ။

ဖြေ ။ တတိယမြောက်ဖြစ်သော ဘိက္ခုနောဝါဒ (ဩဝါဒ) ဝဂ်သည် ဘိက္ခုနီမ များနှင့်သာစပ်၍ ပညတ်အပ်သောအာပတ်များဖြစ်၍ ယခုအခါ အာပတ်မသင့်နိုင်သောဝဂ်ဖြစ်ပါသည်။

သိက္ခာပုဒ်အရေအတွက်တူညီသောဝဂ်များကား -

(၁) မုသာဝါဒဝဂ် (၂) ဘူတဂါမ (၃) ဩဝါဒ (၄) ဘောဇန

(၅) အစေလက (၆) သုရာပါန (၇) သပ္ပါဏက (၈) ရတနဝဂ်

ရင်းရှစ်ပါးသောဝဂ်တို့သည် သိက္ခာပုဒ်ဆယ်ပါးစီ ရှိကြပါသည်။

သိက္ခာပုဒ်အရေအတွက်ပိုလွန်သောဝဂ်ကား - သဟဓမ္မိကဝဂ်ဖြစ်၍ တစ်ဆယ့်နှစ်ပါးရှိပါသည်။ သိက္ခာပုဒ်အပေါင်းအစုဖြစ်သောကြောင့် ဝဂ်မည်၏။

**ဩဝါဒဝဂ်ဆိုင်ရာအဓိပ္ပာယ်ပြီး၏။**

http://www.dhammadownload.com



## ဘောဇနဝဂ်ဆိုင်ရာအဓိပ္ပာယ်

မေး ။ တည်းခိုရာဇရပ်၌ (ဟိုတယ်၊ တည်းခိုရိပ်သာ၌) အမြဲနေ၍ ဆွမ်းစားမှုကြောင့် ပညတ်တော်မူအပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ အာဝသထပိဏ္ဍသိက္ခာပုဒ်ကိုရေးလေ။

မေး ။ သိုးမွေးအခင်းသစ်ကို ပြုလိုသောရဟန်း ရွေးချယ်ရမည့်အဆင်းနှင့် အဘို့ဘာဂတို့ကိုဖော်ပြ၍၊ အာဝသထပိဏ္ဍသိက္ခာပုဒ်လာ "အာဝသထ" နှင့် "အာဝသထပိဏ္ဍ" တို့၏အဓိပ္ပာယ်များကို အသီးသီးရှင်းပြပါ။

ဖြေ ။ တည်းခိုရာအရပ်သည် အာဝသထမည်၏။
ဧည့်သည်တို့ တည်းခိုနားနေရာ စတုဒိသာဇရပ် စသည်၌ မည်သူ့ကိုမျှ မရည်ညွှန်းဘဲ အလိုရှိတိုင်း စားသောက်ရန် တည်ထားသော ဆွမ်းမျိုးကို အာသထပိဏ္ဍဟုခေါ်ပါသည်။
ပိဏ္ဍအရ - ဘောဇဉ် ၅ ပါးရ၏။

မေး ။ ဘိက္ခုပါတိမောက်လာ အောက်ပါတို့၏အဓိပ္ပာယ်များကို ဖော်ပြပါ။
(က) အာသသထပိဏ္ဍ (ခ) ဂဏဘောဇန (ဂ) ပရမ္ပရဘောဇန (ဃ) ပူဝ (င) မန္ထ။

ဖြေ ။ (ထင်ရှားပြီ)။

မေး ။ ဘိက္ခုပါတိမောက် တစ်စောင်လုံး၌ အနုပညတ်အများဆုံးပါဝင်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်တွင် အာပတ်အများဆုံးသင့်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သုဒ္ဓပါစိတ်၌ အနုပညတ် ၇ ချက် ပါဝင်သည့်သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ အပေါင်းအဖော်နှင့်အတူ ဂဏဘောဇဉ်ကိုစားမှုကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဂဏဘောဇနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ "သံဃာတော်များ ထမင်းစားကြွပါ"ဟု ပင့်ဖိတ်ရာ၌ စားသင့်သော အခါတို့ကို ပါဠိ၊ မြန်မာ နှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြပါ။

http://www.dhammadownload.com



❖ ဂဏဘောဇဉ်ကို ဘုဉ်းပေးနိုင်ရာအခါများကို ပါဠိ၊ မြန်မာနှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြပါ။

ဖြေ ။ ၁။ ဂိလာနသမယ = ဆွမ်းခံမထွက်နိုင်လောက်အောင် မကျန်းမာရာအခါ၊
၂။ စီဝရဒါနသမယ = သင်္ကန်းလှူရာအခါ၊
၃။ စီဝရကာရသမယ = သင်္ကန်းချုပ်ဆိုးရာအခါ၊
၄။ အဒ္ဓါနဂမနသမယ = အဓွန့်ရှည်သောခရီးကိုသွားရာအခါ၊
၅။ နာဝါဘိရုဟနသမယ = လှေစီးရာအခါ၊
၆။ မဟာသမယ = ရဟန်းများစွာစုဝေးမိရာအခါ၊
၇။ သမဏဘတ္တသမယ = သမဏအမည်ရသူတို့၏ ထမင်းကျွေးရာအခါတို့ဖြစ်ပါသည်။

မေး ။ ပင့်ပြီးဒါယကာရှိလျက် နောက်ထပ်တစ်ဖန်ပင့်လာပြန်သော ဒါယကာ၏ဆွမ်းကို အလျင်စားလျှင် အပြစ်သင့်ရောက်ပုံသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဝက်သားဟင်းကိုမြင်၍ ချဉ်ပေါင်ဟင်းကိုပစ်သောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်တွင် အကြောင်းသုံးခုကြောင့် အာပတ်သင့် ၃ ချက်သင့်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ပင့်ပြီးဒါယကာရှိပါလျက်နောက်ထပ်တစ်ဖန် ပင့်လာပြန်သော ဒါယကာ၏ဆွမ်းကို အလျင်စားလျှင် အပြစ်သင့်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ရှေးဖိတ်သောသူ၏ဆွမ်းကိုမစား၊ နောက်ဖိတ်သောသူ၏ဆွမ်းကို စားခြင်းကြောင့် အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပရမ္ပရဘောဇနသိက္ခာပုဒ်ကိုရေးလေ။ .

မေး ။ နောက်မှပင့်ဖိတ်လာသူ၏ဆွမ်းဘောဇဉ်ကို ဘုဉ်ပေးနိုင်ရာအခါများကို ပါဠိ၊ မြန်မာနှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြပါ။

ဖြေ ။ ၁။ ဂိလာနသမယ = ဆွမ်းခံမထွက်နိုင်အောင် မကျန်းမာရာအခါ၊
၂။ စီဝရဒါနသမယ = ကထိန်ခင်းလျှင်ငါးလ၊ မခင်းလျှင်တစ်လဟူသော သင်္ကန်းလှူရာအခါ၊

http://www.dhammadownload.com



၃။ စိဝရကာရသမယ - သင်္ကန်း၌ပြုဖွယ်ကိစ္စရှိရာအခါတို့ ဖြစ်ပါသည်။

မေး ။ အဘယ်ကဲ့သို့ဖိတ်ကြားခြင်းကို ဂဏဘောဇဉ်ဟုခေါ် ရကြောင်းနှင့် ယင်းကိုစားကောင်းသောအခါတို့ကိုဖော်ပြ၍ ဂဏဘောဇဉ်နှင့် ပရမ္ပရဘောဇဉ်တို့၏ ထူးခြားပုံများကိုလည်းရေးခဲ့ပါ။ (ကြီး၊ ၃၇-ခု)

ဖြေ ။ လေးပါး လေးပါးထက်အလွန်ရှိသောရဟန်းတို့ကို ထမင်းစားကြွပါ၊ ထမင်းဖြင့်ဖိတ်မန်ပါ၏ စသော မအပ်သောနည်းမျိုးဖြင့် ရအပ်သောဘောဇဉ်သည် ဂဏဘောဇဉ်မည်၏။

လေးပါး လေးပါးထက်အလွန်ရှိသော ရဟန်းတို့ကို မအပ်သောပင့်ဖိတ်နည်းမျိုးဖြင့် ဖိတ်မန်ခြင်းကြောင့်ဖြစ်စေ၊ ရဟန်းများကိုယ်တိုင် မအပ်သော တောင်းနည်းမျိုးဖြင့် တောင်းခြင်းကြောင့်ဖြစ်စေ ရအပ်သောဘောဇဉ်သည် ဂဏဘောဇနမည်၏။

မအပ်သောနည်းဖြင့် ရှေးရှေးပင့်ဖိတ်သော ဘောဇဉ်မှတပါး နောက်နောက်ဖိတ်အပ်သူ၏ ဘောဇဉ်သည် ပရမ္ပရဘောဇနမည်၏။ ဤသို့ထူးပါသည်။

မေး ။ ရိက္ခာအလို့ငှာ စီမံထားသောမုန့်တို့ကို သုံးသပိတ်ထက်အလွန်ခံယူသောရဟန်းအား အပြစ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ လက်ဆောင်ပေးရန် စီမံထားသောမုန့်များကို အကုန်ခံယူမှုကြောင့် ပညတ်တော်မူအပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ကိုရေးပါ။

❖ လက်ဆောင်ရိက္ခာအလို့ငှာ စီရင်အပ်သောမုန့်တို့ကို ရဟန်းတော်များခံယူသုံးစွဲပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ အလှူရှင်တို့၏ လက်ဆောင် မုန့်၊ ရိက္ခာမုန့်တို့ကို ခံယူလိုသော ရဟန်း၏ လိုက်နာဖွယ်၊ ရှောင်ကြဉ်ဖွယ် ဝတ္တရားကို ဖော်ပြသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ လက်ဆောင်ရိက္ခာအဖြစ် လှူဒါန်းသော ခဲဖွယ် ဘောဇဉ်များနှင့် ဆက်စပ်၍ ရှောင်ကြဉ်ဖွယ်၊ ပြုကျင့်ဖွယ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သုဒ္ဓပါစိတ်လာအတိုင်း အရှည်ပမာဏကိုမသိမှု၍ မုန့်စသည်ကို ခံယူခြင်းကြောင့် ပညတ်အပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

F10 A

http://www.dhammadownload.com



❖ ကာဏာသတို့သမီး၏မိခင်တိုအကြောင်းပြု၍ ပညတ်အပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။
❖ "သစ်တစ်ပင်ကောင်းမှ ငှက်တစ်သောင်းနားနိုင်" ၏ ဟူသော ဆိုရိုးစကားနှင့် အလားတူသောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။
❖ ရိက္ခာလက်ဆောင်အတွက် စီမံထားသောမုန့်များကို အလှူခံရာ၌ ရဟန်းတော်များပြုကျင့်ရမည့်သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ကာဏမာတုသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ကာဏမာတာသိက္ခာပုဒ်၌ ပူဝနှင့်မန္ထအရကိုရေး၍ ၎င်းတို့ကိုခံယူရာ၌ ပြုကျင့်ရမည့်ကျင့်ဝတ်ကိုလည်း ကျနစွာဖော်ပြပါ။ (ကြီး၊ ၃၂၃)

❖ လက်ဆောင်ပေးရန် စီစဉ်ထားသော မုန့်ခဲဘွယ်တို့ကို အလှူခံခွင့်ရှိသော ပမာဏနှင့် ရရှိပြီးနောက် လိုက်နာရမည့် စည်းကမ်းချက်တို့ကိုဖော်ပြ၍၊ မဇ္ဈိမဒေသ ရဟန်းတော်များ (၁၅) ရက်မပြည့်သေးဘဲ ရေချိုးရာ၌ အာပတ်မှလွတ်မြောက်ရာအခါကာလတို့ကိုလည်း ရက်၊ လ အပိုင်းအခြားနှင့်တကွ ပြည့်စုံစွာဖြေဆိုပါ။
❖ ခရီးသွားသောရဟန်းအား လက်ဆောင်အတွက် လှူလိုက်သော မုန့်တို့ကို မည်မျှအတိုင်းအတာအထိ အလှူခံကောင်းသည်ကိုဖော်ပြ၍၊ အတိုင်းအတာထက်ပိုအောင် အလှူခံလာသောမုန့်တို့ကို မည်သို့ပြုလုပ်ရမည်ကိုလည်း ညွှန်းပြပါ။
❖ လက်ဆောင်ရိက္ခာအဖြစ် လှူဒါန်းသော ခဲဘွယ်ဘောဇဉ်များနှင့် ဆက်စပ်၍ ရှောင်ကြဉ်ဖွယ်၊ ပြုကျင့်ဖွယ်တို့ကို ဖော်ပြပါ။

ဖြေ ။ ပူဝအရ - လက်ဆောင်အလို့ငှာ စီမံအပ်သောမုန့်ရ၏။
မန္ထအရ - လမ်းခရီး၌ ရိက္ခာအလို့ငှာ စီမံအပ်သောမုန့်ရ၏။

### ပြုကျင့်ရမည့်ကျင့်ဝတ်

နှစ်သပိတ်အပြည့်ဖြစ်စေ၊ သုံးသပိတ်အပြည့်ဖြစ်စေ ခံယူနိုင်သည်၊ ထို့ထက်အလွန်မခံယူနိုင်။ ထိုအိမ်မှခံယူပြီးသလောက်ကိုလည်း အခြားတွေ့တိုင်းသော ရဟန်းတို့အား ပြောကြားရမည်။ နှစ်သပိတ် သုံးသပိတ်ခံယူပြီး အခြားရဟန်းတို့နှင့်အတူ ဝေဖန်၍ သုံးဆောင်ရမည်။ တစ်သပိတ်သာ ခံယူသူကား မဝေဖန်သော်လည်း အပြစ်မရှိ။ ဤသို့ခံယူခြင်းသည် လောကုတ္တရာတရား ကိုးပါးအားလျော်သောကျင့်ဝတ်တည်း။

http://www.dhammadownload.com



မေး ။ ဆွမ်းစားစဉ် တော်ပြီဟုဆိုပြီးမှ အခြားတစ်နေရာသို့သွား၍စားမှု ကြောင့် ပညတ်တော်မူအပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပထမပဝါရဏာသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ပဝါရိတ်သင့်နိုင်သောအကြောင်းအင်္ဂါတို့ကို ကုန်စင်အောင်ဖော်ပြပြီး လျှင် ဘောဇဉ် ၅ ပါးကိုလည်း ပါဠိ၊ မြန်မာ နှစ်ဘာသာ တွဲစပ်ဖော် ပြပါ။

ဖြေ ။ ၁။ စားဆဲဖြစ်ခြင်း၊

၂။ ဘောဇဉ်ငါးပါးတွင် တစ်ပါးပါးဖြစ်ခြင်း၊

၃။ ပေးသူက နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်းသို့ဝင်ရောက်ခြင်း၊

၄။ ရှေးရှုဆောင်ယူခိုက်ဖြစ်ခြင်း၊

၅။ ကိုယ်နှုတ်ဖြင့်ပယ်ခြင်း။

မေး ။ ပဝါရိတ်သင့်သောရဟန်းအား နောက်ထပ်စားရန် တိုက်တွန်းမှုကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပေါ။

ဖြေ ။ ဒုတိယပဝါရဏာသိက္ခာပုဒ်ကိုရေးလေ။

မေး ။ အဘိဟဋ္ဌုံပဝါရေယျပါဌ်၌ ပဝါရဏာကာရပြပါဌ်ကိုရေးပါ။

ဖြေ ။ ဟန္ဒဘိက္ခု ခါဒဝါ ဘုဉ္ဇဝါ။

မေး ။ ဒုတိယပဝါရဏာသိက္ခာပုဒ်ဖိတ်တိုင်း အာပတ်သင့်ပါသလော၊ မည်သည့်ရည်ရွယ်ချက်ဖြင့်ဖိတ်မှ အာပတ်သင့်ပါသနည်း၊ လိုရင်း သာဓကပါဠိဖြင့်ဖြေရှင်းပါ။

ဖြေ ။ ဖိတ်တိုင်း အာပတ်မသင့်ပါ။ အဖိတ်ခံရသောရဟန်းအား အပြစ်တင်လို ခြင်း (အရှိန်အစော်မဲ့စေလိုခြင်း) ဟူသော ရည်ရွယ်ချက်ဖြင့်ဖိတ်မှ အာပတ်သင့်ပါသည်။.

သာဓက။ ဇာနံအသာဒနာပေက္ခော။

မေး ။ အတိရိတ်ဝိနည်းကံပြုခြင်းအင်္ဂါ ၇ ပါးကို ရေတွက်ပြပါ။

ဖြေ ။ ၁။ အပ်စပ်အောင်ပြုပြီးသော ခဲဖွယ်ဘောဇဉ်ဖြစ်ခြင်း၊

၂။ အကပ်ခံပြီးဖြစ်ခြင်း၊

၃။ ဝိနည်းမိုရ်၏အနီး၌မြှောက်ချီထားခြင်း၊

၄။ ဝိနည်းမိုရ်၏ ဟတ္ထပါသ်သို့ရောက်ခြင်း၊

၅။ ဝိနည်းမိုရ်က ပဝါရိတ်သင့်ပြီးသူဖြစ်လျှင် ထိုပဝါရိတ်သင့်ရာမှ မထသေးခြင်း၊

၆။ ဝိနည်းမိုရ်က “အလမေတံသဗ္ဗံ” ဟု ရွတ်ဆိုခြင်းတို့ဖြစ်ပါသည်။

http://www.dhammadownload.com



အမှာ။ ရှေ့အင်္ဂါ ၄ ပါးကို ပဝါရိတ်သင့်သောရဟန်းကပြုရ၍ နောက် ၃ပါးကို ဝိနည်းမိုရ်ကပြုရပါသည်။

မေး ။ ညစာစားမှုကြောင့် ပညတ်တော်မူအပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ညနေအခါစားသောက်ဆိုင်သို့ဝင်၍ ကော်ဖီ (လဘက်ရည်) သောက်သောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဝိကာလဘောဇနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဤသိက္ခာပုဒ်လာ ဝိကာလေ၌ ကာလနှင့်ဝိကာလအရတို့ကို ခွဲခြားပြပါ။

ဖြေ ။ အရုဏ်တက်သည်မှစ၍ မွန်းတည့်ချိန်တိုင်အောင်သောအခါကို ကာလဟုခေါ်ပါသည်။ မွန်းတည့်လွန်ရာအခါမှစ၍ အရုဏ်တက်သည်တိုင်အောင်သောအခါကို ဝိကာလဟုခေါ်ပါသည်။

မေး ။ နွားများကဲ့သို့ စားမြုံ့ပြန်တတ်သောရဟန်းအား ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် အပြစ်ဖြစ်ဖွယ် ရှိ၊ မရှိ အာဂမ၊ သဘာဝယုတ္တိညှိ၍ ဆုံးဖြတ်ခဲ့ပါ။

ဖြေ ။ "အနုဇာနာမိဘိက္ခဝေရောမဋ္ဌကဿရောမင့်၊ နစဘိက္ခဝေ ဗဟိမုခဒွါရာ နီဟရိတွာ အဇ္ဈောဟရိတဗ္ဗံ" ဟူသော ခွင့်ပြုချက်ကြောင့် စားမြုံ့ပြန်သောရဟန်းသည် ခံတွင်းအပြင်ဘက်မဟုတ်ဘဲ ဝိကာလအခါ၌ စားလျှင် ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် အပြစ်မရှိပါ။ သို့သော် စားပြီးဝါးပြီးသားအစာသည် ခံတွင်းအပြင်ဘက်ထွက်လာလျှင်ကား ပြန်၍ မျိုမချကောင်းပါ။

မေး ။ ဆွမ်းဟင်းကိုချန်၍ နောက်တစ်ရက်၌ စားသောက်မှုကြောင့် အပြစ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သပိတ်ကိုစင်ကြယ်အောင်မဆေးကြောသောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဆွမ်းစသော ဘောဇဉ်ငါးပါး တစ်ပါးပါးသိုမှီးသိမ်းမှုကြောင့် ပညတ်တော်မူအပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ သန္နိဓိကာရကသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ရဟန်းတော်များမသုံးဆောင်ကောင်းသော သန္နိဓိပစ္စည်းများကို ဘိက္ခုနီမတို့ သုံးဆောင်လျှင် အပ်၊ မအပ်ဆုံးဖြတ်၍၊ သန္နိဓိပစ္စည်းအရကိုလည်း တိကျစွာကောက်ပြပါ။ (ကြီး၊ ၂၉-၃)

http://www.dhammadownload.com



ဖြေ ။ ရဟန်းယောကျ်ား၏ သိန္နိဓိသည် ရဟန်းမိန်းမအားလည်းကောင်း၊ ရဟန်းမိန်းမ၏ သိန္နိဓိသည် ရဟန်းယောကျ်ားအားလည်းကောင်း အပ်သည်၊ အချင်းချင်းသာ မအပ်ပါ။

အကြောင်းကား - ဘိက္ခုနိခန္ဓက၌ ဘုရားရှင်ခွင့်ပြုတော်မူသောကြောင့်တည်း။

သန္နိဓိပစ္စည်းအရ -

ကာလိကလေးမျိုးတွင် ယာဝကာလိက၊ ယာမကာလိကနှစ်မျိုးသည်သာ သန္နိဓိပစ္စည်းဖြစ်၏။

မေး ။ ကာလိက ၄ မျိုးတို့ကို အဓိပ္ပာယ်နှင့်တကွဖော်ပြ၍၊ သန္နိဓိဖြစ် မဖြစ် အားဖြင့်လည်း ခွဲခြားပြခဲ့ပါ။

ဖြေ ။ ဘောဇဉ်ငါးပါးဟူသော ယာဝကာလိက။ အရုဏ်အတွင်း သုံးဆောင်ကောင်းသည့် အဖျော်ရှစ်ပါးဟူသော ယာမကာလိက။ အကပ်ခံပြီး ခုနစ်ရက်အတွင်း၌ သုံးဆောင်ကောင်းသည့် ထောပတ်ပျားရည် စသော သတ္တာဟကာလိက။ အကပ်ခံပြီးလျှင် မကုန်မချင်း သုံးဆောင်ကောင်းသည့်ဆေးဟူသော ယာဝဇီဝကမည်၏။

ယာဝကာလိကနှင့် ယာမကာလိက ၂ မျိုးသည် အန္တောဝုဋ္ဌ သန္နိဓိကာရကဖြစ်ပါသည်။ သတ္တာဟကာလိကနှင့် ယာဝဇီဝိက ၂ မျိုးကား အန္တော ဝုဋ္ဌသန္နိဓိကာရကမဖြစ်ပါ။ (သတ္တာဟကာလိကသည် ၇ ရက်လွန်လျှင် ဘေသဇ္ဇသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။)

မေး ။ ကာလိကလေးမျိုးတို့ကိုဖြေဆို၍၊ သရက်သီးကို အရည်ညှစ်၍ ချက်အပ်သောတင်လဲကို အဘယ်ကာလိက၌ သွင်းယူနိုင်ပါ သနည်း။ (လတ်၊ ၃၈-ခု)

ဖြေ ။ ယာဝကာလိက၌သွင်းယူရမည်။

မေး ။ အမဲသားကိုသိမ်းထားပြီး ညဥ့်အခါ၌ အကပ်မခံဘဲစားသောရဟန်းအား သင့်ရောက်နိုင်သည့်အာပတ်တို့ကို သိက္ခာပုဒ်အမည်တပ်၍ ဖြေဆိုခဲ့ပါ။ (လတ်၊ ၃၈-ခု)

ဖြေ ။ အမဲသားကိုသိမ်းထားပြီးစားလျှင် သန္နိဓိကာရကသိက္ခာပုဒ်ဖြင့် ပါစိတ်။ ညဥ့်အခါ၌စားလျှင် ဝိကာလဘောဇနေသိက္ခာပုဒ်ဖြင့်ပါစိတ်။ အကပ်မခံဘဲစားလျှင်ဒန္တပေါနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်သည်။

မေး ။ သန္နိဓိဖြစ်သောကာလနှင့် ကာလိကတို့ကိုဖော်ပြပါ။ (ကြီး၊ ၃၁-ခု)

ဖြေ ။ သန္နိဓိကာလ - အကပ်ခံပြီးတစ်ညဥ့်ကိုကျော်လွန်ခြင်း။
ကာလိက - ယာဝကာလိက၊ ယာမကာလိက။

http://www.dhammadownload.com



မေး ။ ကျန်းမာသူဖြစ်ပါလျက် ထောပတ်နှင့်ရောသောဆွမ်းကို ဘုဉ်းပေးရန် ဆီတောင်းသောရဟန်းအား အာပတ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်တွင် အာပတ် ၉ ချက်သင့်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

❖ သုဒ္ဓပါစိတ်တွင် အာဇီဝပါရိသုဒ္ဓိဂုဏ်ညှိုးနွမ်းသည်ကို ပြဆိုသော ဝိနယ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ကျန်းမာပါလျက် မိမိအတွက် ပဏီတဘောဇဉ်ကို တောင်းမစားရန် ပညတ်တော်မူအပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ကျန်းမာရေးကောင်းလျက် မွန်မြတ်သောဘောဇဉ်တို့ကို တောင်း မစားရဟု ပညတ်ချက်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

❖ ထောပတ်ဆွမ်း၊ ဒန်ပေါက်ဆွမ်းစသော မွန်မြတ်သောဆွမ်းကို ဂိလာနမဟုတ်ပဲ တောင်းစားခြင်းကြောင့်သင့်ရောက်သည့် အပြစ်ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ နေကောင်းကျန်းမာပါလျက် ထောက်ပတ်၊ ဆီဦးစသော ပဏီတ ဘောဇဉ်ကို မိမိအတွက် တောင်းစားသောရဟန်း၏ အပြစ်ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပဏီတဘောဇနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ အဘယ်သို့သောဘောဇဉ်ကို ပဏီတဘောဇဉ်ဟုခေါ်ပါသနည်း ဖြေဆို၍၊ (က) ပဏီတအရ (ခ) ပဏီတဘောဇနအရတို့ကိုလည်း ခွဲခြားပြခဲ့ပါ။

ဖြေ ။ မွန်မြတ်သောထောပတ်စသော ၉ ပါးတို့နှင့် ရောစပ်အပ်ကုန်သော စပါးမျိုး ၇ ပါးမှ ဖြစ်ကုန်သော ဘောဇဉ်တို့ကို ပဏီတဘောဇဉ်ဟု ခေါ်ပါသည်။

(က) ပဏီတအရ - သပ္ပိ၊ နဝနီတစသည် ၉ မျိုးကို ယူရပါသည်။

(ခ) ပဏီတဘောဇနအရ - ထိုထောပတ်စသည်တို့နှင့်ရောအပ်သော ထောပတ်ထမင်း၊ ဆီဦးထမင်းစသောဘောဇဉ်တို့ကိုယူရပါသည်။

မေး ။ ပဏီတဘောဇနာနိဌ ပဏီတသရုပ်ကို ပါဠိ၊ မြန်မာနှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြ၍ အပ်သောသုံးဆောင်နည်း၊ မအပ်သောဆုံးဆောင် နည်းတို့ကိုလည်းဖော်ပြပါ။

http://www.dhammadownload.com



ဖြေ ။ ၁။ သပ္ပိ = ထောပတ် ၆။ မစ္ဆ = ငါး
၂။ နဝနီတ = ဆီဦး ၇။ မံသ = အသား
၃။ တေလ = ဆီ ၈။ ခီရ = နို့ရည်
၄။ မဓု = ပျား ၉။ ဒဓိ = နို့ဓမ်း။
၅။ ဖာဏိတ = တင်လဲ

အပ်သောသုံးဆောင်နည်းနှင့် မအပ်သောသုံးဆောင်နည်း

ထိုပဏီတဘောဇဉ်များကို ဂိလာနမဟုတ်ဘဲ ဉာတိပဝါရိတမဟုတ်သူများထံ "ထောပတ်နှင့်ဆွမ်း လှူပါ" စသည်ဖြင့် မိမိအတွက်တောင်း၍စားလျှင် ပါစိတ်အာပတ်သင့်ပါသည်။ ဂိလာနဖြစ်လျှင်ကား ထိုပဏီတဘောဇဉ်များကို ဉာတိပဝါရိတမဟုတ်သူထံ၌ပင် တောင်း၍စားကောင်းပါသည်။

မေး ။ ဘောဇနဝဂ်၌ "အနုပညတ်တစ်ခုသာ" ပါရှိသော သိက္ခာပုဒ်များတွင် ၃ ခုမြောက်သိက္ခာပုဒ်ကို နိဿယည်းမပျက် အနက်ကျနစွာ ယောဇနာပါ။

❖ မိမိပစ္စည်းဖြစ်လျက် အကပ်မခံရသေးလျှင် မကိုင်ကောင်းသည်ပြဆိုထားသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သူတစ်ပါးက မကပ်လျှင် မစားရဟုတားမြစ်ထားသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သွားကိုအလှပြုပြင်သောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဒန္တပေါဏသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ရဟန်းတော်များအကပ်မခံဘဲ သုံးဆောင်ကောင်းသောဝတ္ထုပစ္စည်းများကို ပါတိမောက်လာအတိုင်းထုတ်ပြပါ။ (ငယ်၊ ၃၁-ခု)

ဖြေ ။ ရေ၊ ဒန်ပူ။ (အညတြဥဒကဒန္တပေါနာ - ကိုထောက်)။

မေး ။ အကပ်ခံရာ၌ ရဟန်းအား ကပ်နိုင်ခွင့်ရှိသူများကို ဖော်ပြခဲ့ပါ။

ဖြေ ။ ရဟန်းအား လူ၊ သာမဏေ၊ ဘိက္ခုနီ၊ တိရစ္ဆာန်၊ နတ်။

မှတ်ချက်။ ဘိက္ခုအား ဘိက္ခုနီကလည်းကောင်း၊ ဘိက္ခုနီအား ဘိက္ခုကလည်းကောင်း အပြန်အလှန် ကပ်နိုင်ပါသည်။

မေး ။ အညတြ ဥဒကဒန္တပေါနာ၌ ဥဒကအရ ယူရမည့်ရေကို ဖော်ပြပါ။

ဖြေ ။ ဥဒကအရ - ရထရေဏုပမာဏရှိသော မြူမှုန်မပါသည့် သန့်ရှင်းသော ရေကို ယူရပါမည်။ (ထိုရေမျိုးသာ ကာလိက ၄ ပါးမှ အလွတ်ဖြစ်သောကြောင့် အကပ်မခံဘဲ သောက်ကောင်းပါ၏။)

http://www.dhammadownload.com



မေး ။ အကပ်ခံမြောက်ခြင်းအင်္ဂါ ၅ ပါးကို ရေတွက်ပြပါ။

ဖြေ ။ ၁။ ကပ်မည့်သူက ရှေးရှုဆောင်ခြင်း၊

၂။ အကပ်ခံမည့်ရဟန်း၏ နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ ရောက်ခြင်း၊

၃။ အားအလယ်အလတ်ရှိသူ မြှောက်ချီနိုင်သောဝတ္ထုဖြစ်ခြင်း၊

၄။ ကိုယ်ဖြင့်ဖြစ်စေ၊ ကိုယ်နှင့်စပ်သော ခွက်၊ ပုဂံစသည်ဖြင့် ဖြစ်စေ ပစ်၍ဖြစ်စေ ဤ ၃ မျိုးတို့တွင် တစ်မျိုးမျိုးဖြင့်ပေးခြင်း၊

၅။ ကိုယ်ဖြင့်ဖြစ်စေ၊ ကိုယ်နှင့်စပ်သော သပိတ်စသည်ဖြင့်ဖြစ်စေ ဤနှစ်မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ခံယူခြင်းတို့ဖြစ်ပါသည်။

မေး ။ အကပ်ပျက်ခြင်းအင်္ဂါခြောက်ပါးကို ဖော်ပြပါ။

ဖြေ ။ (၁) အာလယပြက်စွန့်လိုက်ခြင်း (၂) သိက္ခာချခြင်း (၃) သူတစ်ပါးကို ပေးလိုက်ခြင်း (၄) လူစသည်တို့က လုယူသွားခြင်း (၅) သေခြင်း (၆) လိင်ပြန်ခြင်း။

မေး ။ အညတြဥဒကဒန္တပေါနာ၌ ဥဒကအရ အုန်းသီးရေပါဝင်သင့် မပါဝင်သင့် ထောက်ချင့်ဖြေပြပါ။

ဖြေ ။ ဥဒကအရ - ကာလိကလေးပါးမှ အလွတ်ဖြစ်သော ရေကိုသာ ယူရသည့်အတွက် အုန်းသီးရေသည် ယာဝကာလိကဖြစ်သောကြောင့် မပါဝင်သင့်ပါ။

**ဘောဇနဝဂ်ဆိုင်ရာအဓိပ္ပာယ်ပြီး၏။**

http://www.dhammadownload.com



## အစေလကဝဂ်ဆိုင်ရာအမိုက်ယ်

မေး ။ တက္ကတွန်း၊ ပရိဗိုဇ်တို့အား မိမိလက်ဖြင့် ခဲဖွယ်ဘောဇဉ်ကို ပေးမှုနှင့် စပ်လျဉ်း၍ ပညတ်အပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ "ရှိတိုင်းမပေးကောင်း" ဟု မြတ်ဗုဒ္ဓမိန့်မှာတော်မူခဲ့သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

ဖြေ ။ ၁အစေလကသိက္ခာပုဒ်ကိုရေးလေ။

မေး ။ မိမိကျောင်းသို့ ထမင်းတောင်းရန်ရောက်လာသော သူတောင်းစားမအား ခဲဖွယ်ဘောဇဉ်များပေးသောရဟန်းအား အပြစ် ရှိ၊ မရှိ အကြောင်းညီကာဖြေဆိုပြပါ။ (ကြီး၊ ၆၀-ခု)

ဖြေ ။ အစေလကသိက္ခာပုဒ်ဖြင့် သာသနာမှအပဖြစ်သော (အဝတ်ဝတ်သော) တိတ္ထိတို့ကိုသာ ယူထားသောကြောင့် အဝတ်ဝတ်ထားသော (တစ်နည်း) တိတ္ထိမဟုတ်သော သူတောင်းစားတို့အား ခဲဖွယ်ဘောဇဉ်ပေးသော ရဟန်းအား အပြစ်မရှိ။

မေး ။ မိမိလက်ဖြင့် ခဲဖွယ် ဘောဇဉ်များကို မပေးကောင်းသောပုဂ္ဂိုလ်များကိုဖော်ပြ၍၊ ဝိနည်းဓမ္မကံဖြင့် ပြောဆိုဆုံးမသောရဟန်းကို မရိုမသေ မလေးစားသောရဟန်း၏အပြစ်ကိုလည်း အကိုးပြ၍ ဖြေဆိုပါ။ (လတ်၊ ၅၄-ခု)

ဖြေ ။ အစေလက - အဝတ်မဝတ်သောတက္ကတွန်း၊
ပရိဗ္ဗာဇက - ပရိဗိုဇ်ရဟန်း၊
ပရိဗ္ဗာဇိကာ - ပရိဗိုဇ်မ၊
အနာဒရိယံ ပါစိတ္တိယံ ကိုထောက်၍ ပါစိတ်အပြစ်ရှိသည်။

မေး ။ ဆွမ်းခံသွားဖော်ရဟန်းတစ်ပါးကို ယုတ်မာသောအလိုဆိုးဖြင့် ပြန်လွှတ်လိုက်သောရဟန်းအား သင့်ရောက်သောအပြစ်ကိုပြဆိုသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

❖ မာတုဂါမနှင့်လွတ်လပ်စွာပျော်မြူးလို၍ အဖော်ရဟန်းကိုနှင်ထုတ်ခြင်းကြောင့် အာပတ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

ဖြေ ။ ဥယျောဇနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဥယျောဇနသိက္ခာပုဒ်လာ (က) အဖော်ရဟန်းကိုခေါ်မသွားမီ

http://www.dhammadownload.com



ပြောဆိုပုံအခြင်းအရာပြစကားရပ် (ခ) ဥယျောဇနကာရပြပါဠိ ခေါ်သွားပြီးနောက် ပြန်လွှတ်ပုံစကားရပ်တို့ကို ပါဠိသက်သက် ရေးပြပါ။

❖ ဥယျောဇနသိက္ခာပုဒ်လာ ဥယျောဇနရဟန်း၏ (က) ခေါ်မသွားမီ ပြောဆိုပုံပြပါဠိ၊ (ခ) ပြန်လွှတ်ခါနီးပြောဆိုပုံပြပါဠိများကို ရေးခဲ့ပါ။

ဖြေ ။ (က) ဧဟာဝုသော ဂါမံဝါ။ ပ။ ပိဏ္ဍာယ ပဝိသိဿာမ။

(ခ) ဂစ္ဆာဝုသော။ ပ။ နိသဇ္ဇာဝါ ဖာသုဟောတိ။

မေး ။ အဖော်ရဟန်းနှင့်အတူ ရွာတွင်းသို့ဆွမ်းခံကြွသောရဟန်းသည် အတူကြွလာသူရဟန်းကို ပြန်လွှတ်ရာ၌ (က) ပြန်လွှတ်ခြင်း အကြောင်း (ခ) ပြန်လွှတ်ပုံစကားရပ်တို့ကို ပေါ်လွင်အောင်ရေးသား ဖြေဆိုပါ။ (ကြီး၊ ၄၈-ခု)

ဖြေ ။ (က) မာတုဂါမနှင့်အတူ ရယ်ရွှင်မြူးတူးလိုခြင်းစသောအကြောင်း။

(ခ) ငါ့ရှင်ပြန်သွားပါ၊ သင်နှင့်အတူပြောဆိုခြင်း၊ ထိုင်နေခြင်းသည် ချမ်းသာမှုမဖြစ်ပါ၊ ငါတစ်ယောက်တည်း ပြောဆိုနေထိုင်ရခြင်း သည်သာ ချမ်းသာပါသည်။

မေး ။ အလိုက်မသိသောရဟန်းအား သင့်ရောက်သောအပြစ်ကိုပြဆိုသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဇနီးမောင်နှံနှစ်ဦးသာရှိသော အိမ်တွင်းသို့ ဝင်ထိုင်သောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ သဘောဇနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ သုဒ္ဓပါစိတ်၊ အစေလကဝဂ်၌ မာတုဂါမများနှင့်အတူ နေထိုင်ခြင်း ကြောင့် အပြစ်သင့်ရောက်ပုံပြသိက္ခာပုဒ်တို့ကိုပါဠိ၊ အနက်ရေးပါ။

❖ အစေလကဝဂ်၌ မာတုဂါမသဒ္ဒါပါရှိသော သိက္ခာပုဒ်တို့ကို ပါဠိသက် သက်ရေးပါ။

ဖြေ ။ ရဟောပဋိစ္ဆန္နသိက္ခာပုဒ်၊ ရဟောနိသဇ္ဇသိက္ခာပုဒ်တို့ကိုရေးလေ။

မေး ။ ရဟောပဋိစ္ဆန္န၊ ရဟောနိသဇ္ဇသိက္ခာပုဒ်များသည် အဘယ်သိက္ခာ ပုဒ်နှင့် အဘယ်အရာများတူ၍ အဘယ်ကြောင့်ထပ်၍ ပညတ်ရ ပါသနည်း၊ ဖြေဆိုပါ။

ဖြေ ။ ရဟောပဋိစ္ဆန္န၊ ရဟောနိသဇ္ဇသိက္ခာပုဒ်များသည် ပဌမပါရာဇိက သိက္ခာပုဒ်နှင့် သမုဋ္ဌာန် စသည်တူ၍ အနိယတသိက္ခာပုဒ်နှင့် ကထာမဂ္ဂ

http://www.dhammadownload.com



စသည်တို့မှာ ယထာကမ္မမတူကြပါသည်။ အတ္ထုပ္ပတ္တိအားလျော်စွာ ထပ်မံ၍ ပညတ်ရခြင်းဖြစ်ပါသည်။

မေး ။ နံနက်ပိုင်း ဒါယကာအိမ်သို့လှည့်လည်သောရဟန်းအား အပြစ်ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ အစေလကဝဂ်လာ ကထိန်အာနိသင်ကင်းလွတ်ခွင့်ရသော သိက္ခာပုဒ်တို့တွင် နောက်ဆုံးသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

❖ ဆွမ်းစားမှပြန်လာရာ အတူကြွလာသူမထေရ်ကြီးကို မပန်ကြားဘဲ ဒါယကာအိမ်သို့ဝင်သောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဘောဇဉ်တစ်မျိုးမျိုးဖြင့် ပင့်ဖိတ်ထားခြင်းရှိသောရဟန်းတော်များ ဒကာ၊ ဒကာမများအိမ်သို့ လှည့်လည်သွားလာမှုနှင့်စပ်၍ ပညတ်ထားအပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သုဒ္ဓပါစိတ်၊ အစေလကဝဂ်တွင် အနုပညတ် ၄ ချက်ပါသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဆွမ်းစားကြွပါဟု ဖိတ်ထားပါလျက် ထိုဖိတ်မံထားသောဆွမ်းကို မစားခင် အခြားအိမ်သို့လှည့်လည်မှုကြောင့် ပညတ်တော်မူအပ် သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ စာရိတ္တသိက္ခာပုဒ်ကိုရေးပါ။

မေး ။ စာရိတ္တသိက္ခာပုဒ်လာ ပုရေဘတ္တနှင့် ပစ္ဆာဘတ္တကာလကို ခွဲခြားပြပါ။

ဖြေ ။ အရုဏ်တက်သည်မှစ၍ နေမွန်းတည့်သည်အထိကာလကို ပုရေဘတ္တ မည်၏။ နေမွန်းလွဲသည်မှစ၍ နေဝင်သည့်တိုင်အောင်ကာလကို ပစ္ဆာဘတ္တမည်၏။

မေး ။ မပန်ကြားဘဲ ဒါယကာအိမ်သို့ ဆွမ်းဘုဉ်းပေးနိုင်ရာအခါကို ဖော်ပြပါ။

၁။ စီဝရဒါန သမယ = သင်္ကန်းလှူသောအခါ၊
၂။ စီဝရကာရသမယ = သင်္ကန်းချုပ်ဆိုးသောအခါ။

❖ သုဒ္ဓပါစိတ် ၉၂ မျိုးသော သိက္ခာပုဒ်တို့တွင် မာတုဂါမနှင့်သာ သက်ဆိုင်သင့်ရောက်သော သိက္ခာပုဒ်အမည်များကို အပြည့်အစုံ ထုတ်ပြပါ။ (ကြီး၊ ၃၆-ခု)

❖ သုဒ္ဓပါစိတ်တွင် မာတုဂါမနှင့်စပ်လျဉ်း၍ ပညတ်တော်မူခဲ့သော သိက္ခာပုဒ်အမည်များကို ဆိုင်ရာဝဂ်အမည်နှင့်တကွ ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ ။ မုသာဝါဒဝဂ် - ဒုတိယသဟသေယျ၊ ဓမ္မဒေသနာသိက္ခာပုဒ်၊
အစေလကဝဂ် - သဘောဇနေ၊ ရဟောပဋိစ္ဆန္န၊ ရဟောနိသဇ္ဇသိက္ခာပုဒ်
သပ္ပါဏကဝဂ် - သံဝိဓာနသိက္ခာပုဒ်။

မှတ်ချက်။ ဘိက္ခုနီမကို မာတုဂါမအဖြစ်ယူလျှင် ဩဝါဒတစ်ဝဂ်လုံး ယူနိုင်သည်။ ၎င်းအပြင် အစေလကဝဂ်၊ အစေလကသိက္ခာပုဒ်လည်း အထိုက်အလျောက်ပတ်သက်နိုင်သည်။

မေး ။ ဘိက္ခုပါတိမောက်၊ သုဒ္ဓပါစိတ်သိက္ခာပုဒ်တို့တွင် "အလယ်ကျကျ သိက္ခာပုဒ်" ကို ပါဠိ၊ အနက်ရေးပါ။

❖ မကျန်းမာသောရဟန်းများအတွက် ဆေးအလှူခံနည်းကို ဖော်ပြသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

❖ ဆေးအလှူရှင် မဟာနာမ်၏ သဒ္ဓါတရားမပျက်ပြားစေရန် ပညတ်တော်မူခဲ့သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဖိတ်မန်ထားသူထံ အလွန်အမင်းတောင်းရမ်းခြင်းကြောင့် ပညတ်တော်မူအပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဘုရားရှင်လက်ထက် မဟာနာမ်ရဟန်း၏ ဇာတ်လမ်းဖြစ်ရပ်မှန်ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သာသနာတော်ကိုကြည်ညိုသော ဒကာ၊ ဒကာမတို့က ဇီဝက အလား ဆေးပစ္စည်းများဖြင့် သံဃာအား ဖိတ်မံလာလျှင် အလှူခံပုံခံနည်း အသီးသီးကိုညွှန်ပြသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

ဖြေ ။ မဟာနာမသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုပါတိမောက်လာ သမ္မုတိလေးမျိုးကိုလည်း သိသာရုံရေးပါ။

ဖြေ ။ ဆေးအလှူခံခွင့်ကာလ (ထင်ရှားပြီ)။

သမ္မုတိ ၄ မျိုး

၁။ တိစီဝရိတ်နှင့် ညဥ့်ကင်း၍နေနိုင်ရန် ပေးအပ်သော အဝိပ္ပဝါသ သမ္မုတို့။

၂။ ခြောက်နှစ်မပြည့်မီအတွင်း အခင်းသစ်ပြုလုပ်ခွင့်ရှိအောင် သမုတ်ပေးသော သန္ထတသမ္မုတိ၊

၃။ ရဟန်း၏ ဒုဋ္ဌုလ္လအဖြစ်ကို လူဒါယကာတို့အားပြောကြားနိုင်ရန် သမုတ်ထားသော ဘိက္ခုသမ္မုတိ၊

၄။ ရွာတွင်း၌ထားသောသက်န်းနှင့် ခြောက်ညဥ့်ထက်လွန်၍ကင်းလျက် နေခြင်းငှာ ပေးအပ်သာသမ္မုတိ။

http://www.dhammadownload.com



မေး ။ စတုမာသပ္ပစ္စယပဝါရဏာ၌ (က) ပစ္စယအရ (ခ) ပဝါရဏာအရ တို့ကိုရေးပါ။

ဖြေ ။ (က) ပစ္စယအရ - သပ္ပိ၊ နဝ၊ နီတစသော ဂိလာနပစ္စယများကို ယူရပါသည်။

(ခ) ပဝါရဏာအရ- သံယပဝါရဏာကို ယူရပါသည်။

မေး ။ စစ်နယ်မြေသို့သွားသောရဟန်းအား သင့်ရောက်သော အပြစ်ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ရန်သူစစ်တပ်သို့ချီတက်လာသောစစ်တပ်ကိုကြည့်ရှုမှုကြောင့် ပညတ်တော်ခဲ့သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဥယျုတ္တသေနာသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဥယျုတ္တသိက္ခာပုဒ်၏ အနုပညတ်သဖွယ်ဖြစ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ စစ်တပ်၌ ကြာရှည်စွာနေမှုကြောင့် ပညတ်တော်မူခဲ့သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သွားထိုက်သောအကြောင်းမရှိဘဲ စစ်တပ်သို့သွားသောရဟန်းအား သင့်ရောက်သောအပြစ်ကိုပြဆို သည့်သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ သေနာဝါသသိက္ခာပုဒ်ကိုရေးလေ။

မေး ။ စစ်တပ်၌ သုံးညဉ့်ထက်အလွန် တည်းခိုသောရဟန်းအား အပြစ်ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ စစ်တပ်၌တည်းခိုသောရဟန်းအား မသွားအပ်သောကန့်သတ်နေ ရာများကိုဖော်ပြပါရှိသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ စစ်တိုက်နေသည်ကိုကြည့်ရှုမှုကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဥယျောဓိကသိက္ခာပုဒ်ကိုရေးလေ။

မေး ။ စစ်တပ်တပ်မတော်သားတို့နှင့်စပ်လျဉ်း၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်အမည်များကို ဖော်ပြပါ။ (ငယ်၊ ၅၁-၃)

ဖြေ ။ ၁။ ဥယျုတ္တသိက္ခာပုဒ်၊ ၂။ သေနာဝါသသိက္ခာပုဒ်၊
၃။ ဥယျောဓိကသိက္ခာပုဒ်။

မေး ။ (က) စစ်သည်ကိုကြည့်ရှုခြင်းငှာ သွားကောင်းသောအကြောင်း၊
(ခ) စစ်တပ်၌နေခွင့်ရှိသော ညဉ့်အပိုင်းအခြားတို့ကို ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ ။ (က) ထိုသို့သွားထိုက်သောသဘောရှိသောအကြောင်း၊
(ခ) နှစ်ညဥ့်သုံးညဥ့်။

မေး ။ အောက်ပါပုဒ်တို့ကို ကျနစွာအနက်ပေးပါ။ (ငယ်၊ ၃၄-ခု)
(က) ဥယျောဓိကံ (ခ) ဗလဂ္ဂံ (ဂ) သေနာဗျူဟံ
(ဃ) အနီကဒဿနံ (င) ကဒ္ဒမံ။

ဖြေ ။ (က) ဥယျောဓိကံ - တက်၍တက်၍ထိုးပစ်ရာအရပ်သို့၊
(ခ) ဗလဂ္ဂံ - ရဲမက်ဗိုလ်ပါရေတွက်ရာအရပ်သို့၊
(ဂ) သေနာဗျူဟံ - စစ်ဆင်ရာအရပ်သို့၊
(ဃ) အနီကဒဿနံ - ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ လက်နက်စွဲသော ရဲမက်တပ်ကို ကြည့်ရှုခြင်းငှာ၊
(င) ကဒ္ဒမံ - ရွံ့ညွှန်ရောင်အဆင်းကို။

မေး ။ စစ်တပ်၌ တည်းခိုသောရဟန်းအား မသွားအပ်သော ကန့်သတ်နေရာများကို ပါဠိ၊ မြန်မာနှစ်ဘာသာဖြင့် တွဲစပ်ပြပါ။
(က) ဥယျောဓိက - တက်၍တက်၍ထိုးပစ်ရာဖြစ်သောအရပ်၊
(ခ) ဗလဂ္ဂ - ဗိုလ်ပါရဲမက်ကိုရေတွက်ရာအရပ်၊
(ဂ) သေနာဗျူဟ - စစ်ဆင်အရပ်၊
(ဃ) အနီကဒဿန - ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ လက်နက်စွဲသော ရဲမက်တပ်ကို ကြည့်ရှုအရပ်၊

မေး ။ မြန်မာ့တပ်မတော်နေ့၌ ချီတက်လာသည့်စစ်ကြောင်းများကို သွားရောက်၍ ကြည့်ကောင်း၊ မကြည့်ကောင်း ကွဲပြားအောင်ခွဲခြား၍၊ ပါဠိအကိုးသာဓကဖြင့် ဖြေဆိုခဲ့ပါ။

ဖြေ ။ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်ဟူသော အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသော စစ်တပ်ကိုကြည့်ရှုလျှင် ပါစိတ်၊ ယင်းအင်္ဂါ ၄ ပါးတွင် ပါဝင်သော ဆင်တပ်ကိုချည်းဖြစ်စေ၊ ဆင်တစ်စီးကိုသာဖြစ်စေ ကြည့်ရှုရာ၌ ဒုက္ကဋ်အာပတ်သင့်သောကြောင့် မကြည့်ကောင်းပါ။

အကိုးသာဓက - ဒိရတ္တတိရတ္တံစေဘိက္ခု ။ ပ ။ အနီကဒဿနံဝါဂစ္ဆေယျ၊ ပါစိတ္တိယံ။ (ဥယျောဓိကသိက္ခာပုဒ်)

**အစေလကဝဂ်ဆိုင်ရာအဓိပ္ပာယ်ပြီး၏။**

http://www.dhammadownload.com



## သုရာပါနဝဂ်ဆိုင်ရာအမေးအဖြေ

မေး ။ ထန်းရည်သောက်သောရဟန်းအား သင့်ရောက်သောအပြစ်ကို ပြဆိုသည့်သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ အရက်သေစာ မူးယစ်ဆေးဝါးသုံးစွဲသောရဟန်း အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ သုရာပါနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ သုရာနှင့်မေရယတို့၏အဓိပ္ပာယ်ကိုရေး၍ ၎င်းတို့၏အထူးကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ ။ မုန့်မှုန့်စသည်တို့ဖြင့်ပြုအပ်သောသေရည်သည် သုရာမည်၏၊ ပန်းပွင့်စသည်တို့ဖြင့်ပြုအပ်သောအရက်သည် မေရယမည်၏။

သုရာ - သေရည်ကိုရေဖြင့်နယ်၍ဖျော်၍ပြုလုပ်အပ်ပါသည်။

မေရယ - အရက်ကို ကြာမြင့်စွာစိမ်၍ထုံ၍ ပြုလုပ်အပ်ပါသည်။ ဤသို့ထူးပါသည်။

မေး ။ ရဟန်းယောကျ်ားနှင့် ရဟန်းမိန်းမတို့ ကလိထိုးကစားရာ၌ ပါစိတ်အာပတ် သင့်၊ မသင့်အကြောင်းပြ၍ဖြေဆိုခဲ့ပါ။

ဖြေ ။ ပါစိတ်အာပတ်မသင့်ပါ၊ ဒုက္ကဋ်အာပတ်သာသင့်ပါသည်။ အကြောင်းကား - ဤသိက္ခာပုဒ်၌ ဘိက္ခုနှင့် ဘိက္ခုနီတို့သည် အပြန်အလှန် အနုပသမ္ပန္နမည်သောကြောင့်တည်း။

မှတ်ချက်။ ဟသာဓိပ္ပါယဖြင့် တို့ထိကစားလျှင် ဒုက္ကဋ်သင့်၏၊ ကာယသံသဂ္ဂဓိပ္ပာယဖြင့်ကစားလျှင်ကား သံဃာဒိသေသ်သင့်၏။

မေး ။ ရဟန်းတို့အား မလေးမစားပြောမှုကြောင့် ပညတ်တော်မူအပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ အနာဒရိယသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ရေချိုးရင်း ငုပ်လိုက်ဖော်လိုက် ရေပေါ်ဖော်ပြီးကူးလိုက် စသည်ဖြင့် ကစားနေသောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဟသဓမ္မသိက္ခာပုဒ်ကိုရေးလေ။

မေး ။ "ဥဒကေဟသဓမ္မေ ပါစိတ္တိယံ" ၌ ဥဒကအရယူရမည့် ရေပမာဏကို ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ ။ ဥဒကအရ - မြစ်ချောင်း ရေကန်တို့၌ရှိသော ဖမျက် (ခြေမျက်စိ) မြုပ်နိုင်လောက်သောရေကို ယူရပါသည်။

မေး ။ ရဟန်းအချင်းချင်း ကြောက်ဖွယ်ကောင်းသောအဆင်း အသံပြု လုပ်၍ ကြောက်အောင်ချောက်လှန့်ရာ၌ အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဘိံသာပနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဂိလာနလည်းမဟုတ် ခွင့်ပြုအပ်သောအကြောင်းလည်းမရရှိဘဲ သက်သက်မီးလှုံလို၍ မီးမွှေးသောရဟန်းအား အပြစ်သင့်ရောက်ပုံ ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးသားပါ။

❖ ကျန်းမာရေးကောင်းသူဖြစ်ပါလျက် မီးလှုံရန်သက်သက်ဖြင့် မီးမွှေး သောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

❖ သူတစ်ပါးမီးထည့်ထားသောမီးဖိုကို ဒီးတောက်စေရန် ထင်းစသည် မထည့်ရဟု တားမြစ်ပိတ်ပင်ထားသောသိက္ခာပုဒ်ကို ပါဠိ၊ အနက် ရေးပါ။

ဖြေ ။ ဇောတိသိက္ခာပုဒ်ကိုရေးလေ။

မေး ။ မဇ္ဈိမဒေသ၌ ရဟန်းတော်များရေချိုးခြင်းကိစ္စနှင့်ပတ်သက်၍ ရှင်တော်မြတ်ဘုရားပညတ်တော်မူထားသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ရဟန်းတော်များ လိုက် နာကျင့်သုံးဖွယ်မလိုအပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ မြန်မာနိုင်ငံအတွင်း၌ သီတင်းသုံးသောရဟန်းများ အာပတ်မသင့် ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သုဒ္ဓပါစိတ်သိက္ခာပုဒ်တို့တွင် "ပဒေသပညတ်" ဖြစ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဘိက္ခုပါတိမောက်သိက္ခာပုဒ်တို့တွင် "မဇ္ဈိမဒေသ၌သာ" အာပတ်သင့် သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ၁၅ ရက်မပြည့်သေးဘဲ ရေချိုးရာ၌ အာပတ်မှလွတ်မြောက်ရာအခါ ကာလတို့ကို ဖော်ပြသည့်သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ပစ္စန္တရာဇ် ဇနပုဒ်သားရဟန်းတော်များအတွက် လိုက်နာကျင့်သုံး ဖွယ်မလိုသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

http://www.dhammadownload.com



❖ ဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသ၌သာ ကျင့်ဆောင်ရသည့် လခွဲတစ်ကြိမ် ရေချိုးခွင့်ရှိသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သုရပါဝင်၌ အနုပညတ် ၆ ချက်ပါသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးသားပါ။

ဖြေ ။ နဟာနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ အောက်ပါတို့ကို ပါတိမောက်နှင့်အညီ အသီးသီးဖြေဆိုပါ။
(က) ဂဏဘောဇဉ်ကိုသာ စားကောင်း၍၊ ပရမ္ပရဘောဇဉ်ကို မစားကောင်းရာကာလ (ခ) ဂဏဘောဇဉ်၊ ပရမ္ပရဘောဇဉ်နှစ်မျိုးလုံးကို စာကောင်းရာကာလ (ဂ) ရေသာချိုးကောင်း၍ ဂဏဘောဇဉ်ကို မစားကောင်းရာကာလ (ဃ) ရေလည်းချိုးကောင်း၍ ဂဏဘောဇဉ်လည်း စားကောင်းရာကာလ (င) ပရမ္ပရဘောဇဉ်သာ စားကောင်း၍ ရေမချိုးကောင်းရာကာလ။

ဖြေ ။ (က) အဒ္ဓါနဂမနသမယ၊ နာဝါဘိရုဟနသမယ၊ မဟာသမယ၊ သမဏဘတ္တသမယ၊
(ခ) ဂိလာနသမယ၊ စီဝရဒါနသမယ၊ စီဝရကာလသမယ၊
(ဂ) ဥဏှသမယ၊ ပရိဠာဟသမယ၊ ကမ္မသမယ၊ ဝါတဝုဋ္ဌိသမယ၊
(ဃ) ဂိလာန်သမယ၊ အဒ္ဓါနဂမနသမယ၊
(င) စီဝရဒါနသမယ၊ စီဝရကာလသမယ။

မေး ။ တစ်ဆယ့်ငါးရက်မပြည့်သေးဘဲ ရေချိုးရာ၌ အာပတ်မှ လွတ်မြောက်ရာအခါကာလတို့ကို ရက်, လ အပိုင်းအခြားနှင့်တကွ ပြည့်စုံစွာ ရေတွက်ပြပါ။ (လတ်၊ ၅၂-ခု)

ဖြေ ။ ၁။ ဥဏှသမယ - နွေဥတုအဆုံး တစ်လခွဲဖြစ်သော နယုန်လဆန်း (၁) ရက်နေ့မှ ဝါဆိုလပြည့်အထိ၊
၂။ ပရိဠာဟသမယ - ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ ဝါခေါင်လပြည့်အထိ၊
၃။ ဂိလာနသမယ - ရေချိုးမှ ရောဂါသက်သာမည့်အခါ၊
၄။ ကမ္မသမယ - ပရိဝုဏ်ကို တံမြက်လှည်းခြင်းစသော အလုပ်လုပ်ရာအခါ၊
၅။ အဒ္ဓါနဂမနသမယ - အနည်းဆုံး ယူဇနာဝက်ခရီးကို သွားလိုသွားဆဲ၊ သွားပြီးသောအခါ၊
၆။ ဝါတဝုဋ္ဌိသမယ - မြူနှင့်တကွ လေပြင်းထ၍ မိုးကျရာအခါ။

F11 A.

http://www.dhammadownload.com



မေး ။ နဟာနသိက္ခာပုဒ်လာ ဒိယမှုမာသာ အမှုတေယျမာသာတို့၏ အရ အထူးကို သာဓကနှင့်တကွ ပိုင်းခြားပြပါ။

❖ ဥတ္တရသမယ၊ ပရိဠာဟသမယတို့၏ အရ ပိုင်းခြားပြ၍ ယင်းသမယ နှစ်ခုအထူးကိုလည်း ရေးခဲ့ပါ။

ဖြေ ။ နွေဥတု၏ အဆုံးတစ်လခွဲ (နယုန်လဆန်း ၁ ရက်နေ့မှ ဝါဆိုလပြည့် နေ့အထိ) သည် ဥဏှသမယမည်၏။ မိုးဥတုအစ တစ်လ (ဝါဆိုလပြည့် ကျော် ၁ ရက်နေ့ (ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ ဝါခေါင် လပြည့်နေ့ အထိ) သည် ပရိဠာဟသမယမည်၏။ (တတ္ထာယံသမယော၊ ဒိယဍ္ဎော မာသော သေသောဂိမှာနန္တိ။ ပ။ ပရိဠာဟသမယောကိုထောက်)။

**ယင်းသမယနှစ်ခုအထူး**

ဥဏှသမယဟူသည် ပူသောအခါဖြစ်၏။

ပရိဠာဟသမယဟူသည် အိုက်သောအခါဖြစ်၏။ ဤသို့ထူးပါသည်။

မေး ။ ဥဏှသမယ ပရိဠာဟသမယတို့ကို ဝါထပ်သောနှစ်အရ ကျနစွာ ပိုင်းခြားပြပါ။

ဖြေ ။ ဥဏှသမယ နွေဥတုအဆုံး တလခွဲဆိုသည်မှာ နယုန်လဆန်းတစ်ရက် နေ့မှ ဝါဆိုလပြည့်အထိ၊ ဝါမထပ်သောနှစ်အရ ဆိုပါသည်၊ အကယ်၍ ဝါထပ်ခဲ့လျှင် ဝါဆိုတစ်လပိုသဖြင့် နယုန်လဆန်း တစ်ရက်နေ့မှ ဒုတိယ ဝါဆိုလပြည့်နေ့အထိ နှစ်လခွဲဖြစ်ပါသည်။

" ပရိဠာဟသမယကား - မိုးဥတုအစ တစ်လဆိုသည်မှာ ဝါဆိုလပြည့် ကျော် တစ်ရက်နေ့မှ ဝါခေါင်လပြည့်အထိ တစ်လဖြစ်ပါသည်။

မေး ။ မြန်မာနိုင်ငံ၌ နဟာနသိက္ခာပုဒ်လာ အခါမျိုးမဟုတ်ဘဲ နေ့စဉ် ရေချိုး ရသောရဟန်းအား အဘယ့်ကြောင့် အာပတ်မသင့်ပါသနည်း၊ အကြောင်းပြ ဖြေဆိုပါ။

ဖြေ ။ နဟာနသိက္ခာပုဒ်အမှု - နေ့စဉ်ရေချိုးရာ၌ ၎င်းသိက္ခာပုဒ်သည် အလုံးစုံသော အရပ်တို့၌ ပညတ်တော်မူအပ်သော သဗ္ဗတ္ထပညတ် မဟုတ်။ မဇ္ဈိမဒေသအတွက်သာ ပညတ်အပ်သော ပဒေသပညတ် ဖြစ်သောကြောင့် ပစ္စန္တရာဇ် ဖြစ်သော မြန်မာနိုင်ငံ၌ နေ့စဉ် ရေချိုး သောရဟန်းများအား ဤသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ပါ။

မေး ။ သက်နံးအသစ်သုံးစွဲမှုနှင့် စပ်လျဉ်း၍ မြတ်စွာဘုရားပညတ်တော် မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

http://www.dhammadownload.com



❖ မိမိသက်န်းကို မှတ်မိအောင် အမှတ်အသားပြုလုပ်ပုံ ပြုလုပ်နည်းပြ သိက္ခာပုဒ်ကို ပါဠိအနက်ရေးပါ။
❖ သင်္ကန်းအသစ်ကို ကပ္ပဗိန္ဒုထိုးပြီးမှဝတ်ရုံရန် ညွှန်ကြားထားသော သိက္ခာပုဒ်ကို ပါဠိ၊ အနက် မှန်ကန်စွာရေးပါ။
❖ မိမိသင်္ကန်း မမှတ်မိလျှင် မှတ်မိအောင် ဘယ်လိုလုပ်ကြဟု ခွင့်ပြု ပညတ်အပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။
❖ ဒါယကာများ ကြည်ညိုသဒ္ဓါပွားသဖြင့် လှူဒါန်းထားသော သင်္ကန်း အသစ်ကို ကပ္ပဗိန္ဒုမထိုးဘဲ ဝတ်ရုံသုံးစွဲသောရဟန်းအား သင့်ရောက် နိုင်သည့် အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။
❖ ဘိက္ခုပါတိမောက်သုဒ္ဓပါစိတ်လာ "နဝ" သဒ္ဒါနှစ်ခုပါသော သိက္ခာပုဒ် ကို ပါဠိ၊ အနက်ရေးပါ။
❖ ရဟန်းတော်များ သင်္ကန်းသစ်ကို ဝတ်ရုံသုံးဆောင်ရာဝယ် ကပ္ပဗိန္ဒု ထိုးမှုနှင့်ပတ်သက်၍ လိုက်နာပြုကျင့်ဖွယ် ပညတ်အပ်သောသိက္ခာပုဒ် ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်ကိုရေးလေ။

မေး ။ နဝံစီဝရလာဘေနဥ္စ စီဝရအရ အဘယ်သင်္ကန်းမျိုးကို ယူရပါမည် နည်း။

ဖြေ ။ စီဝရအရ - ဝတ်လောက် ရုံလောက်သော သင်္ကန်းကိုသာယူရပါမည်။ ဝိကပ္ပနာလောက်ရုံမျှဖြစ်သော သင်္ကန်းကိုမယူရပါ။

မေး ။ အဘယ်သင်္ကန်းမျိုးကို "နဝစီဝရ သင်္ကန်းသစ်" ဟု ဆိုရပါသနည်း။ ဖြေဆို၍ သင်္ကန်း ၉ ထည်တို့တွင် ကပ္ပဗိန္ဒုထိုးရသော သင်္ကန်းကို ဖော်ပြပါ။

ဖြေ ။ သာမဏေတို့ဝတ်ပြီးဖြစ်၍ ဟောင်းနွမ်းနေသည်ပင်ဖြစ်သော်လည်း ကပ္ပဗိန္ဒုမထိုးရသေးလျှင် ထိုသင်္ကန်းကို နဝစီဝရ သင်္ကန်းသစ်ဟုဆိုရပါ သည်။

ကပ္ပဗိန္ဒုထိုးရသော သင်္ကန်းတို့မှာ -

သင်းပိုင်၊ ကိုယ်ရုံ (ကေသီ)၊ ဒုကုဋ် (နှစ်ထပ်)၊ မိုးရေခံ၊ အမာလွှမ်း သင်္ကန်းငါးမျိုးတို့ဖြစ်ပါသည်။ အမှာ - ကြွင်း ၄ ထည် ကပ္ပဗိန္ဒု မထိုး ရပါ။

(ဆောင်) သင်း,ကိုယ်၊ ဒု,မိုး၊ မာ ငါးမျိုး၊ ထိုးရ ဗိန္ဒုသာ။

http://www.dhammadownload.com



မေး ။ သင်္ကန်းကို ကပ္ပဗိန္ဒုထိုးရာ၌ ဗိန္ဒု၏ အရွယ်ပမာဏ၊ ဗိန္ဒုထိုးရမည့် နေရာ၊ ဗိန္ဒုထိုးရခြင်း၏ အကျိုးတို့ကို သိသာအောင်ရှင်းလင်း ဖြေဆိုပါ။

ဖြေ ။ ကပ္ပဗိန္ဒု၏ အရွယ်ပမာဏမှာ -

ဥဒေါင်း မျက်လုံး၊ ကြမ်းပိုးကျောက်ကုန်းလောက်ဖြစ်ပါသည်။

ကပ္ပဗိန္ဒုထိုးရမည့်နေရာမှာ -

သင်္ကန်း၏ ၁ ထောင့်၊ ၂ ထောင့်၊ ၃ ထောင့် သို့မဟုတ် ၄ ထောင့်လုံး ဖြစ်ပါသည်။

ကပ္ပဗိန္ဒုထိုးခြင်း၏အကျိုးမှာ -

တိတ္ထိတို့၏ အဝတ်နှင့် ခွဲခြားနိုင်ခြင်းအကျိုးငှာ ကပ္ပဗိန္ဒုထိုးရပါသည်။ အချို့ဆရာတို့က "သင်္ကန်းအဆင်းပျက်စီးစေခြင်းအကျိုးငှာ (တစ်နည်း) သင်္ကန်းကို မှတ်မိစေခြင်း အကျိုးငှာ ကပ္ပဗိန္ဒုထိုးရ၏"ဟုလည်း ဆိုကြပါသည်။

မှတ်သားရန်။ ဘုရားရှင်လက်ထက်တော်၌ တိတ္ထိများနှင့် ရဟန်းများ ခရီးအတူသွားကြရာ ဓါးပြတို့က အဝတ်သင်္ကန်းများကို လုယူကြ၏။ မင်းအမှုထမ်းတို့ ဖမ်း၍ပြန်ရသောအခါ တိတ္ထိတို့အဝတ်နှင့် မိမိတို့သင်္ကန်းကို ရဟန်းများမခွဲခြားနိုင်သောကြောင့် "တိတ္ထိတို့ အဝတ်နှင့်ခွဲခြားနိုင်ခြင်း အကျိုးငှာ" ကပ္ပဗိန္ဒုထိုးရန် ပညတ်တော်မူခြင်းဖြစ်ပါသည်။

မေး ။ မအပ်သော ကပ္ပဗိန္ဒုတို့ကို ဖော်ပြပါ။

ဖြေ ။ ၂ လုံး၊ ၃ လုံးစသည် စီတန်း၍ ထိုးသော ပါဠိကပ္ပခေါ် ကပ္ပဗိန္ဒုမျိုး ကြာနားတောင်းကဲ့သို့ ၃ လုံးစသည်ဆိုင်၍ ထိုးသော ကဏ္ဏိက ကပ္ပခေါ် ကပ္ပဗိန္ဒုမျိုး စသည်တို့ဖြစ်ပါသည်။

မေး ။ ကပ္ပဗိန္ဒုအရောင် (အမျိုးအစား ၃ မျိုး) တို့ကို ပါဠိ မြန်မာ နှစ်ဘာသာဖြင့် တွဲစပ်ပြပါ။

ဖြေ ။ ၁။ နီလ = စိမ်းညိုသောအရောင်၊
၂။ ကဒ္ဒမ = ရွှံ့နွံရောင်၊
၃။ ကာဠသာမ = မည်းညိုသောအဆင်း။

မေး ။ နှစ်ရာနှစ်ဆယ်ခုနှစ်သွယ်သော သိက္ခာပုဒ်တို့တွင် သိတင်းသုံးဖော် ၅ ဦး ပါဝင်သော "ဝိနယသိက္ခာပဒ" ကို ပါဠိ၊ အနက်ရေးသားပါ။

❖ သုရာပါနဝဂ်၌ အာပတ် ၅ ချက်သင့်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

http://www.dhammadownload.com



❖ ပစ္စုဒ္ဒိုရ်မပြုရသေးသော သက်န်းကို ဝတ်ရုံမှုကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဝိကပ္ပန သိက္ခာပုဒ်ကိုရေးလေ။

မေး ။ ပစ္စုဒ္ဒိုရ်ပြုထားသော သက်န်းကို ဤအတိုင်းထား၍ ရ မရ ရှင်းလင်းဖော်ပြ၍ ပထမ ကထိနသိက္ခာပုဒ်လာ သက်န်း ပစ္စုဒ္ဒိုရ်ပြုခြင်းနှင့် ဤဝိကပ္ပနသိက္ခာပုဒ်လာ သက်န်း ပစ္စုဒ္ဒိုရ်ပြုခြင်းနှစ်မျိုးတို့၏ အထူးကိုလည်း ရေးခဲ့ပါ။

ဖြေ ။ ပစ္စုဒ္ဒိုရ်ထားသောသက်န်းကို ဤအတိုင်းထား၍ မရပါ။ အရုဏ်တက်ပြီးသောအခါ အဝေးရှိရာသို့ မှန်းပြီး အဓိဋ္ဌာန်တင်ရပါမည်။

မေး ။ ဝိကပ္ပနသိက္ခာပုဒ်အရ သက်န်းကို ဝိကပ္ပနာပြုပုံနှင့် ပစ္စုဒ္ဒိုရ်ပြု ပုံတို့ကို အသီးသီး သိသာရုံမျှရေးပြပြီးလျှင် သုဒ္ဓပါစိတ် ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်များတွင် အာပတ်ကို ဒေသနာကြာရုံမျှဖြင့် အပြစ်ကင်း စင်သွားခြင်းမရှိသော သိက္ခာပုဒ်များရှိရာ ၎င်းတို့အနက်မှ နှစ်ခုမျှထုတ်၍ ရှင်းပါ။ (ကြီး၊ ၃၄-ခု)

ဖြေ ။ ဝိကပ္ပနာပြုပုံ - ဣမံစီဝရံ ဝိကပ္ပေမိ (အနီးရှိသူအား သမ္မုခါဝိကပ္ပနာပြုပုံ) ဣမံစီဝရံတိဿဿ ဘိက္ခုနောဝိကပ္ပေမိ (အဝေးနေသူအား သမ္မုခါ ဝိကပ္ပနာပြုပုံ)

ပစ္စုဒ္ဒိုရ်ပြုပုံ - မယှံသန္တကံ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိဝါယထာပစ္စယံ ကရောဟိ။

ဘေဒနကပါစိတ် - သူစိယရသိက္ခာပုဒ်အရ အာပတ်သင့်လျှင် အပ်ကျည်ကိုခွဲပြီးမှ အာပတ်ကို ဒေသနာကြားရမည်၊ မဥ္စပီဌသိက္ခာပုဒ်အရ အာပတ်သင့်လျှင် ပိုလွန်သော အခြေကိုဖြတ်ပြီးမှ အာပတ်ကို ဒေသနာကြားရမည်။

မခွဲမဖြတ်ဘဲ ဒေသနာကြားရုံဖြင့် အပြစ်ကင်းစင်သွားခြင်းမရှိပါ။

ဖြေ ။ ပထမကထိနသိက္ခာပုဒ်လာ သက်န်းပစ္စုဒ္ဒိုရ်ကား - အဓိဋ္ဌာန်တင်မှုကို ရုပ်သိမ်းလိုက်ခြင်းဖြစ်ပါသည်။

ဤဝိကပ္ပနသိက္ခာပုဒ်လာ သက်န်းပစ္စုဒ္ဒိုရ်ကား - အလိုရှိသလို သုံးစွဲနိုင်ရန် ခွင့်ပြုခြင်း၊ ပြန်ပေးလိုက်ခြင်းဖြစ်ပါသည်။ ဤသို့ထူးပါသည်။

မေး ။ ဆွမ်းနှင့်သက်န်းဝိကပ္ပနာပြုပုံပြုနည်းကို ပေါ်လွင်အောင် အကျဉ်းချုံး၍ ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ ။ ဆွမ်းဝိကပ္ပနာပြုပုံ ပြုနည်း -
မအပ်သောနည်းဖြင့် ဒါယကာ ၂ ဦး၊ ၃ ဦးစသည်က ဖိတ်ထားရာ၌ ပထမဒကာ၏ ဘောဇဉ်ကို မစားခင် ဒုတိယ ဒကာ၏ ဘောဇဉ်ကို စားလိုသော် ပထမ ဒကာ၏ဘောဇဉ်ကို အနီးအပါးရှိ မိမိနှစ်သက်ရာ သီတင်းသုံးဖော် ၅ ဦးတွင် တစ်ဦးဦးအား 'မယှံဘတ္တပစ္စာသံတုယှံဒမ္မိ = ငါ၏ မည်သည့်ဒါယကာဘတ်၌ မျှော်လင့်ဖွယ်ကို သင့်အားလှူပါ၏' ဟုဆို၍ ပေးစွန့်လိုက်ရပါမည်။ (သမ္မုခါ ဝိကပ္ပနာတည်း။)
မိမိပေးလိုက်သူက အဝေးမှာရှိလျှင် 'မယှံဘတ္တပစ္စာသံ ဣတ္ထန္နာမဿ (ဤအမည်ရှိသူအား) 'ဒမ္မိ' ဟု မိမိဘာသာဆို၍ ပေးရပါမည်။ (ပရမ္မုခါ ဝိကပ္ပနာတည်း) ဤသို့ဆို၍ ပေးစွန့်ခြင်းကို ဝိကပ္ပနာပြုခြင်းဟု ခေါ်ပါသည်။

သင်္ကန်း၌ ဝိကပ္ပနာပြုပုံ -
အနီးမျက်မှောက်ရှိသူအား သမ္မုခါဝိကပ္ပနာပြုပုံ - ဝိကပ္ပနာပြုလိုသော သင်္ကန်းက ၁ ထည်ဖြစ်လျှင် ထိုသင်္ကန်းကိုကိုင်၍ ဖြစ်စေ၊ အနီး၌ ချထား၍ဖြစ်စေ၊ "ဣမံစီဝရံတုယှံ ဝိကပ္ပေမိ" ဟုဆို၍ ဝိကပ္ပနာပြုရပါမည်။ သင်္ကန်းအများဖြစ်လျှင် "ဣမာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ" ဟု ဆို၍ ဝိကပ္ပနာပြုရပါမည်။
သင်္ကန်းကအနီးမှာ မရှိဘဲ အဝေးရောက်နေလျှင် သင်္ကန်းရှိရာ အဝေးအရပ်ကို ပြောပြ၍ တစ်ထည်ဖြစ်လျှင် "ဧတံစီဝရံ တုယှံဝိကပ္ပေမိ" အများဖြစ်လျှင် "ဧတာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ" ဟုဆို၍ ဝိကပ္ပနာပြုရပါမည်။

မျက်ကွယ်အဝေးနေသူအား သမ္မုခါဝိကပ္ပနာပြုပုံ -
မိမိပေးလိုသော ပုဂ္ဂိုလ်က အဝေးတစ်နေရာ၌ ရောက်နေလျှင် ဝိနည်းခိုရ်တစ်ပါးပါးထံသွား၍ မိမိပေးလိုသော ပုဂ္ဂိုလ်၏အမည်ကို လျှောက်ပြီးနောက် သင်္ကန်းတစ်ထည်၊ သို့မဟုတ် သင်္ကန်းအများ၊ အနီးအဝေးအားလျော်စွာ "ဣမံ စီဝရံ (ဣမာနိစီဝရာနိ) (ဧတံ စီဝရံ) (ဧတာနိ စီဝရာနိ) တိဿဿ ဘိက္ခုနော ဝိကပ္ပေမိ" စသည်ဖြင့်ဆို၍ ဝိကပ္ပနာ ပြုရပါမည်။
(ယင်းသို့ ဝိကပ္ပနာပြုပြီးနောက် ဦးတိဿက "မယှံသန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိဝါယထာပစ္စယံကရောဟိ" ဟု ပစ္စုဒ္ဓိုရ်ပြုပေးရပါမည်။ ယင်းသို့ ပစ္စုဒ္ဓိုရ်ပြုခြင်းကို "ဝိကပ္ပနာပြန်" ဟု ခေါ်ပါသည်။)

http://www.dhammadownload.com



ပရမ္မခါဝိကပ္ပနာပြုပုံ

မိမိကိုယ်တိုင် ဝိကပ္ပနာပြုခြင်းကို နားမလည်ခြင်း၊ နားလည်သော်လည်း ပါးစပ်နာနေခြင်းစသော အကြောင်းတစ်ခုခုကြောင့် ဝိနည်းမိုရ် တစ်ပါး ပါးထံသွား၍ "ဣမံစီဝရံ (ဣမာနိ စီဝရာနိ) (တေံ စီဝရံ) (တောနိ စီဝရာနိ) တုယှံ ဝိကပ္ပနတ္ထာယ ဒမ္မိ"ဟုဆိုကာ ဝိကပ္ပနာပြုဖို့ရန် ပေးရမည်။ ထိုအခါ ဝိနည်းမိုရ်က "အရှင်ဘုရားပေးလိုရာ သီတင်းသုံးဖော်ကို ညွှန်ပြပါ" ဟုမေးလျှင် "မည်သည့်ကျောင်းနေ၊ ဦးတိဿတဲ့" စသည်ဖြင့် ညွှန်ပြရမည်။ ထိုအခါ ဝိနည်းမိုရ်က "အဟံဣမံစီဝရံ (ဣမာနိစီဝရာနိ) တေံစီဝရံ (တောနိစီဝရာနိ) တိဿဿ ဘိက္ခုနောဒမ္မိ" ဟု ဝိကပ္ပနာပြုရပါမည်။ (ထိုနောက် ဝိနည်းမိုရ်က "တိဿဿသန္တကံ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိဝါ ယထာပစ္စယံ ကရောဟိ"ဟု ပစ္စုဒ္ဓိုရ်ပြုပေးရပါမည်)

**မေး ။ တစ်ပါးသော ရဟန်း၏ရှုန့်ရင်းသော အာပတ်ကို လူသာမဏေအား ပြောကြားတောင်းသော ရဟန်းကိုပြဆို၍၊ သင်္ကန်းကို ဝိကပ္ပနာပြုလိုသောရဟန်း၏ ဝိကပ္ပနာပြုနိုင်ရာ ပုဂ္ဂိုလ်များကိုပါ ညွှန်ပြပါ။**

ဖြေ ။ ဘိက္ခုသမ္မုတိရသော ရဟန်းဖြစ်ပါသည်။ (ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်လာ အညတြ ဘိက္ခုသမ္မုတိယာကို ထောက်)

သင်္ကန်းဝိကပ္ပနာပြုနိုင်ရာ ပုဂ္ဂိုလ်များမှာ -

ဘိက္ခု၊ ဘိက္ခုနီ၊ သိက္ခမာန်၊ သာမဏေ၊ သာမဏေမတို့ဖြစ်ပါသည်။

**မေး ။ ရဟန်းတော်များ မိမိသင်္ကန်းကို အခြားရဟန်းတစ်ပါးထံ "ဝိကပ္ပနာ" ပြုရာဝယ် ယင်းအချိန်ရနိုင်သော အကျိုးနှင့် "ပစ္စုဒ္ဓိုရ်" ပြုပြီးမှ ရနိုင်သောအကျိုးတို့ကိုလည်း ရှင်းလင်းပြပါ။ (ကြီး၊ ၅၁-ခု)**

ဖြေ ။ ဝိကပ္ပနာပြုချိန်ရနိုင်သောအကျိုး -

သိုမှီးသိမ်းဆည်းထားနိုင်ခြင်းအကျိုးရှိသည်။

ပစ္စုဒ္ဓိုရ်ပြုပြီးမှ ရနိုင်သော အကျိုး -

သုံးဆောင်ခြင်း၊ စွန့်နိုင်ခြင်း၊ အဓိဋ္ဌာန်တင်နိုင်ခြင်းအကျိုးတို့ကို ရနိုင်သည်။

**မေး ။ ရယ်ရွှင်လိုသော စိတ်ဓာတ်ဖြင့် သီတင်းသုံးဖော်၏ သပိတ်၊ သင်္ကန်း စသော ပရိက္ခရာတို့ကို ဝှက်မထားရန် တားမြစ်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။**

http://www.dhammadownload.com



❖ နောက်ပြောင်ကျီစယ်လို၍မျှဝှက်မထားကောင်းသော ရဟန်းတော်၏ အသုံးအဆောင်ပစ္စည်းများကို ဖော်ပြသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက် ရေးပါ။

ဖြေ ။ စီဝရ အပနိဓာန သိက္ခာပုဒ်ကိုရေးလေ။

မေး ။ နောက်ပြောင်ကျီစယ်လို၍မျှ ဝှက်မထားကောင်းသော ရဟန်းတော်၏အသုံးအဆောင်ပစ္စည်းများကို စုံလင်စွာဖော်ပြ၍၊ ဥပသမ္ပဒကံဆောင်နေစဉ် ဆန္ဒမပေးဘဲ ထ၍သွားသင့်၊ မသွားသင့်ကိုလည်း သိက္ခာပုဒ်အထောက်ပြ၍ ဖြေဆိုပါ။ (ကြီး၊ ၅၂-ခု)

ဖြေ ။ အသုံးအဆောင်ပစ္စည်းများ -

၁။ ပတ္တ = သပိတ်၊
၂။ စီဝရ = သင်္ကန်း၊
၃။ နိသီဒန = နိသီဒိုင်၊
၄။ သူစိဃရ = အပ်ကျည်၊
၅။ ကာယဗန္ဓန = ခါးပန်းကြိုး။

ဆန္ဒမပေးဘဲထ၍ မသွားသင့် -

ဆန္ဒအဒတွာ ဂမနသိက္ခာပုဒ်အရ - ဥပသမ္ပကံဆောင်နေစဉ် ဆန္ဒမပေးဘဲ ထ၍မသွားသင့်ပါ။

မေး ။ ဗုဒ္ဓဘာသာ အခမ်းအနားတို့၌ လူပုဂ္ဂိုလ်တို့အား ငါးပါးသီလ ဆောက်တည်စေပြီး စောင့်ထိန်းကြရန် ရဟန်းတော်များက တိုက်တွန်းကြကုန်၏ အကယ်၍ ရဟန်းတစ်ပါးတည်း ငါးပါးသီလ လုံခြုံပါလျှင် ရဟန်းကျင့်ဖွယ် "၂၂၇"သွယ်တို့တွင် မည်သည့် သိက္ခာပုဒ်များ လုံခြုံပြီး ဖြစ်ပါသနည်း။ မကျဉ်းမကျယ် ရှင်းလင်းဖြေဆိုပါ။ (ကြီး၊ ၅၁-ခု)

ဖြေ ။ ပါဏာတိပါ သီလသိက္ခာပုဒ်ကို လုံခြုံလျှင် - တတိယပါရာဇိက သိက္ခာပုဒ်၊ ဘူတဂါမဝဂ် သပ္ပါဏကသိက္ခာပုဒ်၊ သပ္ပါဏကဝဂ် သဉ္စိစ္စသိက္ခာပုဒ်၊ သပ္ပါဏကသိက္ခာပုဒ်တို့ လုံခြုံပြီးဖြစ်ပါသည်။

အဒိန္နာဒါန သီလသိက္ခာပုဒ်ကို လုံခြုံလျှင် - ဒုတိယ ပါရာဇိက သိက္ခာပုဒ်၊ စီဝရ အစ္ဆိန္ဒန သိက္ခာပုဒ်တို့ လုံခြုံပြီးဖြစ်ပါသည်။

ကာမေသု မိစ္ဆာစာရသီလသိက္ခာပုဒ်ကို လုံခြုံလျှင် - ပထမပါရာဇိက သိက္ခာပုဒ်၊ ကာယသံသဂ္ဂသိက္ခာပုဒ်၊ ပထမ အနိယတသိက္ခာပုဒ်၊ ရဟော ပဋိစ္ဆန္နသိက္ခာပုဒ်တို့ လုံခြုံပြီးဖြစ်ပါသည်။

http://www.dhammadownload.com



မုသာဝါဒသီလသိက္ခာပုဒ်ကို လုံခြုံလျှင် - စတုတ္ထပါရာဇိက သိက္ခာပုဒ်၊ ဒုဋ္ဌဒေါသသိက္ခာပုဒ်၊ အညဘာဂိယသိက္ခာပုဒ်၊ မုသာဝါဒ သိက္ခာပုဒ်၊ ပေသုညသိက္ခာပုဒ်၊ ဒုဋ္ဌုလ္လသိက္ခာပုဒ်၊ မောဟနသိက္ခာပုဒ်၊ အမူလက သိက္ခာပုဒ်တို့ကို လုံခြုံပြီးဖြစ်ပါသည်။

သုရာမေရယသီလသိက္ခာပုဒ်ကို လုံခြုံလျှင် - သုရာပါနသိက္ခာပုဒ် လုံခြုံပြီးဖြစ်ပါသည်။

**သုရာပါနဝဂ်ဆိုင်ရာအစီအစဉ်ပြီး၏။**

http://www.dhammadownload.com



## သပ္ပါဏကဝဂ်ဆိုင်ရာအမိန့်ဂ္ဂာယ်

မေး ။ ကြမ်းပိုးဥစသည်ကို ဖျက်ဆီးသောရဟန်းအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ သဉ္စိစ္စသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ပိုးရှိသောရေမှန်းသိလျက် ချိုးသောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ပိုးကောင်ရှိမှန်းသိလျက် ရေကိုချိုးမှု၊ သောက်မှုပြုသောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ သပ္ပါဏကသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ပုရွက်ဆိတ်နှင့်ဆင်ကိုသတ်ရာ၌ ဝိနည်းအပြစ်၊ အဘိဓမ္မာအပြစ်ရှိပုံ ခြင်း တူ၊ မတူ ရှင်းလင်းဆုံးဖြတ်ခဲ့ပါ။

ဖြေ ။ သေးငယ်သော ပုရွက်ဆိတ်စသည်ကိုသတ်ခြင်းနှင့် ကြီးမားသော ဆင်စသည်ကိုသတ်ရာ၌ အာပတ်သင့်မှုမကွာခြား၊ ပါစိတ်အာပတ်ချည်းသာ သင့်ပါသည်။

ထိုသို့ ပါစိတ်အာပတ်ချင်းတူသော်လည်း ဆင်စသည်ကိုသတ်ရာ၌ အားထုတ်မှု လုံ့လကြီးမားသောကြောင့် အဘိဓမ္မာနည်းအရ အကုသိုလ် အပြစ်က ပို၍ကြီးမားပါသည်။

မေး ။ ခြင်သတ်သောရဟန်းနှင့် ဆင်သတ်သောရဟန်းတို့၏ (က) ထူးခြားချက် (ခ) မထူးခြားချက်တို့ကို ကင်္ခါအဘော်ကျ ရေးသားပြပြီးလျှင်၊ ပဝါရိတ်သင့်ခြင်းအင်္ဂါများကိုလည်း ထုတ်ပြပါ။ (ကြီး၊ ၅၀-ခု)

ဖြေ ။ ငယ်သောသတ္တဝါကိုဖြစ်စေ၊ ကြီးသောသတ္တဝါကိုဖြစ်စေ သေစေရာ၌ ပါစိတ်အာပတ်သာသင့်၏၊ သို့သော် ကြီးသောသတ္တဝါကို သေစေရာ၌ လုံ့လကြီးမားသောကြောင့် အကုသိုလ်အပြစ်ကြီး၏ဟု ကင်္ခါ၌ ဖွင့်ဆိုထားရာ (က) ခြင်သတ်သောရဟန်းသည် အကုသိုလ်အပြစ်ငယ်၍ ဆင်သတ်သောရဟန်းသည် အကုသိုလ်အပြစ်ကြီး၏၊ ဤသို့ထူးပါသည်။ (ခ) ခြင်သတ်သောရဟန်းနှင့် ဆင်သတ်သောရဟန်းနှစ်ပါးလုံး ပါစိတ်အာပတ်သင့်ခြင်းအားဖြင့် မထူးခြားပါ။

http://www.dhammadownload.com



မေး ။ တရားနှင့်အညီ ငြိမ်းလေပြီးသော အဓိကရုဏ်းကို အသစ်ဖြစ်အောင် လှုံ့ဆော်သောရဟန်းအား သင့်ရောက်သောအပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ငြိမ်းပြီးသော အဓိကရုဏ်းကို လှုံ့ဆော်ပေးမှုကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဥက္ကောဋနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ရဟန်းတစ်ပါး၏ ဒုဋ္ဌုလ္လအာပတ်ကိုသိလျက် ထိန်းချန်သော ရဟန်းအား သင့်ရောက်နေသည့်အပြစ်ကိုပြသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဒုဋ္ဌုလ္လသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဒုဋ္ဌုလ္လံအာပတ္တိံ၌ ဒုဋ္ဌုလ္လအရကို အကြောင်းပြဖြေဆိုပါ။

ဖြေ ။ ဘိက္ခုသဒုဋ္ဌုလ္လံဟု ဆိုသောကြောင့် သံဃာဒိသေသ် အာပတ်ကို ယူရပါသည်။

မေး ။ "အသိခေါက်ခက် အဝင်နက်" ဟူသော ပရိဘာသာစကားအရ သိပါလျက် သက်သက်ဇွတ်တိုး၍ ပြုကျင့်သဖြင့် သင့်ရသော သုဒ္ဓပါစိတ်သိက္ခာပုဒ်စုကိုပေါ် လွင်ရုံထုတ်ပြ၍၊ ဥပသမ္ပဒကံပြုနေစဉ် "ကမ္မဘောဒ" ဖြစ်စေလိုမှုကို ရှေ့ရှုကာ သိမ်ထဲမှထွက်သွားသော ရဟန်းအား မည်သည့်အာပတ်ဖြင့် စွပ်စွဲသင့်သည်ကိုလည်း အထောက်ပြ ဆုံးဖြတ်ခဲ့ပါ။

ဖြေ ။ (၈၁ နံသဒ္ဒါပါသောတို့ကိုရေးရန်)။ ဆန္ဒံအဒတွာဂမနသိက္ခာပုဒ်အရ ပါစိတ်အာပတ်။

မေး ။ နှစ်းဆယ့်နှစ်သွယ် ခုနစ်သွယ်သော သိက္ခာပုဒ်တို့တွင် "အလယ်ဗဟိုကျကျ" ဖြစ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ချိန်ခွင်လျှာနှင့် အလားသဏ္ဍာန်တူသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ အသက်နှစ်ဆယ်မပြည့်သော ပုဂ္ဂိုလ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးခြင်းကြောင့် အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဦးနဝီသတိဝဿသိက္ခာပုဒ်ကိုရေးလေ။

မေး ။ အသက် ၂၀ မပြည့်သောရဟန်းလောင်းကို ဥပဇ္ဈာယ်ဆရာက မသိ၍ ရဟန်းခံပေးရာ၌ ရဟန်းဖြစ်၊ မဖြစ် စိစစ်ပြခဲ့ပါ။

http://www.dhammadownload.com



ဖြေ ။ ရဟန်းလောင်း အသက် ၂၀ မပြည့်ကြောင်းကို ဥပဇ္ဈာယ်ဆရာလုပ်သူက သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ရဟန်းခံပေးလျှင် ရဟန်းလောင်းသည် ရဟန်းစင်စစ်မဖြစ်နိုင်ပါ။

မေး ။ အသက် ၂၀ မပြည့်ဘဲ ရဟန်းခံခဲ့သူသည် ဥပဇ္ဈာယ်လုပ်၍ ရဟန်းလောင်းတစ်ပါးကို ပဉ္စင်းခံပေးရာ ထိုရဟန်းလောင်းသည် ရဟန်းဖြစ်၊ မဖြစ် စိစစ်ဆုံးဖြတ်ခဲ့ပါ။

ဖြေ ။ အသက် ၂၀ မပြည့်ဘဲ ရဟန်းခံခဲ့သူသည် ၁၀ ဝါရှိသောအခါ ဥပဇ္ဈာယ်လုပ်၍ ရဟန်းလောင်းတစ်ပါးကို ပဉ္စင်းခံပေးရာ၌ ဥပဇ္ဈာယ်ကို ချန်လှပ်၍ မဇ္ဈိမဒေသ၌ ၁၀ ပါး၊ ပစ္စန္တရာဇ်၌ ၅ ပါး ဂိုဏ်းပြည့်လျှင် ရဟန်းလောင်းသည် ရဟန်းစစ်ဖြစ်နိုင်သည်၊ ဂိုဏ်းမပြည့်လျှင် မဖြစ်နိုင်ပါ။

မေး ။ အသက် ၂၀ မပြည့်ဘဲ ရဟန်းခံခဲ့သူသည် ရဟန်းဘဝဖြင့် အန္တရာယ်ဖြစ်၊ မဖြစ် နောင်ရေးအတွက် ရတက်အေးရအောင် ဝိနိစ္ဆယချခဲ့ပါ။

ဖြေ ။ အသက် ၂၀ မပြည့်ဘဲ ရဟန်းခံခဲ့သူသည် မိမိရဟန်းစစ် မဖြစ်ကြောင်းကို မသိသေးသမျှ နတ်ရွာနိဗ္ဗာန် ဈာန် မဂ်ဖိုလ်၏ အန္တရာယ်မဖြစ်ပါ။ သို့သော် ရဟန်းမဖြစ်မှန်းသိလျှင်ကား ထပ်မံ၍ ရဟန်းခံရဝါမည်။

မေး ။ အသက် ၂၀ မပြည့်သေးဘဲ ရဟန်းခံသောပုဂ္ဂိုလ်သည် ရဟန်း ဖြစ်၊ မဖြစ် အထောက်သာဓကပြ ဆုံးဖြတ်၍၊ ရဟန်းမဖြစ်ခဲ့သော် ယင်းပုဂ္ဂိုလ်ကို "သံဝါသတ္ထေနက" ဟု ဆိုသင့်၊ မဆိုသင့် အကြောင်းပြ ဝိနိစ္ဆယချခဲ့ပါ။

ဖြေ ။ ရဟန်းမဖြစ်ပါ။ အထောက်။ ယောပနဘိက္ခု ဇာနံ ။ ပ ။ သောစ ပုဂ္ဂလော အနုပသမ္ပန္နော။ ရဟန်း မဖြစ်သော်လည်း မိမိကိုယ်တိုင် မိမိရဟန်းဖြစ်သည်ဟု အထင်ရှိနေပြီး ရဟန်းအသွင်အားလျော်သော သံဝါသကို သာယာနေခဲ့သော် "သံဝါသတ္ထေနက" ဟု မဆိုသင့်ပါ။ (ကင်္ခါ၊ ၁၀၅/၆)။

မေး ။ သာမဏေမဟုတ်သောသူ (လူ) ကို ရဟန်းခံပေးနိုင်၊ မပေးနိုင် ဆိုင်ရာသိက္ခာပုဒ်ကို ကိုးကား၍လည်းကောင်း၊ အခြားအကြောင်းယုတ္တိကိုပြ၍လည်းကောင်း ဆုံးဖြတ်ပါ။

ဖြေ ။ ဦနဝီသတိဝဿသိက္ခာပုဒ်၌ "ဦနဝီသတိဝဿံ သာမဏေရံ" ဟု မဆိုဘဲ ပုဂ္ဂလံဟု ပုဂ္ဂိုလ်သာမန်အဖြစ်ဖြင့် ဆိုထားသောကြောင့်လည်းကောင်း၊ ရဟန်းဖြစ်ကြောင်း အင်္ဂါ ၅ ပါးတို့တွင် ဝတ္ထုသမ္ပတ္တိအင်္ဂါ၌

http://www.dhammadownload.com



သာမဏေဖြစ်ရမည်ဟု မဆိုဘဲ အသက် ၂၀ ပြည့်ခြင်းနှင့် ပဏ္ဍုက်စသော အဘဗ္ဗပုဂ္ဂိုလ်မျိုးမဟုတ်ခြင်းကိုသာ ဆိုသောကြောင့်လည်းကောင်း၊ ရဟန်းခံခါနီးမှ သက်န်းပေး၍ သရဏဂုံမယူဘဲ သက်န်းဝတ်ထားသူ လူကိုပင် ရဟန်းခံပေးကောင်းပါသည်။

မေး ။ ရဟန်းခံရာ၌ အဓိကလိုအပ်ချက်တစ်ရပ်ကို တိကျစွာဖော်ပြ၍၊ ဤဒုတိယသို့ ပါစိတ္တိယံ၌ အာပတ်သင့်ပုံကိုလည်းဖြေဆိုပါ။

ဖြေ ။ ပဋိသန္ဓေမှစ၍ အသက် ၂၀ ပြည့်ခြင်း။

အာပတ်သင့်ပုံ

ကာရကသံဃာများသည် ဒုက္ကဋ်။

ဥပဇ္ဈာယ်ဆရာ ပါစိတ်။

မေး ။ အသက် (၂၀) မပြည့်သေးသော ပုဂ္ဂိုလ်ကို ရဟန်းခံပေးရာ၌ ရနိုင်သောအပြစ်များကို ခွဲခြားပြပါ။ (လတ်၊ ၅၃-ခု)

ဖြေ ။ (၁) ရဟန်းလောင်းသည် ရဟန်းမဖြစ်ခြင်း (၂) ကာရကသံဃာအားလုံး ဒုက္ကဋ်အာပတ်သင့်သည် (၃) ဥပဇ္ဈာယ်ဆရာမှာ ပါစိတ်အာပတ်သင့်သည်။

မေး။ မှောင်ခိုကုန်သည်တို့နှင့်တိုင်ပင်၍ အတူခရီးသွားသောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ထေယျသတ္ထ သိက္ခာပုဒ်ကိုရေးလေ။

မေး ။ မာတုဂါမ (အမျိုးသမီး) များနှင့် တိုင်ပင်ချိန်းချက်၍ ဘုရားဖူး စသည်သွားသောရဟန်းအား သင့်ရောက်သည့် အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ရဟန်းတော်များ မာတုဂါမနှင့်အတူ တိုင်ပင်၍ ခရီးမသွားရန် တားမြစ်တော်မူသောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ ချစ်သူရည်းစားနှင့်အတူ ကျိုက်ထီးရိုးဘုရားဖူးသောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ သံဝိဓာနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ မာတုဂါမနှင့်တိုင်ပင်ညီညွတ်၍ ကျိုက်ထီးရိုးသို့ ဘုရားဖူးသွားသောရဟန်းအား အပြစ်ရှိ၊ မရှိ သိက္ခာပုဒ်ပြ၍ ဆုံးဖြတ်ပြီးလျှင်၊ ယင်းသိက္ခာပုဒ်ကို အနက်ယောဇနာခဲ့ပါ။ (လတ်၊ ၂၆-ခု)

ဖြေ ။ ယောပနဘိက္ခု မာတုဂါမေန ။ ပ ။ ဂါမန္တရမ္ပိပါစိတ္တိယံဟူသော သံဝိဓာနသိက္ခာပုဒ်အရ ပါစိတ်အပြစ်ရှိသည်။ (အနက်ထင်ရှားပြီ)။

http://www.dhammadownload.com



မေး ။ ရဟန်းနှင့် ခရီးရှည်တိုင်ပင်၍ မသွားကောင်းသော ပုဂ္ဂိုလ်သရုပ်ကို သိက္ခာပုဒ်အမည်နှင့် ယှဉ်တွဲဖော်ထုတ်၍၊ ရဟန်းတစ်ပါးကို ဒုဋ္ဌုလ္လ အာပတ်ဖြင့် စွပ်စွဲသောရဟန်းအား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ် အာပတ်သင့်ပါသနည်း။

ဖြေ ။ ၁။ ဘိက္ခုနီမ. ။ သံဝိဓာန သိက္ခာပုဒ် (ဩဝါဒဝဂ်)။
၂။ ခိုးသူကုန်သည် ။ ထေယျသတ္ထသိက္ခာပုဒ် (သပ္ပါဏကဝဂ်)။
၃။ မာတုဂါမ ။ သံဝိဓာနသိက္ခာပုဒ် (သပ္ပါဏကဝဂ်)။
ရဟန်းတစ်ပါးကို ဒုဋ္ဌုလ္လ "ပါရာဇိကအာပတ်" ဖြင့် စွပ်စွဲသောရဟန်း အား ဒုဋ္ဌဒေါသသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်အာပတ်သင့်ပါသည်။ ဒုဋ္ဌုလ္လသံဃာဒိသေသ်အာပတ်ဖြင့် စွပ်စွဲသောရဟန်းအား အမူလက သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်ပါသည်။

မေး ။ မာတုဂါမေနသဒ္ဓိံ၌ မာတုဂါမအရ အဘယ်ကိုယူရပါမည်နည်း။

ဖြေ ။ မာတုဂါမအရ - လူမိန်းမ၊ ကေတောဥပသမ္ပန္နဘိက္ခုနီမနှင့် သိက္ခမာန် သာမဏေမတို့ကို ယူရပါသည်။

မေး ။ ဘိက္ခုနောဝါဒဝဂ်, သံဝိဓာနသိက္ခာပုဒ်နှင့် သပ္ပါဏကဝဂ်, သံဝိဓာန သိက္ခာပုဒ်တို့၏အထူးကိုရေးခဲ့ပါ။

ဖြေ ။ ဘိက္ခုနောဝါဒဝဂ်၊ သံဝိဓာနသိက္ခာပုဒ်၌ ဘိက္ခုနီနှင့်တိုင်ပင်၍ ခရီး အတူသွားခြင်းဖြစ်၏၊ သပ္ပါဏကဝဂ် သံဝိဓာနသိက္ခာပုဒ်၌ မာတုဂါမ နှင့်အတူ တိုင်ပင်၍ ခရီးအတူသွားခြင်းဖြစ်ပါသည်။ ဤသို့ထူးပါသည်။

မေး ။ ရဟန်းတော်များသည် ဘိက္ခုနီ၊ သိက္ခမာန်၊ သာမဏေမ၊ မာတုဂါမ တို့နှင့် တိုင်ပင်ချိန်းချက်၍ ခရီးအတူသွားရာ၌ ခွင့်ပြုချက်အထူးကို သံဝိဓာနသိက္ခာပုဒ်တို့အရ ဖြေဆိုခဲ့ပါ။

ဖြေ ။ ရဟန်းတော်များသည် ဘိက္ခုနီ၊ သိက္ခမာန်၊ သာမဏေမတို့နှင့်တိုင်ပင် ချိန်းချက်၍ သာသင်္က၊ သပ္ပဋိဘယခရီးကိုသွားရာ၌ ဘိက္ခုနီသည် သံဝိဓာနသိက္ခာပုဒ်အရ အတူသွားခွင့်ရသေး၏။ မာတုဂါမနှင့်ကား မည်သည့်အခါမျှ တိုင်ပင်ချိန်းချက်၍ ဘုရားဖူးစသည် အတူမသွား ကောင်းပါ။ ဤကား ခွင့်ပြုချက်အထူးတည်း။

မေး ။ သိလျက် မသိဟန်ဆောင် မပြုမိစေရန် ရှင်တော်မြတ်ဘုရားက ဆုံးမ တော်မူထားသည့် သပ္ပါဏကဝဂ်လာ သိက္ခာပုဒ်များကို အမည်မျှ ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ ။ (၁) သပ္ပါဏကသိက္ခာပုဒ်၊ (၂) ဥက္ကောဋန၊ (၃) ဒုဋ္ဌုလ္လ၊
(၄) ဦနဝီသတိဝဿ၊ (၅) ထေယျသတ္ထ၊ (၆) ဥက္ခိတ္တသမ္ဘောဂ၊
(၇) ကဏ္ဍကသိက္ခာပုဒ်။

မေး ။ အရိဋ္ဌရဟန်းကိုအကြောင်းပြု၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

❖ ဆီးစေ့ကို မြင့်မိုရ်တောင်နှင့်နှိုင်းယှဉ်သောရဟန်းအား အပြစ်ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ အရိဋ္ဌသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုပါတိမောက်၌ အရိဋ္ဌရဟန်းက ဗုဒ္ဓ၏ဝိနည်းတရားတော်အပေါ် ပြောဆိုပုံပြစကားရပ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ အရိဋ္ဌရဟန်း၏ ကြံစည်စိတ်ကူး (မြတ်စွာဘုရားအား စွပ်စွဲ) ပုံ စကား ရပ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ တထာဟံဘဂဝတော ဓမ္မံ ။ ပ ။ အန္တရာယာယကိုရေးလေ။

မေး ။ အရိဋ္ဌသိက္ခာပုဒ်၌ အရိဋ္ဌရဟန်း၏ပြောဆိုပုံကို လိုရင်းပေါ်အောင် မြန်မာဘာသာသက်သက်ဖြင့်ဖော်ပြပါ။

ဖြေ ။ "ချာန်မင်ဖိုလ်၏ အန္တရာယ်ကိုပြုတတ်ကုန်၏" ဟု မြတ်စွာဘုရား ဟောကြားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏၊ ထိုတရားကိုမှီဝဲသောသူအား ချာန်မင်ဖိုလ်၏ အန္တရာယ်ကိုပြုခြင်းငှာ မစွမ်းနိုင်။

မေး ။ အရိဋ္ဌရဟန်း၏ ပြောဆိုပုံကို ကြားသိကုန်သော ရဟန်းတော်တို့က ပြန်ပြောပုံစကားရပ်ကို ပါဠိ၊ အနက်ရေးပါ။

❖ အရိဋ္ဌရဟန်းအား ရဟန်းကောင်းများက ပြောဆိုပုံပြပါဠိဝါကျများ အနက်ပေးပြပါ။

❖ ရဟန်းကောင်းများက အရိဋ္ဌရဟန်းကို "အသိမှန် အမြင်မှန်ရလာ အောင် ပြန်လည်စည်းရုံးရေးတရားဟောပုံကို ပါဠိ၊ အနက်ရေးပါ။

❖ ရှင်နှင့်ပတော်ပစ္စည်းကိုမျှော်၍ ဆေးဖော်တိုက်ကျွေးပြုလုပ်ပေးသော ရဟန်းဆိုးကို တွေ့မြင်ခဲ့သော် ပြောဆိုရမည့်စကားရပ်ပြပါဠိကို ရေးပါ။

❖ အဓမ္မဝါဒီရဟန်းက "အန္တရာယိက အဓမ္မဝါဒ" ကို အန္တရာယိက ဓမ္မဝါဒဟု ပြောဆိုလာလျှင် ဓမ္မဝါဒီရဟန်းတော်များ၏ ဆောင်ရွက် ရမည့် လုပ်ထုံးလုပ်နည်း ဥပဒေပြပါဠ်ကို အနက်ရေးခဲ့ပါ။

ဖြေ ။ မာယသ္မာဝံအဝစ ။ ပ ။ ပဋိသေဝတော အန္တရာယာယကိုရေးလေ။

http://www.dhammadownload.com



မေး ။ အောက်ပါပေယျာလကို ပါဠိအပြည့်အစုံရေးပါ။

ဖြေ ။ မာယသ္မာ ဝေံအဝစ၊ နစဘိက္ခုဆန္ဒဂါမိနော ။ ပ ။ တထေဝ ပဂ္ဂဏ္ဍေယျ။ (ကုလဒူသကသိက္ခာပုဒ်)။ မာယသ္မာ ဝေံ အဝစ၊ မာဘဂဝန္တံအဗ္ဘာစိက္ခိ ။ ပ ။ တထေဝပဂ္ဂဏှေယျ။ (အရိဋ္ဌသိက္ခာပုဒ်)။

မေး ။ အဓမ္မဝါဒီရဟန်းက "အန္တရာယိက အဓမ္မဝါဒ" ကို 'အန္တရာယိက ဓမ္မဝါဒ' ဟု ပြောဆိုလာလျှင် ဓမ္မဝါဒီရဟန်းတော်များ၏ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းတို့ကိုဖော်ပြ၍၊ ယင်းအဓမ္မဝါဒီ ရဟန်းတို့နှင့် သမ္ဘောဂစသည်ပြုသော ရဟန်းတို့အား သင့်ရောက်သော အပြစ်ကိုလည်း သိက္ခာပုဒ်ထောက်၍ဖြေဆိုပါ။ (ကြီး၊ ၅၀-ခု)

ဖြေ ။ ထိုရဟန်းကို ရဟန်းကောင်းတို့က "ငါ့ရှင်၊ ဤသို့မပြောဆိုပါလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲပါနှင့်၊ မြတ်စွာဘုရားကို စွပ်စွဲခြင်းသည် မကောင်းပါ။ မြတ်စွာဘုရားသည် သင်ပြောသလို ဟောကြားသည် မဟုတ်ပါ။ မြတ်စွာဘုရားသည် အန္တရာယိက ဓမ္မများ၏ အန္တရာယိက ဖြစ်ပုံကို အကြောင်းအမျိုးမျိုးဖြင့် ဟောကြားထားပါသည်။ အန္တရာယိက ဓမ္မများကိုမှီဝဲလျှင် တကယ်အန္တရာယ်ပြုနိုင်ပါသည်။ ဤသို့ပြောဆိုရပါမည်။ ဤသို့ပြောဆိုလို့မှမရလျှင် သုံးကြိမ်တိုင်အောင် ပြောဆို ဆုံးမရသည်။

ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်ကိုထောက်၍ ပါစိတ်အာပတ်သင့်သည်။

မေး ။ "ယထာယေမေအန္တရာယိကာ" ၌ အန္တရာယ် ၅ ပါးကို ဖော်ပြ၍ ဤ၌ အလိုရှိအပ်သောအန္တရာယ်ကိုလည်း ညွှန်ပြပါ။

ဖြေ ။ ကမ္မန္တရာယ်၊ ကိလေသန္တရာယ်၊ ဝိပါကန္တရာယ်၊ အရိယူပဝါဒန္တရာယ်၊ အာဏာဝီတိက္ကမန္တရာယ်။ ဤ၌ - ပညတ္တိဝီတိက္ကမန္တရာယ် ကိုယူရမည်။

မေး ။ သမ္ဗုဋ္ဌေယျဝါ၌ သမ္ဘောဂသရုပ်ကို အဓိပ္ပာယ်နှင့်တကွရေးပါ။

ဖြေ ။ (၁) အာမိသသမ္ဘောဂ - ဆွမ်းစသော အာမိသပစ္စည်းကို ခံယူခြင်း၊ မိမိက ထိုသူတို့အား ချီးမြှောက်ပေးကမ်းခြင်း။

(၂) ဓမ္မသမ္ဘောဂ - ပါဠိအဋ္ဌကထာဓမ္မကို ပို့ချပေးခြင်း၊ ထိုရဟန်းထံမှ သင်ယူခြင်း။

မေး ။ မိမိကိုယ်ကို ဗုဒ္ဓဘာသာရဟန်းတော်တစ်ပါးဟု သိပါလျက် တမလွန်ဘဝကို မယုံကြည်သောရဟန်းတော်နှင့် ပေါင်းဖော်နေသောရဟန်းတော်၏ အပြစ်ဖြသိက္ခာပုဒ်တို့ ပါဠိ၊ အနက်ရေးပါ။

http://www.dhammadownload.com



❖ ဥက္ခိတ္တကရဟန်းမှန်းသိလျက် အာမိသသမ္ဘောဂ၊ ဓမ္မသမ္ဘောဂ စသည်ကို ပြုလုပ်သောရဟန်းအား အာပတ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။
❖ ရဟန်းတော်တို့အား အယူဝါဒကွဲပြားသောပုဂ္ဂိုလ်များနှင့် ရင်းနှီးခွင့် မပေးဟု ပြဆိုထားသောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။
❖ နှင်ထုတ်ခံရသောရဟန်းနှင့် ပေါင်းသင်းမှုကြောင့် အာပတ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။
❖ ဥက္ခိတ္တကရဟန်းနှင့် ပေါင်းသင်းဆက်ဆံသောရဟန်းအား အာပတ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။
❖ သုဒ္ဓပါစိတ်သိက္ခာပုဒ်တို့တွင် "တောင်နှစ်လုံးကြား"၌ တည်ရှိနေသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။
❖ အယူကိုမစွန့်သော ဥက္ခိတ္တကရဟန်းနှင့် ကံကြီးကံငယ်ပြုလုပ်ကသင့်နိုင်သော အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။
❖ သပ္ပါဏကဝဂ်လာ အကြောင်းသုံးချက်ကြောင့် အာပတ်သုံးချက်သင့်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။
❖ မိစ္ဆာအယူကိုယူသဖြင့် ဥက္ကမ္မဝါစာဖြင့် နှင်ထုတ်ထားသော ဥက္ခိတ္တကရဟန်းနှင့် အာမိသသမ္ဘောဂ စသည်ပြုသောရဟန်းအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။
❖ အဓမ္မဝါဒီရဟန်းတို့နှင့် သမ္ဘောဂစသည်ပြုသော ရဟန်းတို့အား သင့်ရောက်သော အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ်ကိုရေးလေ။

မေး ။ သုဒ္ဓပါစိတ်တို့တွင် ကဏ္ဍကသာမဏေကို အကြောင်းပြု၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ကဏ္ဍကသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဒုဗ္ဗစကဏ္ဍကသာမဏေ၏ ပြောဆိုပုံပြစကားရပ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ကဏ္ဍကသာမဏေ၏ "ဘုရားရှင်အား ကဲ့ရဲ့အပြစ်တင်ပုံပြဝါကျ" ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ တထာဟံ ဘဂဝတာ ။ ပ ။ တေ ပဋိသေဝတော နာလံ အန္တရာယာယ။

F12 A

http://www.dhammadownload.com



မေး ။ ဆိုးမပြောဆိုသည်ကို နားမထောင်သော သာမဏေအား ရဟန်း
ကောင်းတို့က ပြောဆိုအပ်သောစကားရပ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ရဟန်းတော်များက တဏှုသာမဏေအား ပြောဆိုသင့်သည့် ပါဠိစု
များကို ရေးသားပါ။

ဖြေ ။ မာဝုသော သမဏုဒ္ဒေသ ။ ပ ။ အန္တရာ ယာယ။

မေး ။ ရဟန်းတော်တို့က ဒုဗ္ဗစသာမဏေအား မညာမတာ အပြတ်ပြော
လိုက်ရမည့် စကားရပ်များပြဆိုသော ပါဠိကိုရေးပါ။

❖ ရဟန်းကောင်းတို့က ပြောဆိုဆုံးမပါလျက် မနာခံသော ကဏ္ဍက
သာမဏေအား နောက်ဆုံးပြောကြားရမည့်စကားရပ်ကို ပါဠိ၊
အနက်ရေးပါ။

ဖြေ ။ အဇ္ဇတဂ္ဂေ ။ ပ ။ စရပိရေ ဝိနဿ။

မေး ။ တထာနာသိတံ၌ နာသနသရုပ်ကိုထုတ်ပြ၍၊ ဤ၌ အလိုရှိအပ်သော
နာသနကိုလည်း ညွှန်ပြခဲ့ပါ။

ဖြေ ။ သံဝါသနာသန၊ လိင်္ဂနာသန၊ ဒဏ္ဍကမ္မနာသန။ ဤ၌ ဒဏ္ဍကမ္မနာသန
ကို အလိုရှိအပ်ပါသည်။

မေး ။ ရဟန်းတော်များက တဏှုကသာမဏေအား ပြောဆိုသင့်သည့်
ပါဠိအစုတို့ကို အနက်မှန်ကန်စွာ သမ္ဗန်ပြပါ။ (ကြီး၊ ၅၂-ခု)

ဖြေ ။ မာဝုသောသမဏုဒ္ဒေသ ။ ပ ။ အန္တရာယာယ။
အဇ္ဇတဂ္ဂေတေအာဝုသော ။ ပ ။ စရပိရေဝိနဿ။

မေး ။ မေထုန်အရသာနှင့် ဖဲမွေ့ယာအရသာကို တန်းတူထား စဉ်းစားကာ
"မေထုန်ကိုဆင်ခြင်၍ မှီဝဲပါက နတ်ရွာနိဗ္ဗာန် ဈာန် မဂ် ဖိုလ်ကို
ရနိုင်၏" ဟု မြတ်စွာဘုရား၏ဒေသနာကိုစွပ်စွဲပြောဆိုမှု မိစ္ဆာအယူ
ကို မစွန့်လွှတ်သော သာမဏေ၏ ရရှိသွားသော ဆိုးမျိုးများကို
ပေါ်လွင်အောင်ရေးသားပါ။

❖ ရဟန်းဆိုးအရိဋ္ဌ၏ မိစ္ဆာဒဿနကို ထောက်ခံနှစ်ခြိုက်သော
ရှင်သာမဏေမိုက်အား မည်ကဲ့သို့အရေးယူရမည်ကို ရေးသားခဲ့ပါ။

ဖြေ ။ အဇ္ဇတဂ္ဂေတေအာဝုသော ။ ပ ။ စရ ပိရေ ဝိနဿ။
ယောပနဘိက္ခု ။ ပ ။ ကပ္ပေယျပါစိတ္တိယံ တို့ကို မြန်မာပြန်ရေးလေ။

http://www.dhammadownload.com



မေး ။ သာမဏောဆိုးဖြစ်သော ရှင်ကဏ္ဍကနှင့်စပ်၍ ရဟန်းတော်များအား ဘုရားရှင်၏တားမြစ်ချက်ပြပါဠိကိုရေးပါ။

ဖြေ ။ ယောပနဘိက္ခု ။ ပ ။ ကပ္ပေယျပါစိတ္တိယံ။

မေး ။ တဏ္ဍုတသိက္ခာပုဒ် "ယောပနဘိက္ခု" စသော ပါဠိဝါကျတို့ကို နိဿယည်းမဖျက် အချက်ကျကျ အနက်ယောဇနာပြပါ။

ဖြေ ။ (နိဿယအတိုင်း ယောဇနာပါ။)

သဒ္ဒါကောထဝဝ်ဆိုင်ရာအခက်ယ်ပြီး၏။

http://www.dhammadownload.com



## သဟာဓမ္မိကဆိုင်ရာအစိပ္ပာယ်

မေး ။ ဘုရားရှင်၏အဆုံးအမကို လိုက်နာကျင့်ကြံလိုသော ရဟန်းတော်များ လိုက်နာရမည့် ကျင့်ဝတ်များကို သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဝိနည်းသိက္ခာပုဒ်များကို ကျင့်ကြံလိုသောရဟန်းတော်၏ တာဝန်ကြီး ၃ ရပ်ကို ဖော်ပြသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သာသနာတော်ကိုကြည်ညိုသဖြင့် သိက္ခာပုဒ်ကျင့်ကြံလိုသော ရဟန်း၏ ဆောင်ရွက်ရမည့်အချက်အလက်များကို ဖော်ပြသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ မြတ်စွာဘုရားသည် ဝိနည်းသိက္ခာပုဒ်တို့ကို ရဟန်းတော်တို့၏ "မသင် မနေရပညာအဖြစ်" ပညတ်တော်မူခဲ့သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ရဟန်းတော်များ သိက္ခာပုဒ်ကို နားမလည်သေးလျှင် နားလည်အောင် ပြုရမည်ဟု တိုက်တွန်းချက်ပါသည့်သိက္ခာပုဒ်ကို အနက်ယောဇနာပါ။

❖ သီတင်းသုံးဖော်ရဟန်းများက ဝိနည်းသိက္ခာပုဒ်ဖြင့် ပြောဆိုဆုံးမ သောအခါ သိက္ခာပုဒ်ကိုသွယ်ဝိုက်၍ ငြင်းဆန်သောရဟန်းအား သင့်ရောက်သောအပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဝိနည်းဓမ္မကံ ကျင့်ကြံလိုခြား ဘုရားသည် ထင်ရှားသိအောင် မေးကြံ ဆောင်ဟု ထွန်းပရမေ ဟောမိန့်ချေသည့် သိက္ခာပါဠိကျမ်းအရှိကို တိကျစွာရေးပြပါ။

ဖြေ ။ သဟာဓမ္မိကသိက္ခာပုဒ်ကိုရေးလေ။

မေး ။ သီတင်းသုံးဖော်ရဟန်းတော်တို့က ဓမ္မဝိနယနှင့်အညီ ပြောဆိုသည့် အခါ ပြန်လည်ပြောဆိုသောရဟန်း၏စကားများကို အဓိပ္ပာယ်ပေါ် လွင်အောင် ရေးသားပြီးလျှင်၊ ဘုရားရှင်၏အဆုံးအမကို လိုက်နာ ကျင့်ကြံလိုသော ရဟန်းတော်များ လိုက်နာရမည့်ကျင့်ဝတ်တို့ကိုလည်း ဖော်ပြပါ။ (ကြီး၊ ၄၈-ခု)

❖ သီတင်းသုံးဖော်ရဟန်းများက ဝိနည်းသိက္ခာပုဒ်ဖြင့် ဆုံးမရာဝယ် ရဟန်းက သွယ်ဝိုက်၍ ပြန်လည်ငြင်းဆန်ပုံကို မြန်မာဘာသာဖြင့် ဖြေဆိုပါ။

ဖြေ ။ သင်တို့မှတစ်ပါးသော ထက်မြက်လိမ္မာသော ဝိနည်းဓိုရ်ရဟန်းကို မမေး

http://www.dhammadownload.com



ရသေးသမျှ ငါသည် ဤသိက္ခာပုဒ်၌ ကျင့်လိမ့်မည်မဟုတ်ပါ။
(နတာဝါဟံ အာဝုသော ။ ပ ။ ဝိနယဓရံ ပရိပုစ္ဆာမိကိုထောက်။)

မေး ။ သာသနာတော်ကို ကြည်ညိုသဖြင့် သိက္ခာပုဒ်ကိုကျင့်လိုသော ရဟန်း၏ ဆောင်ရွက်ရမည့်အချက်များကို ဖြေဆိုပြီးလျှင်၊ "မောဟော အာရောပေတဗ္ဗော" ၌ "မောဟနကံ" တင်ပုံကို ပေါ်လွင်အောင်ရေးသားပါ။ (လတ်၊ ၅၀-ခု)

❖ ပညာရေးစီမံကိန်းမှူ (၄) ချက်မှ ကိုယ်ကျင့်သိက္ခာမြင့်မားစေရေးကို ရှေ့တန်းတင်၍ ကျင့်သုံးလိုသောရဟန်းတော်များ လိုက်နာရမည့် ကျင့်ဝတ်တို့ကို သဟဓမ္မိကဝဂ်၌ ဘုရားရှင်ညွှန်ကြားတော်မူသည့် အတိုင်း ပါဠိ၊ မြန်မာနှစ်ဘာသာဖြင့် ထုတ်ပြခဲ့ပါ။ (ငယ်၊ ၅၄-ခု)

ဖြေ ။ ဆောင်ရွက်ရမည့်အချက်များမှာ - သိက္ခာပုဒ်ကို ကျင့်လိုသော ရဟန်းသည် (၁) အညာတဗ္ဗ - မသိသိအောင်ပြုရမည်။ (၂) ပရိပုစ္ဆိတဗ္ဗ - မသိလျှင်မေးရမည်။ (၃) ပရိပဥ္စိတဗ္ဗ - မေးပြီးနောက် အခေါက်ခေါက် အခါခါ ကြံစည်ရမည်။ (သိက္ခမာနေ ။ ပ ။ ပရိပဥ္စိတဗ္ဗံ)။
မောဟနကံတင်ပုံ - (ထင်ရှားပြီ)။

မေး ။ အနာဒရိယသိက္ခာပုဒ်နှင့် သဟဓမ္မိက သိက္ခာပုဒ်တို့၏ အထူးကို ရေးခဲ့ပါ။

ဖြေ ။ ဝိနည်းဖြင့်ဆုံးမရာ၌ သိက္ခာပုဒ်ကို မကျင့်နိုင်ဟု တိုက်ရိုက်ပြောဆိုလိုက်လျှင် အနာဒရိယသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်ပါသည်။ သွယ်ဝိုက်၍ ပြောဆိုငြင်းဆန်လျှင် သဟဓမ္မိကသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်ပါသည်။ ဤသို့ထူးပါသည်။

မေး ။ မြတ်ဗုဒ္ဓ၏ပညတ်တော်ဒေသနာ၌ "မသိလျှင်အနာပတ္တိ" ဟူ စကား မှန်ကန်မှုရှိ၊ မရှိဆိုင်ရာ သိက္ခာပုဒ်ကိုးကား၍ ဆုံးဖြတ်ခဲ့ပါ။

ဖြေ ။ မှန်ကန်မှုမရှိပါ။ အကိုး ။ ယောပနဘိက္ခုဘိက္ခုဟိ ။ ပ ။ ပရိပဥ္စိတဗ္ဗံ၊ အယံတတ္ထသာမီစိ (သဟဓမ္မိကသိက္ခာပုဒ်)။

မေး ။ ဘိက္ခုပါတိမောက်လာ ဒေသနာပြောကြားရုံမျှဖြင့် ကိစ္စမပြီးသေးသော သုဒ္ဓပါစိတ်အာပတ်များကို သိက္ခာပုဒ်အမည်မျှထုတ်ပြ၍၊ အသက် သိက္ခာငယ်မှု ကြီးမှုတို့ကြောင့် ဝိနည်းဒေသနာတော်အရ ကင်းလွတ်ခွင့် ရှိ၊ မရှိ အထောက်ညီ၍ဖြေဆိုပါ။

http://www.dhammadownload.com



ဖြေ ။ သူစိယရ၊ မဇ္ဈိမ၊ တူလောနဒ္ဓ၊ နိသီဒန၊ ကဏ္ဍုပ္ပဋိစ္ဆာဒိ၊ ဝဿိကသာဋိက သိက္ခာပုဒ်။
ကင်းလွတ်ခွင့်မရှိပါ။ အထောက် - သိက္ခမာနေန ။ ပ ။ သာမိစိ။

မေး ။ မြတ်ဗုဒ္ဓ၏ ဝိနည်းဥပဒေကိုကဲ့ရဲ့လို၍ "ဝိနည်းကျမ်းကို ရှေးဦးစွာ မသင်ဘဲ သဒ္ဒါကျမ်းကို ဦးစွာသင်နိုင်လျှင် ဗိုကောင်း၏" ဟု ပြော ဆိုသောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ "ဝိနည်းတရားအလကား" ဟု ဝေဖန်ရှုတ်ချသောရဟန်းအား သင့် ရောက်သောအပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သိက္ခာပုဒ်ကိုကဲ့ရဲ့သောရဟန်းအား အာပတ်သင့်ရောက်ပုံပြ သိက္ခာ ပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ "ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်များကို ကဲ့ရဲ့သောရဟန်းအား ပါစိတ်အာပတ် သင့်စေ" ဟု ပညတ်ထားသောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဝိလေခနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ "သိက္ခာပဒ ဝိဝဏ္ဏကေ ပါစိတ္တိယံ" ၌ သိက္ခာပုဒ်တော်ကို ကဲ့ရဲ့ပြော ဆိုပုံကိုရေး၍၊ ရဟန်းတော်များ အသုံးပြုကောင်းသော ညောင် စောင်း၊ အင်းပျဉ်ကိုလည်း ပါဠိတော်နှင့်အညီ ညွှန်ပြခဲ့ပါ။ (ကြီး၊၅၆ခု)

ဖြေ ။ (ကိံပနိမေဟိ ။ ပ ။ ဝတ္တန္တိ။ ပါဌ်ကိုထောက်၍ရေးလေ။)

အသုံးပြုကောင်းသော ညောင်စောင်းအင်းပျဉ်

အပေါင်၏အောက်အရပ်ကိုကြည့်၍ မြတ်စွာဘုရားလက်သစ်တော်ဖြင့် လက်ရှစ်သစ်အခြေရှိသော ညောင်စောင်းအင်းပျဉ်ကို အသုံးပြုကောင်း ပါသည်။ (မဇ္ဈိမသိက္ခာပုဒ်၊ နဝံပနဘိက္ခုနာ မဥ္စံဝါပီဌံဝါ ။ ပ ။ အညတြဟေဋ္ဌိမာယအဋနိယာကိုထောက်)။

မေး ။ ခုဒ္ဒါနုခုဒ္ဒကေဟိ၌ ခုဒ္ဒက၊ အနုခုဒ္ဒကအရတို့ကို ပြည့်စုံစွာ ခွဲခြားပြ ခဲ့ပါ။

ဖြေ ။ ပါရာဇိကကိုထောက်၍ သံဃာဒိသေသ်သည် ခုဒ္ဒက။ ထုလ္လစ္စည်းသည် အနုခုဒ္ဒက။ သံဃာဒိသေသ်ကိုထောက်၍ ထုလ္လစ္စည်းသည် ခုဒ္ဒက၊ ပါစိတ်သည် အနုခုဒ္ဒက၊ ပါစိတ်သည် ခုဒ္ဒက၊ ပါဋိဒေသနီသည် အနု ခုဒ္ဒက၊ ပါဋိဒေသနီသည် ခုဒ္ဒက၊ ဒုက္ကဋ်သည် အနုခုဒ္ဒက၊ ဒုက္ကဋ်သည် ခုဒ္ဒက၊ ဒုဗ္ဘာသိတသည် အနုခုဒ္ဒက။

မှတ်ချက်။ အချုပ်မှာ - သံဃာဒိသေသ်ခုဒ္ဒသာမည်၍ ထုလ္လစ္စည်းစသည်တို့

http://www.dhammadownload.com



မှာ ခုဒ္ဒက + အနုခုဒ္ဒကနှစ်မျိုးလုံးမည်၏၊ ဒုဗ္ဘာသိတကား အနုခုဒ္ဒက သာမည်၏ဟု ဆိုလိုသည်။

တစ်နည်းခွဲပုံ။ သိက္ခာပုဒ်ခေါင်းစဉ်အတိုင်း သံဃာဒိသေသ်သည် ခုဒ္ဒက၊ အနိယတသိက္ခာပုဒ်သည် အနုခုဒ္ဒက။ အနိယတသိက္ခာပုဒ်သည် ခုဒ္ဒက၊ နိဿဂ္ဂိယပါစိတ်သည် အနုခုဒ္ဒက၊ ဤသို့စသည်ခွဲ၍ အဆုံး၌ သေခိယသိက္ခာပုဒ်သည် ခုဒ္ဒက၊ အဓိကရဏသမထသည် အနုခုဒ္ဒက မည်၏။ (ကင်္ခါဋီကာ)။

**မေး ။ ကုက္ကုစ္စ၊ ဝိဟေသာ၊ ဝိလေခါ သုံးခုတို့၏အထူးကိုရေးခဲ့ပါ။**

ဖြေ ။ "ဤအမှုသည် အပ်လေသလား၊ မအပ်လေသလား" ဟု ကြံစည်၍ နှလုံးမသာယာခြင်းကို ကုက္ကုစ္စဟုခေါ်ပါသည်။
ထိုသို့ကြံစည်ခြင်းကြောင့် ကိုယ်စိတ်ပန်ပန်းခြင်းကို ဝိဟေသာဟု ခေါ်ပါသည်။ ယုံမှားသံသယ ဝိစိကိစ္ဆာဟူသောစိတ်ကို ရေးခြစ်ခြင်းကို ဝိလေခါဟုခေါ်ပါသည်။ ဤသို့ထူးပါသည်။

**မေး ။ ဝိလေခန၊ မောဟနသိက္ခာပုဒ်တို့၌ပါသော ပါတိမောက္ခ ဥဒ္ဒိဿမာနေ" တို့၌ ဥဒ္ဒိဿမာနအရတို့၏အထူးကိုဖော်ပြပါ။**

ဖြေ ။ ဝိလေခနသိက္ခာပုဒ်၌ပါသော ဥဒ္ဒိဿမာနအရကား - ဆရာက တပည့်အား ပြောဆိုပို့ချသည်ကိုလည်းကောင်း၊ သရဇ္ဈာယ်ခြင်း၏ အစွမ်းဖြင့် အဖန်ဖန်ရွတ်ဆိုခြင်း (စာပြန်ခြင်း) ကိုလည်းကောင်း ပါတိမောက်ပြရာ အခါ ရွတ်ဆိုခြင်းကိုလည်းကောင်း ယူရပါသည်။
မောဟနသိက္ခာပုဒ်၌ပါသော ဥဒ္ဒိဿမာနအရကား - ဥပုသ်နေ့၌ ဥပုသ်ပြုခြင်း၏အစွမ်းဖြင့် ပါတိမောက်ရွတ်ပြခြင်းကို ယူရပါသည်။ ဤသို့ထူးပါသည်။

**မေး ။ ပါတိမောက်ပြရာ၌ မသိနားမလည်ချင်ယောင်ဆောင်သော ရဟန်းနှင့်စပ်၍ ပညတ်တော်မူထားသောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေး သားခဲ့ပါ။**

❖ ဘုရားရှင် ပညတ်အပ်သော ဝိနည်းသိက္ခာပုဒ်ကို မသိချင်ဟန်ဆောင် ကာမျှဖြင့် အပြစ်မှမလွတ်နိုင်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

ဖြေ ။ မောဟနသိက္ခာပုဒ်ကိုရေးလေ။

**မေး ။ မောဟနကံတင်ပုံပါဠိကို တိကျစွာ ရေးခဲ့ပါ။ (ကြီး၊ ၂၇၊ လတ်၊ ၅၀ခု)**

❖ **မောဟနသိက္ခာပုဒ်လာ မောဟနကံမတင်မီ ပြောဆိုပုံစကားရပ်ကို ပါဠိ၊ အနက်ရေးသားခဲ့ပါ။**

http://www.dhammadownload.com



ဖြေ ။ တဿတော ။ ပ ။ မနသိကရောသိ။

မေး ။ မောဟနသိက္ခာပုဒ်၌ သိပုံအခြင်းအရာ "ဇာနနာကာရပြဝါကျနှင့် မိုက်ရာသို့တင်ပုံအခြင်းအရာ မောဟာရောပနာကာရ" ပြ ဝါကျတို့ကို ပါဠိ တိကျမှန်ကန်အောင်ရေးပါ။

ဖြေ ။ ဇာနနာကာရပြဝါကျ - နိသိန္နပုဗ္ဗံ ။ ပ ။ ဥဒ္ဒိဿမာနေ။
မောဟာရောပနာကာရပြဝါကျ - တဿတော ။ ပ ။ မနသိကရောသိ။

မေး ။ ပါတိမောက်ကိုနာဖူးပါလျက် သိက္ခာပုဒ်ကို ကျူးလွန်ပြီးမှ မသိသဖြင့် ပြုမိလေဟန်ဆောင်၍ ပြောဆိုနေသောရဟန်းအား အရေးယူဆောင်ရွက်ရမည့် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းကိုဖော်ပြ၍ "မောဟောအာရောပေတဗ္ဗော" ၌ "မောဟနတံ" တင်ပုံကိုလည်း ပေါ်လွင်အောင်ရေးသားခဲ့ပါ။ (ကြီး၊ ၅၅-ခု၊ လတ်၊ ၅၀-ခု)

ဖြေ ။ ငါ့ရှင် သင့်အား လဒ္ဓအဖြစ်ကို အရမတော်၊ သင့်အား ရဟန်းအဖြစ်ကို မကောင်းသဖြင့်ရအပ်၏၊ အဘယ့်ကြောင့်ဆိုသော် သင်သည် ပါတိမောက်ကိုပြရာ၌ ကောင်းမွန်စွာ လေးလေးစားစား နှလုံးမသွင်းသောကြောင့်တည်း၊ ဤသို့စသည်ဖြင့် ကဲ့ရဲ့၍ မောဟနကံသို့ ဉ တ္တိ ဒုတိယ ကမ္မဝါစာဖြင့်တင်အပ်၏။

မေး ။ မသိဟန်ဆောင်ပုံပြပါဠိကိုရေးပါ။

ဖြေ ။ ဣဒါနေဝခေါ။ ပ ။ အာဂစ္ဆတိ။

မေး ။ ရောဂါပျောက်ကင်းစေရန် ဆိုင်ရာဆေးကို အညွှန်းအတိုင်း ဘုဉ်းပေးရသကဲ့သို့ လွန်ကျူးခဲ့သောအပြစ်များတို ဆိုင်ရာဝိနည်းတရားတော်အတိုင်း ကုစားစေရမည်ဟု ညွှန်ကြားထားသောအညွှန်းပါဠိကို ရေးခဲ့ပါ။

ဖြေ ။ ယဉ္စ ။ ပ ။ ယထာဓမ္မောကာရေတဗ္ဗော။

မေး ။ မည်သည့်နေရာတို့၌ ဖြစ်ပေါ်လာသောသက်နီးကို "အစ္စေကသက်နီး ဟုခေါ်ပါသနည်း၊ ပေါ်လွင်အောင်ဖြေဆိုပြီးလျှင်၊ ပါတိမောက်ပြစဉ် သိက္ခာပုဒ်ကို မသိနားမလည်ချင်ယောင်ကာမျှဖြင့် အာပတ်သင့်ပါသလော ဆုံးဖြတ်ချက်ချမှတ်ပြပါ။ (ငယ်၊ ၅၃-ခု)

ဖြေ ။ ပါတိမောက်ပြစဉ် သိက္ခာပုဒ်ကို မသိနားမလည်ချင်ယောင် ဟန်ဆောင်ကာမျှဖြင့် အာပတ်မသင့်ပါ၊ မောဟနကံပြုပြီးသည်၏ အဆုံးကျမှ ပါစိတ်အာပတ်သင့်ပါသည်။

http://www.dhammadownload.com



မေး ။ သဟာဓမ္မိကသိက္ခာပုဒ်အရ တရားနှင့်လျော်စွာ ကျင့်လိုသောရဟန်းသည် ပြုလုပ်ရမည့်အချက်သုံးချက်ကိုဖော်ပြ၍၊ မောဟနသိက္ခာပုဒ်အရ အာပတ်သင့်ရာကာလကိုလည်းဖော်ပြပါ။ (လတ်၊ ၃၄-ခု)

ဖြေ ။ အာပတ်သင့်ရာကာလ - မောဟနကံသို့တင်ပြီးသောအခါ နောက်ထပ်တဖန် "ဣဒါနေဝခေါ အဟံဇာနာမိ" စသော စကားမျိုးကိုပြောလျက် မသိလေဟန်ဆောင်သောအခါ၌ ပါစိတ်အာပတ်သင့်ပါသည်။

မေး ။ ရဟန်းတော်များအချင်းချင်း ခိုက်ရန်ဒေါသမဖြစ်ကြစေရန် တားမြစ်ထားသောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပဟာရသိက္ခာပုဒ်ကိုရေးလေ။

မေး ။ စိတ်ဆိုး၍ ရဟန်းအားရိုက်နှက်ပုတ်ခတ်ရာ သေသွားလျှင် ပါရာဇိကကျ၊ မကျ အကြောင်းပြ၍ဆုံးဖြတ်ခဲ့ပါ။

ဖြေ ။ ရိုက်နှက်ပုတ်ခတ်လိုသောစိတ်ဖြင့် ပုတ်ခတ်ရာတွင် သေစေလိုသောစေတနာမရှိသောကြောင့် သေသွားသော်လည်း ပါရာဇိကမကျပါ။ ပါစိတ်အာပတ်သာ သင့်ပါသည်။ (ရဟန်းအား ရိုက်နှက်ရာ၊ ပုတ်ခတ်ရာ လက်ခြေကျိုး၊ ဦးခေါင်းကွဲသော်လည်း ပါစိတ်အာပတ်သင့်၏။)

မေး ။ ရန်သူတစ်ဦးတစ်ယောက်က ညှဉ်းဆဲသဖြင့် လွတ်မြောက်လို၍ ခုခံကာကွယ်ရာ လက်လွန်ခြေလွန်သေသွားလျှင် အပြစ်ရှိ၊ မရှိ ဆုံးဖြတ်ခဲ့ပါ။

ဖြေ ။ ရန်သူတစ်ဦးတစ်ယောက်က ညှဉ်းဆဲသဖြင့် လွတ်မြောက်လို၍ ခုခံကာကွယ်ရာ လက်လွန်ခြေလွန် သေသွားသော်လည်း ဝဓကစေတနာမရှိသောကြောင့် အပြစ်မရှိပါ။

မေး ။ ရိုက်မည်ဟု မကြံရွယ်ဘဲ ခြိမ်းခြောက်လိုသောသဘောဖြင့် ရဟန်းအပေါ်၌ လက်ဝါးကြီးတမိုးမိုး လက်သီးတရွယ်ရွယ်၊ ဒုတ် ဓားတပြုပြုလုပ်ပါက အာပတ်သင့်ကြောင်းပြ ဝိနယသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ တလသတ္တိကသိက္ခာပုဒ်ကို ရေးလေ။

မေး ။ စိတ်ဆိုးမာန်ဆိုး ဒေါသအိုးကြောင့် အပြစ်သင့်ရောက်သော သုဒ္ဓပါစိတ် သဟာဓမ္မိကဝဂ်လာ သိက္ခာပုဒ်တို့ကို ပါဠိ၊ အနက်ရေးပါ။

❖ သဟာဓမ္မိကဝဂ်လာ ကုပိတသဒ္ဒါပါရှိသောသိက္ခာပုဒ်တို့ကို ပါဠိ၊ အနက်ရေးပါ။

http://www.dhammadownload.com



ဖြေ ။ ပဟာရသိက္ခာပုဒ်၊ တလသတ္တိကသိက္ခာပုဒ်တို့ကိုရေးလေ။

မေး ။ ရဟန်းတစ်ပါး၏ ဒုဋ္ဌုလ္လအာပတ်ကို ပြောကြားခြင်းကြောင့် အပြစ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ရဟန်းတစ်ပါးကို အရှက်ရစေရန် အမူလကသံဃာဒိသေသ်အာပတ်ဖြင့် စွပ်စွဲသောရဟန်းအား အာပတ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ မုသာဝါဒကြောင့် အပြစ်သင့်ရောက်သောသိက္ခာပုဒ်တို့တွင် "နောက်ဆုံး" ဖြစ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

❖ ရဟန်းတစ်ပါးကို သံဃာဒိသေသ်အာပတ်ဖြင့် စွပ်စွဲမှုကြောင့် အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ အမူလကသိက္ခာပုဒ်ကိုရေးလေ။

မေး ။ အမူလကသိက္ခာပုဒ်၌ အာပတ်သင့်ချိန်ကာလကိုဖော်ပြပါ။

ဖြေ ။ စောဒနာအပ်သောရဟန်းသည် ထိုစောဒနာရာခဏ၌ပင် မိမိကို စောဒနာမှန်းသိလျှင် စောဒနာသောရဟန်းမှာ ပါစိတ်အာပတ်သင့်ပါသည်။

မေး ။ ဒုဋ္ဌဒေါသသိက္ခာပုဒ်နှင့် အမူလကသိက္ခာပုဒ်တို့၏အထူးကိုရေးပါ။

ဖြေ ။ ဒုဋ္ဌဒေါသသိက္ခာပုဒ်၌ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲခြင်းကြောင့် သံဃာဒိသေသ်အာပတ်သင့်သည်။ အမူလကသိက္ခာပုဒ်၌ကား သံဃာဒိသေသ်ဖြင့် စွပ်စွဲခြင်းကြောင့် ပါစိတ်အာပတ်သင့်သည်။ ဤသို့ထူးပါသည်။

မေး ။ စိတ်မချမ်းသာစေလိုသည့်သဘောဖြင့် အခြားရဟန်းအား ယုံမှား၊ သံသယဖြစ်အောင် မပြောဆိုရဟု ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ရဟန်းတစ်ပါးကို "သင် အသက် ၂၀ မပြည့်ဘဲ ရဟန်းတက်သည်" သည် သံသယဖြစ်သောရဟန်းအား အာပတ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ စိတ်မချမ်းသာစေရန် ရည်သန်လျက် သို့လောသို့လော ကုက္ကုစ္စဖြစ်စေရန် "သင်ရဟန်းကောဖြစ်လေရဲ့လား" ဟူသောစကားကို မပြောဆိုရ၊ ပြောဆိုမိက အပြစ်ရပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ သဉ္စိစ္စသိက္ခာပုဒ်ကိုရေးလေ။

http://www.dhammadownload.com



မေး ။ ကုက္ကုစ္စကိုဖြစ်စေသောရဟန်း၏ ရည်ရွယ်ချက်ကို သာဓကထောက်၍ ဖြေဆိုပါ။

ဖြေ ။ စိတ်မချမ်းသာစေလိုသော ရည်ရွယ်ချက်ဖြစ်သည်။ သာဓက - ဣတိသ မုဟုတ္တမ္ပိအဖာသုဘဝိဿတိ။

မေး ။ ငြင်းခုံမှုဖြစ်နေသောရဟန်းအနီးသို့ မသင့်တော်သော နှလုံးသွင်းဖြင့်သွားရောက်နေထိုင်သောရဟန်းအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ကျောင်းတိုက်တစ်ခုအတွင်း သံဃာနှစ်ဘက် ကွဲပြားနေရာ၌ ယင်းရန်သူနှစ်ဘက်၏အကြား ဖြစ်ပေါ်လာသော တိုင်ပင်စကားကို ယုတ်မာသောစိတ်ထားဖြင့် ခိုးနားထောင်သည့်ရဟန်း၏အပြစ်ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ တဖက်နှင့်တဖက် ခိုက်ရန်ဖြစ်နေကြရာဝယ် တခြားတဖက်သော ရဟန်းတော်များ၏တိုင်ပင်သံကို သက်သက်ကြားလိုသဖြင့် ချောင်းမြောင်းနားထောင်မှုနှင့်စပ်လျဉ်း၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ယခုခေတ် စုံထောက်ခေါ် စသုံးလုံးနှင့် အလားသဏ္ဍာန်တူသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ စုံထောက်တာဝန်ထမ်းဆောင်နေသောရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဥပဿုတိသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ချောင်း၍နားထောင်သောရဟန်း၏ ရည်ရွယ်ချက်ကို အကိုးပြ၍ ဖော်ပြပါ။

ဖြေ ။ သူတို့ပြောသောစကားကိုနားထောင်ပြီး စောဒနာမည်ဟူသော ရည်ရွယ်ချက်ဖြစ်သည်။

အကိုး။ ယံ ဣမေဘဏိဿန္တိ၊ တံသောဿာမိ။

မေး ။ တရားနှင့်အညီ ငြိမ်းလေပြီးသော အဓိကရုဏ်းကို အသစ်ဖြစ်အောင်လှုံ့ဆော်သောရဟန်းအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ တရားသဖြင့် ပြုအပ်သောကံကို ဆန္ဒပေးပြီးမှ တားမြစ်မှု (ရှုတ်ချမှု) ကြောင့် အာပတ်သင့်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ကမ္မပဋိဗာဟနသိက္ခာပုဒ်ကိုရေးလေ။

http://www.dhammadownload.com



မေး ။ ဓမ္မိကာနံ ကမ္မာနံ၌ ကမ္မာနံအရကိုဖော်ပြပြီးလျှင်၊ ဓမ္မိကဖြစ်အောင် ပြုနည်းကိုလည်း ရေးခဲ့ပါ။ (လတ်၊ ၃၇-၃)

ဖြေ ။ အပလောကနကံ၊ ဉတ္တိကံ၊ ဉတ္တိဒုတိယကံ၊ ဉတ္တိစတုတ္ထကံတို့ကို ယူရမည်။

တုတ်မှန်သောဝတ္ထု၊ စောဒနာ၊ သာစာရဏာဝိနည်း၊ မြတ်စွာဘုရား အဆုံးအမဖြစ်သော ဉတ်ကမ္မဝါစာ ပြည့်စုံစွာပြုခြင်းသည် ဓမ္မိက ဖြစ်အောင် ပြုနည်းဖြစ်သည်။

မေး ။ ဥပသမ္ပဒကံကိုဆောင်ရွက်နေစဉ် ဆန္ဒမပေးဘဲ ထမသွားသင့်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ကံတစ်ခုခုပြုလုပ်ရန်အမှုကို ပြောဆိုနေစဉ် ဆုံးဖြတ်ချက် မချရသေးခင် ဆန္ဒမပေးဘဲ ဖဲသွားမှုကြောင့် အာပတ်သင့်ပုံပြ သိက္ခာပုဒ်ကိုပါဠိ၊ အနက်ရေးပါ။

❖ ဉတ်ကမ္မဝါစာရွတ်ဆို၍ ကံပြုရာအခါ၌ ကမ္မဝါစာမပြီးသေးခင် ဖဲသွားမှုကြောင့် အာပတ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဆန္ဒံအဒတွာ ဂမနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ သံဃိကလာဘ်ကို ခွဲဝေရာ၌ မကျေနပ်၍ ရွတ်ချပြောဆိုသောရဟန်း အား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ "ရဟန်းတွေဟာ သံဃိကပစ္စည်းကို မိမိတို့ချစ်ကျွမ်းဝင်ရာပုဂ္ဂိုလ်တို့ကို ပေးကြတယ်" ဟု ပြောဆိုရွတ်ချ ကဲ့ရဲ့သောရဟန်းအား အာပတ် သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သံဃာအားလုံးနှင့် သဘောတူတိုင်ပင်၍ ပေးခြင်းဖြစ်ပါသော်လည်း "ရဟန်းများသည် မိမိတို့မိတ်ဆွေ ရဟန်းကိုသာ သံဃိကပစ္စည်းကို ညွှန်စေကြသည်" ဟု ရွတ်ချပြောဆိုသောရဟန်း၏ အာပတ်သင့်ပုံ ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သံဃာ့ကိစ္စအဝဝကို ရွက်ဆောင်နေကြသော ရဟန်းတော်တစ်ပါးအား သဘောတူ သင်္ကန်းပေးပြီးနောက် ရွတ်ချကဲ့ရဲ့မှုကြောင့် အပြစ်ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ "ကထိနစီဝရဒါနကံ" စသော ကံတို့ကို သဘောတူပြီးမှ ပြန်လည် ပြစ်တင်ရွတ်ချတားမြစ်သောရဟန်းအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဒုဗ္ဗလသိက္ခာပုဒ်ကိုရေးလေ။

http://www.dhammadownload.com



မေး ။ သံဃိကလာဘ်ကို ပုဂ္ဂိုလ်သို့ညွတ်စေမှုကြောင့် အာပတ်သင့်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပရိဏာမနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ကဲ့ရဲ့ရှုတ်ချပုံ ဒိယျနာကာရပြပါဌ်ကို ပါဠိ၊ မြန်မာရေးပါ။

ဖြေ ။ ယထာသန္ထုတံ ဘိက္ခူသံဃိကံလာဘံပရိဏာမေန္တိ။
မြန်မာ - ရဟန်းများသည် မိမိတို့မိတ်ဆွေ ရဟန်းကိုသာ သံဃိက ပစ္စည်းကို ညွတ်စေကြ၊ ပေးကြသည်။

**သဿမဒ္ဒိတဝဂ်ဆိုင်ရာအမိန့်တွယ်ပြီး၏။**

http://www.dhammadownload.com



## ရတနဝဂ်ဆိုင်ရာအမေးပွားယ်

မေး ။ ရတနဝဂ်လာ နန်းတော်သို့ဝင်ရောက်ခြင်းနှင့် စပ်လျဉ်း၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ အန္တေပုရသိက္ခာပုဒ်ကို ရေးလေ။

မေး ။ ရတနဝဂ် ပထမသိက္ခာပုဒ်လာ ရတနာနှင့် ဒုတိယ သိက္ခာပုဒ်လာ ရတနာနှစ်မျိုးတို့၏ အထူးကိုလည်း ဖော်ပြ၍ အောက်ပါ (က) အနုပခဇ္ဇသိက္ခာပုဒ်လာ ဇာနံ (ခ) သပ္ပါဏကသိက္ခာပုဒ်လာ ဇာနံ (ဂ) အာရာမပဝိသနသိက္ခာပုဒ်လာ ဇာနံတို့၏အထူးကိုလည်း ဖြေဆိုပါ။ (လတ်၊ ၃၇ ခု)

ဖြေ ။ ပထမသိက္ခာပုဒ်၌ မိဖုရား ရတနာသည် ရတနာမည်၏။ ဒုတိယ သိက္ခာ ပုဒ်၌ ပုလဲ၊ ပတ္တမြားစသော ရတနာ ၁၀ ပါးသည် ရတနာမည်၏။ ဤသို့ထူးပါသည်။

(က) သိတင်းကြီး၊ သူနာ၊ သံဃာပေးသောသူဟု သိခြင်း၊ (ခ) ပိုးကောင်ရှိမှန်းသိခြင်း၊ (ဂ) ရဟန်းရှိခြင်းဟုသိခြင်း ဤသို့ထူးပါသည်။

အမှာ ။ ။ "ဇာနံ" သဒ္ဒါပါသော သိက္ခာပုဒ်အားလုံးနည်းတူချည်းသာ။

မေး ။ ကျောင်းတိုက်အတွင်း၌ ဒါယိကာမများ မေ့ကျန်ခဲ့သော ပုတီး၊ လက်ကောက်၊ နာရီ ရွှေ၊ ငွေ ရတနာပစ္စည်းများနှင့်ပတ်သက်၍ ရဟန်းတော်များ ကျင့်ရမည့် ဝတ္တရားများကို ပြဆိုသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ခိုးလိုသောစိတ်မပါဘဲ အရံအတွင်း ပိုင်ရှင်မဲ့ ပစ္စည်း ဥစ္စာ ရတနာများကို ကောက်ယူမိသော ရဟန်းအား လိုက်နာရမည့်ကျင့်ဝတ်ပြ သိက္ခာပဒကို ပါဠိ၊ အနက်ရေးပါ။

❖ ရဟန်းတော်များ ဘဏ္ဍာထိန်းမပြုလုပ်ရဟု ဘုရားရှင် တားမြစ်ပိတ်ပင်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ရတနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ မိုးရေခံသင်္ကန်းကို တတ်နိုင်သော အစဦးဆုံးရက်၊ မိုးရေခံသင်္ကန်း၏ အလျား၊ အနံပမာဏတို့ကို ဖော်ပြ၍၊ ရွှေ ငွေရတနာများကို တိုင်ကောင်းသောအရပ်၊ မကိုင်ကောင်းသောအရပ်များကိုလည်း ခွဲခြားပြခဲ့ပါ။ (လတ်၊ ၂၄-ခု)

http://www.dhammadownload.com



ဖြေ ။ မိုးရေခံသင်္ကန်းကို ဝါဆိုလဆန်း ၁ ရက်နေ့မှစ၍ ဝတ်ရုံနိုင်ပါသည်။ (အမုမာသော သေသောဂိမှာန်နှိကတွာ နိဝါသေတဗ္ဗံ၊ ထောက်)

မိုးရေခံသင်္ကန်းပမာဏ - မြတ်စွာဘုရား၏ လက်သန်းအထွာတော်အားဖြင့် အလျား - ၆ ထွာ၊ အနံ ၂ ထွာခွဲ။ အရံအတွင်း တည်းခိုရာဇရပ်အတွင်း၌ ရွှေ ငွေ၊ ရတနာများကို ကိုင်ကောင်းသည်။ အခြားသောအရပ်၌ မကိုင်ကောင်းပါ။ (ရတနသိက္ခာပုဒ်)

မေး ။ ဝိကပ္ပနာပြုနိုင်ရာပုဂ္ဂိုလ်များကို ညွှန်ကြား၍၊ ရတနာများကို မကိုင်ကောင်းသောအရပ်၊ အကြောင်းအားလျော်စွာ ကိုင်ကောင်းအရပ်တို့ကို ပြဆိုခဲ့ပါ။ (လတ်၊ ၂၅-ခု)

ဖြေ ။ ဝိကပ္ပနာပြုနိုင်ရာ ပုဂ္ဂိုလ်များ -

ဘိက္ခု ။ ဘိက္ခုနီ ။ သိက္ခမာန်။ သာမဏေ။ သာမဏေမ။

ရတနာကိုင်ကောင်းသောအရပ် -

၁။ အဇ္ဈာရာမ ၂။ အဇ္ဈာဝသထအရပ်တို့၌ ဒါယကာ၊ ဒါယိကာမတို့ မေ့ကျန်နေသော ရတနာများကို ပိုင်ရှင်လာယူသောအခါ ရနိုင်ရန်ရည်ရွယ်ချက်ဖြင့် သိမ်းဆည်းထားသော အနေဖြင့် ကိုင်ကောင်းသည်။

မကိုင်ကောင်းသောအရပ် - အဇ္ဈာရာမ၊ အဇ္ဈာဝသထမှ တစ်ပါးသောအရပ်၌ ရတနာများကို မကိုင်ကောင်းပါ။

မေး ။ ရတနသိက္ခာပုဒ်လာ လူတို့မေ့ရစ် ရွှေ ငွေ ရတနာများကို ကောက်ယူသိမ်းထားရာ၌ သိမ်းထားသော ရဟန်း၏ရည်ရွယ်ချက်နှင့် လိုက်နာရမည့် လောကုတ္တရာ တရားအားလျော်သော ကျင့်ဝတ်များကိုလည်း သာဓကထောက်၍ ဖြေဆိုခဲ့ပါ။

ဖြေ ။ သိမ်းထားသောရဟန်း၏ ရည်ရွယ်ချက်မှာ -

"ဥစ္စာရှင်တို့လာယူလိမ့်မည်" ဟူသော ရည်ရွယ်ချက်ဖြင့် သိမ်းထားရမည်။ သာဓက။ ယဿဘဝိဿတိ၊ သော ဟရိဿတိ။

ကျင့်ဝတ်

အရံအတွင်း၌လည်းကောင်း ဧည့်သည်တည်းခိုရာအိမ်ဇရပ်၌ လည်းကောင်း၊ ရတနာနှင့် ရတနာဟု သမုတ်အပ်သော အသုံးအဆောင်များကိုကောက်ယူ၍ "ဥစ္စာရှင်ပြန်ယူလိမ့်မည် နှလုံးသွင်း၍ကျက်သိမ်းထားရမည်" ဤကား လောကုတ္တရာ တရားအားလျော်သောကျင့်ဝတ်တည်း။

သာဓက။ ရတနံဝါပန ဘိက္ခုနာ ။ ပ။ အယံ တတ္ထသာမိစိ။

http://www.dhammadownload.com



မေး ။ အကြောင်းကိစ္စအထူးမရှိဘဲ မွန်းလွဲချိန်၌ မပန်ကြားဘဲ ရွာထဲသို့ သွားလည်သော ရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊အနက်ရေးပါ။

❖ နေလွဲရာအခါ၌ မြို့တွင်းသို့မဝင်ရန် ပညတ်တော်မူထားသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ညနေ၊ ညအချိန်အခါတို့၌ အမျိုး ဒါယကာအိမ်သို့ ကပ်ရောက်မှုနှင့် စပ်လျဉ်း၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဤသိက္ခာပုဒ်၌ သက်ဆိုင်ရာသို့ မပန်ကြားဘဲ သွားကောင်းရာအခါကို သာဓကပြ၍ ဖော်ပြပါ။

ဖြေ ။ ခိုးသူဘေး၊ မီးဘေးစသော ရှောင်တခင် ရုတ်တရက်ဖြစ်ပေါ်လာသော ကိစ္စမျိုးရှိရာအခါ။

သာဓက။ အညတြ တထာရူပါ အစ္စာယိကာ ကရဏီယာ။

မေး ။ စာရိတ္တသိက္ခာပုဒ်နှင့် ဝိကာလေဂါမပ္ပဝေသန သိက္ခာပုဒ်နှစ်ခုတို့၏ အထူးကိုရေးခဲ့ပါ။

ဖြေ ။ စာရိတ္တသိက္ခာပုဒ်၌ နိမန္တနဘတ်ရှိသော ရဟန်းအတွက် နေမလွဲမီ ရွာတွင်းအိမ်သို့ လှည့်လည်ခြင်းကြောင့် ပညတ်တော်မူပါသည်။ ဝိကာလဂါမပ္ပဝေသန သိက္ခာပုဒ်၌ကား ရဟန်းအားလုံးအတွက် နေလွဲအခါ ရွာတွင်းဝင်ခြင်းကြောင့် ပညတ်တော်မူပါသည်။ ဤသို့ထူးပါသည်။

မေး ။ လဲမွေ့ရာပေါ် အိပ်သော ရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ကုလားထိုင်ကို လဲ၊ ဝါဂွမ်းသွတ်စေသော ရဟန်းအား အပြစ်ပြ သိက္ခာပုဒ်ကို ပါဠိ အနက်ရေးပါ။

❖ ခုတင်ပေါ်၌ ဝါဂွမ်းမွေ့ယာခင်းပြီး အိပ်သော ရဟန်းအား အပြစ်ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ညောင်စောင်းအင်းပျဉ်ကို လဲဝါဂွမ်းလုပ်၍ သုံးစွဲသောရဟန်းအား သင့်ရောက်သော အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ထူလောနဒ္ဓ သိက္ခာပုဒ်ကိုရေးလေ။

http://www.dhammadownload.com



မေး ။ အပ်ကျည်ထောက် မလုပ်ကောင်းသောဝတ္ထုများကို ဖော်ပြသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဘေဒနကပါစိတ်အာပတ်သင့်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ သူစိယရသိက္ခာပုဒ်ကိုရေးလေ။

မေး ။ မဇ္ဈိမဒေသ၌သာ အာပတ်သင့်သော သိက္ခာပုဒ်ကို အနက်ရေး၍ အပ်ကျည်ထောက် မလုပ်ကောင်းဝတ္ထုတို့ကိုလည်း ဖော်ပြပါ။

ဖြေ ။ နဟာနသိက္ခာပုဒ်ကို အနက်ပေးရန်။

အိပ်ကျည်ထောက် မလုပ်ကောင်းသောဝတ္ထုများမှာ -

(၁) အဋ္ဌိမယ ‌= အရိုး (၂) ဒန္တမယ ‌= ဆင်စွယ်

(၃) ဝိသာဏမယ‌= ဦးချို (သားချို) ဖြစ်ပါသည်။

မေး ။ အောက်ပါတို့ကို ပါတိမောက်လာသည့်အတိုင်း ဖြေဆိုပါ။ (ငယ်၊ ၃၄ခု)

(က) ကိုယ်တိုင် မီးမွေး၊ မီးလှုံခြင်းကြောင့် အာပတ်မသင့်ခြင်း အကြောင်း၊

(ခ) နေလွဲသောအခါ မပန်ကြားဘဲ ရွာတွင်းသို့ဝင်ခြင်းကြောင့် အာပတ်မသင့်ခြင်းအကြောင်း၊

(ဂ) အခြားရဟန်းအား ကုက္ကုစ္စဖြစ်အောင် ပြောစေကာမူ ပြောသော ရဟန်းအား အာပတ်မသင့်ခြင်းအကြောင်း။

ဖြေ ။ (က) သပိတ်ဖုတ်ခြင်း၊ ဆီမီးထွန်းစသောအကြောင်း၊

(ခ) အဆောတလျင် ရှောင်တခင်ပြုထိုက်သောအကြောင်း၊

(ဂ) ကုက္ကုစ္စဖြစ်စေလိုမှု မရှိခြင်း၊ အကျိုးစီးပွားကို လိုလားခြင်းတို့ဖြင့် ပြောခြင်း။

မေး ။ ရဟန်းများ သုံးဆောင်သော ညောင်စောင်း၏ အမြင့်ပမာဏကို ဖော်ပြ၍ လဲမွေ့ရာဖြင့် ရဟန်းများအိပ်ကောင်း၊ မအိပ်ကောင်း သိက္ခာပုဒ် အထောက်ပြ၍ ဆုံးဖြတ်ပါ။

ဖြေ ။ လဲမွေ့ရာဖြင့် ရဟန်းများ မအိပ်ကောင်းပါ။

သိက္ခာပုဒ်အထောက် ။ တူလောနဒ္ဓသိက္ခာပုဒ်။

မေး ။ ညောင်စောင်း၊ အင်းပျဉ်အသစ်ကို ပြုလုပ်လိုသော ရဟန်းများ အတွက် ရှင်တော်မြတ်ဘုရား ညွှန်ကြားတော်မူပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

ဖြေ ။ မဉ္စပီဌ သိက္ခာပုဒ်ကိုရေးလေ။

F13 A

http://www.dhammadownload.com



မေး ။ သာမဏေနှင့် ဥပုသ်သည် လူပုဂ္ဂိုလ်တို့အား ဥစ္စာသယန မဟာ သယန သိက္ခာပုဒ်များရှိသကဲ့သို့ ရဟန်းတော်တို့အား ယင်း သိက္ခာပုဒ်များရှိ၊ မရှိ အထောက်ပြ၍ ဖြေဆိုပြီးလျှင် ဥစ္စာသယန၏ ပမာဏကို မဇ္ဈိမပုရိသပမာဏဖြင့် ပြဆိုပါ။

ဖြေ ။ ရဟန်းတော်တို့အားလည်း ဥစ္စာသယန မဟာသယနသိက္ခာပုဒ်ရှိပါသည်။

အထောက်ကား - နဝံပနဘိက္ခုနာ မဉ္စံဝါ ပီဌံဝါကာရယမာနေန။ ပ။ ဆေဒနကံပါစိတ္တိယံ ဟူသော မဉ္စပီဌသိက္ခာပုဒ်ဖြစ်ပါသည်။

ဥစ္စာသယနသည် မဇ္ဈိမပုရိသ ပမာဏအားဖြင့် ၂၄ သစ် (၂ထွာ) ဖြစ်ပါသည်။

မေး ။ ကပ္ပဗိန္ဒုထိုးရာ၌ ဘုရားအလိုတော်ကျ အဆင်းအရောင်ကိုဖြေဆို၍ ရေချိုးသင့်သောအခါနှင့် သုံးဆောင်ခွင့်ရှိသော ညောင်စောင်း၏ အမြင့်ပမာဏကိုလည်းဖော်ပြပါ။ (ငယ်၊ ၃၇-ခု)

ဖြေ ။ ညောင်စောင်းပမာဏ။ မြတ်စွာဘုရားလက်သစ်တော်အားဖြင့် လက်ရှစ်သစ်အခြေရှိသော ညောင်စောင်းဖြစ်သည်။

မေး ။ ညောင်စောင်း၊ အင်းပျဉ်အသစ်ကို ပြုလုပ်စေလိုသော ရဟန်းများအတွက် ရှင်တော်မြတ်ဘုရားသည် မည်ကဲ့သို့ ညွှန်ကြားခဲ့ပါသည်။ (ငယ်၊ ၃၇-ခု)

ဖြေ ။ ရတနဝဂ်-မဉ္စပီဌသိက္ခာပုဒ်အရ - အောက်ဖြစ်သော ဘောင်ကိုကြဉ်၍ ဘုရားရှင်၏ လက်သစ်တော်ဖြင့် လက်ရှစ်သစ်အခြေရှိအောင် ပြုရမည်။ ထိုထက် မကျော်လွန်ရ။

မေး ။ နိသီဒိုင်အခင်းချုပ်လိုသောရဟန်းအတွက် ချုပ်လုပ်ပုံ လုပ်နည်းကို ညွှန်ပြသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ရတနဝဂ်လာ နိသီဒိုင်အခင်းပြုလုပ်ပုံအစီအစဉ်နှင့်စပ်၍ ပညတ်အပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ သင်္ကန်း ၉ ထည်တို့တွင် ကပ္ပဗိန္ဒုမထိုးဘဲ သုံးဆောင်ခွင့်ရှိသောသင်္ကန်း၏အမည်ကို ဖော်ပြသည့်သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ရတနဝဂ်၌ "အနုပညတ်" ပါသော သိက္ခာပုဒ်များမှ နောက်ဆုံးသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ နိသီဒနသိက္ခာပုဒ်ကိုရေးလေ။

http://www.dhammadownload.com



မေး ။ ဆေဒနကပါစိတ်၊ ဥဒ္ဒါလနကပါစိတ်အာပတ်သင့်သော သိက္ခာပုဒ်တို့ကို အမည်မျှဖော်ပြပါ။

ဖြေ ။ ဆေဒကပါစိတ် - မဥ္စပီဌ၊ ကဏ္ဍုပ္ပဋိစ္ဆာဒိ၊ ဝဿိကသာဋိကသိက္ခာပုဒ်။
ဥဒ္ဒါလနကပါစိတ် - တူလောနဒ္ဓသိက္ခာပုဒ်။

မေး ။ ရတနဝဂ်လာ နိသီဒိုင်အခင်းပြုလုပ်ပုံကို ယခုခေတ်လူများနည်းယူလောက်အောင် ရေးသားပြီးလျှင်၊ ထိုနိသီဒိုင်၏ အလျား၊ အနံ၊ အမြိတ်အဆာတို့ကိုလည်း (က) ဘုရားရှင် (ခ) မဇ္ဈိမပုရိသ (ဂ) ယခုခေတ် လူတို့၏ အတိုင်းအတာပမာဏဖြင့် အသီးသီးဖော်ပြပါ။

အခင်းပြုလုပ်ပုံမှာ -

ဖြေ ။ အခင်းကဲ့သို့ဖြန့်ခင်း၍ အမြိတ်အဆာအတွက် တစ်ဖက်အစွန်း၌ မြတ်စွာဘုရား တစ်ထွာပမာဏမျှ နှစ်နေရာ၌ ခွဲထားရမည်။ ထိုကဲ့သို့ ခွဲထားသောအခါ အမြိတ်အဆာသည် တစ်ခုနှင့်တစ်ခု မစပ်ဘဲ သုံးမွှာကွဲလျက်ရှိလိမ့်မည်။

| | အလျား | အနံ | အမြိတ် |
|---|---|---|---|
| (က) | ၂ ထွာ | ၁ ထွာခွဲ | ၁ ထွာ |
| (ခ) | ၆ ထွာ | ၄ ထွာခွဲ | ၃ ထွာ |
| (ဂ) | ၉ ထွာ | ၆ ထွာ ၉ လက်မ | ၄ ထွာခွဲ။ |

မေး ။ ဘိက္ခုပါတိမောက် သုဒ္ဓပါစိတ်၌ အနာရောဂါရှိသူများ ဝတ်ဆင်ရန် သင်္ကန်းနှင့်စပ်လျဉ်း၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ အနာလွှမ်း (အမာလွှမ်း) သင်္ကန်းနှင့် ပတ်သက်၍ ပညတ်တော်မူအပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ အမာလွှမ်း (အနာလွှမ်း) သင်္ကန်းပြုလုပ်ပုံ ပြုလုပ်နည်း အစီစဉ်ပြသိက္ခာပဒကို ပါဠိ၊ အနက်ရေးပါ။

❖ ပြုဖွယ်ကိစ္စပြီးမှ ဒေသနာပြောကြားရသော သုဒ္ဓပါစိတ်သိက္ခာပုဒ်တို့တွင် ၅ ခုမြောက်သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ ဘိက္ခုနီမတို့၏ ရေသနုပ်သင်္ကန်းနှင့် အလျား၊ အနံပမာဏတူသော သင်္ကန်းကို ပြဆိုသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

ဖြေ ။ ဂဏ္ဍုပ္ပဋိစ္ဆာဒိသိက္ခာပုဒ်ကို ရေးလေ။

http://www.dhammadownload.com



မေး ။ ရတနဝဂ်လာ အမာလွှမ်း (အနာလွှမ်း) သက်န်းပြုလုပ်ပုံကို ယခု ခေတ်လူများနည်းယူလောက်အောင် ရေးသားပြီးလျှင် ထို အမာ လွှမ်း သက်န်း၏ အလျား၊ အနံ၊ အမြိတ်အဆာတို့ကိုလည်း (က) ဘုရားရှင် (ခ) မဇ္ဈိမပုရိသ (ဂ) ယခုခေတ်လူတို့၏ အတိုင်း အတာပမာဏဖြင့် အသီးသီးဖော်ပြပါ။

ဖြေ ။ အမာလွှမ်းသက်န်းပြုလုပ်ပုံ -
အမာလွှမ်းသက်န်းကို ပြုလုပ်လိုသော ရဟန်းသည် မြတ်စွာဘုရား၏ အထွာတော်အားဖြင့် အလျားလေးထွာ၊ အနံနှစ်ထွာ ပမာဏတို့ကို ယူ၍ ပြုလုပ်ရပါမည်။

| | အလျား | အနံ |
|---|---|---|
| (က) | ၄ ထွာ၊ | ၂ ထွာ။ |
| (ခ) | ၁၂ ထွာ၊ | ၆ ထွာ။ |
| (ဂ) | ၁၈ ထွာ၊ | ၉ ထွာ။ |

မေး ။ နိဿဂ္ဂိယပါစိတ်နှင့် သုဒ္ဓပါစိတ်လာ ဝဿိကသာဋိကသိက္ခာပုဒ်များ ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ ရတနဝဂ်လာ မိုးရေခံသက်န်းချုပ်လုပ်ပုံ ချုပ်လုပ်နည်း အစီစဉ်ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ မိုးရေခံသက်န်း အလျား အနံ ပမာဏပြသိက္ခာပုဒ်ကို ပါဠိ၊ အနက် ရေးပါ။

ဖြေ ။ ဝဿိကသာဋိကသိက္ခာပုဒ်ကို ရေးလေ။

မေး ။ ရတနဝဂ်လာ မိုးရေခံသက်န်းချုပ်လုပ်ပုံကို ယခုတ်ခေတ် လူများ နည်းယူလောက်အောင် ရေးသားပြီးလျှင် ထိုမိုးရေခံသက်န်း၏ အလျား၊ အနံတို့ကို (က) ဘုရားရှင် (ခ) မဇ္ဈိမပုရိသ (ဂ) ယခု ခေတ်လူတို့၏ အတိုင်းအတာပမာဏဖြင့် အသီးသီးဖော်ပြခဲ့ပါ။

ဖြေ ။ မိုးရေခံသက်န်းပြုလုပ်ပုံ -
မိုးရေခံသက်န်း ပြုလုပ်လိုသော ရဟန်းသည် မြတ်စွာဘုရား၏ အထွာ တော်အားဖြင့် အလျား ခြောက်ထွာ၊ အနံ နှစ်ထွာခွဲပမာဏတို့ကို ယူ၍ ပြုလုပ်ရပါသည်။

| | အလျား | အနံ |
|---|---|---|
| (က) | ၆ ထွာ | ၂ ထွာခွဲ၊ |
| (ခ) | ၁၈ ထွာ | ၇ ထွာခွဲ၊ |
| (ဂ) | ၂၈ ထွာ | ၁၀ ထွာနှင့် လက် ၉ သစ်။ |

http://www.dhammadownload.com



မေး ။ မြတ်စွာဘုရား၏ သက်န်းတော် ပမာဏပြဆိုသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးသားပါ။

❖ နန္ဒမင်းသား ရဟန်းကိုအကြောင်းပြု၍ ဖြစ်ပေါ်ခဲ့သော နောက်ဆုံး သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးသားခဲ့ပါ။

❖ ဘုရားရှင်၏ သက်န်းတော်ပမာဏပြပါဠိကို ရေးသားပါ။

❖ ဘုရားရှင် သက်န်းတော်ထက်ကြီးသောသက်န်းကို မပြုလုပ်ရဟု ပညတ်ထားသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ညီတော် နန္ဒထေရ်ကို အကြောင်းပြု၍ပညတ်တော်မူခဲ့သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဆရာသခင်ကျေးဇူးရှင်နှင့် ခြေရာချင်းတိုင်းနေသော တပည့်မိုက်အား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ "အမေထက်သားတစ်လကြီး" ဟူသော လောကဆိုရိုးစကားနှင့် အလားသဏ္ဍာန်တူသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ နန္ဒသိက္ခာပုဒ်ကို ရေးလေ။

မေး ။ ဘုရားရှင်ဝတ်ရုံတော်မူသောသက်န်းတော်၏ ပမာဏကို သုဂတစိဒတ္တိ အားဖြင့် ဖော်ပြ၍၊ ယင်းပမာဏအတိုင်းချုပ်၍ ရဟန်းတော်များ ဝတ်ရုံခဲ့သော် ဝိနည်းအပြစ် ရှိ မရှိ တိကျသောအကိုးပြ၍ ဆုံးဖြတ်ခဲ့ပါ။

ဖြေ ။ ဝိနည်းအပြစ်ရှိပါသည်။
အကိုး - ယောပနဘိက္ခု ။ ပ ။ ဆေဒနကံပါစိတ္တိယံ။

မေး ။ မြတ်စွာဘုရား၏ သက်န်းတော်ပမာဏကို ပုဂ္ဂိုလ်အလိုက် ထိုက်သည် အားလျော်စွာ ဖော်ပြပါ။

ဖြေ ။ မြတ်စွာဘုရား သက်န်းပမာဏကား -

| ပုဂ္ဂိုလ်အမည် | | အလျား | အနံ |
|---|---|---|---|
| ဘုရားရှင် | - | ၉ ထွာ | ၆ ထွာ |
| မဇ္ဈိမပုရိသ | - | ၂၇ ထွာ | ၁၈ ထွာ |
| ပကတိပုရိသ | - | ၄၀ ထွာ၊ ၆ သစ် | ၂၇ ထွာ။ |

ရတနဝဂ်ဆိုင်ရာအဓိပ္ပာယ်ပြီး၏။

http://www.dhammadownload.com



# ပါဋိဒေသနီယကဏ္ဍ

## ပါဋိဒေသနီဆိုင်ရာအစိပ္ပါယ်

မေး ။ ဆွေမျိုးမတော်သော ဘိက္ခုနီမ၏ လက်မှခဲဖွယ်၊ ဘောဇဉ်ကို ခံယူ၍ ဘုဉ်းပေးသော ရဟန်းအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက် ရေးပြပါ။

❖ ဘိက္ခုနီမများ ရဟန်းများလောက် လာဘ်မလွယ်ကူသဖြင့် ဆင်းရဲစွာ ရှာဖွေရသော ဘိက္ခုနီမတို့၏ လာဘ်ကို မခံယူသင့်ကြောင်းပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ရွာတွင်းသို့ဝင်၍ ခြွေရံနည်းပါး လာဘ်လာဘရှားသော အညာတိက ဘိက္ခုနီမထံ ဆွမ်းအလှူခံစားသောက်သော ရဟန်း၏ အပြစ်ပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပဌမပါဋိဒေသနိယသိက္ခာပုဒ်ကို ရေးလေ။

မေး ။ "ပါဋိဒေသနီအာပတ်" ဟု ခေါ်ဆိုရခြင်း၏အကြောင်းကိုပြဆို၍ ပါဋိဒေသနီအာပတ်သင့် ရဟန်းသည် အဘယ်သို့ ဒေသနာကြားရပါ မည်နည်း၊ ဒေသနာကြားပုံပါဠိကို အပိုအလိုမရှိစေဘဲ တိကျစွာရေးပြ ခဲ့ပါ။

ဖြေ ။ အသီးအခြားဒေသနာကြားရသောကြောင့် "ပါဋိဒေသနီအာပတ်"ဟု ခေါ်ဆိုရပါသည်။

ဒေသနာကြားပုံပါဠိ ။ ဂါရယှံအာဝုသော ဓမ္မံအာပဇ္ဇိံအသပ္ပါယံ ပါဋိဒေသနိယံ၊ တံ ပဋိဒေသေမိ။

ဂါရယှံအာဝုသော ဓမ္မံအာပဇ္ဇိံမှာ အသပ္ပါယံ ပါဋိဒေသနိယံ၊ တံ ပဋိ ဒေသေမိ။

မေး ။ ရဟန်းတော်များ ဆွမ်းဘုဉ်းပေးရာအိမ်၌ စီစဉ်ညွှန်ကြားနေသော ရဟန်းမကို မတားမြစ်သဖြင့် အပြစ်ရပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက် မြန်မာစကားပြေဖြင့် ရေးသားပါ။ (ကြီး၊ ၅၀-ခု)

❖ ပြောဆိုတားမြစ်ရမည့် တာဝန်ရှိလျှင် မပြောဆို မတားမြစ်ခြင်းကြောင့် အာပတ်သင့်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဒုတိယ ပါဋိဒေသနိယသိက္ခာပုဒ်ကိုရေးလေ။

http://www.dhammadownload.com



မေး ။ ဒုတိယပါရာဇိကဒေသနိယသိက္ခာပုဒ်၌ အာကာရဝန္တနှင့်တကွသော စီမံပုံ အခြင်းအရာ "ဝေါဿသနာကာရပြဝါကျ အာကာရနှင့် တကွသော ပရိကပ္ပ" ဝါကျတို့ကို အနက်မှန်မှန်သမ္ဗန်ပါ။

ဖြေ ။ အာကာရဝန္တနှင့်တကွသော စီမံပုံအခြင်းအရာ ဝေါဿသနာကာရပြ ဝါကျ -

တတြိစေသော ဘိက္ခုနီဝေါဿသမာနရူပါဋ္ဌိတာ ဟောတိ "ဣဓ သူပံ ဒေထ ဣဓဩဒနံ ဒေထာ" တိ။ (အနက်ပေးရန်)

အာကာရနှင့်တကွသော ပရိကပ္ပဝါကျ

ကေဿပိ စေဘိက္ခုနော နပဋိဘာသေယျ၊ တံ ဘိက္ခုံအပသာဒေတုံ "အပသက္ကတာဝဘဂိနိ၊ ယာဝ ဘိက္ခူဘုဥ္ဇန္တီ"တိ။ (အနက်ရေးရန်)

မေး ။ (က) ဝေါဿသနာကာရ စီမံပုံအခြင်းအရာကိုပြသော ပါဠိ (ခ) အပသာဒေသတဗ္ဗာကာရ တားမြစ်ထိုက်ပုံ အခြင်းအရာကိုပြ သော ပါဠိတို့ကိုရေးခဲ့ပါ။

ဖြေ ။ (က) ဣဓသူပံဒေထ၊ ဣဓဩဒနံဒေထ။

(ခ) အပသက္ကတာဝဘဂိနိယာဝဘိက္ခူဘုဥ္ဇန္တိ။

မေး ။ ရဟန်းတော်များ ဆွမ်းဘုဉ်းပေးရာ၌ စီမံနေသော ရဟန်းမအား မည်သို့ပြောဆိုရသည်ကို မြန်မာလိုရေးသားပြ၍ ယင်းသိက္ခာပုဒ် အရ သင့်ရောက်သော အာပတ်မှ ကင်းစင်အောင် ဒေသနာပြော ကြားပုံကို မြန်မာဘာသာဖြင့် ရေးသားပြပါ။ (လတ်၊ ၅၀ ခု)

ဖြေ ။ ပြောဆိုပုံ ။ "နှမရဟန်းတို့ ဆွမ်းဘုဉ်းပေးနေချိန်မှာ တော်ရာသို့ ဖဲ သွားပါလော့" ဟု ပြောဆိုတားမြစ်ရမည်။

ဒေသနာကြားပုံ။ ငါ့ရှင် ငါတို့သည် ကဲ့ရဲ့ထိုက်သော မလျှောက်ပတ် သော ပါဋိဒေသနီအာပတ်သို့ ရောက်ပါကုန်ပြီ ထိုအာပတ်ကို သီးခြား ပြောကြားပါကုန်၏။

မေး ။ ဥစ္စာနည်းပါး သဒ္ဓါတရားများ လွန်ကဲသော သေက္ခသမ္မတပုဂ္ဂိုလ် တို့ ဆွမ်းလှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ပညတ်အပ်သော သိက္ခာပုဒ် ကို ပါဠိ၊ အနက်ရေးပြပါ။

❖ ဥစ္စာရှားပါးလျက် သဒ္ဓါတရားလွန်ကဲထက်သန်သော အမျိုးကို ဉတ္တိကမ္မဝါစာဖြင့် သေက္ခမျိုးဟု သမုတ်အပ်သည့်ဟု သတ်မှတ်ပြ သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

http://www.dhammadownload.com



❖ ဥစ္စာ နှမ်းပါး သဒ္ဓါတရားအား ကောင်းသော ဒါယကာ၊ ဒါယိကာမများထံမှ အလှူခံမှုနှင့် ပတ်သက်၍ ဘုရားရှင်၏ ညွှန်ကြားမှုကို ပြသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ၂၂၇ သွယ်သောဝိနယသိက္ခာပဒတို့တွင် မြတ်စွာဘုရား၏ မဟာကရုဏာတော်ကို ထင်ရှားပေါ်လွင်စေသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ စေတနာ၊ သဒ္ဓါတရားလွန်ကဲ၍ ဥစ္စာ ပစ္စည်းခေါင်းပါးသော အမျိုးအိမ်၌ မပန်ကြားဘဲ ဆွမ်းခဲဖွယ်စသည်ကို အလှူခံသော ရဟန်း၏ အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

❖ "သာသနာသက်ရှည် ဝိနည်းမှီ" နှင့်အညီ သာသနာတော် အရှည်တည်တံ့ရန်အတွက် မှီခိုအားထားရမည့် ဘိက္ခုပါတိမောက်လာ ဝိနည်းသိက္ခာပုဒ်များမှ အသီးအခြားဒေသနာပြောကြားအပ်သည့် တတိယမြောက် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ တတိယပါဋိဒေသနိယ သိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဥစ္စာနည်းပါး သဒ္ဓါများသော သေက္ခသမ္မုတပုဂ္ဂိုလ်တို့ ဆွမ်းလှူဒါန်းရာ (က) ဘုဉ်းပေးသင့်သောဆွမ်း (ခ) မဘုဉ်းပေးသင့်သော ဆွမ်းတို့ကို ခွဲခြားပြပြီးလျှင် ဖော်ပြလတ္တံ့ပါ ရဟန်းတော်တို့အား သင့်ရောက်သော အာပတ်ကို ဝဂ်၊ သိက္ခာပုဒ်တို့နှင့် ယှဉ်တွဲဖော်ပြပါ။ (လတ်၊ ၅၂-ခု)

(က) သင့်အသက်နှစ်ဆယ်မပြည့်ဘဲ ရဟန်းတက်သည်ဟု ပြောသော ရဟန်း၊

(ခ) အကြောင်းမရှိဘဲ ညနေဘက်ရွာထဲလည်သောရဟန်း၊

(ဂ) ဟင်းရည်ကို တရှုးရှုးမြည်အောင်သောက်သောရဟန်း၊

ဖြေ ။ (က) အိမ်၏ ဥပစာသို့ မရောက်မီ ပင့်ဖိတ်အပ်သော ဆွမ်း၊ ဂိလာနအဖြစ် သုံးဆောင်သောဆွမ်း၊ (ခ) အိမ်၏ဥပစာသို့မရောက်မီ ပင့်ဖိတ်ထားသော ဆွမ်း ဂိလာနမဟုတ်ဘဲ သုံးဆောင်သောဆွမ်း။

(က) သဟဓမ္မိကဝဂ်၊ သဉ္စိစ္စသိက္ခာပုဒ်အရ - ပါစိတ်အာပတ်၊

(ခ) ရတနဝဂ်၊ ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်အရ - ပါစိတ်အာပတ်

(ဂ) သေခိယ သုရုသုရုကာရက သိက္ခာပုဒ်အရ ဒုက္ကဋ်။

http://www.dhammadownload.com



မေး ။ သေက္ခပုဂ္ဂိုလ်ဟု ခေါ်ဆိုနိုင်ရန် မည်သို့သဘောရှိသော ပုဂ္ဂိုလ် မျိုးကို မည်သည့်ကံဖြင့် သမုတ်အပ်သည်ကို ဖော်ပြပါ။ (လတ်၊ ၃၇-ခု)

ဖြေ ။ ဥစ္စာရှားပါးလျက် သဒ္ဓါတရား လွန်ကဲထက်သန်သော အမျိုးကို ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် သေက္ခပုဂ္ဂိုလ်မျိုးဟု သမုတ်အပ်သည်။

မေး ။ သေက္ခသမ္မတာနိကုလာနိ၌ သေက္ခသမ္မတပုဂ္ဂိုလ်၏သဘောကို ကျမ်းလာအတိုင်း ဖြေဆို၍၊ ပါဋိဒေသနီအာပတ်ကုစားပုံတို့ကိုလည်း မြန်မာလိုဆိုခဲ့ပါ။

ဖြေ ။ သဒ္ဓါတရားအားဖြင့် ပွားများ၍ ပစ္စည်းဥစ္စာဆုတ်ယုတ်သောအမျိုးအား ဉတ္တိဒုတိယကံဖြင့် သေက္ခဟုသမုတ်ထားသောအမျိုးကို သေက္ခသမ္မတဟုခေါ်ပါသည်။

မေး ။ ကြိုတင်အကြောင်း မကြားထားဘဲ လှူဒါန်းသောဆွမ်းကို စားသော တောရကျောင်းနေ ရဟန်းတော်အား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ စတုတ္ထပါဋိဒေသနိယသိက္ခာပုဒ်ကိုရေးလေ။

မေး ။ တောနေရဟန်းများသာ သင့်ရောက်နိုင်သောအာပတ်ကို သိက္ခာပုဒ် ညွှန်း၍ ဖော်ပြပြီးလျှင် ယင်းအာပတ်များ ဒေသနာကြားပုံ (ကုစားပုံ) ကိုလည်း ဖြေဆိုပါ။

ဖြေ ။ ပါဋိဒေသနီအာပတ်။ (စတုတ္ထပါဋိဒေသနိယသိက္ခာပုဒ်)

မေး ။ တတိယပါဋိဒေသနိယ သိက္ခာပုဒ်လာ ပုဗ္ဗေ အနိမန္တိတော၊ စတုတ္ထ သိက္ခာပုဒ်လာ ပုဗ္ဗေအပ္ပဋိသံဝိဒိတံ တို့၌ပါသော ပုဗ္ဗသဒ္ဒါနှစ်ခုတို့၏ ခြားနားဟန်ကို ရေးပါ။

ဖြေ ။ တတိယ သိက္ခာပုဒ်လာ ပုဗ္ဗေအနိမန္တိတော၌ ပုဗ္ဗေအရ - အိမ်၏ဥပစာသို့ မသက် ရောက်မီ ရှေးဦးစွာပင့်ဖိတ်အပ်သည်ကို ပုဗ္ဗေအနိမန္တိတဟု ခေါ်ပါသည်။

စတုတ္ထသိက္ခာပုဒ်လာ ပုဗ္ဗေအရ - အာရာမ်၏ဥပစာသို့ မရောက်မီ ရှေ့အဖို့၌ဖြစ်သောအခါကို ယူရပါသည်။ ဤသို့ထူးပါသည်။

**ပါဋိဒေသနီဆိုင်ရာအခန်းပြီး၏။**

http://www.dhammadownload.com



## အဓိကရဏသမထဆိုင်ရာအစီပွါယ်

မေး ။ အဓိကရဏသမထ ၇ ပါးကို အစဉ်မပျက် ပါဠိသက်သက်ရေးခဲ့ပါ။

❖ ပါတိမောက်လာ အဓိကရုဏ်း ငြိမ်းအေးကြောင်း (အဓိကရဏ သမထ) ခုနှစ်ပါးပြပါဠိကို ပြည့်စုံစွာ အနက်ယောဇနာခဲ့ပါ။

ဖြေ ။ ဥပ္ပန္နုပ္ပန္နာနံ အဓိကရဏာနံ သမထာယ ဝူပသမာယ ။ ပ။ တိဏဝတ္ထာရကောတိ။ ပါဠိ၊ အနက်ရေးလေ။

မေး ။ အဓိကရဏသမထတို့တွင် နောက်ငါးပါးကိုသာ အနက်ပေးခဲ့ပါ။ (လတ်၊ ၂၅-ခု)

ဖြေ ။ အမူဠ္ဟဝိနယော ဒါတဗ္ဗော ။ ပ။ တိဏဝတ္ထာရကော။ (အနက်ပေး)

မေး ။ ဝိနည်းဓမ္မတံ အဓိကရုဏ်းမှုခင်းများ "ငြိမ်းအေးစေမည့် သမထ တရားများ"ကို အစဉ်ကျကျရေတွက်ပြပါ။ (လတ်၊ ၅၄-ခု)

❖ ရဟန်းတော်များ၌ ဖြစ်ပွားတတ်သော အဓိကရုဏ်းမှုခင်းများနှင့် ပတ်သက်၍ ပြေငြိမ်းစေလိုသော နည်းလမ်းကောင်းများကို ဖော်ပြပါ။ (လတ်၊ ၄၇-ခု)

ဖြေ ။ (၁) သမ္မုခါ ဝိနယ သမထ (၂) သတိဝိနယသမထ (၃) အမူဠ္ဟဝိနယ သမထ (၄) ပဋိညာယကာရေတဗ္ဗသမထ (၅) ယေဘုယျသိကာ သမထ (၆) တဿပါပိယသိကာသမထ (၇) တိဏဝတ္ထာရကသမထ။

မေး ။ အဓိကရုဏ်းငြိမ်းစေနိုင်ကြောင်း သမထ ခုနှစ်ပါးတို့ကို ယင်းတို့ ငြိမ်းအေးစေသော အဓိကရုဏ်းတို့နှင့် အသီးသီးယှဉ်တွဲဖော်ပြပါ။ (ကြီး၊ ၅၀-ခု)

ဖြေ ။ ၁။ သမ္မုခါဝိနယသမထ၊ ယေဘုယျသိကာသမထ - ဝိဝါဒါဓိကရုဏ်း။

၂။ သမ္မုခါဝိနယသမထ၊ သတိဝိနယသမထ၊ အမူဠ္ဟဝိနယသမထ၊ တဿပါပိယသိကာသမထ၊ အနုဝါဒါဓိကရုဏ်း။

၃။ သမ္မုခါဝိနယသမထ၊ ပဋိညာတကရဏသမထ၊ တိဏဝတ္ထာရက သမထ - အာပတ္တာဓိကရုဏ်း။

၄။ သမ္မုခါဝိနယသမထ - ကိစ္စာဓိကရုဏ်း။

မေး ။ သေခိယလာသာရုပ္ပသိက္ခာပုဒ်ပေါင်း မည်မျှရှိသည်ကို သချာမျှ ဖော်ပြ၍ ထိုသိက္ခာပုဒ်များကို လွန်ကျူးသောဘိက္ခုနှင့် ဘိက္ခုနီတို့၏ အာပတ်သင့်ပုံခြင်း ထူး၊ မထူးကိုလည်း အကြောင်းပြ၍ စိစစ်ပါ။

http://www.dhammadownload.com



ဖြေ ။ သရုပ္ပသိက္ခာပုဒ်ပေါင်း ၂၆ ပါးရှိသည်။ အာပတ်သင့်ပုံခြင်း မတူပါ။ ဒုက္ကဋ်အာပတ်ချည်း တူကြသည်။ အကြောင်းကား - ပဒဘာဇနီ ပါဠိတော်၌ "အာပတ္တိဒုက္ကဋဿ" ဟူ၍ ဟောတော်မူသောကြောင့်တည်း။

မေး ။ ရဟန်းတစ်ပါးအား "သင်အသက်နှစ်ဆယ် မပြည့်ဘဲ ရဟန်းခံသည်" ဟု သံသယဖြစ်စေသော ရဟန်းအားသင့်သော သိက္ခာပုဒ် ကို ပါဠိမျှရေး၍ သတိဝိနည်း၊ အမူဠ္ဌဝိနည်းပေးအပ်သော ပုဂ္ဂိုလ် တို့ကိုလည်း ဖော်ပြပါ။

ဖြေ ။ သဟဓမ္မိကဝဂ်၊ သဉ္စိစ္စသိက္ခာပုဒ်ပါဠိရေး။
သတိဝိနည်းပေးအပ်သောပုဂ္ဂိုလ်မှာ -
သတိများပြား ပြန့်ပြောလျှက်ရှိသော ရဟန္တာပုဂ္ဂိုလ်ဖြစ်ပါသည်။ (ထိုရဟန္တာကို တစ်စုံတစ်ယောက်က သီလဝိပတ္တိဖြင့် စွပ်စွဲလာလျှင် စစ်ဆေးပြီး အပြစ်ကင်းကြောင်း ထင်ရှားသဖြင့် နောင်အခါ မစွပ်စွဲနိုင်ရန် ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် သတိဝိနည်းကို ပေးရပါသည်။)
အမူဠ္ဌဝိနည်းပေးအပ်သော ပုဂ္ဂိုလ်မှာ -
တွေဝေရူးသွပ်နေသော ရဟန်းဖြစ်ပါသည်။ (ထိုရဟန်းအား အခြား ရဟန်းတို့က အာပတ်ဖြင့် စွပ်စွဲမှုများ ငြိမ်းစေဖို့ရာ မတွေဝေသည့်အခါ (မရူးသည့်အခါ) ဝယ် ဉ တ္တိစတုတ္ထကမ္မဝါစာဖြင့် အမူဠ္ဌဝိနည်းကို ပေးရ ပါသည်။)

မေး ။ အဓိကရဏသမထတို့သည် ပြုကျင့်လျှင် အာပတ်သင့်သော အရာ များ မဟုတ်ဘဲလျှက် သိက္ခာပုဒ် အမည်ရခြင်းအကြောင်းကို ရေး သားဖြေဆိုခဲ့ပါ။

ဖြေ ။ အဓိကရုဏ်းကို ငြိမ်းအေးစေနိုင်သော အဓိကရဏသမထတို့သည် ပြု ကျင့်လျှင် အာပတ်သင့်ရသော သိက္ခာပုဒ်များ မဟုတ်ကြသော်လည်း အဓိသီလသိက္ခာဟူသော ပါတိမောက်သီလများကို ရဖို့အကြောင်း (ထို သီလများ၏စင်ကြယ်သောကြောင်း) ဖြစ်သောကြောင့် သိက္ခာပုဒ် အမည်ရနိုင်ပါသည်။

မေး ။ ဘိက္ခုပါတိမောက်၌ လာသော သိက္ခာပုဒ်များကို အကျဉ်းအားဖြင့် ရေတွက်ပြပါ။ (လတ်၊ ၃၀-ခု)

ဖြေ ။ ပါရာဇိက - ၄ ပုဒ်၊
• ၀ ၄ ၄

http://www.dhammadownload.com



| | | |
|---|---|---|
| အနိယတ | - | ၂ ပုဒ်၊ |
| နိဿဂ္ဂိပါစိတ် | - | ၃၀ ပုဒ်၊ |
| သုဒ္ဓပါစိတ် | - | ၉၂ ပုဒ်၊ |
| ပါဋိဒေသနီ | - | ၄ ပုဒ်၊ |
| သေခိယ | - | ၇၅ ပုဒ်၊ |
| အဓိကရဏသမထ | - | ၇ ပုဒ်၊ |
| ပေါင်း | - | ၂၂၇ ပုဒ်။ |

မေး ။ အာပတ္တာဓိကရုဏ်းနှင့် အနုဝါဒါဓိကရုဏ်းနှစ်ခုတို့၏ ထူးခြားပုံကိုရေး၍၊ သေခိယ၌ပါသော ဓမ္မဒေသနာဆိုင်ရာ သိက္ခာပုဒ်တို့ကိုသာ အတိအကျ သချာမှုဖော်ပြပါ။ (ကြီး၊ ၃၄-ခု)

ဖြေ ။ အာပတ်သင့်နေခြင်းသည် အာပတ္တာဓိကရုဏ်းမည်၏။ အာပတ်သင့်သည်ဖြစ်စေ၊ မသင့်သည်ဖြစ်စေ၊ ထိုအာပတ်ဖြင့် သူတစ်ပါးက စွပ်စွဲခြင်းသည် အနုဝါဒါဓိကရုဏ်းမည်။ ဤသို့ထူးပါသည်။ ဓမ္မဒေသနာ သိက္ခာပုဒ် (၁၆) ပုဒ်။

မေး ။ ဝိဝါဒါဓိကရုဏ်းကို ငြိမ်းစေတတ်သော သမထတို့ကို ထုတ်ပြ၍ သမ္မုခလေးမျိုး၊ စာရေးတံသုံးမျိုးတို့ကို အစိပ္ပါယ်နှင့်ယှဉ်တွဲဖော် ပြပါ။ (ကြီး၊ ၃၇-ခု)

ဖြေ ။ ဝိဝါဒါဓိကရုဏ်းသည် သမ္မုခါဝိနယသမထ၊ ယေဘုယျသမထတို့ကြောင့် ငြိမ်း၏။

သမ္မုခလေးမျိုး

၁။ အဓိကရုဏ်းကို ငြိမ်းစေမှုကိစ္စ၌ ကာရကသံဃာ၏ ညီညွတ်စွာ မျက်မှောက်ပြုခြင်းသည် သံဃသမ္မုခတာမည်၏။

၂။ ငြိမ်းစေအပ်သောအကြောင်း ဝတ္ထုအမှုအခင်း၏ ဟုတ်မှန်ခြင်းသည် ဓမ္မသမ္မုခတာမည်၏။

၃။ ငြိမ်းစေသင့်သည့် နည်းလမ်းအတိုင်း (ဝိနည်းတော်အတိုင်း) ငြိမ်းစေခြင်းသည် ဝိနယသမ္မုခတာမည်၏။

၄။ အတ္ထပစ္စတ္ထိကမည်သော ငြင်းခုံသည် နှစ်ဖက်ပုဂ္ဂိုလ်တို့၏ မျက်မှောက်ဖြစ်ခြင်းသည် ပုဂ္ဂလသမ္မုခတာမည်၏။

http://www.dhammadownload.com



စာရေးတံ (၃) မျိုး

၁။ အလင်္ဂီများသော ပရိသတ်၌ ယူစေအပ်သော ရှင္ဂက စာရေးတံ။

၂။ လင်္ဂီများသော ပရိသတ်၌ ယူစေအပ်သော ဝိဝဋ္ဋက စာရေးတံ။

၃။ သူမိုက်များသော ပရိသတ်၌ ယူစေအပ်သော သကဏ္ဏဇပ္ပက စာရေးတံ။။

မေး ။ ဘိက္ခုပါတိမောက် မဟာနိဂုံးလာ အမှာစကားရပ်ပါဠိကိုရေးပါ။

ဖြေ ။ တ္တေကံ တဿဘဂဝတော ။ ပ။ အဝိဝဒမာနေဟိသိက္ခိတဗ္ဗန္တိ။

မေး ။ မဟာနိဂုံးလာ "သုတ္တာဂတံ သုတ္တပရိယာပန္နံ" ၌ သုတ္တအရကိုရေး၍ (က) ပါတိမောက် (၂၂၇-သွယ်သော သိက္ခာပုဒ်) သည် ဘုရားဟော ဟုတ်၊ မဟုတ် (ခ) ရွတ်ပြရာ ကာလတို့ကိုလည်း အထောက်ပြ၍ဖြေဆိုခဲ့ပါ။

ဖြေ ။ သုတ္တအရ - သုဏ္ဏိတု မေဘန္တေ အစသမထအဆုံးရှိသော ပါတိမောက်ကိုယူရပါသည်။ (တစ်နည်း)ဝိနည်းပိဋကကိုယူရပါသည်။ (က) တ္တေကံ တဿဘဂဝတော ပါဠိကိုထောက်၍ ပါတိမောက်သည် ဘုရားဟော ဟုတ်မှန်ပါသည်။ (ခ) အနုဒ္ဒမာသံ ဥဒ္ဒေသံ အာဂစ္ဆတိပါဌ်ကိုထောက်၍ အစဉ်အားဖြင့် လခွဲတိုင်း (၁၅ ရက်တစ်ကြိမ်) ပါတိမောက်ပြရပါသည်။ (မောဟနသိက္ခာပုဒ်ကိုလည်း ထောက်လေ)။

မေး ။ ဘိက္ခုပါတိမောက်၌ သိက္ခာပုဒ်မည်မျှ အာပတ်မည်မျှရှိပါသနည်း။ သချာမျှဖော်ပြခဲ့ပါ။

ဖြေ ။ ဘိက္ခုပါတိမောက်၌ သိက္ခာပုဒ်ပေါင်း ၂၂၇ ပုဒ်ရှိပါသည်။ အာပတ်ပေါင်း ၂၂၀ ရှိပါသည်။

**အဓိကရဏသမထဆိုင်ရာအဓိပ္ပါယ်ပြီး၏**

**ဘိက္ခုပါတိမောက်ပြီး၏။**

http://www.dhammadownload.com



## သေခိယတက္ကာ သေခိယဆိုင်ရာအစိပ္ပာယ်

မေး ။ အဘယ့်ကြောင့် "သေခိယ" မည်ပါသနည်း၊ သိက္ခာပုဒ် ကျင့်ဝတ်များကို အဘယ်အရပ်များ၌ ကျင့်ရပါမည်နည်း။

ဖြေ ။ သင်ထိုက်၊ ကျင့်ကြံကြိုးကုတ် အားထုတ်ထိုက်သောကြောင့် "သေခိယ" မည်၏။
(တစ်နည်း) သေက္ခ ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သောကြောင့် "သေခိယ" မည်၏။
သေခိယသိက္ခာပုဒ်ကျင့်ဝတ်များကို ကျောင်းအာရာမ်တွင်း ရွာတွင်း (ကျောင်းတွင်း၊ ကျောင်းပြင်၊ ရွာတွင်း၊ ရွာပြင်) နေရာ အရပ်အားလုံးတို့၌ ကျင့်ရပါမည်။

မေး ။ ပရိမဏ္ဍလသိက္ခာပုဒ် (၂)ပါး၌ အန္တရဃရသဒ္ဒါမပါ၍ မြို့တွင်း၊ ကျောင်းတွင်း (၂)ပါးလုံး၌ ကျင့်ရမည်ဖြစ်ရာ မြို့တွင်းဝယ် မည်သည့်အခါမျိုး၌ ကျင့်ရပါမည်နည်း၊ ထင်ရှားအောင်ထုတ်ဖော်ရေးသားပါ။

ဖြေ ။ ကျောင်းတိုက်တွင်းရော ရွာတွင်းရော ကျင့်ရမည်။ ကျောင်း တိုက်တွင်း ဆိုရာ၌ ဘုရားရှေ့ သံဃာရှေ့၌ အစည်းအဝေး သံဃာများနှင့်ဆက်ဆံရာ ဆွမ်းစားကျောင်းဒကာ ဒကာမတို့ရှေ့ စသည်နှင့် ဆရာသမား မထေရ်ကြီးများရှေ့ စသည်တို့၌ ကျင့်ရမည်။ (ဝါသူပဂတ) နေထိုင်ရန် ကပ်ရောက်သော (တည်းခိုရာ) ရွာတွင်း၌လည်း ပရိမဏ္ဍလသိက္ခာပုဒ် နှစ်ပါးစလုံး ကျင့်ရမည်။

မေး ။ သေခိယ၌ ပါရာဇိက စသည်တို့ကဲ့သို့ "ပဉ္စသတ္တတိ သေခိယာ" ဟု အဘယ့်ကြောင့် ဂဏန်းအပိုင်းအခြားကို မပြရပါသနည်း။

ဖြေ ။ သေခိယသိက္ခာပုဒ်တို့သည် ဤမျှသာ ( ပါတိမောက်လာ ၇၅-ပါးသာ) မကသေး၊ ခန္ဓကဝတ္တက္ခန္ဓကတို့၌ ဟောတော်မူ အပ်သော ကျင့်ဝတ်တို့သည်လည်း ကျင့်ထိုက်သော သေခိယများပင်ဖြစ်ကုန်၏ဟု ပြလိုသောကြောင့် သေခိယ၌ "ပဉ္စသတ္တတိသေခိယာ" ဟု ဂဏန်းအပိုင်းအခြား မပြရခြင်း ဖြစ်ပါသည်။ (တစ်နည်း) စာရိတ္တဝိနည်းကိုပြခြင်းအကျိုးငှာ ဂဏန်းအပိုင်းအခြားမပြရခြင်းဖြစ်ပါသည်။

http://www.dhammadownload.com



**မေး ။** **သေခိယသိက္ခာပုဒ်များကို အဘယ့်ကြောင့် အာပတ် အမည်တပ်၍ မဟောအပ်ပါသနည်း၊ သိက္ခာပုဒ်များကို ကျူးလွန်လျှင် အာပတ်သင့် မသင့်ကိုလည်း စိစစ်ပြခဲ့ပါ။**

**ဖြေ ။** သေခိယကျင့်ဝတ်များသည် စာရိတ္တနည်းဖြစ်၏ဟုပြခြင်း အကျိုးငှာ "ယောပနဘိက္ခုသြလမ္ဗန္တော နိဝါသေယျဒုက္ကဋံ" ဟု အာပတ်အမည် တပ်၍ မဟောအပ်ဘဲ သိက္ခာကရဏီယာဟုဆိုရပါသည်။

သို့သော် ပဒဘာဇနီ၌ "အာပတ္တိဒုက္ကဋဿ" ဟု ဟောတော်မူအပ်သော ကြောင့် သေခိယသိက္ခာပုဒ်တို့၌ မလေးမစားပြုလျှင် ဒုက္ကဋ်အာပတ် သင့်၏ဟု မှတ်ရပါမည်။

**မေး ။** **အဘယ်သို့ဝတ်ခြင်းကို "ပရိမဏ္ဍလနိဝါသန = အဝန်းညီစွာဝတ်သည်" ဟု ခေါ်ပါသနည်း။**

**ဖြေ ။** သင်းပိုင်ကိုဝတ်ရာ၌ အထက်အပိုင်း ချက်အဝန်းကို ဖုံးလွှမ်း၍လည်း ကောင်း၊ အောက်ပိုင်းဒူးဆစ်အောက် ခြေသလုံးရိုးမှစ၍ လက်ရှစ်သစ်ချ ၍လည်းကောင်း ဝတ်ခြင်းကို "ပရိမဏ္ဍလ နိဝါသန = အဝန်းညီစွာဝတ် သည်" ဟုခေါ်ပါသည်။

**မေး ။** **အဘယ်သို့ဝတ်လျှင် အာပတ်သင့်ပါသနည်း ဖြေဆို၍ လူတို့၏ ဝတ်ပုံ ဝတ်နည်းအမျိုးမျိုးကိုလည်း ပေါ်လွင်အောင် ရေးသားခဲ့ပါ။**

**ဖြေ ။** မရိုမသေ မလေးမစားသဖြင့် ရှေ့နောက်မှ တွဲလျားချ၍ ဝတ်လျှင် လည်းကောင်း၊ အခြားသောလူတို့ ဝတ်ပုံဝတ်နည်းကို ဝတ်လျှင်လည်း ကောင်း ဒုက္ကဋ်အာပတ်သင့်ပါသည်။

**လူတို့၏ဝတ်ပုံဝတ်နည်းအမျိုးမျိုး**

(၁) စောင့်တိုင်းသူ မိန်းမတို့၏ ဝတ်ခြင်းကဲ့သို့ ချက်အရင်းမှစ၍ ဆင်နှာ မောင်းပုံသဏ္ဌာန်ရှိအောင် တွဲလျားချ၍ဝတ်ခြင်းသည် "ဟတ္ထိ သောဏ္ဍက - ဆင်နှာမောင်းနှင့်တူသောဝတ်ခြင်း" မည်၏။

(၂) တစ်ဘက်၌ အမြိတ်အဆာအစွန်းကိုလည်းကောင်း၊ တစ်ဘက်၌ အတွင်း အစွန်းကိုလည်းကောင်း တွဲလျားချ၍ဝတ်ခြင်းသည် "မစ္ဆဝါ လက = ငါးကြင်းမြီးနှင့်တူသောဝတ်ခြင်း" မည်၏။

(၃) အထက်၌ အနားနှစ်ခုအောက်၌ အနားနှစ်ခုအားဖြင့် အနားလေးခုပြု၍ ဝတ်ခြင်းသည် "စတုက္ကဏ္ဏကဝတ်နည်း" မည်၏။

(၄) ထန်းရွက်ယပ်ဝန်းပုံသဏ္ဌာန်ဖြင့် အဝတ်ကိုတွဲလျားချ၍ ဝတ်ခြင်းသည် "တာလဝဏ္ဍကဝတ်နည်း" မည်၏။

http://www.dhammadownload.com



(၅) ရှည်သောအဝတ်ကို အတွန့်များစွာတွန့်၍ အတွန့်အလိပ်ရှိသည်ကို ပြုလျက် ဝတ်ခြင်းသည် "သတဝလိကဝတ်နည်း" မည်၏။ (တစ်နည်း) လက်ဝဲလက်ယာ နံပါးတို့၌ အကြားမရှိအောင် အတွန့်တို့ကိုပြု၍ ဝတ်ခြင်းသည် "သတဝလိကဝတ်နည်း" မည်၏။

(၆) လက်ဖွေ့သမားအလုပ်သမား စသည်ကဲ့သို ခါးတောင်းကျိုက်၍ ဝတ်ခြင်းသည် "သံဝလ္လိယဝတ်နည်း" မည်၏။

**မေး ။ သင်းပိုင်နှစ်ထည်ကိုထပ်၍ ဝတ်ကောင်းပုံကိုရေးခဲ့ပါ။**

ဖြေ ။ (၁) မကျန်းမာသောရဟန်းသည် အတွင်းသင်းပိုင် တစ်ထည်ကို ယခုခေတ်ထုံးစံအတိုင်း လိပ်၍ဝတ်ပြီး အခြား သင်းပိုင်တစ်ထည်ကို အပေါ်၌ဝတ်ရုံသာပတ်လျှက် ဝတ်ကောင်းပါသည်။

(၂) ကျန်းမာသောရဟန်းသည် သင်းပိုင်နှစ်ထည်လုံးကို ထပ်ပြီးမှ ဝတ်ကောင်းပါသည်။ ခရီးသွားစဉ် သင်းပိုင်၏ အောက်အနားစွန်း တစ်ခုကိုဖြစ်စေ၊ နှစ်ခုကိုဖြစ် စေ၊ မြှောက်၍ သင်းပိုင်အထက်၌ ဆွဲချိတ်ဝတ်ခြင်းနှင့် အတွင်းက သင်းပိုင် တစ်ထည်ကို ထိုအတိုင်း ဝတ်ပြီး အပေါ်၌ သင်းပိုင် တစ်ထည်ထပ်၍ဝတ်ခြင်းငှာ မအပ်ပါ။

**မေး ။ သေခိယသိက္ခာပုဒ်တို့၏ နိဒါန်း၊ ပုဂ္ဂိုလ်၊ ဝတ္ထုတို့ကို အကျဉ်းချုပ် ထုတ်ပြ၍ အနုပညတ်ပါသော သိက္ခာပုဒ်များကိုလည်း ဖော်ပြခဲ့ပါ။**

ဖြေ ။ (၁) သုရုသုရုကာရသိက္ခာပုဒ်ကို ကောသမ္ဗီပြည်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူပါသည်။

(၂) ပါနီယထာလကသိက္ခာပုဒ်နှင့် သသိတ္ထကသိက္ခာပုဒ် ၂ ခု တို့ကို ဘဂ္ဂတိုင်း၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူပါသည်။

(၃) ကြွင်းသောသိက္ခာပုဒ် (၇၂)ပါးကို သာဝတ္ထိပြည်၌ ဆဗ္ဗဂ္ဂီ ရဟန်းတို့ကိုအကြောင်းပြု၍ ပညတ်တော်မူပါသည်။

ဝတ္ထု - သိက္ခာပုဒ် ပညတ်ရခြင်းအကြောင်းရင်းမှာ - ထိုထို သိက္ခာပုဒ်များ၌လာသည့်အတိုင်း မညီမညွတ်ဝတ်ခြင်း၊ ရုံခြင်း စသောအကြောင်းများ ပင်ဖြစ်ပါသည်။

**အနုပညတ်ပါသော သိက္ခာပုဒ်များ**

သဏ္ဍစ္စဝဂ်သတ္တမသူပေါဒနပိညတ္တိသိက္ခာပုဒ် ၁ ပုဒ်၊ သုရုသုရုဝဂ် နောက်ဆုံးသိက္ခာပုဒ် ၄ပုဒ် (ဆတ္တ၊ ဒဏ္ဍ၊ သတ္ထ၊ အာဝုဓ ၄-ပုဒ်) ပါဒုကဝဂ်

http://www.dhammadownload.com



အားလုံး ၁၅ ပုဒ် ပေါင်း ၂၀ ဖြစ်ပါသည်။) ထိုထိုသိက္ခာပုဒ်၌ ဂိလာန၏ အစွမ်းအားဖြင့် အနုပညတ်တစ်ခုစီပါရှိကြ၏။

အနုပညတ်ကား - ဂိလာနအနုပညတ်ဖြစ်ပါသည်။

**မေး ။** **သေခိယ၌ သာရုပ္ပဘောဇနေ၊ ဓမ္မဒေသနာ၊ ဥစ္စာရ သိက္ခာပုဒ်ပေါင်း မည်မျှစီရှိသည်ကို သိသာရုံရေတွက်ပြပါ။**

**ဖြေ ။** **သာရုပ္ပသိက္ခာ ၂၆ ပါးကား**

ပရိမဏ္ဍလဝဂ်မှ (၁၀) ပုဒ်

ဥဇ္ဇုဂ္ဃိကဝဂ်မှ (၁၀) ပုဒ်

ခမ္ဘကတဝဂ်မှ (ပလ္လတ္ထိကအထိ)( ၆ ) ပုဒ် ပေါင်း ၂၆ ပုဒ် ဖြစ်သည်။

**ဘောဇနပဋိသံယုတ္တသိက္ခာပုဒ် (၃၀) ကား**

ခမ္ဘကတဝဂ်မှ(သက္ကစ္စမှအဆုံးအထိ) (၄) ပုဒ်

သက္ကစ္စဝဂ်မှ (၁၀) ပုဒ်

ကဗဠဝဂ်မှ (၁၀) ပုဒ်

သုရုသုရုဝဂ်မှ (သသိတ္ထကအထိ) (၆) ပုဒ် ပေါင်း ၃၀ ဖြစ်သည်။

ပါဒုကဝဂ် နဋ္ဌိတော အဂိလာနော မှ အဆုံးအထိ ၃ ပုဒ် ဖြစ်ပါသည်။

အားလုံးပေါင်း သေခိယ ၇၅ ပါးဖြစ်ပါသည်။

အမှာ။ ဥစ္စာရသိက္ခာပုဒ် ၃ ပါးကိုပါထည့်သွင်း၍ သာရုပ္ပသိက္ခာ ပုဒ် ၂၉ ပါး ဟုလည်း ရေတွက်ကြပါသည်။

**မေး ။** **သင်္ကန်းကို အဝန်းညီစွာမဝတ်မရုံတိုင်း အပြစ်ရှိပါသလော ဖြေဆို၍ အတို၊ အရှည်ဝတ်သော်လည်း အပြစ် မဖြစ်နိုင်ပုံကိုလည်း ရေးသား ဖြေဆိုခဲ့ပါ။**

**ဖြေ ။** သင်္ကန်းကို ညီညွတ်စွာဝတ်ပါလျက် မညီညွတ်ခဲ့သော်လည်း အမှတ်တမဲ့သော်လည်းကောင်း၊ မဝတ်တတ်သေး၍သော်လည်းကောင်း၊ ကျင့်ဝတ်နားမလည်သေး၍သော်လည်းကောင်း၊ ဂိလာနဖြစ်ခြင်း၊ ဘေးရန်ရှိခြင်း၊ ဥမ္မတ္တက စသည်ဖြစ်ခြင်းကြောင့်လည်းကောင်း အဝန်းညီစွာ မဝတ်ရုံမိသော်လည်း ကောင်း အပြစ်မရှိပါ။

ခြေသလုံးခြောက်သောရဟန်း၊ ခြေသလုံးကြွက်သားကြီးသော ရဟန်းများသည် လျောက်ပတ်ခြင်းအကျိုးငှာ လက်ရှစ်သစ် ထက်ပို၍ ချပြီးဝတ်ကောင်းပါသည်။ ခြေသလုံး၌လည်းကောင်း၊ ခြေ၌လည်းကောင်း အနာပေါက်သောရဟန်းသည် သင်းပိုင်ကို မြှောက်၍လည်းကောင်း၊ အောက်ချ၍လည်းကောင်း လက်ရှစ်သစ်ထက် အတိုအရှည် ဝတ်ကောင်းပါသည်။

http://www.dhammadownload.com



မေး ။ ဤပရိမဏ္ဍလသိက္ခာပုဒ်၏ အင်္ဂါ ၃ ပါးကိုရေးခဲ့ပါ။

ဖြေ ။ (၁) ရိုသေလေးစားမှုမရှိခြင်း၊
(၂) အနာပတ္တိဖြစ်ရန်အကြောင်းမရှိခြင်း၊
(၃) အဝန်းသုံးပါးကို ညီစွာမဝတ်ခြင်းတို့ဖြစ်ပါသည်။

မှတ်ချက်။ ရှေ့အင်္ဂါ ၂ ပါးသည် သေခိယသိက္ခာပုဒ်အားလုံးနှင့်ဆိုင်သော အင်္ဂါဖြစ်၏။ နောက်ဆုံးတစ်ပါးကား ထိုထိုသိက္ခာပုဒ်၌ပြသော ကျင့်ဖွယ်ကို ဆန့်ကျင်ဖက်ပြုထားသော အင်္ဂါဖြစ်၏။ နောက်သိက္ခာပုဒ်တို့၌ သိနိုင်လောက်ပြီဖြစ်၍ အင်္ဂါကို မပြဆိုတော့ပြီ။

မေး ။ အဘယ်ကို "ပရိမဏ္ဍလပါရုပန-အဝန်းညီစွာရုံသည်" ဟု ခေါ်ပါသနည်း။

ဖြေ ။ လူတို့ခြုံရုံနည်းကို မခြုံရုံဘဲ ပခုံးတင်သောသင်္ကန်း၏ အနားစွန်းနှစ်ဘက်တို့ကိုအညီအမျှထား၍ ခြုံခြင်း၊ ရုံခြင်း၊ ရမ်းခြင်းကို "ပရိမဏ္ဍလပါရုပန - အဝန်းညီစွာရုံသည်" ဟု ခေါ်ပါသည်။

မေး ။ ဂိဟိပါရုတဟုခေါ်အပ်သော လူတို့ဝတ်နည်း၊ ခြုံနည်းအမျိုးမျိုးကို ရေးခဲ့ပါ။

ဖြေ ။ (၁) အဝတ်ဖြူဝတ်လျက် အထက်ပိုင်းကိုယ်တစ်ဝက်ကိုသာ စောင့်ရှောက်သော နိဂဏ္ဌတို့၏ ခြုံရုံခြင်းသည် "သေတပဋပါရုတ" မည်၏။
(၂) ရင်ကိုဖွင့်၍ ပခုံးစွန်းနှစ်ဘက်တို့၌ ခြုံထည်ကိုထားကုန်သော ပရိဗိုဇ်တို့ကဲ့သို့ ခြုံခြင်းမျိုးသည် "ပရိဗ္ဗဇကပါရုတ" မည်၏။
(၃) ဝတ်အပ်သောအဝတ်၏ အစွန်းတစ်ခုဖြင့် ကျောက်ကုန်း ကိုခြုံ၍ အနားစွန်းနှစ်ဘက်တို့ကို ပခုံးနှစ်ဘက်တို့၌ ထားကုန်လျက် ဝတ်ရုံကုန်သော အဝတ်တစ်ထည်ရှိသော လူတို့၏ ခြုံနည်းသည် "ကေသာဋကပါ႑တ" မည်၏။
(၄) အဝတ်ဖြင့် လည်ပင်းကိုရစ်ပတ်၍ အစွန်းနှစ်ဘက်တို့ကို ရင်ဘတ်၌ တွဲလျားချကုန်သကဲ့သို့လည်းကောင်း၊ ကျောက်ကုန်း၌ ပစ်ချကုန်သကဲ့သို့လည်းကောင်း ဝတ်ကုန်သော အရက်သမားတို့၏ ခြုံနည်းသည် "သုရာသောဏ္ဍပါရုတ" မည်၏။
(၅) မျက်လုံးပေါက်မျှကိုပြ၍ ခေါင်းမြီးခြုံလျက် ရုံကုန်သော နန်းတွင်းသူ စသည်တို့၏ ခြုံရုံခြင်းသည် "အန္တေပုရိကပါရုတ" မည်၏။

http://www.dhammadownload.com



(၆) ရှည်သောအဝတ်ကိုဝတ်၍ ထိုအဝတ်၏အစွန်းတစ် ဖက်ဖြင့်ပင် တစ်ကိုယ်လုံးကိုခြုံသော လက်သမားကြီးတို့၏ ဝတ်နည်းမျိုးသည် "မဟာဗေဒ္ဓပါရုတ" မည်၏။

(၇) လယ်တဲကုပ်သို့ ဝင်သော လယ်သမားတို့သည် အဝတ်ကို ရစ်ပတ်၍ ချိုင်းကြား၌ထည့်သွင်းပြီး ထိုအဝတ်၏ အစွန်းတစ်ဖက်ဖြင့်ပင် တစ်ကိုယ်လုံးခြုံသော ဝတ်နည်းသည် "ကုဋိပဝေသကပါရုတ" မည်၏။

(၈) လက်ကတီးကြား (ချိုင်းကြား) နှစ်ခုတို့၏အကြား၌ အဝတ်ကို သွင်းပြီး ပခုံးစွန်းနှစ်ဘက်တို့၌ ထည့်သွင်းသကဲ့သို့ ပုဏ္ဏားတို့၏ ရုံခြင်းမျိုးသည် "ဗြဟ္မဏပါရုတ" မည်၏။

(၉) သံဃာများကို စီတန်းပေးသောရဟန်း၏ လက်ဝဲတစ်ဘက် ပခုံးကို ခြုံခြင်းဖြင့် ခြုံအပ်သော လက်ဝဲလက်မောင်းကိုဖွင့် ပြီး သင်္ကန်းကို ပခုံးစွန်း၌တင်သကဲ့သို့ရုံခြင်းသည် "ပါဠိကာရကပါရုတ" မည်၏။

မေး ။ သုပ္ပဋိစ္ဆန္န ဂမနဖြစ်အောင် မည်သို့ပြုလုပ်၍ သွားလာရပါမည်နည်း။

ဖြေ ။ အနားပတ်သီးကိုတပ်၍ အလျား အနားတပ်စွန်းဖြင့် လည်ပင်းကို ဖုံးလွှမ်းပြီး သင်္ကန်းအနား နှစ်ဘက်တို့ကို အညီအမျှပြုလိပ်ကာ လက်ကောက်ဝတ်တိုင်အောင် ဖုံးလွှမ်းလျက် သင်္ကန်းရုံ၍ သွားလာရပါမည်။ ထိုသို့ သင်္ကန်းမရုံဘဲ ပဆစ်၊ ဒူးဆစ်၊ ပခုံးစွန်း၊ ရင်တို့ကိုဖွင့်၍ သွားသော ရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်ပါသည်။

မေး ။ သုပ္ပဋိစ္ဆန္နနိသီဒနဖြစ်အောင် မည်သို့ပြုလုပ်၍ နေထိုင်ရပါမည်နည်း။

ဖြေ ။ လည်မျိုတွင်းငယ်မှစ၍ အထက်ဦးခေါင်းကိုလည်းကောင်း၊ လက်ကောက်ဝတ်မှစ၍ အပြင်လက်တို့ကိုလည်းကောင်း၊ ခြေသလုံးကြွက်သားမှစ၍ အောက်ခြေတို့ကိုလည်းကောင်းဖော်၍ အခြားကိုယ်အင်္ဂါများကို ဖုံးအုပ်လျက် နေထိုင်ရပါမည်။

မေး ။ ဝါသူပဂတ-အရ အဘယ်မျှလောက်နေမှ တည်းခိုသည် မည်ပါသနည်း ရှင်းပြခဲ့ပါ။

ဖြေ ။ ဝါသူပဂတအရ ညဉ့်အိပ်၊ ညဉ့်နေနေမှ တည်းခိုသည် မည်၏ဟု ကင်္ခါဋီကာသစ် ဆရာဆိုပါသည်။

အဋ္ဌကထာကြီး အလိုကား ညဉ့်အဖို့ဖြစ်စေ၊ နေ့အဖို့ဖြစ်စေ တည်းခိုနေထိုင်ခြင်း နှစ်မျိုးလုံး ဝါသူပဂတ-ဖြစ်၏ဟုဆိုပါသည်။

http://www.dhammadownload.com



မေး ။ အဘယ်သို့ နေထိုင်ခြင်းကို သုသံဝုတဖြစ်အောင် နေထိုင်ခြင်းဟု ခေါ်ပါသနည်း။

ဖြေ ။ လက်ခြေတို့ကို မကစားဘဲ ကောင်းစွာ ဆုံးမအပ်သည်ဖြစ်၍ နေထိုင်ခြင်းကို သုသံဝုတဖြစ်အောင် နေထိုင်ခြင်းဟုခေါ်ပါသည်။

မေး ။ ဩက္ခိတ္တစက္ခုဖြစ်အောင် မည်သို့ကြည့်၍ သွားရပါမည်နည်း။

ဖြေ ။ ဩက္ခိတ္တစက္ခုဖြစ်အောင် အောက်၌ချထားအပ်သော မျက်လုံးရှိသည်ဖြစ်၍ ရှေ့၌ရထား ထမ်းပိုးတစ်ပြန်မျှလောက်သော မြေအရပ်ကိုကြည့်၍သွားရပါမည်။

မေး ။ လေးတောင်ခန့်ထက်ပို၍ မကြည့်ကောင်းဟု မှတ်ရမည်လော၊ ကြည့်ကောင်းသောအကြောင်းများရှိကထုတ်ပြခဲ့ပါ။

ဖြေ ။ မမှတ်ရပါ။ တစ်နေရာရာ၌ ရပ်၍ဖြစ်စေ၊ သွားလာ၍ ဖြစ်စေ ဆင်မြင်း၊ ရထား၊ မော်တော်ကား စသောဘေးရန်များ ရှိ မရှိ ကြည့်ကောင်းပါသည်။

ရွာထဲဝယ် ဘုရားပူဇော်ပွဲပြုလုပ်ရာ၌လည်း ဩက္ခိတ္တ စက္ခုမချဘဲ ပူဇော်ဖူးမြော်ကောင်းပါသည်။

မေး ။ အဘယ်ကို "ဥက္ခိတ္တ" ဟု ခေါ်ပါသနည်း၊ ယင်းသို့ အဘယ်အရပ်၌ စ၍ မသွားကောင်းပါသနည်း။

ဖြေ ။ တစ်ဘက်မှဖြစ်စေ၊ နှစ်ဘက်စလုံးဖြစ်စေ ခါးအထက် ခါးပန်းကြိုးပေါ်အောင် မြှောက်ပင့်အပ်သော သင်္ကန်းရှိသည်ကို "ဥက္ခိတ္တ" ဟုခေါ်ပါသည်။

ရွာတံခါးခုံအတွင်းမှစ၍ သင်္ကန်းကိုမြှောက်ပင့်လျက် မသွား ကောင်းပါ

မေး ။ ဥဇ္ဇဂ္ဃိကအရ၊ အပြစ်လွတ်အောင် မည်သို့ရယ်ရမည်နည်း။

ဖြေ ။ မြို့ရွာအတွင်း၌ ရယ်စရာအကြောင်းရှိခဲ့သော် တဟားဟား စသည်ဖြင့်ကျယ်လောင်စွာ မရယ်ရ၊ ပြုံးရုံမျှလောက်သာ ပြုံးရပါမည်။

မေး ။ အပ္ပသဒ္ဒ-တိုးသောအသံ၊ မဟာသဒ္ဒ-ကျယ်သောအသံတို့ကို ပိုင်းခြားပြခဲ့ပါ။

ဖြေ ။ ၁၂ တောင်ရှိသော အိမ်ဝယ်အစ၌ သံဃထေရ်၊ အလယ်၌ ဒုတိယထေရ်၊ အဆုံး၌ တတိယထေရ်တို့ ထိုင်နေကြရာ သံဃထေရ်က ဒုတိယထေရ်နှင့် တိုင်ပင်နှီးနှောပြောဆိုရာတွင် ဒုတိယထေရ်သည်သာ သံဃထေရ်၏စကားပြောသံကိုလည်းကြား- အဓိပ္ပါယ်ကိုလည်း နားလည်

http://www.dhammadownload.com



၍ တတိယထေရ်ကား အသံကိုသာကြားပြီး စကားလုံးမကွဲပြား နား မလည်လျှင် "အပ္ပသဒ္ဒ-တိုးသောအသံ" မည်ပါသည်။ တတိယထေရ် သည် စကားလုံးကွဲကွဲပြားပြား မှတ်သားနားလည်လျှင် "မဟာသဒ္ဒ- ကျယ်သောအသံ" မည်ပါသည်။

မေး ။ ကာယပ္ပစာလက မဖြစ်အောင် အဘယ်သို့သွားလာနေထိုင်ရပါမည် နည်း။

ဖြေ ။ ကိုယ်စသည်တို့ကို မြဲမြံစွာယူ၍ မတုန်မလှုပ်အောင် ဖြောင့်ဖြောင့် မတ်မတ်ထား၍ သွားလည်းသွားလာရပါမည်။ နေလည်း နေထိုင်ရပါ မည်။

မေး ။ အဘယ်သို့သွားခြင်းကို "ဥက္ကုဋိကာ ဖဝါးဆွံ့နင်း၍ သွားခြင်း" ဟု ခေါ်ပါသနည်း။

ဖြေ ။ ဖနောင့်တို့ကို မြှောက်၍ ခြေဖျားတို့ဖြင့်သာလည်းကောင်း၊ ခြေဖျားတို့ ကိုမြှောက်၍ ဖနောင့်တို့ဖြင့်သာလည်းကောင်း မြေ၌ ထိလျက်သွား ခြင်းကို "ဥက္ကုဋိကာ-ဖဝါးဆွံ့နင်း၍သွားခြင်း" ဟု ခေါ်ပါသည်။

မေး ။ ပလ္လတ္ထိကနှစ်မျိုးကို အဓိပ္ပါယ်နှင့်တကွ ရေးခဲ့ပါ။

ဖြေ ။ (၁) ထိုင်သည့်အခါ ဒူးနှစ်ဘက်ကိုထောင်၍ လက်ဖြင့်ပတ်ဖွဲ့လျက် ထိုင်နေခြင်းကို "ဟတ္ထပလ္လတ္ထိက ‑ လက်အာယောဂပတ်" ဟုခေါ် ပါသည်။

(၂) အဝတ်သက်န်းဖြင့် ရစ်ပတ်သိုင်းဖွဲ့လျက် ထိုင်နေခြင်းကို "ဒုဿ ပလ္လတ္ထိက ‑ ပုဆိုးအာယောဂပတ်" ဟု ခေါ်ပါသည်။

မေး ။ အဘယ်သို့ ခံယူခြင်းကို "သက္ကစ္စပဋိဂ္ဂဟဏ၊ ပတ္တသညီ ပဋိဂ္ဂဟဏ" ဟု ဆိုပါသနည်း။

ဖြေ ။ ဆွမ်းခံရာ၌ သတိကိုဖြစ်စေ၍ ဆွမ်းကို လိုလိုချင်ချင် လေးလေးစားစား ရိုသေစွာခံယူခြင်းကို "သက္ကစ္စပဋိဂ္ဂဟဏ" ဟု ဆိုပါသည်။ ဆွမ်းခံနေစဉ် ဟိုဟိုသည်သည် မကြည့်ဘဲ မိမိသပိတ်၌သာ အမှတ် ထား၍ ဆွမ်းခံယူရခြင်းကို "ပတ္တသညီပဋိဂ္ဂဟဏ" ဟု ဆိုပါသည်။

မေး ။ အဘယ်ဆွမ်းမျိုးကို "သမသူပက-ညီမျှသော ပဲဟင်းရှိသောဆွမ်း"ဟု ခေါ်ပါသနည်း။

ဖြေ ။ ပဲနောက် မတ်ပဲတို့ဖြင့်လည်းကောင်း၊ ပဲပိစပ် စသည်တို့ဖြင့် လည်း ကောင်း ပြုလုပ်အပ်သော လက်ကော်၍ ရနိုင်လောက်သော ပဲဟင်း

http://www.dhammadownload.com



သည် ဆွမ်း၏လေးဖို့တစ်ဖို့ ပမာဏရှိလျှင် ထိုဆွမ်းကို "သမသူပက-ညီမျှသော ပဲဟင်းရှိသောဆွမ်း" ဟု ခေါ်ပါသည်။

မေး ။ သမသူပကံ-၌ သူပအရကိုရေး၍ အဘယ်ဟင်းမျိုးကို "ရသ ရသ-အလွန်အရသာရှိအောင်ဟင်း" ဟု ခေါ် ပါသနည်း။

ဖြေ ။ သူပအရ - ပဲနောက် မတ်ပဲတို့ဖြင့်လည်းကောင်း၊ ပဲပိစပ် စသည်တို့ဖြင့်လည်းကောင်း ပြုလုပ်အပ်သော လက်ကော်၍ ရနိုင်လောက်သော ပဲဟင်းကိုယူရပါသည်။

ပဲဟင်းကိုချန်ထား၍ ကြွင်းသောပဲဟင်း၏ အစီးအပွားဖြစ်သော ဟင်းရွက်ဟင်း၊ သားငါးဟင်း စသော ဟင်းအရံထူးကို "ရသ ရသ အလွန်အရသာရှိသောဟင်း" ဟု ခေါ်ပါသည်။

မေး ။ ပဲဟင်းကို များစွာခံယူကောင်းသော အကြောင်းများရှိက ထုတ်ပြ၍ သားငါးဟင်း အသုပ်၊ အကြော်စသော အလွန်အရသာရှိသော ဟင်းကို လေးဖို့တစ်ဖို့ထက် အပိုအလွန် ခံယူကောင်းပါသလော ရှင်းပြခဲ့ပါ။

ဖြေ ။ ဆွေမျိုးတော်သူ၊ ဖိတ်ကြားထားသူတို့၌လည်းကောင်း၊ အခြားသူအတွက်လည်းကောင်း၊ မိမိ၏ အပ်သောဥစ္စာတို့ဖြင့်လည်းကောင်း ပဲဟင်းကိုများစွာ အပိုအလွန်ခံယူသော်လည်း အပြစ်မရှိပါ။

သားငါးဟင်း အသုပ်၊ အကြော်စသော အလွန် အရသာရှိသော ဟင်းကို လေးဖို့တစ်ဖို့ထက် အပို အလွန်ခံယူကောင်းပါသည်။

မေး ။ သမတိတ္တိကံ ပိဏ္ဍပါတံ၌ အဘယ်ဆွမ်းကို "သမတိတ္တိက-အညီအမျှပြည့်သောဆွမ်း" ဟု ခေါ်သည်ကိုရေး၍ ပိဏ္ဍပါတအရကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ ။ အဓိဋ္ဌာန်လောက်သော သပိတ်၏ အတွင်းနှုတ်ခမ်းရစ် အရေးကို မကျော်လွန်ဘဲ စီထား၊ ထည့်ထားအပ်သောဆွမ်းကို "သမတိတ္တိက-အညီအမျှပြည့်သောဆွမ်း" ဟု ခေါ်ပါသည်။

ပိဏ္ဍပါတ-အရ ယာဝကာလိက ခဲဖွယ်ဘောဇဉ်ကို ယူရပါသည်။

မေး ။ အဘယ်သို့သော သပိတ်ဖြင့် အဘယ်ဝတ္ထုများကို မို့မောက်အောင် ခံယူကောင်းသည်၊ မခံယူကောင်းသည်တို့ကို ရှင်းပြခဲ့ပါ။

ဖြေ ။ အဓိဋ္ဌာန်လောက်သော သပိတ်ဖြင့်သာ ယာဝကာလိကကို မိုမောက်အောင် မခံယူကောင်းပါ။

http://www.dhammadownload.com



အဓိဋ္ဌာန် မလောက်သော သပိတ်ဖြင့်ကား ယာဝကာလိကကို မိုမောက်အောင် ခံယူကောင်း၏၊ ယာမ၊ သတ္တာဟ၊ ယာဝဇီဝိကတို့ကိုမူ အဓိဋ္ဌာန်လောက်၊ မလောက်သော သပိတ်ခွက် ၂ မျိုးဖြင့် မိုမောက်အောင် ခံယူကောင်းပါသည်။

မေး ။ "ထူပီကတ-ထူပကဲ့သို့ မိုမောက်အောင် ပြုအပ်သည်" မမည်သော ဝတ္ထုများကို ဖော်ပြခဲ့ပါ။

ဖြေ ။ (၁) သပိတ်နှစ်လုံးတို့၌ မမောက်အောင် ခံယူ၍ သပိတ်တစ်လုံးတည်း၌ ပြည့်မောက်နေအောင်ပေါင်း၍ ကျောင်းပို့အပ်သော ဆွမ်းသည်လည်းကောင်း၊

(၂) လောင်းထည့်စဉ် အောက်သို့လျှံကျသွားသော မုန့်ကြွပ်ပိုင်း သစ်သီးကြီးငယ်စသော အာဟာရသည်လည်းကောင်း၊

(၃) သပိတ်ပေါ်တင်၍ ပေးလှူအပ်သော ဦးဆောက်ပန်း သဏ္ဍာန်ရှိသော ကရဝေးရွက်စသည်တို့သည်လည်းကောင်း၊

(၄) ဖာရွက်၌ဖြစ်စေ၊ ခွက်ငယ်၌ဖြစ်စေ ထည့်၍သပိတ်ပေါ်တင်ပြီး လှူအပ်သော အာဟာရသည်လည်းကောင်း "ထူပီကတ-ထူပကဲ့သို့ မိုမောက်အောင် ပြုအပ်သည်" မမည်ပါ။ ၎င်းဝတ္ထုအာဟာရတို့ကို ခံယူကောင်းပါသည်။

မေး ။ ဂိလာနရဟန်း မိုမောက်အောင်ခံယူလျှင် အာပတ်သင့် မသင့်အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

ဖြေ ။ ဤသိက္ခာပုဒ် အနာပတ္တိဝါရ၌ ဂိလာနဿဟု မဟောသောကြောင့် ဂိလာန ရဟန်းသည် မိုမောက်အောင် ခံယူလျှင် အာပတ်သင့်နိုင်ပါသည်။ ထို့ကြောင့် ဂိလာနရဟန်းသည်လည်း သပိတ်အတွင်း အနားရေးနှင့် ညီမျှသော ဆွမ်းကိုသာခံယူရပါသည်။

မေး ။ အဘယ်သို့စားခြင်းကို "သပဒါနဘုဉ္ဇန အစဉ်အတိုင်းစားခြင်း" ဟု ခေါ်ပါသနည်း။

ဖြေ ။ ဆွမ်းစားသောအခါ ဆွမ်းခွက်ထဲ၌ ဟိုနေရာနှိုက်ယူ၊ သည်နေရာနှိုက်ယူသောအားဖြင့် နှိုက်ယူရာအရပ်မပြုဘဲ မိမိဘက်ရှိ အစမှစ၍ အစဉ်အတိုင်း ယူစားခြင်းကို "သပဒါန ဘုဉ္ဇန-အစဉ် အတိုင်းစားခြင်း" ဟု ခေါ်ပါသည်။

မေး ။ အဘယ်သို့သောအရပ်ကို "ထူပက" ဟု ခေါ်ပါသနည်း။

ဖြေ ။ စေတီပုထိုးကဲ့သို့ မိုမောက်နေသော ဆွမ်းဦးဆွမ်းထိပ် (စားခွက်၏ အလယ်ဗဟို) အရပ်ကို "ထူပက" ဟု ခေါ်ပါသည်။

http://www.dhammadownload.com



**မေး ။ သူပအရ - ဗျဥ္စနအရတို့ကိုဖော်ပြ၍ ဖုံးအုပ်တိုင်း အပြစ်ဖြစ်ပါသလော ရှင်းပြခဲ့ပါ။**

ဖြေ ။ 'သူပအရ - သောက်၍ စားကောင်းသော ပဲဟင်းရည် စသည်ကို ယူရပါမည်။

ဗျဥ္စနအရ - သားငါးစသော ဟင်းလျာများကို ယူရပါမည်။ သား ငါး မသတ်ရဟု ကြွေးကြော်ရာ အခါကြီး ရက်ကြီးများ၌ ဆွမ်းအလှူရှင်တို့က သားငါးဟင်းလျာကို ဖုံးအုပ်၍ လှူဒါန်းခဲ့သော်လည်းကောင်း များများ အလိုရှိ၍မဟုတ်ဘဲ ဖုံးအုပ်ခဲ့ သော်လည်းကောင်း အပြစ်မရှိပါ။ အလျှုခံ ယူကောင်းပါသည်။

**မေး ။ သူပ-ဗြဒန- အရတို့ကို ဤသိက္ခာပုဒ်အရ တောင်းကောင်းသော အကြောင်းများကိုလည်း ရေးခဲ့ပါ။**

ဖြေ ။ သူပ၊ ဗြဒနတို့အရ - ပဏီတဘောဇဉ်မှ တစ်ပါးသော စား သောက်ဖွယ် ဟင်းထမင်းအားလုံးကို ယူရပါသည်။

ထိုသူပ၊ ဗျဥ္စန ကို ဉာတိ ပဝါရိတတို့အထံ၌ လည်းကောင်း၊ မိမိ၏ အပ်သော ဥစ္စာဖြင့်လည်းကောင်း တောင်းကောင်းပါသည်။ အပြစ် မရှိပါ။

**မေး ။ မည်သို့သောစိတ်ထားဖြင့် သူတစ်ပါးသပိတ်ကို ကြည့်ကောင်းပါ သနည်း။**

ဖြေ ။ နည်းနေလျှင် လှူမည်၊ များနေလျှင် အလှူခံမည် စသည်ဖြင့် ကဲ့ရဲ့ လိုစိတ်မရှိဘဲ ရိုးသားသောစိတ်ဖြင့်ကား သူတစ်ပါးသပိတ်ကို ကြည့် ကောင်းပါသည်။

**မေး ။ နာတိမဟန္တ ကဗဠိ-၌ ဆွမ်းလုတ်ပမာဏ ၃ မျိုးကိုရေး၍ အဘယ် ဆွမ်းကိုသာ စားကောင်းသည် မစားကောင်းသည်တို့ကိုလည်း ဖြေဆိုခဲ့ပါ။**

ဖြေ ။ (၁) ဒေါင်းဥပမာဏရှိသော ဆွမ်းလုတ်သည် "အတိမဟန္တ အလွန်ကြီး သောဆွမ်းလုတ်" မည်၏။

(၂) ကြက်ဥပမာဏရှိသော ဆွမ်းလုတ်သည် "အတိခုဒ္ဒက အလွန်ငယ် သောဆွမ်းလုတ်" မည်၏။

(၃) ဒေါင်းဥမျှလောက်မကြီး၊ ကြက်ဥမျှလောက်မငယ်၊ အလယ် အလတ်ဖြစ်သော ဆွမ်းလုတ်သည် "နာတိ မဟန္တ မကြီး မငယ် သောဆွမ်းလုတ်" မည်၏။

http://www.dhammadownload.com



ထိုတွင် မကြီးမငယ် အလယ်အလတ် ပမာဏရှိသော ဆွမ်းလုတ်ကိုသာ စားကောင်းပါသည်။ အလွန်ကြီးသော ဆွမ်း လုပ်ကိုကား မစားကောင်း၊ ဒုက္ကဋ် အာပတ်သင့်၏။ ကြက်ဥလောက် အငယ်ကိုကား မလျောက်ပတ်၍သာ အဋ္ဌကထာပြသည်၊ အာပတ်ကား မသင့်ဟု ဝိမတိ၌ ဆိုပါသည်။

မေး ။ အဘယ်ဆွမ်းလုတ်မျိုးကို "ပရိမဏ္ဍလဆွမ်းလုတ်" ဟု ခေါ်ပါသနည်း၊ ပရိမဏ္ဍလမဖြစ်တိုင်း အပြစ်ရှိပါသလော၊ ရှင်းပြပါ။

ဖြေ ။ "ပရိမဏ္ဍလန္တိ အဒီယံ" ဟု ကင်္ခါ၌ ဆိုသောကြောင့် ရှည်ရှည် မျောမျော မဟုတ်ဘဲ ဝန်းဝိုင်းသော ဆွမ်းလုတ်ကို "ပရိမဏ္ဍလဆွမ်းလုတ်" ဟု ခေါ်ပါသည်။

ပရိမဏ္ဍလ မဖြစ်တိုင်း အာပတ်မသင့်ပါ၊ ခဲဖွယ် သစ်သီး ကြီးငယ်တို့နှင့် လက်သုပ်ဟင်းလျာတို့ကို စားရာ၌ ပရိမဏ္ဍလ မဖြစ်သော်လည်း အပြစ် မရှိပါ။

မေး ။ န ဘုဉ္ဇမာနော သဗ္ဗ ဟတ္ထံ-၌ သဗ္ဗဟတ္ထ အရ အဘယ်ကို ယူရပါ မည်နည်း၊ ကျနစွာဖြေဆိုခဲ့ပါ။

ဖြေ ။ သဗ္ဗဟတ္ထအရ -"သဗ္ဗဟတ္ထန္တိ သကလဟတ္ထံ" ဟု အဋ္ဌကထာ ဖွင့်သော် လည်း လက်ငါးချောင်းလုံးကို မယူရပါ။ (ငါးချောင်း လုံးမည်သည့်နည်း နှင့်မျှ သွင်း၍မဖြစ်နိုင်)

ကေဒေသျှုပစာ အားဖြင့် လက်ချောင်း တစ်ချောင်း (တစ်ချောင်း၏ တစ်စိတ်ကိုသာ ယူရပါသည်။ (လက်ငါးချောင်း တစ်ချောင်းတလေမျှ ခံတွင်းသို့မသွင်းရဟူလို။)

မေး ။ န သကဗဠေန- ၌ ကဗဠ- အရ အဘယ်မျှလောက်သော ဆွမ်းလုတ် ကိုယူရမည်နည်း။ ဖန်ခါးသီး စသည်တို့ကို ပါးစပ်ထဲငုံ၍ တရားဟော ရာ၌ အာပတ်သင့်မသင့်ကိုလည်း ဆုံးဖြတ်ခဲ့ပါ။

ဖြေ ။ ကဗဠ-အရ စကားပြောသောအခါ စကားလုံးကို ပီသအောင် မပြောနိုင် သည်အထိ ကြီးမားသောဆွမ်းလုတ်ကိုယူရပါမည်။ ဖန်ခါးသီး စသည် တို့ကို ပါးစပ်ထဲငုံ၍ တရားဟောရာ၌ စကားလုံးပီသအောင် ပြောနိုင် လျှင် အာပတ်မသင့်ပါ။

မေး ။ ပိဏ္ဍုက္ခေပက အရ အဘယ်သို့စားရမည်ကိုရေး၍ မုန့် ခဲဖွယ် သစ်သီး ကြီးငယ်တို့နှင့် လက်သုပ်ဟင်းလျာတို့ကို ကိုက်ဖြတ်၍လည်းကောင်း၊ ပါးစောင်၌ထား၍လည်းကောင်း စားကောင်းပါသလောဖြေဆိုခဲ့ပါ။

http://www.dhammadownload.com



ဖြေ ။ ပိဏ္ဍုက္ခေပကအရ ဆွမ်းလုတ်ဆွမ်းခဲကို မြောက်ပစ် မသွင်းဘဲ ပါးစပ်၌ ကပ်၍သွင်းကာ စားရပါမည်။
မုန့် ခဲဖွယ် သစ်သီးကြီးငယ်တို့နှင့် လက်သုပ်ဟင်းလျာတို့ကို ကိုက်ဖြတ်၍လည်းကောင်း၊ ပါးစောင်၌ထား၍လည်းကောင်း စားကောင်းပါသည်၊ အပြစ်မရှိပါ။

မေး ။ မည်သည့်အခါမျှ လက်ကိုမခါကောင်း၊ ဆွမ်းလုံးများကို မဖြန့်ကြဲကောင်းဟု မှတ်ယူရမည်လော၊ ရှင်းပြခဲ့ပါ။

ဖြေ ။ ယင်းသို့မမှတ်ရပါ၊ အမှိုက်စသည် ကပ်နေလျှင် လက်ကို ခါကောင်းပါသည်။ အမှိုက်စွန့်ပစ်သောအခါ ဆွမ်းလုံးကို စွန့် ကြဲမိသော်လည်း အပြစ်မရှိပါ။

မေး ။ ဟတ္ထနိလ္လေဟက သိက္ခာပုဒ်နှင့်စပ်၍ မှတ်သားလိုက်နာဖွယ်ရာများကို ရေးခဲ့ပါ။

ဖြေ ။ ဆွမ်းစားရသောရဟန်းသည် လက်ချောင်းမျှကိုလည်း မလျက်ကောင်းပါ၊ သို့သော် တခဲနက်ပျစ်သော ယာဂု၊ တင်လဲ၊ နို့ယနာ ဆွမ်း စသည်တို့ကို လက်ချောင်းတို့ဖြင့်ယူ၍ စားရာ၌ လက်ချောင်းတို့ကို ခံတွင်းသို့ သွင်းပြီး စားကောင်းပါသည်။
ပတ္တနိလ္လေဟကသိက္ခာပုဒ်၌ လက်တစ်ချောင်းမျှဖြင့်လည်း သပိတ်ကို မခြစ်ကောင်းပါ။ ဩဋ္ဌနိလ္လေဟက သိက္ခာပုဒ်၌ နှုတ်ခမ်းတစ်ဘက်ကိုမျှလည်း လျှာဖြင့်မလျက်ကောင်း၊ သို့သော် နှုတ်ခမ်းသားအချင်းချင်း သိမ်းယူ၍ အတွင်းသို့ သွင်းကောင်းပါသည်။

မေး ။ ပါနီယထာလက သိက္ခာပုဒ်ကို ပညတ်ရခြင်းအကြောင်းကိုရေး၍ အာမိသ ပေသောလက်ဖြင့် မကိုင်ကောင်း အရာဝတ္ထုများနှင့် ကိုင်ကောင်းသည်တို့ကိုလည်း ဖော်ပြခဲ့ပါ။

မေး ။ အာမိသနှင့်တကွသောလက်ဖြင့် သောက်ရေခွက်ကို မကိုင်ရန် တားမြစ်တော်မူခြင်း၏ အကြောင်းအရင်းကို ဖော်ပြ၍ အဘယ်ပုဂ္ဂိုလ်တို့၏ခွက်ကို မကိုင်ရသည်ကိုလည်းဖြေဆိုပါ။

ဖြေ ။ အာမိသ ပေသောလက်ဖြင့် သောက်ရေခွက်ကိုင်ခြင်းကို စက်ဆုပ်ရွံရှာဖွယ်ကောင်းသောကြောင့် ပယ်မြစ်သောအားဖြင့် ဤပါနီယထာလက သိက္ခာပုဒ်ကို ပညတ်တော်မူရခြင်း ဖြစ်ပါသည်။
ထို့ကြောင့် သံဃိကဥစ္စာ ပုဂ္ဂလိကဥစ္စာ လူတို့၏ဥစ္စာ မိမိဥစ္စာများဖြစ်သော သောက်ရေခွက် ခရုသင်းစသည်တို့ကို အာမိသပေ သောလက်ဖြင့် မကိုင်ကောင်းပါ။

http://www.dhammadownload.com



အာမိသပေသောလက် အစိတ်အပိုင်းဖြင့်လည်းကောင်း ကိုယ်တိုင်ဆေး မည်ဟူသော ရည်ရွယ်ချက်ဖြင့်လည်းကောင်း သူတစ်ပါးကို ဆေးခိုင်း မည်ဟူသောရည်ရွယ်ချက်ဖြင့်လည်းကောင်း ကိုင်ကောင်းပါသည်။

မေး ။ ဆွမ်းလုံးပါသော လက်ဆေးရေကို အာပတ်မသင့်အောင် မည်သို့စွန့်ရ ပါမည်နည်း။

ဖြေ ။ ဆွမ်းလုံးတို့ကို သပိတ်ဆေးရေမှထုတ်ဆယ်၍ တစ်နေရာ စုပြုံထားပြီး ရေသက်သက်သွန်လျှင်လည်းကောင်း၊ ဆွမ်းလုံးတို့ကိုချေ၍ ရေနှင့် အတူ သမအောင်ပြုပြီး သွန်လျှင်လည်းကောင်း လက်ဆေးခံ၌ စွန့်လျှင် လည်းကောင်း၊ မြို့ရွာပြင်ဘက်ရောက်မှ စွန့်လျှင်လည်းကောင်း စွန့် ကောင်းပါသည်၊ အာပတ်မသင့်ပါ။

မေး ။ န ဆတ္တပါဏိဿ၌ ဆတ္တသရုပ်ကိုထုတ်ပြ၍ ဆတ္တပါဏိ ပုဂ္ဂိုလ်အား တရားဟောကောင်းသည် မဟောကောင်းသည် တို့ကိုလည်း ခွဲခြား ဖြေဆိုခဲ့ပါ။

ဖြေ ။ ဆတ္တသရုပ်ကား -

(၁) သေတစ္ဆတ္တ = ထီးဖြူ

(၂) ကိလဉ္စဆတ္တ = ဖျာဖြင့်ပြုအပ်သောထီး

(၃) ပဏ္ဏစ္ဆတ္တ = သစ်ရွက်ဖြင့်ပြုအပ်သောထီးဟူ၍ ၃ မျိုးရှိပါသည်။

ထိုထီးကို ပခုံး၊ ပေါင် စသော ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုခု၌ ထားသော်လည်း လက်မှမလွတ်သေးသမျှ တရားမဟောကောင်းပါ။

ထိုသူအား အခြားသူတစ်ယောက်က ဆောင်းမိုးပေးလျှင်လည်း ကောင်း၊ စိုက်ထောင်ထားအပ်သော ထီးအောက်၌ နေလျှင်လည်း ကောင်း၊ လက်ထဲထီးကင်းနေ၍ ဆတ္တပါဏိ မဟုတ်သောကြောင့် တရားဟောကောင်းပါသည်။

မေး ။ ဒဏ္ဍပါဏိဿ-၌ ဒဏ္ဍအရနှင့် သတ္ထပါဏိဿ-၌ သတ္ထအရတို့ကို ရေးခဲ့ပါ။

ဖြေ ။ ဒဏ္ဍအရ - မဇ္ဈိမပုရိသ၏ လေးတောင်ပမာဏရှိသော တုတ်၊ တောင် ဝှေးကို ယူရပါသည်။

သတ္ထအရ - ဓား၊ လှံ၊ သန်လျက်စသော လက်နက်ကို ယူရပါသည်။ ဓား၊ လှံ၊ သန်လျက် စသည်ကို လက်ဖြင့်မကိုင်ဘဲ ပခုံးဖြင့်လွယ်ထား သူသည် သတ္ထပါဏိအရေအတွက်သို့ မရောက်သောကြောင့် ထိုသူအား တရားဟောကောင်းပါသည်။

http://www.dhammadownload.com



မေး ။ အာဝုဓအေရ-ကိုဖော်ပြ၍ အာဝုဓပါဏိ ပုဂ္ဂိုလ်အား တရားဟော ကောင်းသည် မကောင်းသည်တို့ကိုလည်း ခွဲခြားဖြေဆိုခဲ့ပါ။

ဖြေ ။ အာဝုဓအေရ - အမျိုးမျိုးပြုပြင်အပ်သော မြှားနှင့်တကွ အလုံးစုံ အမျိုးမျိုး ပြုအပ်သောလေးတို့ကို ယူရပါသည်။

[ညို့တင်ပြီးဖြစ်စေ၊ မတင်သေးဖြစ်စေ၊ မြှားနှင့်တကွ အလုံးစုံ (လေးကိုင်း လေးကြိုး မြှားတို့ပါ) ယူရမည်ဟူလို]

ထို့ကြောင့် မြှားနှင့်တကွသော လေးကိုဖြစ်စေ၊ လေးသက်သက်ကို ဖြစ်စေ၊ မြှားသက်သက်ကိုဖြစ်စေ၊ ညို့နှင့်တကွသော လေးကိုဖြစ်စေ၊ ညို့မရှိသောလေးကိုဖြစ်စေ၊ ကိုင်၍ ရပ်နေထိုင်နေသောပုဂ္ဂိုလ်အား တရားမဟောကောင်းပါ။

လေးကို ပခုံး၌လွယ်ထားလျှင်ကား လက်ဖြင့်မကိုင်သေးသမျှ အာဝုဓပါဏိ မဟုတ်သောကြောင့် ထိုသူအား တရားဟောကောင်း ပါသည်။

မေး ။ တရားမဟောကောင်းသော ပါဒုကာရှဠ ပုဂ္ဂိုလ်များကို ဖော်ပြ၍ ပါဒုကာနှင့် ဥပါဟနာတို့၏ အထူးကိုလည်းရေးခဲ့ပါ။

ဖြေ ။ ထီးရိုးပုံသဏ္ဌာန်ရှိသော ခြေညှပ်ဖုံ၌ ခြေချောင်းနှစ်ခုအားကို မသွင်းဘဲ နင်းရုံသက်သက် နင်းထားသောပုဂ္ဂိုလ်အားလည်းကောင်း၊ ခြေချောင်း ကြားသွင်းပြီး ရပ်လျက်စွပ်ထားသော ပုဂ္ဂိုလ်အားလည်းကောင်း တရား မဟောကောင်းပါ။

ပါဒုကာနှင့် ဥပါဟနာအထူးကား -

ဟိန္ဒူများစီးလေ့ရှိသော သဲကြိုးမပါအဖျား၌ ကြေးဖုတပ်၍ ထိုကြေးဖုကို ခြေမ ခြေညှိုးဖြင့် ညှပ်လျက်စီးရသော ဖိနပ်ကို "ပါဒုကာ" ဟု ခေါ်ပါ သည်။

သဲကြိုးတပ်သော ဖိနပ်အမျိုးမျိုးနှင့် နောက်ပိတ် ရှုးဖိနပ် စသည် များကို "ဥပါဟနာ" ဟုခေါ်ပါသည်။ ဤသို့ထူးပါသည်။

မေး ။ ယာနဂတယာဉ်၌ ရောက်နေသူ ယာဉ်စီးနေသူ မည်နိုင်သည့် ပုဂ္ဂိုလ် များကို ပြည့်စုံစွာဖော်ပြ၍ ယာနသရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။

ဖြေ ။ (၁) လူနှစ်ယောက် လက်ချင်းယှက်ကာ မ,၍ ယူအပ်သူ၊

(၂) အဝတ်ကို ဝါးလုံးလျှို၍ ထမ်းဆောင်အပ်သူ၊

(၃) နွား၊ မြင်း မကပ်ယှဉ်သော လှည်းပေါင်းချုပ် စသော ယာဉ်၌ ထိုင်နေသူ၊

http://www.dhammadownload.com



(၄) နွား၊ မြင်း ကပ်ယှဉ်အပ်သောယာဉ်၌ နေသူ၊
(၅) ဖျက်၍ထားအပ်သော လှည်းဘီးပေါ်မျှ၌ ထိုင်နေသူများသည် "ယာနဂတ-ယာဉ်စီးနေသူတို့" မည်ပါသည်။

**ယာနသရုပ်ကား -**

၁။ ဝယှ ၂။ ရထ ၃။ သကဋ ၄။ သန္ဒမာနိကာ
၅။ သိဝိကာ ၆။ မာဋကီ ၇။ ဟတ္ထသယာ်ဋ ဟူ၍ ၇ မျိုးရှိပါသည်။

**မေး ။ ယာနဂတ ပုဂ္ဂိုလ်တိုင်းအား တရားမဟောကောင်းဟု မှတ်ရပါမည်လော ရှင်းပြခဲ့ပါ။**

ဖြေ ။ မမှတ်ရပါ။
(၁) ယာဉ်တစ်စီးတည်း၌ ဟောသူ နာသူ နှစ်ဦးထိုင်နေလျှင်လည်း ကောင်း၊
(၂) သီးခြားစီ ထိုင်နေသော်လည်း တရားဟောသူက မြင့်သောယာဉ်၌ ထိုင်လျက် တရားနာသူက နိမ့်သောယာဉ်၌ ထိုင်နေလျှင်လည်း ကောင်း၊
(၃) ဟောသူနှင့် နာသူ အနိမ့်အမြင့်တူလျှင်လည်းကောင်း၊
(၄) ဟောသူက ရှေ့ယာဉ်၌ ထိုင်လျှက် နာသူက နောက် ယာဉ်၌ထိုင်နေလျှင်လည်းကောင်း၊ တရားဟောကောင်းပါသည်။

**မေး ။ မည်သည့်နေရာ၌ အိပ်နေသူအား မည်သို့ တရားမဟောကောင်းပါသနည်း။**

ဖြေ ။ အောက်ထစ်ဆုံးအားဖြင့် ဖျာသင်ဖြူး၌လည်းကောင်း၊ ပကတိမြေ၌ လည်းကောင်း၊ အိပ်နေသူအား မြင့်သော ညောင်စောင်း အင်းပျဉ် မြေပေါ်၌ ရပ်လျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ၊ တရားမဟောကောင်းပါ။

**မေး ။ မည်သည့် ဣရိယာပုထ်ဖြင့်နေသော ပုဂ္ဂိုလ်သည် မည်သည့် ဣရိယာပုထ်ဖြင့်နေသောပုဂ္ဂိုလ်အား တရားဟောကောင်းသည်၊ မဟောကောင်းသည်တို့ကို ပိုင်းခြားပြခဲ့ပါ။**

ဖြေ ။ လျှောင်းလျက်ဖြင့်နေသော ပုဂ္ဂိုလ်သည် လျှောင်း၊ ထိုင်၊ ရပ်၊ နေသူတို့အား တရားဟောကောင်းပါသည်။ ထိုင်လျက်ဖြင့်နေသော ပုဂ္ဂိုလ်သည် ထိုင်၊ ရပ်နေသူတို့အား တရားဟော ကောင်းပါသည်။ ရပ်လျက်ဖြင့်နေသော ပုဂ္ဂိုလ်သည် ရပ်နေသူအား တရားဟောကောင်းပါသည်။ ရပ်လျက်ဖြင့် လျှောင်း၊ ထိုင်နေသူတို့အား တရားမဟောကောင်းပါ။ ထိုင်လျက်ဖြင့် လျှောင်းနေသူတို့အား တရား မဟောကောင်းပါ။

http://www.dhammadownload.com



မေး ။ အဘယ်သို့သောသူကို "ဝေဌိတသီသ ခေါင်းပေါင်းသူ" ဟု ခေါ်ပါသနည်းဖြေဆို၍ ခေါင်းပေါင်းစနှင့် မြန်မာဥပါသကာကြီးအား တရားဟောကောင်းပါသလော ရှင်းပြခဲ့ပါ။

ဖြေ ။ ခေါင်းပေါင်း ပုဝါဖြင့်လည်းကောင်း၊ မကုဋ် ဦးထုပ်စသည်ဖြင့်လည်းကောင်း ဆံပင် အဆုံး ဆံစ မပေါ်အောင် ရစ်ပတ်ဆောင်းအပ်သော ဦးခေါင်းရှိသောသူကို "ဝေဌိ တသီသ ခေါင်းပေါင်းသူ" ဟု ခေါ်ပါသည်။ မြန်မာတို့ ခေါင်းပေါင်းပုံမှာ များသောအားဖြင့် ဆံပင်ပေါ်နေသောကြောင့် ခေါင်းပေါင်းစနှင့် ဥပါသကာအား တရားဟောကောင်းပါသည်။ အကယ်၍ ဆံစမပေါ်လျှင် ဆံစကိုဖော်ပြီးမှ တရားဟောရပါမည်။

မေး ။ အဘယ်သို့ နေထိုင်သောသူအား တရားမဟောကောင်းပါသနည်း။

ဖြေ ။ အောက်ထစ်ဆုံးအားဖြင့် အဝတ်ကိုလည်းကောင်း မြက်တို့ကိုလည်းကောင်း ခင်း၍ထိုင်နေသောသူအား ကရားမဟောကောင်းပါ။
နိစာသန သိက္ခာပုဒ်၌ အောက်ထစ်ဆုံးအားဖြင့် မြေအရပ်၌သော်လည်း မြင့်မောက်သောအရပ်၌ ထိုင်နေသောသူအား တရားမဟောကောင်းပါ။

မေး ။ ဆရာမထေရ်ကြီးသည် ထိုင်နေလျက် မိမိအနီးအပါး၌ရပ်သူ ရဟန်း၊ သာမဏေအား ပါဠိအဋ္ဌကထာဆိုင်ရာ ပြဿနာမေးရာ၌ ဖြေဆိုကောင်းပါသလော၊ ရှင်းပြခဲ့ပါ။

ဖြေ ။ မဖြေဆိုကောင်းပါ။ ရိုသေလေးစားရသူဖြစ်သဖြင့် ဆရာ မထေရ်ကို ရပ်၍မေးပါဟု လျှောက်ရန်လည်းမသင့်၊ ထိုသို့ အခက်အခဲ ကြုံရာဝယ် မိမိအနီးအပါး ရပ်နေသော ရဟန်းသာမဏေအား ဖြေဆိုမည်ဟု နှလုံးသွင်း၍ ဖြေဆိုရပါမည်။
(ပါဠိအဋ္ဌကထာနှင့် ဆိုင်သောပြဿနာကိုမေး၍ ပါဠိလို ဖြေရမည့် အရာကိုဆိုသည်၊ မြန်မာလို မေးဖြေရာ၌ကား ဖြေဆိုကောင်းပါ၏။)

မေး ။ ခရီးသွားစဉ် နောက်ကလိုက်သောရဟန်းက ရှေ့မှသွားသော ရဟန်းအား ပုစ္ဆာမေးရာ၌ ဖြေဆိုကောင်းပါသလော ရှင်းပြခဲ့ပါ။

ဖြေ ။ မဖြေဆိုကောင်းပါ၊ သို့သော် မိမိနောက်မှနေသော ရဟန်းအား ဖြေဆိုမည်ဟု နှလုံးသွင်းဖြေဆိုရပါမည်။

မှတ်ချက်။ အတူတကွ သင်ယူအပ်သော ပါဠိအဋ္ဌကထာမေ့ကို သရဇ္ဈာယ်ကောင်း၏။ ရင်ပေါင်တန်းသွားသူအားလည်း ဟောကောင်း ဖြေဆိုကောင်း၏။

http://www.dhammadownload.com



မေး ။ တရားဟောသူ နာသူတို့သည် အဘယ်သို့သွားလျက် တရားဟောကောင်းပါသည်။

ဖြေ ။ တရားဟောသူ နာသူတို့သည် လှည်းလမ်းတစ်ခုစီ ရင်ပေါင်တန်းလျက်လည်းကောင်း၊ လမ်းမဟုတ်ဘဲ ရင်ပေါင်တန်းသွားလျက်လည်းကောင်း တရားဟောကောင်းပါသည်။

မေး ။ ဖုံးကွယ်ရာအရပ်သို့သွားစဉ် ကျင်ကြီးကျင်ငယ် လျှင်မြန်စွာထွက်သွားလျှင် အပြစ် ရှိ၊ မရှိ ဖြေဆိုခဲ့ပါ။

ဖြေ ။ ဖုံးကွယ်ရာအရပ်သို့သွားစဉ် ကျင်ကြီးကျင်ငယ် လျှင်မြန်စွာ ထွက်သွားသော်လည်း စေတနာမပါဘဲပြုသည်မည်သောကြောင့် အပြစ်မရှိပါ။

မေး ။ ဟရိတ-အရကိုရှေး၍ အာပတ်မသင့်အောင် မည်သို့ စွန့်ရမည်ကိုလည်း ဖြေဆိုခဲ့ပါ။

ဖြေ ။ ဟရိတ အရ စိမ်းစိုသောမြက်သစ်ပင်၊ မြေပေါ်၌ ပေါ်လွင် ထင်ရှားနေသော အသက်ရှင်ဆဲ သစ်ပင်၏ အမြစ်၊ မြေ၌ ကပ်ငြိနေသော သစ်ကိုင်း သစ်ခက်များကို ယူရပါသည်။

အာပတ်မသင့်အောင် စွန့်ပုံ

(၁) ပင်စည် (သစ်ကိုင်း) ပေါ်ထိုင်၍ စိမ်းစိုသော မြက် သစ်ပင် မရှိရာအရပ်၌ စွန့်ကောင်းပါသည်။

(၂) စိမ်းစိုသော မြက်သစ်ပင် မရှိရာအရပ်ကို ရှာနေစဉ် မချုပ်တည်းနိုင်၍ ထွက်သွားလျှင် ဂိလာနအရပ်၌တည်သောကြောင့် အာပတ်မသင့်။

မေး ။ စိမ်းစိုသော မြက်သစ်ပင်မရှိသော နေရာရှာမရ၍ အခက်အခဲကြုံနေလျှင် ကျင်ကြီးကျင်ငယ်ကို အဘယ်၌ စွန့်ရပါမည်နည်း။

ဖြေ ။ စိမ်းစိုသော မြက်သစ်ပင် မရှိသောနေရာရှာမရ၍ အခက်အခဲကြုံနေလျှင် မြက်ကရွတ်ခွေပေါ်၌လည်းကောင်း၊ ကောက်ရိုး ကရွတ်ခွေပေါ်၌လည်းကောင်း ကျင်ကြီးကျင်ငယ်ကို စွန့်ရပါမည်၊ စွန့်ပြီးနောက် စိမ်းစိုသောအရပ်သို့ စီးသွားသော်လည်း အပြစ်မရှိပါ။

မေး ။ သိက္ခာပုဒ်၌ "ခေဠ - တံတွေးကို မစွန့်ရ" ဟု ဆိုသောကြောင့် နှပ်ကိုကား စွန့်ကောင်းသည်ဟု မှတ်ရပါမည်လော ရှင်းပြခဲ့ပါ။

ဖြေ ။ မမှတ်ရပါ။ "ခေဠ-တံတွေးဖြင့်" နှပ်ကိုပါယူရသောကြောင့် စိမ်းစိုသော မြက်သစ်ပင်မရှိရာအရပ်၌ နှပ်ကိုလည်း မစွန့်ကောင်းပါ။

http://www.dhammadownload.com



မေး ။ န ဥဒကေ၌ ဥဒကအရ - အဘယ်ရေမျိုးကို ယူရပါသနည်း၊ အဘယ်ရေတို့၌ စွန့်ကောင်းပါသနည်း။

ဖြေ ။ ဥဒကအရ - သုံးဆောင်ကောင်းသော ရေကိုသာ ယူရပါသည်။ မသုံးဆောင်ကောင်းသော ရေ၊ သမုဒ္ဒရာရေ စသည်တို့၌ကား ကျင်ကြီးကျင်ငယ် စွန့်ကောင်းပါသည်။

မှတ်ချက်။ မြစ်ချောင်းအတွင်း လှေ သင်္ဘောစီး ခရီးသွားစဉ်လည်းကောင်း၊ မိုးရွာသွန်း၍ ပတ်ဝန်းကျင်ရေပြင်ကြီးဖြစ်နေစဉ်လည်းကောင်း ရေမရှိရာအရပ်ကို ရှာမရသော် ရေထဲ၌ စွန့်ချကောင်းသည်။

မေး ။ သေခိယသိက္ခာပုဒ်များသည် အာဘိသမာစာရိက၊ အာဒိဗြဟ္မစရိယက နှစ်မျိုးတို့တွင် အဘယ်၌အကျုံးဝင်သည်ကို ဖြေဆို၍ သေခိယခန္ဓကဝတ် သုက္ကဝိဿဋ္ဌိစသော လောကဝဇ္ဇသိက္ခာပုဒ်တို့ကို သာမဏေများ လိုက်နာကျင့်သုံးရန် လို၊ မလိုကိုလည်း ရှင်းပြခဲ့ပါ။

ဖြေ ။ သေခိယသိက္ခာပုဒ်များသည် အာဘိသမာစာရိက၌ အကျုံး ဝင်ပါသည်။ သေခိယခန္ဓကဝတ်သုက္ကဝိဿဋ္ဌိ စသော လောကဝဇ္ဇ သိက္ခာပုဒ်တို့ကို သာမဏေများလိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။ မကျင့်လျှင် အလဇ္ဇီဖြစ်၍ ဒဏ်လည်းထိုက်ပါသည်။

မေး ။ ပါဠိဒေသနီယအာပတ်သင့်ရာ၌ ပြောကြားပုံ အခြင်းအရာကို ရေးသားပြီးလျှင် သေခိယလာ ဆွမ်းစားခြင်းနှင့် စပ်လျဉ်း၍ ကျင့်အပ်သော သိက္ခာပုဒ်များကိုလည်း သိသာရုံ ဖော်ပြပါ။ (ငယ်၊ ၃၂-ခု)

ဖြေ ။ ဘောဇနပဋိသံယုတ္တသိက္ခာပုဒ်များ -
ခမ္ဘကတဝဂ်အဆုံး ၄ ပုဒ်၊ သက္ကစ္စဝဂ် ၁၀ ပုဒ်၊ ကဗဠဝဂ် ၁၀ ပုဒ်၊ သုရုသုရုဝဂ် အစ ၆ ပုဒ်၊ ပေါင်း ၃၀။

မေး ။ သေခိယ၌ အဂိလာနသဒ္ဒါပါသောသိက္ခာပုဒ်များကို သိသာရုံ ရေတွက်ပြပါ။ (ငယ်၊ ၃၃-ခု)

ဖြေ ။ သက္ကစ္စဝဂ် သူပေါဒနဝိညတ္တိ သိက္ခာပုဒ်၊ သုရုသုရုဝဂ် အဆုံး ၄ ပုဒ်၊ ပါဒုကဝဂ်အားလုံး ၁၅ ပုဒ်။

မေး ။ အောက်ပါရှင်ပျက်တို့ ထိခိုက်တဲ့ သိက္ခာပုဒ် ပါဠိထုတ်၍ ဝင်ညွှန်းပါ။
(က) ရှာထဲဆေးလိပ်သောက်ခါးတောက်သွားတဲ့ကိုရင်
(ခ) ခံတွင်းထဲ ဆွမ်းလုတ်နှင့် စကားပြောတဲ့ကိုရင်
(ဂ) နှုတ်ခမ်းကိုလျက်၍စားတဲ့ကိုရင်
(ဃ) ထိုင်သူကို မတ်တပ်တရားဟောတဲ့ကိုရင်။

http://www.dhammadownload.com



ဖြေ ။ (က) သုသံဝုတော အန္တရဃရေ ။ ပ ။ ကရဏီယာ။ ပရိမဏ္ဍလဝဂ်။
နခမ္ဘကတော အန္တရဃရေ ။ပ။ကရဏီယာ။ ဥဇ္ဇဂ္ဃိကဝဂ်
(ခ) နသကဗဠေနမုခေန ။ပ။ ကရဏီယာ။ ကဗဠဝဂ်။
(ဂ) နသြဋ္ဌနိလ္လေဟကံ ။ပ။ ကရဏီယာ။ သုရုသုရုဝဂ်။
(ဃ) နဋ္ဌိတော နိသိန္နဿအဂိလာနဿ ။ပ။ ကရဏီယာ။ ပါဒုကဝဂ်။

မေး ။ အလက်ာကျမ်းလာရယ်ခြင်း ၆-မျိုးကိုထုတ်ပြ၍ ဥဇ္ဇဂ္ဃိကာယ-ပြင်းစွာ ရယ်ခြင်း၌ ဘယ်ရယ်ခြင်းကို ယူသင့်သည် ရွှေဥရှင်ကျင့်ဝတ်မှ ထုတ်ပြပါ။

ဖြေ ။ ၁။ ပြုံးခြင်းမျှသည် "သိတ" မည်၏၊
၂။ စဉ်းငယ်သွားပေါ်အောင် ရယ်ခြင်းသည် "ဟသိတ" မည်၏၊
၃။ ညှင်းညှင်းအသံထွက်အောင်ရယ်ခြင်းသည် "ဝိဟသိတ" မည်၏၊
၄။ ပခုံး၊ ဦးခေါင်းလှုပ်အောင်ရယ်ခြင်းသည် "ဥပဟသိတ" မည်၏၊
၅။ မျက်ရည်ထွက်အောင်ရယ်ခြင်းသည် "အပဟသိတ" မည်၏၊
၆။ လက်ခြေတို့ကို ထိုမှ ဤမှ ပစ်၍ရယ်ခြင်းသည် "အတိ ဟသိတ" မည်၏။

ထိုရယ်ခြင်းခြောက်မျိုးတို့တွင် "ဥဇ္ဇဂ္ဃိကာယ - ပြင်းစွာရယ်ခြင်း၌ နောက်ဖြစ်သော ရယ်ခြင်း ၃ မျိုးကို ယူသင့်ကြောင်း ပါတိမောက္ခ ဝိနိစ္ဆယ ကျမ်း၌ ဆိုပါသည်။

မေး ။ အောက်ပါသာမဏေများ အဘယ်သိက္ခာပုဒ်နှင့် ညီညွတ်နေပါသနည်း၊ ဆိုင်ရာသိက္ခာပုဒ်ပါဠိကို မှန်ကန်တိကျစွာ ထုတ်ပြပါ။
(က) ဣန္ဒြေရရ လေးလေးစားစားနှင့် မြို့ထဲ ဆွမ်းခံကြွတဲ့ကိုရင်၊
(ခ) လျှာမထုတ်၊ ဆွမ်းလုတ်ကို ပြုပြင်ကာ ဣန္ဒြေရရ ရပ်ရွာထဲ ဆွမ်းစားလေ့ရှိတဲ့ကိုရင်၊
(ဂ) မြက်ခင်းပေါ်တွင်ရပ်လျက် ကျင်ကြီး ကျင်ငယ် စွန့်လေ့မရှိတဲ့ ကိုရင်၊
(ဃ) လိမ်ပြောမှုမှ ရှောင်ကြဉ်တဲ့ သာမဏေ။

ဖြေ ။ (က) ပဋိစ္ဆန္နော ... 

F15 A

http://www.dhammadownload.com



(ဂ) နဋ္ဌိတော အဂိလာနော ။ ပ ။ သိက္ခာ ကရဏီယာ။

(ဃ) မုသာဝါဒါ ။ ပ ။ သမာဒိယာမိ။ မုသာဝါဒီ ဟောတိ။

မေး ။ သူပေါဒနဝိညတ္တိသိက္ခာပုဒ်အရ ဘယ်လိုလူများထံ တောင်းစားမှ အပြစ်ရှိနိုင်၍ ထိုသူတို့ထံမှ အပြစ်မဖြစ်နိုင်အောင် တောင်းနည်းမျိုး ရှိပါက မိမိရရတိကျစွာဖော်ပြပါ။

ဖြေ ။ (၁) အမျိုးမတော်သူ (၂) တောင်းပါဟု မဖိတ်ကြားထားသူတို့ထံမှ တောင်းစားမှ အပြစ်ရှိပါသည်။

အပြစ်မဖြစ်နိုင်သော တောင်းနည်း

ပိုင်ရှင်တို့ထံသွား၍ နှုတ်မြွက်မဆိုဘဲ ကိုယ်ဖြင့်ရပ်ရမည်။ ထိုအခါ ပိုင်ရှင်တို့က "ဘာအလိုရှိပါသလဲ" "ဘာကိစ္စပါလဲ" ဟု မေးသောအခါ အပ်သော ဆွမ်း၊ ဆွမ်းဟင်း ဆေးစသည်တို့ကို ပြောပြရပါမည်၊ ထိုသို့ပြော၍ သူဘာသာလှူလျှင် အပြစ်မဖြစ်နိုင်ပါ။

မေး ။ ပိဏ္ဍပါတံ ပါသော သေခိယသိက္ခာပုဒ်များကို ပါဠိသက်သက်ရေးခဲ့ပါ။

ဖြေ ။ ၁။ သက္ကစ္စံ ပိဏ္ဍပါတံ ။ ပ ။ သိက္ခာ ကရဏီယာ။

၂။ ပတ္တသညီ ပိဏ္ဍပါတံ ။ ပ ။ သိက္ခာ ကရဏီယာ။

၃။ သမသူပကံ ပိဏ္ဍပါတံ ။ ပ ။ သိက္ခာ ကရဏီယာ။

၄။ သမတိတ္ထိကံ ပိဏ္ဍပါတံ ။ ပ ။ သိက္ခာ ကရဏီယာ။

(ခမ္ဘကတဝဂ် ၄ ပုဒ်)

၅။ သက္ကစ္စံ ပိဏ္ဍပါတံ ။ ပ ။ သိက္ခာ ကရဏီယာ။

၆။ ပတ္တသညီ ပိဏ္ဍပါတံ ။ ပ ။ သိက္ခာ ကရဏီယာ။

၇။ သပဒါနံ ပိဏ္ဍပါတံ ။ ပ ။ သိက္ခာ ကရဏီယာ။

၈။ သမသူပကံ ပိဏ္ဍပါတံ ။ ပ ။ သိက္ခာ ကရဏီယာ။

၉။ နထူပကတော ဩမဒ္ဒိတွာ ပိဏ္ဍပါတံ ။ ပ ။ သိက္ခာ ကရဏီယာ။

(သက္ကစ္စဝဂ် ၅ ပုဒ်)

မေး ။ အောက်ပါကိုရင်များ အဘယ်သိက္ခာပုဒ်အရ အပြစ်သင့်ပါသနည်း၊ ဆိုင်ရာသိက္ခာပုဒ်ကိုးကား၍ဖြေဆိုပါ။

(က) သင်းပိုင်ကို ခါးတောင်းကျိုက်၍ ဘောလုံးကန်သောကိုရင်၊

(ခ) တုတ်ကိုင်လျက် ထိုင်နေသော နွားကျောင်းသားအား မတ်တပ်ရပ် တရားစကားပြောကြားသောကိုရင်၊

(ဂ) ကျန်းမာလျက် ခေါင်းမြီးခြုံကာ အိပ်ရာ၌နေသော ဒကာအား တရားစကားပြောကြားသောကိုရင်။

http://www.dhammadownload.com



ဖြေ ။ (က) ခါးတောင်းကျိုက် - ပရိမဏ္ဍလနိဝါသနသိက္ခာပုဒ်အရ ဒုက်အပြစ်သင့်ပါသည်။
ဘောလုံးကန် - နစ္စဂ်ီတ သိက္ခာပုဒ်လာ ဝိသ္ကကအရ ဒုက်အပြစ်သင့်ပါသည်။
(ခ) တုတ်ကိုင် - ဒဏ္ဍပါဏိသိက္ခာပုဒ်အရ ဒုက်အပြစ်သင့်ပါသည်။
မတ်တပ်ရပ်တရားဟော - ဠိတသိက္ခာပုဒ်အရ ဒုက်အပြစ်သင့်ပါသည်။
(ဂ) ခေါင်းမြီးခြုံ - ဩဂုဏ္ဌိတသိက္ခာပုဒ်အရ ဒုက်အပြစ်သင့်ပါသည်။
အိပ်ရာ၌နေ - သယနဂတသိက္ခာပုဒ်အရ ဒုက်အပြစ်သင့်ပါသည်။

မေး ။ အောက်ပါသာမဏေများ အဘယ်သိက္ခာပုဒ်နှင့် ညီညွတ်စွာ ကျင့်သုံးနေထိုင်ပါသနည်း၊ ဆိုင်ရာသိက္ခာပုဒ်ကို ညွှန်ပြ၍ဖြေဆိုပါ။
(က) လျှာမထုတ် လက်မစုပ်ဘဲ ဆွမ်းစားလေ့ရှိသော သာမဏေ၊
(ခ) မြို့တွင်းရွာတွင်း၌ ပြင်းစွာရယ်မော တသောသောဖြင့် သွားလေ့မရှိသော သာမဏေ၊
(ဂ) အလွန်ကြီးမား ဆွမ်းလုတ်များကို ပါးစောင်ထားကာ စားလေ့မရှိသော သာမဏေ၊
(ဃ) ကျန်းမာလျက် ဖိနပ်စီး၊ ထီးကိုင်ထားသူအား တရားဟောလေ့မရှိသော သာမဏေ။

ဖြေ ။ (က) လျှာမထုတ် - နဇိဝှါနိစ္ဆာရကံ ။ ပ ။ သိက္ခာကရဏီယာ။
လက်မစုပ် - နဟတ္ထနိလ္လေဟကံ ။ ပ ။ သိက္ခာကရဏီယာ။
(ခ) နဥဇ္ဇဂ္ဃိကာယ ။ ပ ။ ကရဏီယာ။
(ဂ) ဆွမ်းလုတ်ကြီး - နာဟိမဟန္တံ ။ ပ ။ ကရဏီယာ။
ပါးစောင်ထား - နအဝဂဏ္ဍကာရကံ ။ ပ ။ ကရဏီယာ။
(ဃ) ဖိနပ်စီး-နဥပါဟနာရုဠှဿ ။ ပ ။ သိက္ခာကရဏီယာ။
ထီးကိုင် - နဆတ္တပါဏိဿ ။ ပ ။ သိက္ခာကရဏီယာ။

မေး ။ ပစာလက အမည်ရသော သေခိယသိက္ခာပုဒ်များကို တိကျမှန်ကန်စွာ ရေးခဲ့ပါ။

ဖြေ ။ ဥဇ္ဇဂ္ဃိကဝဂ်အဆုံး (၆) ပုဒ်ကို ပါဠိရေးပါလေ။

http://www.dhammadownload.com



မေး ။ အောက်ပါသာမဏေများ အဘယ်သိက္ခာပုဒ်အရ အပြစ်သင့်ပါသနည်း။ ဆိုင်ရာသိက္ခာပုဒ်ကို ဝဂ်နှင့်တကွ ညွှန်ပြခဲ့ပါ။
(က)သက်န်းကိုပင့်လျက် မြို့တွင်းရွာတွင်း၌ လမ်းသလားနေသော သာမဏေ၊
(ခ) ကဲ့ရဲ့လိုသဖြင့် သူတစ်ပါးသပိတ်ကိုကြည့်သော သာမဏေ၊
(ဂ)ခံတွင်း၌ လက်ကိုသွင်း၍ ဆွမ်းစားသောသာမဏေ၊
(ဃ)နှုတ်ခမ်းကိုလျက်၍ ဆွမ်းစားသောသာမဏေ၊
(င)ကျန်းမာလျက် မတ်တပ်ရပ်ကာ ကျင်ကြီးကျင်ငယ်စွန့်သော သာမဏေ။

ဖြေ ။ (က) ပရိမဏ္ဍလဝဂ်၊ ဥက္ခိတ္တကဂမနသိက္ခာပုဒ်အရ ဒုက်အပြစ်သင့်ပါသည်။ (သုပ္ပဋိစ္ဆန္နဂမန သိက္ခာပုဒ်လည်းဖြစ်နိုင်ပါသည်။)
(ခ) သက္ကစ္စဝဂ်၊ ဥဇ္ဈာနသညီ သိက္ခာပုဒ်အရ ဒုက်အပြစ်သင့်ပါသည်။
(ဂ) ကဗဠဝဂ်၊ ဘုဉ္ဇမာနသိက္ခာပုဒ်အရ ဒုက်အပြစ်သင့်ပါသည်။
(ဃ) သုရုသုရုဝဂ်၊ ဩဋ္ဌနိလ္လေဟက သိက္ခာပုဒ်အရ ဒုက်အပြစ်သင့်ပါသည်။
(င) ပါဒုကဝဂ်၊ ဌိတော ဥစ္စာရသိက္ခာပုဒ် ဒုက်အပြစ်သင့်ပါသည်။

မေး ။ သမုဒ္ဒရာအတွင်း လှေသင်္ဘောဖြင့် သွားလာကြသော ရဟန်းသာမဏေများသည် တံတွေးထွေးလိုက သမုဒ္ဒရာထဲ ထွေးနိုင်၊ မထွေးနိုင် အကြောင်းပြ၍ ဝိနိစ္ဆယချခဲ့ပါ။

ဖြေ ။ သမုဒ္ဒရာအတွင်း လှေသင်္ဘောဖြင့် သွားလာကြသော ရဟန်းသာမဏေများသည် တံတွေးထွေးလိုက သမုဒ္ဒရာထဲထွေးနိုင်ပါသည်။ အကြောင်းမှာ သမုဒ္ဒရာသည် ရေပြင်ကျယ်ကြီးဖြစ်၍ ရေလွတ်ရာအရပ်ကို ရှာမရနိုင်သောကြောင့် ဖြစ်ပါသည်။

မေး ။ အောက်ပါသာမဏေတို့ကို စစ်မှန်သော သာမဏေဟု ဆိုနိုင်၊ မဆိုနိုင် ပိုင်နိုင်ထိမိသော ပါဠိတို့ကို ထုတ်ပြ၍ ဖြေဆိုပါ။
(က)ငရဲနှင့် နတ်ပြည်ဆိုသည်မှာ ခြောက်လှန့်မှုနှင့် မြှောက်ပင့်မှုသာ ဖြစ်သည်ဟု ခံယူချက်ရှိသောသာမဏေ။
(ခ)လူသားဖြစ်သော ဂေါတမဗုဒ္ဓသည် လူသား တစ်ယောက်မှာ ရှိနိုင်သည့် အသိဉာဏ်ထက် ထူးချွန် ပို လွန်သော အသိဉာဏ်ရှိသူ မဖြစ်နိုင်ဟု ပြောဆိုသောသာမဏေ။

http://www.dhammadownload.com



(ဂ)ရဟန်းတော်များသည် အစားချောင်၍ သာသနာဘောင်ဝင်ရောက်နေသူများဖြစ်သည်ဟုပြောသော သာမဏေ။

ဖြေ ။ (က) သာမဏေကို စစ်မှန်သော သာမဏေဟု မဆိုနိုင်ပါ။ အကြောင်းကား - ယင်းခံယူချက်သည် မှားယွင်းသော အယူဖြစ်သောကြောင့်တည်း။ ပါဠိ - မိစ္ဆာဒိဋ္ဌိကောဟောတိ။

(ခ) သာမဏေကိုလည်း စစ်မှန်သော သာမဏေဟု မဆိုနိုင်ပါ။ အကြောင်းကား - ယင်းပြောဆိုချက်သည် ဘုရားရှင်၏ ကျေးဇူးမဲ့ ကဲ့ရဲ့သော ပြောဆိုချက်ဖြစ်သောကြောင့်တည်း။

(ဂ) သာမဏေကိုလည်း စစ်မှန်သော သာမဏေဟုမဆိုနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် - ယင်းပြောဆိုချက်သည် သံဃာ၏ ကျေးဇူးမဲ့ ကဲ့ရဲ့သော ပြောဆိုချက်ဖြစ်သောကြောင့်တည်း။

မေး ။ အဘယ်မျှသော သေးငယ်သောအသံကို "အပ္ပသဒ္ဒ" ဟု ခေါ်ဆိုပါသနည်း၊ ကျနစွာရှင်းပြပြီးလျှင် အသံကုန်ဟစ်သော်လည်း ထိုသိက္ခာပုဒ်အရ အပြစ်မှလွတ်သော ပုဂ္ဂိုလ်တို့ကိုလည်း ထုတ်ပြပါ။

ဖြေ ။ အပြစ်မှလွတ်သော ပုဂ္ဂိုလ်များ

၁။ တရားဟောသော ပုဂ္ဂိုလ်၊ ၂။ ပရိတ်ရွတ်သော ပုဂ္ဂိုလ်၊
၃။ ပါတိမောက်ပြသော ပုဂ္ဂိုလ်တို့ဖြစ်ပါသည်။

မေး ။ ငါ့ရှင်သာမဏေ၏ လက်ရှိဆရာများကို စုံစေအောင် ဖော်ပြပြီးလျှင် သင်သည် ထိုဆရာတို့၏ သင်္ကန်းကို မည်သို့ခေါက်ရမည်ကိုလည်း ဖြေဆိုပါ။

ဖြေ ။ လက်ရှိဆရာများ

၁။ ပဗ္ဗဇ္ဇာစရိယ = သရဏဂုံပေး၍ ရှင်ပြုပေးတဲ့ဆရာ
၂။ ဓမ္မာစရိယ = စာချပေးတဲ့ဆရာ တို့ဖြစ်ပါသည်။

### ဆရာတို့ သင်္ကန်းကိုခေါက်နည်း

သင်္ကန်းကိုခေါက်သောအခါ အလယ်၌ ခေါက်ရိုးမကျိုးစေရန် လက်(၄)သစ်မျှသောအနားကိုချန်၍ ခေါက်ရပါမည်။ (အနားကို အညီပြု၍ခေါက်ခဲ့လျှင် သင်္ကန်းအလယ်၌ ကျိုးသည်ဖြစ်၍ နေ့စဉ်အမြဲခေါက်ရိုးကျိုးသောနေရာ၌ အားနည်းကာ ဆွေးမြေ့သွားနိုင်ပါသည်။ ထို့ကြောင့် သင်္ကန်းအလယ်၌ "ခေါက်ရိုးကျိုးခြင်း" ဟူသော အပြစ်ကို တားမြစ်ခြင်းအကျိုးငှာ လက်လေးသစ်ရှား၍ခေါက်" ဟု မိန့်တော်မူခြင်းဖြစ်ပါသည်။)

http://www.dhammadownload.com



မေး ။ သေခိယလာ တရားမဟောသင့်သော ပုဂ္ဂိုလ်တို့ကို သချာမှ ထုတ်ပြ၍ ခြောက်လုံးပြူးခါးချိတ်ထားသော ဗိုလ်မှူးတစ်ယောက်ကို တရားဟောသင့်၊ မဟောသင့် အကြောင်း ပြဆိုးဖြတ်ပါ။

ဖြေ ။ သေခိယလာ တရားမဟောသင့်သော ပုဂ္ဂိုလ်များ ၁၆ ယောက် ဖြစ်ပါသည်။ ခြောက်လုံးပြူးခါးချိတထားသော ဗိုလ်မှူးသည် သတ္ထပါဏိ (လက်နက်လက်ထဲကိုင်ထားသူ) မဟုတ်သောကြောင့် တရားဟောသင့်ပါသည်။

မေး ။ မကျန်းမာသော ရဟန်းသာမဏေများသော်မှ လွန်ကျူးမိလျှင် အပြစ်မှလွတ်ခွင့်မရသော သေခိယသိက္ခာပုဒ်များကို ပါဠိရေးခဲ့ပါ။

ဖြေ ။ ၁။ သမတိတ္တိကံ ပိဏ္ဍပါတံ ။ ပ ။ သိက္ခာ ကရဏီယာ။

၂။ နသူပံဝါ ဗျဉ္ဇနံဝါ ဩဒနေန ။ ပ ။ သိက္ခာ ကရဏီယာ။

၃။ နဥဇ္ဈာနသညီ ။ ပ ။ သိက္ခာကရဏီယာ။

မေး ။ လက်မှတ်မဝယ်ယူဘဲ ရုပ်ရှင်ကြည့်သောသာမဏေအား သင့်ရောက်သော အပြစ်ပြပါဠိများကိုရေးခဲ့ပါ။

ဖြေ ။ လက်မှတ်မဝယ် - အဒိန္နာဒါယီဟောတိ

ရုပ်ရှင်ကြည့် - နစ္စ ဂီတ ဝါဒိတ ဝိသူကဒဿနောဟောတိ။

မေး ။ မြို့တွင်း ရွာတွင်း၌ ပြောသံမကျယ်၊ ရယ်သံမထွက်၊ ကိုယ်လက်ဦးခေါင်းမလှုပ်ရှောင်းဘဲ ကောင်းစွာစောင့်စည်းလျက် သွားရန်ညွှန်ပြသော သိက္ခာပုဒ်အမည်များကိုဖော်ပြပါ။

ဖြေ ။ ပြောသံမကျယ် - အပ္ပသဒ္ဒဂမနသိက္ခာပုဒ်

ရယ်သံမထွက် - ဥဇ္ဇဂ္ဃိကဂမနသိက္ခာပုဒ်

ကိုယ်လက်ဦးခေါင်း မလှုပ်ရှောင်းဘဲ - ကာယပ္ပစာလက ဂမန၊ ဗာဟုပ္ပစာလကဂမန၊ သီသပ္ပစာလကဂမန သိက္ခာပုဒ်များ။

ကောင်းစွာစောင့်စည်း - သုသံဝုတဂမနသိက္ခာပုဒ်။

မေး ။ ဆွမ်းခံမှုနှင့်စပ်လျဉ်း၍ ပညတ်အပ်သော သိက္ခာပုဒ်များကို မှန်ကန်အောင် ပါဠိရေး၍ ရပ်လျက်မပြုလုပ်ရဟု တားမြစ်ချက်ရှိသော သိက္ခာပုဒ်များကိုလည်း ပါဠိမျှရေးခဲ့ပါ။

ဖြေ ။ ဆွမ်းခံမှုနှင့်စပ်လျဉ်း၍ ပညတ်ထားသော သိက္ခာပုဒ်များပါဠိ

သက္ကစ္စံ ပိဏ္ဍပါတံ ။ ပ ။ သိက္ခာကရဏီယာ။

ပတ္တသညီ ပိဏ္ဍပါတံ ။ ပ ။ သိက္ခာကရဏီယာ။

http://www.dhammadownload.com



သမသူပကံ ပိဏ္ဍပါတံ ။ ပ ။ သိက္ခာ ကရဏီယာ။
သမတိတ္တိကံ ပိဏ္ဍပါတံ ။ ပ ။ သိက္ခာ ကရဏီယာ။
ရပ်လျက်မပြုလုပ်ဟု တားမြစ်ချက်ရှိသော သိက္ခာပုဒ်များ ပါဠိ
န ဌိတော နိသိန္နဿ အဂိလာနဿ။ ပ ။ သိက္ခာကရဏီယာ
န ဌိတော အဂိလာနော ။ ပ ။ သိက္ခာ ကရဏီယာ။

မေး ။ သက္ကစ္စဝဂ်လာ (၉)ခုမြောက် သိက္ခာပုဒ်နှင့် ပါဒုကဝဂ်လာ (၁၂) ခုမြောက် သိက္ခာပုဒ်တို့ကို အနက်မှန်မှန်သမ္ဗန်ခဲ့ပါ။

ဖြေ ။ ပလ္လတ္ထိကာယ၊ လက် အာယောဂပတ် ပုဆိုးအာယောဂပတ် ဖွဲ့လျက်။ ပ ။ ကရဏီယာ၊ ၏။
ဥပ္ပထေန၊ ခရီးမဟုတ်သဖြင့် ။ ပ ။ ကရဏီယာ၊ ၏။

မေး ။ ဖော်ပြပါသာမဏေများအား အပြစ်သင့်၊ မသင့် ဆုံးဖြတ်ခဲ့ပါ။

(က) ငွေစက္ကူအတုဖြင့် ဈေးဝယ်သောသာမဏေ၊
(ခ) သေနုခေါ် ပင်ကျထန်းရည်ခါးကို သောက်သော သာမဏေ၊
(ဂ) ဆွမ်းခံအိမ်၌ လဲသွတ်ထားသောမွေ့ရာပေါ်ထိုင်သော သာမဏေ၊
(ဃ) မိတ်ပေါက်၍ ပေါင်ဒါမှုန့်လိမ်းသောသာမဏေ။

ဖြေ ။ (က) အပြစ်မသင့်ပါ။ (အကြောင်းကား - ငွေစက္ကူအတုသည် သုံးစွဲကောင်းသောငွေတွင် မပါဝင်သောကြောင့်တည်း။)
(ခ) အပြစ်သင့်ပါသည်။ (အကြောင်းကား - "သေနု"ခေါ် ပင်ပေါ် ကျထန်းရည်ခါးသည် မဋ္ဌအရတွင် ပါဝင်သောကြောင့်ဖြစ်ပါသည်။
(ဂ) အပြစ်သင့်ပါသည်။ (အကြောင်းကား-လဲသွတ်ထားသောမွေ့ရာသည် မဟာသယနအရ မြတ်သောနေရာတွင် ပါဝင်သောကြောင့်တည်း။)
(ဃ) အပြစ်မသင့်ပါ။ (အကြောင်းကား - "ဂန္ဓဝိလေပန အားလုံးကို ပင် ဆေးအကျိုးငှာ လိမ်းကျံဆွတ်ဖျန်းခြင်းငှာအပ်၏" ဟု ခုဒ္ဒကပါဌ အဋ္ဌကထာ၌ ဖွင့်ဆိုထားသောကြောင့်တည်း။)

မေး ။ လက်၌တစ်စုံတစ်ခုရှိလျှင် တရားမဟောရဟု တားမြစ်ထားသော ပုဂ္ဂိုလ်များကို ပြည့်စုံအောင်ဖော်ပြခဲ့ပါ။

http://www.dhammadownload.com



❖ ရဟန်းသံဃာတော်များအနေဖြင့် တရားဟောမပေးထိုက်သော ပုဂ္ဂိုလ်များကို သေခိယသုရူသုဝဂ်မှ ထုတ်ဆောင်၍ရေးသားပြပါ။

ဖြေ ။ ၁။ ဆတ္တပါဏိ - ထီးလက်၌ရှိသူ။
၂။ ဒဏ္ဍပါဏိ - တုတ်လက်၌ရှိသူ။
၃။ သတ္ထပါဏိ - ဓားစသော လက်နက်လက်၌ရှိသူ။
၄။ အာဝုဓပါဏိ - လေးလက်နက် လက်၌ရှိသူ။

မေး ။ မြို့တွင်း ရွာတွင်း၌ သင်္ကန်းမရုံဘဲ ညဥ့်အိပ်ညဥ့်နေ တည်းခိုနေထိုင်သော သာမဏေများအား သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်အရ အပြစ်ရှိ၊ မရှိ ဆုံးဖြတ်ခဲ့ပါ။

ဖြေ ။ မြို့တွင်း ရွာတွင်း၌ သင်္ကန်းမရုံဘဲ ညဥ့်အိပ်ညဥ့်နေ တည်းခိုနေထိုင်သောသာမဏေအား သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်အရအပြစ်မရှိပါ။ (အကြောင်းကား - ဝါသူပဂတပုဂ္ဂိုလ်တို့ လွတ် လပ်ခွင့်ရသော သေခိယသိက္ခာပုဒ် (၈) ပုဒ်တို့တွင် သုပ္ပဋိစ္ဆန္န နိသီဒန သိက္ခာပုဒ်ပါဝင်သောကြောင့်တည်း)

မေး ။ ဘောဇဉ်နှင့်စပ် ပညတ်အပ်သောသိက္ခာပုဒ်များတွင် အလယ်ကျကျ (၆) ပုဒ်မျှ ပါဠိရေးခဲ့ပါ။

ဖြေ ။ နာတိမဟန္တံ ။ ပ ။ ကရဏီယာ။
ပရိမဏ္ဍလံအာလောပံ (ပ) ကရဏီယာ။
န အနာဟဋေ ။ ပ ။ ကရဏီယာ။
န ဘုဥ္စမာနော ။ ပ ။ ကရဏီယာ။
န သကဗဠေန ။ ပ ။ ကရဏီယာ။
န ပိဏ္ဍုက္ခေပကံ ။ ပ ။ ကရဏီယာ။

မေး ။ သေခိယ နသဒ္ဒါမပါ ဗလာဖြစ်သော သိက္ခာပုဒ်များတွင် နောက်ဆုံး သိက္ခာပုဒ် ၃ ပုဒ်မျှ အနက်ပေးပြခဲ့ပါ။

ဖြေ ။ သပဒါနံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာကရဏီယာ။
သမသူပကံ ဘုဉ္ဇိဿာမီတိ သိက္ခာကရဏီယာ။
ပရိမဏ္ဍလံ အာလောပံ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

မေး ။ အောက်ပါသာမဏေများအား အပြစ်သင့်၊ မသင့် ဆုံးဖြတ်ခဲ့ပါ။

ဖြေ ။ (က) စက္ကူပန်းကို ကိုင်ဆောင်သောသာမဏေ၊
(ခ) နိဗ္ဗာန်ဟာ သိမြင်ထိုက်တဲ့အရာမဟုတ်ဟု ပြောသော သာမဏေ၊
(ဂ) တေးဆိုသလို ဟောကြားသောတရားကို နားထောင်သော သာမဏေ၊

http://www.dhammadownload.com



(ဃ) ရယ်မြူးလို၍ မမှန်ကိုအမှန်ဟု ပြောသောသာမဏေ၊
(င) ကြောင်ကလေးကို ကျွမ်းထိုးခိုင်းသော သာမဏေ။

ဖြေ ။ (က) အပြစ်သင့်ပါသည်။ (အကြောင်းကား - မာလာ ဓာရဏာ၌ မာလာအရ - စက္ကူပန်း၊ ဖော့ပန်း၊ အဝတ်ပန်း စသည်တို့ကိုလည်း ယူရ သောကြောင့်တည်း။)
(ခ) အပြစ်သင့်ပါသည်။ (အကြောင်းကား - ယင်းသို့ပြောဆိုခြင်း သည် "ဓမ္မသအဝဏ္ဏ ဘာသတိ" ဖြစ်သောကြောင့်တည်း။)
(ဂ) အပြစ်သင့်ပါသည်။(အကြောင်းကား - တေးဆိုသလို ဟောကြား သော တရားသည် "ဂီတ" အရတွင် ပါဝင်သော ကြောင့်တည်း)
(ဃ) အပြစ်သင့်ပါသည်။ (အကြောင်းကား - ရယ်မြူးလို၍သော်မှ လည်း မဟုတ်မမှန်သောစကားကို မပြောကောင်းသောကြောင့် တည်း။)
(င) အပြစ်သင့်ပါသည်။ (အကြောင်းကား - ကြောင်ကလေးကို ကျွမ်းထိုးခိုင်းခြင်းသည် "နစ္စ" အရတွင် ပါဝင်သောကြောင့်တည်း)

မေး ။ ကြည်ညိုဖွယ်ဆောင် ပုဂ္ဂိုလ်ဖြစ်အောင် ငါ့ရှင် အဘယ်ကဲ့သို့ ကြွား မည်နည်း၊ တိုတိုကျဉ်းကျဉ်း လိုရင်းမိအောင် ရေးဆောင်ပြပါ။

ဖြေ ။ ကြည်ညိုဖွယ်ဆောင် ပုဂ္ဂိုလ်ဖြစ်အောင် ကြွသွားနည်း။
သင်းပိုင်ကို အဝန်းညီစွာဝတ်၊ လည်၊ လက်ကောက်ဝတ်များ ကောင်းစွာ ဖုံးလွှမ်းမိအောင် ကေသီသက်န်းကိုရုံ၊ လက်ခြေတို့ကို မကစားဘဲ ကောင်းစွာ ဣန္ဒြေတို့ကိုစောင့်စည်း၊ လေးတောင် ခန့်မျှကြည့်လျှက် မျက်လွှာကိုချကာ သက်န်းကို မပင့်မမြှောက်ဘဲ မြို့ထဲရွာထဲ၌ ကြွသွား ပါမည်။

မေး ။ နေ့စဉ်နေ့တိုင်း သပိတ်လက်စွဲလျက် ဆွမ်းခံထွက်နေခြင်းသည် သူပေါဒနဝိညတ္တိသိက္ခာပုဒ်ဖြင့် အပြစ်သင့်နေသည် မဟုတ်လော၊ အကြောင်းသွင်း၍ရှင်းပြီး၊ "သဗ္ဗဟတ္ထံ" ဟု ဆိုသောကြောင့် လက် ၅ ချောင်းစလုံးသွင်းမှ အပြစ်သင့်ပါသလော၊ ကျနစွာဖြေပြပါ။

ဖြေ ။ နေ့စဉ်နေ့တိုင်း သပိတ်လက်စွဲလျက် ဆွမ်းခံထွက်နေခြင်းသည် အမျိုး မတော်သူ၊ ဖိတ်မထားသူတို့ထံ နှုတ်မြွက်၍ မတောင်းဘဲ ကိုယ်ဖြင့် ရပ်ရုံသာရပ်ခြင်းဖြစ်သောကြောင့် သူပေါဒနဝိညတ္တိ သိက္ခာပုဒ်ဖြင့် မပြစ်မသင့်ပါ။
(အကယ်၍ နှုတ်မြွက်တောင်းပါက အပြစ်သင့်မည်သာ ဖြစ်ပါသည်)

http://www.dhammadownload.com



လက် ၅ ချောင်းလုံးသွင်းမှ အပြစ်သင့်သည်မဟုတ်ပါ။ လက်၏ အစိတ်အပိုင်းဖြစ်သော လက်ချောင်းအားလုံးကို "သဗ္ဗဟတ္ထံ" ဟု ဆိုသောကြောင့် တစ်ချောင်းတစ်လေ သွင်းလျှင်လည်း အပြစ်သင့်သည်သာဖြစ်ပါသည်။

**မေး ။ ဘေးရန်ကြောင့်သော်မှ အပြစ်မလွတ်သော သေခိယသိက္ခာပုဒ်များကို အနက်ရေးခဲ့ပါ။**

ဖြေ ။ သုသံဝုတသိက္ခာပုဒ် ၂ ပုဒ်ကို အနက်ပေးပါလေ။

**မေး ။ ဆွမ်းစားမှုနှင့်စပ်၍ ပညတ်အပ်သောသိက္ခာပုဒ်များမှ အလယ်ကျကျ ၅ ပုဒ်မျှ ပါဠိရေးခဲ့ပါ။**

ဖြေ ။ န ပိဏ္ဍုက္ခေပကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
န ကဗဠာဝစ္ဆေဒကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
န အဝဂဏ္ဍကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
န ဟတ္ထ နိဒ္ဓုနကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
န သိတ္ထာဝကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

**မေး ။ နသဒ္ဒါပါသော သိက္ခာပုဒ်များတွင် အလယ်ကျကျ (၄) ပုဒ်မျှ ပါဠိရေးခဲ့ပါ။**

ဖြေ ။ န အဝဂဏ္ဍကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
န ဟတ္ထနိဒ္ဓုနကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
န သိတ္ထာဝကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
န ဇိဝှါ နိစ္ဆာကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

မှတ်ရန် ။ "န" သဒ္ဒါ ပါ (၅၆) ပုဒ်
"န" သဒ္ဒါမပါ (၁၉) ပုဒ်

**မေး ။ သက်နှံရှုပြသိက္ခာပုဒ်များကို မမှားအောင်အနက်ပေးခဲ့ပါ။**

ဖြေ ။ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ် ၂ ပုဒ်အနက် ပေးပါလေ။

**မေး ။ အောက်ပါသာမဏေများအား အပြစ်သင့်၊ မသင့် ဆုံးဖြတ်ခဲ့ပါ။**

(က) တရားနှင့်စပ်၍ဖြစ်သော ဘေးကို နှားထောင်သော သာမဏေ။
(ခ) သံဃာတွေဟာ ကောင်းသောအကျင့်မကျင့်ဘူးဟု ပြောသော သာမဏေ။
(ဂ) မိမိနေရာ၌နေ၍ ပွဲကြည့်သောသာမဏေ။
(ဃ) ကျန်းမာနေသောရဟန်း အဖျားရောဂါသည်ဟု ပြောဆိုသော

http://www.dhammadownload.com



(င) နာနတ်သီးစိမ်ရည်ကိုသောက်သော သာမဏေ။

ဖြေ ။ (က) အပြစ်သင့်ပါသည်။ (အကြောင်းကား - တရားနှင့်စပ်၍ဖြစ်သောတေးသည် ဂီတအရတွင် ပါဝင်သောကြောင့်တည်း။)

(ခ) အပြစ်သင့်ပါသည်။ (အကြောင်းကား - "သံဃဿအဝဏ္ဏံဘာသတိ" ဖြစ်သောကြောင့်တည်း။)

(ဂ) အပြစ်မသင့်ပါ။ (အကြောင်းကား - ကြည့်ရှုနားထောင်လိုသဖြင့် တစ်နေရာမှတစ်နေရာသို့ သွား၍ကြည့်ရှုမှသာ လွန်ကျူးသည် မည်သောကြောင့်တည်း)

(ဃ) အပြစ်သင့်ပါသည်။ (အကြောင်းကား - အက္ကောသဝတ္ထု ၁၀မျိုးတို့တွင် "အာတာစ ¤ အနာရောဂါ" ပါဝင်သောကြောင့်တည်း။

(င) အပြစ်သင့်ပါသည်။ (အကြောင်းကား - နာနတ်သီးစိမ်ရည်သည် "ဖလာသဝ" ဖြစ်သောကြောင့်တည်း။)

မေး ။ "ကာရကံ" ပါသော သေခိယသိက္ခာပုဒ်များကို ကုန်စင်အောင် အနက်ပေးခဲ့ပါ။

ဖြေ ။ အဝဂဏ္ဍကာရကံ၊ ထား၍ ။ ပ ။ ကရဏီယာ၊ ၏။
သိတ္ထာဝကာရကံ၊ ကြဲ၍ ။ ပ ။ ကရဏီယာ၊ ၏။
စပုစပုကာရကံ၊ ပြု၍ ။ ပ ။ ကရဏီယာ၊ ၏။
သုရုသုရုကာရကံ၊ ပြု၍ ။ ပ ။ ကရဏီယာ၊ ၏။

မေး ။ "ပဋိဂ္ဂဟေဿာမိ" ပါသော သိက္ခာပုဒ်များတွင် အလယ်ကျကျ (၃)ပုဒ်မျှ အနက်ပေးခဲ့ပါ။

ဖြေ ။ ပတ္တသညီ၊ ဖြစ်၍။ ပိဏ္ဍပါတံ၊ ကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။ ပ ။ ကရဏီယာ၊ ၏။ သမသူပကံ၊ အမျှ။ ပ ။ ကရဏီယာ၊ ၏။ သမတိတ္တိကံ၊ အမျှ၊ ။ ပ ။ ကရဏီယာ၊ ၏။

မေး ။ "ကရိဿာမိ" ပါသော သိက္ခာပုဒ်များကို တိကျစွာ ပါဠိရေးခဲ့ပါ။

ဖြေ ။ နာတိမဟန္တံ ။ ပ ။ ကရဏီယာ။
ပရိမဏ္ဍလအာလောပံ ။ ပ ။ ကရဏီယာ။
န ဌိတော အဂိလာနော ။ ပ ။ ကရဏီယာ။
န ဟရိတေ ။ ပ ။ ကရဏီယာ။
န ဥဒကေ အဂိလာနော ။ ပ ။ ကရဏီယာ။

http://www.dhammadownload.com



မေး ။ "အဂိလာနော" ပါသော သိက္ခာပုဒ်များတွင် ရှေးဆုံး သိက္ခာပုဒ်၊ "အဂိလာနဿ" ပါသော သိက္ခာပုဒ်များတွင် အလယ်ကျကျ (၄)ပုဒ်မျှ ပါဠိရေးခဲ့ပါ။

ဖြေ ။ အဂိလာနော ပါသော သိက္ခာပုဒ်များတွင် ရှေးဆုံး သိက္ခာပုဒ် -
န သူပံဝါ ဩဒနံဝါ ။ ပ ။ သိက္ခာကရဏီယာ။
အဂိလာနဿ ပါသော သိက္ခာပုဒ်များတွင် အလယ်ကျကျ (၄)ပုဒ်
န ယာနဂတဿ အဂိလာနဿ ။ ပ ။ ကရဏီယာ။
န သယနဂတဿ ။ ပ ။ ကရဏီယာ။
န ပလ္လတ္ထိကာယ ။ ပ ။ ကရဏီယာ။
န ဝေဌိတသီသဿ ။ ပ ။ ကရဏီယာ။

မေး ။ နဒဏ္ဍပါဏိဿ၌ "ဒဏ္ဍ" အရကို ဘုရား၊ မဇ္ဈိမပုရိသ ပကတိပုရိသ တို့ဖြင့် ခွဲပြခဲ့ပါ။

ဖြေ ။ ဒဏ္ဍအရ
ဘုရား = ၂ ထွာ၊ လက် ၈ သစ်
မဇ္ဈိမပုရိသ = ၄ တောင်
ပကတိပုရိသ = ၆ တောင်ရှိသော တုတ်တောင်ဝှေးကိုယူရပါမည်။

မေး ။ အောက်ပါသာမဏေများ အပြစ်သင့်၊ မသင့် ဆုံးဖြတ်ပါ။
(က)ဘုရားရှင်ဟာ တရားအားလုံးကို ကိုယ်တိုင်မသိပါဘူးဟု ပြောသောသာမဏေ၊
(ခ) မိမိနေရာ၌ထိုင်ရင်း ပွဲကြည့်သောသာမဏေ၊
(ဂ) စပယ်ပန်းကိုကိုင်ဆောင်သောသာမဏေ၊
(ဃ)မုန့်ဟင်းခါးဆွမ်းကို ကိုက်ဖြတ်စားသောက်သော သာမဏေ၊
(င) မြန်မာခေါင်းပေါင်း ပေါင်းထားသောသူအား တရားဟောသော သာမဏေ။

ဖြေ ။ (က) အပြစ်ရှိပါသည်။ (လိင်ကျ) (ခ) အပြစ်မရှိပါ။
(ဂ) အပြစ်ရှိပါသည်။ (ဒဏ်) (ဃ) အပြစ်မရှိပါ။
(င) အပြစ်မရှိပါ။

မေး ။ "န" သဒ္ဒါမပါသော သိက္ခာပုဒ်များတွင် အလယ်ကျကျ (၅)ပုဒ်မျှ ပါဠိရေးပါ။

ဖြေ ။ ဩက္ခိတ္တစက္ခု အန္တရဃရေ ။ ပ ။ ကရဏီယာ။
အပ္ပသဒ္ဒေါ ။ ပ ။ ကရဏီယာ။
အပ္ပသဒ္ဒေါ ။ ပ ။ ကရဏီယာ။

http://www.dhammadownload.com



သက္ကစ္စံ ပိဏ္ဍပါတံ ။ ပ ။ ကရဏီယာ။
ပတ္တသညီ ။ ပ ။ ကရဏီယာ။

မေး ။ "ပတ္တ" သဒ္ဒါပါသော သိက္ခာပုဒ်များကို ကုန်စင်အောင် အနက်ယောဇနာပါ။

ဖြေ ။ - ပတ္တသညီ၊ ဖြစ်၍။ ပိဏ္ဍပါတံ၊ ကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။ ပ ။ ကရဏီယာ၊ ၏။
- ပတ္တသညီ၊ ဖြစ်၍။ ပိဏ္ဍပါတံ၊ ကို။ ဘုဉ္ဇိဿာမိ၊ အံ့၊ ။ ပ ။ ကရဏီယာ၊ ၏။
- ပတ္တနိလ္လေကံ၊ ဖြစ်၍၊ နဘုဉ္ဇိဿာမိ၊ အံ့။ ပ ။ ကရဏီ ယာ၊ ၏။
- သသိတ္ထကံ၊ သော။ ပတ္တဓောဝနံ၊ကို။ ပ ။ ကရဏီယာ၊ ၏။

မေး ။ "နိသိန္နဿ" သဒ္ဒါပါသော သိက္ခာပုဒ်များကို ကုန်စင်အောင် အနက်ယောဇနာခဲ့ပါ။

ဖြေ ။ - ပလ္လတ္ထိကာယ၊ လျက်။ နိသိန္နဿ၊ သော။ ပ ။ကရဏီယာ၊ ၏။
- ဆမာယံ၊ ၌။ နိသီဒိတွာ၊ ၍။ ပ ။ ကရဏီယာ၊ ၏။
- နီစေ၊ သော။ အာသနေ၊ ၌။ နိသီဒိတွာ၊ ၍။ ပ ။ကရဏီယာ၊ ၏။
- ဌိတော၊ သည်။ နိသိန္နဿ၊ သော။ ပ ။ ကရဏီယာ၊ ၏။

မေး ။ အရိယာထုံးစံ ဆွမ်းခံကြွမြန်းရာ၌ သတိရားလက်ကိုင်ထား၍ လိုက်နာရမည့်ကျင့်ဝတ်များကို ဖြေဆိုပါ။

❖ ငါ့ရှင်သာမဏေ ဆွမ်းခံကြွသည့်အခါ ဘယ်လိုနှလုံးသွင်း၍ ကြွမည်နည်း။

ဖြေ ။ ဆွမ်းခံကြွသည့်အခါ "ဆွမ်းကို ရိုရိုသေသေ ခံယူမည်၊ သပိတ်၌ အမှတ်သညာထား၍ ခံယူမည်၊ ဆွမ်း၏ လေးဖို့တစ်ဖို့ ပဲနောက်ဟင်း စသည်နှင့်အမျှ ဆွမ်းကိုခံယူမည်။ သပိတ်အတွင်း အနားရေးနှင့်အမျှ ဆွမ်းကိုခံယူမည်" ဟု နှလုံးသွင်း၍ ကြွပါမည်။

မေး ။ အောက်ပါသာမဏေများ အပြစ်သင့်၊မသင့် ဆုံးဖြတ်ပါ။
(က) ကက်ဆက်ဖွင့်သောသာမဏေ၊
(ခ) ရဟန်းကို "ဒေါသမင်းသား" ဟု ဆိုသော သာမဏေ၊
(ဂ) ငှက်ပျောသီးကို ကိုက်စားသောသာမဏေ၊
(ဃ) တေးသီချင်းနှင့်စပ်သောတရားကို နားထောင်သော သာမဏေ၊
(င) ဝက်ခြံပျောက်ရန် ပေါင်ဒါလိမ်းသော သာမဏေ။

ဖြေ ။ (က) အပြစ်သင့်ပါသည်။ (အကြောင်းကား - ကက်ဆက်ဖွင့်ခြင်းသည်

http://www.dhammadownload.com



သူတစ်ပါးကို သိဆိုစေခြင်းဖြစ်၍ "ဂီတအရ" တွင် ပါဝင်သော ကြောင့်တည်း။)

(ခ) အပြစ်သင့်ပါသည်။ (အကြောင်းကား - "ဒေါသမင်းသား" ဟု ဆိုခြင်းသည် အက္ကောသဝတ္ထု ၁၀ ပါးတို့တွင် အမျိုးဇာတ်ဖြင့် ဆဲရေးခြင်းဖြစ်သောကြောင့်တည်း။)

(ဂ) အပြစ်မသင့်ပါ။ (အကြောင်းကား - ခဲဖွယ်၊ သစ်သီး ကြီးငယ်၊ လက်သုပ်ဟင်းလျာတို့ကို ကိုက်ဖြတ်စားကောင်းသောကြောင့် တည်း။)

(ဃ) အပြစ်မသင့်ပါ။ (အကြောင်းကား - တေးသီချင်းနှင့်စပ်သော တရားသည် ဂီတအရတွင် မပါဝင်သောကြောင့်တည်း။)

(င) အပြစ်မသင့်ပါ။ (အကြောင်းကား - ဂန္ဓဝိလေပနစသော အားလုံး ဆေးအကျိုးငှာလိမ်းကျံ ဆွတ်ဖျန်းကောင်းသောကြောင့်တည်း။)

မေး ။ ပါဒုကဝဂ်တွင် အလယ်ကျသောသိက္ခာပုဒ် (၅) ခုကိုသာ ပါဠိသက် သက်ရေးပြပါ။

ဖြေ ။ - န ဝေဌိတ သီသဿ ။ ပ ။ ကရဏီယာ။

- န ဩဂုဏ္ဌိတသီသဿ ။ ပ ။ ကရဏီယာ။
- န ဆမာယံ နိသီဒိတွာ ။ ပ ။ ကရဏီယာ။
- န နီစေအာသနေ ။ ပ ။ ကရဏီယာ။
- န ဌိတော နိသိန္နဿ ။ ပ ။ ကရဏီယာ။

မေး ။ အောက်ဖော်ပြပါသာမဏေများနှင့် သက်ဆိုင်သော သိက္ခာပုဒ်ပါဠိ များကိုသာ မှန်ကန်တိကျစွာ ရေးသားပါ။

(က) ကိုယ်နံ့ကောင်းအောင် ရေမွှေးကို မသိမသာ ဆွတ်ဖျန်းသော သာမဏေ။

(ခ) ဆေးလိပ်ထဲကို ဘိန်းဖြူထည့်၍ သောက်သောသာမဏေ။

(ဂ) ဟိုမော့ သည်မော့ကြည့်လျက် ဆွမ်းခံလှည့်လည်သော သာမဏေ။

(ဃ) သင်္ကန်းမရုံဘဲ မြို့၊ ရွာထဲကြွသော သာမဏေ။

(င) ဆွမ်းဟင်းပေကျံနေသောလက်ဖြင့် ရေခွက်ကိုကိုင်သော သာမဏေ။

ဖြေ ။ (က) မာလာဂန္ဓ ဝိလေပန ။ ပ ။ သမာဒိယာမိ။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနော ဟောတိ။

http://www.dhammadownload.com



(ခ) သုရာမေရယ မဓုပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ သုရာမေရယ မဓုပါယီ ဟောတိ။

(ဂ) ပတ္တသညီ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာကရဏီယာ။

(ဃ) သူပဗျဉ္ဇနေန အန္တရယာရေ ဂမိဿာမီတိ သိက္ခာကရဏီယာ။

(င) နဿာမိသေန ဟတ္ထေန ပါနီယတ္ထာလကံ ပဋိဂ္ဂဟေ ဿာမီတိ သိက္ခာကရဏီယာ။

**မေး ။ အောက်ဖော်ပြပါကိုရင်များ အပြစ်ရှိ၊ မရှိ သက်ဆိုင်ရာ သိက္ခာပုဒ် တိတိကျကျထောက်ပြ၍ ဝေဖန်ဆုံးဖြတ်ပါ။**

**(က)လမ်းပေါ်၌ကျနေသော ရွှေနားဆွဲကို ခိုးလိုသောစိတ်ဖြင့် ကောက်ယူသောကိုရင်။**

**(ခ) သီချင်းတိတ်ခွေဖွင့်၍ ကက်ဆက်နားထောင်သောကိုရင်။**

**(ဂ) လမ်းဘေး၌ပြနေသောမျောက်ပွဲသို့ ခေတ္တဝင်ကြည့်သောကိုရင်။**

**(ဃ)အသုံးပြုနေသောရေထဲသို့ နှပ်ညှစ်ချသောကိုရင်။**

**(င) ဆွမ်းဝိုင်း၌ ဆွမ်းစားရင်း စကားပြောနေသောကိုရင်။**

**ဖြေ ။** (က) အပြစ်မရှိပါ။ (လမ်းမပေါ်၌ကျနေသော ရွှေနားဆွဲကို ခိုးလိုသော စိတ်ဖြင့်ကောက်ယူရာ၌ အဒိန္နာဒါယီအတွက် လိုင်ကျကြောင်း သမ္ဘာရအင်္ဂါ ၅ ချက်တို့တွင် "ပရပရိဂ္ဂဟိတသညိတာ ၊ သူတပါး သိမ်းဆည်းထားသော ပစ္စည်းဟုမှတ်ထင်ခြင်း" ဟူသော အင်္ဂါချို့ ယွင်းသောကြောင့်တည်း။)

**ဆိုင်ရာသိက္ခာပုဒ်။** အဒိန္နာဒါယီဟောတိ။

(ခ) အပြစ်ရှိပါသည်။ (သီချင်းတိတ်ခွေဖွင့်ခြင်းသည် နစ္စ ဂီတအရ တွင်ပါဝင်၍ ကက်ဆက်နားထောင်ခြင်းသည် ဝိသူက ဒဿန အရတွင် ပါဝင်သောကြောင့်တည်း။)

ဂီတ၊ ဝိသူကဒဿန။

(ဂ) အပြစ်ရှိပါသည်။ (လမ်းဘေး၌ပြနေသော မျောက်ပွဲသည် နစ္စဖြစ် ၍ ထိုမျောက်ပွဲသို့ ခေတ္တဝင်ကြည့်ခြင်းသည် ဝိသူက ဒဿနဖြစ် သောကြောင့်တည်း။

နစ္စ၊ ဝိသူကဒဿန။

(ဃ) အပြစ်ရှိပါသည်။ (အသုံးပြုနေသောရေထဲသို့ နှပ်ညှစ်ချ ခြင်းသည် ဥဒကေဥစ္စာရသိက္ခာပုဒ်ကို လွန်ကျူးခြင်းဖြစ် သောကြောင့်တည်း။

http://www.dhammadownload.com



(တစ်နည်း) ဥဒကေ ဥစ္စာရ သိက္ခာ ပုဒ်၌ ခေဠသင်္ဂါဖြင့် နှပ်ကို လည်း သိမ်းယူရေတွက်အပ်သောကြောင့်တည်း။)

ဆိုင်ရာသိက္ခာပုဒ်။ ဥဒကေ ဥစ္စာရသိက္ခာပုဒ်။

(င) အပြစ်ရှိပါသည်။ (ဆွမ်းစားရင်း စကားပြောခြင်းသည် သကဗဠ သိက္ခာပုဒ်ကို လွန်ကျူးခြင်းဖြစ်သောကြောင့်တည်း။) သကဗဠ သိက္ခာပုဒ်။

မေး ။ **မိမိ၏မိဘများအိမ်သို့ ခေတ္တသွားလည်သော သာမဏေသည် ယင်းအိမ်၌ သက်န်းရုံဖျက်၍ နေခြင်းငှာ သင့်၊ မသင့် အကြောင်း ထောက်ချင့်၍ ဝိနိစ္ဆယချခဲ့ပါ။**

ဖြေ ။ မြို့တွင်းရွာတွင်း၌ ညအိပ်ညနေ သွားရောက်တည်းခို နေထိုင်သော သာမဏေများသာ သုပ္ပဋိစ္ဆန္နနိသိဒန သိက္ခာပုဒ်အရ လွတ်လပ်ခွင့်ရ သောကြောင့် မိမိ၏မိဘများအိမ်သို့ ခေတ္တသွားလည်သော သာမဏေ သည် ယင်းအိမ်၌ သက်န်းရုံဖျက်၍ နေခြင်းငှာမသင့်ပါ။

မေး ။ **ရယ်ခြင်း (၆)မျိုးရှိသည့်အနက် ဥဇ္ဇဂ္ဃိကသိက္ခာပုဒ်တော်နှင့် ငြိစွန်း နိုင်သည့်ရယ်ခြင်းမျိုးကို အကြောင်းခိုင်လုံစွာနှင့် ထုတ်ဖော်ရေးသား ခဲ့ပါ။**

ဖြေ ။ ရယ်ခြင်း (၆)မျိုးတို့တွင် သိတ၊ ဟသိတ နှစ်မျိုးသည် သူမြတ်တို့၏ ရယ်ခြင်း။ ဝိဟသိတ၊ ဥပဟသိတ နှစ်မျိုးသည် သူလတ်တို့ရယ်ခြင်း။ အပဟသိတ၊ အတိဟသိတ နှစ်မျိုးသည် သူယုတ် တို့၏ရယ်ခြင်းဖြစ် ၏။ ရဟန်းသာမဏေတို့ကို သူမြတ်၌ ထည့်သွင်းသင့်သောကြောင့် ဝိဟသိတ၊ ဥပဟသိတ၊ အပဟ သိတ၊ အတိဟသိတ ဟူသော ရယ်ခြင်း (၄)မျိုးမှာ ဥဇ္ဇဂ္ဃိက သိက္ခာပုဒ်တော်နှင့် ငြိစွန်းနိုင်သော ရယ်ခြင်းမျိုးဖြစ် ပါသည်။

မေး ။ **ဒကာ + ဒကာမတို့၏ ကြည်ညိုဖွယ်ကို မဆောင်သည့် အောက်ပါ သာမဏေများ၏အပြစ်ကို သိက္ခာပုဒ်မှ သက်ဆိုင်ရာပါဠိကိုသာ တိတိကျကျ ကိုးကား၍ ဖြေဆိုပါ။**

(က) ဆေးခြောက်ရှုသောသာမဏေ၊

(ခ) ကက်ဆက်ဖွင့်၍ သီချင်း နားထောင်သော သာမဏေ၊

(ဂ) ဘောလုံးပွဲကြည့်ရှုသောသာမဏေ၊

http://www.dhammadownload.com



(ဃ)ဆွမ်းစားနေစဉ် ဟင်းကုန်၍ ဉာတိပဝါရိတ မဟုတ်သူအား ဟင်းလိုက်ခိုင်းသော သာမဏေ။

ဖြေ ။ (က) လိင်ကျပါသည်။ သက်ဆိုင်ရာပါဠိ - မဇ္ဇပါယီ၊

(ခ) ဒဏ်သင့်ပါသည်။ ကက်ဆက်ဖွင့် - ဂီတ၊ ဝါဒိတ၊

(ဂ) ဒဏ်သင့်ပါသည်။ ဝိသူက ဒဿန၊

(ဃ) ဒဏ်သင့်ပါသည်။ နသူပံဝါ ဩဒနံဝါ အဂိလာနော (ပ) သိက္ခာ ကရဏီယာ။

မေး ။ ယဉ်ကျေးသိမ်မွေ့ သာမဏေပီသသည့် အောက်ပါ သာမဏေများပြည့်စုံသော သိက္ခာပုဒ်ပါဠိကို မှန်ကန်စွာ ရေး၍ ဝတ်ညွှန်းပြပါ။

(က)သက်န်းကို ညီညွတ်စွာရုံလျက် သွားလာနေထိုင်သော သာမဏေ၊

(ခ) ဆွမ်းလုတ်ကို ညီညီညာညာ ပြုပြင်စားသော သာမဏေ၊

(ဂ) သင်္ကန်းကို ညီညာစွာရုံလျက် မြို့၊ ရွာထဲကြွသော သာမဏေ၊

(ဃ)ဟိုဟိုသည်သည်မကြည့်ဘဲ သပိတ်၌သာ စိတ်ထား၍ ဆွမ်းခံယူသော သာမဏေ။

ဖြေ ။ (က) ပရိမဏ္ဍလံပါရုပိဿာမီတိ သိက္ခာ ကရဏီယာ၊

(ခ) ပရိမဏ္ဍလံ အာလောပံ ကရိဿာမီတိ သိက္ခာ ကရဏီယာ၊

(ဂ) သုပ္ပဋိစ္ဆန္နော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ၊

(ဃ) ပတ္တသညီ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

မေး ။ ဓမ္မံ ဒေသေဿာမိ၌ ဓမ္မအရယူရမည့် တရားများကိုဖော်ပြ၍ ယင်းဓမ္မများကို အပြစ်လွတ်အောင် မည်ကဲ့သို့ ဟောရမည်နည်း၊ ဟောနည်းကိုညွှန်ကြားခဲ့ပါ။

ဖြေ ။ ဓမ္မံဒေသေဿာမိ၌ ဓမ္မအရ - သင်္ဂါယနာသုံးတန်တင် ပါဠိတော် အဋ္ဌကထာဓမ္မသင်္ဂါယနာသုံးတန်မတင်သော ရာဇောဝါဒ စသော ဓမ္မမျိုးကိုယူရပါမည်။

အပြစ်လွတ်အောင် တရားဟောနည်း

ယင်းဓမ္မများကို ပါဠိဘာသာဖြင့်ဟောမှသာ အပြစ်ရောက်သောကြောင့် မြန်မာဘာသာ စသည်တို့ဖြင့်ဟောလျှင် အပြစ်လွတ်ပါသည်။

မေး ။ ဥပါဟနသိက္ခာပုဒ်အရ ဖိနပ်ကိုမစီးဘဲ နင်းရုံသာနင်းထားသူအား တရားဟောကောင်း၊ မဟောကောင်း အကြောင်းပြ၍ ဝိနိစ္ဆယချခဲ့ပါ။

ဖြေ ။ ၁။ ခြေချောင်းမသွင်း နင်းထားသူ အက္ကန္တ။

http://www.dhammadownload.com



၂။ ခြေဖျားစွပ်သွင်း စီးနင်းထားသူ ပဋိမုက္က။
၃။ ဖနောင့်ပိတ်သွင်း စီးနင်းထားသူ ဩမုက္ကဟု စီးနင်းသူ သုံးမျိုး သုံးစားရှိရာ ဖိနပ်ကိုမစီးဘဲ နင်းရုံသာနင်းထား သူသည်လည်း ဥပါဟနာ ရုပဋ္ဌပင်ဖြစ်သောကြောင့် ၎င်းအား တရားမဟောကောင်းပါ။

**မေး ။ သေခိယပါဠိ၌လာသည့် "ဩလောကေဿာမိ", "ကရိဿာမိ" ပါသော သိက္ခာပုဒ်များကိုသာ အနက်ယောဇနာပြပါ။**

ဖြေ ။ **ဩလောကေဿာမိ** - ဥဇ္ဈာနသညီ၊ ဖြစ်၍။ ပရေသံ၊ တို့၏။ ပတ္တံ၊ ကို။ နဩလောကေဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

**နိဝါသေဿာမိ** - ပရိမဏ္ဍလံ၊ စွာ။ နိဝါသေဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။

**ကရိဿာမိ** - အတိမဟန္တံ၊ သော။ ကဗဠံ၊ ကို။ နကရိဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။ ပရိမဏ္ဍလံ၊ စွာ။ အာလောပံ၊ ကို။ ကရိဿာမိ၊ အံ့။ ဣတိ၊ သိက္ခာ၊ ကရဏီယာ။

အဂိလာနေ၊ ဘဲ။ ဌိတော၊ လျက်။ ဥစ္စာရံဝါ၊ ကိုလည်းကောင်း။ ပဿာဝံဝါ၊ လည်းကောင်း။နကရိဿာမိ၊အံ့။ ဣတိ၊သိက္ခာ၊ ကရဏီယာ။

အဂိလာနော၊ ဘဲ။ ဟရိတေ၊ ၌။ ဥစ္စာရံဝါ၊ ပဿာဝံဝါ၊ ကိုလည်းကောင်း။ ခေဠံဝါ၊ ကိုလည်းကောင်း။ နကရိဿာမိ၊ အံ့။ ဣတိ၊ သိက္ခာ၊ ကရဏီယာ။

အဂိလာနော၊ ဘဲ။ ဥဒကေ၊ ၌။ ဥစ္စာရံဝါ၊ ပဿာဝံဝါ၊ ခေဠံဝါ နကရိဿာမိ၊ ဣတိ၊ သိက္ခာ၊ ကရဏီယာ။

**မေး ။ ဒကာ + ဒကာမတို့အား မတ်တပ်ရပ်၍ တရားဟောလိုသော ငါ့ရှင်သည် သိက္ခာပုဒ်အပြစ်လွတ်အောင် မည်သည့်နည်းကို အသုံးပြုမည်နည်း၊ ငါ့ရှင် အသုံးပြုမည့်နည်းကို ညွှန်ပြပါ။**

ဖြေ ။ တစ်ယောက်ယောက်ကို ရပ်ခိုင်းပြီး ရပ်နေသူကို ဟောမည်ဟု နှလုံးသွင်း၍ တရားဟောရပါမည်။

**မေး ။ မြို့၊ ရွာထဲ ဆွမ်းခံကြွသည့်အခါ ငါ့ရှင်သည် ဆွမ်းခံနေစဉ်အတွင်း မုချလိုက်နာရမည့် ကျင့်ဝတ်တွေကို အားလုံးခြုံငုံ မိသည့်နည်းဖြင့် အကျဉ်းချုံး၍ ရေးသားဖော်ပြပါ။**

ဖြေ ။ လေးလေးစားစား သတိထား၍ ဆွမ်းခံရပါမည်။

http://www.dhammadownload.com



ဟိုကြည့်သည်ကြည့် မကြည့်ဘဲ သပိတ်၌ အမှတ်သညာ ထား၍ ဆွမ်းခံရပါမည်။

- ဆွမ်း၏လေးပုံတစ်ပုံမျှပဲ ဟင်းကိုခံယူရပါမည်။
- သပိတ်အတွင်းအနားရေးနှင့်အမျှ ဆွမ်းခံရပါမည်။
- သေခိယနှင့်အညီ သွားရပါမည်။
- မရှည်မကြာရပ်ရပါမည်။
- ဆွမ်းလောင်းလှူသော ဒကာ၊ ဒကာမတို့၏မျက်နှာကို မကြည့်ရပါ။

မေး ။ အောက်ပါသာမဏေများနှင့် သက်ဆိုင်သော သိက္ခာပုဒ် ပါဠိများကို အပြည့်အစုံမှန်ကန်စွာရေးပါ။

(က) ဆွမ်းလုတ်ကို ပြုပြင်စားသော သာမဏေ
(ခ) ဆွမ်းကို ဖိတ်စင်မှုမရှိအောင်စားသော သာမဏေ
(ဂ) သူတစ်ပါးပစ္စည်းကိုမသိအောင်ယူသော သာမဏေ
(ဃ) ရဟန်းကို "ခေါင်းပြတ်သွားချင်သလား" ဟု ပြောဆိုသော သာမဏေ။

ဖြေ ။ (က) ပရိမဏ္ဍလံ အာလောပံကရိဿာမီတိ သိက္ခာ ကရဏီယာ
(ခ) န သိတ္ထာဝကာရကံ ဘုဉ္ဇိဿာမီတိသိက္ခာ ကရဏီယာ။
(ဂ) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံသမာဒိယာမိ။
အဒိန္နာဒါယီ ဟောတိ

မေး ။ ဆဗ္ဗေဿာမိ၊ ပဋိဂ္ဂဟေဿာမိ၊ ပက္ခိပိဿာမိ၊ ပဋိစ္ဆာ ဒေဿာမိ ပါသော သိက္ခာပုဒ်အပြည့်အစုံကို ပါဠိမျှရေးပြ ပါ။

ဖြေ ။ နသသိတ္ထကံ ပတ္တဓောဝနံ ။ ပ ။ သိက္ခာကရဏီယာ။
သက္ကစ္စံပိဏ္ဍပါတံ ။ ပ ။ သိက္ခာကရဏီယာ။
ပတ္တသညီ ပိဏ္ဍပါတံ ။ ပ ။ ကရဏီယာ။
သမတိတ္တကံ ပိဏ္ဍပါတံ ။ ပ ။ သိက္ခာ ကရဏီယာ။
နသာမိသေန ဟတ္ထေန ။ ပ ။ သိက္ခာကရဏီယာ။
နဘုဉ္ဇမာနော ။ ပ ။ သိက္ခာ ကရဏီယာ။
န သူပံဝါ ဗျဥ္ဇနံဝါ ။ ပ ။ သိက္ခာကရဏီယာ။

မေး ။ သင်းပိုင်ခါးတောင်းကျိုက်၍ ဘော်လီဘောပုတ်နေသော ကိုရင်နှင့် တုတ်ကိုင်လျက်ထိုင်နေသော နွားကျောင်းသားအား မတ်တပ်ရပ်လျက် တရားစကားပြောကြားနေသော ကိုရင်တို့အား ဖြစ်နိုင်သည့် အပြစ်များကို ဆိုင်ရာသိက္ခာပုဒ် ကိုးကား၍ဖြေပါ။

http://www.dhammadownload.com



ဖြေ ။ သင်းပိုင်ခါးတောင်းကျိုက် - ပရိမဏ္ဍလံနိဝါသေဿာမိတိ သိက္ခာ ကရဏီယာဟူသော သိက္ခာပုဒ်ဖြင့် ဒဏ်သင့်ပါသည်။
ဘော်လီဘောပုတ် - နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနော ဟောတိ ဟူသောသိက္ခာပုဒ်ဖြင့် ဒဏ်သင့်ပါသည်။ (ဘော် လီဘောပုတ်ခြင်းသည် ဝိသူကအရတွင်ပါဝင်၏)

တုတ်ကိုင်လျှက် ထိုင်နေသော န္တားကျောင်းသားအား
မတ်တပ်ရပ်လျှက် တရားစကားပြော

န ဒဏ္ဍပါဏိဿ အဂိလာနဿ ဓမ္မံဒေသေဿာမီတိ သိက္ခာ ကရဏီယာ။
န ဌိတောနိသိန္နဿ အဂိလာနဿ ဓမ္မံဒေသေဿာမီတိ သိက္ခာ ကရဏီယာ ဟူသော သိက္ခာပုဒ်တို့ဖြင့် ဒဏ်အပြစ်သင့်ပါသည်။

မေး ။ ဆွမ်းစားမှုနှင့်စပ်ပြီး ဆောင်ရမည့် သိက္ခာပုဒ်နှင့် ရှောင်ရမည့် သိက္ခာ ပုဒ်များကို တိတိကျကျခွဲခြား၍ သချာမှုဖော်ပြပါ။

ဖြေ ။ ဆွမ်းစားမှုနှင့်စပ်ပြီး ဆောင်ရမည့်သိက္ခာပုဒ် သချာ (၅)ပုဒ် ဖြစ်ပါသည်။ ရှောင်ရမည့် သိက္ခာပုဒ် (၂၁) ပုဒ်ဖြစ်ပါသည်။

မေး ။ သက်န်းကိုညီညွတ်စွာရန်း၍နေရမည့်အရပ်များကို အပြည့်အစုံ ဖော်ပြပြီးလျှင် သက်န်းမရုံဘဲ နေနိုင်သည့်အရပ်များကို ဖော်ပြပါ။

ဖြေ ။ သက်န်းကိုညီညွတ်စွာရန်း၍နေရမည့်အရပ်များ
ကျောင်းတိုက်တွင်းရော၊ မြို့၊ ရွာတွင်းပါဖြစ်ပါသည်။ (ကျောင်းတိုက် တွင်းဆိုရာ၌ ဘုရားရှေ့၊ သံဃာရှေ့၊ အစည်းအဝေး၊ ဒကာ၊ ဒကာမ များရှေ့ စသည်နှင့် ဆရာသမားမထေရ်ကြီးများရှေ့ စသည်တို့ဖြစ် ပါသည်။)
သက်န်းမရုံဘဲနေနိုင်သည့် အရပ်များ
ဖရံရှိသောရွာ၌ အတွ င်းတံခါးတိုင် (တံခါးခုံ)၏ အပြင်ဘက် အရံမရှိ သောရွာ၌ ဒုတိယ ခဲတစ်ပစ်၏အပြင်ဘက်အရပ်၊ မြို့တွင်းရွာတွင်း၌ ညဥ့်အိပ် ညဥ့်နေတည်းခိုနေထိုင်ရာအရပ်များဖြစ်ပါသည်။

မေး ။ အမျိုးမတော်သူထံအပ်သောတောင်းနည်း၊ မအပ်သော တောင်းနည်း များကို ဖော်ပြ၍ မအပ်သောတောင်းနည်းဖြင့်ရရှိသောပစ္စည်းကို အခြားသူများသုံးဆောင်လျှင် အပ်၊ မအပ်ကိုပါ ညွှန်ပြပါ။

http://www.dhammadownload.com



ဖြေ ။ အပ်သောတောင်းနည်း
ပိုင်ရှင်တို့ထံသွား၍ နှုတ်မြွက်မဆိုဘဲ ကိုယ်ဖြင့်ရပ်ရမည်၊ ထိုအခါ ပိုင်ရှင်တို့က "ဘာအလိုရှိပါသလဲ" "ဘာကိစ္စပါလဲ" ဟု မေးသောအခါ မှအပ်သော ဆွမ်း၊ ဆွမ်းဟင်း၊ ဆေး စသည်တို့ကို ပြောပြရမည်၊ ဤကား အပ်သောတောင်းနည်းဖြစ်ပါသည်။
မအပ်သောတောင်းနည်း
အမျိုးမတော်သူ၊ မဖိတ်ကြားသူတို့ထံ နှုတ်မြွက်တောင်းခြင်း၊ လှူချင်လာအောင်သွယ်ဝိုက်၍ပြောခြင်းသည် မအပ်သောတောင်းနည်းဖြစ်ပါသည်။
မအပ်သောတောင်းနည်း ဖြင့်ရရှိလာသော ပစ္စည်းကို အခြားသူများ သုံးဆောင်လျှင် မအပ်ပါ။

မေး ။ သေခိယလာအလယ်တည့်တည့်ရှိဝဂ်မှ အလယ်သိက္ခာပုဒ် (၄) ပုဒ်ကိုသာ သဒ္ဒါရေးမပျက် အနက်သမ္ဗန်ပါ။

ဖြေ ။ သမသူပကံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိသိက္ခာ ကရဏီယာ
န ထူပကတော ဩမဒ္ဒိတွာ ။ ပ ။ ကရဏီယာ။
န သူပံဝါဗျဉ္စနံဝါဩဒနေန ပဋိစ္ဆာဒေဿာမိ။ ပ ။ ကရဏီယာ။
န သူပံဝါ ဩဒနံဝါ အဂိလာနော အတ္တနောအတ္ထာယ
။ ပ ။ ကရဏီယာ။ (အနက်ပေးပါလေ)

မေး ။ မြို့၊ ရွာတွင်း၌ သွားလာမှုနှင့်စပ်၍ ပညတ်အပ်သော သေခိယသိက္ခာပုဒ်များအနက် အလယ်ကျကျ သိက္ခာပုဒ် (၄) ပုဒ်ကို ပါဠိရေးခဲ့ပါ။

ဖြေ ။ န ဥက္ကုဋိကာယအန္တရဃရေဂမိဿာမီတိ သိက္ခာကရဏီယာ။
အပ္ပသဒ္ဒေါ အန္တရဃရေဂမိဿာမီတိ သိက္ခာကရဏီယာ။
နကာယပ္ပစာလကံ အန္တရဃရေဂမိဿာမီတိ သိက္ခာ ကရဏီ ယာ။
န ဗာဟုပ္ပစာလကံ အန္တရဃရေဂမိဿာမီတိ သိက္ခာ ကရဏီ ယာ။

မေး ။ ဆွမ်းစားမှုနှင့်စပ်၍ ရှောင်ရှားရမည့် သိက္ခာပုဒ်များမှ (၅) ပုဒ် ပါဠိမျှ ရေးသားခဲ့ပါ။

ဖြေ ။ နပိဏ္ဍုက္ခေပကံ၊ နကဗဠာဝစ္ဆေဒကံ၊ နအဝဂဏ္ဍကာရကံ။ နဟတ္ထနိဒ္ဓုနကံ။ နသိတ္ထာဝကာရကံတို့ကိုရေးလေ။

မေး ။ ငါ့ရှင် မြို့၊ ရွာထဲ၌ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်နှင့်ညီအောင် မည်ကဲ့သို့ နေထိုင်ပါမည်နည်းဖော်ပြ၍ ဥဒ္ဒိဋ္ဌကအရ အသက်ဝင်နိုင်သောရယ်ခြင်းများကို ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ ။ (၁) လည်မျိုမှ အထက်ဦးခေါင်း။
(၂) လက်ကောက်ဝတ်မှ ပြင်ဘက်ဖြစ်သောလက်။
(၃) သလုံးသားမှ အောက်ဖြစ်သောခြေထောက်။
ဤသုံးမျိုးကို ဖွင့်ဖော်ထားပြီး အခြားကိုယ်အင်္ဂါများကို ဖုံး၍ နေထိုင်ရပါသည်။
ဥဇ္ဇဂ္ဃိကအရ သက်ဝင်နိုင်သောရယ်ခြင်းများကား ဝိဟသိတ၊ ဥပဟသိတ၊ အပဟသိတ၊ အတိဟသိတတို့ဖြစ်ပါသည်။

**မေး ။ ကျန်းမာလျက် အိပ်ရာထဲလျောင်းနေသူအား အပြစ်လွတ်အောင် မည်ကဲ့သို့ တရားဟောပါမည်နည်း။ ဖော်ပြ၍ ဂိလာနအနေနှင့်သပိတ်အတွင်း အနားရေနှင့်အမျှ ဆွမ်းကို ခံယူနိုင်၊ မယူနိုင် စိစစ်ဆုံးဖြတ်ပါ။**

ဖြေ ။ ကျန်းမာလျက် အိပ်ရာထဲလျောင်းနေသူအား တရားဟောသူက မြင့်သောနေရာ၌ လျောင်းပြီးဟောမှ အပြစ်လွတ်ပါသည်။
သမတိတ္ထိက၊ သူပဗျဥ္ဇန၊ 'ဥဇ္ဈာနသညီသိက္ခာပုဒ် "အနာပတ္တိ ဂိလာနဿ" ဟု မဟောသောကြောင့် ၎င်းသိက္ခာပုဒ် (၃) ခုကို လွန်ကျူးလျှင် ဂိလာနသော်မှ အပြစ်မလွတ်ကြောင်း သိရပါသည်။ ထို့ကြောင့် ဂိလာနအနေနှင့် သပိတ်အတွင်း အနားရေး နှင့်အမျှ ဆွမ်းကိုမခံယူနိုင်ပါ။

**မေး ။ ဓမ္မကထိကသာမဏေများ လိုက်နာကျင့်ကြံရမည့် သိက္ခာပုဒ်များမှ နောက်ဆုံးသိက္ခာပုဒ် (၅) ခုကိုသာ အနက်ပေးခဲ့ပါ။**

ဖြေ ။ ဆုမာယံ၌၊ နိသီဒိတွာ၊ ၍။ အာသနေ၊ ၌။ နိသိန္နဿသော၊ အဂိလာနဿ၊ အား။ ဓမ္မံ၊ ကို။ နဒေသေဿာမိ၊ အံ့၊ ဣတိ၊ သို့။ သိက္ခာ၊ ကို။ ကရဏီယာ၊ ၏။
နီစေ၊ သော။ အာသနေ၊ ၌။ . . . ။
ဌိတော၊ ရပ်သောငါသည်။ နိသိန္နဿ၊ သော။ ။
ပစ္ဆတော၊ မှ။ ဂစ္ဆန္တော၊ သည် . . . ။ . . . ။
နဥပ္ပထေန၊ ခရီးမဟုတ်သဖြင့်။ ဂစ္ဆန္တော၊ သည်။

**မေး ။ မြို့၊ ရွာထဲဆွမ်းခံသွားသော ငါ့ရှင်အားမည်သည့် သိက္ခာပုဒ်များနှင့် အညီ သွားလာရမည်ကို သေခိယလာအတိုင်း အပြည့်အစုံဖော်ပြပါ။**

ဖြေ ။ မြို့၊ ရွာထဲ ဆွမ်းခံသွားသောတပည့်တော်အား
သုပ္ပဋိစ္ဆန္နဂမန၊ သုသံဝုတဂမန၊ ဩက္ခိတ္တစက္ခုဂမန၊ ဥက္ခိတ္တ ကဂမန၊ ဥဇ္ဇဂ္ဃိကဂမန၊ အပ္ပသဒ္ဒဂမန၊ ကာယပ္ပစာလကဂမန၊ ဗာဟုပ္ပစာလက

http://www.dhammadownload.com


ဂမန၊ သီသပ္ပစာလကဂမန၊ ခမ္ဘကတဂမန၊ ဩဂုဏ္ဌိတဂမန၊ ဥက္ကုဋိတဂမန၊ သိက္ခာပုဒ်များနှင့်အညီ သွားလာရပါသည်။

မေး ။ သေခိယသိက္ခာပုဒ်၌ပြုရမည်ဟုလည်းကောင်း၊ မပြုရဟုလည်းကောင်း တိုက်ရိုက်ဟောဖော်ထားသော သိက္ခာပုဒ်ပါဠိများကို ကုန်စင်အောင်ရေးပြပါ။

ဖြေ ။ သေခိယသိက္ခာပုဒ်၌ပြုရမည်ဟု တိုက်ရိုက်ဟော ဖော်ထားသော သိက္ခာပုဒ်ပါဠိ

ပရိမဏ္ဍလံ အာလောပံ ကရိဿာမီတိသိက္ခာကရဏီယာ။

မပြုရ-ဟုတိုက်ရိုက်ဟောဖော်ထားသော သိက္ခာပုဒ် ပါဠိများ

နာတိမဟန္တံ ကဗဠံကရိဿာမီတိသိက္ခာ ကရဏီယာ။

နဋ္ဌိတောအဂိလာနော ဥစ္စာရံဝါ ။ ပ ။ သိက္ခာကရဏီယာ။

နဟရိတေ အဂိလာနော ဥစ္စာရံဝါ ။ ပ ။ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

နဥဒကေ အဂိလာနော ဥစ္စာရံဝါ ။ ပ ။ ကရိဿာမီတိ သိက္ခာကရဏီယာ။

မေး ။ ဆွမ်းဟင်းပေနေသောလက်ဖြင့် မိမိပိုင် သောက်ရေခွက်ကိုကိုင်လျှင် အပ်၊ မအပ် အထောက်အထားပြ၍ ဆုံးဖြတ်ပြီး လျှင် ကိုင်၍အပြစ်မဖြစ်နိုင်သောအချက်များရှိသေးကလည်း ထုတ်ဖော်ညွှန်ပြပါ။

ဖြေ ။ ဆွမ်းဟင်းပေနေသောလက်ဖြင့် မိမိပိုင်သောက်ရေခွက်ကိုကိုင်လျှင် မအပ်ပါ။ အကြောင်းကား . . ရွံ့ရှာဖွယ်ကောင်းသဖြင့် တားမြစ်ခြင်းဖြစ်သောကြောင့်တည်း။

အထောက်အထား - နသာမိသေန ဟတ္ထေန ပါနီယထာ လကံ ပဋိဂ္ဂဟေဿာမီတိသိက္ခာ ကရဏီယာ။

ကိုင်၍အပြစ်မဖြစ်နိုင်သောအချက်များ

ခွက်ကိုဆေးအံ့၊ ဆေးခိုင်းအံ့ဟု နှလုံးသွင်း၍ ကိုင်လျှင်ကား ကိုင်ကောင်းပါသည်။

မေး ။ မြို့၊ ရွာထဲတွင် ဆွမ်းစားကြွသည့် ငါ့ရှင်သည် ကျောင်း ပြန်ရောက်သည့်တိုင်အောင် မည်သည့်သိက္ခာပုဒ်များကို ပြုကျင့်ရပါမည်နည်း၊ ကျင့်ရမည့်သိက္ခာပုဒ်များကို ခြုံငုံ၍ ပြည့်စုံစွာ ထုတ်ဖော်ရေးသားပါ။

ဖြေ ။ ပရိမဏ္ဍလဝဂ်လာ သိက္ခာပုဒ် (၁၀) ပုဒ်

ဥဇ္ဇဂ္ဃိကဝဂ်လာသိက္ခာပုဒ် (၁၀) ပုဒ်

http://www.dhammadownload.com



ခန္ဓကတဝဂ်လာ နပလ္လတ္ထိကာယတိုင်အောင် သိက္ခာပုဒ် ၆ ပုဒ်
သက္ကစ္စဝဂ်လာသူပေါဒနဝိညတ္တိ၊ ဥဇ္ဈာနသညီသိက္ခာပုဒ်တို့မှ တစ်ပါး
ကျန်သိက္ခာပုဒ် (၈) ပုဒ်
ကဗဠဝဂ်လာ သိက္ခာပုဒ် (၁၀) ပုဒ်
သုရုသုရုဝဂ်လာသသိတ္ထကသိက္ခာပုဒ်တိုင်အောင် သိက္ခာပုဒ် (၆) ပုဒ်
တို့ဖြစ်ပါသည်။
အချုပ်အားဖြင့် သာရုပ္ပသိက္ခာပုဒ် (၂၆) ပုဒ်နှင့် ဘောဇန ပဋိသံယုတ္တ
သိက္ခာပုဒ်များဖြစ်ပါသည်။

မေး ။ သေခိယ (၇၅) ပါးတို့တွင် အလယ်တည့်တည့်ဖြစ်သော သိက္ခာပုဒ်ကို အမည်မျှဖော်ပြပါ။

ဖြေ ။ ဥဇ္ဈာနသညီသိက္ခာပုဒ်။

မေး ။ တရားဟောကြားမှုနှင့်ပတ်သက်၍ ပညတ်အပ်သော သေခိယ သိက္ခာပုဒ်တို့တွင် နောက်ဆုံး (၃) ပုဒ်ကို ပါဠိ သက်သက်ရေးပြပါ။

ဖြေ ။ (၁) ဌိတသိက္ခာပုဒ် (၂) ပစ္ဆတောဂမနသိက္ခာပုဒ် (၃) ဥပ္ပထေနဂမန သိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

မေး ။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတော်များလက်နှင့် ဆွမ်းဘုဉ်းပေး သုံးဆောင်ကြရာ၌ (က) မပြုသင့်သော ဆွမ်းလုတ်ပမာဏ၊ (ခ) ပြု သင့်သော ဆွမ်းလုတ်သဏ္ဌာနတို့ကိုဖော်ပြ၍ မဖျားမနာဘဲ မြစ်ရေ ထဲ၌ မစွန့်သင့်သော အညစ်အကြေးများကိုလည်းဖော်ပြပါ။

ဖြေ ။ (က) ဒေါင်းဥပမာဏရှိသောဆွမ်းလုတ်၊
(ခ) ဒေါင်းဥမျှမကြီး၊ ကြက်ဥမျှလောက်မငယ်၊ အလယ် အလတ်ဖြစ် သောဆွမ်းလုတ်၊
မနာမဖျားဘဲ မြစ်ရေထဲ၌ မစွန့်သင့်သောအညစ်အကြေးများ
ကျင်ကြီး၊ ကျင်ငယ်၊ တံတွေး၊ သလိပ်၊ နှပ်ဖြစ်ပါသည်။

မေး ။ သေခိယလာ ဆွမ်းခံယူခြင်းနှင့်ဆိုင်ရာသိက္ခာပုဒ် မည်မျှရှိသည်ကို သချာမျှဖော်ပြပါ။

ဖြေ ။ ခန္ဓကတဝဂ်အဆုံး ၄ ပုဒ်။

မေး ။ ဓမ္မဒေသနာ ပဋိသံယုတ္တသိက္ခာပဒတို့တွင် အလယ်ကျကျ သိက္ခာပုဒ် ၂ ပုဒ်မျှ ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ သယနသိက္ခာပုဒ်နှင့် ပလ္လတ္ထိကသိက္ခာပုဒ် (၂) ပုဒ်။

http://www.dhammadownload.com



အင်္ဂါလာနဿသဒ္ဒါပါသော သိက္ခာပုဒ်စသည်မှတ်သားဖွယ်

| | | | |
|---|---|---|---|
| ၁။ | အင်္ဂါလာနဿသဒ္ဒါပါသော သိက္ခာပုဒ် | ၁၆ | ပုဒ် |
| | အင်္ဂါလာနေသဒ္ဒါပါသော သိက္ခာပုဒ် | ၄ | ပုဒ် |
| ၂။ | အန္တရဃရေသဒ္ဒါပါသော သိက္ခာပုဒ် | ၂၅ | ပုဒ် |
| ၃။ | အာသနေသဒ္ဒါပါသော သိက္ခာပုဒ် | ၂ | ပုဒ် |
| ၄။ | ဥစ္စာရသဒ္ဒါပါသော သိက္ခာပုဒ် | ၃ | ပုဒ် |
| ၅။ | ဩဂုဏ္ဌိတသဒ္ဒါပါသော သိက္ခာပုဒ် | ၃ | ပုဒ် |
| ၆။ | ကဝဠသဒ္ဒါပါသော သိက္ခာပုဒ် | ၄ | ပုဒ် |
| ၇။ | ကရိဿာမိသဒ္ဒါပါသော သိက္ခာပုဒ် | ၅ | ပုဒ် |
| ၈။ | ကာရကသဒ္ဒါပါသော သိက္ခာပုဒ် | ၅ | ပုဒ် |
| ၉။ | ခေဠသဒ္ဒါပါသော သိက္ခာပုဒ် | ၂ | ပုဒ် |
| ၁၀။ | ဂမိဿာမိသဒ္ဒါပါသော သိက္ခာပုဒ် | ၁၂ | ပုဒ် |
| ၁၁။ | ဒေသေဿာမိသဒ္ဒါပါသော သိက္ခာပုဒ် | ၁၆ | ပုဒ် |
| ၁၂။ | ဓမ္မံသဒ္ဒါပါသော သိက္ခာပုဒ် | ၁၆ | ပုဒ် |
| ၁၃။ | နိလ္လေဟကံသဒ္ဒါပါသော သိက္ခာပုဒ် | ၃ | ပုဒ် |
| ၁၄။ | နိသီဒိဿာမိသဒ္ဒါပါသော သိက္ခာပုဒ် | ၄ | ပုဒ် |
| ၁၅။ | နိသိန္နဿသဒ္ဒါပါသော သိက္ခာပုဒ် | ၁၂ | ပုဒ် |
| ၁၆။ | ပစာလကသဒ္ဒါပါသော သိက္ခာပုဒ် | ၆ | ပုဒ် |
| ၁၇။ | ပဋိဂ္ဂဟေဿာမိသဒ္ဒါပါသော သိက္ခာပုဒ် | ၅ | ပုဒ် |
| ၁၈။ | ပတ္တသညီသဒ္ဒါပါသော သိက္ခာပုဒ် | ၂ | ပုဒ် |
| ၁၉။ | ပရိမဏ္ဍလသဒ္ဒါပါသော သိက္ခာပုဒ် | ၃ | ပုဒ် |
| ၂၀။ | ပလ္လတ္ထိကသဒ္ဒါပါသော သိက္ခာပုဒ် | ၂ | ပုဒ် |
| ၂၁။ | ပဿာဝံသဒ္ဒါပါသော သိက္ခာပုဒ် | ၃ | ပုဒ် |
| ၂၂။ | ပါဏိသဒ္ဒါပါသော သိက္ခာပုဒ် | ၄ | ပုဒ် |
| ၂၃။ | ပိဏ္ဍပါတံ သဒ္ဒါပါသော သိက္ခာပုဒ် | ၉ | ပုဒ် |
| ၂၄။ | ဘုဉ္ဇိဿာမိသဒ္ဒါပါသော သိက္ခာပုဒ် | ၁၇ | ပုဒ် |
| ၂၅။ | မုခသဒ္ဒါပါသော သိက္ခာပုဒ် | ၃ | ပုဒ် |
| ၂၆။ | သက္ကစ္စသဒ္ဒါပါသော သိက္ခာပုဒ် | ၂ | ပုဒ် |
| ၂၇။ | သမသူပကသဒ္ဒါပါသော သိက္ခာပုဒ် | ၂ | ပုဒ် |
| ၂၈။ | ဟတ္ထသဒ္ဒါပါသော သိက္ခာပုဒ် | ၄ | ပုဒ် |

**သေခိယဆိုင်ရာအစိတ္တယ်ပြီး၏။**

http://www.dhammadownload.com



# ဘိက္ခုနီပါတိမောက်အစီဗွာယ်

## ပါရာဇိကကဏ္ဍ ပါရာဇိကဆိုင်ရာအစီဗွါယ်

မေး ။ ဘိက္ခု ဘိက္ခုနီတို့၌လာသော နိဒါန်းနှစ်ခုတို့၏ အထူးကိုရေးခဲ့ပါ။

ဖြေ ။ ဘိက္ခုပါတိမောက်၌ ဘန္တေဟူသော သဒ္ဒါရှိ၍ ဘိက္ခုနီပါတိမောက်၌ကား အယျေဟူသော သဒ္ဒါရှိ၏။ ဤကဲ့သို့ သဒ္ဒါအသုံးအနှုန်းမျှသည်လည်း ကောင်း၊ ဘိက္ခုပါတိမောက်၌ တံသဗ္ဗော သိက္ခာစသော ပုလ္လိင်အရာဝယ် ဤဘိက္ခုနီပါတိမောက်၌ တံသဗ္ဗာဝသက္ခာ(သန္တိယော)စသော ဣတ္ထိလိင် ဖြစ်ခြင်းသည်လည်းကောင်း ထူးပါသည်။ ကြွင်းသော သဒ္ဒတ္ထ၊ အစီဗွာ ယတ္ထများမှာ မထူးကြအားလုံးတူပါသည်။

မေး ။ ယောကျ်ား၏ အတင်းအဓမ္မဗလက္ကာရဖြင့် ဖျက်ဆီးခြင်းခံရသော ဘိက္ခုနီသည် ပါရာဇိက ကျ၊ မကျအထောက်ပြ၍ ဖြေဆိုခဲ့ပါ။

ဖြေ ။ "ယာပနဘိက္ခုနီ ဆန္ဒသော" ဟူသော ပါဠိကိုထောက်၍ ချစ်ကြိုက် သာယာခြင်း (မေထုန်မှီဝဲလိုသော ရာဂစိတ်) မရှိဘဲ ဗလက္ကာရဖြင့် ဖျက်ဆီးခြင်းခံရသောကြောင့် ပါရာဇိကမကျပါ။

မေး ။ ဘိက္ခုနီမသည် ကာယသံသဂ္ဂရာဂဖြင့် စိုစွတ်သည်ဖြစ်၍ ကာယ သံသဂ္ဂရာဂဖြစ်သော ယောကျ်ား၏ ကိုင်ခြင်း၊ တို့ထိခြင်းကို သာယာ ခြင်းကြောင့် အပြစ်ရရှိပုံပြသိက္ခာပုဒ်ကို ပါဠိအနက်ရေးခဲ့ပါ။

ဖြေ ။ ဥဗ္ဘဇာဏုမဏ္ဍလိကာသိက္ခာပုဒ်ကို ရေးလေ။

မေး ။ ဤသိက္ခာပုဒ်လာ ဘိက္ခုနီမအား ကာယသံသဂ္ဂရာဂဖြင့် စိုစွတ်သော ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်၏ ကိုင်တွယ်သုံးသပ်ပုံ၊ သုံးသပ်နည်းများ ကို အကိုးပြ၍ ဖြေဆိုပါ။

ဖြေ ။ ညှပ်ရိုးနှစ်ဘက်၏ အောက်၊ ပုဆစ်ဒူးဝန်းနှစ်ဘက်၏ အထက်၌ ထိရာ အရပ်ကို မလွန်မူ၍ သုံးသပ်ခြင်း (အာမသန) ထိုမှ ဤမှ ရွေ့ရှား၍ သုံးသပ်ခြင်း (ပရာမသန)ကိုင်ရုံမျှကို သုံးသပ်ခြင်း (ဂဟဏ) မနှိပ်မူ၍ တို့ခြင်း (ဆုပန) ကိုယ်အင်္ဂါကိုကိုင်၍ နှိပ်ခြင်း (ပဋိပီဠန) တို့ဖြစ်ပါသည်။

အကိုး။ အဝဿုတာ အဝဿုတဿ။ ပ။ ပဋိပီဠနံဝါ သာဒိယေယျ။

မေး ။ ဥဗ္ဘဇာဏုမဏ္ဍလိကာသိက္ခာပုဒ်၏ အစီဗွာယ်ကို သိသာရုံရေးပြီးလျှင် ဘိက္ခုနှင့် မဆက်ဆံသော ဘိက္ခုနီနိဿဂ္ဂိယပါစိတ် အသာဓာရဏ သိက္ခာပုဒ်များကိုလည်း သင်္ချာမျှဖော်ပြပါ။ (လတ်၊ ၃၆-ခု)

http://www.dhammadownload.com



ဖြေ ။ ဥဋ္ဌာဂေါကုမဏ္ဍလိကာသိက္ခာပုဒ်၏အဓိပ္ပာယ် -
အဝဿုတာဘိက္ခုနီမသည် မိမိ၏ညှပ်ရိုးနှစ်ဘက်အောက် ပုဆစ်ဒူးဝန်းနှစ်ဘက်၏အထက်အရပ်ဝယ် အဝဿုတပုရိသ၏ ကိုင်တွယ်သုံးသပ်သည်ကို သာယာလျှင် ပါရာဇိကကျပါသည်။ အသာဓာရဏသိက္ခာပုဒ် (၁၈) ပုဒ်ဖြစ်ပါသည်။

မေး ။ **အဝဿုတပုရိသ၏ ကိုင်တွယ်သုံးသပ်မှုကို သာယာသဖြင့် ပါရာဇိက မသင့်သောဘိက္ခုနီ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ဖော်ပြပါ။ (လတ်၊ ၂၄-ခု)**

ဖြေ ။ ညှပ်ရိုးနှစ်ဘက်၏အထက် ပုဆစ်ဒူးဝန်းနှစ်ဘက်၏ အောက်အရပ်၌ ကိုင်တွယ်သုံးသပ်လျှင် ပါရာဇိက မသင့်ပါ။

မေး ။ **အချင်းချင်းသာယာစိတ်ရှိကြလျက် ရဟန်းယောကျ်ားက ရဟန်းမိန်း၏လက်ကိုဆွဲကိုင်ခြင်း၊ ကျောကိုပွတ်သပ်ခြင်း ပြုလုပ်ရာ၌ ဘိက္ခု၊ ဘိက္ခုနီနှစ်ဦးလုံးတို့အားမည်သည့်သိက္ခာပုဒ်ဖြင့် မည်သည့် အာပတ်များသင့်ကြပါသနည်း။ (ကြီး၊ ၃၀-ခု)**

ဖြေ ။ လက်ကိုစွဲကိုင်သည်ကို သာယာသော ဘိက္ခုနီမအား အဋ္ဌဝတ္ထုက သိက္ခာပုဒ်ဖြင့် ထုလ္လစ္စဥ်း၊ ကျောကို ပွတ်သပ်သည်ကို သာယာသော ဘိက္ခုနီမအား ဥဗ္ဘဇာဏုမဏ္ဍလိကာ သိက္ခာပုဒ်ဖြင့် ပါရာဇိက။ ဘိက္ခုမှာကား ကာယသံသဂ္ဂသိက္ခာပုဒ်ဖြင့် နှစ်ချက်လုံး သံဃာဒိသေသ် အာပတ်သင့်ပါသည်။

မေး ။ **ဥဗ္ဘဇာဏုမဏ္ဍလိကာ သိက္ခာပုဒ်၌ ဥဗ္ဘအရ ယူသင့်၊ မယူသင့်သော ခန္ဓာရပ်တို့ကို သာဓကပြကာ ပိုင်းခြားသတ်မှတ်ပြီးလျှင် ဝါကျွတ်ပြီးသော ဘိက္ခုနီများ နှစ်ဖက်သော သံဃာအဖွဲ့အစည်းအသီးသီး၌ ပြုလုပ်ရမည့် ဗိတ်မန္တက ဌာနသရုပ်ကိုလည်း ပြည့်စုံစွာ ထုတ်ပြပါ။ (ကြီး ၆၁-ခု)**

ဖြေ ။ ညှပ်ရိုးနှစ်ဖက်၏အောက်၊ ပုဆစ်ဒူးဝန် နှစ်ဘက် အထက်အရပ်ကိုလည်းကောင်း၊ ဥဗ္ဘဇာဏုမဏ္ဍလိကာသဒ္ဒါဖြင့် တံတောင်ဆစ်အထက် လက်မောင်းကိုလည်းကောင်း ယူရပါသည်။
ညှပ်ရိုးနှစ်ဘက်၏ အထက်၊ ပုဆစ်ဒူးဝန်းနှစ်ဘက်၏ အောက်အရပ်ကိုလည်းကောင်း၊ တံတောင်ဆစ်အောက်အရပ်ကိုလည်းကောင်း မယူရပါ။
သာဓက ။ အဓက္ခကံ ဥဗ္ဘဇာဏုမဏ္ဍလံ။

http://www.dhammadownload.com



မေး ။ ဘိက္ခုနီမ တစ်ပါး ပါရာဇိကကျနေသည်ကို သိပါလျှက် ကိုယ်တိုင်လည်း စောဒနာမှုမပြု အခြားရဟန်းမများလည်း မပြောကြားဘဲ ဖုံးထားသော ရဟန်းမအား သင့်ရောက်သောအပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ပါရာဇိကကျပြီးသော ဘိက္ခုနီ၏ အပြစ်ကိုဖုံးထားသည့် ရဟန်းမ၏ အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ရင်းနှီးသောသူငယ်ချင်း သီတင်းသုံးဖော် ရဟန်းမတစ်ယောက်၏ ပါရာဇိကအာပတ်ကို မပြောမကြား ဖုံးလွှမ်းသော ဘိက္ခုနီမ တစ်ယောက်၏ အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဘိက္ခုနီမတစ်ပါး ပါရာဇိကကျနေသည်ကို သိပါလျှက် အရေးမယူဘဲနေသောရဟန်းမအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဝဇ္ဇပဋိစ္ဆာဒိကာသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဖုံးထားသောရဟန်းမ၏ ပြောဆိုရာအခါပြပါဠိကိုရေး၍၊ အဘယ်ဘိက္ခုနီမသည် ဝဇ္ဇပဋိစ္ဆာဒိကာမည်သော ပါရာဇိကကျပါသနည်း။

ဖြေ ။ ဖုံးထားသောရဟန်းမ၏ ပြောဆိုရာအခါပြပါဠိ -
ပုဗ္ဗေဝါဟံ အယျေအညာသိံ။ ပ ။ နဂဏဿအာရောစေဿံ။
မိမိအသွင်၌တည်နေသော ဘိက္ခုနီမ၏ ပါရာဇိကအပြစ်ကိုသိလျက် မည်သူ့ကိုမျှ မပြောတော့ဟု စိတ်ကိုဆုံးဖြတ်ရာ ခဏ၌ပင် ဘိက္ခုနီမသည် ဝဇ္ဇပဋိစ္ဆာဒိကာမည်သော ပါရာဇိကကျပါသည်။

မှတ်ချက်။ ဖုံးထားကြောင်း ဝန်ခံသည့်အခါမှ ပါရာဇိကကျသည်မဟုတ်၊ ဖုံးထားတော့မည်ဟု စိတ်ကိုဆုံးဖြတ်ရာအခါ၌ ပါရာဇိကကျသည်။

မေး ။ ပါရာဇိကံ ဓမ္မံ အဖွင့်ပန္နံ၌ ပါရာဇိကဓမ္မအရကို ဖော်ပြခဲ့ပါ။

ဖြေ ။ ပါရာဇိကဓမ္မအရ - ဘိက္ခုနီအတွက် သက်သက် ၄ ပါး၊ ဘိက္ခုနှင့်ဆက်ဆံသော ပါရာဇိက ၄ ပါး ပေါင်း ၈ ပါးလုံးကိုယူရသည်။

မေး ။ ဘိက္ခု-ဒုဋ္ဌုလ္လာပတ္တိ ပဋိစ္ဆာဒနနှင့် ဘိက္ခုနီဝဇ္ဇပဋိစ္ဆာဒိကာသိက္ခာပုဒ်နှစ်ခုတို့၏ အထူးကိုရေးပါ။

ဖြေ ။ ဘိက္ခုဒုဋ္ဌုလ္လာပတ္တိ ပဋိစ္ဆာဒနသိက္ခာပုဒ်၌ ပါစိတ်အာပတ်သင့်ပါသည်။ ဘိက္ခုနီ ဝဇ္ဇပဋိစ္ဆာဒိကာသိက္ခာပုဒ်၌ကား ပါရာဇိက အာပတ်သင့်ပါသည်။ ဤသို့ထူးပါသည်။

http://www.dhammadownload.com



မေး ။ ဘိက္ခုနီသံဃာဒိသိသ်၌ ပဌမာပတ္တိကအာပတ်နှင့် ယာဝတတိယက အာပတ်တို့ကို သချာမျှထုတ်ပြပြီးလျှင်၊ ဒုဋ္ဌုလ္လအာပတ်ကို ဖုံးကွယ်သော ဘိက္ခု၊ ဘိက္ခုနီတို့အား အဘယ်အာပတ်သင့်ပါသနည်း။ (ကြီး၊ ၂၉-ခု)

ဖြေ ။ ပဌမာပတ္တိကအာပတ် ၉ ပုဒ်။ ယာဝတတိယကအာပတ် ၈ ပုဒ်။ ဒုဋ္ဌုလ္လအာပတ်ကို ဖုံးကွယ်သော ဘိက္ခုအားပါစိတ် (သပ္ပါဏကဝဂ်၊ ဒုဋ္ဌုလ္လပဋိစ္ဆာဒနသိက္ခာပုဒ်) ဘိက္ခုနီအားပါရာဇိကအာပတ် (ဝဇ္ဇပ္ပဋိစ္ဆာဒိကာသိက္ခာပုဒ်)။

မေး ။ ဘိက္ခုနီပါတိမောက်၌ လာသော သိက္ခာပုဒ်များကို အကျဉ်းအားဖြင့် ရေတွက်ပြပါ။ (လတ်၊ ၃၁-ခု)

ဖြေ ။

| | | | |
|---|---|---|---|
| ၁။ | ပါရာဇိကသိက္ခာပုဒ် | - | ၈ ခု၊ |
| ၂။ | သံဃာဒိသေသ်သိက္ခာပုဒ် | - | ၁၇ ခု၊ |
| ၃။ | နိဿဂ္ဂိပါစိတ် သိက္ခာပုဒ် | - | ၃၀ ခု၊ |
| ၄။ | သုဒ္ဓပါစိတ် သိက္ခာပုဒ် | - | ၁၆၆ ခု၊ |
| ၅။ | ပါဋိဒေသနီသိက္ခာပုဒ် | - | ၈ ခု၊ |
| ၆။ | သေခိယသိက္ခာပုဒ် | - | ၇၅ ခု၊ |
| ၇။ | အဓိကရဏသမထ | - | ၇ ခု၊ |
| | ပေါင်း | - | ၃၁၁ ခု ဖြစ်ပါသည်။ |

မေး ။ သာဋိတာဝါ၊ သာပစ္စာ၊ သာဘဂိနီတို့၌ "သာ" သဒ္ဒါ ၃ ခုတို့၏ အထူးကိုရေးပါ။

သာဋိတာဝါ၌ သာအရ - ပါရာဇိကသို့ရောက်သော ရဟန်းမကို ယူရပါသည်။

သာပစ္စာ၌သာအရ - ထိုပါရာဇိကကျမှန်းသိသော ရဟန်းမကို ယူရပါသည်။

သာဘဂိနီ၌သာအရ - ညီမကို ယူရပါသည်။ ဤသို့ထူးပါသည်။

မေး ။ ဘိက္ခုနီမအား မပြောကြားမိလျှင် ပြုလုပ်ရမည့် အစီအစဉ်ကို ဖော်ပြပါ။

ဖြေ ။ (၁) ဋိတာ = မိမိအသွင်၌တည်သည်ဖြစ်စေ၊

(၂) စုတာ = သေလွန် (စုတေ) သည်ဖြစ်စေ၊

(၃) နာသိတာ = လူဝတ်လဲသွားသည်ဖြစ်စေ၊

http://www.dhammadownload.com



(၄) အဝဿရှာ = တိတ္ထိဘောင်သို့ ပြောင်းသွားသည်မှုလည်း ဖြစ်စေ စောဒနာရမည်။

မေး ။ အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်အပ်သော ရဟန်းမအား သင့်ရောက်သော အပြစ်ပြသိက္ခာပုဒ်ကို ပါဠိအနက်ရေးပါ။

ဖြေ ။ ဥက္ခိတ္တာနုဝတ္တိကာသိက္ခာပုဒ်ကို ရေးလေ။

မေး ။ ဘိက္ခုနီပါရာဇိက ဥက္ခိတ္တာနုဝတ္တိကာ သိက္ခာပုဒ်၌ ဘိက္ခုနီမတို့က ဥက္ခိတ္တာနုဝတ္တိကာ ဘိက္ခုနီမအား ဆိုဆုံးမပုံပြစကားရပ်ကိုသာ အနက်မှန်မှန်သမ္ဘာန်ခဲ့ပါ။

❖ ဥက္ခိတ္တာနုဝတ္တိကာ သိက္ခာပုဒ်လာ နှင်ထုတ်အပ်သော ဘိက္ခုနီအားရဟန်းမကောင်းတို့က ဖြောင့်ဖြပြောဆိုပုံ စကားရပ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဧသော ခေါ အယျေ ။ ပ။ မာယျေ ဘိက္ခုံ အနုဝတ္တိ။

မေး ။ ဥက္ခိတ္တက ရဟန်းသို့ အတုလိုက်သောရဟန်းမအား သီတင်းသုံးဖော်ရဟန်းမတို့က မည်သို့ပြောဆိုဆုံးမရမည်ကို ညွှန်ပြ၍ ထောပတ်ကိုအလျှုခံပြီးမှ ဆီကို ထပ်မံအလျှုခံသော ရဟန်းမအား ရရှိမည့်အပြစ်ကိုသိက္ခာပုဒ်အမည်နှင့်တကွ ဖော်ပြပါ။ (ကြီး၊ ၅၂-ခု)

ဖြေ ။ အရှင်မဤရဟန်းသည် သမဂ္ဂသံဃာကဓမ္မဝိနယနှင့်အညီ ဉာတ်ကမ္မဝါစာဖြင့် နှင်ထုတ်ထားပြီးဖြစ်သည်။ သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်နှင့် ကံကိုမလေးစားသူလဲဖြစ်သည်။ သံဃာအတွင်းပြန်လည်ဝင်ရောက်နိုင်ရန်စီမံကုစားထားသူလဲမဟုတ်၊ ကံကြီး ကံငယ်ကိစ္စတို့၌ သူ့ကိုသံဃာကအပေါင်းအသင်းမလုပ်၊ ဒါကြောင့်မို့ အရှင်မသည် ဤရဟန်းသို့ အတုမလိုက်သင့်။

ဘိက္ခုနီနိဿဂ္ဂိပါစိတ် အညဝိညာပနသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်သည်။

မေး ။ ကာယသံသဂ္ဂရာဂဖြင့် စိုစွတ်သည်ဖြစ်၍ ကာယသံသဂ္ဂရာဂဖြစ်သောယောကျ်ားတို့က လက်ဆွဲနှုတ်ဆက်သည်ကို သာယာခြင်းကြောင့်အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ အဋ္ဌဝတ္ထုကာ သိက္ခာပုဒ်ကိုရေးလေ။ .

မေး ။ အဋ္ဌဝတ္ထုကာ သိက္ခာပုဒ်လာ အဋ္ဌသရုပ်ကို ပါဠိကိုး၍ဖြေဆိုပါ။

http://www.dhammadownload.com



တို့တွင် တစ်ဦးဦးက တရားတွေ့ဖက်စကာ ပထမစပြောလျှင် ဒုက္ကဋ်၊ ကျန်တစ်ဦးက ဒုတိယပြောလျှင် ထုလ္လစ္စည်း၊ တရားသူကြီးက စီရင်ချက် ချပြီးအဆုံး၌ ဘိက္ခုနီမသည် နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ သံဃာ ဒိသေသ်အာပတ်သင့်ပါသည်။ (က၅၇)

မေး ။ အသတ်ခံရမည့် ခိုးသူမဟု သိပါလျက် မင်းစသည်ကို မပန်ကြားဘဲ ရဟန်းမ၊ ပြုမပေးရန် ပညတ်ထားသောသိက္ခာပုဒ်ကို ပါဠိ အနက် ရေးသားဖြေဆိုပါ။ (ကြီး၊ ၅၃-ခု)

ဖြေ ။ စောရီဝုဋ္ဌာပိကာသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ခိုးသူမကို ရဟန်းခံပေးသော ဘိက္ခုနီမ၏ ပြုလုပ်ရမည့်တာဝန်များကို ဖော်ပြပါ။ (လတ်၊ ၂၄၊ ၂၅၊ ၂၈ ခု)

ဖြေ ။ ခိုးသူမကို ရဟန်းခံပေးသော ဘိက္ခုနီသည် မင်းကိုလည်းကောင်း၊ ဘိက္ခုနီ သံဃာကိုလည်းကောင်း၊ မလ္လဂဏ၊ ဘဋိပုတ္တဂဏစသော ဂိုဏ်း ကိုလည်းကောင်း၊ ကောင်းမှုပြုသောအသင်းကိုလည်းကောင်း၊ နံ့သာကုန် သည် အထည်ကုန်သည်စသည်တို့ကိုလည်းကောင်း ပန်ကြားရမည်။ (ရာဇာနံဝါ သံဃံဝါ ဂဏံဝါ ပူဂံဝါ သေဏိံဝါပါဌ်ကိုထောက်လေ)

မေး ။ ဘိက္ခုနီသံဃာဒိသေသ် ဒုတိယ၊ တတိယ၊ စတုတ္ထ သိက္ခာပုဒ်တို့၌ ပါသော ဂဏသဒ္ဒါတို့၏ ခြားနားချက်ကိုဖော်ပြပါ။

ဖြေ ။ ဒုတိယ - မလ္လဂဏ၊ ဘဋိပုတ္တဂဏ စသော ဂိုဏ်းကိုယူရမည်။
တတိယ - တစ်ယောက်ဖြစ်စေကာမူ အဖော်ဘိက္ခုနီမကိုယူရမည်။
စတုတ္ထ - ဥက္ခိတ္တက ကံပြုအပ်သော ကာရကသံဃာကို ယူရပါမည်။
ဤသို့ထူးပါသည်။

မေး ။ အဖော်မပါဘဲ တစ်ပါးတည်းမြစ်တစ်ဖက်ကမ်းသို့ ကူးသွားသော ရဟန်းမအား သင့်သောအပြစ်ပြသိက္ခာပုဒ်ကို ပါဠိအနက်ရေးပါ။

❖ ဘိက္ခုနီသံဃာဒိသေသ် သိက္ခာပုဒ်တို့တွင် အာပတ် ၄ ချက် တစ် ပြိုင်နက် သင့်နိုင်သောသိက္ခာပုဒ်ကိုပါဠိ အနက်ရေးပါ။

❖ အဖော်မပိုး တစ်ကိုယ်တည်း ဇုဒ္ဓဂါယာ ဘုရားဖူးသွားသော ရဟန်းမ အား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဂေဂါမန္တရဂမနသိက္ခာပုဒ်ကိုရေးလေ။

F17 A

http://www.dhammadownload.com



မေး ။ "မိန်းမတို့ချည်း တစ်ကိုယ်တည်း ဘယ်ခါမတည်ရာဘူး တည်ပါ တုံငြား အပြစ်များ၏" ဟူသော လင်္ကာအရ ရဟန်းမ၏ (က) တစ်ယောက် တည်းနေခြင်းလေးမျိုး (ခ) တစ်ယောက်တည်းနေသဖြင့်ရရှိသော အပြစ်တို့ကို ဘိက္ခုနီပါတိမောက်လာအတိုင်း ဖြေဆိုပါ။ (ကြီး၊ ၄၈ခု)

ဖြေ ။ (က) ၁။ တစ်ယောက်တည်းတည်း ရွာတစ်ပါးသို့သွားခြင်း။

၂။ တစ်ယောက်တည်းတည်း မြစ်တစ်ဘက်ကမ်းသို့သွားခြင်း။

၃။ တစ်ယောက်တည်းတည်း ညဉ့်၌အဖော်နှင့်ခွဲ၍ နေခြင်း။

၄။ ခရီးသွားစဉ် တစ်ယောက်တည်းတည်းအဖော်ဂိုဏ်းမှ ချန် နေရစ်ခြင်း။

(ခ) ယင်းသို့ တစ်ယောက်တည်းနေလျှင် သံဃာဒိသေသ် အာပတ် အပြစ် အသီးသီးရနိုင်သည်။

မှတ်ချက်။ (၁) မိမိရွာမှထွက်၍ အခြားရွာသို့သွားရာ၍ ခြေလှမ်း တိုင်း ဒုက္ကဋ်၊ အခြားရွာ၏ခြံစည်းရိုးကိုလည်းကောင်း၊ ဥပစာကိုလည်း ကောင်း၊ ခြေတစ်လှမ်းလွန်လျှင် ထုလ္လစ္စည်း၊ ဒုတိယ ခြေလှမ်းလွန်လျှင် သံဃာဒိသေသသ်၊ (၂) မြစ်တစ်ဘက်သို့ သွားရာကမ်း၌ ပထမ ခြေလှမ်းချမိလျှင် ထုလ္လစ္စည်း၊ ဒုတိယခြေလှမ်းချမိလျှင် သံဃာ ဒိသေသ်။

မေး ။ ဘိက္ခုနီ တတိယသံဃာဒိသေသ်သိက္ခာပုဒ်၏ နာမည်အထူးများနှင့် ၎င်းသိက္ခာပုဒ်၌ သင့်ရောက်သည့် အာပတ်အရေအတွက်ကို သချာမျှ ဖော်ပြပြီးလျှင် အနုပညတ်သရုပ်ကိုလည်း ထုတ်ပြပါ။

ဖြေ ။ နာမည်အထူးများ - ဂါမန္တရ၊ နဒီပါရဂမန၊ ရတ္တိဝိပ္ပဝါသ၊ ဂဏာဩဟိ ယန။ အာပတ် ၄ ချက်သင့်သည်။

အနုပညတ်သရုပ် - (၁) ကောဝါနဒီပါရံဂစ္ဆေယျ၊ (၂) ကောဝါရတ္တိံ ဝိပ္ပဝသေယျ၊ (၃) ကောဝါဂဏမှာဩဟိယေယျ။

မေး ။ ဘိက္ခု၊ ဘိက္ခုနီတို့ဖြင့် အဝါရောင်လွှမ်းခဲ့သော အတိတ်သာသနာ တော်၌ ဥက္ခိတ္တရဟန်းမအား သီတင်းသုံးဖော်သံဃာတို့၏ သဘော တူညီမှုကို မယူဘဲ သံဃာ့ဘောင်အတွင်း ပြန်လည်သွတ်သင်းမှု ကြောင်း အပြစ်ရပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

http://www.dhammadownload.com



ဖြေ ။ ဥက္ကိတ္တသြသာရဏသိက္ခာပုဒ်ကို ရေးလေ။

မေး ။ ကာရကသံဃအနုညာယဂဏာသ၌ ကာရကသံဃအရနှင့် ဂဏအရ တို့ကို ဖော်ပြပါ။

ဖြေ ။ ကာရကသံဃအရ - ဥက္ခိတ္တကတံပြုခဲ့သော ဘိက္ခုနီသံဃာ။ ဂဏအရ- ဥက္ခေပနီယကံပြုသော ဘိက္ခုနီကာရကသံဃာကို ယူရပါ သည်။

မေး ။ လူ့ဝတ်ကြောင် ပုဂ္ဂိုလ်တို့အား မိမိလက်ဖြင့် ခဲဖွယ်ဘောဇဉ် တစ် မျိုးမျိုးကို ပေးကမ်းအား ရဟန်းမအား အပြစ်သင့်ပုံပြ သိက္ခာပုဒ် ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဘောဇနပဋိဂ္ဂဟဏ ပဌမသိက္ခာပုဒ်ကို ရေးလေ။

မေး ။ လူ့ဝတ်ကြောင် ပုဂ္ဂိုလ်တို့ လှူဒါန်းအပ်သော ခဲဖွယ်ဘောဇဉ်တို့ကို ဘုဉ်းပေးသုံးဆောင်သော ရဟန်းမအား အပြစ်သင့်ပုံပြ သိက္ခာပုဒ် ကို ပါဠိ၊ အနက်ရေးပါ။

❖ ဘိက္ခုနီသံဃာဒိသေသ် ဒုတိယဘောဇနပဋိဂ္ဂဟဏ သိက္ခာပုဒ်ကို အနက်ယောဇနာပါ။ (ကြီး၊ ၃၁-ခု)

❖ မိမိအား ချစ်ကြိုက်နေသောယောကျ်ား၏ လက်မှ ခဲဖွယ်ဘောဇဉ် များကို မိမိလက်ဖြင့်ခံယူ၍ ခဲစားသောဘိက္ခုနီအား အပြစ်ရပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ယောကျ်ားက လှူဒါန်းသည့် ခဲဖွယ်ဘောဇဉ်တို့ကိုခံယူ၍ ခဲစားရန် ညွှန်ကြားတိုက်တွန်းသောရဟန်းမအား အပြစ်ရပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ အမျိုးသားတစ်ယောက်က ပိုးပန်းသည့်သဘောဖြင့် ပေးလှူသော ခဲဖွယ်ဘောဇဉ်အလှူခံရန် အားပေးအားမြှောက် ပြုလုပ်သည့် ဘိက္ခုနီ အား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဘောဇနပဋိဂ္ဂဟဏ ဒုတိယ သိက္ခာပုဒ်ကို ရေးလေ။

မေး ။ ဒုတိယ ဘောဇနပဋိဂ္ဂဟဏသိက္ခာပုဒ်လာ အခြားဘိက္ခုနီတို့က တိုက်တွန်းပြောဆိုပုံ အခြင်းအရာပြ စကားရပ်ကို ပါဠိ၊ အနက် မြန်မာ စကားပြေဖြင့် ရေးသားခဲ့ပါ။

ဖြေ ။ ကိံတေအယျေသော ပုရိသပုဂ္ဂလော ။ ပ။ ခါဒဝါဘုဉ္ဇဝါ။

မေး ။ (က) ဘိက္ခုနီ အသာဓာရဏပါရာဇိက ပထမ၊ စတုတ္ထသိက္ခာပုဒ် လာ အဝဿုတအရနှင့် (ခ) သံဃာဒိသေသ် ပဉ္စမ၊ ဆဋ္ဌမ သိက္ခာ ပုဒ်လာ အဝဿုတအရတို့၏ အထူးကိုရေးခဲ့ပါ။

http://www.dhammadownload.com



ဖြေ ။ (က) အဝဿုတအရ - ကာယသံသဂ္ဂရာဂကို ယူရပါသည်။
(ခ) အဝဿုတအရ - ဆန္ဒရာဂသာမညကို ယူရပါသည်။ ဤသို့ ထူးပါသည်။

မေး ။ သိက္ခံပစ္စာစိက္ခဏ သိက္ခာပုဒ်လာ (က) ဘိက္ခုနီမအား အဖျက်ထွက်၍ ပြောဆိုပုံ အခြင်းအရာပြ ပါဠိ (ခ) ရဟန်းမကောင်းတို့က ပြန်လည် ပြောဆိုဆုံးမပုံပြ ပါဠိတို့ကိုရေးခဲ့ပါ။

ဖြေ ။ (က) ဗုဒ္ဓံ ပစ္စာစိက္ခာမိ၊ ဓမ္မံ ပစ္စာစိက္ခာမိ။ ပ။ ဗြဟ္မစရိယံ စရိဿာမိ။
(ခ) မာယျေကုပိတာ အနတ္တမာနာ ။ ပ။ အန္တကိရိယာယ။

မေး ။ စိတ်ဆိုး၍ ဘုရားကိုစွန့်၏စသည်ဖြင့် ပြောဆိုသော ဘိက္ခုနီမကို အခြားသော ဘိက္ခုနီမတို့က ဖျောင်းဖျတိုက်တွန်းပုံပြ စကားရပ်ကိုသာ မြန်မာလိုရေးခဲ့ပါ။ (လတ်၊ ၃၈-ခု)

ဖြေ ။ မာယျေကုပိတာ။ ပ ။ ဗြဟ္မစရိယံ စရိဿာမိတိ။ အဘိရမာယျေ။ပ။ အန္တကိရိယာယတို့ကိုရေးလေ။

မေး ။ ကုလဒူသကသိက္ခာပုဒ်၏ အနုပညတ်သဖွယ်ဖြစ်သောသိက္ခာပုဒ်ကို အမည်မျှ တိကျစွာဖော်ပြပါ။

ဖြေ ။ အဓိကရဏကုပိတသိက္ခာပုဒ်။

မေး ။ ဘိက္ခုနီ သံယာဒိသေသ် ဒွါဒသမသိက္ခာပုဒ်လာ သံသဋ္ဌဘိက္ခုနီမ တို့အား အခြားသော ဘိက္ခုနီမတို့က တိုက်တွန်းပုံပြ စကားရပ်တို့ ကို ပြည့်စုံစွာ အနက်ယောဇနာပြခဲ့ပါ။

ဖြေ ။ ဘဂိနိယောခေါ သံသဋ္ဌာ ဝိဟရန္တိပါပါစာရာ။ ပ။ ဘဂိနီနံ သံယော ဝဏ္ဏေတိ။ (အနက်ပေး)

မေး ။ ပါပသမာစာရ ဒုတိယသိက္ခာပုဒ်လာ သမနုဘာသနကံပြုအပ်သော ဘိက္ခုနီတို့ကို အားပေးတိုက်တွန်းပုံပြ စကားတို့ကိုအနက်ရေးခဲ့ပါ။

ဖြေ ။ သံသဋ္ဌာဝ အယျေတုမှေ ဝိဟရထ။ ပ။ ဝိဝေကညေဝ ဘဂိနီနံသံယော ဝဏ္ဏေတိ။

မေး ။ ဘိက္ခုနီသံယာဒိသေသ် တေရသမသိက္ခာပုဒ်လာ သံသဋ္ဌဘိက္ခုနီမ တို့အား အခြားသော ဘိက္ခုနီမတို့က တိုက်တွန်းပုံပြ စကားရပ် တို့ကို ပြည့်စုံစွာ အနက်ယောဇနာခဲ့ပါ။ (လတ်၊ ၃၉-ခု)

ဖြေ ။ မာယျေဝေံအဝစသံသဋ္ဌာဝအယျေတုမှေဝိဟရထ။ ပ။ ဘဂိနီနံသံယော ဝဏ္ဏေတိရေးလေ။

http://www.dhammadownload.com



မေး ။ ဘိက္ခုနီမသည် သံဃာသင်းခွဲနိုင်ပါသလော ဆုံးဖြတ်၍၊ သံဃာဒိသေသ် ၁၇ ပါးတို့ကို သာဓာရဏ အသာဓာရဏအားလျော်စွာ ခွဲခြားပြခဲ့ပါ။

ဖြေ ။ ဘိက္ခုနီမသည် သံဃာကိုသင်းမခွဲနိုင်ပါ။ သို့သော် သံဃာကွဲပြားအောင် အားထုတ်နိုင်ပါသည်၊ နောက်လိုက်လည်း လုပ်နိုင်ပါသည်။

သံဃာဒိသေသ် ၁၇ ပါးတို့တွင်သာဓာရဏ ၇ ပါးမှာ - သဥ္စရိတ္တ၊ ဒုဋ္ဌဒေါသ၊ အညဘာဂိယ၊ သံဃဘေဒက၊ ဘေဒါနုဝတ္တိကာ၊ ဒုဗ္ဗစ၊ ကုလဒူသိကာ။

အသာဓာရဏ ၁၀ ပါးမှာ - ဥဿယဝါဒိကာ၊ စောရီဝုဋ္ဌာပိကာ၊ ကေဂါမန္တရဂမန၊ ဥက္ခိတ္တကသြသာရဏ၊ ဘောဇနေ ပဋိဂ္ဂဟဏ ပဌမ၊ ဘောဇနပဋိဂ္ဂဟဒုတိယ၊ သိက္ခံပစ္စာစိက္ခဏ၊ အဓိကရဏကုပိတ၊ ပါပသမာစာရပဌမ၊ ပါပသမာစာရဒုတိယ။

မေး ။ ဘိက္ခုနီသံဃာဒိသေသ်သာဓာရဏ၊ အသာဓာရဏသိက္ခာပုဒ်တို့တွင် ပထမဦးဆုံးသိက္ခာပုဒ်တို့ကို တစ်ပုဒ်စီမျှ ပါဠိရေးပြပါ။

ဖြေ ။ သာဓရဏသိက္ခာပုဒ် ပထမဆုံး - သဥ္စရိတ္တသိက္ခာပုဒ်။

အသာဓာရဏသိက္ခာပုဒ်ပထမဆုံး - ဥဿယဝါဒိကာသိက္ခာပုဒ်တို့ကို ရေးလေ။

မေး ။ ကိုယ်ကာယအတွေ့အထိကို သာယာသောစိတ်ရှိသော ယောကျ်ား၏ အကြိမ်တစ်ရာ ထပ်ခါထပ်ခါဆွဲကိုင်ခြင်းကို သာယာသော ရဟန်းမိန်းမအား သင့်သောအာပတ်အမည်ကို အရေအတွက်နှင့်တကွ ဖော်ပြ၍၊ ဘိက္ခုနီသံဃာဒိသေသ်အာပတ်များတွင် ပဌမာပတ္တိက အာပတ်နှင့် ယာဝတတိယကအာပတ်တို့၏အမည်တို့ကိုလည်း စုံလင်စွာခွဲခြားပြပါ။ (လတ်၊ ၃၇-ခု)

ဖြေ ။ အကွေ့က ဥတ္တဇာဏုမဏ္ဍလအရပ်၌ ဆွဲကိုင်ခြင်းကိုသာယာလျှင် ပထမအကြိမ်ကပင် ပါရာဇိကကျသည်။ နောက်အကြိမ်များ၌ အာပတ်သင့်စရာမရှိတော့။ ပါရာဇိကခေတ်မဟုတ်သောအရပ်၌ အကြိမ်တစ်ရာ ထပ်ကာထပ်ကာဆွဲကိုင်ခြင်းကို သာယာသောရဟန်းမိန်းမအား ထုလ္လစ္စည်း အာပတ်တစ်ရာသင့်သည်။ (ကခ်ီ)

http://www.dhammadownload.com



### ပဌမာပတ္တိကအာပတ်

ဥဿယဝါဒိကာ၊ စောရီဝုဋ္ဌာပိကာ၊ ကေဂါမန္တရဂမန၊ ဥက္ခိတ္တက ဩသာရဏာ၊ ပဌမဘောဇနေပဋိဂ္ဂဟဏာ၊ ဒုတိယဘောဇနေပဋိဂ္ဂဟဏာ၊ သဉ္စရိတ္တ၊ ဒုဋ္ဌဒေါသ၊ အညဘာဂိယအာပတ်။

### ယာဝတတိယကအာပတ်

သိက္ခံပစ္စာစိက္ခဏာ၊ အဓိကရဏကုပိတ၊ ပဌမပါပသမာစာရ၊ ဒုတိယ ပါပသမာစာရ၊ သံဃဘေဒက၊ ဘေဒါနုဝတ္တက၊ ဒုဗ္ဗစ၊ ကုလဒူသိကာ အာပတ်။

မေး ။ ဘိက္ခုနီသံဃာဒိသေသ်သိက္ခာပုဒ်တို့တွင် ပဌမာပတ္တိကသိက္ခာပုဒ်၊ ယာဝတတိယကသိက္ခာပုဒ်အားဖြင့် ခွဲခြားပြခဲ့ပါ။

❖ ဘိက္ခုနီသံဃာဒိသေသ်နိဂုံးလာ နဝပဌမာပတ္တိကာ၊ အဋ္ဌယာဝ တတိယကာတို့၌ နဝအရ၊ အဋ္ဌအရတို့ကိုဖော်ပြခဲ့ပါ။

ဖြေ ။ (ထင်ရှားပြီ)။

မေး ။ ဘိက္ခုနီသံဃာဒိသေသ်သိက္ခာပုဒ်တို့တွင် (က) ဘိက္ခုနှင့်သာသက်ဆိုင် သော သိက္ခာပုဒ် (ခ) ဘိက္ခုနီမနှင့်သက်ဆိုင်သော သိက္ခာပုဒ် (ဂ) နှစ်မျိုးလုံးသက်ဆိုင်သောသိက္ခာပုဒ်အမည်တို့ကို ခွဲခြားဖော်ပြပါ။

ဖြေ ။ (က) သုက္ကဝိဿဋ္ဌိ၊ ကာယသံသဂ္ဂ၊ ဒုဋ္ဌုလ္လဝါစာ၊ အတ္တကာမပါရိစရိယာ၊ ကုဋိကာရ၊ မဟလ္လကဝိဟာရ။

(ခ) ဥဿယဝါဒိကာ၊ စောရီဝုဋ္ဌာပိကာ၊ ကေဂါမန္တရဂမန၊ ဥက္ခိတ္တက ဩသာရဏာ၊ ပဌမဘောဇနေ ပဋိဂ္ဂဟဏာ၊ ဒုတိယဘောဇနေ ပဋိဂ္ဂ ဟဏာ၊ သိက္ခံပစ္စာစိက္ခဏာ၊ အဓိကရဏကုပိတ၊ ပဌမပါပသမာ စာရ၊ ဒုတိယပါပသမာစာရသိက္ခာပဒ။

(ဂ) သဉ္စရိတ္တ၊ ဒုဋ္ဌဒေါသ၊ အညဘာဂိယ၊ သံဃဘေဒက၊ ဘေဒါနုဝတ္တက၊ ဒုဗ္ဗစ၊ ကုလဒူသက။

မေး ။ သံဃာဒိသေသ်အာပတ်သင့်သော ဘိက္ခုနီတို့ကို ကုစားပုံပြပါဠိ တို့ကို ရေးခဲ့ပါ။

ဖြေ ။ ယေသံဘိက္ခုနီ အညတရံဝါ။ ပ။ အယံ တတ္ထသာမိစိ။

**သံဃာဒိသေသ်ဆိုင်ရာအဓိပ္ပာယ်ပြီး၏။**

http://www.dhammadownload.com



# နိဿဂ္ဂိပါစိတ္တိယကဏ္ဍ

## ပတ္တဝဂ်ဆိုင်ရာအမိပွာယ်

မေး ။ အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ သပိတ်ကိုတစ်ရက်မျှ သိုမှီးသိမ်းဆည်းထားခြင်းကြောင့် အပြစ်သင့်ပုံသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပတ္တသန္နိစယသိက္ခာပုဒ်ကိုရေးလေ။

မေး ။ အကာလစီဝရကို ကာလစီဝရဟု ဆောက်တည်၍ ဝေဖန်သော ရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ အကာလစီဝရဘာဇနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ သီတင်းသုံးဖော် ဘိက္ခုနီအချင်းချင်း သဘောတူ သင်္ကန်းလဲလှယ်ပြီးနောက် မိမိသင်္ကန်းကို ပြန်လုယူသော ဘိက္ခုနီမ၏ အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ရဟန်းမအချင်းချင်း သင်္ကန်းလဲလှယ်ပြီးမှ ပြန်လည်လုယူမှုမပြု ရန် ပညတ်အပ်သောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

ဖြေ ။ စီဝရပရိဝတ္တနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ စီဝရပရိဝတ္တနသိက္ခာပုဒ်လာ ဘိက္ခုနီမက အခြားသောဘိက္ခုနီမအား ပြောဆိုပုံပါဠိကို အနက်ပေးပါ။ (ကြီး၊ ၃၃-ခု)

❖ စီဝရပရိဝတ္တနသိက္ခာပုဒ်၌ သင်္ကန်းလဲလှယ်ပြီး၍ ပြန်လည်လုယူ ရာ၌ ရဟန်းမအချင်းချင်း အပြန်အလှန်ပြောဆိုပုံစကားရပ်ကို ပါဠိ၊ အနက်၊ မြန်မာစကားပြေဖြင့်ရေးခဲ့ပါ။

ဖြေ ။ ဟန္ဒာယျေ တုယှံစီဝရံ။ ပ။ သကံပစ္စာဟရ တို့ကိုရေးလေ။

မေး ။ ဘိက္ခုနီနိဿဂ္ဂိပါစိတ်၌ သာဓာရဏ၊ အသာဓာရဏသိက္ခာပုဒ် ပေါင်း မည်မျှရှိသည်ကို ဝဂ်အားလျော်စွာခွဲခြားပြပါ။

ဖြေ ။ သာဓာရဏမှာ - ဒုတိယဝဂ်၌ ၈၊ တတိယဝဂ်၌ ၁၀၊ ပေါင်း (၁၈)ပုဒ်။ အသာဓာရဏမှာ- ပထမဝဂ်၌ ၁၀၊ ဒုတိယဝဂ်၌ ၂၊ ပေါင်း(၁၂)ပုဒ်။ အားလုံးပေါင်းသော် နိဿဂ္ဂိ (၃၀) ဖြစ်ပါသည်။

မေး ။ ဘိက္ခုနီသည် ပရိက္ခရာတို့ကို လဲလှယ်ခြင်းကြောင့် နိဿဂ္ဂိပါစိတ်သင့်ပုံ ချင်းတူပါလျက် ဝတ္ထုအပြောင်းအလဲမတူပုံ အခြင်းအရာအစုံကို ဖော်ပြပါ။ (ကြီး၊ ၅၁-ခု)

http://www.dhammadownload.com



ဖြေ ။ ၁။ တစ်ပါးသောဆီစသည်ကို လဲလှယ်စေပြီး တစ်ပါးသော ထောပတ်စသည်ကို လဲလှယ်စေခြင်း။

၂။ အခြားပစ္စည်းအလို့ငှာသော်လည်းကောင်း၊ အခြားပစ္စည်းကို (ညွှန်ပြအပ်သောပစ္စည်းမှတစ်ပါး) အခြားပစ္စည်းကို လဲလှယ်စေခြင်း။

၃။ အခြားပစ္စည်းအလို့ငှာသော်လည်းကောင်း၊ အခြားပစ္စည်းကိုညွှန်ပြ၍သော်လည်းကောင်း လှူအပ်သောဘိက္ခုနီအများဆိုင် ပရိက္ခရာဖြင့် ညွှန်ပြအပ်သော ပစ္စည်းမှတပါး အခြားပစ္စည်းကို လဲလှယ်စေခြင်း။

၄။ အခြားပစ္စည်းအလို့ငှာသော်လည်းကောင်း၊ အခြားပစ္စည်းကို ညွှန်ပြ၍သော်လည်းကောင်း လှူအပ်သော ဘိက္ခုနီအများဆိုင် ပရိက္ခရာဖြင့် ညွှန်ပြအပ်သော ပစ္စည်းမှတစ်ပါး အခြားပစ္စည်းကို လဲလှယ်စေခြင်း။

၅။ အခြားပစ္စည်းအလို့ငှာသော်လည်းကောင်း၊ အခြားပစ္စည်းကို ညွှန်ပြ၍သော်လည်းကောင်း၊ လှူအပ်သော ကိုယ်တိုင် တောင်းအပ်သော ပစ္စည်းမှတစ်ပါး အခြားပစ္စည်းကို လဲလှယ်စေခြင်း။

၆။ အခြားပစ္စည်းအလို့ငှာသော်လည်းကောင်း၊ အခြားပစ္စည်းကို ညွှန်ပြ၍သော်လည်းကောင်း၊ လှူအပ်သော ကိုယ်တိုင် တောင်းအပ်သော ပုဂ္ဂလိကပရိက္ခရာနှစ်မျိုးဖြင့် ညွှန်ပြအပ်သောပစ္စည်းမှ တစ်ပါး အခြားပစ္စည်းကို လဲလှယ်စေခြင်း။

**ဝတ္ထဝဂ်ဆိုင်ရာအဓိပ္ပာယ်ပြီး၏။**

http://www.dhammadownload.com



## စီဝရဝင်ဆိုင်ရာအခန်းဝိုင်း

မေး ။ ဘိက္ခုနီများ အေးချမ်းသောဆောင်းရာသီ၌အသုံးပြုရန် အလှူခံနိုင်ခွင့်ရှိသည့် ခြုံထည်၏တန်ဖိုးပမာဏကို သတ်မှတ်ပိုင်းခြားထားသော သိက္ခာပုဒ်ကို ပါဠိ၊အနက်ရေးသားပြပါ။

❖ အေးသောအခါခြုံရန် ကျပ်နှစ်ဆယ်တန်ခြုံထည်ကိုတောင်းသော ရဟန်းမိန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဘိက္ခုနီများ ဆောင်းအခါ၌ လေးကံသ ၁၆ အသပြာထက် ပိုလွန်သောခြုံထည်ကို အသုံးပြုသောရဟန်းမအား အပြစ်သင့်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဂရုပါဝုရဏသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုနီများ ပူအိုက်သောနွေအခါ၌အသုံးပြုရန် အလှူခံနိုင်ခွင့် ရှိသည့် ခြုံထည်၏တန်ဖိုးပမာဏကို သတ်မှတ်ပိုင်းခြားထားသော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဘိက္ခုနီများ နွေရာသီ၌ ၂၀ အသပြာထိုက်တန်သောခြုံထည်ကို ဝယ်ခိုင်းပြီး အသုံးပြုသောရဟန်းမအား အပြစ်ပြသိက္ခာပုဒ်ကို ရေးခဲ့ပါ။

ဖြေ ။ လဟုပါဝုရဏသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုနီများ ခြုံထည်ကိုတောင်းရာ၌ လေးသောခြုံထည်၊ ပေါ့သော ခြုံထည်များအတွက် ကျပ်ငွေမည်မျှတန်ဖိုးရှိသော ခြုံထည်များကို တောင်းနိုင်ပါသနည်း၊ ဖြေဆိုခဲ့ပါ။

ဖြေ ။ လေးသောခြုံထည်အတွက် - အလွန်ဆုံး ၄-ကံသ (၁၆-ကျပ်တန်သာ တောင်းနိုင်သည်။

ပေါ့သောခြုံထည်အတွက် - အလွန်ဆုံး ၂-ကံသခွဲ (၁၀-ကျပ်တန်သာ တောင်းနိုင်သည်။ အမှာ။ တစ်ကံသလျှင် ၄-ကျပ်ရှိသည်။

မေး ။ ဘိက္ခုနီ နိဿဂ္ဂိယပါစိတ်နှင့် ဘိက္ခုနီသုဒ္ဓပါစိတ် သိက္ခာပုဒ်တို့၌ သာဓာရဏ၊ အသာဓာရဏတို့ကို ဝဂ်အလိုက်ခွဲခြား၍ သင်္ချာမျှ အသီးသီးဖော်ပြပါ။ (ကြီး၊ ၃၃-ခု)

ဖြေ ။ သာဓာရဏ

ဘိက္ခုနီ နိဿဂ္ဂိ ပါစိတ် ဒုတိယဝဂ် (၈)

ဘိက္ခုနီ နိဿဂ္ဂိ ပါစိတ် တတိယဝဂ် (၁၀)

http://www.dhammadownload.com



ဘိက္ခုနီ နိဿဂ္ဂိ ပါစိတ် မုသာဝါဒဝဂ် (၁၀)
ဘိက္ခုနီ နိဿဂ္ဂိ ပါစိတ် ဘူတဂါမဝဂ် (၁၀)
ဘိက္ခုနီ နိဿဂ္ဂိ ပါစိတ် ဘောဇနဝဂ် (၁၀)
ဘိက္ခုနီ နိဿဂ္ဂိ ပါစိတ် စာရိတ္တဝဂ် (၁၀)
ဘိက္ခုနီ နိဿဂ္ဂိ ပါစိတ် ဇောတိဝဂ် (၁၀)
ဘိက္ခုနီ နိဿဂ္ဂိ ပါစိတ် ဒိဋ္ဌိဝဂ် (၁၀)
ဘိက္ခုနီ နိဿဂ္ဂိ ပါစိတ် ဓမ္မိကဝဂ် (၁၀)

အသာဓာရဏ

နိဿဂ္ဂိပါစိတ်ပဌမဝဂ်၌ (၁၀)
နိဿဂ္ဂိပါစိတ်ဒုတိယဝဂ်၌ (၂)
သုဒ္ဓပါစိတ် လသုဏဝဂ်၌ (၁၀)
သုဒ္ဓပါစိတ် ရတ္တန္ဓကာရဝဂ်၌ (၁၀)
သုဒ္ဓပါစိတ် နဂ္ဂဝဂ်၌ (၁၀)
သုဒ္ဓပါစိတ် တုဝဋ္ဋဝဂ်၌ (၁၀)
သုဒ္ဓပါစိတ် စိတ္တာဂါရဝဂ်၌ (၁၀)
သုဒ္ဓပါစိတ် ဂဗ္ဘိနီဝဂ်၌ (၁၀)
သုဒ္ဓပါစိတ် ကုမာရိဘူတဝဂ်၌ (၁၀)
သုဒ္ဓပါစိတ် ဆတ္တုပါဟနဝဂ်၌ (၁၀)

**မေး ။** **ဘိက္ခုနီသာဓာရဏနိဿဂ္ဂိပါစိတ်သိက္ခာပုဒ်တို့၏ ဝဂ်အမည်တို့ကို ပြည့်စုံစွာ ရေးပြပါ။**

**ဖြေ ။** စီဝရဝဂ်၊ ဇာတရူပဝဂ်၊ မုသာဝါဒဝဂ်၊ ဘူတဂါမဝဂ်၊ ဘောဇနဝဂ်၊ စာရိတ္တဝဂ်၊ ဇောတိဝဂ်၊ ဒိဋ္ဌိဝဂ်၊ ဓမ္မိကဝဂ်။

**မေး ။** **ဘိက္ခုနီအသာဓာရဏသုဒ္ဓပါစိတ်သိက္ခာပုဒ်တို့၏ ဝဂ်အမည်တို့ကို ပြည့်စုံစွာရေးပြပါ။**

**ဖြေ ။** လသုဏဝဂ်၊ ရတ္တန္ဓကာရဝဂ်၊ နဂ္ဂဝဂ်၊ တုဝဋ္ဋဝဂ်၊ စိတ္တာဂါရဝဂ်၊ ဂဗ္ဘိနီဝဂ်၊ ကုမာရိဘူတဝဂ်၊ ဆတ္တုပါဟနဝဂ်။

**စီဝရဝဂ်အဖွင့်ပြီး၏။**

**နိဿဂ္ဂိပါစိတ္တိယကဏ္ဍပြီး၏။**

http://www.dhammadownload.com



# သုဒ္ဓပါစိတ္တိယကဏ္ဍ

## လသုဏဝဂ်ဆိုင်ရာအမေးပွဲ

မေး ။ ကြက်သွန်ဖြူကို စားသောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ လသုဏသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ချိုင်းကြားပဿာဝမဂ်ကြားတို့၌ပေါက်သော အမွေးတို့ကို နှုတ်၊ ရိတ်သော ရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ သမ္ဗာဓလောမသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ပဿာဝမဂ်အပြင်ကို ပုတ်ခတ်သောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ချိပ်ချောင်းဖြင့် ပဿာဝမဂ်ကို ထိုးကစားသောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဇတုမဋ္ဌကသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုနီများအတွက် ပဿာဝမဂ်ရေဆေးခြင်းနှင့်ပတ်သက်၍ မုချလိုက်နာရမည့်သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

ဖြေ ။ ဥဒကသုဒ္ဓိကသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဆွမ်းဘုဉ်းပေးနေသောရဟန်းတော်များ ဆွမ်းဝိုင်းအနီး၌ ယပ်ခတ်ပေးသောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ရဟန်းများ ဆွမ်းဘုဉ်းပေးနေစဉ် အနီးအပါးမှာ ယပ်ခတ်ပေးနေသောရဟန်းမအား သင့်ရောက်သောအပြစ်ကိုပြဆိုသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဥပတိဋ္ဌနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုနီလသုဏဝဂ် ငါးခုမြောက်နှင့် ခုနစ်ခုမြောက်သိက္ခာပုဒ်တို့ကို အနက်ယောဇနာပါ။ (ကြီး၊ ၃၇-ခု)

ဖြေ ။ ဥဒကသုဒ္ဓိကသိက္ခာပုဒ်၊ အာမကဓညသိက္ခာပုဒ်ကိုရေးလေ။

မေး ။ စပါးစိမ်းကို ထောင်း၊ ထု၊ ချက်ပြုတ်မှု ပြုလုပ်သောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ အာမကဓညသိက္ခာပုဒ်ကိုရေးလေ။

http://www.dhammadownload.com



မေး ။ စပါးစိမ်းနှင့်ပတ်သက်၍ ဘိက္ခုနီမများ ပြုလုပ်သင့်သောကိစ္စများကို ဖော်ပြပါ။

ဖြေ ။ (၁) ကိုယ်တိုင်တောင်းခြင်း (၂) သူတစ်ပါးကိုတောင်းစေခြင်း (၃)ကိုယ်တိုင်လှော်ခြင်း (၄) သူတပါးကိုလှော်စေခြင်း (၅) ကိုယ်တိုင်တောင်းခြင်း (၆) သူတပါးကို ထောင်းစေခြင်း (၇) ကိုယ်တိုင်ချက်ခြင်း (၈)သူတပါးကို ချက်စေခြင်း။

မေး ။ ဘိက္ခုနီများ မိမိသီတင်းသုံးသောကျောင်းဆောင်၏အပြင်ဘက်၌ အမှိုက်သရိုက်များ မဆင်မခြင်စွန့်ပစ်မှုနှင့်ပတ်သက်၍ ပညတ်အပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပဌမ ဥစ္စာရ ဆဋ္ဌနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ စိမ်းစိုသော ကောက်ပဲသီးနှံရှိရာအရပ်၌ ကျင်ကြီးကျင်ငယ် အမှိုက်မစွန့်ပစ်ရဟု ပညတ်ထားသောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ စိမ်းလန်းသာယာသော ပန်းခြံပန်းခင်း၌ အမှိုက်စသည်များကို စွန့်ပစ်ခြင်းကြောင့် အပြစ်ရပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဒုတိယဥစ္စာရဆဋ္ဌနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ စိမ်းစိုသောကောက်ပဲသီးနှံရှိရာအရပ်၌ ဘိက္ခုနီတို့ မစွန့်ပစ်သင့် သောအရာဝတ္ထုများကို ဖော်ပြသည့် သိက္ခာပုဒ်တို့ကို ပါဠိ၊ အနက်ရေးသားခဲ့ပါ။

ဖြေ ။ ပဌမဥစ္စာရဆဋ္ဋန။ ဒုတိယဥစ္စာရဆဋ္ဋသိက္ခာပုဒ်တို့ကိုရေးလေ။

မေး ။ ဘိက္ခုနီတို့၏ သံဃာဒိသေသ်အာပတ်ကုစားပုံအစီအရင်ကို စုံလင်စွာ ဖော်ပြ၍ စိမ်းစိုသောကောက်ပဲသီးနှံရှိရာအရပ်၌ ဘိက္ခုနီတို့ မစွန့်ပစ်သင့်သောအရာဝတ္ထုများကိုလည်း ညွှန်ကြားခဲ့ပါ။ (လတ်၊ ၂၃-၃)

ဖြေ ။ သံဃာဒိသေသ်အာပတ်သင့်သော ဘိက္ခုနီသည် -

(၁) ဥဘတောသံဃာ၌ ပက္ခမာနတ်ကျင့်ရမည်။

(၂) အနည်းဆုံး နှစ်ကျိပ်အရေအတွက်ရှိသော ဘိက္ခုနီသံဃာဖြင့် သိမ်အတွင်း၌ အဗ္ဘာန်သွင်းရမည်။

စိမ်းစိုသော ကောက်ပဲသီးနှံရှိရာအရပ်၌ (၁) ဥစ္စာရ = ကျင်ကြီး၊ (၂) ပဿာဝ = ကျင်ငယ်၊ (၃) သင်္ကာရ = အမှိုက်၊ (၄) ဝိဃာတ = စားကြွင်း၊ (၅) ခေဠ = တံတွေးတို့ကို ဘိက္ခုနီတို့ မစွန့်ပစ်သင့်ပါ။

http://www.dhammadownload.com



အထောက်။ ယာပနဘိက္ခုနီ ဥစ္စာရံဝါ ပဿာဝံဝါ။ ပ။ ဆင်္ဃါပေယျဝါ ပါစိတ္တိယံ။ (ဒုတိယဥစ္စာရဆင်္ဍနသိက္ခာပုဒ်) နဟရိတေ အဂိလာနာ ဥစ္စာရံဝါ။ ပ။ ကရဏီယာ၊ (သေခိယ- ဟရိတေဥစ္စာရသိက္ခာပုဒ်)။

မေး ။ ဆွမ်းစားနေသောရဟန်း၏အနီး၌ ယပ်ခတ်ထိုင်နေလျက် ကြက်သွန်ဖြူကိုစား၍ စားကြွင်းများကို နံရံတဘက်သို့ မဆင်မခြင် စွန့်ပစ်သောဘိက္ခုနီမအား အဘယ်သိက္ခာပုဒ်တို့ဖြင့် အဘယ်အာပတ်များ သင့်သည်ကို ဖော်ပြခဲ့ပါ။ (လတ်၊ ၃၈-ခု)

ဖြေ ။ ဆွမ်းစားနေသောရဟန်း၏အနီး၌ ယပ်ခတ်ထိုင်နေသော ရဟန်းမအား ဥပတိဋ္ဌနသိက္ခာပုဒ်ဖြင့် ပါစိတ်၊ ကြက်သွန်ဖြူစားသောရဟန်းမအား လသုဏသိက္ခာပုဒ်ဖြင့်ပါစိတ်၊ စားကြွင်းကို နံရံတဘက်သို့ မဆင်မခြင် စွန့်ပစ်သောရဟန်းမအား ပထမဥစ္စာရဆင်္ဍနသိက္ခာပုဒ်ဖြင့် ပါစိတ် အာပတ်။

မေး ။ ဂီတဆည်းဆာပွဲ၊ ဖက်ရှင်ရှိုးပွဲသို့ သွားရောက်ကြည့်ရှုသော ရဟန်းမအား အပြစ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ကာရာအိုကေတေးဆိုသောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ စတိတ်ရှိုးသွားကြည့်သောဘိက္ခုနီမအား အပြစ်သင့်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ကိုယ်တိုင်သီချင်းဆို၍ ကပြသောရဟန်းမအား အပြစ်သင့်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ နစ္စဂီတသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုနီများကျူးလွန်လျှင် ပါစိတ်အာပတ်သင့်၍ ဘိက္ခုများ ကျူးလွန်ပါက ဒုက္ကဋ်အာပတ်သင့်သောပညတ်ချက်များကို ငါးခုမျှ ဖော်ပြခဲ့ပါ။ (ကြီး၊ ၅၁-ခု)

ဖြေ ။ ပညတ်ချက်များ -

၁။ ကြက်သွန်ဖြူစိမ်း စားခြင်းကိုပညတ်ခြင်း၊

၂။ ကျဉ်းမြောင်းသောအရပ်၌ အမွေးဖယ်ရှား မှုကို ပညတ်ခြင်း၊

၃။ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့ကို ကြည့် ရှုနားထောင်ခြင်းကို ပညတ်ခြင်း၊

၄။ ဂိလာနမဟုတ်ဘဲ ထီး၊ ဖိနပ်ဆောင်းမှုကို ပညတ်ခြင်း၊

၅။ ဂိလာနမဟုတ်ဘဲ ယာဉ်ဖြင့်သွားလာမှုကို ပညတ်ခြင်း။

http://www.dhammadownload.com



မေး ။ ရဟန်းမိန်းမများအား စကားပြောမတတ်၍ အာပတ်သင့်ရောက်သော အာပတ် (၅) ခုကို သိသာရုံမျှဖြေပြပါ။

ဖြေ ။ ၁။ အခြားဘိက္ခုနီမ၏ ပါရာဇိကအာပတ်ကို သူတစ်ပါးအား မပြောကြားဘဲ နောင်အခါကျ ဝန်ခံပြောကြားခြင်းကြောင့် ပါရာဇိကအာပတ်။

၂။ အခြားဘိက္ခုနီမအား ရာဂစိုစွတ်သောယောကျ်ားလက်မှ ဘောဇဉ်ကိုစားရန်း တိုက်တွန်းခြင်းကြောင့် သံဃာဒိသေသ်။

၃။ လဲလှယ်ပြီးသောသင်္ကန်းကို နောင်အခါ စိတ်ဆိုး၍ ပြန်တောင်းယူခြင်းကြောင့် နိဿဂ္ဂိပါစိတ်။

၄။ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းကြောင့် ပါစိတ်။

၅။ မနာမဖျားဘဲ ထောပတ်စသည် တောင်းစားခြင်းကြောင့် ပါဋိဒေသနီအာပတ်။

မေး ။ "အရှင်ဘုရား၊ အရှင်၏ကျောင်းအာရာမ်တွင်းရှိ ဘုရားပွဲ၌ ဇာတ်အငြိမ့်ထည့်လိုပါ၏" ဟု လျှောက်ထားသည်ကို ကောင်းပြီဟု ခွင့်ပြုသောရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့အား အဘယ်အာပတ်များ သင့်ပါသနည်း၊ သိက္ခာပုဒ်ထောက်ပြဖြေဆိုပါ။ (ကြီး၊ ၂၈ခု)

ဖြေ ။ ယာပန ဘိက္ခုနီနစ္စံဝါ။ ပ။ ဂစ္ဆေယျပါစိတ္တိယံ - ဟူသော နစ္စဂီတသိက္ခာပုဒ်ကိုထောက်၍ ရဟန်းယောကျ်ားအား ဒုက္ကဋ်။ ရဟန်းမိန်းမအား ပါစိတ်အာပတ်သင့်ပါသည်။

မေး ။ ပွဲကြည့်သောရဟန်းမ၊ မြက်ခင်းပေါ်၌ကျင်ငယ်စွန့်သောရဟန်းယောကျ်ားနှင့် ရဟန်းမတို့အား သင့်နိုင်သောအာပတ်များကို သိက္ခာပုဒ်ညွှန်း၍ အသီးသီးဖော်ပြပါ။ (လတ်၊ ၃၀-ခု)

ဖြေ ။ ပွဲကြည့်သောရဟန်းမအား နစ္စဂီတသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။ ယာပနဘိက္ခုနီ နစ္စံဝါ ဂီတံဝါ ဝါဒိတံဝါ ဒဿနာယဂစ္ဆေယျ ပါစိတ္တိယံ။ ကျင်ငယ်စွန့်သောရဟန်းအား ဟရိတေဥစ္စာရသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။ နဟရိတေ အဂိလာနောဥစ္စာရံဝါ ပဿာဝံဝါ ခေဠံဝါကရိဿာမီတိ သိက္ခာ ကရဏီယာ။

ရဟန်းမအား ပါစိတ်နှင့်ဒုက္ကဋ်

ယာပန ဘိက္ခုနီ ဥစ္စာရံဝါ ပဿာဝံဝါ သင်္ကာရံဝါ ဝိဃာတံဝါ ဟရိတေ ဆဍ္ဍေယျဝါ ဆဍ္ဍာပေယျဝါ၊ ပါစိတ္တိယံ။
နဟရိတေ ဥစ္စာရံဝါ ပဿာဝံဝါ ခေဠံဝါ ကရိဿာမီတိသိက္ခာ ကရဏီယာ။

လသုဏဝဂ်ဆိုင်ရာအမေးအဖြေများပြီး၏။

http://www.dhammadownload.com



# ရတ္တန္ဓကာရပဝဂ်ဆိုင်ရာအစိတ်ပွားယ်

မေး ။ ဘိက္ခုနီတို့ ယောကျ်ားများနှင့် တစ်ယောက်ချင်းမနေသင့်သော အရပ်ဌာနများကို နေထိုင်သွားလာမှုကြောင့် အပြစ်သင့်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ရတ္တန္ဓကာရ၊ ပဋိစ္ဆန္နောကာသ၊ အဇ္ဈောကာသသလ္လပန၊ ဒုတိယိက ဥယျောဇနသိက္ခာပုဒ်တို့ကိုရေးလေ။

မေး ။ နံရံစသည့်အကာအကွယ်ရှိ ညဥ့်မှောင်မိုက်ထဲ၌ ယောကျ်ားနှင့် အတူ တကွထိုင်သော ရဟန်းမနှင့်စပ်၍ ပညတ်တော်မူအပ်သော သိက္ခာ ပုဒ်တို့ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ရတ္တန္ဓကာရ၊ ပဋိစ္ဆန္နောကာသသိက္ခာပုဒ်တို့ကိုရေးလေ။

မေး ။ ဘိက္ခုနီတို့ ယောကျ်ားများနှင့် တစ်ယောက်ချင်းမနေသင့်သော အရပ်ဌာနများကို ပြည့်စုံစွာဖော်ပြ၍၊ ဘိက္ခုနီတို့ပြုလုပ်သင့်သော ရေသနုပ်သင်္ကန်း၏ပမာဏကိုလည်း ပြဆိုခဲ့ပါ။ (လတ်၊ ၂၄-ခု)

ဖြေ ။ အရပ်ဌာနများမှာ -

၁။ အလင်းရောင်မရှိသော ညဥ့်အမှောင်မိုက်သောအရပ်။
၂။ နံရံစသည်ဖုံးကွယ်အပ်သောအရပ် (ပဋိစ္ဆန္နအရပ်)။
၃။ အဇ္ဈောကာသ - လွင်တီးခေါင်အရပ်။
၄။ ရထားသွားလောက်ထုတ်ချင်းပေါက်သောလမ်းအရပ်။
၅။ ထုတ်ချင်းမပေါက်သောလမ်းအရပ်။
၆။ လမ်းဆုံလမ်းခွအရပ်တို့ဖြစ်ပါသည်။

ရေသနုပ်ပမာဏ -

မြတ်စွာဘုရား၏ လက်သန်းအထွာတော်ဖြင့် အလျား ၄ ထွာ၊ အနံ ၂ ထွာ။

မေး ။ ပေတရာလမ်းမကြီးပေါ်၌ ယောကျ်ားနှင့် တစ်ယောက်ချင်း နားပါး ကပ်၍ စကားပြောသောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဘတ်(စ်)ကားမှတ်တိုင်၌ ယောကျ်ားတစ်ယောက်နှင့်အတူရပ်လျက် စကားတီးတိုးပြောဆိုသော ဘိက္ခုနီအား တားမြစ်ရန် ပညတ်အပ် သော သိက္ခာပုဒ်ကို မှန်ကန်စွာ ပါဠိ၊ အနက်ရေးပြပါ။

http://www.dhammadownload.com



ဖြေ ။ ဒုတိယိကဥယျောဇနေသိက္ခာပုဒ်ကိုရေးလေ။

မေး ။ နံနက်၊ ညနေ၊ ညအချိန်အခါတို့၌ အမျိုးဒါယကာအိမ်သို့ ကပ်ရောက်မှုနှင့်စပ်၍ ရဟန်းမတို့အား ပညတ်အပ်သော သိက္ခာပုဒ်များကို ပါဠိ၊ အနက်ရေးခဲ့ပါ။ (ကြီး၊ ၅၄-ခု)

ဖြေ ။ အနာပုစ္ဆာပက္ကမန၊ အနာပုစ္ဆာအဘိနိသီဒန၊ အနာပုစ္ဆာသန္ထရဏ သိက္ခာပုဒ်တို့ကိုရေးလေ။ .

မေး ။ ရတ္တန္ဓကာရ၊ ပဋိစ္ဆန္နောကာသ၊ အဇ္ဈောကာသသလ္လပနသိက္ခာပုဒ်တို့၏ အထူးကိုရေးပါ။

ဖြေ ။ ရတ္တန္ဓကာရသိက္ခာပုဒ်၌ - အလင်းရောင်မရှိသည့် ညဥ့်အမှောင်မိုက်အရပ်၌ ယောကျ်ားနှင့်အတူ တစ်ယောက်ချင်း ဟတ္ထပါသ်၌ တည်နေလျှင်လည်းကောင်း၊ စကားပြောလျှင်လည်းကောင်း အာပတ်သင့်သည်။ ပဋိစ္ဆန္နောကာသသိက္ခာပုဒ်၌ ဘိက္ခုနီသည် နံရံ စသည်ဖုံးကွယ်အပ်သောအရပ်၌၊ ပ ။ ပါစိတ်အာပတ်သင့်သည်။ အဇ္ဈောကာသသလ္လပနသိက္ခာပုဒ်၌ ဘိက္ခုနီသည် လွင်တီးခေါင်အရပ်၌၊ ပ ။ ပါစိတ်အာပတ်သင့်သည်။ ဤသို့ထူးပါသည်။

မေး ။ ရဟန်းတစ်ပါးကို ကဲ့ရဲ့သောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာ ပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပရူပ္ဗာပနကသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ရဟန်းတစ်ပါးကိုကျိန်ဆဲသောရဟန်းမအား အပြစ်သင့်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပရအဘိသပနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ရင်ကိုထု၍ငိုသောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ရောဒနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခု၏သင်္ယာဋိနှင့် ဘိက္ခုနီ၏သင်္ယာဋိတို့ကိုခွဲခြားပြ၍ ဘိက္ခုနီပါတိမောက်နှင့်သက်ဆိုင်သော "အာဒိကမ္မိက ဘိက္ခုနီ" ခုနစ်ပါးတို့၏အမည်တို့ကိုလည်းဖော်ပြပါ။ (ကြီး၊ ၃၇-ခု)

ဖြေ ။ ဘိက္ခုသင်္ယာဋိသည် ဒုကုဋ်နှစ်ထပ်သက်န်းကြီးတည်း။

http://www.dhammadownload.com



ဘိက္ခုနီသယ်္ဃာဒိသိသည် ချုပ်စပ်အပ်သောအနက်ကြောင့် သယ်္ဃာဒိသ ဟူသော အမည်ကို ရအပ်သော တိစိဝရိက်၊ ရေသနုပ်၊ ရင်စည်း တဘက်အားဖြင့် ၅ ထည်။

အာဒိကမ္မိကဘိက္ခုနီများ

အမှာ -အဋ္ဌဝတ္ထုကသိက္ခာပုဒ်လာ သယ်္ဃာဒိသအရ - ဘိက္ခုနီမတို့၏ တိစိဝရိတ် (၃) ထည်ကို ရပါသည်။

သုန္ဒရီနန္ဒာ၊ ထုလ္လနန္ဒာ၊ ဆဗ္ဗဂ္ဂိယ ဘိက္ခုနီယော၊ စဏ္ဍကာဠီအညတရာ ဘိက္ခုနီ၊ သမ္ဗဟုလာ ဘိက္ခုနီယော၊ ဒွေဘိက္ခုနီယော။

သုန္ဒရီနန္ဒာ၊ ထုလ္လနန္ဒာ၊ ဆဗ္ဗဂ္ဂိယညတရာပိစ။

စဏ္ဍကာဠီသမ္ဗဟုလာ၊ ဒွေစဘိက္ခုနီယောပရာ။

ဘိက္ခုနီနံ တုသတ္တေဝ၊ ဟောန္တိတာအာဒိကမ္မိကာ (ကင်္ခါဋီကာသစ်)။

ဝတ္ထုနွတာရုဝင်ဆိုင်ရာအဓိကွာယ်ပြီးပြီ။

F18 A

http://www.dhammadownload.com



## နဂ္ဂ (နဟာန) ဝဂ်ဆိုင်ရာအမေးအဖြေ

မေး ။ အဝတ်မစည်းဘဲ ဝလာကိုယ်ချည်းရေချိုးသောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

ဖြေ ။ နဂ္ဂသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ရေချိုးရာ၌ ဖုံးကွယ်ခြင်း(၃)မျိုးကို ဖော်ပြပါ။

ဖြေ ။ ၁။ ဇန္တာဃရပဋိစ္ဆာဒိ = ဇရုံးအိမ်ဖြင့် ဖုံးကွယ်ခြင်း၊

၂။ ဥဒကပဋိစ္ဆာဒိ = မြစ်စသည်သို့ဆင်း၍ချိုးရာ၌ ရေသနုပ် မဝတ်သော်လည်း ရေဖြင့်ဖုံးကွယ်ခြင်း၊

၃။ ဝတ္ထပဋိစ္ဆာဒိ = အဝတ်၊ ရေသနုပ်ဖြင့်ဖုံးကွယ်ခြင်း။

မေး ။ ရေသနုပ်ပြုလုပ်လိုသောရဟန်းမများ လိုက်နာရမည့်ပမာဏကို ဖော်ပြသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ ဘိက္ခုနီများ ရေသနုပ်သင်္ကန်း၏အတိုင်းအတာပမာဏပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဥဒကသာဋိကသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ရဟန်းမအချင်းချင်း သင်္ကန်းချုပ်ပေးရန် တာဝန်ယူပြီးနောက် အန္တရာယ်မရှိဘဲ ငါးရက်ကျော်လွန်မှ ဖြေပေးသောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ စီဝရသိဗ္ဗနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ သင်္ကန်းမချုပ်ဘဲထားနိုင်သောရက်ကို တိကျစွာဖော်ပြပါ။

ဖြေ ။ ၄ ရက်၊ ၅ ရက်ထားနိုင်သည်။

မေး ။ သင်္ကန်းတစ်စုံကို ၅ ရက်ကျော်အောင်ဝတ်ရုံသောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ သင်္ဃာဋိစာရသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုနီ (ရဟန်းမ) များ (က) လှည့်လည်၍ဝတ်ရမည့်သင်္ကန်း (ခ) သီးခြားသင်္ကန်းတို့ကို ဖော်ပြပါ။

ဖြေ ။ (က) လှည့်လည်ဝတ်ရမည့်သင်္ကန်းများမှာ -

၁။ ကိုယ်ရုံ ၄။ ရေသနုပ်
၂။ သင်းပိုင် ၅။ ရင်စည်းတဘက်တို့ဖြစ်ပါသည်။
၃။ ဒုကုဋ်

http://www.dhammadownload.com



(ခ) သီးခြားသက်န်းများမှာ -

၁။ ရင်စည်းတဘက် ၂။ ဥတုနီးသက်န်း ၃။ ရေသနုပ်တို့ ဖြစ်ပါသည်။

မေး ။ ရဟန်းမတစ်ပါး၏သက်န်းကိုမပန်ပြောဘဲ တိတ်တိတ်ကလေး ယူဝတ်သောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊အနက်ရေးပါ။

ဖြေ ။ စီဝရသက်မနိယသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုနီသံဃာ၏ သက်န်းလာဘ်ကို ဒါယကာတို့မလှူဖြစ်အောင် တားမြစ်ပိတ်ပင် အန္တရာယ်ပြုသောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဂဏစီဝရသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုနီမများအတွက်သာ သီးခြားခွင့်ပြုအပ်သောသက်န်းတို့ကို ဖော်ပြပြီးလျှင် စီဝရသက်မနိယ၊ သမဏစီဝရ၊ အာဝသထစီဝရ၊ သဃ်ာဋိစာရတို့၏အဓိပ္ပာယ်ကိုလည်း ပေါ်လွင်အောင်ရေးသားပါ။ (ကြီး၊၃၀-ခု)

ဖြေ ။ ဥစ္စာရှင်ထံ ခွင့်မပန်ဘဲယူပြီး နောက်တဖန်ပြန်ပေးအပ်သော သက်န်းငါးထည်တို့တွင် တစ်ထည်ထည်သောသက်န်းသည် စီဝရသက်မနိယမည်၏။

ကပ္ပဗိန္ဒုထိုးပြီးသော ဝတ်ရုံလောက်သောသက်န်းသည် သမဏစီဝရမည်၏။

ဥတုလာသောဘိက္ခုနီမတို့ဝတ်ဖို့ရန် လှူဒါန်းထားသော ဥတုနီးသက်န်းသည် အာသထစီဝရမည်၏။

တိစီဝရိက်၊ ရေသနုပ်၊ ရင်စည်း တဘက်ဟူသော သက်န်းငါးထည်ကို လဲလှယ်ဝတ်ခြင်း နေလှန်းခြင်း သည် သဃ်ာဋိစာရမည်၏။

မေး ။ တရားနှင့်အညီ သက်န်းဝေဖန်ခြင်းကို တားမြစ်ကန့်ကွက်သော ရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပဋိဗာဟနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဝိကပ္ပနာမပြုရသေးသောသက်န်းကို လူ၊ ပရိဗိုဇ်ယောကျ်ား၊ ပရိဗိုဇ်မတို့အား ပေးကမ်းစွန့်ကြဲသောရဟန်းမအား အပြစ်သင့်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ စီဝရဒါနသိက္ခာပုဒ်ကိုရေးလေ။

http://www.dhammadownload.com



မေး ။ ကပ္ပဗိန္ဒုမထိုးရသေးသော (သင်္ကန်းဟုခေါ်သော) အဝတ်ကို လူ ပုဂ္ဂိုလ်များ ဝတ်ရုံနိုင်ခွင့် ရ၊ မရ သိက္ခာပုဒ်အထောက်ပြ၍ ဆုံးဖြတ်ခဲ့ပါ။

❖ ဒုတ္တင်္ဂဟုခေါ်သော နှစ်ထပ်သင်္ကန်းကြီးကို သာမဏေများ ဝတ်ရုံ ကောင်း၊ မကောင်း သိက္ခာပုဒ်ပါဠိအထောက်ပြ၍ ဖြေဆိုခဲ့ပါ။

ဖြေ ။ ဝတ်ရုံကောင်းပါသည်။ အထောက် - ယာပန ဘိက္ခုနီ အဂါရိ ကဿဝါ။ ပ။ သမဏစီဝရံ ဒဒေယျ၊ ပါစိတ္တိယံ (စီဝရဒါနသိက္ခာပုဒ်)။

မေး ။ ကပ္ပဗိန္ဒုထိုးအပ်ပြီးသောရဟန်းတို့၏သင်္ကန်းကို မပေးကောင်း သော ပုဂ္ဂိုလ်များကိုပြဆို၍ ရဟန်းယောကျ်ားတို့ထံမှ တစ်လနှစ် ကြိမ်ကျ ရဟန်းမတို့က တောင့်တရမည့်တရားတို့ကိုလည်း ဖော်ပြ ခဲ့ပါ။ (လတ်၊ ၂၃-၃)

ဖြေ ။ ကပ္ပဗိန္ဒုထိုးပြီးသောရဟန်းတို့၏သင်္ကန်းကို -

၁။ အဂါရိက = အိမ်နေသူလူ၊

၂။ ပရိဗ္ဗာဇက = ပရိဗိုဇ်ယောကျ်ား၊

၃။ ပရိဗ္ဗာဇိကာ = ပရိဗိုဇ်မိန်းမတို့အား မပေးကောင်းပါ။

တောင့်တရမည့်တရား -

၁။ ဥပုသ်နေ့ကိုမေးခြင်း၊

၂။ ဩဝါဒခံယူဖို့ရန်ချဉ်းကပ်ခြင်း၊

မေး ။ သင်္ကန်းရဖို့ မျှော်လင့်ချက်မရှိဘဲ သင်္ကန်းအခါကို လွန်စေသော ရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ကာလအတိက္ကမနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ တရားနှင့်အညီ ကထိန်နှုတ်ခြင်းကို တားမြစ်သောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ကထိနုဒ္ဓါရသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုနီ သုဒ္ဓပါစိတ် သိက္ခာပုဒ် နဂ္ဂဝဂ်တို့တွင် စီဝရသဒ္ဒါပါသော မပါသောသိက္ခာပုဒ်တို့၏အမည်တို့ကို ခွဲခြားပြခဲ့ပါ။

ဖြေ ။ စီဝရသဒ္ဒါမပါသောသိက္ခာပုဒ်များ -

နဂ္ဂ၊ ဥဒကသာဋိက၊ သင်္ဃာဋိစာရ၊ ကထိနုဒ္ဓါရ သိက္ခာပုဒ်။

စီဝရသဒ္ဒါပါသောသိက္ခာပုဒ်များ -

စီဝရသိဗ္ဗန၊ စီဝရသင်္ကမနီယ၊ ဂဏစီဝရ၊ ပဋိဗာဟန၊ စီဝရဒါန၊ ကာလအတိက္ကမန။

နဂ္ဂဝဂ်ဆိုင်ရာအစိတ္တာယ်ပြီး၏။

http://www.dhammadownload.com



# တုဝဋ္ဋဝင်ဆိုင်ရာအစိပ္ပာယ်

မေး ။ ရဟန်းမများ ညောင်စောင်း (ခုတင်) တစ်ခု၌ နှစ်ယောက်အတူ မအိပ်ရဟု ပညတ်အပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ ခုတင်တစ်ခုတည်း၌ နှစ်ယောက်အတူအိပ်သောရဟန်းမိန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ကေမဥ္စ တုဝဋ္ဋနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ စောင်တစ်ထည်ကို နှစ်ယောက်အတူ ခင်း၊ ခြုံခြင်းကြောင့် အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ကေတ္ထရဏတုဝဋ္ဋနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ သူတပါးစိတ်ဆင်းရဲအောင် ကြံမိ်းပြင်ကြံမ်းကြမ်းလျှောက်သော ရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ အဖာသုကရဏသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ပြုစုစောင့်ရှောက်ရမည့်တာဝန်ရှိပါလျက် မကျန်းမာသော အတူနေတပည့်မကို မပြုစုသောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ နဥပဋ္ဌာပနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုနီမတစ်ပါးကိုစိတ်ဆိုး၍ ပုဂ္ဂလိကကျောင်းမှ နှင်ထုတ်သော ရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ နိက္ကဍ္ဎနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုနီသုဒ္ဓပါစိတ်အသာဓာရဏသိက္ခာပုဒ်တို့တွင် ယာဝတတိယက အမည်ရသောသိက္ခာပုဒ်ကိုသာ ပါဠိ၊ အနက် ပြည့်စုံအောင် ရေးပြပါ။

❖ ဘိက္ခုနီသုဒ္ဓပါစိတ်သိက္ခာပုဒ်တို့တွင် "ယာဝတတိယကပါစိတ်" အမည်ရသောသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

ဖြေ ။ သံသဋ္ဌသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုနီ သုဒ္ဓပါစိတ် အသာဓာရဏသိက္ခာပုဒ်တို့တွင် ယာဝတတိယက သိက္ခာပုဒ်လာ ပါပဘိက္ခုနီမအား ရဟန်းမိန်းမကောင်းတို့က ဆုံးမသွန်သင်ရမည့်စကားများကိုသာ နိဿရည်းကျကျ အနက်ယောဇနာပြပါ။

ဖြေ ။ မာယျေသံသဋ္ဌာ ဝိဟရိဂဟပတိနာပိ။ ပ။ ဘဂိနိယာ သံယောဝန္တောတိ။

http://www.dhammadownload.com



မေး ။ သူကြွယ်၊ သူကြွယ်သားနှင့် ရောနှောနေသော ဘိက္ခုနီမအား အခြား ဘိက္ခုနီမတို့က ဆုံးမပုံကိုပေါ်လွင်အောင်ရေးပါ။ (ကြီး၊ ၃၄-ခု)

ဖြေ ။ ရှင်မ၊ သင်သည် သူကြွယ်နှင့်လည်းကောင်း၊ သူကြွယ်သားနှင့်လည်း ကောင်း၊ ရောရောနှောနှော မနေပါလင့်၊ ရှင်မ သင်သည် လူတို့နှင့် ကင်းကင်းရှင်းရှင်းနေပါ၊ ရှင်မ၏ ကင်းကင်းရှင်းရှင်းနေမှုကို သံဃာ တော်က နှစ်သက်ပါ၏ဟု ပြောဆိုဆုံးမရမည်။

မေး ။ ဘိက္ခုနီများ ပြည်တွင်း၊ ပြည်ပ၊ ဝါတွင်း၊ ဝါပ ဒေသစာရီခရီးကြွ ချီမှုနှင့်စပ်လျဉ်း၍ ပညတ်အပ်သော သိက္ခာပုဒ်တို့ကို ပါဠိ၊ အနက် ရေးပါ။

❖ ပြည်တွင်းပြည်ပ နှစ်ဌာနနှင့် ဝါတွင်းဝါပ နှစ်ကာလတို့၌ ဟိုဟို ဒီဒီ ဒေသစာရီလှည့်လည်လိုသော ဘိက္ခုနီအတွက် ပညတ်ချက် ဖြစ်သော သိက္ခာပုဒ်တို့ကို ပါဠိ၊ အနက်ရေးပါ။ (ကြီး၊ ၆၀-ခု)

ဖြေ ။ အန္တောရဋ္ဌ၊ တိရောရဋ္ဌ၊ အန္တောဝဿ၊ စာရိကနပက္ကမနသိက္ခာပုဒ်တို့ကို ရေးလေ။

မေး ။ ရဟန်းမများ ပြည်တွင်းပြည်ပခရီးလာနိုင်ရာအခါတို့ကို ဖော်ပြပါ။

ဖြေ ။ သာသက်သမ္ဘတ - ရွှံရှာဖွယ်ရှိ၏ဟု သမုတ်အပ်ရာအခါ၊
သပ္ပဋိဘယ - ဘေးရန်ရှိရာအခါ။

မေး ။ အတူနေတပည့်မအား ပြုရမည့်ဆရာ့ကျင့်ဝတ်နှင့် ဝါကျွတ်သော အခါ ပြုရမည့် ဘိက္ခုနီမကျင့်ဝတ်များကို စုံလင်စွာ ဖော်ပြခဲ့ပါ။ (လတ်၊ ၂၇-ခု)

ဖြေ ။ ဆရာကျင့်ဝတ်

၁။ ဂိလာနဖြစ်သော အတူနေတပည့်မကို ကိုယ်တိုင်လည်း ပြုစုရ မည်။ သူတစ်ပါးကိုလည်း ပြုစုရစေရမည်။ (နဥပဋ္ဌာပန သိက္ခာ ပုဒ်)

၂။ ရဟန်းခံပေးပြီး ၂ နှစ်ပတ်လုံး ကိုယ်တိုင်လည်းချီးမြှောက်ရမည်၊ သူတစ်ပါးကိုလည်း ချီးမြှောက်စေရမည်။ (ပထမသဟဇီဝိနီ သိက္ခာပုဒ်)

၃။ ရဟန်းခံပေးပြီး အယုတ်ဆုံး ငါးယူဇနာ၊ ခြောက်ယူဇနာခရီးသို့ ကိုယ်တိုင်လည်းခေါ်သွားရမည်။ သူတစ်ပါးကိုလည်း ခေါ်သွား စေရမည်။ (ဒုတိယသဟဇီဝိနီသိက္ခာပုဒ်)

http://www.dhammadownload.com



## ဝါကျွတ်ကျင့်ဝတ်

၁။ ဉဘာတောသံယာ၌ ပဝါရဏာပြုရမည်။ (အပဝါရဏာသိက္ခာပုဒ်)

၂။ အနည်းဆုံး ငါးယူဇနာ၊ ခြောက်ယူဇနာခရီးထွက်ရမည်။
(စာရိကနပက္ကမန သိက္ခာပုဒ်)

မေး ။ ဘိက္ခုနီများသည် သီတင်းဝါလကျွတ်လျှင် အဘယ်မျှ ခရီးသွားရမည်ကိုပြဆို၍၊ ခက်မဲ၌ပေါက်သောအနာကို ယောကျ်ားဆရာဖြင့် ခွဲစိတ်ကုသလိုပါက ပြုရမည့်အစီအရင်ကိုလည်း ဖော်ပြခဲ့ပါ။ (ကြီး၊၂၅-၃)

ဖြေ ။ အနည်းဆုံး ငါးယူဇနာ၊ ခြောက်ယူဇနာ ခရီးသွားရမည်။
ပြုရမည့်အစီအစဉ် - သံဃာကိုလည်းကောင်း၊ ဂိုဏ်းကိုလည်းကောင်း ပန်ကြားရမည်။

**တုဝဋ္ဋဝဂ်အဓိပ္ပာယ်ပြီး၏။**

http://www.dhammadownload.com



## စိတ္တာဂါရပဝင်ဆိုင်ရာအခမ်ဗ္ဗာယ်

မေး ။ တိရစ္ဆာန်ဥယျာဉ်ထဲ၌ ကနေသော ဥဒေါင်းငှက်ကို ကြည့်ရှုခြင်းငှာ သွားရောက်သော ဘိက္ခုနီ၏ အပြစ်သင့်ရောက်နိုင်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ မင်းရင်ပြင်တော်သို့ သွားရောက်ကြည့်ရှုသောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ကိုရေးပါ။

❖ တိရစ္ဆာန်ဥယျာဉ် (ပြည်သူ့ရင်ပြင်၊ ရှုခင်းသာ၊ ဗိုလ်ချုပ်ပန်းခြံ၊ လော့်ကားဥယျာဉ်၊ မြကျွန်းသာ ကရဝိက်ခန်းမ၊ ဟိုတယ်၊ တည်းခိုခန်း စသော) အရပ်၌ သွားရောက်ကြည့်ရှုသောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ရာဇာဂါရသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ရာဇာဂါရသိက္ခာပုဒ်လာ ရဟန်းမများ သွား၍မကြည့်ကောင်းသော အရပ်ဌာန များကိုဖော်ပြပါ။ (လတ်၊ ၃၉-ခု)

ဖြေ ။ ၁။ ရာဇာဂါရ - မင်း၏အိမ်တော်၊
၂။ စိတ္တာဂါရ - ဆန်းကြယ်ဆောက်လုပ်ထားသောအိမ်၊
၃။ အာရာမ - လူအများပျော်ပါးရန်ပြုလုပ်ထားသောပန်းခြံ၊
၄။ ဥယျာန - လူအများပျော်ပါးရန်ပြုလုပ်ထားသော ဥယျာဉ်၊
၅။ ပေါက္ခရဏီ - လူအများပျော်ပါးရန်ပြုလုပ်ထားသော ရေကန်။

မေး ။ ရေသနုပ်သင်္ကန်း၏ အလျား၊ အနံပမာဏကို ပကတိပုရိသတို့၏ အတိုင်းအတာဖြင့်ဖော်ပြ၍၊အာရာမနှင့် ဥယျာနတို့၏အထူးကို လည်း ဖြေဆိုခဲ့ပါ။

ဖြေ ။ အလျား ၉ တောင်၊ အနံ ၄ တောင့် ၁ ထွာ။
လူအများတို့၏ ပျော်မွေ့ဖို့ရန် ပြုလုပ်ထားသောအရံ (ခြံ) ကို အာရာမဟု ခေါ်၏။ လူအများတို့၏ ပျော်မွေ့ဖို့ရန် အထူးပြုလုပ်အပ်သော သစ်သီး၊ ပန်းဥယျာဉ်ကို ဥယျာနဟု ခေါ်ပါသည်။ ဤသို့ထူးပါသည်။

http://www.dhammadownload.com



ကို စိတ္တာဂါရဟုခေါ်ပါသည်။ လူအများပျော်မွေ့ရာဖြစ်သော ရေကန်ကို ပေါက္ခရဏီဟုခေါ်ပါသည်။ ဤသို့ထူးပါသည်။

မေး ။ ကျောင်းစောင်း၊ ပလ္လင်အသုံးပြုလိုသောရဟန်းမများ လိုက်နာရမည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

ဖြေ ။ အာသန္ဒိပရိဘုဉ္ဇနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ အာသန္ဒိပရိဘုဉ္ဇနသိက္ခာပုဒ်လာ အာသန္ဒိနှင့် ပလ္လင်တို့၏အထူးကိုရေးခဲ့ပါ။

ဖြေ ။ လက်ရှစ်သစ်ပမာဏထက်ပိုလွန်သော အခြေရှိသော လေးထောင့်ခုံမြင့် ကျောင်းစောင်း၊ အင်းပျဉ်ကို အာသန္ဒိဟုခေါ်ပါသည်။ ခြင်္သေ့၊ သစ် ကျား စသော သားရဲရုပ်တို့ဖြင့် ထုသွင်းပြုလုပ်အပ်သော မပြောင်းရွှေ့နိုင်သော ကျောင်းစောင်းကုတင်ကို ပလ္လင်ဟုခေါ်ပါသည်။ ဤသို့ထူးပါသည်။

မေး ။ ချည်ကိုငင်သော ရဟန်းမအား အပြစ်သင့်ပုံသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ သုတ္တကန္တနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ချည်ကိုကိုယ်တိုင်တောင်း၍ သက်န်းရက်ခိုင်းသော ဘိက္ခုနီ၊ ချည်ငင်သော ဘိက္ခုနီမတို့အား သင့်သောအာပတ်အသီးသီးကို ဖော်ပြပါ။ (လတ်၊ ၂၉-ခု)

ဖြေ ။ နိဿဂ္ဂိပါစိတ်။ သုဒ္ဓပါစိတ်။

မေး ။ ဝိုင်းငင်၍ လူတို့၏အမှုကိစ္စကို ဆောင်ရွက်သောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ရဟန်းမများ မိဘတို့၏ ဝေယျာဝစ္စကိုပြုလုပ်ပေးကောင်းပါသလော ရှင်းပြ၍၊ လူများ ဝေယျာဝစ္စကို ပြုလုပ်ပေးနိုင်သော အကြောင်းများရှိလျှင်လည်း ဖော်ပြခဲ့ပါ။

ဖြေ ။ မိဘတို့ကို မိမိ၏ဝေယျာဝစ္စပြုသူအရာ၌ တည်အောင် တစ်စုံတစ်ခု အမှုကို ပြုလုပ်ခိုင်းပြီးမှသာ မိဘတို့အတွက် ယာဂုကျိုခြင်း စသော ဝေယျာဝစ္စကို ပြုလုပ်ပေးကောင်းပါသည်။ ထိုသို့ မိမိ၏ဝေယျာဝစ္စ တစ်ခုခုကို မပြုလုပ်စေဘဲ မိဘဝေယျာဝစ္စကို မပြုလုပ်ကောင်းပါ။

http://www.dhammadownload.com



လူများဝေယျာဝစ္စကို ပြုလုပ်ပေးနိုင်ပုံ

သံဃာအတွက် ယာဂုနှင့်ဆွမ်းကိုလည်းကောင်း၊ စေတီပူဇော်မှုပြုရန် အတွက်လည်းကောင်း ပြုလုပ်ဆောင်ရွက်သောလူတို့၏ အဖော်အဖြစ်ဖြင့် ယာဂုကျိုခြင်း စသည်တို့ကို ပြုလုပ်ပေးကောင်းပါသည်။ မိမိဝေယျာဝစ္စပြုသူအတွက် ယာဂုကျိုခြင်း စသည်တို့ကို ပြုလုပ်ပေး ကောင်းပါသည်။

မေး ။ မိဘတို့၏အမှုကိစ္စကို ဆောင်ရွက်ပေးသောရဟန်းမိန်းမနှင့် သံဃကိစ္စ စေတီယကိစ္စပြုလုပ်နေသောလူများကို လုပ်အားပေးသော ရဟန်းမိန်းမတို့အား အာပတ်သင့်မသင့် ဆိုးဖြတ်ပါ။ (ကြီး၊ ၂၉-ခု)

ဖြေ ။ ပါစိတ်အာပတ်။ အာပတ်မသင့်။

မေး ။ အဓိကရုဏ်း၊ အမှုခင်းများငြိမ်းအောင် တာဝန်ယူပြီးဖြစ်ပါလျက် တစ်စုံတစ်ရာအန္တရာယ်မရှိဘဲ မပြုလုပ် မဆောင်ရွက်ပေးသော ရဟန်း၏ အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ စိတ္တာဂါရဝဂ် ငါးခုမြောက်သိက္ခာပုဒ်ကို အနက်ယောဇနာပါ။ (ကြီး၃၄၊ လတ်၊ ၃၇-ခု)

ဖြေ ။ အဓိကရဏသိက္ခာပုဒ်ကိုရေးလေ။

မေး ။ အဓိကရဏသိက္ခာပုဒ်လာ အဓိကရုဏ်းငြိမ်းအောင် တာဝန်ယူ ဆောင်ရွက်ပေးမည်ဟု ပြောဆိုပုံအခြင်းအရာပြစကားရပ်ကိုသာ ပါဠိ၊ အနက်၊ မြန်မာစကားပြေရေးခဲ့ပါ။

ဖြေ ။ ဟောယျေ ဣမံ အဓိကရဏံ ဝူပသမေဟိ။

မေး ။ စပါးစိမ်းစားသောဘိက္ခုနီမအား မည်သည့်အာပတ်သင့်သည်ကို ဖော်ပြ၍၊ အဓိကရုဏ်းငြိမ်းမပေးသော ဘိက္ခုနီမအား အာပတ်သင့် မသင့်ကို သာဓကပြ၍ဆိုးဖြတ်ပါ။ (လတ်၊ ၃၃-ခု)

ဖြေ ။ ဒုက္កဋ်အာပတ်သင့်သည်။

မှတ်ချက်။ ဤသိက္ခာပုဒ်၌ (၁) တောင်းမှု (၂) စားမှု ဤနှစ်ချက်ကိုပြုလျှင် ပါစိတ်၊ တစ်ခုခုကိုပြုလျှင်ကား ဒုက္ကဋ်သာသင့်ပါသည်။ (ကခ်ီ)

ယာပနဘိက္ခုနီ ဘိက္ခုနိယာ ဟောယျေ။ ပ။ ဥဿုက္ကံကရေယျ၊ ပါစိတ္တိယံကိုထောက်၍ အန္တရာယ်မရှိလျှင် ပါစိတ်အာပတ်သင့်၊ အန္တရာယ်ရှိလျှင် အာပတ်မသင့်။

http://www.dhammadownload.com



မေး ။ ရဟန်းမများ လူ၊ တက္ကတွန်းစသော ပုဂ္ဂိုလ်များကို မိမိလက်ဖြင့် ခဲဖွယ်၊ ဘောဇဉ်များ မပေးကောင်းဟု တားမြစ်အပ်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

ဖြေ ။ ဘောဇနဒါန သိက္ခာပုဒ်ကိုရေးလေ။

မေး ။ ရဟန်းမများ မိမိလက်ဖြင့် ခဲဖွယ်ဘောဇဉ်များကို မပေးကောင်း သော ပုဂ္ဂိုလ်များကို ပါဠိ၊ မြန်မာ နှစ်ဘာသာဖြင့်ဖော်ပြပါ။

ဖြေ ။ ၁။ အဂါရိက = အိမ်နေသူလူ၊ ၂။ ပရိဗ္ဗာဇက = ပရိဗိုဇ်ယောကျ်ား၊ ၃။ ပရိဗ္ဗာဇိကာ = ပရိဗိုဇ်မိန်းမ။

မေး ။ ဥတုနီးသင်္ကန်းကို ၄-ရက်ကျော်အောင် သုံးစွဲသောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

ဖြေ ။ အာဝသထသိက္ခာပုဒ်ကိုရေးလေ။

မေး ။ တံခါးရွက်တပ်အပ်သောကျောင်းကို မစွန့်လွှတ်မအပ်နှံဘဲ ဒေသစာရီ သွားသောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက် ရေးပါ။

ဖြေ ။ အာဝသထဝိဟာရသိက္ခာပုဒ်ကိုရေးလေ။

မေး ။ အာဝသထစီဝရနှင့် အာဝသထဝိဟာရသိက္ခာပုဒ် ၂ ခုတို့၌ပါသော နိဿဇ္ဇနတို့၏ ထူးခြားပုံကိုရေးပါ။

ဖြေ ။ အာဝသထစီဝရကို လေးရက်မြောက်နေ့၌ ဖွပ်လျှော်၍ အခြားဥတုလာ သူ ရဟန်းမနှင့် အောက်တစ်ဆုံး သာမဏေမတို့အား ပေးစွန့်ခြင်းကို နိဿဇ္ဇနဟုခေါ်ပါသည်။ တပည့်တော်မ၏ကျောင်းကို စောင့်ရှောက် လိုပါဟု စောင့်ရှောက်ရန် ခဏအပ်နှံခြင်း၊ ပေးခြင်းကို နိဿဇ္ဇနဟု ခေါ်ပါသည်။

မေး ။ စိတ္တာဂါရဝဂ် "အာဝသထ" သဒ္ဒါပါသော သိက္ခာပုဒ်တို့ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

ဖြေ ။ အာဝသထစီဝရ၊ အာဝသထဝိဟာရသိက္ခာပုဒ်တို့ကိုရေးလေ။

မေး ။ သုဂတိလမ်း နိဗ္ဗာန်လမ်း၏ ဂန့်လန့်ဖီလာဖြစ်သောအတတ်ကို သင်ယူပို့ချသောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဘိက္ခုနီအရှင်မများ လောကသံသာရာချမ်းသာရေးအတွက် အတတ် ပညာဘာသန္တရစာပေ သင်ယူ ပို့ချခွင့်ပြုခဲ့သော သိက္ခာပုဒ်တို့ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

http://www.dhammadownload.com



ဖြေ ။ တိရစ္ဆာနဝိဇ္ဇာပရိယာပုဏာန၊ တိရစ္ဆာနဝိဇ္ဇာဝါစန သိက္ခာပုဒ်တို့ကို ရေးလေ။

မေး ။ ဘိက္ခုနီများကိုယ်တိုင်လည်း မသင်သင့်၊ သူတစ်ပါးအားလည်း မပို့ချပေးသင့်သော အတတ်ပညာ၏အမည်ကို ဆိုင်ရာအပြစ်နှင့် တကွ ဖော်ပြ၍ ဘိက္ခုနီများက မိမိအား ချေးပွတ်မှု၊ နှိပ်နယ်မှု များကို ပြုလုပ်ပေးရန် မစေခိုင်းသင့်သော ပုဂ္ဂလအမည်နာမတို့ ကိုလည်း ပါဠိ၊ မြန်မာ နှစ်ဘာသာဖြင့်ဖြေဆိုပြပါ။ (လတ်၊ ၆၀-ခု)

ဖြေ ။ တိရစ္ဆာနဝိဇ္ဇာအတတ်၊ (သူတပါးကို ညှဉ်းပန်းနှိပ်စက်မှုပြုတတ်သော အတတ်) ပါစိတ်အပြစ်။

၁။ ဘိက္ခုနိယာ = ရဟန်းမိန်းမ၊

၂။ သိက္ခမာနာ = သိက္ခမာန်၊

၃။ သာမဏေရိယာ= သာမဏေမ၊

၄။ ဂိဟိနိယာ = လူမိန်းမ။

မေး ။ တိရစ္ဆာနဝိဇ္ဇာကို သင်ယူသော ဘိက္ခုနီ၊ ပို့ချသောဘိက္ခုနီတို့အား အဘယ်အာပတ်သင့်သည်ကို သိက္ခာပုဒ်ညွှန်ပြဖြေဆိုပါ။ (လတ်၊၂၆ခု)

ဖြေ ။ ယာပနဘိက္ခု။ ပ။ ပရိယာပုဏေယျ ပါစိတ္တိယံ။ ယာပနဘိက္ခုနီ တိရစ္ဆာနဝိဇ္ဇံ ဝါစေယျ၊ ပါစိတ္တိယံဟူသော သိက္ခာပုဒ်တို့အရ ပါစိတ် အာပတ်သင့်သည်။

မေး ။ ရဟန်းတော်များ အင်္ဂလိပ်စာပေ သင်ယူ၊ ပို့ချခွင့်ရှိ၊ မရှိ အာဂမ သဘာဝယုတ္တိပြ၍ ဖြေရှင်းခဲ့ပါ။

ဖြေ။ ယာပနဘိက္ခုနီ တိရစ္ဆာနဝိဇ္ဇံ ပရိယာပုဏေယျပါစိတ္တိယံ။ ယာပန ဘိက္ခုနီ တိရစ္ဆာန ဝိဇ္ဇံ ဝါစေယျ ပါစိတ္တိယံ ဟူသော အာဂမယုတ္တိကို ထောက်၍ အင်္ဂလိပ်စာပေများသည် တိရစ္ဆာနဝိဇ္ဇာမဟုတ်သောကြောင့် လည်းကောင်း၊ သူတပါးကို နှိပ်စက်ကြောင်းမဟုတ်ဘဲ အကျိုးရှိသော အတတ်ဖြစ်သောကြောင့်လည်းကောင်း ရဟန်းတော်များ သင်ယူ၊ ပို့ချ ခွင့်ရှိပါသည်။

မှတ်ချက်။ သူတစ်ပါးကို နှိပ်စက်ကြောင်းမဟုတ်သော အကျိုးရှိသော အတတ်မှန်လျှင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ ဟိန္ဒီ သက္ကတစသည်တို့တွင် မည်သည့်ဘာသာနှင့်မဆို သင်ယူပို့ချကောင်းသည်ဟုမှတ်ပါ။

မိတ္တာဝါရဝဂ်ဆိုင်ရာအမေးအဖြေပြီး၏။

http://www.dhammadownload.com



## အာရာမဝင်ဆိုင်ရာအစိပ္ပါယ်

မေး ။ ရဟန်းယောကျ်ားရှိသောကျောင်းသို့ မပန်ကြားဘဲဝင်သော ရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ အာရာမပဝိသန သိက္ခာပုဒ်ကိုရေးလေ။

မေး ။ ရဟန်းယောကျ်ားကို ဆဲရေးခြိမ်းခြောက်သော အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

ဖြေ ။ ဘိက္ခု အက္ကောသန သိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုနီသံဃာကို ခြိမ်းခြောက်သောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ရေးခဲ့ပါ။

ဖြေ ။ ဂဏပရိဘာသနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဂဏပရိဘာသနသိက္ခာပုဒ်လာ ဂဏအရကိုဖော်ပြပါ။

ဖြေ ။ ဂဏအရ - ဘိက္ခုနီသံဃာကိုယူရပါသည်။

မေး ။ အက္ကောသနှင့် ပရိဘာသနတို့၏အထူးကိုရေးပါ။

ဖြေ ။ အက္ကောသဝတ္ထု ၁၀ ပါးတို့တွင် တစ်ပါးပါးဖြင့် မျက်မှောက်ဖြစ်စေ၊ မျက်ကွယ်ဖြစ်စေ ဆဲရေးခြင်းကို အက္ကောသဟုခေါ်ပါသည်။ ဘေးရန်အန္တရာယ်ကိုပြ၍ ခြိမ်းခြောက်ခြင်း၊ ကြိမ်းမောင်းခြင်းကို ပရိဘာသနဟုခေါ်ပါသည်။ ဤသို့ထူးပါသည်။

မေး ။ ဘိက္ခုအက္ကောသန၊ ဂဏပရိဘာသနသိက္ခာပုဒ်တို့၌ပါသော ပရိဘာသနနှစ်ခုတို့၏အထူးကိုရေးခဲ့ပါ။

ဖြေ ။ ဘိက္ခုအက္ကောသနသိက္ခာပုဒ်၌ပါသော ပရိဘာသနကား - ဘေးရန်အန္တရာယ်ကိုပြ၍ ခြိမ်းခြောက်ကြိမ်းမောင်းခြင်းကို ပရိဘာသနဟုခေါ်ပါသည်။ ဂဏပရိဘာသနသိက္ခာပုဒ်၌ပါသော ပရိဘာသနကား- ဤရဟန်းမတို့သည် နားမလည်ကုန်၊ မထက်မြက်ကုန်၊ ကံကိုလည်းကောင်း၊ ကမ္မဒေါသကိုလည်းကောင်း၊ ကမ္မသမ္ပတ္တိကိုလည်းကောင်း၊ ကမ္မဝိပ္ပတ္တိကိုလည်းကောင်း နားမလည်ကုန်၏ဟု တစ်စုံတစ်ခုသော အရပ်၌ အပြစ်တင်ရှုတ်ချခြင်းကို ပရိဘာသနဟုခေါ်ပါသည်။ ဤသို့ထူးပါသည်။

http://www.dhammadownload.com



မေး ။ ပဝါရိတ်သင့်ပြီးသော ခဲဖွယ် ဘောဇဉ်ကို ဘုဉ်းပေးသော ရဟန်းမ အား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

ဖြေ ။ ပဝါရိတသိက္ခာပုဒ်ကိုရေးလေ။

မေး ။ အမျိုး၌ဝန်တိုသောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပြပါ။

ဖြေ ။ ကုလမစ္ဆရိနီသိက္ခာပုဒ်ကိုရေးပါလေ။

မေး ။ ရဟန်းယောကျ်ား မနီးသောကျောင်း၌ ဝါဆိုသော ရဟန်းမအား အပြစ်သင့်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ အဘိက္ခုကာဝါသသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါလေ။

မေး ။ ဝါကျွတ်ပြီး ဘိက္ခုနီမများ ဆောင်ရွက်ရမည့် ဝတ္တရားပြသိက္ခာပုဒ် ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ အပဝါရဏာ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးလေ။

မေး ။ ရဟန်းယောကျ်ားနှင့် ရဟန်းမိန်းမတို့ ပဝါရဏာပြုပုံချင်းတူ မတူ ကို ရှင်းပြပြီးလျှင် ၂ နှစ်ပတ်လုံး သိက္ခမာန်အကျင့်ကျင့်ပြီးသူအား ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးနိုင်ပါသလော။ ပါတိမောက် သာဓက ပြ၍ ဖြေဆိုပါ။ (ကြီး ၃၁-ခု)

ဖြေ ။ ပဝါရဏာ ခြားနားချက်

ရဟန်းယောကျ်ားတို့သည် ဘိက္ခုအချင်းချင်းသာ ပဝါရဏာပြုရုံဖြင့်ပြီး သည်။ ရဟန်းမိန်းမတို့မှာကား ဘိက္ခုနီသံဃာ့အထံ၌ တစ်ကြိမ်၊ ဘိက္ခု သံဃာအထံ၌ တစ်ကြိမ်အားဖြင့် ဥဘတောသံဃာ၌ နှစ်ကြိမ် ပဝါရဏာ ပြုရသည်။

ယာပနဘိက္ခုနီ ဒွေဝဿာနိဆသု ဓမ္မေသု သိက္ခိတသိက္ခံ သိက္ခမာနံ သံဃေန အသမ္မတံ ဝုဋ္ဌာပေယျ ပါစိတ္တိယံဟူသော ဒုတိယ သိက္ခမာန သိက္ခာပုဒ်ကိုထောက်၍ နှစ်နှစ်ပတ်လုံး သိက္ခမာန် အကျင့်ကျင့်ပြီးသော် လည်း သံဃာက မသမုတ်အပ်သေးလျှင် (သမ္မုတိမရသေးလျှင်) ရဟန်းခံမပေးနိုင်ပါ။

မေး ။ ဘိက္ခုနီသံဃာသည် ဘိက္ခုသံဃာ့ထံ၌ ပဝါရဏာပြုဖွယ် လို၊ မလို အာဂမယုတ္တိထုတ်ဆောင်ကာ ဖြေဆိုပြီးလျှင် ဘိက္ခုနီမတို့ ရဟန်း တော်များထံ၌ မျှော်လင့်တောင့်တရမည့်တရားတို့ကိုလည်း အချိန် ကာလနှင့်တကွဖြေဆိုပါ။ (ကြီး၊ ၆၀-ခု)

http://www.dhammadownload.com



ဖြေ ။ ယာပနဘိက္ခုနီ ဝဿံဝုဋ္ဌာဥဘတော။ ပ။ ပရိသက်ာယဝါ ပါစိတ္တိ ယံဟူသော အပဝါရဏာ သိက္ခာပုဒ်ကိုထောက်၍ ဘိက္ခုနီသံဃာသည် ဘိက္ခုသံဃာအထံ၌ ပဝါရဏာပြုဖွယ်လိုပါသည်။

**မေး ။ တီဟိဌာနေဟိ၌ တိဌာနအရကို ဖော်ပြခဲ့ပါ။**

ဖြေ ။ ၁။ ဒိဋ္ဌ = မြင်ခြင်း၊
၂။ သုတ = ကြားခြင်း၊
၃။ ပရိသင်္ကိတ = ရွံ့ရှာခြင်းတို့ဖြစ်ပါသည်။

**မေး ။ ရဟန်းယောကျ်ားအထံ၌ ဩဝါဒ မခံယူသော ရဟန်းမအားအပြစ် သင့်ပုံပြ သိက္ခာပုဒ်ကို ပါဠိ အနက်ရေးပါ။**

ဖြေ ။ ဩဝါဒ သိက္ခာပုဒ်ကို ရေးလေ။

**မေး ။ ဝါကျွတ်ပြီး ဘိက္ခုနီမများ ဆောင်ရွက်ရမည့် ဝတ္တရားများကို ကျမ်း လာအတိုင်း သိက္ခာပုဒ်အမည်ထောက်ထားဖြေဆို၍ ရဟန်းမများ လခွဲတစ်ကြိမ်ပြုလုပ်ရမည့် လုပ်ငန်းစဉ်များကိုဖော်ပြပါ။ (ကြီး၊ ၅၀ ခု)**

ဖြေ ။ ၁။ စာရိက နပက္ကမန သိက္ခာပုဒ်အရ - အနည်းဆုံး ငါးယူဇနာ ခြောက်ယူဇနာ ဒေသစာရီလှည့်လည်ရမည်။
၂။ အပဝါရဏာသိက္ခာပုဒ်အရ - ဥဘတောသံဃာ၌ ဒိဋ္ဌ၊ သုတ ပရိ သင်္ကိတအကြောင်း သုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ပဝါရဏာ ပြုရမည်။

လခွဲတစ်ကြိမ်ပြုလုပ်ရမည့်လုပ်ငန်းစဉ်
၁။ ဥပေါသထပုစ္ဆက = ဥပုသ်မေးခြင်း
၂။ ဩဝါဒူပသင်္ကမန = ဩဝါဒခံယူဖို့ရာချဉ်းကပ်ခြင်း၊ ဤတရား နှစ်မျိုးကိုတောင့်တရမည်။

**မေး ။ ဘုရားရှင်၏ သာသနာတော်၌ အမျိုးသမီးများ ရဟန်းပြုကြရာ အပျိုစင်နှင့် အအိုတို့၏ အခွင့်အရေးကွဲပြားခြားနားချက်ကို သိက္ခာပုဒ် အထောက်ပြ ဖြေဆိုပြီးလျှင်၊ ခင်ပွန်းသည် ခွင့်မပြုသော အမျိုးသမီး အား "ရဟန်းမ" ပြုပေးကောင်း၊ မပြုပေးကောင်းကိုလည်း သိက္ခာပုဒ် အထောက်ပြ၍ ဆုံးဖြတ်ချက်ချခဲ့ပါ။ (ကြီး၊ ၅၂-ခု)**

ဖြေ ။ အပျိုစင်များမှာ အသက်နှစ်ဆယ်ပြည့်မှ ရဟန်းခံခွင့်ရကြသည်။
(ပ-ဒု-တ ကုမာရိဘူတသိက္ခာပုဒ်)။
အအိုများမှာ ၁၂ နှစ်ပြည့်လျှင်ပင် ရဟန်းခံခွင့်ရကြသည်။
(ပ-ဒု-တ ဂိဟိဂတသိက္ခာပုဒ် )။

http://www.dhammadownload.com



အနနုညာတသိက္ခာပုဒ်အရ - ခင်ပွန်းသည်က ခွင့်မပြုသော အမျိုးသမီးအား ရဟန်းမပြုမပေးကောင်းပါ။

မေး ။ ဘိက္ခုနီမများ ဥပဇ္ဈာယ်ဆရာမ လုပ်လိုလျှင် လိုအပ်သော အရည်အချင်းများကို သိက္ခာပုဒ်ထောက်၍ ဖြေဆိုပြီးလျှင် သာသနာ့ဝန်ထမ်းရဟန်းနှင့် ရဟန်းမများသည် မနာမဖျားဘဲ ဆိုက်ကားကို စီးကောင်း မစီးကောင်းကိုလည်း အထောက်သာဓကပြ၍ ဖြေဆိုခဲ့ပါ။ (ကြီး - ၅၅ ခု)

ဖြေ ။ (၁) ဦနဒွါဒသဃဝဿသိက္ခာပုဒ်ကို ထောက်၍ ၁၂ ဝါ ပြည့်ခြင်း။
(၂) ပရိပုဏ္ဏ ဒွါဒသဝဿ သိက္ခာပုဒ်ကိုထောက်၍ သမ္မုတိရခြင်း။
မနာမဖျားဘဲ ဆိုက်ကား မစီးကောင်းပါ။
အထောက်။ ယာပနဘိက္ခုနီ ။ ပ ။ ယာယေယျ ပါစိတ္တိယံ။

မေး ။ ရဟန်းမများ လခွဲတစ်ကြိမ် ပြုလုပ်ရမည် လုပ်ငန်းစဉ်များကို ဖော်ပြသည့် သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

❖ ဘိက္ခုသံဃာထံ ဥပုသ်နေ့ကိုမေးခြင်း၊ ဩဝါဒခံယူဘို့ရန် ခွင့်တောင်းသွားခြင်းကို မပြုဘဲ (၁၅) ရက်ကို လွန်စေသောရဟန်းမအား သင့်ရောက်သည့်အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဩဝါဒူပသင်္ကမနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုနီ သုဒ္ဓပါစိတ် ပသာခဇာတသိက္ခာပုဒ်ကို အနက်ယောဇနာပါ။ (ကြီး ၃၂၊ ၃၆-ခု)

မေး ။ ဘိက္ခုနီမ၏ ခက်မဠိပေါက်သော အိုင်းအမာကို ယောကျာ်း တစ်ယောက်နှင့် ခွဲစိတ်ကုသမှုကြောင့် ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို အနက်မှန်မှန်ပေးပါ။ (ကြီး၊ ၅၇-ခု)

❖ ခန္ဓာကိုယ်ချက်၏အောက်ပိုင်း၌ပေါက်သော မြင်းဖုအနာကို သံဃာဂိုဏ်းကိုမတိုင်တန်းဘဲ ယောကျာ်းနှင့် တစ်ယောက်ချင်းခွဲစိတ်ကုသမှု ခံယူသောရဟန်းမအား အပြစ်ပြသိက္ခာပုဒ်ကိုရေးပါ။

ဖြေ ။ ပသာခဇာတသိက္ခာပုဒ်ကို ရေးလေ။

မေး ။ ဘိက္ခုနီအာရာမဝဂ်၌လာသော ဂရုဓမ္မနှင့်ဆိုင်သော သိက္ခာပုဒ်များကို ပါဠိသက်သက်မျှသာရေးပြပါ။

ဖြေ ။ (၁) ဘိက္ခုအက္ကောသန (၂) အဘိက္ခုကာဝါသ (၃) အပဝါရဏာ
(၄) ဩဝါဒ (၅) ဩဝါဒူပသင်္ကမန သိက္ခာပုဒ်တို့ကိုရေးလေ။

**အာရာမဝဂ်ဆိုင်ရာအမိဖွာယ်ပြီး၏။**

http://www.dhammadownload.com



## ဂဗ္ဘိနီဝိနည်းဆိုင်ရာအစိပ္ပါယ်

မေး ။ ကိုယ်ဝန်ဆောင်အမျိုးသမီးကို ရဟန်းပြုသော ရဟန်းမအား အပြစ်သင့်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

ဖြေ ။ ဂဗ္ဘိနီသိက္ခာပုဒ်ကို ရေးလေ။

မေး ။ နို့စို့သားငယ်ရှိသော အမျိုးသမီးကို ရဟန်းပြုပေးသော ရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပါယန္တီသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ၂ နှစ်ပတ်လုံး သိက္ခမာန်အကျင့် မကျင့်ရသေးဘဲ သံဃာက မသမုတ်အပ်သေးလျှင် ရဟန်းခံမပေးနိုင်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပထမသိက္ခမာန သိက္ခာပုဒ်ကိုရေးလေ။

မေး ။ ၂ နှစ်ပတ်လုံး သိက္ခမာန် အကျင့်ကျင့်ပြီးသော်လည်း သံဃထံမှ ဝုဋ္ဌာနသမ္မုတိမရသေးလျှင် ရဟန်းခံမပေးနိုင်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဒုတိယ သိက္ခမာနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုနီမသာသနာ၌ ဂိဟိဂတ = အအိုသိက္ခမာန်ကို ရဟန်းခံပးမှုနှင့်စပ်လျဉ်း၍ လိုက်နာပြုကျင့်ရမည့် သိက္ခာပုဒ်တို့ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပ + ဒု + တ ဂိဟိဂတသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဂိဟိဂတ သိက္ခမာန်နှင့် ကုမာရိဘူတ သိက္ခမာန်တို့အား ပဉ္စင်းခံပေးထိုက်သော အင်္ဂါများကို အသီးသီး ဖော်ပြပြီးလျှင်၊ အမျိုးသမီးများသည် မည်သည့်အရွယ်မှစ၍ သိက္ခမာန်ပြုကောင်းသည်ကို လည်း ဖော်ပြပါ။ (ကြီး၊ ၃၃-၃)

ဖြေ ။ ဂိဟိဂတသိက္ခမာန်၏ ပဉ္စင်းခံပေးထိုက်ရာ အင်္ဂါ -

(၁) ၁၂ နှစ်ပြည့်ခြင်း (၂) သိက္ခာပုဒ်ခြောက်ပါးကို ၂ နှစ်တိတိကျင့်ပြီးခြင်း။ (၃) သံဃထံမှ ဝုဋ္ဌာန သမ္မုတိကိုရပြီးခြင်း ပေါင်း အင်္ဂါ သုံးပါး။ (ပ+ဒု+တ ဂိဟိဂတသိက္ခာပုဒ်)။

ကုမာရိဘူတ သိက္ခမာန်၏ ပဉ္စင်းခံပေးထိုက်ရာ အင်္ဂါ -

(၁) အသက်နှစ်ဆယ်ပြည့်ခြင်း (၂) သိက္ခာပုဒ် ခြောက်ပါးကို ၂ နှစ်တိတိ ကျင့်ပြီးခြင်း။ (၃) ဝုဋ္ဌာန သမ္မုတိရပြီးခြင်း၊ ပေါင်း အင်္ဂါသုံးပါး။ (ပ+ဒု+တ ကုမာရိဘူတသိက္ခာပုဒ်)

F19 A

http://www.dhammadownload.com



သိက္ခမာန်ပြုကောင်းသည့်အရွယ် -

အမျိုးသမီးများသည် ၁၀ နှစ်ပြည့်လျှင် သိက္ခမာန်ပြုကောင်းပါသည်။

**မေး ။ မဟာသိက္ခမာန်၏ ပဉ္စင်းခံပေးထိုက်ရာအင်္ဂါများကို ဖော်ပြခဲ့ပါ။**

ဖြေ ။ (၁) အသက်နှစ်ဆယ်ကျော်ပြီးဖြစ်ခြင်း (၂) သိက္ခာပုဒ်ခြောက်ပါးကို ၂ နှစ်တိတိ ကျင့်ပြီးဖြစ်ခြင်း (၃) သံဃာ့အထံမှ ဝုဋ္ဌာနသမ္မုတိရပြီး ဖြစ်ခြင်း၊ ပေါင်းအင်္ဂါသုံးပါ။ (ပ + ၃ သိက္ခမာနသိက္ခာပုဒ်)

**မေး ။ လခွဲတစ်ကြိမ် ဘိက္ခုနီများ ပြုရမည့်တာဝန်တို့ကို ဖော်ပြ၍၊ သိက္ခာပုဒ်၌ သိက္ခသဒ္ဒါဖြင့် ယူသင့်သော သိက္ခာပုဒ်တို့ကိုလည်း ဖော်ပြပါ။**

ဖြေ ။ (၁) ရဟန်းယောက်ျားထံ၌ ဥပုသ်နေ့ကိုမေးခြင်း (၂) ဩဝါဒခံဖို့ရန် ချဉ်းကပ်ခြင်းဟူသော တရားနှစ်မျိုးကို တောင့်တရမည်။

(၁) ပါဏာတိပါတ (၂) အဒိန္နာဒါန (၃)အဗြဟ္မစရိယ (၄) မုသာဝါဒ (၅) သုရာမေရယ (၆) ဝိကာလဘောဇနသိက္ခာပုဒ်။

**မေး ။ ဘိက္ခုနီသာသနာ၌ ရဟန်းခံလိုသော မိန်းမ၏အသက်နှင့် ဥပဇ္ဈာယ် ဆရာ၏ဝါတို့ကိုဖော်ပြပါ။ (လတ်၊ ၂၈-ခု)**

ဖြေ ။ အသက် - ဂိဟိဂတ မိန်းမမျိုး၌ အနည်းဆုံး ၁၂ နှစ်၊ ကုမာရိဘူတမျိုး ၌ အနည်းဆုံး ၂၀ နှစ်ရှိရမည်။

ဥပဇ္ဈာယ်ဆရာ၏ဝါ - အနည်းဆုံး ၁၂ ဝါရှိရမည်။ (ရဟန်း ယောက်ျား တို့မှာ ၁၀ ဝါပြည့်မှ ဥပဇ္ဈာယ်လုပ်နိုင်၏။)

**မေး ။ "ဆသု ဓမ္မေသု အသိက္ခိတသိက္ခံ၌ ဆသင်္ချာ၏သင်္ချေယျကို ဖော်ပြ၍ တလအရပ်နှင့် သမ္မာဓအရပ်များကိုလည်း ဖော်ပြခဲ့ပါ။ (လတ်၊ ၃၉ ခု)**

ဖြေ ။ ပါဏာတိပါတ၊ အဒိန္နာဒါန၊ အဗြဟ္မစရိယ၊ မုသာဝါဒ၊ သုရာမေရယ၊ ဝိကာလဘောဇန သိက္ခာပုဒ်။ ပဿာမဂ်အပြင်သည် တလမည်၏။ လက်ကတီးကြား၊ ပဿာဝမဂ်အပြင်သည် သမ္မာဓမည်၏။

**မေး ။ ဂိဟိဂတ၊ ကုမာရိဘူတ၊ မဟာသိက္ခမာန်တို့၏ အထူးကိုရှေး၌ ကုမာရိ ဘူတ သိက္ခမာန်အား ပဉ္စင်းခံပေးထိုက်သော အင်္ဂါတို့ကိုလည်း ဖော်ပြ ပါ။ (လတ်၊ ၃၃-ခု)**

ဖြေ ။ ၁။ အသက် ၁၈ နှစ် မပြည့်သေးသော ယောက်ျားတစ်ပါး သွားလာ အပ်ပြီးသော သိက္ခမာန်သည် ဂိဟိဂတ သိက္ခမာန်မည်၏။

၂။ အသက် ၁၈ နှစ်မှ ၂၀ နှစ်အတွင်း အပျိုစင်ဖြစ်သော သိက္ခမာန် သည် ကုမာရိဘူတ သိက္ခမာန်မည်၏။

http://www.dhammadownload.com



၃။ အသက်နှစ်ဆယ်ကျော်ပြီးသော သိက္ခမာန်များသည် မဟာသိက္ခမာန်မည်၏။ ဤသို့ထူးပါသည်။

**မေး ။ ဂိဟိဂတ သိက္ခမာန်ကို ဝုဋ္ဌာနကံပြုရာ၌ (က) ကံပြုလိုသူမ၏ လိုအပ်ချက် (ခ) ကံပြုပြီး ဥပဇ္ဈာယ်ဆရာမ၏တာဝန်ဝတ္တရား (ဂ) ကံပြုပြီး တပည့်မ၏ တာဝန်ဝတ္တရားတို့ကို စုံလင်အောင် ဖော်ထုတ်ပြပါ။ (ကြီး၊ ၅၁-ခု)**

ဖြေ ။ (က) လိုအပ်ချက် - ၁။ ၁၂ နှစ်ပြည့်သူဖြစ်ခြင်း။

၂။ သိက္ခာပုဒ် ၆ မျိုးတို့၌ ၂ နှစ်ပတ်လုံး သိက္ခမာန်ကျင့်ဝတ်ကို ကျင့်ပြီးသူဖြစ်ခြင်း။ ၃။ သံဃသမ္မုတိရခြင်း။

(ခ) တာဝန်ဝတ္တရား -

၁။ ၂ နှစ်ပတ်လုံး ပါဠိသင်ခြင်းစရှုသည်ဖြင့် ကိုယ်တိုင်ရှသော်လည်း ချီးမြှောက်ရမည်။ သူတစ်ပါးကိုသော်လည်း ချီးမြှောက်စေရမည်။

၂။ အနည်းဆုံး ငါးယူဇနာ၊ ခြောက်ယူဇနာ အရပ်သို့တိုင်အောင် ကိုယ်တိုင်သော်လည်း ခေါ်သွားရမည်။ သူတစ်ပါးကိုသော်လည်း ခေါ်သွားစေရမည်။

(ဂ) တပည့်မ၏ တာဝန် -

၂ နှစ်ပတ်လုံး ဥပဇ္ဈာယ် ဆရာမသို့ အစဉ်လိုက်၍ ပြုစုစောင့်ရှောက်ရမည်။

**မေး ။ သိက္ခာသမ္မုတိရနိုင်သော မာတုဂါမ၏ အငယ်ဆုံးအရွယ်နှင့် ရဟန်းခံနိုင်သော အရွယ်တို့ကို ပိုင်းခြားပြခဲ့ပါ။**

ဖြေ ။ သိက္ခာသမ္မုတိရနိုင်သော မာတုဂါမ၏ အငယ်ဆုံးအရွယ်မှာ ဂိဟိဂတာဖြစ်လျှင် ၁၀ နှစ်။ ကုမာရိဘူတဖြစ်လျှင် ၁၈ နှစ်ဖြစ်ပါသည်။ ရဟန်းခံနိုင်သော အရွယ်မှာ - ဂိဟိဂတာဖြစ်လျှင် ၁၂ နှစ်၊ ကုမာရိဘူတာဖြစ်လျှင် အသက် ၂၀ ဖြစ်ပါသည်။

**မေး ။ ဂိဟိဂတာမှာ ၁၂ နှစ်နှင့် ရဟန်းခံခွင့်ရပါလျက် ကုမာရိဘူတာမှာ အဘယ်ကြောင့် အသက် ၂၀ ပြည့်မှ ရဟန်းခံခွင့်ကို ရပါသနည်း။**

ဖြေ ။ အပျိုစင် ကုမာရိဘူတ သိက္ခမာန်တို့မှာ ဂိဟိဂတာ၊ အအို သိက္ခမာန်တို့လို ဒုက္ခခံနိုင်ရည်မရှိ။ စိတ်ရောကိုယ်ပါ နုနယ်ကြသောကြောင့် အသက် ၂၀ ပြည့်မှ ရဟန်းခံခွင့်ကိုရခြင်းဖြစ်ပါသည်။

**မေး ။ အသက်အပိုင်းအခြားအလိုက် မည်သည့်အရွယ်မှာ သမ္မုတိပေး၍ မည်သည့်အရွယ်မှာ ရဟန်းပြုပေးနိုင်ပါသနည်း။**

http://www.dhammadownload.com



ဖြေ ။ ဂိဟိဂတာ မိန်းမအား ၁၀ နှစ်ရှိသောအခါ သိက္ခာသမ္မုတိပေး၍ ၁၂နှစ် ပြည့်သောအခါ ရဟန်းပြုပေးနိုင်ပါသည်။ ၁၁ နှစ်ရှိသော သိက္ခာသမ္မုတိပေး၍ ၁၃ နှစ်ပြည့်သောအခါ ရဟန်းပြုပေးနိုင်ပါသည်။ ၁၂ နှစ် စသည်တို့၌လည်း ဤနည်းအတိုင်းပင် သမ္မုတိပေး ရဟန်းပြုပေး၍ နောက်ဆုံး၌ ဂိဟိဂတာအား ၁၈ နှစ်ရှိသောအခါ သိက္ခာသမ္မုတိပေး၍ အသက် ၂၀ ပြည့်သောအခါ ရဟန်းပြုဖေးနိုင်ပါသည်။

မေး ။ ဂဗ္ဘိနီဝဂ် တတိယ၊ စတုတ္ထသိက္ခာပုဒ်လာ သိက္ခမာန်အရ အဘယ် သိက္ခမာန်ကို ယူရမည်ကိုရေး၍ မာတုဂါမတို့မှ ၂ နှစ်တိုင်တိုင် သိက္ခမာန်ကျင့်ရခြင်းအကြောင်းကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ ။ သိက္ခမာန်အရ - အသက် ၂၀ ကျော်ပြီးသော မဟာသိက္ခမာန်တို့ကို ယူရပါသည်။ မာတုဂါမတို့မှာ စိတ်ထားတည်ကြည်မှုနည်းပါးသော ကြောင့် အစမ်းသဘောဖြင့် ၂ နှစ်တိုင်တိုင် သိက္ခမာန်အကျင့်ကိုကျင့် ရခြင်းဖြစ်ပါသည်။

မေး ။ (က) ယောကျ်ားတစ်ယောက်ယောက်နှင့် မေထုန်မှီဝဲဖူးသူ ဂိဟိဂတ သိက္ခမာန်ကို ၁၂ နှစ်ပြည့်ပြီဟု အမှတ်ရှိ၍ ရဟန်းခံပေးရာ၌ အပြစ်ရှိ၊ မရှိ (ခ) အသက် ၂၀ မပြည့်သေးသူ သိက္ခမာန်ကို ရဟန်းခံပေးနိုင်ခွင့် ရှိ၊ မရှိ ဆုံးဖြတ်ခဲ့ပါ။

ဖြေ ။ (က) ရဟန်းခံပေးသူမှာ အာပတ်မသင့်၊ သို့သော် ထိုသိက္ခမာန်ကား ရဟန်းမဖြစ်။

(ခ) အသက် ၂၀ မပြည့်သော်လည်း ဂိဟိဂတဖြစ်က ၁၂ နှစ်ပြည့် လျှင် ရဟန်းခံပေးနိုင်ပါသည်။

မေး ။ ယောကျ်ားတစ်ပါးနှင့် မေထုန်သွားလာဆက်ဆံဖူးသော တောထွက် အအိုသိက္ခမာန်ကို ရဟန်းခံပေးရာ၌ ပြည့်စုံရမည့် ဥပဇ္ဈာယ် ဆရာမ၏ အင်္ဂါပြသိက္ခာပုဒ်တို့ကို ပါဠိ၊ အနက်ရေးခဲ့ပါ။

ဖြေ ။ ပ + ဒု + တ ဂိဟိဂတ သိက္ခာပုဒ်တို့ကို ရေးလေ။

မေး ။ အတူနေတပည့်မကို မချီးမြှောက်သော ရဟန်းမအား အပြစ်သင့် ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ကံပြုပြီး ဥပဇ္ဈာယ်ဆရာမ၏ တာဝန်ဝတ္တရားတို့ကို ဖော်ပြသည့် သိက္ခာပုဒ်ကို ပါဠိ အနက်ရေးပါ။

http://www.dhammadownload.com



ဖြေ ။ ပ + ဒု သဟဇိဝိနိသိက္ခာပုဒ်တို့ကို ရေးလေ။

မေး ။ တပည့်မ၏ တာဝန်ဝတ္တရားပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပဝတ္တိနီနာနုဗန္ဓနသိက္ခာပုဒ်ကိုရေးလေ။

ဣန္ဒြိယဝိဘင်ဆိုင်ရာအဓိပ္ပာယ်ပြီး၏။

http://www.dhammadownload.com



## ကုမာရိဘူတဝင်ဆိုင်ရာအမိပွါယ်

မေး ။ အသက် ၂၀ မပြည့်သေးသော သာမဏေမကို ရဟန်းပြုပေးသော ရဟန်းမအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်မရေးပါ။

ဖြေ ။ ပဌမကုမာရိဘူတ သိက္ခာပုဒ်ကိုရေးလေ။

မေး ။ ကျင့်ဝတ်တရား ၆ ပါးကို မကျင့်ရသေး သာမဏေမကို ရဟန်းပြုပေးသော ရဟန်းမအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဒုတိယ ကုမာရိဘူတ သိက္ခာပုဒ်ကိုရေးလေ။

မေး ။ သိက္ခာပုဒ် ၆ ပါးကို ကျင့်ပြီးသော်လည်း သံဃာ ဝုဋ္ဌာနသမ္မုတိ မရသေးသော သာမဏေမကို ရဟန်းပြုပေးသော ရဟန်းမအား အပြစ်သင့်ပုံပြ သိက္ခာပုဒ်ကို ပါဠိအနက်ရေးပါ။

ဖြေ ။ တတိယ ကုမာရိဘူတ သိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုနီမသာသနာ၌ ကုမာရိဘူတ = အပျိုစင်များ သိက္ခမာန်ကို ရဟန်းနှင့်စပ်လျဥ်း၍ လိုက်နာပြုကျင့်ရမည့်သိက္ခာပုဒ်တို့ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပ + ဒု + တ ကုမာရိဘူတ သိက္ခာပုဒ်တို့ကိုရေးလေ။

မေး ။ ဥပဇ္ဈာယ် ဆရာမပြုလုပ်လိုသော ရဟန်းမ၏ ပြည့်စုံရမည့် အင်္ဂါပြ သိက္ခာပုဒ်တို့ကို ပါဠိအနက်ရေးပါ။

ဖြေ ။ ဦနဒွါဒသဿဝဿ၊ ပရိပုဏ္ဏဒွါဒသဝဿ သိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဥပဇ္ဈာယ်ဆရာ မလုပ်ရန် ပြောဆိုတားမြစ်သည်ကို ဝန်ခံပြီးလျက် ကဲ့ရဲ့ရှုတ်ချသော ရဟန်းမအား အပြစ်သင့်ရောက်ပုံပြသိက္ခာပုဒ်ကို ပါဠိအနက်ရေးပါ။

ဖြေ ။ ခိယျနဓမ္မ သိက္ခာပုဒ်ကိုရေးလေ။

မေး ။ ပဌမနှင့် ဒုတိယ သိက္ခမာန နဝုဋ္ဌာပန သိက္ခာပုဒ်တို့ ပါဠိမျှ ရေးခဲ့ပါ။ (ကြီး၊ ၃၇-ခု)

❖ ကုမာရိဘူတဝဂ် သတ္တမသိက္ခာပုဒ်၊ အဌမသိက္ခာပုဒ်တို့ကို ပါဠိ သက်သက်ရေးခဲ့ပါ။ (လတ်၊ ၂၄-ခု)

http://www.dhammadownload.com



❖ ဘိက္ခုနီမက သိက္ခမာန်အား ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးမည်ဟု သွေးဆောင်ဖျားယောင်းသည်ကို ပြဆိုသော သိက္ခာပုဒ်တို့ကို ပါဠိ အနက်ရေးပါ။

ဖြေ ။ ပဌမ၊ ဒုတိယ၊ သိက္ခမာန နဝုဋ္ဌာပနသိက္ခာပုဒ်တို့ကိုရေးလေ။

မေး ။ သိက္ခမာန်၏ သက်န်းကိုလက်ခံပြီးမှ ရဟန်းခံမပေးသော ရဟန်းမ ၏ အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးသားပြပါ။

❖ "လာဘ်ပေးလာဘ်ယူ ဒို့ရန်သူ" ဟု အဆိုရှိရာ သက်န်းစသော လာဘ်ကိုယူပြီး ဥပဇ္ဈာယ်လုပ်၍ သိက္ခမာန်ကို ရဟန်းပြုမပေးသော ဘိက္ခုနီမအား အကြောင်းပြု၍ ပညတ်အပ်သော သိက္ခာပုဒ်ကို ပါဠိအနက်ရေးပါ။

ဖြေ ။ ပဥ္စမသိက္ခမာန နဝုဋ္ဌာနပန သိက္ခာပုဒ်ကိုရေးလေ။

မေး ။ နဝုဋ္ဌာပန သိက္ခာပုဒ်များ ဘိက္ခုနီမကသိက္ခမာန်အား ဥပဇ္ဈာယ် ပြု၍ ရဟန်းခံပေးမည်ဟု သွေးဆောင်ပြောဆိုပုံ ပါဠိများကို ရေး သားပါ။ (ကြီး၊ ၃၀-ခု)

ဖြေ ။ သစေ မေတ္တံအယျေ စီဝရံ ဒဿသိ၊ ဧဝါဟံ တံ ဝုဋ္ဌာပေဿာမိ။ သစေ မေတ္တံအယျေ ဒွေဝဿာနိ အနုဗန္ဓိဿတိ၊ ဧဝါဟံ တံ ဝုဋ္ဌာပေ ဿာမိ။

မေး ။ သောကာဝါသ သိက္ခမာန်ကို ဥပဇ္ဈာယ်လုပ် ရဟန်းခံပေးသော ရဟန်းမအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို ပါဠိ အနက်ရေးပါ။

ဖြေ ။ သောကာဝါသ သိက္ခာပုဒ်ကိုရေးလေ။

မေး ။ ကုမာရိဘူတဝဂ် ပဌမသိက္ခာပုဒ်၊ ဒသမသိက္ခာပုဒ်တို့ကို ပါဠိရေးခဲ့ပါ။ (လတ်၊ ၂၅-ခု)

ဖြေ ။ ပရိပုဏ္ဏဒွါဒသဝဿ၊ အနုညာတသိက္ခာပုဒ်တို့ကိုရေးလေ။

မေး ။ မိဘ၊ လင် ခင်ပွန်း ခွင့်ပြုချက်မရရှိသေးသော သိက္ခမာန်ကို ရဟန်းပြုသော ရဟန်းမအား အပြစ်သင့်ပုံပြ သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ အနုညာတသိက္ခာပုဒ်ကိုရေးလေ။

မေး ။ သောကာဝါသသိက္ခာပုဒ်လာ ပုရိသသံသဋ္ဌ၊ ကုမာရကသံသဋ္ဌတို့၌ ပုရိသနှင့် ကုမာရကတို့၏ အထူးကိုရေးခဲ့ပါ။

ဖြေ ။ အသက် ၂၀ ပြည့်ပြီးသော ယောကျ်ားကြီးကို ပုရိသဟုခေါ်၏ အသက် ၂၀ မပြည့်သေးသော လုလင်ပျိုကို ကုမာရကဟု ခေါ်၏။ ဤသို့ထူးပါသည်။

http://www.dhammadownload.com



မေး ။ ရှင်၊ ရဟန်းပြုရာ၌ မိဘတို့အထံ အမျိုးသားနှင့် အမျိုးသမီးတို့၏ ခွင့်ပန်ရခြင်းအထူးကိုရေးခဲ့ပါ။

ဖြေ ။ အမျိုးသားဖြစ်သော ယောကျ်ားမှာ - ရှင်ပြုရာ၌ တစ်ကြိမ်သာ မိဘတို့အား ခွင့်ပန်ရပါသည်။ တစ်ကြိမ်ခွင့်ပန်ရုံဖြင့် ရဟန်းပြုခွင့်လည်း ရပါသည်။

အမျိုးသမီးများမှာ - ရှင်ပြုရာ၌လည်းကောင်း၊ ရဟန်းပြုရာအခါ၌လည်းကောင်း၊ နှစ်ကြိမ်လုံးပင် မိဘ၊ လင်သားတို့အား ခွင့်ပန်ရပါသည်။ ဤသို့ထူးပါသည်။

မေး ။ သိုးသောဆန္ဒပေးခြင်းဖြင့် သိက္ခမာန်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးသော ရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပါရိဝါသိကသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဘိက္ခုနီမသည် အနုဝဿသိက္ခာပုဒ်၌ ဥပဇ္ဈာယ်လုပ်၍ နှစ်စဉ်ရဟန်းခံမပေးရဟုလည်းကောင်း၊ ဒွေဝဿသိက္ခာပုဒ်၌ တစ်နှစ်တည်းမှာ နှစ်ပါးရဟန်းခံမပေးရဟုလည်းကောင်း ဆိုထားရာ ယင်းစကားနှစ်ရပ်ညီညွတ်အောင် အချုပ်ရေးခဲ့ပါ။

ဖြေ ။ အချုပ်အားဖြင့် ဘိက္ခုနီမသည် ဥပဇ္ဈာယ်လုပ်၍ ၂ နှစ်ရှိမှ ၁ ပါးသာ ရဟန်းပြုပေးရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

မေး ။ သိက္ခမာန်များကို ရဟန်းပြုပေးရာ၌ အနုဝဿသိက္ခာပုဒ်နှင့် ဧကဝဿသိက္ခာပုဒ်တို့၏အရ - အာပတ်မှကင်းလွတ်အောင် မည်သို့ရဟန်းပြုပေးရမည်ကိုဖော်ပြပါ။ (လတ်၊ ၃၂-ခု)

ဖြေ ။ ၂ နှစ်မှတစ်ပါးသာ ရဟန်းပြုပေးရမည်၊ (ဝါ) တစ်နှစ်ခြား၍ တစ်ပါးစီသာ ရဟန်းပြုပေးရမည်။

တုဗာရိုထဘူထပ်ဆိုင်ရာအဓိပ္ပာယ်ပြီး၏။

http://www.dhammadownload.com



## ဆတ္တုပါယာနဝဂ်ဆိုင်ရာအခါက္ခာယ်

မေး ။ မနာပဖျားဘဲ ထီးဆောင်း၊ ဖိနပ်စီးသောရဟန်းမအား အပြစ်သင့်သော သိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဆတ္တုပါဟနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ဆိုက်ကားစီးသောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ယာနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ယာနသိက္ခာပုဒ်လာ ယာနအရ ယူရ မယူရသည်တို့ကို ခွဲခြားပြခဲ့ပါ။

ဖြေ ။ ယာနအရ - နွား၊ မြင်း၊ လူအားစိုက်၍ တွန်းရဆွဲရသော လှည်း၊ မြင်းရထား၊ ဆိုက်ကားနှင့် ထမ်းစင်များကို ယူရပါသည်။ မီးရထား၊ ဓာတ်ရထား၊ မီးသင်္ဘော၊ မော်တော်ကားများကို (မည်သူ့ကိုမျှ ပင်ပန်းကြီးစွာ နှိပ်စက်ရာမရောက်သောကြောင့်) မယူရပါ။

အမှာ။ ယခုခေတ်၌ သရဲရထား၊ အပျော်စီးရထား၊ ခြားရဟတ် စသည်တို့ကို စီးကောင်းသည်ဟုမှတ်။

မေး ။ ခါးကြိုးတန်ဆာတောင်သောရဟန်းမအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ သင်္ဃာဏိသိက္ခာပုဒ်ကိုရေးပါ။

မေး ။ အမျိုးသမီးတို့၏ အဆင်းတန်ဆာကိုဆောင်သော ရဟန်းမအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ မိန်းမတို့ဝတ်ဆင်လေ့ရှိသော ပုတီး၊ လက်ကောက်၊ လက်စွပ်၊ ခြေကျင်း၊ ရွှေဘီး၊ လက်ပတ်နာရီကို အလှပတ်သောရဟန်းမအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဣတ္ထာလင်္ကာရသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ရေမွှေးဆောင်သောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ အမွှေးအကြိုင်၊ နံ့သာရေတို့ဖြင့် ရေချိုးသောရဟန်းမအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဂန္ဓဝဏ္ဏကသိက္ခာပုဒ်ကိုရေးလေ။

http://www.dhammadownload.com



မေး ။ အမွေးနှံ့သာဖြင့်ထုံအပ်သော နှမ်းမှုန့်ညက်ဖြင့် ရေချိုးသော ရဟန်းမအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

❖ ဆပ်ပြာမွှေးဖြင့်ရေချိုးသောရဟန်းမအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ဝါသိတကသိက္ခာပုဒ်ကိုရေးပါ။

မေး ။ ဂန္ဓဝဏ္ဏက၊ ဝါသိတကသိက္ခာပုဒ်တို့၏အထူးကိုရေးပါ။

ဖြေ ။ ဂန္ဓဝဏ္ဏကသိက္ခာပုဒ်ကား နံ့သာအလှရေတို့ကို ရော်ဖျော်စပ်၍ ရေချိုးခြင်းမှတားမြစ်သည်။ ဝါသိတကသိက္ခာပုဒ်ကား နံ့သာဖြင့်ထုံအပ်သော နှမ်းမှုန့်တို့ဖြင့် ကိုယ်ကိုပွတ်တိုက်၍ ရေချိုးခြင်းမှ တားမြစ်သည်။ ဤသို့ထူးပါသည်။

မေး ။ ဘိက္ခုနီမ၊ သိက္ခန်၊ သာမဏေမ၊ အမျိုးသမီးတို့ကို ပွတ်သပ်၊ ဆုပ်နယ်၊ နှိပ်နယ်ခြင်းမခိုင်းရဟု တားမြစ်ထားသောသိက္ခာပုဒ်တို့ကို ပါဠိ၊ အနက်ကုန်စင်အောင်ရေးပါ။

ဖြေ ။ ဘိက္ခုနီ၊ သိက္ခမာန၊ သာမဏေရီ၊ ဂိဟိနိဥမ္မဒ္ဒါပနသိက္ခာပုဒ်တို့ကို ရေးလေ။

မေး ။ ခွင့်ပြုချက်မရရှိဘဲ ရဟန်း၏ရှေ့တည့်တည့်၌ထိုင်နေသောရဟန်းမအား အပြစ်ပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

ဖြေ ။ ပဉှာပုစ္ဆနသိက္ခာပုဒ်ကိုရေးလေ။

မေး ။ ရင်လွှမ်း၊ ရင်စည်းတဘက်မပါဘဲ ရွာတွင်းသို့ဝင်သောရဟန်းမအား အပြစ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိ၊ အနက်ရေးပါ။

မေး ။ အဘယ်သို့ခွင့်ပြုအပ်သောသင်္ကန်းမျိုးကို သံကစ္စိကာဟုခေါ်ပါ သနည်း၊ ဖြေဆို၍ အဘယ်ကို အသံကစ္စိကာဟုခေါ် ဆိုရသည်ကို လည်း ဖြေဆိုပါ။

ဖြေ ။ ညှပ်ရိုးနှစ်ဘက်အောက် ချက်ဝန်း၏အထက်ဟုဆိုအပ်သော ကိုယ်အရပ်ကို ဖုံးလွှမ်းခြင်းအကျိုးငှာ ခွင့်ပြုအပ်သောရင်စည်းတဘက်ကို သံကစ္စိကာဟုခေါ်ပါသည်။ ထိုရင်စည်းတဘက်မပါခြင်းကို အသံကစ္စိကာဟုခေါ်ပါသည်။

**ဆတ္တုပါဟနဝဂ်ဆိုင်ရာအမိပ္ပာယ်ပြီး၏။**

http://www.dhammadownload.com



မေး ။ ဘိက္ခုတို့နှင့်ဆက်ဆံသော ဘိက္ခုနီတို့၏ သုဒ္ဓပါစိတ်သိက္ခာပုဒ် အရေအတွက်ကို ဝဂ်အလိုက်စုစည်းတင်ပြ၍ ဘိက္ခုနီတို့ သီးခြား ဒေသနာကြားထိုက်သော အာပတ်သင့်ကြောင်းပစ္စည်းစာရင်းကို လည်း တင်သွင်းခဲ့ပါ။ (ကြီး၊ ၅၆-ခု)

ဖြေ ။ မုသာဝါဒဝဂ် - ၁၀ ပုဒ်
ဘူတဂါမဝဂ် - ၁၀ ပုဒ်
ဘောဇနဝဂ် - ၁၀ ပုဒ်
စာရိတ္တဝဂ် - ၁၀ ပုဒ်
ဇောတိဝဂ် - ၁၀ ပုဒ်
ဒိဋ္ဌိဝဂ် - ၁၀ ပုဒ်
ဓမ္မိကဝဂ် - ၁၀ ပုဒ်။

ပစ္စည်းစာရင်း

၁။ သပ္ပိ - ထောပတ် ၅။ မစ္ဆ - ငါး
၂။ တေလ - ဆီ ၆။ မံသ - အသား
၃။ မဓု - ပျား ၇။ ခီရ - နို့ရည်
၄။ ဖာဏိတ - တင်လဲ ၈။ ဒဓိ - နို့ဓမ်း။

မေး ။ ဘိက္ခုပါတိမောက်နှင့်မတူသော ဝဂ်များကို အမည်မျှဖော်ပြပါ။

ဖြေ ။ စီဝရဝဂ်၊ လသုဏ၊ ရတ္တန္ဓကာရ၊ နဂ္ဂ၊ တုဝဋ္ဋ၊ စိတ္တာဂါရ၊ အာရာမ၊ ဂဗ္ဘိနီ၊ ကုမာရိဘူတ၊ ဆတ္တုပါဟနဝဂ်။

မေး ။ ဘိက္ခုနီသုဒ္ဓပါစိတ် ၁၆၆ ပါးကိုသာဓာရဏ, အသာဓာရဏ အား လျော်စွာ သိသာရုံခွဲခြားပြပါ။

ဖြေ ။ မုသာဝါဒဝဂ်မှ ဓမ္မိကဝဂ်အထိ သိက္ခာပုဒ် ၇၀ သည် သာဓာရဏ သိက္ခာပုဒ်များဖြစ်၏၊ လသုဏဝဂ်မှ ဆတ္တုပါနဝဂ်အထိ ၉၆ ပါးသည် အသာဓာရဏသိက္ခာပုဒ်များဖြစ်ပါသည်။

မေး ။ ဘိက္ခုနီအသာဓာရဏ သိက္ခာပုဒ် ၉၆ ပါးတို့တွင် အစိတ္တက လောက ဝဇ္ဇသိက္ခာပုဒ်၊ အစိတ္တက ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်များကို ရေတွက်ပြခဲ့ပါ။

ဖြေ ။ အစိတ္တက လောကဝဇ္ဇအကုသလ စိတ္တသိက္ခာပုဒ် ၁၀ ပုဒ်၊ ဂိရဂ္ဂသမဇ္ဇ၊ စိတ္တာဂါရ၊ သင်္ဃာဏိ၊ ကုတ္တာလကာရ၊ ဂန္ဓဝဏ္ဏက၊ ဝါသိတက ပိညာက၊ ဘိက္ခုနီ ဥမ္မဒ္ဒါပန၊ သိက္ခမာန၊ သာမဏေရီ ဂိဟိနီဥမ္မဒ္ဒါပန ၄ ပါး ပေါင်း ၁၀ ပါးသည် အစိတ္တကလောကဝဇ္ဇ အကုသလစိတ္တက သိက္ခာ ပုဒ်များဖြစ်ကြ၏။

http://www.dhammadownload.com



(ကြွင်းသော သိက္ခာပုဒ် ၈၆ ပါးကား သစိတ္တက ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ် များဖြစ်ကြ၏)

မှတ်သားဖွယ်။ အစိတ္တက ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ် ၁၉ ပုဒ်။ စောရိဝုဋ္ဌာပန၊ ဂါမန္တရ၊ အာရာမ၊ ဂဗ္ဘိနီဝဂ်အစ ၇ ခု၊ ကုမာရိဘူတဝဂ် အစ ၅ ခု၊ ပုရိသသံသဋ္ဌ၊ ပါရိဝါသိက ဆန္ဒဒါန၊ အနုဝဿ ဝုဋ္ဌာပန၊ ကေန္တရိက ဝုဋ္ဌာပန ပေါင်း ၁၉ ပါးသည် အစိတ္တက ပဏ္ဏတ္တိ ဝဇ္ဇသိက္ခာပုဒ်များ ဖြစ်ကြ၏။ (ကြွင်းသောသိက္ခာပုဒ်များကား သစိတ္တက၊ လောကဝဇ္ဇ သိက္ခာပုဒ်များ ဖြစ်ကြ၏)

မေး ။ ဘိက္ခုနီ သုဒ္ဓပါစိတ် ဝဂ်အစဉ်ကို ဖော်ပြပြီးလျှင်၊ ညဥ့်အခါ ယောက်ျားနှင့် တစ်ယောက်ချင်းစကားပြောသော ဘိက္ခုနီမနှင့် ရဟန်းအား ခွင့်မတောင်းဘဲ ပြဿနာမေးသော ဘိက္ခုနီမအား သင့်သော အာပတ်အသီးသီးကိုလည်း ဖော်ပြပါ။ (ကြီး၊ ၂၉-ခု)

ဖြေ ။ ဘိက္ခုနီ သုဒ္ဓပါစိတ်ဝဂ်အစဉ်

(၁) လသုဏဝဂ် (၂) ရတ္တန္ဓကာရ (၃) နဂ္ဂ (၄) တုဝဋ္ဋ (၅) စိတ္တာဂါရ (၆) အာရာမ (၇) ဂဗ္ဘိနီ (၈) ကုမာရိဘူတ (၉) ဆတ္တုပါဟန (၁၀) မုသာဝါဒ (၁၁) ဘူတဂါမ (၁၂) ဘောဇန (၁၃) စာရိတ္တ (၁၄) ဇောတိ (၁၅) ဒိဋ္ဌိဝဂ် (၁၆) ဓမ္မိကဝဂ်။ ပါစိတ်အာပတ်။ ပါစိတ်အာပတ်။

သုဒ္ဓပါစိတ္တိယကဏ္ဍ ပြီး၏။

ဘိက္ခုနီပါတိမောက်အခြေခံ ပြီး၏။

http://www.dhammadownload.com



# အာပတ္တိဝိနိစ္ဆယကဏ္ဍ

## အမြေပြု မူလထန်းအတွက်

မေး ။ အောက်ဖော်ပြပါ ရဟန်း၊ သာမဏေတို့အား သင့်ရောက်သောအပြစ်များကို ဖော်ပြပါ။ (မူ၊ ၅၄-ခု)

(က) သူတစ်ပါး၏ သင်္ကန်းကိုခိုးယူသောသာမဏေ။

(ခ) တီးဝိုင်းသို့သွား၍သီချင်းလိုက်ဆိုသော သာမဏေ။

(ဂ) သံဃဥပုသ်ပြုရာ၌ မိမိအပြစ်ကို ထင်စွာလည်းမပြု၊ ပြောလည်းမပြောကြားသောရဟန်း။

(ဃ) ကာယသံသဂ္ဂရာဂဖြင့် မိန်းကလေးကို ပွေ့ချီသောရဟန်း၊

(င) သံဃာ (၂၀) မပြည့်ဘဲ အဗ္ဘာန်သွင်းပေးသော ရဟန်းတော်များ။

ဖြေ ။ (က) လိင်အပြစ် (ခ) ဒဏ်အပြစ်

(ဂ) သမ္ပဇာနမုသာဝါဒဒုက္ကဋ်အပြစ် (ဃ) သံဃာဒိသေသ်အာပတ်

(င) ဒုက္ကဋ်အာပတ်

မေး ။ အောက်ပါရဟန်း၊ သာမဏေတို့အား သင့်ရောက်သည့် အပြစ်တို့ကို ဖော်ပြရေးသားပါ။ (မူ၊ ၅၃-ခု)

(က)ထန်းရည်၊ အရက်သောက်သော သာမဏေ၊

(ခ) ရဟန်းတော်များ၏ အကျိုးစီးပွားကို ပျက်စီးစေရန် ကြိုးစားအားထုတ်သော သာမဏေ၊

(ဂ) အမျိုးသားနှင့် အမျိုးသမီးကို အောင်သွယ်ပေးသော ရဟန်း။

(ဃ)ဘုန်းတန်ခိုးကြီးမားလို၍ "အကြားအမြင်" ရသည်ဟု လိမ်ညာပြောဆိုသောရဟန်း၊ သာမဏေ၊

ဖြေ ။ (က) လိင် (ခ) လိင် (ဂ) သံဃာဒိသေသ်အပြစ်

(ဃ) ရဟန်းအားပါရာဇိက၊ သာမဏေအား လိင်အပြစ်။

မေး ။ အောက်ပါသာမဏေတို့အား သင့်ရောက်နိုင်သောအပြစ်တို့ကို ဖော်ပြပါ။ (မူ၊ ၅၁-ခု)

(က) မိတ်ကပ်၊ ဝနိုး အမျိုးမျိုးလိမ်း၍ ဆွမ်းခံသွားသော သာမဏေ၊

(ခ) ဆေးအဖြစ် အရက်သောက်သောသာမဏေ။

ဖြေ ။ (က) ဒဏ်အပြစ် (ခ) လိင်အပြစ်

http://www.dhammadownload.com



မေး ။ ဖော်ပြပါ ရဟန်း၊ သာမဏေတို့အား သင့်ရောက်နိုင်သော အပြစ်များကို အသီးသီးဖြေဆိုပါ။ (မူ၊ ၅၀ခု)

(က) ရဟန်းကို ကြိမ်းမောင်းသောသာမဏေ။

(ခ) ရွာတွင်း၌ ဟားတိုက်ရယ်သောသာမဏေ။

(ဂ) ရွာတွင်း၌ ခေါင်းမြီးခြုံသွားသောသာမဏေ။

(ဃ) အခြေအမြစ်မရှိဘဲ ပါရာဇိကအာပတ်ဖြင့် ရဟန်းတစ်ပါးကို စွပ်စွဲသောရဟန်း။

(င) ကမ္ဗလဝါစာဖြင့် သုံးကြိမ်တိုင်တိုင် ဆုံးမ၍မရသော ရဟန်း။

ဖြေ ။ (က) ဒဏ် (ခ) ဒဏ် (ဂ) ဒဏ်

(ဃ) သံဃာဒိသေသ် (င) သံဃာဒိသေသ်

မေး ။ အောက်ဖော်ပြပါ သာမဏေတို့အား သင့်ရောက်မည့်အပြစ်ကို ပါဠိတော်နှင့်ယှဉ်တွဲပြပါ။ (မူ၊ ၄၈-ခု)

(က) လက်မှတ်မယူဘဲ ရထားစီးသောသာမဏေ။

(ခ) ပေးကမ်းလှူဒါန်း၍ အကျိုးမရှိဟု ပြောဆိုသော သာမဏေ။

ဖြေ ။ (က) လိင်အပြစ် (အဒိန္နာဒါယီဟောတိ)

(ခ) လိင်အပြစ် (မိစ္ဆာဒိဋ္ဌိကောဟောတိ)

မေး ။ ဖော်ပြပါသာမဏေတို့အား သင့်ရောက်သောအပြစ်ကိုလည်းရေးခဲ့ပါ။ (မူ၊ ၄၅-ခု)

(က) သံဃာတော်များကို ကွဲရဲ့ရှုတ်ချသော သာမဏေ။

(ခ) ဘောလုံးပွဲ၊ ရုပ်ရှင်ပွဲကြည့်သော သာမဏေ။

(ဂ) ဈေးထဲ၌ ပိုက်ဆံလိုက်တောင်းသောသာမဏေ။

ဖြေ ။ (က) လိင်အပြစ် (သံဃဿအဝဏ္ဏံဘာသတိ)

(ခ) ဒဏ်အပြစ် (နစ္စ၊ ဂီတ ။ ပ ။ ဒဿနောဟောတိ)

(ဂ) ဒဏ်အပြစ် (ဇာတရူပ ။ ပ ။ ဟောတိ)

မေး ။ ဖော်ပြပါရဟန်းတို့အား မည်သည့်အပြစ်သင့်သည်ဟု ဗုဒ္ဓရှင်တော်မြတ် ပညတ်ချက် ထားတော်မူပါသနည်း။ (မူ၊ ၄၅-ခု)

(က) ပါတိမောက်ပြရာ၌ အာပတ်ကို ဒေသနာလည်းမကြား၊ ထင်စွာလည်းမပြုဘဲ တိတ်တိတ်မြုံနေသောရဟန်း။

(ခ) မိန်းမနှင့်မေထုန်ကျူးလွန်သောရဟန်း။

(ဂ) ဖောက်ပြန်သောစိတ်ဖြင့် မိန်းကလေးလက်ကို ဆွဲကိုင်သော ရဟန်း။

http://www.dhammadownload.com



(ဃ)အောင်သွယ်ပေးသောရဟန်း။
(င) စိတ်ဆိုး၍ ရဟန်းကို ပါရာဇိကအာပတ်ဖြင့် စွပ်စွဲသော ရဟန်း။

ဖြေ ။ (က) သမ္ပဇာနမုသာဝါဒ ဒုက္ကဋ်အာပတ်။
(ခ) ပါရာဇိကအာပတ်။
(ဂ) (ကာယသံသဂ္ဂ) သံဃာဒိသေသ်အာပတ်။
(ဃ) (သဉ္စရိတ္တ) သံဃာဒိသေသ်အာပတ်။
(င) (ဒုဋ္ဌဒေါသ) သံဃာဒိသေသ်အာပတ်။

မေး ။ အောက်ပါရဟန်းများအား သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ် အမည်ပြ၍ ဆုံးဖြတ်ပါ။
(က)အများပြည်သူပိုင်ပစ္စည်းကိုခိုးသောရဟန်း။
(ခ) ကိုယ်ဝန်ဆောင်အမျိုးသမီးအား ကိုယ်ဝန်ကျဆေးပေးသော ရဟန်း။
(ဂ) ကာယသံသဂ္ဂရာဂစိတ်ဖြင့် အမျိုးသမီးကလေးအား ပွေ့ယူကာ ဖက်ရမ်းနမ်းရှုပ်သောရဟန်း။

ဖြေ ။ (က) အဒိန္နာဒါနသိက္ခာပဒ = ပါရာဇိကအာပတ်။
(ခ) မနုဿဝိဂ္ဂဟသိက္ခာပဒ = ပါရာဇိကအာပတ်။
(ဂ) ကာယသံသဂ္ဂသိက္ခာပဒ = သံဃာဒိသေသ်အာပတ်။

မေး ။ အောက်ပါ ရဟန်း၊ သာမဏေတို့အား သင့်ရောက်သောအပြစ်များ ကို ရေးသားဖြေဆိုခဲ့ပါ။
(က)ရဟန်းကိုဆဲရေးသော သာမဏေ။
(ခ) ဆွမ်းစားရာ၌ သံပုဂ်မြည်အောင်ပြုသော သာမဏေ။
(ဂ) သပိတ်ကိုခြစ်၍ ဆွမ်းစားသောသာမဏေ။
(ဃ)သင်္ကန်းကို မညီမညွတ် ဝတ်သောသာမဏေ။
(င) အမျိုးသမီးအား ရုန့်ရင်းကြမ်းတမ်းသောစကားကိုပြောဆိုသော ရဟန်း။

ဖြေ ။ (က) လိင် (ခ) ဒဏ် (ဂ) ဒဏ်
(ဃ) ဒဏ် (င) သံဃာဒိသေသ်

မေး ။ အောက်ဖော်ပြပါသာမဏေတို့သည် မည်သည့်သိက္ခာပုဒ်များကို ကျူး လွန်ကြပါသနည်း။
(က) သင်္ကန်းကိုပင့်လျက် မြို့ထဲသွားသောသာမဏေ။

http://www.dhammadownload.com



(ခ) ပြင်းစွာရယ်မောလျက်မြို့ထဲ၌ထိုင်နေသောသာမဏေ။
(ဂ) ဆွမ်းကို မရှိမသေဘုဉ်းပေးသော သာမဏေ။
(ဃ) လက်ကိုခါ၍ ဆွမ်းဘုဉ်းပေးသော သာမဏေ။
(င) နေထိုင်ကောင်းပါလျက် စိမ်းသောမြက်သစ်ပင်ပေါ် ကျင်ငယ်စွန့်သော သာမဏေ။

ဖြေ ။ (က) ဥက္ကဋ္ဌ ကာယဂမန သိက္ခာပဒ။
(ခ) ဥဇ္ဇဂ္ဃိက သိက္ခာပဒ။
(ဂ) သက္ကစ္စဘုဥ္စန သိက္ခာပဒ။
(ဃ) ဟတ္ထနိဒ္ဓုနက သိက္ခာပဒ။
(င) ဠိတောဥစ္စာရ သိက္ခာပဒ။

မေး ။ ဖော်ပြပါသာမဏေတို့သည် မည်သည့်သိက္ခာပုဒ်များကို ကျူးလွန်ကြပါသနည်း၊ ဖြေဆိုပါ။
(က)သံဃာစည်းဝေးရာအရပ်၌ သက်န်းကို ညီညွတ်စွာ မရုန်းသော သာမဏေ။
(ခ) မြို့တွင်း ရွာတွင်းသို့ သက်န်းမရုံဘဲသွားသော သာမဏေ။
(ဂ) ကျန်းမာလျက် ပန်းခင်းပေါ်၌ နှပ်ညှစ်ချသော သာမဏေ။

ဖြေ ။ (က) ဥက္ကဋ္ဌ ကာယဂမန သိက္ခာပဒ။
(ခ) ပရိမဏ္ဍလသိက္ခာပဒ။
(ဂ) ဠိတောဥစ္စာရသိက္ခာပဒ။

မေး ။ အောက်ပါသာမဏေတို့အား သင့်ရောက်သောအပြစ်တို့ကို အသီးသီးဖော်ပြပါ။
(က) ကံတရားကို မယုံကြည်သောသာမဏေ။
(ခ) ရဟန်းတော်ကို ဆဲရေးသောသာမဏေ။
(ဂ) ခေါင်းရမ်း၍ ရွာတွင်းသို့သွားသောသာမဏေ။
(ဃ) လက်ကိုလျက်၍ ဆွမ်းစားသောသာမဏေ။
(င) မဖျားမနာဘဲရပ်၍ ကျင်ငယ်စွန့်သောသာမဏေ။

ဖြေ ။ (က) လိင် (ခ) လိင် (ဂ) ဒဏ်
(ဃ) ဒဏ် (င) ဒဏ်

မေး ။ အောက်ပါသိက္ခာပုဒ်တို့၏အမည်များကို မှန်ကန်စွာ ဖော်ပြခဲ့ပါ။ (မူ၊ ၅၅-ခု)

http://www.dhammadownload.com



(က)မြို့ရွာတွင်းသို့ သင်္ကန်းကိုပင့်လျက် မသွားရန် ပညတ်ထားသော သိက္ခာပုဒ်။
(ခ) ဆွမ်းကိုရိုသေစွာခံယူရန် ပညတ်ထားသော သိက္ခာပုဒ်။
(ဂ) အသံတပျတ်ပျတ်မြည်အောင် ဆွမ်းမဘုဉ်းပေးရန် ပညတ်ထားသော သိက္ခာပုဒ်။
(ဃ)ဆွမ်းလုံးပါသော သပိတ်ဆေးရေကို ရွာတွင်း၌ မစွန့်ရန် ပညတ်ထားသော သိက္ခာပုဒ်။
(င) ဖိနပ်မချွတ်သော အဂိလာနပုဂ္ဂိုလ်အား တရားမဟောရန် ပညတ်ထားသော သိက္ခာပုဒ်။

ဖြေ ။ (က) ဥက္ခိတ္တကာယ ဂမနသိက္ခာပုဒ်။
(ခ) သက္ကစ္စပဋိဂ္ဂဟနသိက္ခာပုဒ်။
(ဂ) စပုစပုကာရကသိက္ခာပုဒ်။
(ဃ) သသိတ္ထက သိက္ခာပုဒ်။
(င) ဥပါဟနသိက္ခာပုဒ်။

မေး ။ အောက်ဖော်ပြပါသာမဏေနှင့် ရဟန်းတော်များ သင့်ရောက်သော အပြစ်တို့ကို ဖော်ပြပါ။
(က) အယူမှားသော သာမဏေ။
(ခ) ရွှေငွေကို အလှူခံသော သာမဏေ။
(ဂ) အမူလကပါရာဇိကအာပတ်ဖြင့် ရဟန်းတစ်ပါးကို စွပ်စွဲသော ရဟန်း။

ဖြေ ။ (က) လိင် (ခ) ဒဏ် (ဂ) သံဃာဒိသေသ်

မေး ။ အောက်ဖော်ပြပါသာမဏေများ သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ဖော်ပြပါ။ (မူ၊ ၆၀-ခု)
(က) လက်လွှဲ၍ မြို့တွင်းရွာတွင်းသို့ သွားလာသော သာမဏေ။
(ခ) လျှာထုတ်၍ ဆွမ်းစားသော သာမဏေ။
(ဂ) အလွန်ကြီးသောဆွမ်းလုပ်ကို စားသောသာမဏေ။
(ဃ) ထီးဆောင်းသောသူအား တရားဟောသောသာမဏေ။
(င) မထိုင်ပဲရပ်လျက် ကျင်ငယ်ကိုစွန့်သော သာမဏေ။

ဖြေ ။ (က) ဒဏ်အပြစ် ၊ ကာယပ္ပစာလကသိက္ခာပဒ။
(ခ) ဒဏ်အပြစ် ၊ ဇိဝှာနိစ္ဆာကာရက သိက္ခာပဒ။

F20 A

http://www.dhammadownload.com



(ဂ) ဒဏ်အပြစ် = နာတိ မဟန္တ သိက္ခာပဒ။
(ဃ) ဒဏ်အပြစ် = ဆတ္တပါဏိ သိက္ခာပဒ။

မေး ။ အောက်ပါရဟန်းသာမဏေတို့၏ အပြစ်များကို ရေးသား ဖြေဆိုပါ။
(က) မိမိမှာ အာပတ်သင့်မှန်းသိပါလျက် ဒေသနာ မပြောကြားသော ရဟန်း။
(ခ) ဆွမ်းလာပို့သော ဒါယိကာမလေးအား ခရေပန်းပေးသော ရဟန်း။
(ဂ) မွန်းလွဲချိန်၌ ရေခဲချောင်းဝယ်စားသောသာမဏေ။
(ဃ) သင်္ကန်းကို မညီမညာဝတ်သော သာမဏေ။
(င) ရပ်လျက် ကျင်ငယ်စွန့်သော သာမဏေ။

ဖြေ ။ (က) သမ္ပဇာနမုသာဝါဒဒုက္ကဋ် (ခ) ဒုက္ကဋ်
(ဂ) ဒဏ် (ဃ) ဒဏ်
(င) ဒဏ်

မေး ။ အောက်ဖော်ပြပါရဟန်းတို့အားသင့်ရောက်သောအပြစ်တို့ကိုဖော်ပြပါ။
(က) သေရည်အရက်သောက်သောသာမဏေ။
(ခ) ရွှေငွေလက်ခံသောသာမဏေ။
(ဂ) မရှိမသေဆွမ်းခံနေသောသာမဏေ။
(ဃ) သိက္ခာမချဘဲ မေထုန်မှီဝဲသောရဟန်း။
(င) ကာမဒါနအလှူခံသောရဟန်း။

ဖြေ ။ (က) လိင်၊ (ခ) ဒဏ်၊
(ဂ) ဒဏ်၊ (ဃ) ပါရာဇိကအပြစ်၊
(င) သံဃာဒိသေသ်အပြစ်။

မေး ။ အောက်ပါတို့ကို ပါဠိရေးခဲ့ပါ။ (မှု၊ ၆၀-ခု)
(က) မြို့တွင်းရွာတွင်း ဂကားကျယ်လောင်စွာ မပြောရန် ပညတ်ထားသော သိက္ခာပုဒ်။
(ခ) သပိတ်ကိုခြစ်၍ ဆွမ်းမစားရန် ပညတ်ထားသော သိက္ခာပုဒ်။

ဖြေ ။ (က) အပ္ပသဒ္ဒေါ အန္တရဃရေ ။ ပ ။ ကရဏီယာ။
အပ္ပသဒ္ဒေါ အန္တရဃရေ ။ ပ ။ ကရဏီယာ။
(ခ) န ပတ္တနိလ္လေဟကံ ။ ပ ။ ကရဏီယာ။

http://www.dhammadownload.com



မေး ။ အောက်ပါရဟန်းများ သင့်ရောက်နိုင်သောအပြစ်များကို ဆုံးဖြတ်ပါ။

(က)လူကို မေထုန်မှီဝဲရန် စေခိုင်းသောရဟန်း။

(ခ) မေထုနရာဂဖြင့် မာတုဂါမကို သုံးသပ်ကိုင်တွယ်သော ရဟန်း။

(ဂ) ကာယသံသဂ္ဂရာဂဖြင့် မာတုဂါမကို ကိုင်တွယ်သုံးသပ်သော ရဟန်း။

(ဃ)မိခင်ရင်းကို ဂေဟာဿိတပေမဖြင့် သုံးသပ်ကိုင်တွယ်သော ရဟန်း။

ဖြေ ။ (က) ဒုက္ကဋ်(အကပ္ပိယသမာဒါနဒုက္ကဋ်)၊ (ခ) ဒုက္ကဋ်၊
(ဂ) သံဃာဒိသေသ်၊ (ဃ) သံဃာဒိသေသ်၊

အခြေပြု မူလထန်းအတွက်

အားဝတ္ထိပိနွယထတ္တာ ပြီး၏။

http://www.dhammadownload.com



# အာပတ္တိဝိနိစ္ဆယကဏ္ဍ

## ပထမငယ်တန်းအတွက်

မေး ။ ညဉ့်အခါ ဦးခေါင်းခြုံ၍ဘိနပ်စီးလျှင် မြို့ရွာအတွင်းလှည့်လည်လျက် အလှူခံရသောငွေကိုကိုင်ကာ ကိုယ်တိုင်လက်မှတ်ဝယ်ယူပြီး ဇာတ်သဘင်ကြည့်ရှုသောရဟန်းအား သင့်သောအာပတ်များကို အသီးသီးခွဲဝေပြပါ။ (၂၉-ခု)

ဖြေ ။ (၁) ညဉ့်အခါ (မပန်ကြားဘဲ) မြို့တွင်း ရွာတွင်း လှည့်ပတ်လျှင် ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။

(၂) ဦးခေါင်းခြုံ၍မြို့တွင်းရွာတွင်းလှည့်ပတ်လျှင် ဩဂုဏ္ဌိတသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်။

(၃) ဘိနပ်စီးပြီး မြို့တွင်းရွာတွင်းလှည့်ပတ်လျှင် ဒုက္ကဋ်အာပတ်။

(၄) အလှူခံရသောငွေကိုကိုင်လျှင်ရူပိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်။

(၅) ငွေကိုကိုင်ကာ ကိုယ်တိုင်လက်မှတ်ဝယ်လျှင် ရူပိယသံဝေါဟာရသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ်။

(၆) ဇာတ်သဘင်ကြည့်ရှုသောရဟန်းအား ဒုက္ကဋ်အာပတ်။

မေး ။ အောက်ပါရဟန်းတော်များအား မည်သည့်သိက္ခာပုဒ်ဖြင့် မည်သည့်အာပတ်များသင့်ကြသည်ကိုဖော်ပြပါ။ (၃၃-ခု)

(က) မာတုဂါမနှင့်အတူတကွ ဆိတ်ကွယ်ရာ၌နေသောရဟန်း။

(ခ) မာတုဂါမနှင့်အတူတကွ တစ်ယောက်ချင်းချင်း ဆိတ်ကွယ်ရာအရပ်၌နေသောရဟန်း။

(ဂ) မာတုဂါမနှင့်အတူတကွတိုင်ပင်၍ အရပ်တစ်ပါးသို့ ခရီးသွားသောရဟန်း။

ဖြေ ။ (က) ရဟောပဋိစ္ဆန္နသိက္ခာပုဒ်ဖြင့်ပါစိတ်။

(ခ) ရဟောနိသဇ္ဇသိက္ခာပုဒ်ဖြင့် ပါစိတ်။

(ဂ) သပ္ပါဏကဝဂ်သံဝိဓာနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။

မေး ။ အောက်ပါရဟန်းတို့အား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ်သင့်သည်ကိုဖော်ပြပါ။ (၃၄-ခု)

http://www.dhammadownload.com



(က) မိမိအတွက်ငွေအလျှုခံသောရဟန်း (ခ) သံဃာသို့ညွတ်ပြီးသောမယ်တော်၏သင်္ကန်းကိုမိမိအားလှူစေသောရဟန်း၊ (ဂ)သင်္ကန်းအသစ်ကို ကပ္ပဗိန္ဒုမထိုးပဲဝတ်ရုံသောရဟန်း၊ (ဃ) သံဃာသို့ညွတ်ပြီးသောသင်္ကန်းကို ပုဂ္ဂိုလ်တစ်ဦးအားလှူစေသောရဟန်း၊(င)ထိုင်နေသောအဂိလာနအား မိမိကရပ်လျက် တရားဟောသောရဟန်း။

ဖြေ ။ (က) ရူပိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်။
(ခ) ပရိဏတသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်။
(ဂ) ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။
(ဃ) ပရိဏာမနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။
(င) ဌိတောနိသိန္နသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်။

မေး ။ အောက်ပါတို့အတွက် သင့်သောအာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့်ယှဉ်တွဲ၍ပြဆိုပါ။
(က) မျက်စိကွယ်ရာနားကွယ်ရာ၌ မိန်းမနှင့်တစ်ယောက်ချင်းချင်းထိုင်နေသောရဟန်း၊ (ခ) လက်ချောင်းဖြင့်ကလိထိုးသောရဟန်း၊ (ဂ) မိန်းမနှင့်တိုင်ပင်၍ တစ်ကြောင်းတည်းသောခရီးကိုသွားသောရဟန်း။

ဖြေ ။ (က) ရဟောပဋိစ္ဆန္န၊ ရဟောနိသဇ္ဇသိက္ခာပုဒ်ဖြင့်ပါစိတ်၊
(ခ) အင်္ဂုလိပတောဒကသိက္ခာပုဒ်ဖြင့်ပါစိတ်၊
(ဂ) သပ္ပါဏကဝဂ်၊ သံဝိဓာနသိက္ခာပုဒ်ဖြင့်ပါစိတ်။

မေး ။ အောက်ပါရဟန်းတော်တို့အား မည်သည့်အာပတ်များသင့်သည်ကိုသိက္ခာပုဒ်ညွှန်းပြ၍ဖြေဆိုပါ။ (၃၇-ခု)
(က) မှောင်ခိုကုန်သည်ဖြစ်ကြောင်းသိလျက် တိုင်ပင်၍သွားသောရဟန်း၊ (ခ) စစ်ချီတက်လာသည်ကိုသွားရောက်ကြည့်ရှုရာ၌ခွေးကိုခြေဖြင့်ကန်ကျောက်သောရဟန်း၊ (ဂ) နောင်တဖန် မဆုံးမနိုင်စေရန် ခြိမ်းခြောက်သောရဟန်း။

ဖြေ ။ (က) ထေယျသတ္ထသိက္ခာပုဒ်ဖြင့်ပါစိတ်။
(ခ) ဥယျောဓိကသိက္ခာပုဒ်၊ ပဟာရသိက္ခာပုဒ်တို့ဖြင့် ပါစိတ်။
(ဂ) အနာဒရိယသိက္ခာပုဒ်၊ ဘီံသာပနသိက္ခာပုဒ်တို့ဖြင့်ပါစိတ်။

http://www.dhammadownload.com



မေး ။ မာတုဂါမနှင့် တစ်ယောက်ချင်း တစ်မိုးတစ်ရံတည်း ကျောင်း၌ အိပ်ခါ မိမိ၌ထင်ရှားရှိသော ဥတ္တရိမနုဿဓမ္မကို ဆယ်ခွန်းပြည့်အောင် တရားဟောသောရဟန်းအား သင့်ရောက်နိုင်မည့် အာပတ်တို့ကို သိက္ခာပုဒ် အမည်တပ်၍ဖော်ပြပါ။ (၃၉-ခု)

ဖြေ ။ မာတုဂါမနှင့် တစ်မိုးတစ်ရံတည်းသောကျောင်း၌အိပ်သောရဟန်းအား ဒုတိယသဟသေယျသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။ ဥတ္တရိမနုဿဓမ္မကို ပြောသောရဟန်းအား ဘူတာရောစနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။ ၁၀-ခွန်းပြည့်အောင် ဟောပြောသောရဟန်းအား ဓမ္မဒေသနာသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။

မေး ။ သင်္ကန်းမရုံဘဲ ရပ်ကွက်တွင်းအိပ်စဉ် လှည့်လည်၍ လမ်းစရိတ် အလှူခံသောရဟန်းအား အဘယ်အပြစ်ရှိပါသနည်း၊ သိက္ခာပုဒ်အမည် ဖော်ပြ၍ဖြေဆိုပါ။ (၄၇-ခု)

ဖြေ ။ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်အရ - ဒုက္កဋ်အာပတ်သင့်ပါသည်။

မှတ်ချက်။ သင်္ကန်းမရုံမှုကိုအဓိကထား၍ ဖြေဆိုထားသည်။ လမ်းစရိတ်က အမျိုးမျိုးရှိနိုင်သည်။ ကပ္ပိယဝတ္ထုလည်းဖြစ်နိုင်၊ အပ်စပ်သောနည်း ဖြင့်လည်း အလှူခံနိုင်သဖြင့် ဤသို့လမ်းစရိတ်အလှူခံမှုကိုချန်ထားခဲ့ ခြင်းဖြစ်ပါသည်။ လမ်းစရိတ်ငွေကိုအလှူခံလျှင်ကား ရူပိယသိက္ခာပုဒ် အရ နိဿဂ္ဂိပါစိတ်အာပတ်လည်းသင့်နိုင်ပါသည်။

မေး ။ ဖော်ပြပါရဟန်းတို့အား ဖြစ်သင့်သောအာပတ်များကိုဖြေဆိုပါ။ (၄၈-ခု)

(က) တန်ဆောင်မုန်းလပြည့်ကျော်ပြီးမှ မိုးရေခံသင်္ကန်းကို ဝတ်ရုံသောရဟန်း၊ (ခ) ကိုယ်တိုင်ချည်ကိုရှာ၍ သင်္ကန်းယက်ခိုင်းသောရဟန်း (ဂ) ပန်းပင်စိုက်ရန် မြေတူးသောရဟန်း၊ (ဃ) ကျွန်းမာလျက် မီးလှုံသောရဟန်း၊ (င) မွန်းလွဲချိန်၌မပန်ကြားပဲ ရွာထဲသို့သွားလည် သောရဟန်း။

ဖြေ ။ (က) နိဿဂ္ဂိပါစိတ် (ဝဿိကသာဋိကသိက္ခာပုဒ်)။

(ခ) နိဿဂ္ဂိပါစိတ် (သုတ္တဝိညတ္တိသိက္ခာပုဒ်)။

(ဂ) ပါစိတ် (ပထဝီခဏနသိက္ခာပုဒ်)။

(ဃ) ပါစိတ် (ဇောတိသိက္ခာပုဒ်)။

(င) ပါစိတ် (ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်)။

http://www.dhammadownload.com



မေး ။ စစ်တပ်၌တည်းခိုသောရဟန်းအား မသွားအပ်သော ကန့်သတ် နေရာများကိုဖော်ပြပြီးလျှင်၊ ဖော်ပြပါရဟန်းတို့အား သင့်နိုင်သော အာပတ်ကိုလည်းဖြေဆိုပါ။ (၅၀-ခု)

(က) မထေရ်ကြီးအား ပြန်လှန်ပြောဆိုသောရဟန်း။

(ခ) ပိုးကောင်ရှိသောရေကို စည်းကမ်းမဲ့သွန်သောရဟန်း။

(ဂ) လက်ကိုခါလျက် ဆွမ်းဘုဉ်းပေးသောရဟန်း။

ဖြေ ။ (က) ပါစိတ် (ခ) ပါစိတ် (ဂ) ဒုက္ကဋ်။

မေး ။ ရဟန်းတစ်ပါးကို ကျောင်းလိုချင်မှုသက်သက်ဖြင့် မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်းမရှိဘဲ (က) ပါရာဇိက (ခ) သံဃာဒိသေသ် အာပတ်များဖြင့် စွပ်စွဲသောရဟန်းအား သင့်နိုင်သောအပြစ်များကို သိက္ခာပုဒ်နှင့်တကွဖြေဆိုပါ။ (၅၁-ခု)

ဖြေ ။ (က) ဒုဋ္ဌဒေါသသိက္ခာပုဒ်အရ သံဃာဒိသေသ်။

(ခ) အမူလကသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်။

မေး ။ အောက်ပါရဟန်းတော်တို့အား သင့်ရောက်သောအာပတ်တို့ကို သိက္ခာပုဒ်နှင့်ယှဉ်တွဲဖော်ပြပါ။ (၅၂-ခု)

(က) သံဃိကကျောင်း၌အိပ်ရာနေရာကို မသိမ်းဆည်း မပန်ကြားပဲသွားသောရဟန်း၊ (ခ) သိလျက် ပိုးကောင်ရှိသောရေကို မြေ၌သွန်ပစ်သောရဟန်း၊ (ဂ) ဇနီးမောင်နှံနှစ်ဦးသာရှိသောအိမ်တွင်းသို့ ဝင်ထိုင်သောရဟန်း၊ (ဃ) မှောင်ခိုကုန်သည်နှင့်တိုင်ပင်၍ခရီးသွားသောရဟန်း၊ (င) ကုလားထိုင် လဲ၊ ဝါ၊ ဂွမ်း သွတ်စေသောရဟန်း။

ဖြေ ။ (က) ဒုတိယသေနာသနသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်။

(ခ) သပ္ပါဏကသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်။

(ဂ) သဘောဇနသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်။

(ဃ) ထေယျသတ္ထသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်။

(င) တူလောနဒ္ဓသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်။

မေး ။ ဖော်ပြပါရဟန်းတော်တို့အား သင့်ရောက်သည့်အပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့် ယှဉ်တွဲဖော်ပြပါ။ (၅၃-ခု)

(က) မိန်းကလေး၏လက်ကိုကိုင်သောရဟန်း၊ (ခ) ရရှိထားသောသက်န်းကို အဓိဋ္ဌာန်မတင်ဘဲ ၁၀ ရက်ကျော်အောင် ထားသောရဟန်း၊ (ဂ) သပိတ်၊ သင်္ကန်းစသည်ကိုရောင်းသောရဟန်း၊

http://www.dhammadownload.com



(ဃ) ရဟန်းတော်၏ သံဃာဒိသေသ်အာပတ်ကို လူသာမဏအား ပြောကြားသောရဟန်း၊ (င) ရဟန်းတော်၏ ဒုဋ္ဌုလ္လအာပတ်ကို သိလျက် ဖုံးကွယ်ထားသော ရဟန်း။

ဖြေ ။ (က) ကာယသံသဂ္ဂသိက္ခာပုဒ်အရ သံဃာဒိသေသ်။
(ခ) ပဌမကထိနသိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ်။
(ဂ) ကယဝိက္ကယသိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ် (ငွေနှင့်ရောင်းလျှင် ရူပိယသံဝေါဟာရသိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ်)။
(ဃ) ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်။
(င) ဒုဋ္ဌုလ္လသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်။

မေး ။ အောက်ဖော်ပြပါရဟန်းတို့အား မည်သည့်အာပတ်များသင့်ရောက်သည်ကို သိက္ခာပုဒ်အမည်နှင့်ယှဉ်တွဲပြဆိုပါ။ (၅၄-ခု)
(က) မေထုန်အလျှုခံသောရဟန်း၊ (ခ) ကိုယ်တိုင်သင်္ကန်းပေးပြီး စိတ်ဆိုးသဖြင့် ပြန်လုယူသောရဟန်း၊ (ဂ) ညနေချမ်းထင်ရှားရှိသောရဟန်းကို မပန်ကြားဘဲ ရွာတွင်းသို့ အလည်သွားသောရဟန်း၊ (ဃ) ခေါင်းမြီးခြုံလျက် မြို့တွင်းသို့သွားသောရဟန်း၊ (င) ကျန်းမာလျက် မိမိအကျိုးငှာ ဆွမ်း၊ ဆွမ်းဟင်းကို တောင်းစားသောရဟန်း။

ဖြေ ။ (က) အတ္တကာမပါရိစရိယသိက္ခာပုဒ်အရ သံဃာဒိသေသ်။
(ခ) စီဝရအစ္ဆိန္ဒနသိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ်။
(ဂ) ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်။
(ဃ) ဩဂုဏ္ဌိတသိက္ခာပုဒ်အရ ဒုက္ကဋ်။
(င) သူပေါဒနဝိညတ္တိသိက္ခာပုဒ်အရ ဒုက္ကဋ်။

မေး ။ အောက်ပါရဟန်းတော်တို့အား သင့်ရောက်သည့်အပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့် ယှဉ်တွဲဖြေဆိုခဲ့ပါ။ (၅၅-ခု)
(က) သံဃာသို့ညွတ်ပြီးသောလာဘ်ကို မိမိသို့ညွတ်စေသော ရဟန်း၊ (ခ) မာတုဂါမနှင့်အတူ တစ်မိုးတရံတည်းသောကျောင်း၌အိပ်သောရဟန်း၊ (ဂ) ဝိနိစ္ဆယကထာဖြစ်တုန်းဖြစ်ဆဲ ဆန္ဒမပေးပဲ ထသွားသော ရဟန်း၊ (ဃ) ဟိုဟိုဒီဒီကြည့်၍ ဆွမ်းစားရဟန်း
(င) နှုတ်ခမ်းကိုလျက်၍ ဆွမ်းစားသောရဟန်း။

ဖြေ ။ (က) ပရိဏတသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်။
(ခ) ဒုတိယသဟသေယျသိက္ခာပုဒ်ဖြင့် ပါစိတ်။

http://www.dhammadownload.com



(ဂ) ဆန္ဒအဒတ္တာဂမနသိက္ခာပုဒ်ဖြင့် ပါစိတ်။
(ဃ) ပတ္တသညီဘုဥ္စနသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။
(င) ဩဋ္ဌနိလ္လေဟကသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။

မေး ။ အောက်ပါရဟန်းတော်များအား သင့်ရောက်သည့်အပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ယှဉ်တွဲဖော်ပြပါ။ (၅၇-ခု)
(က) အခါမဟုတ်ဘဲ ဆွေမျိုးမတော်သောဒါယကာ ဒါယိကာမထံ သက်န်းတောင်းသောရဟန်း၊ (ခ) ရဟန်းတစ်ပါးကိုရှုတ်ချသော ရဟန်း၊ (ဂ) သံဃိကလှူမည်ဟုလျှောက်ထားလာသော ဒါယကာကို ပုဂ္ဂလိကအလှူခိုင်းသောရဟန်း၊ (ဃ) ရင်းနှီးသောဒါယကာအိမ်၌ လက်ချင်းယှက်လျက် ဒူးကိုသိုင်း၍ထိုင်နေသောရဟန်း။

ဖြေ ။ (က) အညာတကဝိညတ္တိသိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ်။
(ခ) အညဝါဒက သိက္ခာပုဒ်အရ ပါစိတ်။
(ဂ) ပရိဏာမနသိက္ခာပုဒ်အရ ပါစိတ်။
(ဃ) ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်အရ ပါစိတ်။
(င) တူလောနဒ္ဓသိက္ခာပုဒ်အရ ပါစိတ်။

မေး ။ အောက်ပါရဟန်းတို့သင့်ရောက်သောအာပတ်နှင့် သိက္ခာပုဒ်အမည်ကို ဖော်ပြပါ။ (၄၇-ခု)
(က) ညနေအခါ စားသောက်ဆိုင်သို့ဝင်၍ ကော်ဖီသောက်သော ရဟန်း၊ (ခ) ကျန်းမာရေးကောင်းလျက် ပဏီတဘောဇဉ်ကို တောင်းစားသောရဟန်း၊ (ဂ) အကပ်မခံဘဲ မုန့်စားသောရဟန်း၊ (ဃ) လက်ကိုခါ၍ ဆွမ်းစားသောရဟန်း၊ (င) လက်ကိုလျက်၍ စားသောရဟန်း။

ဖြေ ။ (က) ဝိကာလဘောဇနသိက္ခာပုဒ်အရ ပါစိတ်။
(ခ) ပဏီတဘောဇနသိက္ခာပုဒ်အရ ပါစိတ်။
(ဂ) ဒန္တပေါနသိက္ခာပုဒ်အရ ပါစိတ်။
(ဃ) ဟတ္ထနိဒ္ဓုနကသိက္ခာပုဒ်အရ ဒုက္ကဋ်။
(င) ဟတ္ထနိလ္လေဟကသိက္ခာပုဒ်အရ ဒုက္ကဋ်။

မေး ။ အောက်ဖော်ပြပါ ရဟန်းတို့၏ အပြစ်များကို သိက္ခာပုဒ် အထောက်အထားဖြင့် ပြတ်သားပေါ်လွင်စွာဖြေဆိုခဲ့ပါ။
(က) အညာတိကာ ရဟန်းမထံမှ သက်န်းအလှူခံသောရဟန်း

http://www.dhammadownload.com



(ခ) အညာတိကာရဲ့ရဟန်းမအား သင်္ကန်းပေးသောရဟန်း
(ဂ) စိတ်ဆိုး၍ ပေးပြီးသားသင်္ကန်းကို ပြန်လုသောရဟန်း
(ဃ) စိတ်ဆိုး၍ ရဟန်းတစ်ပါးကို သံဃိက ကျောင်းမှနှင်ထုတ်သောရဟန်း (င) မာတုဂါမနှင့် တစ်ယောက်ချင်းချိန်းတွေ့သောရဟန်း။

ဖြေ ။ (က) စီဝရ ပဋိဂ္ဂဟဏသိက္ခာပုဒ်အရ - နိဿဂ္ဂိပါစိတ်။
(ခ) စီဝရဒါနသိက္ခာပုဒ်အရ - ပါစိတ်။
(ဂ) စီဝရ အစ္ဆိန္ဒနသိက္ခာပုဒ်အရ - နိဿဂ္ဂိပါစိတ်။
(ဃ) နိက္ကဍ္ဎနသိက္ခာပုဒ်အရ - ပါစိတ်။
(ဂ) အစေလကဝဂ်၊ ရဟောပဋိစ္ဆန္န၊ ရဟောနိသဇ္ဇ သိက္ခာပုဒ်အရ - ပါစိတ်။

မေး ။ ရဟန်းနှင့် ခရီးရှည်တိုင်ပင်၍ မသွားကောင်းသော ပုဂ္ဂိုလ်သရုပ်ကို သိက္ခာပုဒ်အမည်နှင့် ယှဉ်တွဲဖော်ထုတ်၍ ရဟန်းတစ်ပါးကို ဒုဋ္ဌုလ္လ အာပတ်ဖြင့် စွပ်စွဲသော ရဟန်းအား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ်သင့်ပါသနည်း။

ဖြေ ။ ရဟန်းတစ်ပါးကို ဒုဋ္ဌုလ္လ "ပါရာဇိက" အာပတ်ဖြင့် စွပ်စွဲသောရဟန်းအားဖြင့် (ဒုဋ္ဌဒေါသသိက္ခာပုဒ်ဖြင့်) သံဃာဒိသေသ်အာပတ်သင့်ပါသည်။ ဒုဋ္ဌုလ္လ "သံဃာဒိသိသ်အာပတ်" ဖြင့်စွပ်စွဲသော ရဟန်းအား (အမူလက သိက္ခာပုဒ်ဖြင့်) ပါစိတ်အာပတ်သင့်ပါသည်။

မေး ။ အောက်ပါရဟန်းတို့အား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ်သင့်ပါသနည်း။
(က) ကိုယ်တိုင်သင်္ကန်းပေးပြီးမှ တောင်းလုယက်သောရဟန်း။
(ခ) ရဟန်းတစ်ပါးကို သံဃိကကျောင်းမှ နှင်ထုတ်သောရဟန်း။
(ဂ) ရဟန်းမသင်္ကန်းကို ချုပ်ပေးသောရဟန်း။
(ဃ) သင်္ကန်းသစ်ကို အဆင်းပျက်အောင် မပြုလုပ်သောရဟန်း။
(င) ရွာတွင်း၌ အမျိုးမတော်သောရဟန်းမ၏ လက်မှ ခဲဖွယ်ကို ယူပြီးခဲ့သောရဟန်း။

ဖြေ ။ (က) စီဝရအစ္ဆိန္ဒနသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊ (ခ) နိက္ကဍ္ဎနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊ (ဂ) စီဝရသိဗ္ဗနသိက္ခာပုဒ်ဖြင့် ပါစိတ်၊ (ဃ) ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်ဖြင့် ပါစိတ်၊ (င) ပဌမပါဋိဒေသနိယသိက္ခာပုဒ်ဖြင့် ပါစိတ်။

http://www.dhammadownload.com



မေး ။ တတိယသံဃာဒိသိသ်သိက္ခာပုဒ်ဖြင့် "ဩတိဏ္ဏပုဂ္ဂိုလ်" "ဝိပရိဏတစိတ္တပုဂ္ဂိုလ်" ဖြစ်ကြောင်းတရားကို တိကျစွာ ညွှန်ပြ၍၊ ရာဂစိတ်ဖြင့် မာတုဂါမ၏ ဝစ္စမဂ္ဂ၊ ပဿာမဂ္ဂမှ တစ်ပါးသော ကာယ၊ ကာယပဋိဗဒ္ဓတို့ကို ရည်ညွှန်းပြောဆိုသော် အဘယ်အာပတ်များသင့်ပါသနည်း။

ဖြေ ။ ဖြစ်ကြောင်းတရားမှာ ဒုဋ္ဌုလ္လဝါစဿာဒရာဂဖြစ်ပါသည်။
ရာဂစိတ်ဖြင့် မာတုဂါမ၏ ဝစ္စမဂ္ဂ၊ ပဿာဝမဂ္ဂမှတစ်ပါးသော ကာယ၊ ကာယပဋိဗဒ္ဓတို့ကို ရည်ညွှန်းပြောဆိုသော် ညှပ်ရိုးနှစ်ဖက်အောက် ပုဆစ်ဒူးဝန်းနှစ်ဖက်၏အထက်ဖြစ်သောကာယကိုရည်ညွှန်း၍ပြောလျှင် ထုလ္လစ္စည်းအာပတ်သင့်ပါသည်။ ညှပ်ရိုးနှစ်ဖက်အထက် ပုဆစ်ဒူးဝန်းနှစ်ဖက်အောက်ဖြစ်သော ကာယကိုလည်းကောင်း၊ ကာယပဋိဗဒ္ဓကိုလည်းကောင်း ရည်ညွှန်းပြောလျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။

မေး ။ ဖော်ပြပါရဟန်းတို့အား ဖြစ်သင့်သောအာပတ်များကို ဖြေဆိုပါ။
(က) ကွဲကွာပြီးသောမိဘနှစ်ပါးကို ပြန်လည်စေ့စပ်ပေးသော ရဟန်း။ (ခ) ငွေကိုအလှူခံသောရဟန်း၊ (ဂ) ရဟန်းတစ်ပါးအား သင်္ကန်းပေးပြီးမှ ပြန်လုယူသောရဟန်း၊ (ဃ) ဝိဟေသကရဟန်း၊ (င) ခိယျနကရဟန်း။

ဖြေ ။ (က) သဉ္စရိတ္တသိက္ခာပုဒ်အရ - သံဃာဒိသေသ်။
(ခ) ရူပိယသိက္ခာပုဒ်အရ - နိဿဂ္ဂိပါစိတ်။
(ဂ) စီဝရအစ္ဆိန္နသိက္ခာပုဒ်အရ - နိဿဂ္ဂိပါစိတ်။
(ဃ) အညဝါဒကသိက္ခာပုဒ်အရ - ပါစိတ်။
(င) ဥဇ္ဈာပနကသိက္ခာပုဒ်အရ - ပါစိတ်။

မေး ။ ညဉ့်အခါ ခေါင်းမြီးခြုံလျှက် မြို့ထဲလှည့်ပတ်၍ ငွေကိုင်ကာ ကိုယ်တိုင် လက်မှတ်ဝယ်ယူပြီး ဇာတ်သဘင်နှင့်ရုပ်ရှင်များကို ကြည့်ရှုသော ရဟန်းအား အာပတ်များကို အသီးသီးထုတ်ပြပါ။

ဖြေ ။ ညအခါ - ပါစိတ် (ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်) ခေါင်းမြီးခြုံထဲ လှည့်ပတ်၊ ဒုက္ကဋ် (ဩဂုဏ္ဌိတဂမနသိက္ခာပုဒ်) ငွေကိုင်ကာ ကိုယ်တိုင် လက်မှတ်ဝယ် - နိဿဂ္ဂိပါစိတ် (ရူပိယသိက္ခာပုဒ်) ဇာတ်သဘင်နှင့် ရုပ်ရှင်များကြည့် - ဒုက္ကဋ်အာပတ်။

မေး ။ အောက်ပါရဟန်းတို့အား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ် သင့်ပါသနည်း။

http://www.dhammadownload.com



(က) ညဥ့်ဦးယာမ်က အကပ်ခံထားသောအဖျော်ရည်ကို နောက်နေ့ သောက်သောရဟန်း။
(ခ) မှောင်မိုက်သမားနှင့်တိုင်ပင်၍ ခရီးအတူသွားသောရဟန်း။
(ဂ) လူဒါယကာတို့၏ဥစ္စာထုပ်ကို သိမ်းဆည်းစောင့်ရှောက်သော ရဟန်း။

ဖြေ ။ (က) သန္နိဓိကာရကသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။
(ခ) ထေယျသတ္ထသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။
(ဂ) ရတနသိက္ခာပုဒ်ဖြင့် လူဒါယကာတို့က သိမ်းပေးပါဟုခိုင်း၍ ဖြစ်စေ၊ မိမိကိုယ်တိုင် ဘဏ္ဍာစိုးလုပ်၍ဖြစ်စေ သိမ်းဆည်းစောင့်ရှောက်ထားလျှင် ပါစိတ်အာပတ်သင့်ပါသည်။

မေး ။ ဉာတိပဝါရိတမဟုတ်သူ လူဒါယကာထံမှ အောက်ပါပစ္စည်းများကို တောင်းစားသော အဂိလာနရဟန်းအား အဘယ်သိက္ခာပုဒ်ဖြင့် အာပတ်သင့်ပါသနည်း။ (က) ထောပတ် (ခ) ထောပတ်ဆွမ်း (ဂ) ဆွမ်းသက်သက်။

ဖြေ ။ (က) မဟာနာမသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။
(ခ) ပဏီတဘောဇနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။
(ဂ) သူပေါဒနဝိညတ္တိသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်သင့်ပါသည်။

မေး ။ အောက်ပါရဟန်းရှင်များ အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ် သင့်ပါသနည်း။ (က) ချစ်သူနှစ်ဦးအိမ်၌ ဝင်ထိုင်သောရဟန်း၊ (ခ) ဝရဇိန်ကိုရှောင်လွှဲသောမှောင်ခိုနှင့်အတူသွားသောရဟန်း၊ (ဂ) ဆင်ကိုသတ်သောရဟန်း၊ (ဃ) သင်္ကန်းအရောင်းအဝယ်ပြု လုပ်သောရဟန်း၊ (င) ဤရဟန်းကိုသင်္ကန်းပေးလို့ အလကားပဲ ရရင် ရောင်းစားပစ်မှာပဲဟု ရှုတ်ချသောရဟန်း။

ဖြေ ။ (က) သဘောဇနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။
(ခ) ထေယျသတ္ထသိက္ခာပုဒ်ဖြင့် ပါစိတ်။
(ဂ) သပ္ပါဏကဝဂ်သိက္ခာပုဒ်ဖြင့် ပါစိတ်။
(ဃ) ရူပိယသံဝေါဟာရသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်။
(င) ဥဇ္ဈာပနကသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်ပါသည်။

မေး ။ ရဟန်းတစ်ပါး သံဃာဝိသိသ်သင့်မှန်းသိခဲ့သော် လျှို့ဝှက်ထားရမည်လော၊ ထုတ်ဖော်ပြောဆိုရမည်လော၊ မည်သည့်ပုဂ္ဂိုလ်အား ပြောဆိုရ မည်နည်း၊ ဆိုင်ရာသိက္ခာပုဒ်တို့ဖြင့် အကြောင်းပြဆုံးဖြတ်ပါ။

http://www.dhammadownload.com



ဖြေ ။ ယောပန ဘိက္ခု ဘိက္ခုသဗ္ဗာနံ ဒုဋ္ဌုလ္လံ အာပတ္တိံ ပဋိစ္ဆာဒေယျ ပါစိတ္တိယံ။ (ဒုဋ္ဌုလ္လသိက္ခာပုဒ်) ဟု ပညတ်တော်မူသောကြောင့် ရဟန်း တစ်ပါး သံဃာဒိသိသ်အာပတ်သင့်မှန်းသိခဲ့သော် လျှို့ဝှက်မထားရပါ၊ ထုတ်ဖော်ပြောဆိုရပါမည်။

ယောပနဘိက္ခု။ ပ။ အညတြ ဘိက္ခုသမ္မုတိယာ ပါစိတ္တိယံ။ (ဒုဋ္ဌုလ္လာ ရောစနသိက္ခာပုဒ်) ဟု ပညတ်တော်မူသောကြောင့် သမ္မုတိရသူမဟုတ် လျှင် လူသာမဏေအား မပြောရပါ၊ ရဟန်းများကိုသာ ပြောရပါမည်။ သမ္မုတိရသူဖြစ်လျှင်ကား လူ၊ သာမဏေတို့အားလည်း ပြောကောင်းပါ သည်။

မေး ။ အောက်ပါရဟန်းတော်များ အဘယ်အာပတ်သင့်ကြောင်း ဆိုင်ရာ သိက္ခာပုဒ်ကိုရျော်ရှ၍ ဆုံးဖြတ်ချက်ချခဲ့ပါ။

(က) နိဿဂ္ဂိထိုက်သောသက်န်းကိုမစွန့်ဘဲ အသုံးပြုသောရဟန်း။

(ခ) ကုလဒူသနအမှုပြုသောရဟန်း။

(ဂ) ကုလဒူသနအမှုပြု၍ရသောပစ္စည်းများကိုသုံးစွဲသော ရဟန်း။

ဖြေ ။ (က) ဒုက္ကဋ်အာပတ် (ပထမ ကထိနသိက္ခာပုဒ်)။

(ခ) ဒုက္ကဋ် (ကုလဒူသကသိက္ခာပုဒ်)။

(ဂ) ဒုက္ကဋ်အာပတ် (ကုလဒူသကသိက္ခာပုဒ်)။

မေး ။ ထင်ရှားရှိသောရဟန်းအား ပန်ကြားမှုမပြုဘဲ ညချမ်းအခါ သက်န်း မရုံ၊ ဦးခေါင်းကိုခြုံလျက် မြို့ရွာတွင်း၌လည်ပတ်သောရဟန်းအား သင့်ရောက်နိုင်သောအာပတ်များကို သိက္ခာပုဒ်အထောက်အထား ပြ၍ ဖြေကြားပါ။

ဖြေ ။ ထင်ရှားရှိသော ရဟန်းအား ပန်ကြားမှုမပြုခြင်း၊ ညချမ်းအခါ ဖြစ်ခြင်း တို့ကြောင့် ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။ သက်န်းမရုံခြင်းကြောင့် သုပ္ပဋိစ္ဆန္နဂမနသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်။ ဦးခေါင်းခြုံလျက် မြို့တွင်း ရွာတွင်းလှည့်လည်ခြင်းကြောင့် ဩဂုဏ္ဌိတ ဂမနသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်များသင့်ပါသည်။

မေး ။ အောက်ပါရဟန်းတော်များ အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ် များသင့်နိုင်ပါသနည်း၊ တိတိကျကျဖော်ညွှန်းပြပါ။

(က) ကုသိုလ်ရလို့ သန့်ရှင်းစင်ကြယ်စေလိုသော စေတနာဖြင့် စေတီပေါ် ရှိရေညှိများကို ကိုယ်တိုင်တိုက်ချွတ်ဆေးကြောသောရဟန်း၊

(ခ) ကျန်းမာလျက် ပင်လယ်ငါးကို အလှူခံစားသောရဟန်း။

http://www.dhammadownload.com



(ဂ) မိမိဆွမ်းခံအိမ်မှ ဒကာမကြီးများကို ဘုရားဖူးလိုက်ပို့ပေးသော ရဟန်း။

ဖြေ ။ (က) ဘူတဂါမသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ် (ထိုမှော်သည် အရွက် ၂ ရွက်၊ ၃ ရွက် ထွက်လျှင် ဘူတဂါမ်မည်၍ ပါစိတ်အာပတ် လည်း သင့်နိုင်ပါသည်။)

(ခ) သူပေါဒနဝိညတ္တိသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်။

(ဂ) သပ္ပါဏကဝဂ်၊ သံဝိဓာနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။

မေး ။ အောက်ပါရဟန်းအား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ် သင့်သည်ကို ညွှန်ပြပါ။

(က) ရဟန်းတစ်ပါးအား စိတ်ဆိုးပြီးတုတ်နှင့်ရိုက် (တပ္ပိ) သော ရဟန်း၊ (ခ) မိမိကျောင်းရှေ့ရှိပန်းခြံများကိုကြည့်ကောင်းအောင် ကိုယ်တိုင်အဖူးတိပေးသောရဟန်း၊ (ဂ) မှောင်ရီအမျိုးသမီးနှင့် ချိန်းချက်ပြီး ခရီးအတူသွားသောရဟန်း၊ (ဃ) အကပ်ခံပြီးကျန်နေ သောငှက်ပျောသီးကို နောက်တစ်နေ့တွင် ဘုဉ်းပေးသောရဟန်း။

ဖြေ ။ (က) ပဟာရသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။

(ခ) ဘူတဂါမသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။

(ဂ) သံဝိဓာနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။

(ဃ) သန္နိဓိကာရကသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။

မေး ။ ထင်ရှားရှိသောရဟန်းကို မပန်ကြားဘဲ သင်္ကန်းမရုံ ဦးခေါင်းကို ခြုံပြီး ညစျေးတန်းသို့သွားကာ ဗဟုသုတအဖြစ် လှည့်လည်ကြည့်ရှုသော ရဟန်းအား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ်များသင့်သည်ကို ဝိနိစ္ဆယချခဲ့ပါ။

ဖြေ ။ ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်ဖြင့် ပါစိတ်၊ သုပ္ပဋိစ္ဆန္နဂမနသိက္ခာပုဒ် ဖြင့် ဒုက္ကဋ်။ ဩဂုဏ္ဌိတဂမနသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။ ဩက္ခိတ္တစက္ခုဂမန သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်သင့်ပါသည်။

မေး ။ အောက်ပါရဟန်းတော်များ မည်သည့်သိက္ခာပုဒ်ဖြင့် မည်သည့် အာပတ်သင့်သည်ကို ညွှန်ပြပါ။

(က) ပိုးချည်နှင့်ရောသောအခင်းကို ပြုလုပ်ခိုင်းသောရဟန်း။

(ခ) သိက္ခာပုဒ်တော်ကိုကဲ့ရဲ့သောရဟန်း။

ဖြေ ။ (က) ကောသိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်။

(ခ) ဝိလေခနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်ပါသည်။

http://www.dhammadownload.com



မေး ။ အောက်ပါရဟန်းများကို တိတိကျကျ ကုန်စင်အောင်ထုတ်ဖော် ညွှန်ပြပါ။
(က) သူ့စိမ်းထံမှ သင်္ကန်းတောင်း၀တ်လျှက် အပြစ်မရှိသောရဟန်း။
(ခ) အကပ်မခံဘဲ ယူငင်သုံးဆောင်လျှက် အပြစ်မဖြစ်သောရဟန်း။
(ဂ) (အကြောင်းအားလျော်စွာ) စစ်တပ်သို့သွားပြီးနေထိုင်လျက် အာပတ်မသင့်သောရဟန်း။

ဖြေ ။ (က) သူခိုး၊ ဓားပြစသည်တို့ အလုခံရသောသင်္ကန်းရှိသောရဟန်း။ မီးလောင်၊ ရေမျော၊ ကြွက်ကိုက်ခြင်းစသည်ကြောင့် ပျောက်ပျက်သောသင်္ကန်းရှိသောရဟန်း။
(ခ) ရေ၊ ဒန်ပူကို အကပ်မခံဘဲ ယူငင်သုံးဆောင်သောရဟန်း။
(ဂ) စစ်တပ်၌ဆွေမျိုးတစ်ယောက်ယောက် မကျန်းမာခြင်းစသော သွားထိုက်သောအကြောင်းရှိ၍သွားသောရဟန်း။

မေး ။ အောက်ပါစကားရပ် (ဝါကျ) တို့၏ အမှား၊ အမှန်ကို ဝေဖန်စိစစ်ပြီး အကြောင်းလုံလောက်စွာပြ၍ ဆုံးဖြတ်ပါ။
(က) မသွားမဖြစ်သည့်ကိစ္စပေါ်လာ၍ မပန်ကြားဘဲ ညနေ မြို့ထဲသွားသောရဟန်းအား အာပတ်သည်။
(ခ) သားချင်းမတော်သောဘိက္ခုနီမနှင့် သင်္ကန်းချင်းလဲလှယ်သောရဟန်းအား အာပတ်မသင့်ပါ။

ဖြေ ။ (က) အညတြတထာရူပါအစ္စာယိကာကရဏီယာ ဟုဆိုသောကြောင့် မှားပါသည်။
(ခ) အညတြပါရိဝတ္တကာဟုဆိုသောကြောင့် မှန်ပါသည်။

မေး ။ အလှူခံမှုနှင့်စပ်၍ အောက်ပါကပ်မှု၊ အကပ်ခံမှုများ အကပ် မြောက်၊ မမြောက် အကပ်မြောက်အင်္ဂါ ၅-ပါးနှင့်ညှိနှိုင်း၍ ဆုံးဖြတ်ပါ။
(က) တစ်ယောက်နိုင်သောဝတ္ထုကို ၂ ယောက်၊ ၃ ယောက် ကပ်မှု၊
(ခ) ကြမ်းမှာထိနေသောစားပွဲခင်း လွတ်အောင် မ,မဘဲကပ်မှု။
(ဂ) ကပ်သူကရှေ့ရှုဆောင်ထားခိုက် ရဟန်းက လက်ထိုး၍ အကပ်ခံမှု။

ဖြေ ။ (က) တစ်ယောက်နိုင်ဝတ္ထုကို ၂ ယောက်၊ ၃ ယောက် ကပ်မှုမှာ အကပ်မြောက်ပါသည်။ အကြောင်းမှာ - "အားအလတ်စားရှိသူ မြှောက်ချီနိုင်သောဝတ္ထုဖြစ်ခြင်း" ဟူသော အင်္ဂါနှင့်ညီသော ကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



(ခ) ကြမ်းမှာထိနေသော စားပွဲခင်းလွတ်အောင် မ,မဘဲကပ်မှုမှာလည်းအကပ်မြောက်ပါသည်။ အကြောင်းမှာ - ယင်းအင်္ဂါနှင့်ညီသောကြောင့်ပင်ဖြစ်ပါသည်။

(ဂ) ကပ်သူက ရှေ့ရှုဆောင်ထားခိုက် ရဟန်းက လက်ထိုး၍ အကပ်ခံမှုမှာလည်း အကပ်မြောက်ပါသည်။ အကြောင်းမှာ-ဦးခေါင်းပေါ်၌ ရွက်ထားသော စားဖွယ်ခွက်ကိုလှူလို၍ ဦးခေါင်းကိုအနည်းငယ် စောင်းပေးလိုက်လျှင်ပင် ရှေ့ရှုဆောင်ရာရောက်သောကြောင့်ဖြစ်ပါသည်။

**မေး ။ အောက်ပါစကားရပ် (ဝါကျ) များ၏ အမှား၊ အမှန်ကို အကြောင်းလုံလောက်စွာပြ၍ စိစစ်ဝေဖန်ပါ။**

**(က) အကြောင်းအကျိုးပြဆုံးမသည်ကို အဆုံးမ မခံ ပြန်လှန်ပြောဆိုသောရဟန်းအား သံဃာဒိသေသ်အာပတ်သင့်သည်။**

**(ခ) အသက် ၂၀ ပြည့်နေသည့် သာမဏေမဟုတ်သူလူကို ရဟန်းပေးနိုင်သည်။**

**(ဂ) ကျောက်စရစ်တစ်ဝက်ရောသောမြေကို အတူးအဆွခိုင်းသောရဟန်းအား ပါစိတ်အာပတ်သင့်သည်။**

ဖြေ ။ (က) မှားပါသည်၊ အကြောင်းကား - ၃ ကြိမ်တိုင်အောင် ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမရာ တတိယကမ္မဝါစာဝယ် သောဘာသေယျ၌ ယျအက္ခရာသို့ရောက်သည့်တိုင်အောင် သူ့အယူကိုမစွန့်မှ သံဃာဒိသေသ်အာပတ်သင့်ကြောင်းတည်း။ (ပြန်လှန်ပြောဆိုရုံမျှဖြင့် ဒုက္ကဋ်အာပတ်သာသင့်၏။)

(ခ) မှန်ပါသည်၊ အကြောင်းကား-ဇာန် ဦနဝီသတိ ဝဿံ သာမဏေရံဟုမဆိုဘဲ "ပုဂ္ဂလံ" ဟု ပုဂ္ဂိုလ်သာမန်အဖြစ်ဖြင့်ဆိုထားသောကြောင့်လည်းကောင်း၊ ရဟန်းဖြစ်ကြောင်း အင်္ဂါ ၅ ပါးတွင် ဝတ္ထုသမ္ပတ္တိအင်္ဂါ၌ သာမဏေဖြစ်ရမည်ဟုမဆိုဘဲ အသက် ၂၀ ပြည့်ခြင်းနှင့် ပဏ္ဍုက်စသော အဘဗ္ဗပုဂ္ဂိုလ်မျိုးမဟုတ်ခြင်းကိုသာ ဆိုသောကြောင့်လည်းကောင်းတည်း။

(ဂ) မှန်ပါသည်၊ အကြောင်းကား - ကျောက်စရစ်တစ်ဝက်ရောသောမြေသည် ဇာတပထဝီတွင် ပါဝင်သောကြောင့်တည်း။

http://www.dhammadownload.com



မေး ။ အောက်ပါရဟန်းများအား အာပတ်သင့်၊ မသင့် ဆိုင်ရာသိက္ခာပုဒ်မှ လိုရင်းကို တိတိကျကျ ကိုးကား၍ဖြေကြားပါ။

(က) အမျိုးမတော်သူ ဒကာ၊ ဒကာမထံ သင်္ကန်းနှင့်ဆွမ်းကို အလှူခံသောရဟန်း၊ (ခ) မိမိကျောင်းရှိစေတီတော်ကလေးအတွက် ရွှေငွေ အလှူခံသောရဟန်း၊ (ဂ) ညနေချိန်တွင်ဆွမ်းစားသဖြင့် ဖျားရည် ဘုဉ်းပေးသောရဟန်း။

ဖြေ ။ (က) အာပတ်သင့်ပါသည်။ ယောပနဘိက္ခု အညာတကံ ဂဟပတိံ ဝါ ဂဟပတာနိံ ဝါ စီဝရံ ဝိညာပေယျ (နိဿဂ္ဂိယံပါစိတ္တိယံ)။ နသ္သပ္ပံဝါ ဩဒနံဝါ အဂိလာနော။ ပ။ သိက္ခာကရဏီယာ။

(ခ) အာပတ်သင့်ပါသည်။ ယောပနဘိက္ခုဇာတရူပရဇတံဥဂ္ဂဏှေယျ (နိဿဂ္ဂိယံပါစိတ္တိယံ)

(ဂ) အာပတ်သင့်ပါသည်။ ယာနိခေါပနတာနိဂိလာနာနံ ဘိက္ခူနံ ပဋိသာယနီယာနိဘေသဇ္ဇာနိ။

မေး ။ အောက်ပါရဟန်းများအား ဆိုင်ရာသိက္ခာပုဒ်အရ-အာပတ်သင့် မသင့်တိတိကျကျ ကိုးကား၍ဖြေရှင်းပါ။

(က) မာယာသူ့ာစသည်ဖြင့် ၃ ကြိမ်တိုင်အောင် ဆုံးမသော်လည်း သံဃာကွဲပြားအောင် ပြုမြဲပြုနေသောရဟန်း၊ (ခ) ကျောင်းထဲ၌ အမျိုးသမီးရှိမှန်းမသိ၍ ညအခါ ဝင်အိပ်မိသောရဟန်း၊

(ဂ) ဆောင်းအခါ သာမဏေများ ရေနွေးတည်ခိုက် ဝင်ရောက် မီးလှုံသောရဟန်း။

ဖြေ ။ (က) သဃဘေဒကသိက္ခာပုဒ်ဖြင့် သံဃာဒိသိသ် အာပတ်မသင့်။ ဉတ်ကမ္မဝါစာဖြင့်ဆိုဆုံးမရဝယ် တတိယကမ္မဝါစာပါ "သော ဘာသေယျ" ၌ ယျအက္ခရာသို့ရောက်မှသာ သံဃာဒိသိသ် အာပတ်သင့်ပါသည်။ အကိုး-ဝေဠသောဘိက္ခုဟိ ဝုစ္စမာနော။ ပ။ သံဃာဒိသေသော။

(ခ) သဟသေယျသိက္ခာပုဒ်များသည် အစိတ္တကသိက္ခာပုဒ်များဖြစ် သောကြောင့် ဒုတိယသဟသေယျ သိက္ခာပုဒ်ဖြင့်ပါစိတ်အာပတ်။

(ဂ) အညတြတထာရူပပ္ပစ္စယာ- ဟုဆိုအပ်သောကြောင့် ဇောတိသိက္ခာပုဒ်ပါစိတ်အာပတ်သင့်ပါသည်။

F21 A

http://www.dhammadownload.com



မေး ။ အောက်ပါ စကားရပ်တို့၏ အမှား၊ အမှန်ကို အကြောင်းလုံလောက်စွာပြ၍ စိစစ်ဝေဖန်ပါ။
(က) လူယောင်ဖန်ဆင်းထားသောနတ်မင်း၏ဥစ္စာကိုယူလျှင် ပါရာဇိကမကျပါ၊ (ခ) ကုလဒူသကအမှုကို ပြုသောရဟန်းသံဃာဒိသိသ်အာပတ်သင့်သည်၊ (ဂ) ဉာတိပဝါရိတမဟုတ်သူထံသက်န်းတောင်းသောရဟန်း နိဿဂ္ဂိပါစိတ်သင့်ပါသည်၊ (ဃ) စိတ်ဆိုး၍ ရိုက်လိုက်ရာအရိုက်ခံရသောရဟန်းသေမှုရိုက်သောရဟန်း ပါရာဇိကကျသည်။

ဖြေ။ (က) မှန်ပါသည်။ အကြောင်းကား-လူ့ဇာတ်ရှိသောသူတစ်ပါး၏ဥစ္စာကိုခိုးမှ ပါရာဇိကကျသောကြောင့်တည်း။
(ခ) မှားပါသည်။ အကြောင်းကား-ဥက္ကြိမ်တိုင်အောင်ဥ တ်ကမ္မဝါစာဖြင့်ဆိုဆုံးမရာဝယ် တတိယကမ္မဝါစာပါသောဘာသေယျ၌ယျအက္ခရာသို့ရောက်မှ သံဃာဒိသိသ်အာပတ်သင့်သောကြောင့်တည်း။
(ဂ) မှန်ပါသည်။ အကြောင်းကား - အညာတကံ ဂဟပတိံဝါ ဂဟပတာနိံဝါ စီဝရံဝိညာပေယျဟု ဆိုသောကြောင့်တည်း။ (အစ္ဆိန္နစီဝရ၊ နဋ္ဌစီဝရအခါမဟုတ်ဘဲ ဉာတိပဝါရိတမဟုတ်သူတို့ထံ သက်န်းမတောင်းကောင်းသောကြောင့်တည်း။)
(ဃ) မှားပါသည်။ အကြောင်းကား - စိတ်ဆိုး၍ ရိုက်လိုက်ရာ အရိုက်ခံရသောရဟန်း သေစေကာမူ သေစေလိုသောစေတနာမရှိသောကြောင့်တည်း။

မေး ။ အောက်ပါရဟန်းများအား သက်ဆိုင်ရာသိက္ခာပုဒ်အရ အာပတ် သင့်၊ မသင့် တိတိကျကျ ကိုးကား၍ဖြေဆိုပါ။
(က) မေထုနရာဂဖြင့် မာတုဂါမကို ကိုင်တွယ်သောရဟန်း။
(ခ) သူတစ်ပါးအား ပါရာဇိကဖြင့် စွပ်စွဲခိုင်းသောရဟန်း၊
(ဂ) ခိုးဝှက်တတ်သူကို "ဟဲ့သူခိုး" ဟု ပြောဆိုဆဲရေးသော ရဟန်း။

ဖြေ ။ (က) "ယောပန ဘိက္ခု ဩတိဏ္ဏော ဝိပရိဏတေန စိတ္တေန ကာယသံသဂ္ဂံ သမာပဇ္ဇေယျ" ပါဠိတော်အရ ကာယသံသဂ္ဂရာဂဖြင့် ကိုင်တွယ်မှသာ သံဃာဒိသိသ်အာပတ်သင့်သောကြောင့် မေထုနရာဂဖြင့် ကိုင်တွယ်သောရဟန်းအား ဒုက္ကဋ်အာပတ်သာသင့်ပါသည်။ (မေထုနရာဂေနကာယသံသဂ္ဂေ ဒုက္ကဋံ။ (ကခ်ီ-၁၁၃)။

http://www.dhammadownload.com



(ခ) ပဉ္စမဒုဋ္ဌဒေါသသိက္ခာပုဒ်၌ အနုဒ္ဓံသေယျအရ ကိုယ်တိုင်စွပ်စွဲခြင်း၊ သူတစ်ပါးကိုစွပ်စွဲခိုင်းခြင်းနှစ်မျိုးလုံးကို ယူရသောကြောင့် သူတစ်ပါးအား ပါရာဇိကဖြင့် စွပ်စွဲခိုင်းသောရဟန်းအား သံဃာဒိသေသ်အာပတ်သင့်ပါသည်။

(ဂ) ဩမသဝါဒသိက္ခာပုဒ်၌ ဩမသဝါဒအရ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အက္ကောသဝတ္ထု ၁၀ မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ဆဲခြင်းကို ယူရသောကြောင့် ခိုးဝှက်တတ်သူကို "ဟဲ့သူခိုး" ဟု ပြောဆိုဆဲရေးသောရဟန်းအား ပါစိတ်အာပတ်သင့်ပါသည်။

မေး ။ အောက်ပါစကားရပ်တို့၏အမှားအမှန်ကို အကြောင်းလုံလောက်စွာပြ၍ စိစစ်ဝေဖန်ပါ။

(က) သံဃာအချင်းချင်းကွဲပြားအောင် လှုံ့လပြုသောရဟန်းအား သံဃာဒိသိသ်အာပတ်သင့်ပါသည်၊ (ခ) ၁၀ ရက်လွန်၍နိဿဂ္ဂီထိုက်သောသင်္ကန်းကို မစွန့်ဘဲနေ၍မရပါ၊ (ဂ) ဇာတမြေပေါ်၌ ဆိုးရည်ကျိုရန် မီးမွှေးသောရဟန်းအား ပါစိတ်မသင့်ပါ။

ဖြေ ။ (က) မှားပါသည်။ (အကြောင်းကား - ရှေး၌ရေးခဲ့ပြီ)။

(ခ) မှန်ပါသည်။ အကြောင်းကား - "တံ အတိက္ကာမယတောနိဿဂ္ဂိယံ ပါစိတ္တိယံ" ဟုဆိုသောကြောင့် ၁၀ ရက်လွန်၍ နိဿဂ္ဂီထိုက်သောသင်္ကန်းကိုမစွန့်လျှင် ကိုယ်တိုင် ဒုက္ကဋ်အာပတ် ထပ်သင့်သောကြောင့်တည်း။

(ဂ) မှားပါသည်။ အကြောင်းကား - ဇာတမြေပေါ်၌ ဆိုးရည်ကျိုရန် မီးမွှေးလျှင်လည်း ထိုဇာတမြေကို မီးတိုက်ရာရောက်၍ ပါစိတ်အာပတ်သင့်သည်သာဖြစ်သောကြောင့်တည်း။

မေး ။ အောက်ပါရဟန်းများ အာပတ်သင့်မသင့် အကယ်၍ အာပတ်သင့်ကအဘယ်အာပတ်ဟုအကြောင်းယုတ္တိခိုင်လုံတိကျစွာပြ၍ဆုံးဖြတ်ပေးပါ။

(က) သူတစ်ပါးပစ္စည်းကို မိမိပစ္စည်းထင်၍ ယူသောရဟန်း။

(ခ) သီလရှင်ဆရာလေးအား ကျိုက်ထီးရိုးလိုက်ပို့ပေးသောရဟန်း။

(ဂ) ခရီးသွားရင်း ရေဆာ၍ ရေတောင်းသောက်သောရဟန်း။

(ဃ) ကိုက်နေသောခြင်ကို အမှတ်တမဲ့ (သတိမေ့ပြီး) ပုတ်သတ်လိုက်သောရဟန်း။

(င) ရဟန်းအား သင်္ကန်းပေးထားပြီးမှ စိတ်ဆိုး၍ သင်္ကန်းကို ပြန်ယူသောရဟန်း။

http://www.dhammadownload.com



ဖြေ ။ (က) ဒုတိယပါရာဇိကအင်္ဂါတို့တွင် "သူ့ဥစ္စာမှန်းသိခြင်း" ဟူသော အင်္ဂါချွတ်ယွင်းသောကြောင့် သူတစ်ပါးပစ္စည်းကို မိမိပစ္စည်း ထင်၍ ယူသောရဟန်း အာပတ်မသင့်ပါ။

(ခ) သီလရှင်ဆရာလေးသည် မာတုဂါမဖြစ်သောကြောင့် သံဝိဓာန သိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်ပါသည်။

(ဂ) သူပေါဒနဝိညတ္တိသိက္ခာပုဒ်၌ သူပ၊ ဩဒနအရ ပဏီတဘောဇန မှ ရေတောင်းသောက်သောရဟန်း ဒုက္ကဋ်အာပတ်သင့်ပါသည်။

(ဃ) သတ်လိုသောစေတနာမရှိသောကြောင့် အာပတ်မသင့်ပါ။

(င) မိမိဥစ္စာဟူသောအမှတ်သညာဖြင့် ပြန်ယူလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်ပါသည်။ သူပိုင်မှန်းသိလျက် ပြန်ယူလျှင်ကား တန်ဖိုး လိုက်၍ ပါရာဇိကအထိ ဆုံးဖြတ်ခွင့်ရှိပါသည်။

**မေး ။ အောက်ပါရဟန်းများအား အာပတ်သင့်၊ မသင့် အကိုးသာဓက တိတိကျကျပြ၍ ဆုံးဖြတ်ပါ။**

**(က) သူတစ်ပါးဥစ္စာကို မိမိဥစ္စာထင်၍ ယူသောရဟန်း၊ (ခ) မေထုန် အမှုကိုပြုလိုသဖြင့် အမျိုးသမီးကို တိုင်တွယ်သောရဟန်း၊ (ဂ) ရဟန်း တစ်ပါး၏ (အလှူခံထားသောငွေဖြင့် ဝယ်ယူထားသော) သင်္ကန်းကို မိမိ၏အပ်စပ်ပစ္စည်းတို့ကို လဲလှယ်သောရဟန်း။**

ဖြေ ။ (က) မသင့်ပါ (ပါရာဇိကမကျပါ) အကိုးသာဓက - ထေယျသင်္ဂါတံ။

(ခ) သံဃာဒိသိသ်အာပတ်မသင့်ပါ။ အကိုးသာဓက - ဩတိဏ္ဏော ဝိပရိဏတေန စိတ္တေန။

(ဂ) နိဿဂ္ဂိပါစိတ်အာပတ်သင့်ပါသည်။ အကိုးသာဓက -နာနပ္ပကာရံ ရူပိယသံဝေါဟာရံ သမာပဇ္ဇေယျ။

**မေး ။ အောက်ပါစကားရပ် (ဝါကျ) တို့၏ အမှား၊ အမှန်ကို အကြောင်း ခိုင်လုံစွာပြ၍ ဝေဖန်စိစစ်ပါ။**

**(က) မိမိပိုင် (ပုဂ္ဂလိက) ကျောင်းမှ မိမိသဘောမကျသူမှန်သမျှ ကို နှင်ထုတ်နိုင်သည်၊ (ခ) ကျောင်း၌ အမျိုးသမီးလာအိပ်နေသည်ကို မသိ၍ အိပ်မိသောရဟန်းအား အာပတ်မသင့်ပါ၊ (ဂ) မိမိအား ရဟန်းမက လျှောက်ထားသဖြင့် ဘုရားဖူးလိုက်ပို့ပေးသောရဟန်းအား ပါစိတ်အာပတ်သင့်ပါသည်။**

ဖြေ ။ (က) မှန်ပါသည်။ အကြောင်းကား - သံဃိကာဝိဟာရာ နိက္ကဍ္ဎေယျဝါ နိက္ကဍ္ဎာပေယျဝါအရ သံဃိကကျောင်းမှ နှင်ထုတ်မှသာ ပါစိတ် အာပတ်သင့်သောကြောင့်တည်း။

http://www.dhammadownload.com



(ခ) မှားပါသည်။ အကြောင်းကား - ဒုတိယသဟသေယျသိက္ခာပုဒ်သည်လည်း ပဌမသဟသေယျသိက္ခာပုဒ်ကဲ့သို့ အစိတ္တကသိက္ခာပုဒ်ဖြစ်သောကြောင့်တည်း။ (ပါစိတ္တျာဒိ၊ ၄၊ ၁၅)

(ဂ) မှန်ပါသည်။ အကြောင်းကား - ရဟန်းမသည်လည်း မာတုဂါမပင်ဖြစ်သောကြောင့်တည်း။

မေး ။ အောက်ပါရဟန်းများ အာပတ် သင့်၊ မသင့် အကယ်၍သင့်က သင့်ရောက်သောအာပတ်ကို တိတိကျကျညွှန်ပြပါ။

(က) ကုလဒူသနအမှုပြုသောရဟန်း။

(ခ) ကုလဒူသနအမှုကြောင့် ရလာသောပစ္စည်းကို အသုံးပြုသောရဟန်း။

(ဂ) သံဃာ ၂၀ မပြည့်ပဲ အဗ္ဘာန်သွင်းပေးသောရဟန်းများ။

ဖြေ ။ (က) (ခ) (ဂ) ဒုက္ကဋ်။

မေး ။ အောက်ပါရဟန်းတို့အား သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ယှဉ်တွဲဖော်ပြပါ။

(က) "မမ, နှုတ်ခမ်းနှင်းဆီပန်းအသွင်" ဟု ပြောသောရဟန်း၊

(ခ) မေးအပ်သည်ကိုမဖြေဘဲ ဆိတ်ဆိတ်နေသောရဟန်း၊

(ဂ) ဘိက္ခုနီမနှင့် တစ်ယောက်ချင်း ဆိတ်ကွယ်ရာအရပ်၌ ထိုင်သောရဟန်း၊ (ဃ) မေထုနရာဂဖြင့် မာတုဂါမကို သုံးသပ်သောရဟန်း၊

(င) နှုတ်ခမ်းကိုလျက်၍ ဆွမ်းဘုဉ်းပေးသောရဟန်း။

ဖြေ ။ (က) ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်အရ - ဒုက္ကဋ်။

(ခ) အညဝါဒကသိက္ခာပုဒ်အရ - ပါစိတ်။

(ဂ) ရဟောနိသဇ္ဇသိက္ခာပုဒ်အရ - ပါစိတ်။

(ဃ) ဒုက္ကဋ်။

(င) ဩဋ္ဌနိလ္လေဟကသိက္ခာပုဒ်အရ ဒုက္ကဋ်။

မေး ။ အောက်ပါရဟန်းတို့အား သင့်ရောက်သည့်အပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ယှဉ်တွဲဖော်ပြပါ။

(က) မာတုဂါမနှင့်အတူ တစ်မိုးတရံတည်းသောကျောင်း၌ အိပ်သောရဟန်း၊ (ခ) မိန်းကလေး၏လက်ကို ကာယသံသဂ္ဂရာဂဖြင့် ကိုင်သောရဟန်း၊ (ဂ) ဟိုဟိုဒီဒီကြည့်၍ ဆွမ်းဘုဉ်းပေးသောရဟန်း၊

(ဃ) ဇနီးမောင်နှံနှစ်ဦးသာရှိသောအိမ်တွင်းသို့ ဝင်ထိုင်သောရဟန်း၊

(င) ကုလားထိုင်ကို လဲ၊ ဝါဂွမ်းသွတ်စေသောရဟန်း။

http://www.dhammadownload.com



ဖြေ ။ (က) ဒုတိယသဟသေယျသိက္ခာပုဒ်အရ - ပါစိတ်။
(ခ) ကာယသံသဂ္ဂသိက္ခာပုဒ်အရ - သံဃာဒိသေသ်။
(ဂ) သက္ကစ္စဘုဥ္စနသိက္ခာပုဒ်အရ - ဒုက္ကဋ်။
(ဃ) သဘောဇနသိက္ခာပုဒ်အရ - ပါစိတ်။
(င) တူလောနဒ္ဓသိက္ခာပုဒ်အရ - ပါစိတ်။ (ဥဒ္ဒါလနကပါစိတ်)

မေး ။ အောက်ပါတို့ကို သိက္ခာပုဒ်နှင့်တကွ အာပတ်အမည်ပေးပြပါ။
(က) အသက်ကိုသတ်သောရဟန်း။
(ခ) ကျောင်းဆောက်ရန်အတွက် ငွေကိုအလှူခံသောရဟန်း။
(ဂ) သမီး ခင်ပွန်းနှစ်ယောက်သာရှိသောအိမ်၌ အလိုက်ကန်းဆိုး မသိဘဲဝင်သောရဟန်း။
(ဃ) ရဟန်းတော်ကို သဥ္စရိတ္တသံဃာဒိသေသ်စွပ်စွဲသောရဟန်း။
(င) ဆွမ်းစားနေစဉ် ဟိုဟိုသည်သည်ငေးသောရဟန်း။

ဖြေ ။ (က) မနုဿဝိဂ္ဂဟသိက္ခာပုဒ်အရ - ပါရာဇိကအာပတ်။ သပ္ပါဏကဝဂ် သဥ္စိစ္စသိက္ခာပုဒ်အရ ပါစိတ်။
(ခ) ရူပိယသိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ်။
(ဂ) သဘောဇနသိက္ခာပုဒ်အရ ပါစိတ်။
(ဃ) အမူလကသိက္ခာပုဒ်အရ ပါစိတ်။
(င) သက္ကစ္စဘုဥ္စနသိက္ခာပုဒ်-ဒုက္ကဋ်။

မေး ။ အောက်ပါတို့ကို ဝိနယသာဓကပြ၍ဖြေဆိုပါ။
(က) ပါတိမောက်သိက္ခာပုဒ်တို့ကို မသိနားမလည်သည့်အတွက် မကျင့်ဘဲနေခွင့် ရှိ/မရှိနှင့် ပါတိမောက်မရသေးသော ယင်းရဟန်းတော်များ လုပ်သင့်လုပ်ထိုက်သည့် အချက်သုံးချက်။
(ခ) ပါတိမောက်သိက္ခာပုဒ်များကို တစ်လလျှင် ဘယ်နှစ်ကြိမ်ပြရမည်နည်း။
(ဂ) အသက်ကြီးသောကြောင့် သိက္ခာပုဒ်များကို မကျင့်ဘဲ နေနိုင်ခွင့် ရှိ၊ မရှိ။

ဖြေ ။ (က) နေခွင့်မရှိ။ သာဓက - သိက္ခမာနေနဘိက္ခဝေ။ ပ။ ပရိပဥ္စိတဗ္ဗံ။ (သဟဓမ္မိကသိက္ခာပုဒ်)
(ခ) တစ်လနှစ်ကြိမ်ပြရမည်။ သာဓက - အနုဇာနာမိဘိက္ခဝေ ပါတိမောက္ခံ ဥဒ္ဒိသိတုံ ... (မောဟနသိက္ခာပုဒ်နှင့် မဟာဝါနိဂုံး)

http://www.dhammadownload.com



(ဂ) နေနိုင်ခွင့်မရှိ။ ကိံပနိမေဟိ ခုဒ္ဒါနု ခုဒ္ဒကေဟိ။ ပ။ ဝိလေခါယ သံဝတ္တန္တိ။ (ဝိလေခနသိက္ခာပုဒ်)

မေး ။ ဖော်ပြပါရဟန်းတော်တို့အား သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ် အမည်နှင့်တကွ ယှဉ်တွဲဖော်ပြပါ။

(က) ပရိယာယ်ဖြင့် လူသတ်သောရဟန်း၊ (ခ) တစ်မိုးတစ်ရံတည်းသောကျောင်း၌ ကြောင်မနှင့်အတူအိပ်သောရဟန်း၊ (ဂ) လေနာ၍ ထောပတ်တောင်းစားသောရဟန်း၊ (ဃ) ရဟန်းတစ်ပါး၏ သံဃာဒိသေသ်အာပတ်ကို ဖုံးထားသောရဟန်း၊ (င) သမဂ္ဂသံဃာနှင့် အတူတကွ သက်နီးပေးပြီးမှ ကဲ့ရဲ့သောရဟန်း။

ဖြေ ။ (က) မနုဿဝိဂ္ဂဟသိက္ခာပုဒ်အရ - ပါရာဇိက။

(ခ) ဒုတိယသဟသေယျ သိက္ခာပုဒ်အရ - ဒုက္ကဋ်။

(ဂ) ပဏီတဘောဇနေသိက္ခာပုဒ်အရ - ပါစိတ်။

(ဃ) ဒုဋ္ဌုလ္လသိက္ခာပုဒ်အရ - ပါစိတ်။

(င) ဒုဗ္ဗလသိက္ခာပုဒ်အရ - ပါစိတ်။

မေး ။ ဖော်ပြပါရဟန်းတော်တို့အား သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့်ယှဉ်တွဲဖော်ပြပါ။

(က) မိန်းကလေးအား ရည်းစားစကားပြောသောရဟန်း၊

(ခ) ဆီကိုအကပ်ခံပြီးနောက် (၇)ရက်ကျော်လွန်အောင် သိမ်းထားသောရဟန်း၊ (ဂ) ရဟန်းတစ်ပါးအား သက်နီးပေးပြီးနောက် စိတ်ဆိုး၍ ပြန်လုသောရဟန်း၊ (ဃ) ဆွမ်းစားစဉ် တော်ပြီဟု မြစ်ပြီးနောက် အတိရိတ် ဝိနည်းကံမပြုအပ်သောဆွမ်းကို ဘုဉ်းပေးသောရဟန်း၊ (င) သမဂ္ဂသံဃာနှင့်အတူ သက်နီးပေးပြီးနောက် ကဲ့ရဲ့ရှုတ်ချသောရဟန်း။

ဖြေ ။ (က) ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်အရ - သံဃာဒိသေသ်။

(ခ) ဘေသဇ္ဇသိက္ခာပုဒ်အရ - နိဿဂ္ဂိပါစိတ်။

(ဂ) စီဝရအစ္ဆိန္ဒနသိက္ခာပုဒ်အရ - နိဿဂ္ဂိပါစိတ်။

(ဃ) ပဌမပဝါရဏာသိက္ခာပုဒ် ပါစိတ်။

(င) ဒုဗ္ဗလသိက္ခာပုဒ်အရ - ပါစိတ်။

မေး ။ အောက်ဖော်ပြပါရဟန်းတို့၏ အပြစ်များကို သိက္ခာပုဒ် အထောက်အထားဖြင့် ပြတ်သားပေါ်လွင်စွာ ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com



(က) အညာတိကာရဟန်းမထံမှ သင်္ကန်းအလှူခံသောရဟန်း။
(ခ) အညာတိကာရဟန်းမအား သင်္ကန်းပေးသောရဟန်း။
(ဂ) စိတ်ဆိုး၍ ပေးပြီးသားသင်္ကန်းကို ပြန်လုသောရဟန်း။
(ဃ) စိတ်ဆိုး၍ ရဟန်းတစ်ပါးကို သံဃိကကျောင်းမှ နှင်ထုတ်သောရဟန်း (င) မာတုဂါမနှင့် တစ်ယောက်ချင်းချိန်းတွေ့သော ရဟန်း။

ဖြေ ။ (က) စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်အရ - နိဿဂ္ဂိပါစိတ်။
(ခ) စီဝရဒါနသိက္ခာပုဒ်အရ - သုဒ္ဓပါစိတ်။
(ဂ) စီဝရအစ္ဆိန္ဒနသိက္ခာပုဒ်အရ - နိဿဂ္ဂိပါစိတ်။
(ဃ) နိက္ကဍ္ဎနသိက္ခာပုဒ်အရ - သုဒ္ဓပါစိတ်။
(င) ရဟောပဋိစ္ဆန္န၊ ရဟောနိသဇ္ဇသိက္ခာပုဒ်တို့အရ - သုဒ္ဓပါစိတ်။

မေး ။ အောက်ပါရဟန်းတို့အား သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ်ပြ၍ ဆုံးဖြတ်ခဲ့ပါ။
(က) မိမိ၌ ဈာန် မဂ်ဖိုလ်တရားထင်ရှားရှိလျက် လူပုဂ္ဂိုလ်တို့အား ပြောသောရဟန်း။ (ခ) ဆွမ်းခံသွားခိုက် စာအုပ်ယူကာစာ၌သာ စိတ်ဝင်စားလျက် ဆွမ်းခံသောရဟန်း။ (ဂ) ခေါင်းကိုခြုံရမ်း ညနေချမ်းခါ မြို့ရွာတွင်းသွား ထမင်းစားသောရဟန်း။

ဖြေ ။ (က) ဘူတာရောစနသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်။
(ခ) ပတ္တသညီ ပဋိဂ္ဂဟဏသိက္ခာပုဒ်အရ ဒုက္ကဋ်။
(ဂ) ခေါင်းကိုခြုံရမ်း ဩဂုဏ္ဌိတသိက္ခာပုဒ်အရ ဒုက္ကဋ်။
ညနေချမ်းခါ မြို့ရွာတွင်းသွား ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်၊ ထမင်းစား ဝိကာလဘောဇနသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်။

မေး ။ အောက်ပါတို့ကို သိက္ခာပုဒ်နှင့်တကွ အာပတ်တပ်၍ ဆုံးဖြတ်ပြပါ။
(က) ရဟန်းကို တိရစ္ဆာန်ဟု စွပ်စွဲသောရဟန်း။
(ခ) ကျောင်းသူမနှင့် သံပြိုင်အဘိဓမ္မာပိဋကကို ရွတ်ဆိုသောရဟန်း။
(ဂ) မြေခွက်သွားအောင် အားစိုက်၍တျင်ငယ်စွန့်သောရဟန်း။
(ဃ) နေမကောင်း၍ သီးခြားနေရာပေးထားသောပုဂ္ဂိုလ်၏နေရာကို တိုးဝှေ့၍နေသောရဟန်း။
(င) သမ္မုတိမရဘဲ နေညိုချိန်၌ ဘိက္ခုနီကို ဆုံးမသောရဟန်း။

http://www.dhammadownload.com



ဖြေ ။ (က) ဩမသဝါဒသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။
(ခ) ပဒသောဓမ္မသိက္ခာပုဒ်ဖြင့် ပါစိတ်။
(ဂ) ပထဝီခဏနသိက္ခာပုဒ်ဖြင့် ပါစိတ်။
(ဃ) အနုပခဇ္ဇသိက္ခာပုဒ်ဖြင့် ပါစိတ်။
(င) အတ္တဂ္ဂံတသိက္ခာပုဒ်ဖြင့် ပါစိတ်။

မေး ။ အောက်ပါရဟန်းတို့အား သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ်အမည်ပြ၍ ဖြေဆိုခဲ့ပါ။
(က) ရဟန်းတစ်ပါးကို အမူလကပါရာဇိကဖြင့် စွပ်စွဲသောရဟန်း၊
(ခ) ရဟန်းတစ်ပါးကို အမူလကသံဃာဒိသိသ်ဖြင့် စွပ်စွဲသောရဟန်း၊
(ဂ) ကျန်းမာလျက် မတ်တပ်ရပ်ကာကျင်ငယ်စွန့်သောရဟန်း၊
(ဃ) ဆွမ်းစားရင်း စကားများသောရဟန်း၊
(င) ဆွမ်းစားဆဲအခါ၌ ဘိက္ခုနီမ စီရင်သည်ကို မတားမြစ်ဘဲဆက်၍စားသောရဟန်း။

ဖြေ ။ (က) ဒုဋ္ဌဒေါသသိက္ခာပုဒ်အရ သံဃာဒိသေသ် (ခ) အမူလကသိက္ခာပုဒ်အရ ပါစိတ် (ဂ) ဌိတောဥစ္စာရသိက္ခာပုဒ်အရ ဒုက္ကဋ် (ဃ) သေခိယ သက္ကစ္စဘုဥ္စနသိက္ခာပုဒ်အရ ဒုက္ကဋ် (င) ဒုတိယ ပါဋိဒေသနိယသိက္ခာပုဒ်အရ ပါဋိဒေသနီအာပတ်။

မေး ။ ဖော်ပြပါရဟန်းတော်များအား သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ်နှင့်တကွ ဖော်ပြပါ။
(က) မိမိ၌ ထင်ရှားမရှိသော ဈာန် မဂ်ဖိုလ်တရားကို ထင်ရှားရှိဟန်ဆောင်၍ပြောသောရဟန်း (ခ) မိန်းမပျိုအား ကာယသံသဂ္ဂရာဂဖြင့် လက်ဆွဲနှုတ်ဆက်သောရဟန်း (ဂ) ဆွေမျိုးမတော်သော ဘိက္ခုနီမ၏ လှူဒါန်းသော သင်္ကန်းကိုလဲလှယ်မှုမရှိဘဲ ခံယူသောရဟန်း (ဃ) ရဟန်းတော်တို့ တရားသဖြင့် ပြုအပ်ပြီးသော ကံများကို ဆန္ဒပေးပြီးနောက် ကဲ့ရဲ့ရှုတ်ချသောရဟန်း (င) ဆွမ်းလုတ်ကို ကိုက်ဖြတ်၍စားသောရဟန်း

ဖြေ ။ (က) ဥတ္တရိမနုဿသိက္ခာပုဒ်အရ ပါရာဇိက (ခ) ကာယသံသဂ္ဂသိက္ခာပုဒ်အရ သံဃာဒိသေသ် (ဂ) စီဝရဒါနသိက္ခာပုဒ်အရ ပါစိတ် (ဃ) ကမ္မပ္ပဋိဗာဟန သိက္ခာပုဒ်အရ ပါစိတ် (င) ကဗဠာဝစ္ဆေဒက သိက္ခာပုဒ်အရ ပါစိတ်။

http://www.dhammadownload.com



မေး ။ အောက်ဖော်ပြပါ ရဟန်းတို့အား သင့်ရောက်သောအာပတ်တို့ကို သိက္ခာပုဒ် နာမည်တပ်၍ ဆုံးဖြတ်ပါ။
(က) သမ္မုတိမရဘဲ ရဟန်းတစ်ပါး၏ သံဃာဒိသေသ်အာပတ်ကို လူတစ်ယောက်အား ပြောမိသောရဟန်း၊ (ခ) စိတ်ဆိုးသောကြောင့် အပြစ်မရှိသောရဟန်းကို သံဃိကကျောင်းမှနှင်ထုတ်သောရဟန်း၊
(ဂ) ရဟန်းမ စီမံအပ်သောဆွမ်းကိုစားမိသောရဟန်း၊
(ဃ) လက်ဆောင်အတွက် စီရင်ထားသောမုန့်တို့ကို လေးသပိတ် အလှူခံသောရဟန်း၊ (င) ဇနီးမောင်နှံနှစ်ယောက် စည်းစိမ်ခံနေသောအိပ်ခန်း၌ အလိုက်မသိ ဝင်ထိုင်သောရဟန်း။

ဖြေ ။ (က) ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်အရ ပါစိတ် (ခ) နိက္ကဍ္ဎနသိက္ခာပုဒ် အရ ပါစိတ် (ဂ) ပရိပါစိတသိက္ခာပုဒ်အရ ပါစိတ် (ဃ) ကာဏမာတု သိက္ခာပုဒ်အရ ပါစိတ် (င) သဘောဇနသိက္ခာပုဒ်အရ ပါစိတ်။

မေး ။ အောက်ဖော်ပြပါ ရဟန်းတို့အား သင့်ရောက်သောအာပတ်တို့ကို သိက္ခာပုဒ်နာမည်တပ်၍ ဆုံးဖြတ်ပါ။ (က) ငါရဟန္တာဖြစ်နေပြီဟု ဝါကြွားပြောဆိုသောရဟန်း (ခ) ကိုယ်တိုင်မမြင်တွေ့ဘဲ ရဟန်း တစ်ပါးကိုလူထွက်စေလို၍ မာတုဂါမနှင့်မေထုန်မှုပြုသည်ဟုစွပ်စွဲသော ရဟန်း (ဂ) စတုမဓုကို အကပ်ခံပြီး (၇) ရက်လွန်မှ စားသောရဟန်း (ဃ) အဆောတလျင်ဖြစ်ပေါ်လာသော ကိစ္စမရှိဘဲ နေလွဲအခါ၌ ရဟန်းတစ်ပါးကို အသိမပေးဘဲ မြို့ထဲသွားသော ရဟန်း (င) ဆွမ်းစားရာ၌ လက်ကိုလျက်၍စားသောရဟန်း။

ဖြေ ။ (က) ဥတ္တရိမနုဿဓမ္မသိက္ခာပုဒ်အရ - ပါရာဇိက (ခ) အညာဘာဂိယ သိက္ခာပုဒ်အရ - သံဃာဒိသေသ် (ဂ) ဘေသဇ္ဇသိက္ခာပုဒ်အရ နိဿ ဂ္ဂိပါစိတ် (ဃ) ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ် သုဒ္ဓပါစိတ် (င) ဟတ္ထ နိလ္လေဟကသိက္ခာပုဒ်အရ ဒုက္ကဋ်။

မေး ။ အောက်ဖော်ပြပါ ရဟန်းတို့အား အာပတ်တို့ကို သိက္ခာပုဒ်အမည် တပ်၍ ဆုံးဖြတ်ပါ။
(က) သံဃာကိုညှင်းဆဲသောရဟန်း (ခ) ဆွမ်းစားသည့်အခါ တောင် ကြည့် မြောက်ကြည့်၍ စားသောရဟန်း (ဂ) သက်နှီးရောင်းသော ရဟန်း (ဃ) မိမိ၏ချွန်တရားကို ဒါယကာအားပြောကြားမိသော

http://www.dhammadownload.com



ရဟန်း (င) ညောင်စောင်းပေါ်၌လဲ အဆာသွတ်မွေ့ယာကို ခင်းအိပ်သောရဟန်း။

ဖြေ ။ (က) အညဝါဒကသိက္ခာပုဒ်-သုဒ္ဓပါစိတ် (ခ) သက္ကစ္စဘုဥ္စနသိက္ခာပုဒ် ဒုက္ကဋ် (ဂ) ရှုပိယသံဝေါဟာရ သိက္ခာပုဒ် နိဿဂ္ဂိပါစိတ် (ဃ) ဒုဗ္ဗလ္လာရောစန သိက္ခာပုဒ် သုဒ္ဓပါစိတ်။ (င) တူလောနဒ္ဓသိက္ခာပုဒ် ပါစိတ်။

**ပထမငယ်တန်းအတွက်အာဝတ္တိဝိနိစ္ဆယပြီး၏။**

http://www.dhammadownload.com



# အာပတ္တိဝိနိစ္ဆယကဏ္ဍ

## ပထမလတ်တန်းအတွက်

မေး ။ အကာလသက်န်းကို ကာလသက်န်းဟု ဆောက်တည်၍ ဝေဖန်သော ရဟန်း မိန်းမနှင့်တရားသဖြင့်သက်န်းဝေဖန်မှုကို ကန့်ကွက်သော ရဟန်းမိန်းမတို့အား သင့်သောအာပတ်အသီးသီးဖော်ပြပါ။ (၂၇ခု)

ဖြေ ။ (က) နိဿဂ္ဂိပါစိတ် (အကာလစီဝရသိက္ခာပုဒ်)။

(ခ) သုဒ္ဓပါစိတ် (ပဋိဗာဟနသိက္ခာပုဒ်)။

မေး ။ ကိုယ်ခန္ဓာ ခန့်ကျန်းပါလျက် ထောပတ်၊ ဆီပျား၊ ပဏီတ ဝတ္ထုများကို တောင်း၍ သုံးဆောင်သော ဘိက္ခုနီမအား အသီးသီးအာပတ်သင့်သည်ဆိုရာ အဘယ်သိက္ခာပုဒ်တို့ဖြင့် အဘယ်အာပတ်များသင့်ပါသနည်း ဖော်ပြပါ။ (၂၈-ခု)

ဖြေ ။ ထောပတ်ကိုတောင်း၍ သုံးဆောင်လျှင် သပ္ပိဝိညာပန သိက္ခာပုဒ်ဖြင့် ပါဋိဒေသနီအာပတ်။ ဆီကိုတောင်း၍သုံးဆောင်လျှင် တေလဝိညာပန သိက္ခာပုဒ်ဖြင့် ပါဋိဒေသနီအာပတ်။ ပျားရည်ကိုတောင်း၍ သုံးဆောင်လျှင် မဓုဝိညာပန သိက္ခာပုဒ်ဖြင့် ပါဋိဒေသနီအာပတ်သင့်ပါသည်။

မေး ။ ယုံမှားဖွယ်ရာ တစ်စုံတစ်ရာမရှိပါဘဲလျက် ပါရာဇိက သံဃာဒိသေသ်အာပတ်တို့ဖြင့် အချင်းချင်းစွပ်စွဲသော ဘိက္ခုနီမအား အဘယ်အာပတ်သင့်ပါသနည်း။ ဆိုင်ရာသိက္ခာပုဒ်အမည်ကိုညွှန်ပြ၍ ဖြေဆိုပါ။

ဖြေ ။ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲလျှင် ဒုဋ္ဌဒေါသသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်။ သံဃာဒိသေသ်အာပတ်ဖြင့် စွပ်စွဲလျှင် အမူလကသိက္ခာပုဒ်ဖြင့် ပါစိတ်။

မေး ။ အောက်ပါရဟန်း မိန်းမတို့အား သင့်နိုင်သောအာပတ် အသီးသီးကို သိက္ခာပုဒ်ညွှန်း၍ ဖြေဆိုပါ။ (၃၁-ခု)

(က) ရဟန်းရှိသောကျောင်းတွင်းသို့ မပန်ကြားဘဲဝင်သော ရဟန်းမိန်းမ (ခ) ရဟန်း၏ရှေ့၌မပန်ကြားဘဲထိုင်သော ရဟန်းမိန်းမ (ဂ) ရဟန်းအား ရေရွတ်ဆဲရေးသော ရဟန်းမိန်းမ (ဃ) လှူဖွယ်ကိစ္စကို ဆောင်ရွက်သောရဟန်းမိန်းမ၊

http://www.dhammadownload.com



ဖြေ ။ (က) အာရာမဝင် အာရာမပဝိသနသိက္ခာပုဒ်ဖြင့် ပါစိတ် (ခ) ဆတ္တု ပါဟနဝင် အနာပုစ္ဆာသိက္ခာပုဒ်ဖြင့် ပါစိတ် (ဂ) အာရာမဝင် ဘိက္ခု အက္ကောသန သိက္ခာပုဒ်ဖြင့်ပါစိတ် (ဃ) စိတ္တာဂါရဝင် ဂိဟိဝေယျာဝစ္စ သိက္ခာပုဒ်ဖြင့် ပါစိတ်။

မေး ။ ကာယသံသဂ္ဂသိက္ခာပုဒ်လာ မာတုဂါမ၊ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်လာ မာတုဂါမ၊ အတ္တကာမ ပါရိစရိယသိက္ခာပုဒ်လာ မာတုဂါမတို့၏ အထူးကိုရေးသား၍၊ အောက်ပါရဟန်းတို့အား သင့်နိုင်သော အာပတ်တို့ကိုလည်းဖော်ပြပါ။ (၃၃ ခု) (က) မိမိ၏ကိုယ်ဖြင့် မာတုဂါမ၏ ကာယပ္ပဋိဗဒ္ဓဝတ္ထုကို ထိသောရဟန်း (ခ) မိမိ၏ ကာယပ္ပဋိဗဒ္ဓဝတ္ထုဖြင့် မာတုဂါမ၏ ကိုယ်ကိုထိသောရဟန်း (ဂ) မိမိ၏ ကာပ္ပဋိဗဒ္ဓဝတ္ထုဖြင့် မာတုဂါမ၏ ကာယပ္ပဋိဗဒ္ဓကိုထိသောရဟန်း။

ဖြေ ။ (က) ထုလ္လစ္စဉ်း (ခ) ထုလ္လစ္စဉ်း (ဂ) ဒုက္ကဋ်။

မေး ။ ပထမ အနိယတသိက္ခာပုဒ်အရ မာတုဂါမ၏ အတူနေသောရဟန်းအား မည်သည့်သိက္ခာပုဒ်ဖြင့် မည်သည့်အာပတ်များ ဖြစ်သင့်သည်ကို ဆုံးဖြတ်ပါ။ (၃၃ ခု)

ဖြေ ။ ပထမ ပါရာဇိက သိက္ခာပုဒ်ဖြင့် ပါရာဇိက၊ ကာယသံသဂ္ဂသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်၊ ရဟောပဋိစ္ဆန္နသိက္ခာပုဒ်ဖြင့် ပါစိတ်။

မေး ။ အောက်ပါရဟန်း မိန်းမတို့အား မည်သည့်သိက္ခာပုဒ်ဖြင့် မည် သည့် အာပတ်များသင့်သည်ကို ဖော်ပြပါ။ (၃၄ ခု) (က) ပိုးပန်းသည့် သဘောဖြင့် ပေးလှူသော ယောက်ျား၏ဆွမ်းကိုရာဂဖြင့် စွတ်ဆိုလျက် ခံယူသောရဟန်းမိန်းမ (ခ) ညဥ့်အခါ အဖော်မပါ တစ်ယောက် တည်းအိပ်သောရဟန်းမိန်းမ (ဂ) အေးသောအခါ ခြုံရန် ကျပ်နှစ် ဆယ်တန်ခြုံထည်ကိုတောင်းသော ရဟန်းမိန်းမ (ဃ) ခုတင်တစ်ခု တည်း၌ နှစ်ယောက်အတူအိပ်သောရဟန်း (င) အဖျား၌ ဝန်တိုသော ရဟန်းမိန်းမ။

ဖြေ ။ (က) ဘောဇနေ ပဋိဂ္ဂဟဏ ပထမသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်။ (ခ) ဧကဂါမန္တရဂမန သိက္ခာပုဒ်ဖြင့်သံဃာဒိသေသ် (ဂ) ဂရုပါဝုရဏ သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ် (ဃ) ဧကမဉ္စတုဝဋ္ဋနသိက္ခာပုဒ်ဖြင့် ပါစိတ် (င) ကုလမစ္ဆရိနီသိက္ခာပုဒ်ဖြင့်ပါစိတ်။

http://www.dhammadownload.com



မေး ။ သံဃာသို့ ညီညွတ်ပြီးသောလာဘ်ကို မိမိသို့ညွတ်စေသောရဟန်း နှင့် ပုဂ္ဂိုလ်တစ်ပါးသို့ညွတ်စေသောရဟန်းတို့အား မည်သည့်အာပတ်များ သင့်ကြပါသနည်း။ (၃၆-ခု)

ဖြေ ။ မိမိသို့ညွတ်စေသောရဟန်းအား နိဿဂ္ဂိပါစိတ်။ ပုဂ္ဂိုလ်တစ်ပါးသို့ ညွတ်စေသောရဟန်းအား သုဒ္ဓပါစိတ်။

မေး ။ ကုသာဝဟာရဖြင့် ခိုးယူခြင်းမျိုး၌ အကယ်၍ မိမိခိုးလိုသောစိတ် ဖြင့် လဲလှယ်၍ယူခဲ့သော စာရေးတံမဲပစ္စည်းသည် မိမိ၏ စာရေး တံမဲပစ္စည်းထက် တန်ဖိုးနည်းပါမူ ပါရာဇိကသို့ရောက် မရောက် ဆုံးဖြတ်၍ ပါရာဇိကကျရောက်ခဲ့သော် အဘယ်အချိန်အခါတွင် ကျရောက်မည်ကိုလည်း ဖြေဆိုခဲ့ပါ။ (၃၉-ခု)

ဖြေ ။ ပါရာဇိကသို့ရောက်ပါသည်။ မိမိအတွက် စာရေးတံမဲကို ပထမယူရာ ၌လည်းကောင်း၊ ချရာ၌လည်းကောင်း အာပတ်မသင့်သေး။ သူတစ်ပါး အတွက် စာရေးတံမဲကို ပထမယူရာ၌လည်းကောင်း၊ ချရာ၌လည်း ကောင်း မိမိအတွက် စာရေးတံမဲကောက်ယူရာ၌လည်းကောင်း အာပတ်မသင့်သေး။ သူတစ်ပါးအဖို့၌ချလျှင် လက်မှလွတ်ကာမျှဖြင့် ပါရာဇိကကျသည်။

မေး ။ အောက်ပါဘိက္ခုနီမတို့အား သင့်ရောက်နိုင်သောအာပတ်များကို သိက္ခာပုဒ်အမည်နှင့်ယှဉ်တွဲ၍ဖြေဆိုခဲ့ပါ။ (၄၀-ခု)
(က) သပိတ်စုဆောင်းသောဘိက္ခုနီမ၊ (ခ) အကာလစီဝရကို ကာလစီဝရဟုဆောက်တည်၍ ဝေဖန်သောဘိက္ခုနီမ၊ (ဂ)ဗိုက်ငင်၍ လူမှုကိစ္စကိုဆောင်ရွက်သောဘိက္ခုနီ၊ (ဃ) ရဟန်းယောကျ်ားရှိသည် ကိုသိလျက် အရံတွင်းသို့ဝင်သောဘိက္ခုနီ၊ (င) ဂိုဏ်းဂဏကို ဆဲရေး သောဘိက္ခုနီမ။

ဖြေ ။ (က) ပတ္တသန္နိစယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်။
(ခ) အကာလစီဝရဘာဇနသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်။
(ဂ) ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်ဖြင့် ပါစိတ်။
(ဃ) အာရာမပဝိသနသိက္ခာပုဒ်ဖြင့် ပါစိတ်။
(င) ဂဏပရိဘာသနသိက္ခာပုဒ်ဖြင့် ပါစိတ်။

မေး ။ လသုဏဝဂ်နဝမသိက္ခာပုဒ်လာ ဟရိတနှင့် သေခိယပါဒုကဝဂ်လာ ဟရိတအထူးတို့ကိုဖော်ပြ၍၊ ပဝါရဏာကို ဘိက္ခုနီမများ ဘယ်နှစ် ကြိမ်ပြုရပါသနည်း။ (၄၁-ခု)

http://www.dhammadownload.com



ဖြေ ။ ဘိက္ခုနီသံဃာ၌ တစ်ကြိမ်၊ ဘိက္ခုသံဃာ၌တစ်ကြိမ် ပေါင်းနှစ်ကြိမ်ပြုရပါသည်။

မေး ။ (က) ထီးဆောင်သောဘိက္ခုနီ (ခ) ထီးဆောင်း၊ ဖိနပ်စီးသောဘိက္ခုနီ (ဂ) ထီးဆောင်းသောဘိက္ခု (ဃ) လက်ပတ်နာရီပတ်သောဘိက္ခုနှင့် ဘိက္ခုနီတို့၏အာပတ်ကိုဖော်ပြပါ။

ဖြေ ။ (က) ဒုက္ကဋ် (ခ) ပါစိတ် (ဂ) ဒုက္ကဋ် (ဃ) ဘိက္ခုအား ဒုက္ကဋ်၊ ဘိက္ခုနီမ အား ပါစိတ်။

မေး ။ ရဟန်းတို့အား အပ်စပ်သောပစ္စည်း (ကပ္ပိဘဏ္ဍာ)တို့ကို မွေးမိခင်နှင့် အချင်းချင်းလဲလှယ်သောရဟန်းအား နိဿဂ္ဂိကယဝိက္ကယ သိက္ခာပုဒ်အရ အပြစ်ရှိ၊ မရှိ စိစစ်ဆုံးဖြတ်ပါ။ (၄၇-ခု)

ဖြေ ။ နာနပ္ပကာရကပစ္စည်းကို ကယဝိက္ကအမှုပြုရာ၌ မည်သည့်ပုဂ္ဂိုလ်၌မဆို နိဿဂ္ဂိပါစိတ်အာပတ်ဟု ဆိုထားခြင်းကြောင့် မိခင်နှင့်အချင်းချင်း လဲလှယ်သောရဟန်းအား အပြစ်ရှိပါသည်။

မေး ။ ဖော်ပြပါရဟန်းတော်များအား သင့်ရောက်နိုင်သည့်အာပတ်တို့ကို သိက္ခာပုဒ်နှင့်တကွ ယှဉ်တွဲပြပါ။ (၄၈-ခု)
(က) ဒေါသစိတ်ဖြင့် သီလဝန္တရဟန်းအား ပါရာဇိကအာပတ်ဖြင့် စွပ်စွဲသောရဟန်း၊ (ခ) ခဝါသည်ထံမှတက်ထရွန်သက်န်းကို ကိုယ်တိုင်လဲလှယ်သောရဟန်း၊ (ဂ) ခုတင်ပေါ်၌ ဝါဂွမ်းမွေ့ရာကိုခင်းပြီး အိပ်သောရဟန်း၊ (ဃ) မြို့တွင်းရွာတွင်း၌ ကေသီကို လက်တစ်ဘက်ဖြင့် ပင့်မြှောက်ပြီး ဟန်ပါပါသွားသောရဟန်း၊ (င) စစ်ရေးပြပွဲကို သွားကြည့်သောရဟန်း။

ဖြေ ။ (က) ဒုဋ္ဌဒေါသသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ် (ခ) ကယဝိက္ကသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်၊ (ဂ) တူလောနဒ္ဓသိက္ခာပုဒ်ဖြင့် ပါစိတ်၊ (ဃ) ဥက္ခိတ္တကာဂမနသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်၊ (င) ဥယျောဓိကသိက္ခာပုဒ် ပါစိတ်။

မေး ။ ဖော်ပြပါရဟန်းတို့အား သင့်သောအပြစ်များကို သိက္ခာပုဒ်နှင့် ယှဉ်တွဲဖြေဆိုပါ။ (၅၀-ခု)
(က) ကထိန်အာနိသင်မရဘဲ သင်္ကန်းတို့ အဓိဋ္ဌာန်ဝိကပ္ပနာမပြုမူ၍ ၁၀ ရက်ထက်လွန်ပြီးထားသောရဟန်း၊ (ခ) သံဃာစည်းလုံး ညီညွတ်မှု ပျက်ပြားစေရန် ကုန်းတိုက်သောရဟန်း၊ (ဂ) အမေးကို ရှောင်လွှဲ

http://www.dhammadownload.com



ဖြေသောရဟန်း၊ (ဃ) စပ်စပ်(ပြတ်ပြတ်) အသံထွက်အောင် ဆွမ်းဘုဉ်းပေးသောရဟန်း၊ (င) ဆွမ်းလုံးပါးသော သပိတ်ဆေးရေကို ရွာတွင်း၌စွန့်သောရဟန်း။

ဖြေ ။ (က) ကထိနသိက္ခာပုဒ်ဖြင့် ပါစိတ် (ခ) ပေသုညသိက္ခာပုဒ်ဖြင့်ပါစိတ် (ဂ) အညဝါဒကသိက္ခာပုဒ်ဖြင့်ပါစိတ် (ဃ) စပုစပု ကာရကသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။ (င) သသိတ္ထက သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။

မေး ။ အောက်ပါရဟန်းတို့အား သင့်ရောက်သောအာပတ်ကို အတိအကျ ညွှန်ပြခဲ့ပါ။ (၅၀-ခု)

(က) ပဏ္ဍုက်၌ ပဏ္ဍုပ်မှန်းသိလျက် ဒုဋ္ဌုလ္လဝါစာပြောသောရဟန်း၊
(ခ) ပဏ္ဍုက်၌ အမျိုးသမီးအမှတ်ဖြင့် ဒုဋ္ဌုလ္လဝါစာပြောသောရဟန်း၊
(ဂ) ဒုဋ္ဌုလ္လဝါစာနားမလည်သော အမျိုးသမီးအား ဒုဋ္ဌုလ္လဝါစာပြောသောရဟန်း။

ဖြေ ။ (က) ထုလ္လစ္စည်း (ခ) ဒုက္ကဋ် (ဂ) ထုလ္လစ္စည်း။

မေး ။ (က) ရဟန္တာပုဂ္ဂိုလ်များပင် အာပတ်သင့်နိုင်သော သံဃာဒိသေသ်သိက္ခာပုဒ်အမည်နှင့် (ခ) အမှတ်အသားမပြုရဘဲ မစင်ကဲ့သို့ စွန့်ပစ်ရမည့် အရာဝတ္ထုတို့ကိုလည်း ထုတ်ပြခဲ့ပါ။ (၅၂-ခု)

ဖြေ ။ (က) သဉ္စရိတ္တသိက္ခာပုဒ် (ခ) ရွှေ ငွေ စသော နိဿဂ္ဂိယဝတ္ထု၊ ပုလဲ စသော ဒုက္ကဋ်ဝတ္ထုများဖြစ်ပါသည်။

မေး ။ အောက်ပါရဟန်းတို့အား သင့်ရောက်သည့်အပြစ်များကို အသီး သီး ဖြေဆိုပါ။ (၅၁-ခု)

(က) ဆွေမျိုးမတော်သော ရဟန်းမထံမှ သင်္ကန်းအလှူခံသောရဟန်း။
(ခ) ဆွေမျိုးမတော်သော ရဟန်းမအား သင်္ကန်းပေးသောရဟန်း။
(ဂ) ဆွေမျိုးမတော်သော ရဟန်းမနှင့် သင်္ကန်း လဲလှယ် သော ရဟန်း။

ဖြေ ။ (က) နိဿဂ္ဂိပါစိတ် (စီဝရပဋိဂ္ဂဟနသိက္ခာပုဒ်) (ခ) ပါစိတ် (စီဝရဒါန သိက္ခာပုဒ်) (ဂ) အပြစ်မရှိ (စီဝရဒါနသိက္ခာပုဒ်လာ - အညတြ ပါရိဝတ္တကာပါဌ်ကိုထောက်)

မေး ။ အညာတိကာဘိက္ခုနီအထံမှ အလျား ၁၂ ထွာ၊ အနံ ၉ ထွာရှိသော သင်္ကန်းကြီးကို အလှူခံ၍ ကပ္ပဗိန္ဒုမထိုးဘဲ ဝတ်ရုံသောရဟန်းအား သင့်ရောက်သည့် အာပတ်ကို သိက္ခာပုဒ်တပ်၍ ဆုံးဖြတ်ပါ။ (၅၁ခု)

http://www.dhammadownload.com



ဖြေ ။ စီဝရပဋိဂ္ဂဟန သိက္ခာပုဒ်အရ - နိဿဂ္ဂိပါစိတ်။ နန္ဒသိက္ခာပုဒ်အရ သုဒ္ဓပါစိတ်၊ ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်အရ - သုဒ္ဓပါစိတ်။

မေး ။ ဖော်ပြပါလတ္တံ့ပါ ရဟန်းတော်တို့အား သင့်ရောက်သော အာပတ်ကို ဝဂ်၊ သိက္ခာပုဒ်တို့နှင့် ယှဉ်တွဲဖော်ပြပါ။
(က) သင်အသက်နှစ် ဆယ်မပြည့်ဘဲ ရဟန်းတက်သည်ဟုပြောသော ရဟန်း။ (ခ) အကြောင်းမရှိဘဲ ညနေဘက်ရွာထဲ လည်သောရဟန်း။ (ဂ) ဟင်းရည်ကို တရှူးရှူးမြည်အောင်သောက်သော ရဟန်း (၅၂-ခု)။

ဖြေ ။ (က) သဟဓမ္မိကဝဂ်၊ သဉ္စိစ္စသိက္ခာပုဒ်အရ ပါစိတ်။ (ခ) ရတနဝဂ် ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်အရ ပါစိတ်အာပတ် (ဂ) သေခိယ သုရုသုရုကာရက သိက္ခာပုဒ်အရ - ဒုက္ကဋ်။

မေး ။ တရားမဝင်ငွေစက္ကူများအပေါ်၌ လက်မှတ်ရေးထိုးမှုကိစ္စများ ပြုလုပ်သောရဟန်းအား အပြစ်သင့်နိုင်၊ မသင့်နိုင်အကြောင်း သာဓကနိုင်စေလျက် ဆုံးဖြတ်ပါ။ (၅၁-ခု)

ဖြေ ။ တရားမဝင်ငွေစက္ကူများသည် အရောင်းအဝယ်အတွက် အသုံးဝင်သော ပစ္စည်းမဟုတ်သောကြောင့် အပြစ်မသင့်နိုင်ပါ။

မေး ။ "လူထွက်ချင်သည်"ဟု ပြောဆိုသော ရဟန်းအား သိက္ခာကျ၊ မကျ ရှင်းလင်းဖြေဆိုပါ။

ဖြေ ။ လူထွက်ချင်သည်ဟု ပြောခြင်းသည် တိုက်ရိုက်လူထွက်မည်ဟူသော အပြောမျိုးမဟုတ်သောကြောင့် သိက္ခာမကျပါ။

မေး ။ "ဗုဒ္ဓမြတ်စွာ သာသနာ၊ ရောင်ဝါနေသို့ ထွန်းစေသော်" သိက္ခာပုဒ်ဖြင့် လူပုဂ္ဂိုလ်တို့နှင့် သံပြိုင်သီဆိုသော ရဟန်းအား 'ပဒသောဓမ္မ' သိက္ခာပုဒ်ဖြင့် အပြစ်ရှိ၊ မရှိ စိစစ်ပြပါ။ (၄၈-ခု)

ဖြေ ။ သင်္ဂါယနာတင်သုံးတန်ဝင် ပါဠိအဋ္ဌကထာ ဓမ္မကို ပါဠိဘာသာဖြင့် ပို့ချမှုမျိုး မဟုတ်သောကြောင့် အပြစ်မရှိပါ။

မေး ။ ရဟန်းတစ်ပါးသို့ မလိုမုန်းထားစိတ်ဖြင့် မဟုတ်မမှန် လုပ်ကြံစွပ်စွဲသော ရဟန်းအား သင့်ရောက်နိုင်သော အပြစ်တို့ကို သိက္ခာပုဒ် အမည်တို့နှင့် ယှဉ်တွဲဖော်ပြပါ။ (၅၃-ခု)

ဖြေ ။ ဒုဋ္ဌဒေါသသိက္ခာပုဒ်အရ - သံဃာဒိသေသ်။ အမူလက သိက္ခာပုဒ်အရ သုဒ္ဓပါစိတ်။

F22 A

http://www.dhammadownload.com



မေး ။ အောက်ပါ ရဟန်းတို့အား မည်သည့်ဝဂ်၊ မည်သည့်သိက္ခာပုဒ်ဖြင့် မည်သည့်အာပတ်သင့်ပါသနည်း။ အသီးသီးဖြေဆိုပါ။ (၅၄-ခု)

(က) သံဃာလာဘ်ကို မိမိသို့ညွတ်စေသော ရဟန်း

(ခ) မူးယစ်ဆေးဝါး သုံးစွဲသောရဟန်း (ဂ) ဝိနည်းသိက္ခာပုဒ်များကို ကဲ့ရဲ့ရှုတ်ချသောရဟန်း (ဃ) ကျန်းမာပါလျက်ရပ်၍ ကျင်ငယ်စွန့်သောရဟန်း။

ဖြေ ။ (က) ပတ္တဝဂ် - ပရိဏတသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်။

(ခ) သုရာပါနဝဂ် - သုရာပါန သိက္ခာပုဒ်ဖြင့်ပါစိတ်။

(ဂ) သဟဓမ္မိကဝဂ် - ဝိလေခနသိက္ခာပုဒ်ဖြင့် ပါစိတ်။

(ဃ) ပါဒုကဝဂ် - ဋ္ဌိတောဥစ္စာရ သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။

မေး ။ ရရှိလာသော သက်န်းအသစ်ကို ဒုဗ္ဗဏ္ဏကရဏဖြစ်အောင် (ကပ္ပဗိန္ဒု ထိုးမှု) ပြုရာ၌ အသုံးပြုနိုင်သည့် အဆင်းအရောင်သုံးမျိုး၏ သရုပ်ကို ပါဠိ = မြန်မာတွဲ၍ ဖော်ပြပြီးလျှင်၊ အောက်ပါရဟန်းတော်တို့အား "အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ်သင့်ပါသနည်း" ဖြေဆိုပြခဲ့ ပါ။ (၅၅-ခု) (က) သမ္မုတိမရဘဲ ရဟန်းမတို့ကို ဆုံးမသောရဟန်း (ခ) မုန့်ခဲဖွယ်များကို အကပ်မခံဘဲ ဘုဦးပေးသောရဟန်း (ဂ) နှစ်ညဥ့် သုံးညဥ့်ထက် အလွန်တစ်ကပ်အတွင်း၌ နေထိုင်သောရဟန်း။

ဖြေ ။ (က) ဩဝါဒသိက္ခာပုဒ်ဖြင့်ပါစိတ်။ (ခ) ဒန္တပေါနသိက္ခာပုဒ်ဖြင့် ပါစိတ်။ (ဂ) သေနာဝါသသိက္ခာပုဒ်ဖြင့် ပါစိတ်။

မေး ။ အောက်ဖော်ပြပါရဟန်းတို့အား သင့်ရောက်နိုင်သောအာပတ်ကို အတိအကျညွှန်ပြခဲ့ပါ။

(က) မိန်းမကို တိရစ္ဆာန်အမှတ်ဖြင့်ကိုင်သောရဟန်း။

(ခ) သက်န်းဖြင့်ငွေကိုလဲလှယ်သောရဟန်း။

(ဂ) ငွေနှင့်ရွှေကို လဲလှယ်သောရဟန်း။

(ဃ) ရွှေဖြင့် ပတ္တမြားကိုလဲလှယ်သောရဟန်း။

(င) ပတ္တမြားဖြင့် ကျွန်မိန်းမကိုလဲလှယ်သောရဟန်း။

ဖြေ ။ (က) ထုလ္လစ္စည်း။ (ခ) နိဿဂ္ဂိပါစိတ်။ (ဂ) နိဿဂ္ဂိပါစိတ်။ (ဃ) နိဿဂ္ဂိပါစိတ် (င) နိဿဂ္ဂိပါစိတ်။

မေး ။ ဖော်ပြပါရဟန်းတို့အား သင့်ရောက်သောအပြစ်တို့ကို ဖြေဆိုပါ။

(က) လူတို့ချက်ပြုတ် ဆွမ်းတစ်လုပ်စားသောရဟန်း။

http://www.dhammadownload.com



(ခ) အချင်းချင်းလက်ချောင်းထိုးကစားသောရဟန်း။
(ဂ) မာတုဂါမနှင့် ချိန်းချက်ပြီး အခြားရွာသွားသောရဟန်း။
(ဃ) သက်န်းရရန်ရှိ၍ မပြောပဲ အမျိုးအိမ်သွားလည်သောရဟန်း။
(င) မွန်းလွဲချိန်၌ အရေးပေါ်ကိစ္စဖြင့် ရွာထဲအလစ်ထွက်သော ရဟန်း။

ဖြေ ။ (က) ပရိပါစိတသိက္ခာပုဒ်အရ - ပါစိတ်။
(ခ) အင်္ဂုလိပတောဒကသိက္ခာပုဒ်အရ - ပါစိတ်။
(ဂ) သပ္ပါဏကဝဂ် သံဝိဓာနသိက္ခာပုဒ်အရ - ပါစိတ်။
(ဃ) စာရိတ္တသိက္ခာပုဒ်အရ - ပါစိတ်။
(င) ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်အရ - ပါစိတ်။

မေး ။ တစ်စုံတစ်ယောက်က သံဃာသင်းခွဲသောရဟန်း၊ သံဃာဒိသိသ် အာပတ်သင့်သည်ဟု ပြောလာလျှင် ငါ့ရှင်မည်သို့ဖြေရှင်းမည်နည်း ပြေလည်မှုရအောင် ဖြေရှင်းပြခဲ့ပါ။

ဖြေ ။ ဉာတ်အဆုံး၌ ဒုက္ကဋ်၊ ကမ္မဝါစာနှစ်ကြိမ်အဆုံး၌ ထုလ္လစ္စည်းနှစ်ချက်၊ "ယဿနက္ခမတိ၊ သောဘာသေယျ" ဟူ၍ တတိယကမ္မဝါစာအဆုံး ယျအက္ခရာသို့ရောက်သောအခါ ဉာဏ်အဆုံး၌ ဒုက္ကဋ်နှင့် ကမ္မဝါစာ ၂ ကြိမ်အဆုံးတွင် သင့်ရောက်သောထုလ္လစ္စည်းအာပတ်နှစ်ချက်တို့သည် ဒေသနာမကြားရဘဲ အလိုအလျောက် ငြိမ်းပျောက်၍ သံဃာဒိသေသ် အာပတ်သင့်ရောက်သည်ကို ထောက်ဆ၍ သံဃာသင်းခွဲသောရဟန်း မှာ သင်းခွဲရုံမျှဖြင့် သံဃာဒိသေသ်အာပတ်မသင့်၊ ဒုက္ကဋ်၊ ထုလ္လစ္စည်း အာပတ်တို့သာသင့်ပါသည်။

**ပထမလတ်တန်းအတွက်အာဝတ္တိဝိနိစ္ဆယပြီး၏။**

http://www.dhammadownload.com



# အာပတ္တိဝိနိစ္ဆယကဏ္ဍ

## ပထမကြီးတန်းအတွက်

မေး ။ အောက်ပါဘိက္ခုနီမတို့အား သင့်သောအာပတ်ကိုအသီးသီးဖော်ပြပါ။ (ကြီး၊ ၂၇-ခု)

(က) ကိုယ်ကိုထုရုံသာထု၍မငိုသောဘိက္ခုနီမ။

(ခ) ငိုရုံသာငို၍ မထုသောဘိက္ခုနီမ။

(ဂ) ထုလည်းထု ငိုလည်းငိုသောဘိက္ခုနီမ။

(ဃ) တစ်ယောက်တည်း မြစ်တဖက်သို့သွားသောဘိက္ခုနီမ။

ဖြေ ။ (က) ဒုက္ကဋ်။ (ခ) ဒုက္ကဋ်။ (ဂ) ပါစိတ်။ (ဃ) သံဃာဒိသေသ်။

အမှာ။ (ဥဘယကရောန္တီ ယာဝပါစိတ္တိယံ (ကင်္ခါ-၃၂၁) ကိုထောက်၍ ထုမှု၊ ငိုမှု နှစ်မျိုးလုံးကိုပြုသောဘိက္ခုနီမအားသာလျှင် ပါစိတ်အာပတ် သင့်သည်။)

မေး ။ အောက်ပါအမှုများကိုပြုလုပ်သော ဘိက္ခုနီမတို့အား သင့်သော အာပတ်တို့ကို အသီးသီးဖော်ပြပါ။ (ကြီး၊ ၃၀-ခု)

(က) သင်္ကန်းအတွက်လှူသောကပ္ပိယဝတ္ထုဖြင့် ဆေးကိုယူခြင်း။

(ခ) ဆိတ်ကွယ်ရာ၌ယောကျ်ားနှင့် နှစ်ဦးချင်းစကားပြောဆိုခြင်း။

(ဂ) မကျန်းမာသောတပည့်မကို လျစ်လျူရှုထားခြင်း။

(ဃ) လက်ကောက်ဝတ်ဆင်ခြင်း။

(င) ကျန်းမာလျက် နို့ကိုတောင်းသောက်ခြင်း။

ဖြေ ။ (က) နိဿဂ္ဂီပါစိတ်။ (ခ၊ဂ၊ဃ) သုဒ္ဓပါစိတ်။ (င) ပဋိဒေသနီအာပတ်။

မေး ။ ဘေးရန်ရှိ၏ဟု သံသယဖြစ်သောရွာတပါးသို့ အဖော်ကုန်သည် မပါဘဲသွားသောဘိက္ခုနီမအား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ် အာပတ်များသင့်နိုင်သည်ကို ဖော်ပြပါ။ (ကြီး၊ ၃၂-ခု)

ဖြေ ။ အန္တောရဋ္ဌသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်ပါသည်။

မေး ။ ပထမကြီးတန်းကို မသမာသောနည်းဖြင့် ဖြေဆိုအောင်မြင်၍ ဆုဝတ္ထု များကိုခံယူခဲ့သော် ခိုးခြင်း (၂၅) ပါးတို့တွင် အဘယ်၌ ပါဝင်သည်ကို ဖော်ပြပြီးလျှင် မည်သည့်အာပတ်သင့်နိုင်သည်ကို လည်း ဆုံးဖြတ်ချက် ချမှတ်ပါ။ (ကြီး၊ ၃၃-ခု)

http://www.dhammadownload.com



ဖြေ ။ ထေယျာဝဟာရနိုးခြင်း၌ ပါဝင်ပါသည်။ နိသကဟာပဏ္ဍပါဒ၏ ကာလတန်ဖိုးကိုလိုက်၍ ဒုက္ကဋ်၊ ထုလ္လစ္စည်း၊ ပါရာဇိကအာပတ်များသင့်ပါသည်။ ပထမကြီးတန်းအောင် ဆုတစ်ရာကျပ်သည်လည်းကောင်း၊ ပထမကြီးတန်း၏ အရှိန်အဝါကြောင့် ရရှိလာသောလာဘ်လာဘများသည်လည်းကောင်း နိသကဟာပဏ္ဍ၏ ပါဒထက် တန်ဖိုးမြင့်သောကြောင့် ပါရာဇိကအာပတ်သင့်ပါသည်။

မေး ။ (က) ကာယသံသဂ္ဂရာဂဖြင့် အမျိုးသမီးတစ်ဦးတည်း၏ လက်ငါးချောင်းကို တပေါင်းတည်းကိုင်သောရဟန်း။ (ခ) အမျိုးသမီး ၅ ယောက်တို့၏ လက်ငါးချောင်းကို တပေါင်းတည်းကိုင်သောရဟန်း (ဂ) အမျိုးသမီးကို လက်တစ်ဖက်ဖြင့်မလွှတ်ပဲကိုင်ပြီး အခြားလက်တစ်ဖက်ဖြင့် တစ်နေ့လုံး တကိုယ်လုံးကို သုံးသပ်သောရဟန်း။ (ဃ) နတ်သမီး၊ ဘီလူးမ၊ မျောက်မ၊ ခွေးမတို့အား သုံးသပ်သောရဟန်းတို့အား အဘယ်အာပတ်များ အဘယ်မျှသင့်နိုင်သည်ကို အသီးသီး ဖော်ပြပါ။ (ကြီး၊ ၃၃-ခု)

ဖြေ ။ (က) သံဃာဒိသိသ်တစ်ချက်။ (ခ) သံဃာဒိသိသ် ၅ ချက်။ (ဂ) သံဃာဒိသိသ်တစ်ချက်။ (ဃ) ထုလ္လစ္စည်းအာပတ်။

မေး ။ (က) ဒုက္ကဋ်ဝတ္ထုဖြင့် ဒုက္ကဋ်ကပ္ပိယဝတ္ထုကိုလည်းကောင်း။
(ခ) ကပ္ပိယဝတ္ထုဖြင့် ဒုက္ကဋ်ဝတ္ထုကိုလည်းကောင်း။
(ဂ) နိဿဂ္ဂိယဝတ္ထုဖြင့် နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋ်ဝတ္ထု၊ ကပ္ပိယဝတ္ထုကိုလည်းကောင်း။
(ဃ) ကပ္ပိယဝတ္ထု၊ ဒုက္ကဋ်ဝတ္ထုတို့ဖြင့် နိဿဂ္ဂိယဝတ္ထုကိုလည်းကောင်း လဲလှယ်ရာ၌ သင့်သောအာပတ်အသီးသီးတို့ကို ဖော်ပြပါ။ (ကြီး၊ ၃၃-ခု)

ဖြေ ။ (က) ဒုက္ကဋ်။ (ခ) ဒုက္ကဋ်။ (ဂ) နိဿဂ္ဂိပါစိတ်။ (ဃ) နိဿဂ္ဂိပါစိတ်အာပတ်သင့်သည်။

မှတ်ချက်။ တဖက်ဖက်က နိဿဂ္ဂိယဝတ္ထုပါလျှင် နိဿဂ္ဂိပါစိတ်အာပတ်သင့်သည်။

မေး ။ (က) သပ္ပိ၊ နဝနီတ၊ တေလ၊ မဓု၊ ဖာဏိတ ၅ မျိုးတို့ကို ကျန်းမာလျက်ဆေးအတွက် တောင်းခံသောရဟန်း။

http://www.dhammadownload.com



(ခ) မစ္ဆ၊ မံသ၊ ခီရ၊ ဒဓိ ၄ မျိုးတို့ကို တျန်းမာလျက် တောင်းခံသောရဟန်းတို့အား အဘယ်သိက္ခာပုဒ်အရ အဘယ်အာပတ်များသင့်သည်ကိုဖော်ပြ၍ ဒန္တပေါဏသိက္ခာပုဒ်၏ အနုပညတ်ကိုလည်း ထုတ်ပြပါ။ (ကြီး၊ ၃၃-ခု)

ဖြေ ။ (က) အစေလကဝဂ် မဟာနာမသိက္ခာပုဒ်အရ - ပါစိတ်။

(ခ) သေခိယသက္ကစ္စဝဂ်သူပေါဒနသည္တ္တိသိက္ခာပုဒ်အရ - ဒုက္ကဋ်။

မေး ။ စေတီတည်ရန်အတွက် ငွေအလှူခံသောရဟန်းနှင့် မိခင်ထံမှ ကပ္ပိယဘဏ္ဍာကို မိမိ၏ကပ္ပိယဘဏ္ဍာနှင့် လဲလှယ်ယူသော ရဟန်းတို့အား မည်သည့်အာပတ်များသင့်သည်ကို ဖော်ပြ၍ ပဝါရိတ် သင့်ခြင်း အင်္ဂါ ၅ ပါးကိုလည်းရေးပါ။ (ကြီး၊ ၃၄-ခု)

ဖြေ ။ စေတီအတွက် ငွေအလှူခံသောရဟန်းအား ဒုက္ကဋ်။ မိဘနှင့်ကပ္ပိယဘဏ္ဍာချင်းလဲလှယ်လျှင် နိဿဂ္ဂိပါစိတ်။

မေး ။ ဝါတွင်း၌ အကြောင်းကိစ္စမရှိပဲ ညဥ့်အိပ်ခရီးသွားသောရဟန်းယောကျ်ား၊ ရဟန်းမိန်းမနှင့် နန်းတော်သို့သွား၍ကြည့်ရှုသော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့အား သင့်သောအာပတ်များကိုဖော်ပြပါ။ (ကြီး၊ ၃၄-ခု)

ဖြေ ။ (က) ရဟန်းအား ဒုက္ကဋ်၊ ရဟန်းမအား ပါစိတ်။ (ခ) ရဟန်းအား ဒုက္ကဋ်၊ ရဟန်းမအား ပါစိတ်။

မေး ။ ခရီးလမ်းဆုံ၌ ယောကျ်ားနှင့် တစ်ယောက်ချင်းရပ်လျက် စကားပြောသော ဘိက္ခုနီမနှင့် မပန်ကြားပဲ ဒါယကာတို့အိမ်မှပြန်သွားသော ဘိက္ခုနီမတို့အား သင့်သောအာပတ်အသီးသီးတို့ကို ဖော်ပြပြီးလျှင်၊ ဘိက္ခုနီမ၏ လခွဲအတွင်းရေချိုးနိုင်သောသမယတို့ကို လည်း တိကျစွာ ပိုင်းခြားဖော်ပြပါ။ (ကြီး၊ ၃၄-ခု)

ဖြေ ။ (က) ပါစိတ်။ (ခ) ပါစိတ်။

မေး ။ နိဿာရဏီယံ သံဃာဒိသေသံ၌ နိဿာရဏီယအရ နှင်ထုတ်ခြင်း အဓိပ္ပာယ်ကိုရေး၍ အောက်ပါဘိက္ခုနီမတို့ သင့်နိုင်သောအာပတ်များကိုလည်း ဖော်ပြပါ။ (ကြီး၊ ၃၆-ခု)

(က) ပွဲကြည့်ရန်သွားနေသောရဟန်းမိန်းမ။

(ခ) မနာဖျားပဲ ပဲဆီကို တောင်းသောရဟန်း။

ဖြေ ။ (က) ဒုက္ကဋ်၊ (ခ) ပါဋိဒေသနီအာပတ်။

http://www.dhammadownload.com



မေး ။ ပုရိသသံသဋ္ဌ၊ ကုမာရကသံသဋ္ဌတို့၌ ပုရိသနှင့် ကုမာရတို့၏ ထူးခြားပုံကိုဖော်ပြ၍ ရွှေဘီးကိုဆောင်ထားသော ဘိက္ခုနီမအားသင့်နိုင်သော အာပတ်နှင့် သိက္ခာပုဒ်အမည်တို့ကို ဖြေဆိုခဲ့ပါ။ (ကြီး၊ ၃၇-ခု)

ဖြေ ။ ရွှေဘီးကိုဆောင်သောဘိက္ခုနီမအား ရူပိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊ ဣတ္ထာလင်္ကာရသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

မေး ။ အောက်ပါတို့ကြောင့် ဘိက္ခုနီမအား သင့်သောအာပတ်တို့ကို သိက္ခာပုဒ်အမည်များနှင့် ယှဉ်တွဲဖော်ပြပါ။ (ကြီး၊ ၃၇-ခု)

(က) မနာမဖျားမူ၍ အမဲသားကိုတောင်း၍ များများစားလိုသဖြင့် ဆွမ်းဖြင့်ဖုံးလွှမ်း၍ စားသောဘိက္ခုနီမ။

(ခ) ကရပိက်ခန်းမသို့ သွားရောက်ကြည့်ရှုသောဘိက္ခုနီမ။

(ဂ) ပေါင်ရင်း၌ပေါက်သောအနာကို ဘိက္ခုနီသံဃာအား မပန်ကြားမူ၍ ဆေးဆရာနှင့် တစ်ယောက်ချင်း ဖောက်ခွဲကုသသော ဘိက္ခုနီမ။

(ဃ) တစ်ယောက်ထီးတည်း အခြားရွာတစ်ရွာသို့သွားရာ အခြားရွာ၏ဥပစာသို့ ခြေတစ်လှမ်းဝင်မိသောဘိက္ခုနီမ။

(င) ညောင်စောင်းတစ်ခုတည်း၌ နှစ်ယောက်တွဲ၍အိပ်သော ဘိက္ခုနီမ။

ဖြေ ။ (က) မံသဝိညာပနသိက္ခာပုဒ်ဖြင့် ပါဋိဒေသနီအာပတ်။ ဩဒနပဋိစ္ဆာဒန၊ သူပေါဒနဝိညတ္တိ သိက္ခာပုဒ်တို့ဖြင့် ဒုက္ကဋ်။

(ခ) ရာဇာဂါရသိက္ခာပုဒ်ဖြင့် ပါစိတ်။

(ဂ) ပသာခေဇာတသိက္ခာပုဒ်ဖြင့် ပါစိတ်။

(ဃ) ဂါမန္တရဂမနသိက္ခာပုဒ်ဖြင့် ထုလ္လစ္စည်း။

(င) ဧကမဉ္စတုဝဋ္ဋနသိက္ခာပုဒ်ဖြင့် ပါစိတ်။

မေး ။ ဖော်ပြပါရဟန်းမတို့အား ဖြစ်သင့်သောအပြစ်ကို သက်ဆိုင်ရာ သိက္ခာပုဒ်အမည်နှင့်တကွ ယှဉ်တွဲဖော်ပြပါ။ (ကြီး၊ ၅၀-ခု)

(က) နွေဥတု၌ ၂၀ အသပြာတန်သော ခြုံထည်ကိုဝယ်ခိုင်းသော ရဟန်းမ။

(ခ) ဆွမ်းဘုဉ်းပေးနေသောရဟန်းတော်များ ဆွမ်းဝိုင်းအနီး၌ ယပ်ခတ်ပေးသောရဟန်းမ။

(ဂ) ရဟန်းများကိုဆဲသောရဟန်းမ။

http://www.dhammadownload.com



(ဃ) မကျန်းမာသောတပည့်မကို မပြုစုသောရဟန်းမ။
(င) အတူနေတပည့်မကို ရဟန်းမ ပြုပေးပြီး စာချမပေးသော ရဟန်းမ။

ဖြေ ။ (က) နိဿဂ္ဂိပါစိတ် (လဟုပါဝုရဏသိက္ခာပုဒ်)၊
(ခ) ပါစိတ် (ဥပတိဋ္ဌနသိက္ခာပုဒ်)၊
(ဂ) ပါစိတ် (ဘိက္ခုအဗ္ဘောသနသိက္ခာပုဒ်)၊
(ဃ) ပါစိတ် (နဥပဋ္ဌာပနသိက္ခာပုဒ်)၊
(င) ပါစိတ် (ပထမသဟဇီဝိနီသိက္ခာပုဒ်)။

မေး ။ အောက်ပါရဟန်းတော်တို့အား သိက္ခာပုဒ်အမည်ထောက်ထား၍ အာပတ်တပ်ပြပါ။ (ကြီး၊ ၅၁-ခု)
(က) ထောပတ်ကို ဆေးအတွက်တောင်းသော အဂိလာနရဟန်း။
(ခ) အသားကိုတောင်းသော အဂိလာနရဟန်း။
(ဂ) ထောပတ်ဆွမ်းကိုတောင်းသောအဂိလာနရဟန်း။

ဖြေ ။ (က) မဟာနာမသိက္ခာပုဒ်အရ ပါစိတ်အာပတ်။
(ခ) သူပေါဒနသိက္ခာပုဒ်အရ ဒုက္កဋ်အာပတ်။
(ဂ) ပဏီတဘောဇနသိက္ခာပုဒ်အရ ပါစိတ်အာပတ်။

မေး ။ (က) မိမိ၏အာပတ်ကို ဖုံးထားသောရဟန်း (ခ) ဘဏ်၌ ငွေစုဆောင်းသောရဟန်း (ဂ) တိရစ္ဆာန်ဥယျာဉ်သို့သွားကြည့်သော ရဟန်း (ဃ) လက်ပတ်နာရီကို အလှပတ်သောရဟန်း (င) ထောပတ်တောင်းစားသော အဂိလာနရဟန်းတို့ကို အာပတ်သင့်မသင့် အာပတ်အမည်တပ်၍ဆုံးဖြတ်ပါ။ (ကြီး၊ ၅၁-ခု)

ဖြေ ။ (က) သမ္ဗဟုနမုသာဝါဒဒုက္ကဋ်အာပတ်။ (ခ) နိဿဂ္ဂိပါစိတ်။
(ဂ) ဒုက္ကဋ်။ (င) ဒုက္ကဋ်။

မေး ။ ဖော်ပြလတ္တံ့သော ရဟန်း၊ ရဟန်းမတို့အား သင့်ရောက်သည့် အပြစ်တို့ကို ဝင်၊ သိက္ခာပုဒ်တို့နှင့် ယှဉ်တွဲဖော်ပြ ဖြေဆိုပါ။ (ကြီး၊ ၅၃-ခု)
(က) အစိဋ္ဌာန်ဝိကပ္ပနာမပြုပဲ သပိတ်ကိုသိုမှီးသိမ်းဆည်းသော ရဟန်း၊ ရဟန်းမ။
(ခ) မေးသည်ကိုမပြောဘဲ တခြားစကားကိုပြောဆိုသော ရဟန်း၊ ရဟန်းမ။

http://www.dhammadownload.com



(ဂ) စေတနာဆိုးဖြင့် သူတပါး (ရဟန်း၊ ရဟန်းမ) ကုက္ကုစ္စဖြစ်အောင် ပြောဆိုသောရဟန်း၊ ရဟန်းမ။

ဖြေ ။ (က) ရဟန်းအား ပတ္တဝဂ်၊ ပတ္တသိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ်။ ရဟန်းမအား ပတ္တဝဂ်၊ ပတ္တသန္နိစယသိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ်။

(ခ) ရဟန်း၊ ရဟန်းမ နှစ်ဦးစလုံး ဘူတဂါမဝဂ်၊ အညဝါဒကသိက္ခာပုဒ်အရ ပါစိတ်။

(ဂ) ရဟန်းအား သဟဓမ္မိကဝဂ် သဉ္စိစ္စသိက္ခာပုဒ်အရ ပါစိတ်၊ ရဟန်းမအား ဒိဋ္ဌိဝဂ်၊ သဉ္စိစ္စသိက္ခာပုဒ်အရ ပါစိတ်။

မေး ။ ဖော်ပြပါရဟန်း၊ ရဟန်းမတို့အား သင့်ရောက်သည့်အပြစ်တို့ကို သိက္ခာပုဒ်နှင့်ယှဉ်တွဲဖြေဆိုပါ။ (ကြီး၊ ၄၈-ခု)

(က) ဆွေမျိုးမတော်သောဘိက္ခုနီမ၏လက်ထဲ ခဲဖွယ်၊ ဘောဇဉ်ကို ခံယူ၍စားသောရဟန်း။

(ခ) အသတ်ခံရမည့်သူခိုးမကို မင်းစသည်တို့အား မပန်ကြားဘဲ ရဟန်းခံပေးသောရဟန်းမ။

(ဂ) ဂီတဆည်းဆာပွဲကို သွားရောက်ကြည့်ရှုသောရဟန်းမ။

(ဃ) ဘိက္ခုနီသံဃာကို ခြိမ်းခြောက်ပြောဆိုသောရဟန်းမ။

ဖြေ ။ (က) ပါဋိဒေသနီ (ပဌမပါဋိဒေသနိယသိက္ခာပဒ)၊

(ခ) သံဃာဒိသိသ် (စောရိဝုဋ္ဌာပိကာသိက္ခာပဒ)၊

(ဂ) ပါစိတ် (နစ္စဂီတ သိက္ခာပဒ)၊

(ဃ) ပါစိတ် (ပရအဘိသပနသိက္ခာပဒ)၊

(င) ပါစိတ် (ဂဏပရိဘာသနသိက္ခာပဒ)။

မေး ။ ဘိက္ခုနီသံဃာဒိသိသ် "စောရိဝုဋ္ဌာပိကာ" သိက္ခာပုဒ်နှင့် "ဂဏ" နှင့် "ဂဏစီဝရ" သိက္ခာပုဒ်လာ "ဂဏ" တို့၏ ထူးခြားချက်ကို ရေးသားပြီးလျှင် ဖော်ပြပါရဟန်းမတို့အား သင့်ရောက်သော အာပတ်ကိုလည်း သိက္ခာပုဒ်နှင့် ယှဉ်တွဲပြပါ။ (ကြီး၊ ၄၈-ခု)

(က) သက်န်းတစ်ထည်ကို ငါးရက်ကျော်အောင်ဝတ်သောရဟန်းမ၊

(ခ) ဝါကျွတ်ပြီးသော် ခရီးမထွက်ဘဲနေသောရဟန်းမ၊

(ဂ) မိဘ၊ လင်သား ခွင့်မပြုသောသိက္ခမာန်ကို ရဟန်းခံပေးသောရဟန်းမ၊

ဖြေ ။ စောရိဋ္ဌာပိကာသိက္ခာပုဒ်၌ ဗိဿနိုးကို ကိုးကွယ်ဆည်းကပ်သူအပေါင်း

http://www.dhammadownload.com



ကဒဲနတ်ကို ကိုးကွယ်ဆည်းကပ်သူအပေါင်းစသည်သည် ဂဏမည်၏။ ဂဏာစိဝရသိက္ခာပုဒ်၌ - ဂဏာအရ ဘိက္ခုနီသံဃာကို ယူရပါသည်။ ဤသို့ခြားနားပါသည်။

(က) သဃာဋိစာရသိက္ခာပုဒ်အရ - ပါစိတ်။

(ခ) စာရိကနပက္ကမနသိက္ခာပုဒ်အရ - ပါစိတ်။

(ဂ) အနုညာတသိက္ခာပုဒ်အရ - ပါစိတ်။

မေး ။ ကပ္ပဝိန္ဒုမထိုးဘဲ သင်္ကန်းသစ်ကိုဝတ်ရုံသောရဟန်း (ခ) ဆွမ်းစားပြီး လက်မဆေးဘဲ သောက်ရေခွက်ကိုကိုင်သောရဟန်း (ဂ) မိဘတို့၏အမှုကိစ္စကို ဆောင်ရွက်ပေးသောရဟန်းမ (ဃ) သနပ်ခါး၊ မိတ်ကပ် လိမ်းခြယ်သောရဟန်းမတို့အား မည်သည့်ဝင်၊ မည်သည့်သိက္ခာပုဒ်ဖြင့် အာပတ်သင့်ပါသနည်း။ (ကြီး၊ ၅၄-ခု)

ဖြေ ။ (က) သုရာပါနဝင် ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်အရ ပါစိတ်။

(ခ) သုရုသုရုဝင် သာမိသသိက္ခာပုဒ်အရ ဒုက္ကဋ်။

(ဂ) စိတ္တာဂါရဝင် ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်အရ ပါစိတ်။

(ဃ) ဆတ္တုပါဟနဝင် ဂန္ဓဝဏ္ဏကသိက္ခာပုဒ်၊ ဝါသိတကသိက္ခာပုဒ်တို့အရ ဒုက္ကဋ်။

မှတ်ချက်။ နံ့သာသုံးစွဲမှုစသော ပုဗ္ဗပယောဂတို့၌ ဒုက္ကဋ်၊ ရေချိုးမှုပြီးဆုံးမှ ပါစိတ်ဟု ကင်္ခါ၌ဆိုထားသည်။

မေး ။ အောက်ဖော်ပြပါရဟန်းနှင့် ရဟန်းမတို့အား သင့်သောအာပတ်များကို အကိုးပြ၍ဖြေဆိုပါ။ (ကြီး၊ ၅၄-ခု)

(က) ဝါတွင်းကာလ၌ အကြောင်းတစ်စုံတစ်ရာမရှိဘဲ ညဥ့်အိပ်ခရီးသွားသောရဟန်းနှင့် ရဟန်းမ။

(ခ) ပြည်သူ့ဥယျာဉ်သို့သွား၍ကြည့်ရှုသော ရဟန်းနှင့် ရဟန်းမ။

ဖြေ ။ (က) ရဟန်းအား ဒုက္ကဋ်၊ ရဟန်းမအား ပါစိတ်။

အကိုး - ယာပနဘိက္ခုနီ အန္တောဝဿံစာရိကံစရေယျ ပါစိတ္တိယံ။

(ခ) ရဟန်းအား ဒုက္ကဋ်၊ ရဟန်းမအား ပါစိတ်။

အကိုး - ယာပနဘိက္ခုနီ ရာဇာဂါရံဝါ။ ပ။ ဒဿနာယဂစ္ဆေယျ၊ ပါစိတ္တိယံ။

မေး ။ (က) လဲဖွေ့ရာပေါ်အိပ်သောရဟန်း (ခ) လူဒကာ၊ ဒကာမများနှင့်တရားတွေ့သောရဟန်းမ (ဂ) ရေချိုးရာ၌ ကိုယ်တိုက်ဆပ်ပြာဖွေး

http://www.dhammadownload.com



သုံးသောရဟန်းမတို့အား သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ် အမည်ထောက်ပြ၍ ဖြေဆိုခဲ့ပါ။ (ကြီး၊ ၅၅-ခု)

ဖြေ ။ (က) တူလောနဒ္ဓသိက္ခာပုဒ်ဖြင့် ပါစိတ်။
(ခ) ဥဿယဝါဒိကာသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်။
(ဂ) ဂန္ဓဝဏ္ဏကသိက္ခာပုဒ်ဖြင့် ပါစိတ်။

မေး ။ အောက်ပါရဟန်း၊ ရဟန်းမတို့အား သင့်ရောက်သောအာပတ်တို့ကို သိက္ခာပုဒ်ထောက်၍ဖြေဆိုခဲ့ပါ။ (ကြီး၊ ၅၆-ခု)
(က) ပိုးကောင်များရှိသောရေထဲသို့ မြေဖို့ခိုင်းသောရဟန်း။
(ခ) ရွာထဲသို့ဝင်လာသော အညာတိကာဘိက္ခုနီမ၏လက်မှ မုန့်ခဲဖွယ်တို့ကို ကိုယ်တိုင်ခံယူ၍စားသောရဟန်း။
(ဂ) တစ်ပါးတည်း မြစ်တစ်ဖက်ကမ်းသို့ ကူးသွားသောရဟန်းမ။
(ဃ) အခန်းတွင်း၌ အမျိုးသားနှင့် တစ်ယောက်ချင်းစကားပြောသောရဟန်းမ။
(င) အခွင့်မရဘဲ ရဟန်းကို ပုစ္ဆာမေးသောရဟန်းမ။

ဖြေ ။ (က) သပ္ပါဏကသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ခ) ပဌမပါဋိဒေသနိယသိက္ခာပုဒ်ဖြင့် ပါဋိဒေသနီ၊
(ဂ) ဧကဂါမန္တရဂမနသိက္ခာပုဒ်ဖြင့် သံဃာဒိသိသ်၊
(ဃ) ပဋိစ္ဆန္နောကာသ သိက္ခာပုဒ်ဖြင့် ပါစိတ်၊
(င) ပဉှာပုစ္ဆနသိက္ခာပုဒ်ဖြင့် ပါစိတ်။

မေး ။ (က) ပုဂ္ဂလ၊ ဓမ္မကို မရှိသေသောရဟန်း (ခ) မိမိကိုယ်ကိုထုံ၍ ငိုသောရဟန်းမ (ဂ) မင်္ဂိုလ်မှ ဗီလာဖြစ်သောအတတ်ပညာကို သင်ယူသောရဟန်းမတို့အား သင့်ရောက်သောအာပတ်တို့ကို သိက္ခာပုဒ်တို့နှင့်တကွ တွဲစပ်ပြပါ။ (ကြီး၊ ၅၇-ခု)

ဖြေ ။ (က) အနာဒရိယသိက္ခာပုဒ်အရ - ပါစိတ်၊
(ခ) ရောဒနသိက္ခာပုဒ်အရ - ပါစိတ်၊
(ဂ) တိရစ္ဆာနပရိယာပုဏနသိက္ခာပုဒ်အရ - ပါစိတ်။

မေး ။ (က) သိလျက် သံဃိကလာဘ်ကို ပုဂ္ဂိုလ်အား ညွတ်စေသောရဟန်း။
(ခ) အကာလသင်္ကန်းကို ကာလသင်္ကန်းအမှတ်ဖြင့် ဝေဖန်သောရဟန်း (ဂ) ဂိလာနတပည့်မကို ဂရုမစိုက် ဖြစ်ထားသော ရဟန်းမတို့အား သင့်ရောက်သောအာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ တွဲစပ်ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ ။ (က) ပရိဏာမနသိက္ခာပုဒ်အရ - သုဒ္ဓပါစိတ်၊
(ခ) အကာလစီဝရဘာဇနသိက္ခာပုဒ်အရ - နိဿဂ္ဂိပါစိတ်၊
(ဂ) နဉပဿာပနသိက္ခာပုဒ်ဖြင့် ပါစိတ်။

မေး ။ ဖော်ပြပါရဟန်းမတို့အား ဖြစ်သင့်သောအပြစ်ကို သက်ဆိုင်ရာသိက္ခာပုဒ်နှင့်တကွ ယှဉ်တွဲဖော်ပြခဲ့ပါ။
(က) တစ်ဖက်သားစိတ်ဆင်းရဲအောင် အခွဲ့တိုက်၍ စကြံပြင်းပြင်းလျှောက်သောရဟန်းမ။
(ခ) တပည့်အရင်းအချာ နေမကောင်းဖြစ်နေပါလျက် မပြုစုသောရဟန်းမ။
(ဂ) လူမှုကိစ္စကို ကူညီဆောင်ရွက်ပေးသောရဟန်းမ။

ဖြေ ။ (က) နဉပဿာပနသိက္ခာပုဒ်အရ - ပါစိတ်။
(ခ) အဖာသုကရဏသိက္ခာပုဒ်အရ - ပါစိတ်။
(ဂ) ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်အရ - ပါစိတ်။

မေး ။ အောက်ပါဘိက္ခုနီများသင့်ရောက်သောအပြစ်များကို သိက္ခာပုဒ်ထောက်၍ ဖြေဆိုခဲ့ပါ။
(က) ယောကျ်ား၏ မိမိတကောင်ဆစ်အထက်လက်မောင်းကိုင်ခြင်းကို သာယာသောဘိက္ခုနီမ။
(ခ) ကာယသံသဂ္ဂမှုပြုလုပ်အောင် မိမိကိုယ်ကို ယောကျ်ားဘက်သို့ ညွှတ်ပေးသောဘိက္ခုနီမ။
(ဂ) လူဝတ်ကြောင်တို့နှင့် တရားတွေ့သောဘိက္ခုနီမ။

ဖြေ ။ (က) ဥဗ္ဗဇာဏုမဏ္ဍလိကာသိက္ခာပုဒ်အရ - ပါရာဇိက။
(ခ) အဋ္ဌဝတ္ထုကာသိက္ခာပုဒ်အရ - ထုလ္လစ္စည်း။
(ဂ) ဥဿယဝါဒိကာသိက္ခာပုဒ်အရ - သံဃာဒိသေသ်။

မေး ။ ဖော်ပြပါဘိက္ခုနီမများသင့်ရောက်နိုင်သည့်အပြစ်တို့ကို သိက္ခာပုဒ်နှင့်ယှဉ်တွဲပြခဲ့ပါ။
(က) ရည်းစားကပေးသောဆွမ်းကို ခံယူစားသောက်သော ဘိက္ခုနီ
(ခ) စတိတ်ရှိုးသွားကြည့်သောဘိက္ခုနီ။
(ဂ) ကပ္ပဗိန္ဒုထိုးပြီးသင်္ကန်းကို လူဝတ်ကြောင်အားပေးသော ဘိက္ခုနီ။
(ဃ) သီတင်းသုံးဖော်ဘိက္ခုနီမအား စိတ်မချမ်းသာအောင်လုပ်သောဘိက္ခုနီ။
(င) လက်ရှစ်သစ်ထက်မြင့်သောကုတင်၌ ညအိပ်သောဘိက္ခုနီ။

http://www.dhammadownload.com



ဖြေ ။ (က) ဘောဇနပဋိဂ္ဂဟဏသိက္ခာပုဒ်အရ - သံယာဒိသေသ်။
(ခ) နစ္စဂီတသိက္ခာပုဒ်အရ - ပါစိတ်။
(ဂ) စီဝရဒါနသိက္ခာပုဒ်အရ - ပါစိတ်။
(ဃ) အဖာသုကရဏသိက္ခာပုဒ်အရ - ပါစိတ်။
(င) အာသန္နပရိဘုဥ္ဇနသိက္ခာပုဒ်အရ - ပါစိတ်။

**မေး ။ (က) ခိုက်ရန်ဖြစ်သောရဟန်း (ခ) စိတ္တဇဝေဒနာရှင်ရဟန်းတို့ကို နှင်ထုတ်ရာ၌ ဝိနည်းဓမ္မကံအရ လိုက်နာရမည့်စည်းကမ်းချက်များကိုဖြေဆိုပါ။ (ကြီး၊ ၅၁-ခု)**

ဖြေ ။ (က) ခိုက်ရန်ဖြစ်သောရဟန်းကိုလည်းကောင်း၊ သူ၏ပရိက္ခရာကိုလည်းကောင်း သံယာအာရာမ်တစ်ခုလုံးမှပင် နှင်ထုတ်နိုင်၊ နှင်ထုတ်စေနိုင်သည်။
(ခ) စိတ္တဇဝေဒနာရှင်ရဟန်းကို မိမိနေရာအရပ်မှ နှင်ထုတ်ရမည်။

**မေး ။ ပါရာဇိကအာပတ်သင့်ပြီး (က) ရဟန်းဘဝဖြင့်နေသောသူ (ခ) သာမဏေဘဝဖြင့်နေသောသူနှစ်ယောက်တို့တွင် မည်သူသည် ဈာန်၊ မဂ်၊ ဖိုလ် ရနိုင်ပါသနည်း၊ ဖြေဆိုပါ။ (ကြီး၊ ၅၀-ခု)**

ဖြေ ။ သာမဏေဘဝဖြင့်နေသူသာ ဈာန်၊ မဂ်၊ ဖိုလ် ရနိုင်ပါသည်။

**ပထမကြီးတန်းအတွက်အာဝတ္တိဝိနိစ္ဆယပြီး၏။**

http://www.dhammadownload.com



## နောက်ဆက်တွဲမှတ်သားဖွယ်များ

### "အဂိလာနေန" ပါသော သိက္ခာပုဒ် (၂) ပုဒ်

၁။ အာဝသထပိဏ္ဍသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။

၂။ မဟာနာမသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။

### "အညတြတထာရူပပ္ပစ္စယာ" ပါသော သိက္ခာပုဒ် (၂)ပုဒ်

၁။ ဥယျုတ္တသေနာသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။

၂။ ဇောတိ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သုရာပါနဝဂ်။

မှတ်ချက်။ "အညတြ တထာရူပါ အစ္စာယိကာကရဏီယာ" ပါသော သိက္ခာပုဒ် မှာ သုဒ္ဓပါစိတ်၊ ရတနဝဂ် ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်ဖြစ်၏။

### "အဒိန္နံ" ပါသော သိက္ခာပုဒ် (၂)ပုဒ်

၁။ ဒုတိယပါရာဇိက(အဒိန္နာဒါန) သိက္ခာပုဒ်။

၂။ ဒန္တပေါနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်။ ဘောဇနဝဂ်။

### "အနာပုစ္ဆံ" ပါသော သိက္ခာပုဒ် (၂)ပုဒ်

၁။ ပဌမသေနာသနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။

၂။ ဒုတိယသေနာသနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။

### "အနာပုစ္ဆာ" ပါသော သိက္ခာပုဒ် (၂)ပုဒ်

၁။ စာရိတ္တသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။

၂။ ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။

အမှာ။ "အနာပုစ္ဆာ" သဒ္ဒါပါသော သိက္ခာပုဒ် (၄)ပုဒ်-ဟုလည်း ယူဆကြ သည် ပုစ္ဆာကိုကြည့်၍ အာဘော်မိအောင်ဖြေတတ်ပါစေ။

### "အနုပခဇ္ဇ" ပါသော သိက္ခာပုဒ်(၂)ပုဒ်

၁။ အနုပခဇ္ဇသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။

၂။ သဘောဇနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။

### "အာရောစေယျ" ပါသော သိက္ခာပုဒ် (၂)ပုဒ်

၁။ ဘူတာရောစနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။

၂။ ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။

http://www.dhammadownload.com



### " ဏ္ဍဒ်တသို့" ပါသော သိက္ခာပုဒ် (၂) ပုဒ်

၁။ ဦနဝီသတိဝဿသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

၂။ မောဟနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။

### " ဥဂ္ဂဏှေယျ" ပါသော သိက္ခာပုဒ် (၂)ပုဒ်

၁။ ရူပိယသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။

၂။ ရတနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။

### " ဥတ္တရိမနုဿဓမ္မ" ပါသော သိက္ခာပုဒ် (၂)ပုဒ်

၁။ ဥတ္တရိမနုဿဓမ္မ(စတုတ္ထပါရာဇိက) သိက္ခာပုဒ်၊

၂။ ဘူတာရောစနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။

### " ဥပ္ပဇ္ဇေယျ" ပါသော သိက္ခာပုဒ်၊ (၂)ပုဒ်

၁။ အကာလစီဝရသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။

၂။ အစ္စေကစီဝရသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။

### "ကာရေတဗ္ဗော" ပါသော သိက္ခာပုဒ် (၂)ပုဒ်

၁။ ပဌမ အနိယတသိက္ခာပုဒ်။

၂။ ဒုတိယ အနိယတသိက္ခာပုဒ်။

ကြည့်ရန်။ ။ ကာရေတဗ္ဗံ(၃) ပုဒ်၊ ကာရေတဗ္ဗာ(၃) ပုဒ်။

### " တတော စေ ဥတ္တရိ သာဒိယေယျ" ပါသော သိက္ခာပုဒ် (၂) ပုဒ်

၁။ တတုတ္တရိသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။

၂။ မဟာနာမ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။

### " ဒသာဟပရမံ" ပါသော သိက္ခာပုဒ် (၂) ပုဒ်

၁။ ကထိနသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။

၂။ ပတ္တသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။

### " ဒုဗ္ဗဏ္ဏကရဏ" ပါသော သိက္ခာပုဒ် (၂) ပုဒ်

၁။ နိသီဒနသန္ထတသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။

၂။ ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သုရာပါနဝဂ်။

### " ဓောဝါပေယျ" ပါသော သိက္ခာပုဒ် (၂)ပုဒ်

၁။ ပုရာဏစီဝရသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။

၂။ ဧဠကလောမဓောဝါပနသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။

http://www.dhammadownload.com



### " နာနပ္ပကာရက" ပါသော သိက္ခာပုဒ် (၂)ပုဒ်

၁။ ရူပိယသံဝေါဟာရသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။

၂။ ကယဝိက္ကယသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။

### " ပရိဏတ" ပါသော သိက္ခာပုဒ် (၂)ပုဒ်

၁။ ပရိဏတသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။

၂။ ပရိဏာမနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။

မှတ်ချက်။ ပရိဏာမေယျ-ပါသော သိက္ခာပုဒ်(၂)ပုဒ်ဆိုလျှင်လည်း ထိုသိက္ခာပုဒ်များပင်။

### "ရဟောနိသဇ္ဇ" ပါသော သိက္ခာပုဒ် (၂)ပုဒ်

၁။ ရဟောနိသဇ္ဇသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။

၂။ ရဟောနိသဇ္ဇသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။

### " ဝိပ္ပဝသေယျ" ပါသော သိက္ခာပုဒ် (၂)ပုဒ်

၁။ ဥဒေါသိတသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။

၂။ သာသင်္ကသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။

မှတ်ချက်။ "သံဝသေယျ" ပါသော သိက္ခာပုဒ်(၁)ပုဒ်၊ ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ်တည်း။

### " ဝေါရောပေယျ" ပါသော သိက္ခာပုဒ် (၂) ပုဒ်

၁။ မနုဿဝိဂ္ဂဟ(တတိယပါရာဇိက) သိက္ခာပုဒ်။

၂။ သဉ္စိစ္စသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

### " သန္တိ ဘိက္ခုံ" ပါသော သိက္ခာပုဒ် (၂)ပုဒ်

၁။ စာရိတ္တသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။

၂။ ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။

### " သန္နိဓိကာရက" ပါသော သိက္ခာပုဒ် (၂)ပုဒ်

၁။ ဘေသဇ္ဇသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။

၂။ သန္နိဓိကာရကသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။

http://www.dhammadownload.com



" သမ္ဗုဒ္ဓေယျ" ပါသော သိက္ခာပုဒ် (၂)ပုဒ်

၁။ ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

၂။ ကဏ္ဍကသိက္ခာပုဒ်၊သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

" သဟာဝဗ္ဗိက" ပါသော သိက္ခာပုဒ် (၂)ပုဒ်

၁။ ဒုဗ္ဗစသိက္ခာပုဒ်၊ သံဃာဒိသိသ်။

၂။ သဟဓမ္မိကသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။

" သိယာစ တဿ ဘိက္ခုနော" ပါသော သိက္ခာပုဒ် (၂)ပုဒ်

၁။ သာသက်သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။

၂။ သေနာဝါသသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။

" သူစိယရ" ပါသော သိက္ခာပုဒ် (၂)ပုဒ်

၁။ အပနိဓာနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သုရာပါနဝဂ်။

၂။ သူစိယရသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။

## (၃) ပုဒ်စု

" အနာဒါ" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ ဒွေဘာဂသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။

၂။ နိသီဒနသန္ထတသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။

၃။ ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သုရာပါနဝဂ်။

" အနုဒ္ဒိ သေယျ" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ ဒုဋ္ဌဒေါသသိက္ခာပုဒ်၊သံဃာဒိသိသ်။

၂။ အညာဘာဂိယသိက္ခာပုဒ်၊ သံဃာဒိသိသ်။

၃။ အမူလကသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။

" အဘိဟဋ္ဌုံ" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ တတုတ္တရိသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။

၂။ ကာဏမာတုသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။

၃။ ဒုတိယပဝါရဏာသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။

F23 A

http://www.dhammadownload.com



" အာကင်္ခမာနေန" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ အကာလစီဝရသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။

၂။ ဧဠကလောမသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။

၃။ ကာဏမာတုသိက္ခာပုဒ်၊ ဘောဇနဝဂ်။

" အာဒါတဗ္ဗ" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ ဒွေဘာဂသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။

၂။ နိသီဒနသန္ထတသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။

၃။ ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်၊သုဒ္ဓပါစိတ်၊ သုရာပါနဝဂ်။

" ဥဒ္ဒတဗ္ဗံ" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ ကထိနသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။

၂။ ဥဒေါသိတသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။

၃။ အာကာလစီဝရသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။

" ဩတိဏ္ဏော" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ ကာယသံသဂ္ဂသိက္ခာပုဒ်၊ သံဃာဒိသိသ်။

၂။ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၊ သံဃာဒိသိသ်။

၃။ အတ္တကာမပါရိစရိယသိက္ခာပုဒ်၊ သံဃာဒိသိသ်။

" ဩရေန" ပါသော သိက္ခာပုဒ် (၃) ပုဒ်

၁။ ဆဗ္ဗဿသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။

၂။ ဝဿိကသာဋိကသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။

၃။ နဟာနသိက္ခာပုဒ်၊သုဒ္ဓပါစိတ်၊ သုရာပါနဝဂ်။

" ဩဝဒေယျ" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ ဩဝါဒသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။

၂။ အတ္ထင်္ဂတသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။

၃။ ဘိက္ခုနုပဿယသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဂ်။

" ကေဒ္ဒါနမဂ္ဂ" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ သံဝိဓာနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။

၂။ ထေယျသတ္ထသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

၃။ သံဝိဓာနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

http://www.dhammadownload.com



### " ကာရေတဗ္ဗံ" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ အကာလစီဝရသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၂။ မဥ္စပီဌသိက္ခာပုဒ်၊သုဒ္ဓပါစိတ်၊ ရတနဝဂ်။
၃။ နိသီဒနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။

### " စီဝရစေတာပန္န" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ ပထမဥပက္ခဋသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ကထိနဝဂ်။
၂။ ဒုတိယဥပက္ခဋသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ကထိနဝဂ်။
၃။ ရာဇသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။

### " တတော အပရေန သမယေန" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ ဥတ္တရိမနုဿဓမ္မ(စတုတ္ထပါရာဇိက) သိက္ခာပုဒ်။
၂။ ဒုဋ္ဌဒေါသသိက္ခာပုဒ်၊ သံဃာဒိသိသ်။
၃။ အညဘာဂိယသိက္ခာပုဒ်၊ သံဃာဒိသေသ်။

### " တတော စေ ဥတ္တရိ နိက္ခိပေယျ" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ အကာလစီဝရသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ကထိနဝဂ်။
၂။ အစ္စေကစီဝရသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ပတ္တဝဂ်။
၃။ သာသင်္ကသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ပတ္တဝဂ်။

### " ဒဒေယျ" ပါသော သိက္ခာပုဒ်(၃)ပုဒ်

၁။ စီဝရဒါနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။
၂။ အစေလကသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၃။ ပဟာရသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။

### " ဒုဋ္ဌုလ္လ" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၊ သံဃာဒိသိသ်။
၂။ ဒုဋ္ဌုလ္လရောစနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။
၃။ ဒုဋ္ဌုလ္လသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

### " နိက္ခိပိတဗ္ဗံ" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ အကာလစီဝရသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ကထိနဝဂ်။
၂။ အစ္စေကစီဝရသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ကထိနဝဂ်။
၃။ ရတနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။

http://www.dhammadownload.com



### "နိက္ခိပေယျ"ပါသော သိက္ခာပုဒ် (၃)ပုဒ်

" တတော စေဥတ္တရိ နိက္ခိပေယျ" ပါသောသိက္ခာပုဒ်(၃)ပုဒ်နှင့်တူပြီ။

" နိက္ခိပိတဗ္ဗံ" ပါသော သိက္ခာပုဒ်(၃)ပုဒ်နှင့် သာသက်သိက္ခာ တစ်ပုဒ်သာ ထူးကြောင်းကိုလည်း သတိပြု။

### " ပဋိပဇ္ဇေယျ" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ သံဝိဓာနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။

၂။ ထေယျသတ္ထ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

၃။ သံဝိဓာနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

### " ပတ္တ" ပါသော သက္ခာပုဒ် (၃) ပုဒ်

၁။ ပတ္တသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ပတ္တဝဂ်။

၂။ ဦနပဉ္စဗန္ဓန သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ပတ္တဝဂ်။

၃။ အပနိဓာန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သုရာပါနဝဂ်။

### " ပရိဘုဉ္ဇေယျ" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သုရာပါနဝဂ်။

၂။ ဝိကပ္ပန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သုရာပါနဝဂ်။

၃။ သပ္ပါဏကသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

(ဆောင်)- သမ္ဘုဉ္ဇေယျ ၂-ပုဒ်မျှရှိ၊ ပရိဘုဉ္ဇေ ၃-ပုဒ်ပေ၊
ဘုဉ္ဇေ-မှာ၊၉-ပုဒ်ထား။

### " ပဝါရေယျ" ပါသော သိက္ခာပုဒ် (၃)ပုဒ်

" အဘိဟဋ္ဌုံ" ပါသော သိက္ခာပုဒ် (၃)ပုဒ်နှင့်တူပြီ။

### "ဝိညတ္တိ" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ အညာတကဝိညတ္တိ သိက္ခာပုဒ်၊နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။

၂။ သုတ္တဝိညတ္တိ သိက္ခာပုဒ်၊နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။

၃။ သူပေါဒနဝိညတ္တိသိက္ခာပုဒ်၊ သေခိယ။

### "သံဃိကေ" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ ဒုတိယသေနာသန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။

၂။ အနုပခဇ္ဇ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။

၃။ ဝေဟာသကုဋိသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။

http://www.dhammadownload.com



"သဋ္ဌိစ္စ" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ မနုဿဝိဂ္ဂဟ(တတိယပါရာဇိက) သိက္ခာပုဒ်

၂။ သဋ္ဌိစ္စ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

၃။ သဋ္ဌိစ္စ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။

" သမနုဂ္ဂါဟီယမာန" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ ဥတ္တရိမနုဿဓမ္မ(စတုတ္ထပါရာဇိက) သိက္ခာပုဒ်။

၂။ ဒုဋ္ဌဒေါသ သိက္ခာပုဒ်၊ သံဃာဒိသိသ်။

၃။ အညဘာဂိယ သိက္ခာပုဒ်၊ သံဃာဒိသိသ်။

မှတ်ချက်။ " တတော အပရေန သမယေန" ပါသော သိက္ခာပုဒ်(၃)ပုဒ်နှင့် တူ၏။

" သာဒိယေယျ" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ တတုတ္တရိ သိက္ခာပုဒ် ၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။

၂။ ရူပိယသိက္ခာပုဒ် ၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။

၃။ မဟာနာမ သိက္ခာပုဒ် ၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။

" သာသက်" ပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ သာသက်သိက္ခာပုဒ် ၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။

၂။ သံဝိဓာန သိက္ခာပုဒ် ၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။

၃။ စတုတ္ထ ပါဋိဒေသနီ သိက္ခာပုဒ်။

၄-ပုဒ်စု

" အညတြ ဘိက္ခုသမ္မုတိယာ" ပါသော သိက္ခာပုဒ် (၄)ပုဒ်

၁။ ဥဒေါသိတ သိက္ခာပုဒ် ၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။

၂။ ဆဗ္ဗဿ သိက္ခာပုဒ် ၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။

၃။ သာသက်သိက္ခာပုဒ် ၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။

၄။ ဒုဗ္ဗလ္လာရောစနသိက္ခာပုဒ် ၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။

သတိပြုရန်။ သာသက်ယ ဒုဗ္ဗလ္လာရောစန သိက္ခာပုဒ်တို့၌ " အညတြ ဘိက္ခုသမ္မုတိယာ" သည် အနုပညတ်မဟုတ်။

http://www.dhammadownload.com



### " အစိကရဏ" ပါသော သိက္ခာပုဒ် (၄)ပုဒ်

၁။ ဒုဋ္ဌဒေါသ သိက္ခာပုဒ်၊ သံဃာဒိသိသ်။

၂။ အညဘာဂိယ သိက္ခာပုဒ်၊ သံဃာဒိသိသ်။

၃။ သံဃဘေဒက သိက္ခာပုဒ်၊ သံဃာဒိသိသ်။

၄။ ဥက္ကောဋန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

### " အနည်" ပါသော သိက္ခာပုဒ် (၄)ပုဒ်

၁။ အနုပခဇ္ဇ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။

၂။ ဥယျောဇန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။

၃။ သဉ္စိစ္စ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။

၄။ ဥပဿုတိ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။

အမှာ။ "တေဒေဝပဥ္စယံကရိတွာ "ပါသော သိက္ခာပုဒ်(၄)ပုဒ် ကြည့်ပါ။

### " အနတ္တမနော" ပါသော သိက္ခာပုဒ် (၄)ပုဒ်

၁။ စီဝရ အစ္ဆိန္ဒန သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။

၂။ နိက္ကဍ္ဍန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။

၃။ ပဟာရ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

၄။ တလ·သတ္တိက သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။

### " အာကင်္ခမာန" ပါသော သိက္ခာပုဒ် (၄)ပုဒ်

၁။ အကာလစီဝရ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။

၂။ ဧဠကလောမ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။

၃။ သာသက်သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။

၄။ ကာဏမာတုသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။

(ဆောင်)အာကင်္ခမာန၊ ၄-ပုဒ်ရ- မာနေနာမှာ ! ၃-ပုဒ်သာ။

### "ဧကော ဧကာယ" ပါသော သိက္ခာပုဒ် (၄)ပုဒ်

၁။ ပဌမ အနိယတ သိက္ခာပုဒ်။

၂။ ဒုတိယ အနိယတသိက္ခာပုဒ်။

၃။ ရဟောနိသဇ္ဇ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။

၄။ ရဟောနိသဇ္ဇ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။

http://www.dhammadownload.com



" တေဒေဝ ပစ္စယံ ကရိတွာ" ပါသော သိက္ခာပုဒ် (၄)ပုဒ်
အနည်း - ပါသော သိက္ခာပုဒ် ၄-ပုဒ်နှင့်တူပြီ။

" ကုပိတာ" ပါသော သိက္ခာပုဒ် (၄)ပုဒ်
အနတ္တမနော-ပါသော သိက္ခာပုဒ် ၄-ပုဒ်နှင့်တူ၏။

" ဝဇ္ဇေယျ" ပါသော သိက္ခာပုဒ် (၄)ပုဒ်

၁။ ပဌမသေနာသနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။
၂။ ဒုတိယသေနာသန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။
၃။ ဥယျုတ္တသေနာသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၄။ ဥယျောဓိက သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။

" ဒိရတ္တတိရတ္တံ" ပါသော သိက္ခာပုဒ် (၄)ပုဒ်

၁။ ပဌမသဟသေယျ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။
၂။ သေနာဝါသ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၃။ ဥယျောဓိက သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၄။ ကဏ္ဍက သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

" ဓါရေတဗ္ဗ" ပါသော သိက္ခာပုဒ် (၄)ပုဒ်

၁။ ကထိနသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၂။ ဆဗ္ဗဿသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ကောသိယဝဂ်။
၃။ ပတ္တသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ပတ္တဝဂ်။
၄။ ဦနပဉ္စဗန္ဓနသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။

မှတ်ချက်။ " ဓာရေတဗ္ဗံ" ၂-ပုဒ်၊" ဓာရေတဗ္ဗာ" ၂-ပုဒ်ဟုခွဲခြား မှတ်သားပါ။

" ပဋိဂ္ဂဟေတဗ္ဗ" ပါသော သိက္ခာပုဒ် (၄) ပုဒ်

၁။ အကာလစီဝရ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ကထိနဝဂ်။
၂။ ဧဠကလောမ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ကောသိယဝဂ်။
၃။ အစ္စေကစီဝရ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ပတ္တဝဂ်။
၄။ ကာဏမာတုသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ဘောဇနဝဂ်။

မှတ်ချက်။ ။ " ပဋိဂ္ဂဟေတဗ္ဗံ" ၂-ပုဒ်၊ " ပဋိဂ္ဂဟေတဗ္ဗာနိ" ၁-ပုဒ်၊ " ပဋိဂ္ဂဟေတဗ္ဗာ" ၁ ပုဒ် ခွဲခြားမှတ်သားပါ။

http://www.dhammadownload.com



### " မဇ္ဈံ ဝါ ပီဠံ" ပါသော သိက္ခာပုဒ် (၄)ပုဒ်

၁။ ပဌမသေနာသန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။

၂။ ဝေဟာသကုဋိ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။

၃။ မဉ္စပီဌ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။

၄။ တူလောနဒ္ဓ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။

### " သံယိက် " ပါသော သိက္ခာပုဒ် (၄) ပုဒ်

၁။ ပရိဏတ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။

၂။ ပဌမသေနာသန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။

၃။ ဒုဗ္ဗလသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။

၄။ ပရိဏာမန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။

### " သံဝိဓာယ" ပါသော သိက္ခာပုဒ် (၄) ပုဒ်

၁။ သံဝိဓာန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။

၂။ နာဝါဘိရုဟန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။

၃။ ထေယျသတ္ထသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

၄။ သံဝိဓာန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

### " သမာပဇ္ဇေယျ" ပါသော သိက္ခာပုဒ် (၄) ပုဒ်

၁။ ကာယသံသဂ္ဂ သိက္ခာပုဒ်၊ သံဃာဒိသိသ်။

၂။ သဉ္စရိတ္တ သိက္ခာပုဒ်၊ သံဃာဒိသိသ်။

၃။ ရူပိယသံဝေါဟာရ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။

၄။ ကယဝိက္ကယ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ကောသိယဝဂ်။

(ဆောင်) - ပဋိပဇ္ဇေယျ၊ ၃-ပုဒ်မျှသာ၊ သမာပဇ္ဇေ၊ ၄-ပုဒ်ပေ၊ အာပဇ္ဇေမှာ၊ ၆-ပုဒ်ရ။

### " သဟသေယျံ" ပါသော သိက္ခာပုဒ် (၄) ပုဒ်

၁။ ပဌမသဟသေယျ သိက္ခာပုဒ်၊သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။

၂။ ဒုတိယသဟသေယျသိက္ခာပုဒ်၊သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။

၃။ ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်၊သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

၄။ ကဏ္ဍကသိက္ခာပုဒ်၊သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

မှတ်ချက် ။ ၁-၂ သိက္ခာပုဒ်တို့၌ " သဟသေယျံ" ၃-၄ သိက္ခာပုဒ်တို့၌ "သဟဝါသေယျံ" ဖြစ်ကြောင်း သတိပြုပါ။

http://www.dhammadownload.com



### "သဟတ္ထာ" ပါသော သိက္ခာပုဒ် (၄) ပုဒ်

၁။ အစေလကသိက္ခာပုဒ်၊သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၂။ ပဌမပါဠိဒေသနီ၊ သိက္ခာပုဒ်။
၃။ တတိယပါဠိဒေသနီ၊ သိက္ခာပုဒ်။
၄။ စတုတ္ထပါဠိဒေသနီ၊ သိက္ခာပုဒ်။

### " သာမံ" ပါသော သိက္ခာပုဒ် (၄) ပုဒ်

၁။ ရာဇသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၂။ စီဝရအစ္ဆိန္ဒနသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၃။ သုတ္တဝိညတ္တိသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၄။ ဝိကပ္ပနသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။

## ၅-ပုဒ်စု

### " အနုပသမ္ပန္န" ပါသော သိက္ခာပုဒ် (၄) ပုဒ်

၁။ ပဒသောဓမ္မ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။
၂။ ပဌမသဟသေယျ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။
၃။ ဘူတာရောစန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။
၄။ ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။
၅။ ဦနဝီသတိဝဿ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။

### " ဥဒက" ပါသော သိက္ခာပုဒ် (၅) ပုဒ်

၁။ သပ္ပါဏက သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။
၂။ ဒန္တပေါနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၃။ ဟာသဓမ္မ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သုရာပါနဝဂ်။
၄။ သပ္ပါဏက သိက္ခာပုဒ်၊ သပ္ပါဏကဝဂ်။
၅။ ဥဒကေဉစ္စာရ သိက္ခာပုဒ်၊ သေခိယ။

### "ဆေဒနက" ပါသော သိက္ခာပုဒ် (၅)ပုဒ်

၁။ မဉ္စပီဌ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။
၂။ နိသီဒနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။

http://www.dhammadownload.com



၃။ ကဏ္ဍပုပ္ပဋိစ္ဆဒိသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။
၄။ ဝဿိကသာဋိက သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။
၅။ နန္ဒသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။
မှတ်ချက်။ ။ "ပမာဏ" ပါသော သိက္ခာပုဒ် ၅-ပုဒ်ဆိုလျှင်လည်း အတူတူပင်။

"ယာနိ ခေါ ပန တာနိ" ပါသော သိက္ခာပုဒ် (၅)ပုဒ်

၁။ ဘေသဇ္ဇ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၂။ သာသက် သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၃။ ပဏီတဘောဇန သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ဘောဇနဝဂ်။
၄။ တတိယပါဋိဒေသနီ သိက္ခာပုဒ်။
၅။ စတုတ္ထပါဋိဒေသနီသိက္ခာပုဒ်။

"ရဟော" ပါသော သိက္ခာပုဒ် (၅) ပုဒ်

၁။ ပဌမအနိယတ သိက္ခာပုဒ်။
၂။ ဒုတိယအနိယတ သိက္ခာပုဒ်။
၃။ ရဟောနိသဇ္ဇ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၄။ ရဟောပဋိစ္ဆန္န သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၅။ ရဟောနိသဇ္ဇ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။

"သာမိစိ" ပါသော သိက္ခာပုဒ် (၅) ပုဒ်

၁။ ရာဇသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၂။ ဦနပဉ္စဗန္ဓနသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၃။ ကာဏမာတု သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၄။ သဟဓမ္မိက သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။
၅။ ရတနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။
မှတ်ချက်။ ။ သံယာဒိသိသ်နိဂုံးပါထည့်လျှင် (၆) ပုဒ်ဖြစ်၏။

"သေယျံ ကပ္ပေယျ" ပါသော သိက္ခာပုဒ် (၅) ပုဒ်

၁။ ပဌမသဟသေယျသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။
၂။ ဒုတိယသဟသေယျသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။
၃။ အနုပခဇ္ဇသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။
၄။ ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။
၅။ ကဏ္ဍကသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

http://www.dhammadownload.com



## ၆– ပုစ္ဆာ

"အယံ တတ္ထသာမီစိ" ပါသော သိက္ခာပုဒ် (၆)ပုဒ်
"သာမီစိ" ပါသော သိက္ခာပုဒ် (၅) ပုဒ် ပြန်ကြည့်ပါ။

"အာပဇ္ဇေယျ" ပါသော သိက္ခာပုဒ် (၆) ပုဒ်

၁။ ပဌမဥပက္ခဋသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၂။ ဒုတိယဥပက္ခဋသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၃။ မဟာပေသကာရသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၄။ စာရိတ္တသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ သဟဓမ္မိကဝဂ်။
၅။ ကမ္ဗုပဋိဗာဟနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။
၆။ ဒုဗ္ဗလသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။

"ခါဒေယျ" ပါသော သိက္ခာပုဒ် (၆) ပုဒ်

၁။ ပဌမပဝါရဏာသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၂။ ဝိကာလဘောဇနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၃။ သန္နိဓိကာရကသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၄။ ပဌမပါဋိဒေသနီသိက္ခာပုဒ်။
၅။ တတိယပါဋိဒေသနီသိက္ခာပုဒ်။
၆။ စတုတ္ထပါဋိဒေသနီသိက္ခာပုဒ်။

"နဝံ" ပါသော သိက္ခာပုဒ် (၆) ပုဒ်

၁။ ဒွေဘာဂ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။
၂။ ဆဗ္ဗဿသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။
၃။ နိသီဒနသန္ထတ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။
၄။ ဦနပဉ္စဗန္ဓနသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၅။ ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သုရာပါနဝဂ်။
၆။ မဉ္စပီဌသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။

"နိသဇ္ဇ ကပ္ပေယျ" ပါသော သိက္ခာပုဒ် (၆) ပုဒ်

၁။ ပဌမအနိယတသိက္ခာပုဒ်။
၂။ ဒုတိယအနိယတသိက္ခာပုဒ်။
၃။ ရဟောနိသဇ္ဇသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။

http://www.dhammadownload.com



၄။ သဘောဇနေသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊အစေလကဝဂ်။
၅။ ရဟောပဋိစ္ဆန္နသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၆။ ရဟောနိသဇ္ဇသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။

## " ပဂ္ဂဏှေယျ" ပါသော သိက္ခာပုဒ် (၆) ပုဒ်

၁။ သံဃဘေဒကသိက္ခာပုဒ်၊ သံဃာဒိသိသ်။
၂။ ဘေဒါနုဝတ္တကသိက္ခာပုဒ်၊ သံဃာဒိသိသ်။
၃။ ဒုဗ္ဗစသိက္ခာပုဒ် ၊ သံဃာဒိသိသ်။
၄။ ကုလဒူသက သိက္ခာပုဒ်၊ သံဃာဒိသိသ်။
၅။ အရိဋ္ဌသိက္ခာပုဒ်၊ သပ္ပါဏကဝဂ်။
၆။ ကဏ္ဍက သိက္ခာပုဒ်၊ သပ္ပါဏကဝဂ်။

## " သုဂတစီဝရတ္တိ" ပါသော သိက္ခာပုဒ် (၆)ပုဒ်

၁။ ကုဋိကာရ သိက္ခာပုဒ်၊ သံဃာဒိသိသ်။
၂။ နိသီဒနသန္ထတ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။
၃။ နိသီဒနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။
၄။ ကဏ္ဍုပ္ပဋိစ္ဆာဒိသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။
၅။ ဝဿိကသာဋိက သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။
၆။ နန္ဒ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။

မှတ်ချက်။ ။ " သုဂတစီဝရတ္တိ" ၁ ပုဒ် ၊ " သုဂတစီဝရတ္တိယာ" ၅ ပုဒ်။

## " သေယျ" ပါသော သိက္ခာပုဒ် (၆) ပုဒ်

၁။ ပဌမသဟသေယျသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။
၂။ ဒုတိယ သဟသေယျသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊မုသာဝါဒဝဂ်။
၃။ ဒုတိယ သေနာသန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ဘူတဂါမဝဂ်။
၄။ အနုပခဇ္ဇ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။
၅။ ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊သပ္ပါဏကဝဂ်။
၆။ ကဏ္ဍကသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊သပ္ပါဏကဝဂ်။

http://www.dhammadownload.com



# ၇–ပုစ္ဆာ

" အညတြ သမယာ" ပါသော သိက္ခာပုဒ် (၇) ပုဒ်

၁။ အညာတကဝိညတ္တိ သိက္ခာပုဒ်၊ နိဿဂ္ဂီပါစိတ်၊ ကထိနဝဂ်။
၂။ ဘိက္ခုနုပဿယ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။
၃။ သံဝိဓာန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။
၄။ ဂဏဘောဇနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၅။ ပရမ္ပရဘောဇနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၆။ စာရိတ္တ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၇။ နဟာန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သုရာပါနဝဂ်။

" အန္တမသော" ပါသော သိက္ခာပုဒ် (၇) ပုဒ်

၁။ မေထုနဓမ္မ သိက္ခာပုဒ်၊ (ပဌမပါရာဇိက သိက္ခာပုဒ်) ။
၂။ သဉ္စရိတ္တ သိက္ခာပုဒ်၊ သံဃာဒိသိသ်။
၃။ မဟာပေသကာရ သိက္ခာပုဒ်၊ နိဿဂ္ဂီပါစိတ်၊ ပတ္တဝဂ်။
၄။ သံဝိဓာန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။
၅။ အပနိဓာန သိက္ခာပုဒ်၊ သုရာပါနဝဂ်။ သုဒ္ဓပါစိတ်၊ သုရာပါနဝဂ်။
၆။ သေယျသတ္တ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။
၇။ သံဝိဓာနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

" အယံ တတ္ထ သမယော" ပါသော သိက္ခာပုဒ် (၇) ပုဒ်
" အညတြ သမယာ" ပါသော သိက္ခာပုဒ် (၇) ပုဒ်နှင့်တူပြီ။

" တံ အတိက္ကာမယတော" ပါသော သိက္ခာပုဒ် (၇) ပုဒ်

၁။ ကထိန သိက္ခာပုဒ်၊ နိဿဂ္ဂီပါစိတ်၊ ကထိနဝဂ်။
၂။ ပတ္တသိက္ခာပုဒ်၊ နိဿဂ္ဂီပါစိတ်၊ ပတ္တဝဂ်။
၃။ ဘေသဇ္ဇသိက္ခာပုဒ်၊ နိဿဂ္ဂီပါစိတ်၊ ပတ္တဝဂ်။
၄။ မဉ္စပီဌသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။
၅။ နိသီဒန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။
၆။ ကဏ္ဍုပ္ပဋိစ္ဆာဒိသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။
၇။ ဝဿိကသာဋိက သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။

http://www.dhammadownload.com



" တတ္တာယံ သမယော " ပါသော သိက္ခာပုဒ် (၇) ပုဒ်
" အညတြ သမယာ" ပါသော သိက္ခာပုဒ် (၇) ပုဒ်နှင့်တူပြီ။

" နိသဂ္ဂ" ပါသော သိက္ခာပုဒ် (၇) ပုဒ်

၁။ ပဌမ အနိယတ သိက္ခာပုဒ်။
၂။ ဒုတိယ အနိယတ သိက္ခာပုဒ်။
၃။ ရဟောနိသဇ္ဇ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။
၄။ ဥယျောဇန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၅။ သဘောဇနေသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၆။ ရဟောပဋိစ္ဆန္န သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၇။ ရဟောနိသဇ္ဇသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။

အမှာ။ ။ " နိသဇ္ဇံ" ပါသော သိက္ခာပုဒ်(၆) ပုဒ်။
" နိသဇ္ဇာ" ပါသော သိက္ခာပုဒ် (၁) ပုဒ်ဟု ထပ်မံခွဲခြားပါ။

## ၈–ပုဒ်စု

" အဂိလာနော" ပါသော သိက္ခာပုဒ် (၈) ပုဒ်

၁။ ပဏီတဘောဇန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၂။ ဇောတိ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သုရာပါနဝဂ်။
၃။ တတိယပါဋိဒေသနီသိက္ခာပုဒ်။
၄။ စတုတ္ထပါဋိဒေသနီ သိက္ခာပုဒ်။
၅။ သူပေါဒနဝိညတ္တိသိက္ခာပုဒ်၊ သေခိယ။
၆။ ဌိတောဉစ္စာရသိက္ခာပုဒ်၊ သေခိယ။
၇။ ဟရိတေဉစ္စာရသိက္ခာပုဒ်၊ သေခိယ။
၈။ ဥဒကေဉစ္စာရသိက္ခာပုဒ်၊ သေခိယ။

" ကာရာပေယျ" ပါသော သိက္ခာပုဒ် (၈) ပုဒ်

၁။ ကောသိယ သိက္ခာပုဒ်၊ နိဿဂ္ဂီပါစိတ်၊ ကောသိယဝဂ်။
၂။ သုဒ္ဓကာဠက သိက္ခာပုဒ်၊ နိဿဂ္ဂီပါစိတ်၊ ကောသိယဝဂ်။

http://www.dhammadownload.com



၃။ ဒွေဘာဂ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။
၄။ ဆဗ္ဗဿသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။
၅။ နိသီဒနသန္ထတ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။
၆။ သူစိယရသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။
၇။ တူလောနဒ္ဓ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။
၈။ နန္ဒသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။

"ကာရေတဗ္ဗ" ပါသော သိက္ခာပုဒ် (၈) ပုဒ်

၁။ ကုဋိကာရ သိက္ခာပုဒ်၊ သံဃာဒိသိသ်။
၂။ ပဌမအနိယတ သိက္ခာပုဒ်၊ သံဃာဒိသိသ်။
၃။ ဒုတိယအနိယတ သိက္ခာပုဒ်။
၄။ အကာလစီဝရ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၅။ မဥ္စပီဌ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။
၆။ နိသီဒန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။
၇။ ကဏ္ဍုပ္ပဋိစ္ဆာဒိ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။
၈။ ဝဿိကသာဋိကသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။

မှတ်ချက်။ "ကာရေတဗ္ဗံ" (၃) ပုဒ်
"ကာရေတဗ္ဗာ" (၃) ပုဒ်
"ကာရေတဗ္ဗော" (၃) ပုဒ် ဟုထပ်မံခွဲခြားသားပါလေ။

"ခါဒနီယ" ပါသော သိက္ခာပုဒ် (၈) ပုဒ်

၁။ ပဌမပဝါရဏာ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၂။ ဒုတိယပဝါရဏာသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၃။ ဝိကာလဘောဇနေ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၄။ သန္နိဓိကာရကသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၅။ အစေလကသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၆။ ပဌမပါဋိဒေသနီ သိက္ခာပုဒ်။
၇။ တတိယပါဋိဒေသနီ သိက္ခာပုဒ်။
၈။ စတုတ္ထပါဋိဒေသနီ သိက္ခာပုဒ်။

http://www.dhammadownload.com



" သံဃိက" ပါသော သိက္ခာပုဒ် (၈) ပုဒ်

၁။ ပရိဏတသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။

၂။ ပဌမသေနာသန သိက္ခာပုဒ်၊ ဘူတဂါမဝဂ်။

၃။ ဒုတိယသေနာသန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။

၄။ အနုပခဇ္ဇသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။

၅။ နိက္ကဍ္ဎနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။

၆။ ဝေဟာသကုဋိသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။

၇။ ဒုဗ္ဗလသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။

၈။ ပရိဏာမန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။

အမှာ။ ။" သံဃိကံ" ပါသော သိက္ခာပုဒ် (၄) ပုဒ်
" သံဃိကာ" ပါသော သိက္ခာပုဒ်(၄) ပုဒ်
" သံဃိကေ" ပါသော သိက္ခာပုဒ် (၄) ပုဒ် မှတ်သားပါလေ။

## ၉-ပုဒ်စု

" ဧဝံ ဝဒေယျ" ပါသော သိက္ခာပုဒ် (၉) ပုဒ်

၁။ ဥတ္တရိမနုဿဓမ္မ (စတုတ္ထပါရာဇိက) သိက္ခာပုဒ်။

၂။ ကုလဒူသက သိက္ခာပုဒ်၊ သံဃာဒိသိသ်။

၃။ ရာဇသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။

၄။ အာမိသသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။

၅။ အရိဋ္ဌသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

၆။ ကဏ္ဋက သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

၇။ သဟဓမ္မိက သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။

၈။ ဝိလေခနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။

၉။ မောဟန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။

" ကာရယမာနေန" ပါသော သိက္ခာပုဒ် (၉) ပုဒ်

၁။ ကုဋိကာရ သိက္ခာပုဒ်၊ သံဃာဒိသိသ်။

၂။ ဝိဟာရကာရသိက္ခာပုဒ်၊ သံဃာဒိသိသ်။

http://www.dhammadownload.com



၃။ ဒွေဘာဂသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။
၄။ နိသီဒနသန္ထတ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။
၅။ မဟာလ္လကဝိဟာရ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။
၆။ မဥ္စပီဌ သိက္ခာပုဒ်၊ ရတနဝဂ်။
၇။ နိသီဒနသိက္ခာပုဒ်၊ ရတနဝဂ်။
၈။ ကဏ္ဍုပ္ပဋိစ္ဆာဒိသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။
၉။ ဝဿိကသာဋိက သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။

## " ပရမ" ပါသော သိက္ခာပုဒ် (၉) ပုဒ်

၁။ ကထိန သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၂။ အကာလစီဝရ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၃။ တတုတ္တရိ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၄။ ရာဇ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၅။ ဆဗ္ဗဿ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။
၆။ ဧဠကလောမ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။
၇။ ပတ္တ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၈။ ဘေသဇ္ဇ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၉။ သာသင်္က သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။

မှတ်ချက် ။ အမှတ်(၅) ဆဗ္ဗဿ သိက္ခာပုဒ် မာတိကာ၌ " ပရမ" သဒ္ဒါ တိုက်ရိုက်မပါပေ။ ပဒဘာဇနီကျမှ " ဆဗ္ဗဿပရမတာ ဓာရေတဗ္ဗာ" ဟုပါသည်။ ပါဠိတော်ဝယ် " ဘိက္ခု၌ ၉ ပုဒ် ၊ ဘိက္ခုနီ၌ ၅ ပုဒ်၊ ပေါင်းပရမသဒ္ဒါ ပါသော သိက္ခာပုဒ်ပေါင်း(၁၄) ပုဒ် ရှိကြောင်းဆိုပါသည်။

## "ဘုဉ္ဇေယျ" ပါသော သိက္ခာပုဒ် (၉) ပုဒ်

၁။ ပရိပါစိတ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။
၂။ အာဝသထပိဏ္ဍ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၃။ ပဉ္စမပဝါရဏာသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၄။ ဝိကာလဘောဇနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၅။ သန္နိဓိကာရက သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၆။ ပဏီတဘောဇနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။

http://www.dhammadownload.com



၇။ ပဌမပါဋိဒေသနီ သိက္ခာပုဒ်။
၈။ ဒုတိယပါဋိဒေသနီ သိက္ခာပုဒ်။
၉။ စတုတ္ထပါဋိဒေသနီ သိက္ခာပုဒ်။

## ၁၀–ပုစ္ဆာ

### " မာတုဂါမ " ပါသော သိက္ခာပုဒ် (၁၀) ပုဒ်

၁။ ကာယသံသဂ္ဂ သိက္ခာပုဒ်၊ သံဃာဒိသိသ်။
၂။ ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်၊ သံဃာဒိသိသ်။
၃။ အတ္တကာမပါရိစရိယာ သိက္ခာပုဒ်၊ သံဃာဒိသိသ်။
၄။ ပဌမ အနိယတ သိက္ခာပုဒ်။
၅။ ဒုတိယ အနိယတ သိက္ခာပုဒ်။
၆။ ဒုတိယ သဟသေယျ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။
၇။ ဓမ္မဒေသနာ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။
၈။ ရဟောပဋိစ္ဆန္န သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၉။ ရဟောနိသဇ္ဇ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၁၀။ သံဝိဓာန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

မှတ်ချက်။ ။ " နိသဇ္ဇ ကပ္ပေယျ" (၆) ပုဒ် " သေယျံ ကပ္ပေယျ" (၅) ပုဒ်

### " တတာ စေ ဥတ္တရိ" ပါသော သိက္ခာပုဒ် (၁၀) ပုဒ်

၁။ အကာလစီဝရ သိက္ခာပုဒ်၊နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၂။ တတုတ္တရိ သိက္ခာပုဒ်၊နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၃။ ရာဇ သိက္ခာပုဒ်၊နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၄။ ဧဠကလောမ သိက္ခာပုဒ်၊နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။
၅။ အစ္စေကစီဝရ သိက္ခာပုဒ်၊နိဿဂ္ဂိပါစိတ်၊ပတ္တဝဂ်။
၆။ သာသင်္က သိက္ခာပုဒ်၊နိဿဂ္ဂိပါစိတ်၊ပတ္တဝဂ်။
၇။ မဟာလ္လကဝိဟာရ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။
၈။ အာဝသထပိဏ္ဍ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၉။ ကာဏမာတုသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်။

http://www.dhammadownload.com



၁၀။ မဟာနာမ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၁၁။ သေနာဝါသ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။

မှတ်ချက်။ ။ တတော စေ ဥတ္တရိ နိက္ခိပေယျ (၃) ပုဒ်။
တတော စေ ဥတ္တရိ သာဒိယေယျ (၂) ပုဒ်။
တတော စေ ဥတ္တရိ ဝါယာမမာနော (၁) ပုဒ်။
တတော စေ ဥတ္တရိ ဟရေယျ (၁) ပုဒ်။
တတော စေ ဥတ္တရိ အဓိဋ္ဌာဟေယျ (၁) ပုဒ်။
တတော စေ ဥတ္တရိ ဘုဉ္ဇေယျ (၁) ပုဒ်။
တတော စေ ဥတ္တရိ ပဋိဂ္ဂဏှေယျ (၁) ပုဒ်။

(ဆောင်) ကပ္ပေယျ- တတော စေ၊ ဤနှစ်တွေ၊ မှတ်လေ ဆယ့်တစ်စီ။

## ၁၂-ပုဒ်စု

မရှိပါ။

## ၁၃-ပုဒ်စု

### "ဇာနံ" ပါသော သိက္ခာပုဒ် (၁၃) ပုဒ်

၁။ ပရိဏာတ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၂။ အနုပခဇ္ဇ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။
၃။ သပ္ပါဏက သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။
၄။ ပရိပါစိတ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။
၅။ ဒုတိယပဝါရဏာ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၆။ သပ္ပါဏက သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။
၇။ ဥက္ကောဋန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။
၈။ ဒုဋ္ဌုလ္လ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။
၉။ ဦနဝီသတိဝဿ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။

http://www.dhammadownload.com



၁၀။ တေယျသတ္တ သိက္ခာပုဒ်၊သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။
၁၁။ ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်၊သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။
၁၂။ ကဏ္ဍက သိက္ခာပုဒ်၊သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။
၁၃။ ပရိဏာမန သိက္ခာပုဒ်၊သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။

မှတ်ချက်။ ။ ဥတ္တရိမနုဿဓမ္မ (စတုတ္ထပါရာဇိက) သိက္ခာပုဒ်၌ " အနဘိဇာန်" ပါသောကြောင့် ယင်းသိက္ခာပုဒ်တို့တွင် ထည့်သွင်းရေတွက်ကြသည်။ ပရိဝါပါဠိတော်( ၂၅၈) ၌ " သောဒသဇာနန္တိ ပညတ္တာ၊ ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ" ဟု ဟောတော်မူသောကြောင့် ထည့်သွင်း၍ မရေတွက်သင့်ပေ။ " သောဒသ" ဟူသည် ဘိက္ခုမှ ၁၃ ပုဒ်၊ ဘိက္ခုနီမှ ၃-ပုဒ်၊ ပေါင်း(၁၆) ပုဒ်တို့တည်း။ (သံယာဒိသိသ်နိဂုံး၌လည်း ဇာန်-ပါသည်ကိုသတိပြု)

၁၄-ပုဒ်စု၊ ၁၅-ပုဒ်စု မရှိပေ။

## ၁၆-ပုဒ်စု

### " ဥတ္တရိ" ပါသော သိက္ခာပုဒ် (၁၆) ပုဒ်

၁။ ဥတ္တရိမနုဿဓမ္မ (စတုတ္ထပါရာဇိက) သိက္ခာပုဒ်။
၂။ အကာလစီဝရသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၃။ တတုတ္တရိ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၄။ ရာဇသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၅။ ဧဠကလောမသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။
၆။ အစ္စေကစီဝရသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၇။ သာသင်္ကသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၈။ ပဌမသဟသေယျသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။
၉။ ဓမ္မဒေသနာသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။
၁၀။ ဘူတာရောစနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။
၁၁။ မဟာလ္လကဝိဟာရသိက္ခာပုဒ်၊ ဘူတဂါမဝဂ်။
၁၂။ အာဝသထပိဏ္ဍသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၁၃။ ကာဏမာတုသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။

http://www.dhammadownload.com



၁၄။ မဟာနာမသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၁၅။ သေနာဝါသသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၁၆။ မောဟနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။
အမှာ။ ။ " တတောစေ ဥတ္တရိ" ပါသော သိက္ခာပုဒ်၊ (၁၁) ပုဒ်နှင့် ယှဉ်ကြည့်ပါ။

## ၂၅-ပုဒ်စု

### " အညတြ" ပါသော သိက္ခာပုဒ် (၂၅) ပုဒ်

၁။ ဥတ္တရိမနုဿဓမ္မ (စတုတ္ထပါရာဇိက) သိက္ခာပုဒ်။
၂။ သုက္ကဝိဿဋ္ဌိသိက္ခာပုဒ်၊ သံဃာဒိသိသ်။
၃။ ဥဒေါသိတ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၄။ စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၅။ အညာတကဝိညတ္တိသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၆။ ဆဗ္ဗဿသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။
၇။ သာသက်သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၈။ ဓမ္မဒေသနာသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။
၉။ ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။
၁၀။ ဘိက္ခုနုပဿယသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။
၁၁။ စီဝရဒါနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။
၁၂။ သံဝိဓာနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။
၁၃။ နာဝါဘိရုဟနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။
၁၄။ ပရိပါစိတသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။
၁၅။ ဂဏဘောဇနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၁၆။ ပရမ္ပရဘောဇနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၁၇။ ဒန္တပေါနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၁၈။ စာရိတ္တသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၁၉။ မဟာနာမသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၂၀။ ဥယျုတ္တသေနာသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။

http://www.dhammadownload.com



၂၁။ ဇောတိသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သုရာပါနဝဂ်။
၂၂။ နဟာနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သုရာပါနဝဂ်။
၂၃။ ရတနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။
၂၄။ ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။
၂၅။ မဉ္စပီဌသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။

မှတ်ရန် ။ ပါရာဇိက-၁၊ သံဃာဒိသိသ်-၁၊ နိဿဂ္ဂိပါစိတ်-၅၊ သုဒ္ဓပါစိတ် ၁၈ ပုဒ်ဟူ၍ မှတ်သားပါလေ။

## ၂၆-ပုဒ်စု

### "အင်္ဂိလာန" ပါသော သိက္ခာပုဒ် (၂၆) ပုဒ်

၁။ အာဝသထပိဏ္ဍသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၂။ ပဏီတဘောဇနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၃။ မဟာနာမသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၄။ ဇောတိသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သုရာပါနဝဂ်။
၅။ တတိယပါဋိဒေသနီသိက္ခာပုဒ်။
၆။ စတုတ္ထပါဋိဒေသနီသိက္ခာပုဒ်။
၇။ သူပေါဒနဝိညတ္တိသိက္ခာပုဒ်၊ သေခိယ။
၈-၂၆။ သုရုသုရုဝဂ် နောက်ဆုံး ၄-ပုဒ်နှင့်။
ပါဒုကဝဂ် ၁၅-ပုဒ်၊ စုစုပေါင်း ၁၉-ပုဒ်။

### "စီဝရ" ပါသော သိက္ခာပုဒ် (၂၆) ပုဒ်

၁။ ကထိနသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၂။ ဥဒေါသိတသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၃။ အကာလစီဝရသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၄။ ပုရာဏစီဝရသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၅။ စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၆။ အညာတကဝိညတ္တိသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၇။ တတုတ္တရိသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။

http://www.dhammadownload.com



၈။ ပဌမဥပက္ခရသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၉။ ဒုတိယဥပက္ခရသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၁၀။ ရာဇသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၁၁။ ဝဿိကသာဋိကသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၁၂။ စီဝရ အစ္ဆိန္ဒနသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၁၃။ သုတ္တဝိညတ္တိသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၁၄။ မဟာပေသကာရ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၁၅။ အစ္စေကစီဝရသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၁၆။ သာသင်္ကသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၁၇။ စီဝရဒါနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။
၁၈။ စီဝရသိဗ္ဗနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။
၁၉။ ဂဏဘောဇနသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၂၀။ ပရမ္ပရဘောဇန သိက္ခာပုဒ်၊သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၂၁။ စာရိတ္တသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၂၂။ ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်၊သု ဒ္ဓပါစိတ်၊ သုရာပါနဝဂ်။
၂၃။ ဝိကပ္ပနသိက္ခာပုဒ်၊သုဒ္ဓပါစိတ်၊ သုရာပါနဝဂ်။
၂၄။ အပနိဓာနသိက္ခာပုဒ်၊သုဒ္ဓပါစိတ်၊ သုရာပါနဝဂ်။
၂၅။ ဒုဗ္ဗလသိက္ခာပုဒ်၊သုဒ္ဓပါစိတ်၊ သဟဓမ္မိကဝဂ်။
၂၆။ နန္ဒသိက္ခာပုဒ်၊သုဒ္ဓပါစိတ်၊ ရတနဝဂ်။

**အမှာ။** နိဿဂ္ဂိပါစိတ် ၁၆ပုဒ်၊ သုဒ္ဓပါစိတ် ၁၀ ပုဒ်ဟု မှတ်သားပါ။

**ပဋိဂ္ဂဏှေယျ -** နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်၊ စီဝရပဋိဂ္ဂဟဏ သိက္ခာပုဒ်။
(ပဂ္ဂဏှေယျ ပါသော သိက္ခာပုဒ် ၆ ပုဒ်ကြည့်ပါ။)

**ပဋိစ္ဆာဒေယျ -** သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်၊ ဒုဋ္ဌုလ္လသိက္ခာပုဒ်။

**ဝသိတဗ္ဗံ -** သုဒ္ဓပါစိတ်၊ အစေလကဝဂ်၊ သေနာဝါသသိက္ခာပုဒ်။

**ဝိပ္ပဝသိတဗ္ဗံ -** နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်၊ သာသင်္ကသိက္ခာပုဒ်
(ဝိပ္ပဝသေယျပါသော သိက္ခာပုဒ် ၂ ပုဒ်နှင့်ကြည့်ပါ)

**သာဒိတဗ္ဗံ -** နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်၊ သာသင်္ကသိက္ခာပုဒ်။
(သာဒိယေယျ-ပါသော သိက္ခာပုဒ်၂ ပုဒ်နှင့်ယှဉ်ကြည့်ပါ။)

**သံဝသေယျ -** သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်၊ ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်။

http://www.dhammadownload.com



## အမည်တူ သိက္ခာပုဒ်များ

၁။ ပဌမ အနိယတ သိက္ခာပုဒ်။
ဒုတိယ အနိယတ သိက္ခာပုဒ်။
၂။ ပဌမ ဥပက္ခဋသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
ဒုတိယ ဥပက္ခဋသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၃။ ဝဿိကသာဋိက သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
ဝဿိကသာဋိက သိက္ခာပုဒ်၊သုဒ္ဓပါစိတ်၊ ရတနဝဂ်။
၄။ ပဌမသေနာသန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။
ဒုတိယသဟသေယျသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝဂ်။
၅။ ပဌမသေနာသန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။
ဒုတိယ သေနာသန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။
၆။ သပ္ပါဏက သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။
သပ္ပါဏက သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။
၇။ သံဝိဓာန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။
သံဝိဓာန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏဝဂ်၊
၈။ ရဟောနိသဇ္ဇ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်။
ရဟောနိသဇ္ဇ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၉။ ပဌမပဝါရဏာ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
ဒုတိယ ပဝါရဏာ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၁၀။ သဥ္စိစ္စ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။
၁၁။ ပဌမပါဋိဒေသနီ သိက္ခာပုဒ်။
ဒုတိယပါဋိဒေသနီ သိက္ခာပုဒ်။
တတိယပါဋိဒေသနီ သိက္ခာပုဒ်။
စတုတ္ထပါဋိဒေသနီ သိက္ခာပုဒ်။

## သိက္ခာပုဒ်ပါဠိတော်တွင် သိက္ခာပုဒ်အမည် မပါဝင်သော သိက္ခာပုဒ်များ

၁။ ဥဒေါသိတသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၂။ ရူပိယသိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။
၃။ မဟာပေသကာရ သိက္ခာပုဒ်၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၄။ ပဌမသေနာသန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။

http://www.dhammadownload.com



၅။ ဒုတိယသေနာသန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝဂ်။
၆။ ကာဏမာတု သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်။
၇။ မဟာနာမသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ အစေလကဝဂ်။
၈။ အရိဋ္ဌသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။
၉။ ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။
၁၀။ ကဏ္ဍက သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။
၁၁။ ဒုဗ္ဗလ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ သပ္ပါဏကဝဂ်။
၁၂။ အန္တေပုရသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။
၁၃။ နန္ဒသိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၊ ရတနဝဂ်။

## နာမည်ဆင်တူ တစ်စိတ်တူ သိက္ခာပုဒ်များ

သဉ္စရိတ္တ + သဉ္စိစ္စ ။
အညာတကဝိညတ္တိ + သုတ္တဝိညတ္တိ + သုပေါဒနဝိညတ္တိ ။
ဧဠကလောမ + ဧဠကလောမဓောဝါပန ။
ရူပိယ + ရူပိယသံဝေါဟာရ ။
ပရိဏတ + ပရိဏာမန။
ဒုဋ္ဌုလ္လ + ဒုဋ္ဌုလ္လဝါစာ + ဒုဋ္ဌုလ္လာရောစန၊
နိသီဒန+နိသီဒနသန္ထတ။

## နိဿဂ္ဂိပါစိတ်နှင့် အလားတူသော သိက္ခာပုဒ်များ

(၁) သူစိယရ (၂) မဉ္စပီဌ၊ (၃) တူလောနဒ္ဓ၊ (၄) နိသီဒန၊ (၅) ကဏ္ဍုပ္ပဋိစ္ဆာဒိ၊ (၆) ဝဿိကသာဋိက၊ (၇) နန္ဒ။

## အာဇီဝဝိပတ္တိကြောင့် သင့်ရောက်သော အပြစ်ပြ သိက္ခာပုဒ်များ

၁-၂။ စတုတ္ထပါရာဇိက (တိုက်ရိုက်- သွယ်ဝိုက်)
၃။ သဉ္စရိတ္တ၊
၄။ ပဏီတဘောဇန၊ ဘိက္ခု
၅။ ပဏီတဘောဇန၊ ဘိက္ခုနီ
၆။ သူပေါဒနဝိညတ္တိ

## ဒုတိယ အနိယတ၊ ဥပနန္ဒ စတုတ္ထသိက္ခာပုဒ်တို့နှင့်တူသော

http://www.dhammadownload.com



## ပရိစ္ဆေဒရှိသော သိက္ခာပုဒ်

သုဒ္ဓပါစိတ်၊ ဩဝါဒဝဂ်၊ ရဟောနိသဇ္ဇသိက္ခာပုဒ်

မှတ်ချက်။ ။ ဥပနန္ဒ စတုတ္ထသိက္ခာပုဒ် ဟူသည် အစေလကဝဂ်၊ ရဟောနိသဇ္ဇ သိက္ခာပုဒ်တည်း။

## ပဌမသဟသေယျ သိက္ခာပုဒ်နှင့် အာပတ်သင့်ရာ ကာလတူသော သိက္ခာပုဒ်

သုဒ္ဓပါစိတ်၊ အစေလကဝဂ်၊ သေနာဝါသသိက္ခာပုဒ်ဖြစ်၏။

## " ယော ပန ဘိက္ခု" မပါသော သိက္ခာပုဒ်များ

၁။ သုက္ကဝိဿဋ္ဌိ၊ သံဃာဒိသိသ်။
၂။ ကုဋိကာရ၊ သံဃာဒိသိသ်။
၃။ ဝိဟာရကာရ၊ သံဃာဒိသိသ်။
၄။ ဘေဒါနုဝတ္တက၊ သံဃာဒိသိသ်။
၅။ ဒုဗ္ဗစ၊ သံဃာဒိသိသ်။
၆။ ကုလဒူသက၊ သံဃာဒိသိသ်။
၇။ ကထိန၊ ကထိနဝဂ်။
၈။ ဥဒေါသိတ၊ ကထိနဝဂ်။
၉။ အကာလစီဝရ ၊ ကထိနဝဂ်။
၁၀။ တတုတ္ထရိ၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၁၁။ ပဌမဥပက္ခဋ၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၁၂။ ဒုတိယဥပက္ခဋ၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၁၃။ ရာဇ၊ နိဿဂ္ဂိပါစိတ်၊ ကထိနဝဂ်။
၁၄။ ဒွေဘာဂ၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။
၁၅။ ဆဗ္ဗဿ၊ နိဿဂ္ဂိပါစိတ်၊ ကောသိယဝဂ်။
၁၆။ နိသီဒနသန္ထတ နိဿဂ္ဂိပါစိတ်၊ ကောသိယသဝဂ်။
၁၇။ ဧဠကလောမနိဿဂ္ဂိပါစိတ်၊ ကောသိယသဝဂ်။
၁၈။ ပတ္တ၊ နိဿဂ္ဂိပါစိတ်၊ ကောသိယသဝဂ်။
၁၉။ ဘေသဇ္ဇ၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၂၀။ ဝဿိကသာဋိက၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။
၂၁။ မဟာပေသကာရ၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်။

http://www.dhammadownload.com



၂၂။ အစ္စေကစိဝရနိဿဂ္ဂိပါစိတ်၊ ပတ္တဝင်။
၂၃။ သာသင်္က၊ နိဿဂ္ဂိပါစိတ်၊ ပတ္တဝင်။
၂၄။ မုသာဝါဒ၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝင်။
၂၅။ ဩမသဝါဒ၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝင်။
၂၆။ ပေသုည၊ သုဒ္ဓပါစိတ်၊ မုသာဝါဒဝင်။
၂၇။ ဘူတဂါမ၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝင်။
၂၈။ အညဝါဒက၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝင်။
၂၉။ ဥဇ္ဈာပနက၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝင်။
၃၀။ မဟလ္လကဝိဟာရ၊ သုဒ္ဓပါစိတ်၊ ဘူတဂါမဝင်။
၃၁။ အတ္ထင်္ဂတ၊ သုဒ္ဓပါစိတ်၊ ဩဝါဒဝင်။
၃၂။ အာဝသထပိဏ္ဍ၊ သုဒ္ဓပါစိတ်၊ ဘောဇနဝင်။
၃၃။ ဂဏဘောဇန၊ သုဒ္ဓပါစိတ်၊ ဘောဇနဝင်။
၃၄။ ပရမ္ပရဘောဇန၊ သုဒ္ဓပါစိတ်၊ ဘောဇနဝင်။
၃၅။ ကာဏမာတု၊ သုဒ္ဓပါစိတ်၊ ဘောဇနဝင်။
၃၆။ မဟာနာမ၊ သုဒ္ဓပါစိတ်၊ အစေလကဝင်။
၃၇။ သေနာဝါသ၊ သုဒ္ဓပါစိတ်၊ အစေလကဝင်။
၃၈။ ဥယျောဓိက၊ သုဒ္ဓပါစိတ်၊ အစေလကဝင်။
၃၉။ သုရာပါန၊ သုဒ္ဓပါစိတ်၊ သုရာပါနဝင်။
၄၀။ အင်္ဂုလိပတောဒက၊ သုဒ္ဓပါစိတ်၊ သုရာပါနဝင်။
၄၁။ ဟာသဓမ္မ၊ သုဒ္ဓပါစိတ်၊ သုရာပါနဝင်။
၄၂။ အနာဒရိယ၊ သုဒ္ဓပါစိတ်၊ သုရာပါနဝင်။
၄၃။ ဇောတိ၊ သုဒ္ဓပါစိတ်၊ သုရာပါနဝင်။
၄၄။ ဒုဗ္ဗဏ္ဏကရဏ၊ သုဒ္ဓပါစိတ်၊ သုရာပါနဝင်။
၄၅။ မဇ္ဈပိဋ္ဌ၊ သုဒ္ဓပါစိတ်၊ ရတနဝင်။
၄၆။ နိသီဒန၊ သုဒ္ဓပါစိတ်၊ ရတနဝင်။
၄၇။ ကဏ္ဍုပ္ပဋိစ္ဆာဒိ၊ သုဒ္ဓပါစိတ်၊ ရတနဝင်။
၄၈။ ဝဿိကသာဋိက၊ သုဒ္ဓပါစိတ်၊ ရတနဝင်။

http://www.dhammadownload.com



(ဆောင်) သံဃာဒိသေသ၊ အလယ်ကျ၊ " ဝိဟာရကာရပေ"။

နိဿဂ္ဂီအလယ် သိက္ခာပုဒ် ၂ ပုဒ်

(ဆောင်) နိဿဂ္ဂီဝယ်၊ အလယ်၌တည်၊ " နိသီသန္ထတ" ၊ " ဧဠက" နှစ်ဝ မှတ်ကြလေ။

သုဒ္ဓပါစိတ် အလယ် သိက္ခာပုဒ် ၂ ပုဒ်

(ဆောင်) ကိုးဆယ့်နှစ်သွယ်၊ ပါစိတ်ဝယ်၊ အလယ်၊ " စာရိတ္တ" " မဟာနာမ" နှစ်ပုဒ်ပြ။

အနုပညတ်ပါရှိသော သိက္ခာပုဒ်များ

ပါရာဇိက

၁။ မေထုနဓမ္မ (ပဌမပါရာဇိက) အနုပညတ် ၂ ခု။
၁။ သိက္ခံအပစ္စက္ခာယ ၂။ အန္တမသော တိရစ္ဆာနဂတာယပိ။

၂။ အဒိန္နာဒါန (ဒုတိယပါရာဇိက) - အနုပညတ် ၁ ခု။
ဂါမာ ဝါ အရညာ ဝါ။

၃။ မနုဿဝိဂ္ဂဟ (တတိယပါရာဇိက) အနုပညတ် ၁ ခု။
မရဏာဝဏ္ဏံ ဝါ သံဝဏ္ဏေယျ။

၄။ ဥတ္တရိ မနုဿဓမ္မ (စတုတ္ထပါရာဇိက) အနုပညတ် ၁ ခု။
အညတြ အဓိမာနာ။

သံဃာဒိသိသ်

၁။ သုက္ကဝိဿဋ္ဌိ၊ အညတြ သုပိနန္တာ။

၂။ သဉ္စရိတ္တ၊ အန္တမသော တင်္ခဏိကာယပိ။

အနိယတ

မရှိပါ။

နိဿဂ္ဂီပါစိတ်

ကထိနဝဂ္ဂ (စီဝရဝဂ္ဂ)

၁။ ကထိန၊ - ဒသာဟပရမံ။

၂။ ဥဒေါသိတ၊ - အညတြ ဘိက္ခုသမ္မုတိယာ။

၃။ အကာလစီဝရ၊ - ကော အနုပညတ္တိ (ပရိဝါ၊ ၁၅။) ကခ်ီ၌ မပြ။

http://www.dhammadownload.com



၄။ စီဝရပဋိဂ္ဂဟဏ၊ - အညတြ ပါရိဝတ္တကာ။
၅။ အညာတကာဝိညတ္တိ - အညတြ သမယာ။
(ကော အနုပညတ္တိ၊ ပရိဝါ၊ ၁၆)။

### ကောသိယဝဂ္ဂ (ငွေကလောမဝဂ္ဂ)

၁။ ဆဗ္ဗဿ၊ အညတြ ဘိက္ခုသမ္မုတိယာ။

### ပတ္တဝဂ္ဂ

၁။ ပတ္တ၊ ဒသာဟပရမံ။

မှတ်ချက်။ ။ အချို့ သာသက်သိက္ခာပုဒ်၌ " အညတြ ဘက္ခုသမ္မုတိယာ" ကို အနုပညတ်ဟု ဆိုကြသည်။ မဟုတ်ပေ။ မူလပညတ်သာဖြစ်သည်။

## သုဒ္ဓပါစိတ္တိယ

### မုသာဝါဒဝဂ္ဂ

၁။ ပဌမသဟသေယျ၊ ဥတ္တရိဒိရတ္တတိရတ္တံ။
၂။ ဓမ္မဒေသနာ၊ အနုပညတ် ၁ ခု။
အညတြ ဝိညုနာ ပုရိသဝိဂ္ဂဟေန (ကခ်ီ)။
ပရိဝါ (၂၃)၌ "ဒွေ အနုပညတ္တိယော" ဟု ဆိုသည်။
"ဥတ္တရိ ဆပ္ပဉ္စဝါစာဟိ" ထည့်ပါ။ (ပါစိတ်ပါဠိတော်နှင့်ညီ၏။)

မှတ်ချက်။ ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်၌ " အညတြ ဘိက္ခုသမ္မုတိယာ" သည် အနုပညတ်မဟုတ်၊ မူလပညတ်သာ ဖြစ်သည်။

### ဘူတဂါမဝဂ္ဂ

၁။ အညဝါဒက၊ ဝိဟေသကေ။
၂။ ဥဇ္ဈာပနက၊ ခိယျနကေ။
၃။ ပဌမသေနာသန၊ ကော အနုပညတ္တိ (ပရိဝါ၊ ၂၄)
ကခ်ီ၌ မပါ၊ ပါစိတ်၌လည်း မတွေ့ရ။

### ဩဝါဒဝဂ္ဂ (ဘိက္ခုနောဝါဒကဝဂ္ဂ)

၁။ ဩဝါဒ၊ ကော အနုပညတ္တိ (ပရိဝါ၊ ၂၆။)
၂။ ဘိက္ခုနုပဿယ၊ အညတြ သမယာ။
၃။ စီဝရဒါန၊ အညတြ ပါရိဝတ္တကာ။
၄။ သံဝိဓာန၊ အညတြ သမယာ။ (ကော အနုပညတ္တိ၊ ပရိဝါ- ၂၇။)
၅။ နာဝါဘိရုဟန၊ အညတြ တိရိယံ၊ တရဏာယ။
၆။ ပရိပါစိတ၊ အညတြ ပုဗ္ဗေ ဂိဟိသမာရမ္ဘာ။

http://www.dhammadownload.com



## ဘောဇနဝဂ္ဂ

၁။ အာဝသထပိဏ္ဍာ၊ အဂိလာနေန။

၂။ ဂဏဘောဇနေ၊ အနုပညတ် (၇) ခု၊ အညတြ သမယာ အရ,သမယ (၇) ပါးတည်း။

အညတြ သမယာတိ အယမေတ္ထ သတ္တဝိဓာ အနုပညတ္တိယော။(ကခ်ီ)။

သတ္တ အနုပညတ္တိယော။ (ပရိဝါ၊ ၂၈။)

၃။ ပရမ္ပရဘောဇနေ၊ အနုပညတ် (၃) ခု၊ အညတြ သမယာအရ။ (ကခ်ီ)

စတဿောပနုပညတ္တိယော၊ (ပရိဝါ ၂၉။)

၄။ ပဥ္စမပဝါရဏာ၊ အနတိရိတ္တံ။

၅။ ပဏီတဘောဇနေ၊ အဂိလာနော။

၆။ ဒန္တပေါန၊ အညတြ ဥဒကဒန္တပေါနာ။

## အစေလကဝဂ္ဂ

၁။ စာရိတ္တ၊ အနုပညတ် (၄) ခု

(၁) သန္တံ ဘိက္ခုံ

(၂) အနာပုစ္ဆာ၊

(၃) ပုရေဘတ္တံ ပစ္ဆာဘတ္တံ၊

(၄) အညတြ သမယာ။

ပါဠိတ်ပါဠိတော်အရ " ပုရေဘတ္တံ" သည် မူလပညတ်သာဖြစ်၏။ အနုပညတ်မဟုတ်။ ၎င်းအလို-

(၁) သန္တံ ဘိက္ခုံ အနာပုစ္ဆာ၊

(၂) ပစ္ဆာ ဘတ္တံဝါ။

(၃) စီဝရဒါနသမယော။

(၄) စီဝရကာလသမယော ဟူ၍ဖြစ်သင့်သည်။ (၃) (၄) တို့သည် " အညတြ သမယာ " အရတည်း။

စတဿော အနုပညတ္တိယော။ (ပရိဝါ ၃၁။)

၂။ဥယျျောတ္တသေနာ၊ အညတြ တထာရူပပ္ပစ္စယာ။

## သုရာပါနဝဂ္ဂ

၁။ ဇောတိ၊ အနုပညတ် (၂) ခု။

(၁) အဂိလာနော။

(၂) အညတြ တထာရူပပ္ပစ္စယာ။

http://www.dhammadownload.com



၂။ နဟာန၊ အနုပညတ် (၆) ခု၊
" အညတြ သမယာ" အရ သမယ ၆ ခုတည်း။
သပ္ပါဏကဝဂ္ဂ၊ သဟဓမ္မိကဝဂ္ဂ မရှိ။

ရတနဝဂ္ဂ (ရာဇဝဂ္ဂ)

၁။ ရတန၊ အနုပညတ် (၂) ခု
(၁) အညတြ အဇ္ဈာရာမာဝါ။
(၂) အဇ္ဈာဝ သထာဝါ။

၁။ ဝိကာလဂါမပ္ပဝေသန၊ အနုပညတ် (၃) ခု
(၁) သန္တံ ဘိက္ခုံ၊
(၂) အနာပုစ္ဆာ။
(၃) အညတြ တထာရူပါ အစ္စာယိကာကရဏီယာ။

၃။ နိသီဒန၊ ဒသာ ဝိဒတ္ထိ။

ပါဋိဒေသနိယ

၁။ တတိယပါဋိဒေသနီ၊ အနုပညတ် (၂) ခု။
(၁) ပုဗ္ဗေ အနိမန္တိတော၊ (၂) အဂိလာနော။

၂။ စတုတ္ထပါဋိဒေသနီ၊ အဂိလာနော၊

သေခိယ

၁။ သက္ကစ္စဝဂ်၊ သူပေါဒနဝိညတ္တိ၊ အဂိလာနော။

၂။ သုရုသုရုဝဂ်၊ ဆတ္တပါဏိ။ ဒဏ္ဍပါဏိ၊ သတ္ထပါဏိ။ အာဝုဓပါဏိ (၄)ပုဒ်၊ အဂိလာနဿ။

၃။ ပါဒုကာဝဂ်၊ ၁၅ ပုဒ်လုံး။ အဂိလာနဿ။

၂၂၇-သွယ်သော သိက္ခာပုဒ်တို့တွင် အလယ်ဘိက္ခာပုဒ်

(ဆောင်) နှစ်ရာ့နှစ်ဆယ့်၊ ခုနှစ်သွယ်၊ အလယ် ဦနဝီသတိ။

သေခိယ ၇၅-ပုဒ်တို့တွင် အလယ်ဘိက္ခာပုဒ်

(ဆောင်) သေခိယမှာ၊ အလယ်ဟာ၊ ဥဇ္ဈာနသညီ။

နောယ်ဆတ်တွဲမှတ်သားဖွယ်များပြီး၏။

http://www.dhammadownload.com